# ဖိုးကျော့

## နန်းရပ်ထီးဖြူလုယူမည်မြင်သည်



ဒုတိ (ဒုတိယအကြိမ်)

Design Nandar Hlaing

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဖိုးကျေား

# နန်းရပ်ထီးဖြူလှယူမယ်မြင်သည်

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၅၂၀၅၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၀၆၀၇၁၂

ဓိစဉ်သူ

**ကြူကြူဝင်း**

ပုံနှိပ်ခြင်း

ပထမအကြိမ် - ၁၉၇၄ခုနှစ်၊ ပေါင်းလောင်းစာပေ

ဒုတိယအကြိမ် - ၂၀၁၂ခုနှစ်၊ စက်တင်ဘာလ၊ ရွှေအိမ်သူစာပေ

ထုတ်ဝေသူ

ဒေါ်သင်းသင်းမွန် (သင်းစာပေ)

အမှတ် ၁၀၊ ရတနာမြိုင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးမျိုးမြင့် (ပွင့်သစ်အော့ဖ်ဆက်)

အမှတ် ၃၇၊ ၁၆၅လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖလင်

A-7 Group (Asia Plaza)

ကွန်ပျူတာစာစီ

**ရိုရိုမြင့် (အလုံ)**

မျက်နှာဖုံးပန်းချီ

**ဦးနန္ဒာ**

တန်ဖိုး

**၁၈၀၀ကျပ်**

ဖြန့်ချိရေး

ရွှေအိမ်သူစာပေတိုက် (၀၉-၅၁၄၇၆၈၀)

ရ၉၅-၈၃

ဖိုးကျော

နှင်းရည်ထိမြူလှုပ်ယှမယ်မြင်သည်/ ဖိုးကျော။ -ရန်ကုန်။ သင်းစာပေ၊ ၂၀၁၂။

၂၂၀-စာ ၊ ၁၃×၂၀ စင်တီ။

(၁) နှင်းရည်ထိမြူလှုပ်ယှမယ်မြင်သည်

## အခန်း (၁)

သာတာဂီရစ်ခြံကြီးသည် လေးမြို့၏အစွန်အဖျားကျသည်။ လူနေအိမ်ခြေယာခြေတို့နှင့်လည်း လှမ်းသဖြင့် အေးချမ်းဆိတ်ငြိမ်သည်။ ထိုခြံကြီးရှိအိမ်ကြီးပေါ်မှ အဖိတ် ဥပုသ်နေ့များတွင် တရားဓမ္မ ရွတ်ဖတ်သရဇ္ဈာယ်သံ၊ ကြေးစည်ထိုးသံ၊ သဗ္ဗာဝါဝေနေယျတို့အား အမျှအတန်းပေးဝေသံတို့ကို နံနက်ထနှင့် ညနေတို့တွင် ကြားရတတ်သည်။

အခြားအခြားသောနေ့ရက်များတွင်တော့ ရေးကျသော ရခိုင်သာချင်းဆိုသံ၊ ချေင်းရွတ်သံ၊ သီချင်းကြီးညည်းသံ၊ ဓာတ်စက်ဖွင့်သံ၊ စောင်းကောက်တီးခတ်သံတို့ဖြင့် သာယာနာပျော်ဖွယ် ရှိနေတတ်သည်။

ယခုအချိန်သည် နံနက်ထနှင့် ညနေမဟုတ်တော့သဖြင့် အသံအားလုံးတိတ်ဆိတ်နေသည်။ အချိန်မှာ ညကိုးနာရီခန့် ရှိပေပြီ။

မိန်းကလေးတစ်ယောက်သည် ခြေကိုနင်းကာ အိမ်ကြီးအပေါ်ထပ်ရှိပြတင်းတံခါးများကို တစ်ခုပြီးတစ်ခု သာယာညှင်းညှင်း လိုက်ပိတ်နေသည်။

"ကျွိ"

"အဟမ်း၊ အဟမ်း၊ ခိုင်ခိုင်ရေ ခိုင်မေ"

တံခါးရွက်တစ်ခုကို ပိတ်လိုက်၍ 'ကျွိ' ကနဲမြည်သွားသော ပတ္တာသံနှင့်အတူ အမျိုးသမီးကြီးတစ်ယာက်၏ ကယောင်ကတမ်းခေါ်သံကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။

"ဘုရား .... ဒါ ဒါ"

အမျိုးသမီးကြီး၏ ခေါ်သံအဆုံးမှာ 'ဘုရား .... ဒါ ဒါ' ဟု ထူးရင်းမိန်းကလေးတစ်ယောက်သည် အမျိုးသမီးကြီးရှေ့သို့ ချက်ချင်းရောက်လာသည်။

အကြင်မိန်းကလေးသည် ဆယ်ကျော်သက်အရွယ်ပင်ဖြစ်သည်။ သူမသည် နုနယ်သည်၊ ငယ်လည်း ငယ်မျစ်သည်၊ ချစ်လည်း ချစ်စရာကောင်းသည်။

"ရွှေပါပိတ်ချင်း၊ ထည်ချင်းစံပယ်၊ နံ့ကြွလှိုင်ကြူ မဉ္ဇူမျှက်မည်း၊
ပေါ်ထပ်စည်းနှင့်၊ မရည်းမသင်၊ ဖြူတိ်ခြည်းမြင်က၊ နတ်ပင်ရိုး
မှား၊ ဝိုးဝါးတွေးချွတ်၊ စိတ်လုံးညွတ်"

ဖွယ်လည်းကောင်းသည်။

"ထုံးမြရွက်နှင့်၊ လိုက်ဖက်တင့်မှတ်၊ ကိုယ်ဝတ်စောင်မှာ၊ မလွှာ ယန်း၊ မွေးပျံ့ကြိုင်ရှင်၊ ပယင်းရွှေရည်၊ ပွတ်လှဲကြည်သို့၊ မြရည် ကြေစိမ်း၊ လှဲလှဲ့ရှိန်းမှျ၊ ခပ်သိမ်းကလျာ၊ ရှုဘွယ်သာလျှင်၊ အင်္ဂါ လျှံတောက်၊ လက်ကောက်လက်ကြပ်၊ ရည်လျှပ်ဆံကျင်၊ မှုမ ဆင်လည်း၊ တိုင်ပင်တင့်မှတ်"

ရသော လှခေါင်ထွဋ်မှ တစ်ဦးလည်း ဖြစ်သည်။

မိန်းကလေး၏ရုပ်ရည်မှာ စာဖွဲ့ရလောက်အောင် လှပသလို စိတ်သ ဘောထားလည်း နူးညံ့သိမ်မွေ့သည်။ အကင်းပါးသည်။ ရိုးသားသည်။ သဘော ဖြူ အူစင်းရှိသည်။ ကိုယ်ချင်းစာတရားရှိသည်။ အားလုံးအပေါ် သနားကြင်နာစိတ် ရှိသည်။ ရိုကျိုးထောက်ထားတတ်သည်။

သူကား 'ခိုင်မေထွေး' သို့မဟုတ် အိမ်ရှိလူတိုင်းက ချစ်စနိုးခေါ်ဝေါ်ကြ သော 'ခိုင်ခိုင်' 'ခိုင်မေ' 'မေထွေး' စသည့် နာမည်များကို ပိုင်ဆိုင်သ ,သူဖြစ်သည်။ စောစောကခေါ်လိုက်သော အဖွားကြီးဒေါ်နန်းဖုံဦး၏ တစ်ဦးတည်းသောမြေး မိန်းကလေးအလိမ္မာဖြစ်သည်။

"ဒါဒါ အိပ်ချင်ပလားဟင်၊ ခိုင်ခိုင် အိပ်ရာပေါ် တင်ပေးရတော့မလား ဒါဒါ"

ခိုင်မေထွေးသည် အဖွား၏ခြေရင်းတွင် ဒူးထောက်၍ ကျုံ့ကျုံ့ယုံ့ယုံ့ လာထိုင်ကာ ကျိုးကျိုးနွံနွံမေးလိုက်သည်။

အသက်ခြောက်ဆယ်ကျော်ပြီးဖြစ်သော ဒေါ်နန်းဖုံဦးသည် ခိုင်မေထွေး ၏အမေးကို မည်သို့မျှ ပြန်မဖြေသေးဘဲ မြေးမငယ်၏လှပကျော့ရှင်းသော တစ် ကိုယ်လုံးကိုသာ ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လျက်ရှိသည်။ အဖွားကြီးသည် မြေးမငယ်၏ ကိုယ်နှုတ်အမူအရာ တစ်ခုခုအပေါ်တွင် တစုံတစ်ခု လျှို့ဝှက်ထား ချက်ကို ရှာဖွေနေသကဲ့သို့လည်း ရှိချေသည်။

သို့သော် အဖွား၏မျက်လုံးသည် အဖြေတစ်ခုခုကို ရနိုင်လောက်အောင် တောက်ပစူးရှသော အင်အားအစွမ်းမရှိတော့။ ပြာမွေးမှိုင်းနေပါသည်။ မျက်လုံး တစ်ခုတည်းသာမဟုတ်၊ ကိုယ်အင်္ဂါအစိတ်အပိုင်းသည်လည်း အရွယ်နှင့်မမျှ အောင် ချုတ်ယွင်းခြင်းများစွာတို့ဖြင့် အိုစာလွန်းနေပါပြီ။

ဆံပင်များသည် တစ်ခေါင်းလုံး ဖွေးဖွေးဖြူနေ၏။ မျက်နှာပေါ်ရှိ ပါးရေ နားရေတို့မှာ တွန့်လိပ်၍ လှိုင်းချိပ် ရှိမြောင် တောင်ကုန်းကမူများနှယ် မညီမညာ ရှိလှသည်။ သုံးဆယ့်နှစ်ချောင်းသောသွားများသည် မညီမညာရှိလှသည်။ သုံး ဆယ့်နှစ်ချောင်းသောသွားများသည်လည်း အဖွား၏ပါးစပ်ထဲတွင် ဆယ်ချောင်း ပင်ပြည့်အောင်မရှိတော့။ ထို့ကြောင့် ကွမ်းကြိုက်တတ်သောအဖွားကို ခိုင်မေ ထွေးသည် နေ့စဉ် သံဆုံနှင့် ကွမ်းထောင်းပေးရသည်။ ဤသည်မှာလည်း ခိုင်မေ

ထွေး၏ နေ့စဉ်လုပ်ပေးနေကျအလုပ်ဖြစ်သည်။ မေးတတ်မြန်းတတ်သည်မှာလည်း အလွန်အမင်းပင်။ စိတ်မှတ်သည် မကောင်းတော့။ သတိသည် မေ့လျော့ခြင်း၏မင်းမှုကြီးစိုးခြင်းကို အမြဲလိုလို ခံနေရသည်။ သည်ထက်ဆိုးသည်မှာ ခါးအောက်ပိုင်းကသေး၍ ခြေထောက်အစုံကို လုံးဝ လှုပ်မရခြင်းပင်တည်း။

ထို့ကြောင့် ထိုင်လိုလျှင်လည်းရ၊ လဲလျောင်းလိုလျှင်လည်းရ၊ အိပ်လိုလျှင်လည်းရသော စပရိန်နှင့်ဘီးတပ်ကုလားထိုင်တစ်ခုကို အဖွားအတွက် ခက်ခက်ခဲခဲလုပ်ပေးထားရ၏။ အဖွားသည် ဤကုလားထိုင်တွင် ရက်ရှည်လများ ထိုင်ကာ သေခြင်းတရားကို စောင့်စားနေသူနှင့်ပင် တူနေပေသည်။

ဤအဖွားအတွက် နေ့ညမဟူ ကိစ္စကြီးငယ်သည် ခိုင်မေထွေးတာဝန်ဖြစ်သည်။ ခိုင်မေထွေးသည် အဖွား၏အပေါ်းတော်မြဲဖြစ်သည်။ အဖွား၏အနားက လုံးဝခွာမရ၊ ခွဲမရပေ။ အဖွား၏ လိုအင်ဆန္ဒ၊ အဖွား၏အရိပ်အခြေကို အမြဲအကဲခတ် ကြည့်ရှုစောင့်မတ်ပေးရသူလည်း ဖြစ်လေသည်။

ထို့ကြောင့် ယခု အဖွားကြီးက နှစ်ခါဆင့်မခေါ်ရ၊ ခိုင်မေထွေးသည် 'ဘုရား ဒါဒါ' ထူးကာ အဖွားကြီး၏အနားသို့ ချက်ချင်း ရောက်လာသည်။

'ဒါဒါ' ဟု ထူးခေါ်ခြင်းမှာ သူတို့ရခိုင်ဒေသအခေါ် 'အဖွား' ဖြစ်သည်။ ဘုရားထူးခြင်းမှာလည်း ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုတစ်ရပ်ပင်ဖြစ်သည်။

"ခိုင်ခိုင်"

"ဘာလဲဟင် ဒါဒါ"

"မောင်မောင်တို့ကော"

"ရှိပါတယ်"

"ဘာလုပ်နေကြလဲ"

"အိပ်နေကြပြီးနေမှာပေ့ါ"

"ဟင်၊ မေတ္တာပို့ မရွတ်ဘဲ အိပ်နေကြပြီ"

အဖွား၏အသံသည် ချက်ချင်းတင်းမာလာသည်။

ခိုင်မေထွေးသည် လုံးဝလှုပ်မရသော အဖွား၏ပေါင်တစ်ဖက်ကို အဓိပ္ပာယ်မဲ့ ဆုပ်နယ်လိုက်ကာ သက်မတစ်ချက်ကို မသိမသာချလိုက်မိသည်။

ကိုမောင်မောင်တို့သည် အဖွားအလိုကျ မေတ္တာပို့ရွတ်ပြီးသွားကြသည်မှာ တစ်နာရီခန့်သာ ကြာဦးမည်။ ဤသည်တို့ကို စိတ်မှတ်မရှိသော၊ တစ်နည်းပြောရလျှင် သူငယ်ပြန်နေသော တစ်ပိုင်းရူးနေသောအဖွားသည် လုံးဝသတိမရပေ။ ထို့ကြောင့် ယင်းကိစ္စကိုပင် ထပ်မေးနေခြင်းဖြစ်သည်။

"ဒါဒါ"

"ဘာလဲဟဲ့"

"ကိုမောင်မောင်တို့ မေတ္တာပို့ ရွတ်ပြီးကြပြီလေ ဒါဒါ"

"မိမာယာ နင် ငါ့ကို လိမ်မလို့ မဟုတ်လား"

"အို ဒါဒါကလည်း ခိုင်ခိုင် ဒါဒါကို ဘယ်တုန်းက လိမ်ဘူးလို့လဲ ဒါဒါရယ်၊ ခု ဒါဒါတောင် အနောက်ဆောင်ကဝရန်တာမှာ ရောက်နေပြီလေ၊ ဘုရားခန်းမှာမှ မဟုတ်တော့တာ"

"ဟင် မိမာယာ၊ ငါ့ကို သက်သက် ဒီပို့ထားတာမဟုတ်လား၊ ငါ့ကို ဘုရားဆောင် တွန်းပို့စမ်း"

"ဒါဒါ"

ခိုင်မေထွေးက ဆို့နင့်သံနှင့် ထပ်ခေါ်သည်။

"ဟဲ့ ငါကို ပိဆိပိ၊ မိမာယာနော် နင် တတ်လည်းတတ်နိုင်တယ်"

စောစောပိုင်းက ကိုမောင်မောင်တို့ မေတ္တာပို့ ရွတ်ပြီးသွားကြပါသည်ဆိုသည်ကို လုံးဝလက်မခံသော်ဖွားဖွားက ဘုရားဆောင်သို့ အပို့ခိုင်းနေပြန်သောအခါ ခိုင်မေထွေးမှာအဖွား၏ဘီးတပ်ကုလားထိုင်ကို ဘုရားဆောင်ရှေ့သို့ တွန်းလာရပြန်သည်။

ဖွားဖွားသည် ခိုင်မေထွေးပြောသည်ကို သူ့စိတ်ထဲက ယုံကြည်ပုံမရပေ။ စိတ်မှန်နေသောအခါသာ လက်ခံပြီး ယခုလို စိတ်ထွေပြားနေလျှင်တော့ လုံးဝလက်မခံတတ်၊ သူထင်ရာကို လုပ်ခိုင်းတတ်သည်။

"မောင်မောင်တို့ကို ခေါ်စမ်း"

"ဟုတ်ကဲ့"

ခိုင်မေထွေးသည် ကိုမောင်မောင်တို့အိပ်ခန်းထဲ ချက်ချင်းပြေးလာပြီး ခေါ်ရသည်။

"ကိုကိုတို့ ဒါဒါခေါ်နေတယ်"

"ဘာလုပ်မလို့လဲ"

ကိုမောင်မောင်လေးသည် အိပ်ယာဝင်ပြီးခါမှ ပြန်ထလာ၍ မေး၏။

"မေတ္တာပို့ ရွတ်ခိုင်းမလို့တဲ့"

"ငါသေချင်ပါတယ် မေထွေးရယ် ကစ္စပနဒီကို မြန်မြန်ပြောင်းနေမှ နို့မို့ရင်လဲ ဒါဒါ မြန်မြန်သေ"

"အို ကိုလေးကလဲ"

ကိုမောင်မောင်လေးက ခေါင်းကုတ်၍ ဆိုသည်။

ကိုမောင်မောင်ထွေးကတော့ သူ့ကြောင့် အဖွား ဒီဘဝရောက်ရတာဟူသောအစွဲအလန်းစိတ်နှင့် မျက်ရည်ဝဲကာ နမသယ်ထက်ပင်စော၍ အဖွားအနား ရောက်လာသည်။

"ဒါက ဘယ်သူလဲ"

အိပ်ရာပေါ်တွင် လက်ဆွဲဓာတ်မီးပိုက်ထားပြီးဖြစ်ရာ ဘုရားဆီမီး

ရောင်နှင့် သူ့ရှေ့ရောက်လာသူကို သဲသဲကွဲကွဲမသိသဖြင့် ဖွားဖွားကမေး၏။
"ကျွန်တော်ပါ ဒါဒါ"
"ဘာဟဲ့"
"အော် ကိုကိုထွေးလေ ဒါဒါ"
ခိုင်မေထွေးက စကားထောက်ပေးလိုက်သည်။
"သူပုန်ကြီးနော် သူပုန်ကြီး ဒီအကျင့် ခုထိမပျောက်သေးဘူး"
ကိုမောင်မော်ထွေးအား အဖွားက သူပုန်ကြီးဟု နာမဝိသေသနပြုထားခြင်းမှာ ကစ္ဆပနဒီတွင် ကျောင်းနေစဉ်က တောထဲထွက်ပြေးဖူးသဖြင့်ဖြစ်သည်။
အမှန်က အဖွားစိတ်ဆိုးလျှင် ခေါ်တတ်သောအမည်များသည် မြေးအားလုံးတွင် သီးခြားရှိကြသည်။ ယခင်က 'ဒိဋ္ဌိ' ဟု ခေါ်သော ကိုမောင်မောင်ထွေးကို ယခု 'သူပုန်ကြီး'၊ လောင်းကစားဝါသနာပါသော ကိုမောင်မောင်လေးကို 'ဖဲသမား'၊ စိတ်တို ဒေါသကြီးသော ကိုမောင်မောင်ကြီးကို 'ဒေါသကုမ္ဘာ'၊ အစ်ကိုတွေ အမေအဖေတွေ ဖွားအေတွေကြားတွင် တစ်စုံတစ်ခု မပြေမလည်ဖြစ်ကြလျှင် လိမ်ညာပြော၍ပင် ဖြန်ဖြေပေးရသော ခိုင်မေထွေးကို 'မိမာယာ' တည်း။
"သူပုန်ကြီး"
"ဘုရား"
"နင်ဘယ်သူလဲ"
"မောင်မောင်ထွေးပါ ဒါဒါဘုရား
"အဲ .... ထိုင်ထိုင်၊ ငါမြေးထိုင်"
အဖွားသည် ချက်ချင်းစိတ်ပြေသွားကာ သူ့ရှေ့တွင် လက်ပိုက်မတ်တပ်ရပ်နေသော ကိုမောင်မောင်ထွေးကို ထိုင်ခိုင်းလိုက်သည်။
"ဒီတစ်ယောက်ကော"
"မောင်မောင်လေးပါ ဒါဒါဘုရား"
ကိုမောင်မောင်လေးသည် အဖွားနှင့်အမြဲနေရသူမို့ အဖွား၏ အလိုကျတော့ ဖြေတတ်သည်။
"နောက်တစ်ယောက်ရှိပါသေးတယ်၊ ဟဲ့ ခိုင်ခိုင် ဘယ်လူ"
"ကိုကိုကြီးကိုမေးတာလား ဒါဒါ"
"အေး ဟုတ်တယ် ဟုတ်တယ်၊ ငါ့မြေးကြီးကော"
"ကစ္ဆပနဒီမှာလေ ဒါဒါ"
"အင်း ဒေါသကုမ္ဘာ၊ ငါမသေသမျှ လေးမြို့ကို မကြွဘူးဆိုတဲ့ မောင်မင်းကြီးသား အသက်ရှည်ပါစေ၊ ဘုန်းကြီးပါစေ၊ အန္တရာယ်အမျိုးမျိုးကိုး"
"ဒါဒါ ကိုမောင်မောင်တို့ကို မေတ္တာပို့ခိုင်းမလို့ဆို"
သူ့အဖွား၏အထာကိုသိနေသူ ခိုင်မေထွေးက အဖွား သတိရအောင်

လမ်းကြောင်းပေးလိုက်ရ၏။

"အေးလေး ဟုတ်တယ် မောင်မောင်ထွေးရယ်၊ ဒါဒါ ကျက်ခိုင်းထားတဲ့ မေတ္တာပို့ ရပြီလား ငါ့မြေး"

သူ့အဖွား၏ စကားအဆုံးမှာ ကိုမောင်မောင်ထွေးက ခိုင်မေထွေး၏ မျက်နှာကိုတစ်လှည့် သူ့အဖွားမျက်နှာကိုတစ်လှည့်ကြည့်ကာ အဖြေရခက်နေ၏။

"ဒါဒါ မေးနေတယ်လေ၊ ငါ့မြေး"

"ကောင်းကောင်းမရသေးဘူး ဒါဒါ"

"ဟဲ့ ဒီမေတ္တာပို့ ဆယ်ကြောင်းကိုးကြောင်းတောင် ခုထိ မရသေးဘူး လား သူပုန်ကြီးရယ်၊ မိမာယာဆီမှာ မသင်ဘူးလားဟဲ့ မိမာယာက ဘာလို့ ရအောင်မသင်တာလဲ"

"သင် သင်ပါတယ် ဒါဒါ၊ ခုတလော ခြံအလုပ်တွေများနေလို့ ကိုကို ထွေး ခြံထဲဆင်းနေရတယ်၊ အဲဒါကြောင့် စာကျက်ဖို့ အချိန်မရလို့ပါ"

ဤစကားကို ကြားဝင်ပြောသူကတော့ ခိုင်မေထွေးပင်တည်း။ ခိုင်မေ ထွေးသည် သူ့အဖွားအား တစ်ဖက်က ကျေနပ်အောင်ပြောပြီး တစ်ဖက်ကလည်း 'ကောင်းတယ်၊ ကောင်းတယ်၊ သူများရေးပေးထားရက်နဲ့ ရအောင်မကျက်ထား ဘူး' ဟု ကိုမောင်မောင်ထွေးကို မျက်စောင်းတစ်ချက် ပင့်ထိုးလိုက်သည်။

"ကောင်းကောင်းမရသေးဘူးဆိုတော့ ငါ့မြေးက ရတော့မယ် ဆိုပါ တော့။ ကဲ ဒါဒါ့ကို ရသလောက် ဆိုပြစမ်း၊ ငါ့မြေး မရတာကို ခိုင်ခိုင်နဲ့ ကိုကိုလေး တို့က ထောက်ပေးကြ"

အဖွားက ရသလောက်ဆိုပြပါ ဟုဆိုသော်လည်း ကိုမောင်မောင်ထွေး မှာ ဘယ်ကစ၍ ဆိုရမှန်းမသိဖြစ်နေသည်။ ထို့ကြောင့် ခိုင်မေထွေးနှင့် ကိုမောင် မောင်လေးတို့၏ မျက်နှာကို တစ်လှည့်စီကြည့်ကာ နှုတ်မထွက်ရဲ ဖြစ်နေ၏။

"ဟဲ့ ဆိုလေ သူပုန်ကြီး"

"ဟုတ် ဟုတ်ကဲ့ပါ ဒါဒါ ဘုရား"

"အ အဟံ ငါသည်၊ အဝေရာ၊ ရန်မရှိသည်။ ဟောမိ ဖြစ်ပါလို၏။ အဗျာ ပဇ္ဇာ၊ စိုးရိမ်ကြောင့်ကြခြင်း ကင်းသည်၊ ဟောမိ ဖြစ်ရ"

"ဟဲ့ ဒါက ဟိုတုန်းက သင်ထားတာဘဲ။ ခု အသစ်ကျက်ခိုင်းတာလေ၊ ခိုင်ခိုင်က စာတစ်ပိုဒ် ဖတ်ပြလိုက်စမ်း"

"ဟုတ်ကဲ့ ဒါဒါ"

"ပဏာသပ္ပါ၊ ကိုယ်စီကိုယ်ငှ၊ ကိုယ့်ဒေသဌ၊ ပျော်ကြစပ်ရာ၊
သတ္တဝါဟူသမျှတို့သည်၊ သုဿယန္တု၊ အိမ်မက်ယာမက်
ကောင်းစွာမက်၍၊ နှစ်သက်ကြည်သာ၊ အိပ်စက်နိုင်ကြပါစေ
ကုန်သတည်း"

"ကဲ ငါ့မြေး ဆက်ဆိုစမ်း"

"သုမင်္ဂလာ၊ မင်္ဂလာကြက်သရေ ယှက်ဆေလန်းသဖြင့်၊ စမ်းပွင့်
ကုန်သည်ဖြစ်၍ ဝုတ္တာဟန္တု၊ ကောင်းစွာမိုးသောက်၊ အလင်း
ရောက်၍၊ ထမြောက်နိုးကြားနိုင်ကြပါစေကုန်သတည်း"

"ဟဲ့ တရားဆိုတာ ဒီလိုမဆိုရဘူး၊ ဓမ္မသံပါရတယ်၊ ကဲ ငါ့မြေး မောင်မောင်လေးက အသံနေအသံထားနဲ့ ဆိုပြစမ်း"

"အဟမ်း"

ကိုမောင်မောင်လေးသည် ချက်ချင်းတင်ပလင်ခွေထိုင်လိုက်ကာ ခိုင်မေထွေးနှင့် ကိုမောင်မောင်ထွေးတို့ကို မျက်စိတစ်ဘက်မှိတ်ပြပြီး ဘုန်းကြီးသံပါပါနှင့် ဆိုပြသည်။

"ဒုက္ကတိ ဂါမိ ၊ အပါယ်ဒုက္ကတိ၊ ရောက်မည်အကြောင်း မကောင်း
ညစ်ဆိုး ဒုစရိုက်မျိုးကို၊ ဒူသိန္တု သူတော်လက်နက်တရားစက်
ဖြင့် ဖြိုးဖျက်နိုင်ကြပါစေသတည်း"

"ဟဲ့ တရားဆိုတာ သီချင်းလို ဆွဲဆွဲပစ်ပစ်ဆိုရတာမဟုတ်ဖူး၊ ဓမ္မသဝနဓမ္မဒေသနာဖြစ်အောင် ဆိုရတယ်၊ မောင်မောင်ထွေး ဆိုစမ်း"

အဖွားသည် သူ့အလိုမကျတိုင်း သူ့မြေးများကို တစ်လှည့်စီ ရွတ်ခိုင်းနေ၏။

"သဗ္ဗပါရမိ၊ အလောင်းကလျာ ဖြည့်ကောင်းရာသည့် သုံးဖြာ
ဆယ်လီ ပါရမီအပေါင်း အကျင့်ကောင်းကို ပူရိန္တု တစ်ဆင့်
ထက်တစ်ဆင့်၊ ရင့်ထက်ရင့်အောင်၊ မလင့်ပုံသေ ဖြည့်ကျင့်နိုင်
ကြပါစေကုန်သတည်း"

"တော်ပါပြီ သူ့ပုန်ကြီးရယ်၊ နင့်လျှာကို အိုးချမ်းပုံနဲ့ တော်တော်ခြစ်ပစ်အုံးမယ်၊ ငါ့မြေးကြီးကို သတိရလိုက်တာ၊ ငါ့မြေးကြီးတစ်ယောက်ပဲ တရားစာကို တရားနဲ့တူအောင် ဌာန်ကရဏ်းကျကျ ရွတ်ပြနိုင်တာ၊ နင့်တို့တစ်ယောက်မှ ငါ့မြေးလိုမတော်ဘူး၊ ဒါဒါသေမှ ငါလာမယ်လို့ ပြောသတဲ့၊ နေ နေ ဒင်းမလာလဲငါ့မှာ မြေးတွေအများကြီး အများကြီး၊ ခိုင်ခိုင်ရယ်၊ မောင်မောင်လေးရယ်၊ မောင်မောင်ထွေး၊ ဟဲ့ မောင်မောင်ထွေး"

"ဘုရား ဒါဒါ"

"မနက်ဖန် ဆိုတတ်ရမယ်နော်"

"ဟုတ်ကဲ့ ဒါဒါ"

"ပြောရင်တော့ ဟုတ်ကဲ့ပဲ၊ ငါပြောတာဆိုရင် နင်တို့ဟာ နားထောင်ရကောင်းမှန်းကို မသိဘူး၊ အိပ်ခါနီးရင် ဘုရားဝတ်မတက်ချင်ကြရင်လည်း မေတ္တာပို့တော့ ရွတ်ကြပါပြောတာ ဘယ်လူမှ မလိုက်နာဘူး။ ဖဲရိုက်မယ်၊ လောင်းကစား

မယ်ဆိုရင် အချိန်တွေ ပေးနိုင်လိုက်ကြတာ ဘုရားဝတ်တက်ဖို့ နာရီဝက်၊ တစ်နာရီလေးကျတော့ ညောင်းလို့ကျင်လို့၊ ဟိုအဝဇာတသားက အသံလေးတော့ ကောင်းရှာပါတယ်၊ မာနက ကြီးလိုက်တာ။ ငမြတ်သာတစ်ယောက်က ပွဲရုံအလုပ်နဲ့ မအားပါဘူးတဲ့၊ ဝေဝေကျတော့လည်း အရှင်ကြီးစကားဆို နားထောင်"

"ဒါဒါရယ် အိပ်ကြတော့မယ်၊ မနက်ဖန်ခါ လဆန်းဥပုသ် အဖိတ်နေ့ ဒါဒါရယ်၊ ခိုင်ခိုင်တို့ဒါဒါတို့ တရားစာတွေအများကြီး ရွတ်ပြမှာပေါ့၊ ခု ဒါဒါ ဖတ်ခိုင်းတဲ့ ဓမ္မစကြာ ခိုင်ခိုင် အလွတ်ရတာဘဲပေါ့"

သူ့အဖွား၏စကားက ဆုံးတော့မည်မဟုတ်မှန်းသိသော ခိုင်မေထွေးသည် ကိုမောင်မောင်တို့ကို 'သွားကြတော့၊ အိပ်ချေတော့' ဟု မျက်ရိပ်မျက်ခြည်ပြကာ သူ့အဖွားအား နှစ်သိမ့်စကားဆိုရင်း သူ့အဖွား၏ ဘီးတပ်ကုလားထိုင်ကို အနောက်ဆောင်သို့ မသိမသာတွန်းယူလာသည်။ သို့သော် သူ့အဖွား၏ လောကရှိလူတွေအားလုံးအပေါ် မကျေနပ်သံကား မဆုံးသေးပေ။

အဖွား၏ မြည်တွန်တောက်တီးသံကို ခိုင်မေထွေး၏ သာယာနာပျော်ဖွယ်ရာ ဓမ္မစကြာရွတ်သံက တစ်စတစ်စ လွှမ်းမိုး၍ပါသွားလေသည်။

ခိုင်မေထွေးသည် ဤအဖွား၏ စိတ်ပိုင်း ရုပ်ပိုင်းအားလုံးကို ကြီးစိုးပိုင်သနိုင်သူတည်း။

အဖွားစိတ်ကောက်နေလျှင် တရားဓမ္မ ရွတ်ဖတ်ပြ၍လည်းကောင်း၊ သံဝေဂကဗျာ၊ လေးချိုး၊ သီချင်းကြီးများဆို၍လည်းကောင်း၊ စောင်းကောက်တီး၍လည်းကောင်း၊ ကလေးငယ်များကိုချော့သလို ချော့သိပ်ရသည်။ အဖွား၏ စိတ်ချမ်းသာမှုကို အမြဲ တစ်ခုမဟုတ် တစ်ခုလုပ်၍ နှစ်သိမ့်နေရသည်။ ထို့ကြောင့်လည်း ခိုင်မေထွေးသည် အဖွား၏လူယုံ အပါးတော်မြဲ ဖြစ်နေရသည်။ အချစ်ဆုံးမြေးမကလေး ဖြစ်နေရသည်။ သို့သော် ခိုင်မေထွေး၏ ရင်ထဲကအပူကိုတော့ အဖွားသည် မည်သို့မျှမသိနိုင်ပါတကား။ ခိုင်မေထွေး၏ ရင်ထဲကအပူကို သိလျှင်လည်း နာမကျန်းသောအဖွားသည် ချက်ချင်း အသက်ထွက်သွားလိမ့်မည် ထင်ပါသည်။

× × × × × × × × × × × ×

## အခန်း (၂)

အဖွား၏ တပျစ်တောက်တောက်အသံ တိတ်သွားပြီးဖြစ်သော်လည်း ခိုင်မေထွေးကား အိပ်မပျော်သေး။ ဟိုအကြောင်း သည်အကြောင်း တွေးနေမိ၏။

အဖွားသည် ဘာသာရေးကို အလွန်ကိုင်းရှိုင်းသော ရှေးရခိုင်အမျိုးသမီးကြီးတစ်ယောက်ဖြစ်သည်။ ထို့ကြောင့်လည်း အဖွား၏အရိပ်အာဝါသသို့ ရောက်လာကြသူအားလုံးမှာ အဖွား၏ယုံကြည်ကိုးစားမှုအတိုင်း၊ အဆုံးအမအတိုင်း၊ နေကြထိုင်ကြရသည်။ ဤသာတာဂီရအိမ်ကြီးရှိအကုန်သူတို့မှာ အဖွား၏စည်းကမ်းကို တသွေမတိမ်း လိုက်နာကြရသည်။

အဖွား၏စိတ်သည် တစ်ဖက်တွင် ဘာသာရေးနှင့်ယှဉ်၍ နူးညံ့သိမ်မွေ့သလို တစ်ဖက်ကလည်း မျိုးရိုးမာနဥစ္စာနှင့် ခက်ထန်လွန်းသည်။ ထို့ကြောင့်လည်း ကိုမောင်မောင်ထွေး၏အမေ၊ အဖွား၏တစ်ဦးတည်းသောသမီး ဒေါ်နန်းဓံမေကို အဖွားသည် သေသည်အထိ အိမ်ရိပ်မနင်းစေခဲ့။ သေခန်းရှင်ခန်းဖြတ်ခဲ့ကြသည်။ သမီးအဖြစ်မှ ရာသက်ပန် စွန့်ပစ်ခဲ့သည်။

ကိုမောင်မောင်ထွေး၏အမေအား သမီးအဖြစ်မှ အဖွား စွန့်ပစ်ခဲ့သည့် ကြီးစွာသောပြစ်မှုမှာ ဘာသာမတူသူ ကစ္ဆပနဒီက မိမိတို့၏ပွဲရုံတွင် ခိုင်းစေထားသူနှင့် မေတ္တာမျှပြီး ထွက်ပြေးကြသဖြင့်ဖြစ်သည်။

ကိုမောင်မောင်ထွေးတို့အဖေမှာ ဗုဒ္ဓဘာသာမဟုတ် ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်သည်။ သူသည် ငယ်စဉ်ကပင် သာသနာပြုကျောင်းတွင် ကြီးပြင်းခဲ့သူဖြစ်သဖြင့် ခေတ်ပညာတတ်သည်။ သူ၏ဖာသာ ခရစ်ယာန် ဘုန်းကြီးက ကစ္ဆပနဒီရှိ ဖွားဖွားတို့၏ပွဲရုံတွင် အလုပ်သွင်းပေးထားသည်။

ဖွားဖွားတို့ပွဲရုံတွင် ကုန်မှတ်စာရေးလုပ်နေရင်းက ပွဲရုံသို့ ကုန်ပို့ ငွေသိမ်း တစ်လတစ်ခါနှစ်ခါလာသူ ကိုမောင်မောင်ထွေးတို့အမေနှင့် ရင်းနှီးရာက ချစ်ကျွမ်းဝင်၍ ထွက်ပြေးခဲ့ကြသည်။

သည်ကစ၍ အဖွား၏တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်နန်းဓံမေ။ ခိုင်မေထွေး၏အဖေ ဦးမြတ်သာဓံ၏ညီမ ကိုမောင်မောင်ထွေး၏အမေသည် အဖွားနှင့် ကင်းခဲ့ရသည်။

ကိုမောင်မောင်ထွေးတို့အဖေသည် ခေတ်ပညာတတ်ပီပီ မာနရှိသည်။

အဖွားက သူ့သမီးအား စွန့်ပစ်လိုက်သောအခါ ကိုမောင်မောင်ထွေးတို့ အဖေမှာ ပုလိပ်ဘက်ဝင်သွားသည်။ အလုပ်ကြိုးစားသဖြင့် သုံးလေးနှစ်အတွင်းတွင် ရဲဝန်ထောက်ရာထူးကို ရရှိခဲ့သည်။ ဇနီးသည်အား အိမ်တစ်ဆောင်မီးတပြောင်နှင့် ထားနိုင်ခဲ့သည်။

သို့သော် ကိုမောင်မောင်ထွေးတို့အဖေသည် ကံမကောင်းခဲ့။ ကိုမောင်မောင်ထွေး ရှစ်နှစ်သားအရွယ်တွင် တိုက်ကင်းလှည့်ရင်း တိုက်ပွဲတွင် ကျဆုံးခဲ့ရရှာသည်။

ထိုအခါ ငယ်စဉ်ကပင် ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နေလာခဲ့သော ကိုမောင်မောင်ထွေးတို့အမေမှာ ဘာမှလည်း မလုပ်တတ် မကိုင်တတ်နှင့် ကြီးစွာဒုက္ခရောက်ခဲ့သည်။ သည်တော့ အဖွား၏အရိပ်အာဝါသကို ခိုလှုံရန် အဖွားဆီလာ၍ ခွင့်ပန်ခဲ့သေးသည်။ သို့သော် အဖွားကား မစင်ထက်၍ ထွေးပြီးသောတံတွေးပမာ ရွံရှာစက်ဆုပ်သည်ဟုဆိုပြီး တစ်ဦးတည်းသောသမီးငယ်ကို အိမ်ထဲ အဝင်မခံခဲ့ပေ။ သမီးအတွက် အမေ၏မေတ္တာတံခါးနှင့်အတူ အိမ်တံခါး၊ ခြံတံခါးအားလုံးကို ပိတ်ထားစေလေသည်။ သည်တော့ ကိုမောင်မောင်ထွေးတို့အမေမှာ သားလေးကိုလက်ဆွဲကာ မျက်ရည်စက်လက်နှင့် ကစ္ဆပနဒီသို့ ပြန်သွားရရှာသည်။

သူ့အနေမှာ အားကိုးအားထား လင်သားလည်းဆုံး၊ မိတမောင်ဘွားတို့၏အရိပ်အာဝါသကိုလည်း ဝင်ရောက်ခိုလှုံခွင့် မရရှာသောအခါ ဘဝကို ဆင်းရဲကြီးစွာနှင့် ရင်ဆိုင်ရသည်။ ကုမ္ပဏီ ထောက်ပံ့မှုသူကင်းစွာနှင့် ရုန်းကန်ရသည်။ သည်လို ရုန်းရင်းကန်ရင်းနှင့်ပင် ခြေကုန်လက်ပန်းကျကာ ကိုမောင်မောင်ထွေး ဆယ့်နှစ်နှစ်သားအရွယ်မှာ ဒေါ်နန်းဖဲမေသည် ဘဝကို အရှုံးပေးသွားရရှာလေသည်။

ကိုမောင်မောင်ထွေးအတွက် အဖေဆုံးခြင်းနှင့် အမေဆုံးပါးခြင်းသည် ငါးနှစ်ခန့်သာ ကွာလေသည်။

အဖွားသည် တစ်ချိန်က သူအလွန်ချစ်သော တစ်ဦးတည်းသောသမီး ဒေါ်နန်းဖဲမေ ဆုံးသည်ကိုပင် သွားမကြည့်ခဲ့။ သမီးအပေါ်တွင် အချစ်ကြီးခဲ့သလို အမျက်လည်း ကြီးခဲ့သည်။ ကြီးစွာသောနာကျည်းစိတ်နှင့် မျက်ရည်တစ်ပေါက်ပင်မကျခဲ့။ သို့သော် သမီးအတွက် အဖွား၏ရင်ထဲတွင် မည်မျှပူလောင်ခဲ့ရသည်၊ သောကပရိဒေဝမီး တောက်ခဲ့ရသည်၊ ယူကျုံးမရ ဖြစ်ခဲ့ရသည်ကိုမူ မည်သူမျှ မသိခဲ့ပါချေ။

ထိုစဉ်က အဖွားသည် ယခုလို ဒုက္ခိတလည်းမဖြစ်သေး။ အသက်ကြီးသော်လည်း သန်သန်မာမာပင် ရှိသေး၏။ ပြီး အဖွား၏အားကိုးအားထားရာ ဖိုးဖိုးလည်း မားမားမတ်မတ်ရှိနေသေးသည်။

ကိုမောင်မောင်ထွေးတို့အမေ ဆုံးပါးနေသည်ကို ဖွားဖွားသာ သွားမကြည့်သည်မဟုတ်။ မေမေတို့လည်း သွားမကြည့်ခဲ့ကြ။ အသုဘပင် လိုက်မပို့ခဲ့ကြ။ အဖွား၏မာနရိပ်အောက်တွင် ထောင်လွှား၍ အမေရောအဖေပါ မာနတံခွန် ထူခဲ့ကြသည်။ ဓနီး မယား ချွေးမ သားတို့ကသာ ဤသို့ သံယောဇဉ်ပြတ်ခဲ့ကြသော်လည်း ဖိုးဖိုးကား သူ၏သမီးငယ်အပေါ်တွင် သံယောဇဉ် မပြတ်ခဲ့။ သမီးငယ်သည် မိမိတို့နှင့် ဘာသာမတူသူနှင့် ချစ်ကြိုက်၍လိုက်သွားခဲ့သော်လည်း သမီးအပေါ်တွင် စိတ်ဆိုးရုံကလွဲပြီး ဖိုးဖိုးသည် သနားကြင်နာစွာသာ ခွင့်လွှတ်ခဲ့သည်။

သည်တော့ ယခု သမီးငယ်ဆုံးပြီဆိုသောအခါ ဆောက်တည်ရာမရသူမှာ ဖိုးဖိုးပင်ဖြစ်သည်။ သမီးငယ်၏အလောင်းကို နောက်ဆုံး ကြည့်ရှု ခွင့်လွှတ်ရန် ကစ္ဆပနဒီသို့ လိုက်သွားသူမှာလည်း ဖိုးဖိုးပင်ဖြစ်သည်။

သမီးကို ဖုသွင်းသင်္ဂြိုဟ်ပြုပြီးမိမဲ့ဖမဲ့ဖြစ်နေသောမြေးကလေး ကိုမောင်မောင်ထွေးကို လေးမြို့ရှိ သာတာဂီရအိမ်ကြီးသို့ ဖိုးဖိုးက ခေါ်လာမည်ဆိုသောအခါ အဖွားသည် မိမိ၏ခင်ပွန်းကိုပင် ကြီးစွာကြိမ်းဝါးခဲ့သည်။ ကိုမောင်မောင်ထွေးကိုခေါ်လာလျှင် ဖိုးဖိုးကိုပါ လင်မယားအဖြစ်မှ စွန့်ပစ်မည်ဟု ကြေငြာခဲ့သည်။

ဖွားဖွားသည် မင်းမျိုးမင်းနွယ်ထဲမှ ပေါက်ဖွားဆင်းသက်လာသူဖြစ်သဖြင့် မာနလည်း အလွန်ကြီးသည်။ အဖွားအဖိုးတုန်းက ရပ်လည်း အလွန်လှခဲ့သည်ဟုဆိုသည်။ အဖွား၏ရုပ်ရည်ကို သဘောကျသဖြင့် ကစ္ဆပနဒီ ရုံးဝန်ထောက်၊ သစ်တောဝန်ထောက်၊ မြို့အုပ်၊ နယ်ပိုင်၊ တိုက်ပိုင်တို့ပင် အဖွားကို ပိုးပန်းခဲ့သည်။ စကားကမ်းလှမ်းခဲ့ကြသည်ဟုဆိုသည်။

ထိုစဉ်က အင်္ဂလိပ်အုပ်ချုပ်ရေးဖြစ်သဖြင့် အင်္ဂလိပ်ကို မုန်းတီးသောဖွားဖွားသည် အင်္ဂလိပ်အမှုထမ်းများကိုလည်း မုန်းတီးခဲ့သည်။

သည်အထဲ ကစ္ဆပနဒီမြို့ကို အုပ်ချုပ်ရသော ကုလား၊ မြန်မာကပြားမြို့အုပ်လူပျိုသည် အဖွားကိုကြိုက်၍ ဈေးထဲ၌ပင် စကားလိုက်ပြောဖူးသည်ဆိုသည်။

မြို့အုပ်မင်းကို အဖွားသည် မိမစစ်ဖမစစ်က ရာရာစစ လူပါးဝစကားပြောသည်ဟု ခေါ်ပွကာ ဖိနပ်နှင့် လိုက်ရိုက်ဖူးသည်။

လေးမြို့က မြင်းရထားနှင့် ဈေးလာသူ သူဌေးသမီး မင်းသမီးက မြို့အုပ်မင်းကို လိုက်ရိုက်သည်ဟူသောသတင်းသည် ချက်ချင်း ကစ္ဆပနဒီတစ်မြို့လုံး တောမီးကဲ့သို့ ပျံ့နှံ့ခဲ့သည်။ မြို့အုပ်မင်းမှာ ရှက်ရှာလွန်း၍ ခုနစ်ရက်အတွင်း မြို့က ပြောင်းသွားသည်ဟု ဆိုသည်။

အဖွားသည် အမျိုးနှင့်ပတ်သက်၍ ဤသို့ မာန်မာနရှိသည်။ မျိုးချစ်စိတ်ရှိသည်။ သို့သော် ဖွားဖွား၏ တစ်ဦးတည်းသောသမီးက မိမိပွဲရုံတွင် ခိုင်းစေ

ထားသူ အယူဘာသာမတူသူ ခရစ်ယာန်တစ်ယောက်နှင့် လိုက်ပြေးသွားသော အခါ အဖွားကို ဝင့်လည်ပြီဟု ကစ္ဆပနဒီကရော လေးမြို့နယ်တစ်မြို့လုံးကရော 'မာနကြီးတဲ့မိန်းမကြီး ဒီတစ်ခါတော့ထိပြီ' ဟု ရွတ်ချကဲ့ရဲ့ခဲ့ကြသည်။

ဤသည်ကို ဖွားဖွားသည် ကြိတ်စွာနာကျည်းခဲ့ရလေသည်။ ထို့ကြောင့်လည်း ဘာသာမတူ လူမျိုးမတူသော မိမစစ်ဖမစစ်ကမွေးသည်ဟု ယူဆထားသော ကိုမောင်မောင်ထွေးကိုလည်း အိမ်နှာသည်ဟု အိမ်ခေါ် လက်မခံခဲ့။ မြေးကို မိမိသွေးစပ်သည်ဟုပင် မယူဆခဲ့၊ ဥပက္ခာပြုနိုင်ခဲ့သည်။

ထိုစဉ် ကိုမောင်မောင်ထွေး၏အမည်မှာ မောင်အောင်ဖေဖြစ်သည်။ ယခုလို ကိုမောင်မောင်ထွေးအဖြစ် မခံယူရသေးပေ။

သမီးမှမွေးသော မြေးငယ်မောင်အောင်ဖေအတွက် ပူပန်သောက ရောက်ရသူမှာ ဖိုးဖိုးသာဖြစ်သည်။

ဖိုးဖိုးကား စိတ်သဘောထားကြီးမြတ်သူ၊ နှလုံးသားသိမ်မွေ့သူ၊ ဘာသာရေးကိုင်ရှိုင်းသူ၊ တရားဓမ္မပြည့်ဝသူဖြစ်သည်။ ယင်းကြောင့်လည်း ဖိုးဖိုးမှာ မှာ သူ့မြေးငယ်အား ဇနီးနှင့်သားလို ဥပက္ခာမပြုနိုင်ရှာပေ။

သို့သော် ဖွားဖွားကိုကြောက်သဖြင့် မောင်အောင်ဖေအား လေးမြို့ သာတာဂီရအိမ်ကြီးသို့လည်း ခေါ်မလာရဲ၊ ဖိုးဖိုးသည် ကစ္ဆပနဒီမြို့ရှိ သူငယ်ချင်း ဦးစံလှဘော်အိမ်၌သာ ထားခဲ့ရသည်။ ဦးစံလှဘော်မှ အလွတ်ပညာသင် ကိုယ်ပိုင်ကျောင်းရှိသဖြင့် မောင်အောင်ဖေကို ကျောင်းအိပ်ကျောင်းစား ထားခဲ့ရသည်။

သည်လိုနှင့် မောင်အောင်ဖေ ဦးစံလှဘော်ကျောင်းတွင် တစ်နှစ်ပင် ပြည့်အောင်မနေလိုက်ရ။ လေးမြို့နယ်က ဖွားဖွားတို့ ခိုင်မေထွေးတို့ အပါအဝင် မိသားစုတစ်စုလုံး ကစ္ဆပနဒီသို့ ပြောင်းပြေးကြရသည်။

အကြောင်းမှာ လေးမြို့နယ်၌ အစိုးရအုပ်ချုပ်ရေးပျက်ပြားပြီး ရောင်စုံသူပုန်များ ထောခိုလာကြသဖြင့်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှစ်ဦးပိုင်းဖြစ်သော နိုင်ငံရေးကာလတွင် မောင်အောင်ဖေနေရသော ဆရာဦးစံလှဘော်ကျောင်းက ပျက်သွားသည်။ ဆရာဦးစံလှဘော်မှာ ကစ္ဆပနဒီအမတ်အဖြစ် အရွေးခံရပြီး တစ်ဆင့်တက်ကာ ဝန်ကြီးဖြစ်သွားသည်။ ဆရာဦးစံလှဘော် နေပြည်တော်သို့ ပြောင်းရတော့ မောင်အောင်ဖေ အတွက် မှီခိုအားထားရာ ဆိတ်သုဉ်းခဲ့ရသည်။

သည်မှာတွင် မောင်အောင်ဖေသည် ကစ္ဆပနဒီသို့ စစ်ပြေးရင်း ရောက်နေကြရသော ဖွားဖွား၏အရိပ်အာဝါသသို့ ခိုဝင်ရန် အကြောင်းဖန်ခဲ့သည်။

သို့သော် မောင်အောင်ဖေအား ဖွားဖွားက ခေါ်ယူတော့မည် ဆိုသော အခါ ဦးဆုံးမနှာလိုဖြစ်ကြသူတွေမှာ အမေအဖေတို့ပင်တည်း။

သည်အထဲတွင် မေမေက ပို၍အကဲဆုံးဖြစ်၏။ ဖွားဖွား၏မာနသည်

ကျသင့်သလောက်ကျ၍ မောင်အောင်ဇံကို လက်ခံခေါ်ယူထားမည့် အခြေအနေ ကျခါမှ အမေတို့အဖေတို့က ကန့်လန့်ကန့်လန့် ခံနေကြပြန်သည်။

သည်လိုနှင့် မောင်အောင်ဇံသည် ကျောင်းဆရာကြီး ဝန်ကြီးဦးစံလှသော် အိမ်၌ အိမ်စောင့်အဖိုးကြီးနှင့် လေးငါးလ နေလိုက်ရသေးသည်။

ဖိုးဖိုးသည် သူ့မြေးမောင်အောင်ဇံကို ပြန်ခေါ်နိုင်ရန် ကြိုးစားရင်း လေးမြို့မြစ်ဖျားဘက်ကို မော်တော်တုတ်နှင့်သွားရင်း ဘုတ်မြုပ်ပြီး မျှော်လင့်ဘဲ ဆုံးပါးသွားပြန်သည်။

မော်တော်တုတ် နစ်မြုပ်ရာတွင် ဖိုးဖိုးသာ ဆုံးပါးသွားခဲ့သည်မဟုတ်၊ မော်တော်တုတ်တွင် စုစပ်ရှယ်ယာဝင်ထားသော ဖွားဖွားဖိုးဖိုးတို့၏ ငွေရင်းငွေနှီး တစ်သောင်းကျော်လည်း ဆုံးရှုံးခဲ့ရသည်။ မော်တော်တုတ်မြုပ်ရာတွင်ပါသော ဖေဖေသည်ပင် ကံသီ၍သာ လွတ်လာခဲ့သည်။

လေးမြို့က ကစ္စပနဒီကို ဆင်းပြေးရ၊ မြို့ရောက်တော့ မော်တော်နစ်၍ ဥစ္စာကုန်၊ ခင်ပွန်းဆုံးဖြစ်ရသော ဖွားဖွားသည် ပို၍စိတ်ဓာတ်ကျကာ ပစ္စည်း သခင်္ခါရ၊ လူသင်္ခါရ၊ မာန်မာနဆိုသည်မှာ သမုဒ္ဒရာထက်ပွက်သော ရေပွက်ပမာ ခဏသာဆိုသည်ကို နှလုံးမူမိသွားသည်။ ထို့ကြောင့်လည်း သူ့မြေးမောင်အောင်ဇံ ကို ဖိုးဖိုး၏ရက်လည်ဆွမ်းသွတ်ပွဲမှာ အိမ်ပေါ် ခေါ်တင်လိုက်သည်။

ဗုဒ္ဓဘာသာအမေနှင့် ခရစ်ယာန်အဖေက မွေးထားခဲ့သော မိမစစ်ဖမ စစ်ဟု ယူဆခဲ့သည့် မောင်အောင်ဇံကို ဘုန်းတော်ကြီးများအား ဆွမ်းကပ်ပြီး ကမ္မဝါ ညုပ်ဖတ်၍ ဗုဒ္ဓဘာသာတစ်ဦးအဖြစ် ခံယူစေသည်။

ထိုနေ့က အဖွားနှင့်တကွ အဖေအမေတို့သည် ကြီးစွာစိတ်လှုပ်ရှားနေ ကြသည်။ ဖိုးဖိုးကိုရည်စူး၍ ရေစက်သွန်းချ အမျှအတန်းပေးဝေသော ရေစက်များ၊ မဟာပထဝီမြေကြီးသို့ တစ်စက်ချင်းကျနေသလို အဖွား၏ရင်ထဲမှ သွေးတို့သည် လည်း တုန်ယင်လှိုက်လှဲစွာ နှလုံးအိမ်ထဲသို့ တစ်စက်ချင်း ကျနေပေလိမ့်မည်။

အထက်ဘဝဂ် အောက်အဝီစိထိ သုံးဆယ့်တစ်ဘုံတွင် ကျင်လည်ကြ ကုန်သော သတ္တဝါဟူသမျှတို့သည် အလှူရှင်ဖွားဖွား၏ မျက်လုံးအိမ်မှ မျက် ရည်တို့သည် ဖန်ခွက်ထဲမှ ရတ်တရက်သွန်ချလိုက်သောရေနှယ် ဆီးမနိုင် တား မရ ကျခဲ့ရသည်။

သို့သော် မောင်အောင်ဇံနှင့်ပတ်သက်၍ မေမေကား ဘဝင်မကျလှ သေး။ မောင်အောင်ဇံ ဖွားဖွားဆီရောက်သောနေ့။ ဖိုးဖိုး ဆွမ်းသွပ်ပြီးသောနေ့။ ညနေပိုင်းတွင် မြစ်နားတန်းက ပုဏ္ဏားဆီတွင် မေမေက ဗေဒင်သွားမေးသေး သည်။

ဗေဒင်ဆရာပုဏ္ဏားက ဟောလိုက်သည်မှာ 'မောင်အောင်ဇံ' ဟူသော အမည်သည် ဗေဒင်ကိန်းခန်းအရ 'ဦးညိုခေမာ သုတာဓေရီ ရန်စီစီ' ဆိုသဖြင်

ရန်ခေတ်ကျသည်။ မောင်အောင်ဖ၏ ဇာတာစန်းလတ်သည် 'နန်းရပ်ထီးဖြူလုပ်ယူမည်' စန်းလက် နှင့်ယှဉ်သည် ဟုဆိုသည်။

ထိုအခါ မောင်အောင်ဖကို အိမ်ပေါ်ခေါ်တင်ရ၊ မွေးမြူစောင့်ရှောက်ရမည်ဖြစ်သောမေမေမှာ ဆတ်ဆလူးဖြစ်ရသည်။ ဖွားဖွား၏အမွေဟူသမျှကို ဒီအကောင်သူငယ် လုပ်ယူတော့မှာပဲဟု ကြီးစွာမိစ္ဆာရိယဖြစ်ခဲ့ရသည်။ ဖေဒင်က ဤသို့အဟောထွက်သဖြင့် ဤအကောင်သူငယ်ကို အိမ်ပေါ်ခေါ်တင်၍ မွေးစား၍မဖြစ်နိုင်ဟု အဖွားကိုပြောသည်။

မောင်အောင်ဖ၏ရုပ်ရည်ကို မမြင်ဖူးခင်ကသာ အိမ်ပေါ်ခေါ်မလာရ။ မိမစစ်ဖမစစ်ဟု နစ်နစ်နာနာ ဆိုခဲ့ပြောခဲ့ကြိမ်းဝါးခဲ့သော်လည်း မောင်အောင်ဖ၏ရုပ်ရည်ကို မြင်လျှင်မြင်ချင်း ချစ်ခင်သွားသောဖွားဖွားသည် တစ်ချိန်က ဖိုးဖိုးပူပန်ခဲ့သလို မောင်အောင်ဖအတွက် ထပ်ဆင့်ပူပန်ရပြန်လေသည်။

ထို့ကြောင့် မေမေပြောသည်ကိုပင် သံသယဝင်ကာ ပုဏ္ဏားကြီးအားအိမ်ပေါ်ခေါ်ပင့်၍ မောင်အောင်ဖ၏ ဇာတာစန်းလတ်ကို ထပ်၍တွက်ချက်စေခဲ့သည်။

ပုဏ္ဏားကြီး၏အဟောမှာ ယခင်အတိုင်းပင်ထွက်၏။ ဤသူငယ် ကြီးလာလျှင် နန်းရပ်ထီးဖြူလုပ်ယူမည့် ဇာတာပါသည်။ အောင်ဖဟူသော အမည်မှာလည်း 'ဦးညို' ကျသဖြင့် ရန်မလွတ်။ ဤသူငယ်သည် အားလုံးကို ရန်သတ္တရုပြုလတ္တံ့။ မင်းညီမင်းသားသာဖြစ်ပါက နိုင်ငံကိုပုန်ကန်ပြီး 'နန်းရပ်ထီးဖြူလုပ်ယူမယ်မြင်သည်'ဟု ဖွားဖွားရှေ့မှာပင် အဟောထွက်သည်။

ဤဖေဒင်ဆရာ ပုဏ္ဏား၏အမေအဖေ ဘိုးစဉ်ဘောင်ဆက်သည် မင်းဆရာဖြစ်ခဲ့သလို ဖွားဖွားတို့ ဘိုးစဉ်ဘောင်ဆက်ကလည်း ယုံကြည်ကိုးစားခဲ့သောပုဏ္ဏားဖြစ်လေရာ ပုဏ္ဏား၏စကားမှာ အဖွား၏မျက်နှာကို နှစ်ပေါင်းများစွာအိုစာသွားစေခဲ့သည်။

ထို့ကြောင့် မောင်အောင်ဖ၏ နာမည်ကိုပြောင်း၍ ဓာတ်ရိုက်ယတြာချေပေးပါရန် ပုဏ္ဏားကို တောင်းပန်ရသည်။ ထိုအခါ ပုဏ္ဏားက ခိုင်မေထွေး၏အစ်ကိုများဖြစ်ကြသော မောင်မောင်ကြီး၊ မောင်မောင်လေးတို့နှင့်ညှိကာ 'မောင်မောင်ထွေး' ဟု အမည်ပြောင်း ယတြာချေပေး၏။

ထိုကစ၍ မောင်အောင်ဖ၏ အမည်ရင်းပျောက်ကာ မောင်မောင်ထွေးဖြစ်လာရလေသည်။

× × × × × × × × × × × ×

## အခန်း (၃)

သမီးထွေးက မွေးထားခဲ့သည့် ကိုအောင်ဖဲ အမည်ပြောင်း ကိုမောင်မောင်ထွေးကို ဖွားဖွားသည် အလွန်အရေးပေး၏။

ကိုမောင်မောင်ထွေးမှာ ကိုမောင်မောင်ကြီးထက် အသက်ငယ်ပြီး ကိုမောင်မောင်လေးနှင့် တစ်နှစ်ကြီးတစ်နှစ်ငယ်ဖြစ်သည်။ သို့သော် ငယ်စဉ်ကပင် မြို့၌နေသူဖြစ်ရာ အတန်းကျောင်း စောစောနေရ၍ ကိုမောင်မောင်ကြီး ကိုမောင်မောင်လေးတို့ထက် အတန်းကြီးသည်။

အလွတ်ပညာသင်ကျောင်းတွင် ဆရာနှင့် လက်ထပ်သင်လာခဲ့သော ကိုမောင်မောင်ထွေးသည် အစိုးရကျောင်းရောက်သောအခါ တစ်ကျောင်းလုံးတွင် စာအတော်ဆုံးဖြစ်သည်။ ဆရာ ဆရာမတို့၏အရေးပေးခြင်း၊ ချစ်ခင်ခြင်းကိုလည်း ခံယူရသည်။

ဤသည်ကို ကိုမောင်မောင်ကြီး၊ကိုမောင်မောင်လေးနှင့်တကွ ကျောင်းသားတွေက မနာလိုကြ။ ထို့ကြောင့် ကိုမောင်မောင်ထွေးကို သူတို့သည် အမြဲ ရန်လိုနေကြသည်။ ကျောင်းသွားကျောင်းပြန်လမ်းတွင် ရန်ရှာချင်ကြသည်။ ကိုမောင်မောင်ထွေးကလည်း မဟုတ်မခံတတ်သူဖြစ်ရာ ကျောင်းသွားကျောင်းပြန်လမ်းတွင် ခဏခဏရန်ဖြစ်ရ၏။ သူစိမ်းကျောင်းသားနှင့်သာမက ကိုမောင်မောင်ကြီးနှင့်ကိုမောင်မောင်လေးတို့ကပါ ကိုမောင်မောင်ထွေးကို ရန်ရှာသဖြင့် ညီအစ်ကိုချင်း ခဏခဏရန်ဖြစ်ရသည်။ကိုမောင်မောင်ထွေးအား မတရားနိုင်လိုကြ၍ ရန်ဖြစ်ရသည်ကို ခိုင်မေထွေးက ဖွားဖွားကိုတိုင်လျှင် ကိုမောင်မောင်ကြီးနှင့် ကိုမောင်မောင်လေးတို့သည် ဖွားဖွားဆီ၌ အရိုက်ခံကြရ၏။

ခိုင်မေထွေးသည် အဖွားနှင့် ထပ်ချပ်မကွာနေရသူဖြစ်သည်။ အဖွား၏ အဆုံးအမခံ့တည်သူ၊ အဖွား၏ ပဋ္ဌသီငါးပါးတွင် သက်ဝင်ယုံကြည်သူဖြစ်သဖြင့် မတရားမှုကို မလိုလားပေ။ လိမ်ညာပြောဆိုခြင်းကိုလည်း အဖွား၏ သွန်သင်ညွှန်ပြမှုကြောင့် နှုတ်ထွက်မရဲ စောင့်စည်းသူဖြစ်သည်။

ထို့ကြောင့် မတရားနိုင်လိုကြသော အစ်ကိုအရင်းနှစ်ယောက်ထက် ကိုမောင်မောင်ထွေးကိုသာ ခင်မင်၏။ ကိုမောင်မောင်ကြီး၊ ကိုမောင်မောင်လေးတို့နှင့် ကိုမောင်မောင်ထွေး ကျောင်းအပြန်လမ်း၌ ရန်ဖြစ်ကြပြီးဆိုလျှင် သို့မဟုတ်

ရိုက်ပုတ်ထုထောင်းကြ၍ ငိုယိုပြန်လာကြပြီးဆိုလျှင် အဖွား၏တရားခွင်တွင် ခိုင်မေထွေးက သက်သေအဖြစ် လိုက်ရသည်။

ထိုသို့ သက်သေလိုက်ရပြီဆိုလျှင် ခိုင်မေထွေးမှာ စိတ်ညစ်ရသည်။ အဖွား၏ရှေ့တရားခွင်တွင် ခိုင်မေထွေး သက်သေလိုက်ရတော့မည်ဆိုလျှင် ဦးဆုံးကျမ်းကျိန်ရသည်။

ထိုကျမ်းမှာ အဖွား နေ့စဉ်နေ့တိုင်းရွတ်ခိုင်းသော၊ သို့မဟုတ် အိမ်အပေါ်ထပ်ရှိ ဗုဒ္ဓရုပ်ထုတော်ရှေ့တွင် အာမဘာန္တေခံရသော 'မုသာဝါဒါ၊ မဟုတ်မမှန်၊ လိမ်ညာဏ်စဉ်းလဲ ပြောဆိုခဲ့မူ ငရဲအပါယ်ကျပါစေ' ဟူသော ဗုဒ္ဓနှုတ်တော်၏ သစ္စာစကားပင်တည်း။

ဤသို့ ကံငါးပါးကို အမြဲမလုံသော်လည်း မုသားမပြောရဲသော ခိုင်မေထွေးသည် ဖွားဖွားမေးစစ်က ဟုတ်ရာမှန်ရာကို ထွက်ဆို၏။

ထိုအခါ ကိုမောင်မောင်ကြီး၊ ကိုမောင်မောင်လေးတို့က ဖွားဖွားဆီ၌ အရိုက်ခံကြရသည်။ ကိုမောင်မောင်ထွေးသည် မှန်ကန်သူဖြစ်သဖြင့် အပြစ်ကကင်းလွတ်ခွင့်ရ၏။

ဤသည်နှင့်ပတ်သက်၍ ခိုင်မေထွေးသည် ဖေဖေမေမေတို့ဆီ၌ပင် အမုန်းခံရသည်။ အညိုးအငွေးခံရသည်။

နန်းရုပ်ထီးဖြူလှယူမည့် ဇာတာစန်းလတ်ပါသူ ကိုမောင်မောင်ထွေး၏ ဘုန်းသမ္ဘာကြောင့် ခိုင်မေထွေးပါ ကိုယ့်လူသူ့ဘက်သားဖြစ်သွားလေမလားဟု စိုးရိမ်လာကြသည်။

ကိုမောင်မောင်ကြီး၊ ကိုမောင်မောင်လေးနှင့် ဖေဖေမေမေတို့ဆီတွင် အမုန်းအတေး၊ အငြိုးဖွဲ့ခြင်းကို ခံရသော်လည်း ခိုင်မေထွေးကိုတော့ မည်သူမျှ မရိုက်ရဲ မဆိုရဲ။ ခိုင်မေထွေးသည် ဖွားဖွားလူယုံဖြစ်သဖြင့် ခိုင်မေထွေးကိုရိုက်လျှင် ဖွားဖွား၏တရားခွင်တွင် ရင်ဆိုင်ရမှာကို မည်သူမျှ မဝံ့ကြပေ။

ဖွားဖွား၏တရားခွင်သည် မှန်ရာကိုသာ စီရင်ဆုံးဖြတ်တတ်သည် မဟုတ်ပါလား။

သည်တော့ အိမ်သားအားလုံး လူခုနစ်ယောက်ရှိသည့်ထဲက ဖွားဖွားရယ် ခိုင်မေထွေးရယ် ကိုမောင်မောင်ထွေးရယ်ကတစ်ဘက်၊ ဖေဖေ မေမေနှင့် ကိုမောင်မောင်ကြီး ကိုမောင်မောင်လေးတို့ကတစ်ဖက် ဖြစ်လာကြသည်။

ဖွားဖွားကို ကြောက်ရွံ့ကြသဖြင့် ကိုမောင်မောင်ထွေးအား ဖွားဖွားရှေ့တွင် မည်သူမျှ နှိပ်စက်ကလူ မပြုမူခဲ့ကြသော်လည်း ကွယ်ရာမှာ တစ်နည်းမဟုတ်တစ်နည်း နိုင်ချင်ကြသည်။ နှိပ်စက်ကလူ ပြုမူချင်ကြသည်။ အမုန်းအညိုးဖွဲ့တတ်ကြသည်။ ပညာရှိနှိပ်စက်နည်းနှင့် နှိပ်စက်ကြသည်။

ကျောင်းမှာဆိုလျှင်လည်း ကျောင်းသားတွေနှင့် အဆင်မပြေ။ အိမ်မှာ

ဆိုလျှင်လည်း အိမ်သားတွေနှင့် အဆင်မပြေဖြစ်သော ကိုမောင်မောင်ထွေးမှာ ကြာသော် လူတစ်မျိုးဖြစ်လာသည်။ မည်သူ့ကိုမျှ စကားဟက်ဟက်ပက်ပက် မပြော။ ရောရောနှောနှောမနေ။ သီးခြားတစ်ယောက်တည်းထိုင်ကာ ငေးငေးငိုင် ငိုင် တွေးနေတတ်၏။

သို့သော် သွေးနီး၍ ကိုမောင်မောင်ထွေးအပေါ် အစ်ကိုအရင်းတွေထက် ပင် ခင်မင်နေမိသော ခိုင်မေထွေးကတော့ ကိုမောင်မောင်ထွေးအနားတွင် အမြဲ တပူးကပ်ကပ်နေလေ့ရှိသည်။

ဖွားဖွားကလည်း မှာထားသည်။ ကိုမောင်မောင်ထွေး ဘာလုပ်သည်၊ ဘာပြောသည်ကအစ နေ့စဉ် အဖွားကို အစီရင်ခံရမည်။ ကိုမောင်မောင်ထွေး အနားတွင် ခိုင်မေထွေးက အမြဲနေရမည်။ မောင်မောင်ထွေးနှင့် ပတ်သက်လျှင် ခိုင်မေထွေး မသိတာ ဘာမှမရှိရ။ ည မနက် ထမင်းစားသည်ကအစ ကိုမောင် မောင်ထွေးကို ဘာဟင်းတွေနှင့် ကျွေးသည်၊ အဝတ်အဆင် မည်သို့ဝယ်ပေး သည်၊ အဖေက ဘာပြောသည်၊ အမေက ဘာပြောသည်၊ ကိုမောင်မောင်ကြီး ကိုမောင်မောင်လေးတို့က မည်သို့မည်ပုံပြောသည်၊ ဤသည်ကအစ ခိုင်မေထွေး က အတေးအမှတ် လုပ်ထားရသည်။

ဤသို့ မလုပ်ထား၍လည်းမဖြစ်။ တစ်နေ့တာ နှုတ်ဖြင့် အစီရင်ခံရာ တွင် ကိုမောင်မောင်ထွေးနှင့်ပတ်သက်၍ ဖွားဖွားကမေးလာ၍ မဖြေနိုင်လျှင် ခိုင်မေထွေး အဆိုအပြောခံရမည်။ ဖွားဖွားဆီတွင် အညိုးအပွဲ့ခံရမည်။ နောက်ဆုံး အရိုက်ပင် ခံရနိုင်သည်။

ဤသည်တို့ကြောင့်လည်း ခိုင်မေထွေးသည် ကိုမောင်မောင်ထွေး၏ အနားက မခွာရဲ။ ထို့ကြောင့်လည်း တစ်ခါတစ်ခါ ကိုမောင်မောင်ထွေး ကျောင်းမ သွားရသော သီတင်းဥပုသ်နေ့မဟုတ်၍ ဘုန်းတော်ကြီးဆီ သီလယူမသွားရ သောနေ့များ၌ပင် ကိုမောင်မောင်ထွေးအနား၌ ခိုင်မေထွေးရှိနေရသည်။

အကယ်၍ ကိုမောင်မောင်ထွေးတစ်ခုခုဖြစ်၍ အဖွားခေါ်မေးက မပြော နိုင်လျှင် အရိုက်ခံရမည်မဟုတ်ပါလား။

သူ့ကို တစ်နေ့ရာရာက ခိုင်မေထွေး စောင့်ကြည့်နေသည် သို့မဟုတ် ချောင်းကြည့်နေသည်ကိုသိလျှင် ကိုမောင်မောင်ထွေးက ခိုင်မေထွေးကို စိတ်ဆိုး သည်။ ဖေဖေ မေမေ ကိုကိုတို့က သူ့ကို လိုက်ချောင်းခိုင်းသည်ဟု ခိုင်မေထွေး အပေါ် သံသယဝင်နေပုံရသည်။

ဤသည်တို့ကြောင့်လည်း နောက်တော့ ခိုင်မေထွေးသည် ကိုမောင် မောင်ထွေးကို ချောင်းမကြည့်ရဲတော့။ ထင်ထင်ပေါ်ပေါ် သို့မဟုတ် အမှုမဲ့ အမှတ် မဲ့ဟန်နှင့် ကိုမောင်မောင်ထွေးအနားတွင် သွားထိုင်နေလိုက်သည်။

သူ့အနားတွင် တစ်နာရီ နှစ်နာရီလာထိုင်နေသော ခိုင်မေထွေးကို

ကိုမောင်မောင်ထွေးကလည်း စိတ်မှတ်တေား၍ စကားတစ်လုံးတစ်ခွန်းမျှ မပြော။ ခိုင်မေထွေးအနားကိုရောက်လာလျှင် နောက်တစ်နေရာ ထသွားသည်။ ခိုင်မေထွေးကလည်း နောက်ကတကောက်ကောက်လိုက်လာလျှင် မြင်းဇောင်းက မြင်းတစ်ကောင်ကိုဆွဲစီးပြီး တောပိုင်းကခြံထဲ ထွက်သွားချင်သွားတတ်သည်။

သို့မဟုတ် ခြံထဲက မြင်းဇောင်းထဲတွင် တစ်နေ့လုံး ပေပြီးထိုင်နေတတ်၏။ ညနေကျ၍ အိမ်က အလုပ်သမားတစ်ယောက်ယောက် ထမင်းစားလာခေါ်မှ ခြံထဲက အိမ်ပေါ် ပြန်တက်သည်။ ဒါနှင့်လည်း ကိုမောင်မောင်ထွေးသည် ခိုင်မေထွေးကို စကားတစ်ခွန်းမှမပြော။ ကိုမောင်မောင်ထွေး၏စိတ်ထဲမှာ ဖေဖေမေမေတို့နှင့် ပတ်သက်၍ ခိုင်မေထွေးကိုပင် သံသယဝင်နေသည်။

"ကိုကိုထွေးအနားမှာနေရတာ စကားလည်းမပြောတော့ ပျင်းတယ် ဒါဒါ၊ မေထွေး သူ့အနား မနေချင်ဘူး ဒါဒါ့အနားနေရတာကမှ သီချင်းဆိုတတ်အုံးမယ်"

ခိုင်မေထွေးသည် ဤကိစ္စ ဖွားဖွားကို အစီရင်ခံသည်။ ဖွားဖွားမှာ တရားစာ အရွတ်အဖတ်ကောင်းသလို သီချင်းကြီး သီချင်းခံလည်း အဆိုကောင်းသည်။ မြန်မာစောင်းကိုလည်း ဖွားဖွားသည် ပိုင်ပိုင်နိုင်နိုင် တီးတတ်သည်။ ထို့ကြောင့် အဖွားအိပ်ယာဘေးရှိ မှန်စီရွှေချပေစာတိုက်ပေါ်က စောင်းကောက်သည် ဖုံမတင် မြူမကပ်ဘဲ အမြဲပြောင်လက်နေတတ်သည်။

ကြီးဆယ့်ခြောက်ချောင်းပါသော မှန်စီရွှေချစောင်းကိုပိုက်ကာ အဖွားက သီချင်းကြီးဆိုတီးလျှင် ခိုင်မေထွေး စည်းကိုင်ရ၏။ ခိုင်မေထွေး စောင်းပိုက်၍ သီချင်းဆိုလျှင် အဖွားက စည်းလိုက်သည်။ သည်လို အဖွားနှင့် သီချင်းဆိုနေရလျှင် ခိုင်မေထွေးက သီချင်းဝါသနာပါသူမို့ ပျော်တတ်သည်။

ထို့ကြောင့်လည်း ခိုင်မေထွေးက အထက်ပါအတိုင်း ဖွားဖွားအနားမှာသာ နေချင်ကြောင်း။ ကိုမောင်မောင်ထွေးအနား နေရသည်မှာ ပျင်းရိညည်းငွေ့ဖွယ်ကောင်းကြောင်း ပြောမိလေသည်။

"သူက စကားမပြောတော့လည်း ငါ့မြေးက သီချင်းဆိုနေပေါ့၊ ဒီလိုမှ မဟုတ်ရင် ဒါဒါစာတိုက်ထဲက ရခိုင်မင်းသမီးချင်း၊ ဘုရိဒတ်လင်္ကာကြီး၊ စတုဓမ္မသာရကိုးခန်းပျို့၊ နေမိရကန်၊ ရာမရကန် စာတစ်အုပ်အုပ်ယူသွားပြီး သူ့ကို ဖတ်ပြပါ"

"သူက နားညည်းတယ်လို့ ထရိုက်ရင်ကော ဒါဒါ"

"ငါ့မြေးက ဒီလောက်တောင် စိတ်မရှိုင်းပါဘူး ခိုင်ခိုင်ရယ်၊ ငယ်ငယ်ကလေးနဲ့ မိမဲ့ဖမဲ့ ဆင်းဆင်းရဲရဲနေခဲ့ရတော့ သူ့ဘာဝသူ မကျေမနပ်ဖြစ်နေပါလိမ့်မယ်၊ ခိုင်ခိုင်က သူ့ကို ဒီလိုတရားစာတွေဖတ်ပြလို့ တစ်နေ့ သူ့စိတ်က နူးညံ့သိမ်မွေ့လာရင် ငါ့မြေး ဓမ္မဒါနဖြစ်တာပေါ့။ စိတ်မာတတ်မာကြော ခက်ထန်သူကို

သီချင်းဆိုပြ၊ တရားဓမ္မသံတွေ ရွတ်ဖတ်သရဇ္ဈာယ်ပြရင် တစ်နေ့ တရားဓမ္မရပြီး စိတ်ဓာတ် သိမ်မွေ့နူးညံ့လာမှာပေါ့။ ဒါဒါတို့ ဘုရားအလောင်းတော်လောက် ဘယ်သူစိတ်ခိုင်မလဲ။ ပဉ္စသခ်နတ်သားက စောင်းတီးပြီးတရားပြမှတရားရတာယ် လို့ အဆိုရှိတာယ်မဟုတ်လား"

ဖွားဖွား၏အဆုံးအမသည် အမြဲတရားဓမ္မနွယ်တတ်သည်။ ခိုင်မေထွေး စဉ်းစားကြည့်သည်။ ကိုမောင်မောင်ထွေးသည် ဖွားဖွားပြောသလို မိမဲ့ဖမဲ့ နေလာခဲ့ရသူမို့ သူ့စိတ်သည် အထီးကျန်နိုင်လွန်းလှသည်။ တစ်စုံတစ်ခုကို အမြဲ အလိုမကျဖြစ်နေတတ်သည်။

အမှန်က ကိုမောင်မောင်ထွေးသည် သနားစရာကောင်းသူတစ်ယောက် ပင်။ ဤအတွေးကြောင့်လည်း ခိုင်မေထွေးသည် ကိုမောင်မောင်ထွေး အနားက မခွာဖြစ်ဘဲ သည်းခံအောင့်အည်းကာ အဖွား၏ အဆုံးအမအတိုင်းပင် နေခဲ့၏။

ကိုမောင်မောင်ထွေးက စကားမပြောသော်လည်း ကိုမောင်မောင်ထွေး အနားတွင်လာထိုင်ကာ မှန်စီရွှေချစာတိုက်ထဲက စာအုပ်တစ်အုပ်ယူလာပြီး အသံ နေအသံထားနှင့် နေ့စဉ်ဖတ်ကြားလျက်ရှိသည်သာ။

"မနိဓောတ၊ ပြည်တန်မှုန်ငွေ၊ သင်္ဂရွှေညာ၊ ရတနာလျှင်၊ အဝါလွှဲ လျှက်၊ ရောက်ခြည်ထွက်မူ၊ စုံမက်ဖွေရှီး၊ တံဘိုကြီး၏၊ တသီး ဆိုတွယ်၊ လူတို့ဝယ်ကား၊ ကြီးငယ်အမျက်၊ စောင်းမာန်တက်မူ၊ ပေါင်းဖက်ဖော်နီး၊ အများညည်း၏"

"မေထွေး"

"ရှင်"

ကိုမောင်မောင်ထွေးက ရုတ်တရက်ခေါ်လိုက်သဖြင့် ခိုင်မေထွေးမှာ လန့်၍ပင်သွားမိသည်။

"ဒီစာကဘာသဘောလဲ"

"အော် ဒီလိုလေ ကိုကိုထွေး ကျောက်မျက် ရတနာတွေ အရောင်အဝါ သိပ်ထွက်ရင် သိပ်တန်ဖိုးကြီးတယ်တဲ့။ ဒါပေမင့် လူတွေမှာတော့ မာန်မာန သိပ်တက်ရင် အပေါင်းအသင်းတွေက ရှောင်ကြဉ်ကြတယ်ဆိုတဲ့ သဘောပေါ့"

"အို ဒါကိုပြောတာမဟုတ်ပါဘူး။ ဒါလောက်တော့ ငါသဘောပေါက် တာဘဲ"

ကိုမောင်မောင်ထွေးမှာ ယခုထိ မျက်နှာတည် မျက်နှာထားနှင့်ပင်ရှိနေ သည်။

"နို့ ဒီလိုဆို ကိုကိုထွေး ဘာကိုမေးတာလဲ"

"ငါ့ကို မာနကြီးတယ်၊ အဲဒါကြောင့် ဘယ်လူမှအပေါင်းအသင်း မလုပ်ကြဘူးလို့ မေထွေးစောင်းပြောတာ မဟုတ်လား"

"ဟင် ကိုကိုထွေးကလည်း သူများက ဒီစာအုပ်ထဲပါလို့ဖတ်နေတဲ့ဥစ္စာ"

ဤတစ်ခါတော့ ခိုင်မေထွေးကလည်း သူ့ကို ခတ်ရွံ့ရွံ့နှင့် ငိုသံပင်ပါသွားမိသည်။

"ပေးစမ်း ဘာစာအုပ်လဲ"

ကိုမောင်မောင်ထွေးက ခိုင်မေထွေးလက်ထဲက မာဃဒေဝလင်္ကာသစ်ကြီးစာအုပ်ကို ဖျတ်ကနဲ ဆွဲယူလိုက်၏။

ခဏတော့ ခိုင်မေထွေးမှာ မည်သို့ပြန်ပြောရမှန်းမသိဘဲ မျက်လုံးပြူးသွားမိသည်။

ဖွားဖွားစာတိုက်(ဘီရို)ထဲက ယူလာသောစာအုပ်ကို မတော်လို့များသူက စိတ်ဆိုးပြီး ဆုတ်လွှင့်ပစ်လျှင် ခက်ရချေသေးရဲ့၊ ငရဲအကြီးရချေသေးရဲ့၊ ခိုင်မေထွေးရင်ထဲ တဒိတ်ဒိတ်ခုန်နေ၏။

"ကိုကိုကြီးနဲ့ ကိုကိုလေးတို့ကို မဖတ်ပြဘဲ ငါ့ကို ဘာလို့ နေ့တိုင်းလာဖတ်ပြနေတာလဲ"

"ကိုကိုကြီးနဲ့ကိုကိုလေးတို့က သူတို့ဖာသာသူတို့ ဖတ်ကြတာ ဘာဖတ်ပြဖို့လိုလဲ။ ကိုကိုထွေးကသာ တစ်ခါမှ စာမဖတ်လို့"

"ဒီစာတွေဖတ်ဖတ်လို့ ဘာအကျိုးရှိမှာလဲ"

ကိုမောင်မောင်ထွေး၏ အသံမှာ ယခုထိ မာကျောနေတုန်းပင်။ ခိုင်မေထွေးလက်ထဲက လုယူထားသော မာဃဒေဝလင်္ကာသစ် သားရေဖုံးစာအုပ်ကြီးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

"အို သိပ်အကျိုးရှိတာပေါ့

'စာမေဖတ်သော အမြတ်တွင်ထူး၊ ထိုကျေးဇူး ကား လူမှုလူရေး
လောကရေးနှင့်ဝမ်းရေး၊ ဓမ္မအစစကို ဆုံးမသွန်သင်၊ စာသခင်
သည် အရှင်တစ်ပါး၊ မြတ်ဘုရားသို့၊ ရိုတွားဦးညွှတ်ပူဇော်အပ်
၏'

တဲ့ ပြီးတော့"

"တော် တော်ပါပြီ၊ နင်တို့ ဒါဒါတို့စကားက စာစကားတွေဘဲ"

"ဟောကြည့် သူကဘဲ မေးသေး။ ပြောပြန်တော့လဲ စိတ်ဆိုးတယ်"

"ဒါစိတ်ဆိုးလို့ မဟုတ်ပါဘူး မေထွေးရယ်"

"ကျွဲမြီးတိုလို့ပါ၊ ပေး သူများစာအုပ်"

သည်တစ်ခါတော့ ခိုင်မေထွေးမှာ တကယ်ကျွဲမြီးတိုသွားသဖြင့် ကိုမောင်မောင်ထွေးလက်ထဲက စာအုပ်ကို ဖျတ်ကနဲ ပြန်လုယူလိုက်သည်။

ကိုမောင်မောင်ထွေးကတော့ ခိုင်မေထွေးမျက်နှာကို မကြည့်စဖူး သိမ်သိမ်မွေ့မွေ့ စိုက်ကြည့်ကာ ရယ်နေ၏။

"သီချင်းလာလာဆိုပြတာကောဟင် မေထွေး"

"သီချင်းဆိုပြရတာက ဒါဒါကခိုင်းလို့"

ရှည်ရှည်ဝေးဝေး မပြောချင်တော့သဖြင့် ခိုင်မေထွေးက ဟုတ်တိုင်းမှန်ရာ ပြောလိုက်သည်။

"ဟင် ဟုတ်လား၊ ကိုကိုက မင်းမင်းကြီးနဲ့ အရှင်ကြီးတို့က ခိုင်းလို့ထင်နေတာ"

အမေအဖေတို့အပေါ်တွင် ကိုမောင်မောင်ထွေး၏သံသယသည် ချက်ချင်းပွင့်အန်လာသည်။

"ပါပါနဲ့ မေမေက ခိုင်းလိမ့်မယ် အားကြီး၊ ခိုင်းတာက ဒါဒါရယ်"

"ကဲ ဒီလိုဆို ဒီကနေ့ မေထွေး အစ်ကို့ကို သီချင်းတစ်ပုဒ် ဆိုပြပါလား"

ကိုမောင်မောင်ထွေး၏စကားက ခိုင်မေထွေး၏ရင်ကို တသိမ့်သိမ့်ကြည်နူးသွားစေသည်။ ဖွားဖွားကိုလည်း ပို၍အထင်ကြီးမိ၏။ ဖွားဖွားပြောသလိုကိုမောင်မောင်ထွေး၏စိတ်သည် တကယ်ပင် နူးညံ့သိမ်မွေ့၍လာပါပြီ။ ကြမ်းတမ်းခက်ထရော်သော သူ့စိတ်သည် ယခုအခါ အနုပညာ၏ သိမ်မွေ့နူးညံ့မှု၌ ခိုနား၍လာချေပြီ။ မွေ့လျော်အောင် သိမ်းသွင်းယူရမည်မှာ ခိုင်မေထွေး၏တာဝန်သာ။

သီချင်းအနုပညာ၌ မွေ့လျော်လာပြီဆိုလျှင် တရားဓမ္မတက် နွယ်ရမည်။ ကိုမောင်မောင်ထွေး၏စိတ်ကို တရားဘက်နွယ်အောင် ဆွယ်ရမည်။ သို့မှသာ ဖွားဖွားရည်ရွယ်သော ဒိဋ္ဌအယူ အစွဲအလန်းပျောက်၍ ဗုဒ္ဓဘာသာစစ်စစ်တစ်ယောက်ဖြစ်လာမည် မဟုတ်ပါလော။

"ဟင် မေထွေး အစ်ကို့ကို သီချင်းဆိုပြမယ် မှတ်လားဟင်"

"ကိုကိုထွေးက နားထောင်ချင်လို့လား"

"အင်း"

"ဘာသီချင်းဆိုပြရမလဲ ပြော"

"မေထွေးနဲ့ ဒါဒါဆိုနေကျသီချင်းထဲက တစ်ပုဒ်ပုဒ်ပေါ့"

"မေထွေးနဲ့ ဒါဒါဆိုနေကြသီချင်းတွေက အများကြီး ဘာသီချင်းဆိုတာတော့ ပြောအုံးမှပေါ့"

"အို ဒါကို ကိုကိုမပြောတတ်ဘူး၊ ဘာ သီချင်းဘဲဖြစ်ဖြစ်ကွယ် တစ်ပုဒ်ပုဒ်ပေါ့"

"ကဲ ဆိုပြမယ်နော်"

"အေးပါ"

"နံ့နံ့မာန်းကိုးငယ်နဲ့ အိုး တိုးလိုက်တာ၊ မြမျက်ရည် ဂေါ်သဇင်

ညာက ငိုရှာလုနီး၊ မေ့မောင်ကြီးငယ် စိန်ကြိုးသွယ်၊ အိုး

အိပ်ပါတယ်၊ ကြောင်ညိုပါးငယ်လေး စားတတ်လှတယ်”

ခိုင်မေထွေးက အသံအေးအေးလေးနှင့် ရေယမုန်ပတ်ပျိုးကို ကလေးချော့သံနှင့်ဆိုပြ၏။

ကိုမောင်မောင်ထွေးသည် ကလေးပင်ရှိသေးသည် မဟုတ်ပါလား။

“တိတ်ပါတော့ သက်လျာရယ်၊ ညဏ်ရှာနှင့်ဆိုး၊ မေ့မောင်ကြီး
မပူပါနဲ့ ပင်တိုင်သူ စိတ်မကောင်းပါဘူးကွယ် လောင်းနေညွှန့်
မျိုး”

ခိုင်မေထွေး၏ သီချင်းသံနှင့်အတူ ကိုမောင်မောင်ထွေး၏ မျက်နှာမှာ အပြောင်းအလဲ အရိပ်အရောင်တို့က လက်ကနဲလက်ကနဲ ထွက်ပေါ်လျက်ရှိသည်။

သီချင်းဆုံးသွားသောအခါ ကိုမောင်မောင်ထွေး၏မျက်နှာမှာ မကြည်လင်စဖူး ကြည်လင်နေသည်ဟု ခိုင်မေထွေး ထင်မိသည်။

ခိုင်မေထွေးတို့ဆီသို့ရောက်နေသော ကာလတစ်လျှောက်မှာ ဤနေ့သည် ကိုမောင်မောင်ထွေး၏မျက်နှာက အထူးခြားဆုံးနေ့။ အကြည်လင်ဆုံးနေ့၊ အတောက်ပဆုံးနေ့တည်း။

ခိုင်မေထွေးအတွက်လည်း ဝမ်းအသာရဆုံးနေ့ပင်တည်း။

× × × × × × × × × × × ×

## အခန်း (၄)

အမှန်က ခိုင်မေထွေးသာမဟုတ်၊ ဖွားဖွားအနေမှာလည်း ဤယနေ့သည် ဝမ်းသာလုံးဆို့မိသောနေ့ပင်။

"ဒါဒါ ကိုကိုထွေးက ဒီကနေ့ မေထွေးကို သီချင်းဆိုခိုင်းတယ်"

ညနေကျတော့ ထုံးစံအတိုင်း ခိုင်မေထွေးက ဖွားဖွားထံ အစီရင်ခံသည်။

"ဟင့်၊ ငါ့မြေးက ခိုင်ခိုင်ကို သီချင်းဆိုခိုင်းတယ် ဟုတ်လား"

"ဟုတ်တယ် ဒါဒါ၊ မေထွေးကို သီချင်းဆိုခိုင်းလို့ မေထွေး ဒီကနေ့ ကိုကိုထွေးကို သီချင်းဆိုပြရတယ်"

"ဘာသီချင်းလဲ ခိုင်ခိုင်ရယ်"

"ရေယမုန်ပတ်ပိုးထဲက လှိုင်ထိပ်ခေါင်တင်ရဲ့ ကလေးချော့သီချင်းလေ ဒါဒါ"

"ခိုင်ခိုင်ကို ဒါဒါ မပြောဘူးလား၊ ငါ့မြေးက စိတ်မကြမ်းပါဘူးလို့၊ ငယ်ငယ်က ပင် မိမဲ့ဖမဲ့ ဆွေမျိုးမဲ့ နေလာရလို့ စိတ်ကြမ်း ရုပ်ကြမ်းဖြစ်နေတာပါလို့။ ကဲ ငါ့မြေးကို ခေါ်စမ်းပါအုံး"

ကိုမောင်မောင်ထွေးကိုခေါ်စမ်းပါအုံးဆိုသဖြင့် ခိုင်မေထွေးသည် ကိုမောင်မောင်ထွေးအိပ်ခန်းသို့ ရောက်လာရသည်။

အိပ်ခန်းကား မှောင်နေ၏။ သို့သော် ဖွင့်ထားသော ခေါင်းရင်းတံခါးမှ အလင်းရောင်နှင့် ကိုမောင်မောင်ထွေး ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသည်ကို မြင်နေရ၏။

"ကိုကိုထွေး"

ခိုင်မေထွေးခေါ်သံကို ကြားသော်လည်း ကိုမောင်မောင်ထွေးကား တုတ်တုတ်မျှမလှုပ်။

"ကိုကိုထွေး ဒါဒါ ခေါ်နေတယ်"

ကျောင်းစာမဖတ်လျှင် မီးမှိတ်ပြီးထိုင်နေတတ်သော အကျင့်ကို သိသဖြင့် ခိုင်မေထွေးက ထပ်ခေါ်၏။

"မေထွေး ဘာလုပ်မလို့လဲဟင်"

"ဒါဒါက ခေါ်ခိုင်းလို့"

"တရားစာတွေဖတ်ခိုင်းဘို့ ခေါ်ပြန်ပြီမှတ်လား၊ သိပ်စိတ်ညစ်ဖို့ကောင်းတာဘဲ"

ကိုမောင်မောင်ထွေးသည် စိတ်ပျက်ညည်း၍ ခိုင်မေထွေးနောက်က မလိုက်ချင်လိုက်ချင်နှင့် ထလိုက်လာသည်။

"ထိုင် ငါ့မြေး"

"ဟုတ်ကဲ့"

"ငါ့မြေး သီချင်းနားထောင်ချင်လို့လား"

အဖွား၏ ဤမေးခွန်းကိုတော့ ကိုမောင်မောင်ထွေးက မည်သို့မျှ အဖြေမပေး။ ခိုင်မေထွေးကိုသာ မျက်စောင်းတစ်ချက် ထိုးလိုက်၏။

သူ့သဘောမှာ နေ့လည်က ခိုင်မေထွေးအား သီချင်းဆိုခိုင်းမိသည်ကို အဖွားဆီ၌ သံတော်ဦးတင်ရမည်လားဟူသော အပြစ်တင်သည့်အကြည့်ပင်။

"ဟင် ငါ့မြေး သီချင်းနားထောင်ချင်လို့လား"

"သီချင်းနားထောင်ချင်ရင် ဓာတ်ပြားဖွင့် နားထောင်လို့ရပါတယ် ဒါဒါ"

ကိုမောင်မောင်ထွေးက တိုက်ရိုက်မပြောပေ။ သီချင်းနားထောင်ချင်လျှင် ဓာတ်ပြားဖွင့်နားထောင်လို့ရကြောင်းသာပြောသည်။

အိမ်တွင် သံခေါက်နှင့်လှည့်ဖွင့်ရသော ရှေးခေတ်ဓာတ်စက်ကြီးတစ်လုံးနှင့် သီချင်းကြီး၊ ကာလပေါ်။ တရားဓာတ်ထုပ်၊ နိုင်ငံကျော်ဓမ္မကထိက ဘုန်းတော်ကြီး ဦးဩဘာသ၊ ဦးဝိစိတ္တကတို့ကအစ ဓာတ်ပြားအချပ်တစ်ရာကျော် ရှိသည်။ အိမ်သားတွေထဲက မည်သူမဆို ပျင်းလျှင် ဓာတ်စက်ဖွင့်၍ နားထောင် နိုင်သည်။ သို့သော် ကိုမောင်မောင်ထွေးကား ဤအိမ်သို့ ရောက်လာကတည်းကပင် တစ်ခါမှ ဓာတ်စက်ဖွင့်၍ သီချင်းနားထောင်သည်ကို မတွေ့ရပေ။ ဆရာတော် ဦးဩဘာသ၊ ဦးဝိစိတ္တကတို့တရားတော်ဓာတ်ထုပ်တွေဆိုလျှင် ပို၍ပင် ဝေးသေးသည်။

ဤအိမ်တွင် ဓာတ်စက်မှန်မှန်ဖွင့်သူက ဖွားဖွားနှင့် ခိုင်မေထွေးတို့ဖြစ်သည်။ ဖွားဖွားနှင့် ခိုင်မေထွေးတို့သည် သီချင်းကြီးဓာတ်ပြားတွေကို ညစဉ်ဖွင့်၍ သီချင်းကြီးအဆိုအတီး ကျင့်ကြသည်။ မြေးအဖွားနှစ်ယောက် တစ်ယောက်က စောင်းကောက်ဆိုလျှင် တစ်ယောက်က စည်းကိုင်၍သီချင်းဆိုကာ ဝါသနာအလျှောက် ပျော်မွေ့နေတတ်ကြသည်။

အထူးသဖြင့် အဖိတ်နေ့ညနေနှင့် ဥပုသ်နေ့နံနက်ထတွေမှာတော့ ဆရာတော်ဦးဩဘာသနှင့် ဆရာတော်ဦးဝိစိတ္တကတို့၏ ပဋ္ဌာနစာရီဆေရီဓာတ်ထုပ်၊ မဟာသတိသနှင့် စူဠတိသ တရားဓာတ်ထုပ်တို့ကိုဖွင့်၍ တရားနာကြသည်။ ဓာတ်ထုပ်တွေဖွင့်ပြီး၍ မိုးမလင်းသေး၊ ဆွမ်းမကျက်သေးဆိုလျှင် မေရှင်၏ အောင်ခြင်းရှစ်ပါး၊ ဥသြဘသောင်၏ ငါးပါးပဥ္စသီ၊ မဟာဒုတ် ရတနာ့ ဂုဏ်ရည်၊ သီလဂုဏ်တော်၊ ရောင်ခြည်တော်ဖွင့် စသည်တို့ကိုဖွင့်၍ နားထောင်ရသည်။

ပြီးမှ ရေချိုးဖီးလိမ်း ပြင်ဆင်ကာ ရှစ်ပါးသီလယူရန် ကျောင်းကိုသွားကြရသည်။

ဖေဖေနှင့်မေမေတို့ကတော့ ခေတ်ပေါ်သီချင်းနှင့် ရေဒီယိုကလွှင့်သော သီချင်းလောက် နည်းနည်းပါးပါး စိတ်ဝင်စားကြသည်။ သူတို့မှာ ကုန်ရောင်းကုန်ဝယ်လောက် သီချင်းကို စိတ်မဝင်စားကြပေ။

သီချင်းကြီး၊ သီချင်းခံ၊ ယိုးဒယားပတ်ပျိုးတွေကို စိတ်မဝင်စားဆုံးကတော့ ကိုမောင်မောင်ကြီးနှင့် ကိုမောင်မောင်လေးတို့ပင်။ ကစ္ဆပနဒီမြို့ကို ပြေးမလာခင်က လေးမြို့ရှိ သာတာဂီရအိမ်ကြီးတွင် ရေဒီယိုကလည်းမရှိသဖြင့် သူတို့စိတ်မဝင်စားသော သီချင်းကြီးဓာတ်ပြားတွေကို ခိုးရောင်းစားတတ်ကြသဖြင့် ဖွားဖွားဆီတွင် မကြာမကြာပင် အရိုက်ခံကြရသည်။

သူတို့နှစ်ယောက်က ဖေဖေ့ညဉ်ပါ၍ လောင်းကစား ဝါသနာပါကြသည်။ ဖဲရိုးလျှင် ပုဆိုး၊ အင်္ကျီကအစ ဓာတ်ပြား စာအုပ်ထိ ရောင်းတတ်ကြသည်။ တောနယ်၌ ဈေးအကောင်းဆုံးမှာ ဓာတ်ပြားပင်ဖြစ်သဖြင့် ကိုမောင်မောင်ကြီးနှင့် ကိုမောင်မောင်လေးတို့ကို ဓာတ်ပြားကို ပို၍မဲကြသည်။ ဖွားဖွား ဓာတ်ပြားရှာခိုင်းလျှင် ဘယ်နေ့ကပင် လွတ်ကျ၍ကွဲသွားပြီ ဘာဘာညာညာနှင့် သူတို့ ခိုးရောင်းပစ်သော ဓာတ်ပြားတွေကို အကွဲစာရင်းပြကြသည်။ ထိုအခါ ဖွားဖွားမှာ မြို့ကြီးပြကြီးသွားသူတွေနှင့် ဓာတ်ပြားအသစ်တွေ မှာရပြန်၏။

နောက်တော့ ဖွားဖွားကရိပ်မိ၍ ဓာတ်ပြားသေတ္တာသော့ကို ခိုင်မေထွေးအား အပ်ထားသည်။ ငွေကြိုးတစ်ပင်ခုတ်၍ ခိုင်မေထွေးလည်ပင်းတွင် အမြဲဆွဲထားစေသည်။ သည်လိုနှင့် အစ်ကိုများကို လုံးဝအယုံအကြည်မရှိသော ဖွားဖွား၏သော့များသည် ခိုင်မေထွေးဆီသို့ တစ်ချောင်းပြီးတစ်ချောင်း ရောက်လာသည်။

ဆယ့်တစ်နှစ် ဆယ့်နှစ်နှစ်သမီးအရွယ်က ဓာတ်ပြားသေတ္တာသော့တစ်ချောင်းသာရှိသော ခိုင်မေထွေးကိုယ်ပေါ်တွင် ယခုတော့ ဖွားဖွား၏မီးခံသေတ္တာသော့ စိတ်ရွှေရတနာဘဏ္ဍာသော့ဟူသမျှ ခါးနှင့်အပြည့် ဖြစ်နေလေပြီ။

ခိုင်မေထွေးသည် ဖွားဖွား၏တောင်ဆေး လက်ကတုံးမှသည် ဘဏ္ဍာစိုးထိ ဖြစ်လာရသည်။ ခိုင်မေထွေးကလွဲလျှင် ဖွားဖွားသည် ဤအိမ်၌ မည်သူ့ကိုမှ အယုံအကြည်မရှိပေ။ ဖွားဖွားနှင့် စရိုက်လက္ခဏာတူသူမှာလည်း ခိုင်မေထွေး တစ်ယောက်သာဖြစ်သည်။ ထို့ကြောင့်လည်း ဖွားဖွားသည် ဘယ်သွားသွား ဘယ်လာလာ ခိုင်မေထွေးကိုသာ အပါးတော်မြဲ ခေါ်ထားလေ့ရှိသည်။ ခိုင်မေထွေးသည် ဖွားဖွား၏ ရုပ်ပွားတည်း။

အမှန်က ဖွားဖွားသည် ကိုမောင်မောင်ကြီးနှင့် ကိုမောင်မောင်လေးတို့ကိုလည်း ခိုင်မေထွေးလို သူ့စိတ်ပွား ရုပ်ပွားဖြစ်စေချင်သည်။ ထို့ကြောင့်လည်း ကိုမောင်မောင်ကြီးနှင့် ကိုမောင်မောင်လေးတို့ကို ဖွားဖွားသည် ပုံစံချခဲ့၏။ သို့

သော် လူဆိုသည်မှာလည်း မိမိ၏ဗီဇနှင့်လာကြသူတွေဖြစ်လေရာ ကိုမောင်မောင်ကြီးနှင့် ကိုမောင်မောင်လေးတို့မှာ တစ်ယောက်မှ ဖွားဖွား၏ရုပ်ပွားကိုယ်ပွားဖြစ်မလာပေ။

ကိုမောင်မောင်ကြီးနှင့် ကိုမောင်မောင်လေးတို့မှာ ဖွားဖွားအနားၥ္ နေရသည်ကို ငရဲခံနေရသည်ဟုသာ သဘောထားကြသည်။ ဖွားဖွားက သီလယူရိုင်း၍သာ ပါးစပ်က အာမဘဏ္ဍေခံနေရသော်လည်း စိတ်ကမူ ဒိုးဝိုင်း ဂျင်ဝိုင်း ဖဲဝိုင်း အံစာဝိုင်းများကို ရောက်နေတတ်သည်။ လက်က ပုတီးစိတ်သော်လည်း စိတ်က ဂျင်လှည့်နေသည်။ ဖဲချပ် ပစ်နေသည်။ အံစာ မွှေနေသည်။ ဒိုးလှည့်နေသည်။

သည်တော့ ဖွားဖွားအနားတွင် သီလယူ၍ ကျုံ့ကျုံ့ ယုံ့ယုံ့ ထိုင်ကာ ပုတီးစိတ်ရမှာတရားစာဖတ်ရမှာ သူတို့ကြောက်ကြသည်။ ခိုင်မေထွေးက ဖွားဖွားခိုင်းသမျှ ဖွားဖွား၏အခုံးအမဒ္ဒ တည်သူဖြစ်သဖြင့် ဖွားဖွား၏ကိုယ်ပွား စိတ်ပွားမိန်းကလေးပင်။

သားကမွေးသောမြေးတစ်ယာက်နှစ်ယောက်ကို ဆုံးမပဲ့ပြင်သော်လည်း သူဖြစ်စေလိုသော ပုံသဏ္ဌာန်ဖြစ်မလာသောအခါ ယခုသမီးကမွေးထားသော မြေးယောကျာ်းလေးကို ဖွားဖွားက ပုံသွင်းရပြန်လေသည်။

"ငါ့မြေး ဓာတ်ပြားဖွင့်နားထောင်တာကိုလည်း ဒါဒါ တစ်ခါမှ မမြင်မိလို့ပါ၊ ဓာတ်ပြားထဲက အသံထက် ခိုင်မေထွေး ဆိုပြတာကို နားထောင်ချင်ရင် ဒါဒါ ဆိုပြခိုင်းမယ်လေ၊ ငါ့မြေး နားထောင်နော်"

ဖွားဖွားသည် ကိုမောင်မောင်ထွေး၏ဆိုလိုရင်းကို သိလျက်နှင့် သူဖြစ်စေချင်သော ဆန္ဒစကားကိုသာ ဆိုလေသည်။

ကိုမောင်မောင်ထွေး မည်မျှစိတ်ညစ်နေလိမ့်မည်ကို ခိုင်မေထွေးက မမေးဘဲနှင့် သိနေ၏။

"ကဲ ဖွားဖွားက စောင်းကောက်တီးမယ် ခိုင်မေထွေးက စည်းလိုက်ပြီး သီချင်းဆို၊ ငါ့မြေးကလည်း တိုးတိုးလိုက်ဆို၊ နောက်ဆိုရင် ဖွားဖွားက စောင်းကောက်တီး၊ ငါ့မြေးကစည်းလိုက် ခိုင်ခိုင်ကသီချင်းဆိုရင် တို့မြေးအဖွားတွေ ဘယ်လောက် ပျော်စရာကောင်းမလဲ"

"ဖွားဖွားသည် သူ့စိတ်ကူးနှင့်သူ ပျော်နေ၏။ ကဲ ခိုင်ခိုင် မြနန်းဂီရိကို ဆို"

"မြနန်းဂီရိ သေလာတောင် နန်းတည်ထောင် ဘုန်းရောင်နေသို့
လင်း နောင်ညီကို ရွှေဘို နွယ်တော်ရင်း ရာဆူဆူ ပြည်သူ့ခဝပ်
ခင်း"

ဖွားဖွား၏ တီးခတ်လိုက်သော စောင်းသံနှင့် ခိုင်မေထွေး၏ ကြည်

အေးသောအသံသည် အိမ်ကြီးပေါ်တွင် လျှံလျှက်ရှိလေသည်။

ကိုမောင်မောင်ထွေး ဤအိမ်သို့ရောက်သည်မှာ နှစ်လကျော်သုံးလနီးပါးရှိလေပြီ။ ခိုင်မေထွေး၏ သီချင်းအမျိုးမျိုးဆိုသံ၊ ဖွားဖွား၏ စောင်းတီးခတ်သံ ကိုလည်း အခါပေါင်းများစွာ ကြားဖူးခဲ့လေပြီ။

ယခင်ကမူ ဖွားဖွား၏စောင်းတီးခတ်သံနှင့် ခိုင်မေထွေး၏ သီချင်းဆိုသံများကို ဘယ်လိုမှ စိတ်ဝင်စားမှုမရှိခဲ့ပေ။ သို့သော် ယနေ့တော့ ကိုမောင်မောင်ထွေးနားထဲမှာ ဤအသံများသည် သာယာနာပျော်ဖွယ်ရှိသလား ထင်လာမိသည်။ အမှန်က ဤသည်မှာ ကြားဖန်များ၍နားယဉ်လာခြင်းလည်းဖြစ်နိုင်သည်။

ဤနေ့၌ ခိုင်မေထွေး၏အသံကလည်း ပို၍ကြည်ကြည်လင်လင်ရှိနေသလားထင်မိသည်။

"ရွှေဘုန်းတော် နှုန်းလျှော်စံပျော်ခင်း × တေဇာတိုးလို့ဖြိုးဆေ
မန်းဌာနေ ဝေအောင်ဖေယျုပြည်မင်း × × ပြောင်းလူနာဂရုစာ
× သော်တာ ငွေလျှံ × × မိုးမြတ်ဆဒ္ဒန် × × ရွှေနန်းဘုံတော်
ရောက်ရာ ရွှေကိုယ်တော် × × "

အဖွား၏ ပြုံးရိပ်သန်းနေသောမျက်နှာပေါ်တွင် ညိုးရိပ်လွှမ်းရိပ်တို့ကတစ်စတစ်စ ယှက်သန်းစပြုသလား ထင်ရသည်။

အဖွားသည် ဘယ်နန်းဘယ်ပြည်ထောင်ကို တမ်းတနေသည်မသိ။ တိုင်းတစ်ပါးသားဆီတွင် ဦးစွာကျဆုံးသွားရသော ဆယ့်ရှစ်ရာစုကုန်ခါနီးက မြောက်ဦးရွှေမြို့တော် နန်းတော်ကြီးကိုလား။ ဆယ့်ကိုးရာစုက ကျဆုံးသွားရရှာသော မန္တလေးရတနာပုံကိုလား။

ယခု သီချင်းဆို၍ သူ၏ မြေးမငယ်နှင့် စောင်းကောက်တီးနေရသည်ကိုလည်း နန်းတော်ထဲတွင် သီဆိုရသည် သို့မဟုတ် မင်းညီမင်းသား မင်းသမီးများသီချင်းဆိုနေကြသည်ဟုပင် စိတ်အိပ်မက် မက်နေသလား မသိတော့။

ဤမြေးအဖွားနှစ်ယောက်သည် သီချင်းကြီး၊ သီချင်းခံ ဆိုတီး၍ ရွှေပြည်တော် ရွှေနန်းတော်များကို စိတ်အိပ်မက် မက်တတ်ကြသလို တရားဓာတ်တော်တွေနာကြား၍လည်း နိဗ္ဗာန်ရွှေပြည်မြတ်ကို အိပ်မက် မက်တတ်ကြသေးလေသည်။

ကိုမောင်မောင်ထွေးအနေမှာမူ ဤသည်တို့ကို မည်သို့မျှ စိတ်မဝင်စားမိ။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ဖွားဖွားကို အားနာသောကြောင့် နားထောင်ရသည်ကတော့ မကြာမကြာပင်။

"ခိုင်ခိုင် သီချင်းဆိုပြတာ နားထောင်ကောင်းတယ်နော် ငါ့မြေး"

ဖွားဖွား၏အမေးက သီချင်းသံအဆုံးတွင် စောင်းသံအတိတ်တွင် ပေါ်လာပြန်၏။

"ဟုတ် ဟုတ်ကဲ့ ဒါဒါ"

"ခိုင်ခိုင်အသံက သိပ်ကောင်းတာ ခိုင်ခိုင်က တရားလဲရှိ သီလလဲရှိဆို တော့ အသံက ပိုအေးတာပေါ့၊ ငါ့မြေးကော ခိုင်ခိုင်လို သီချင်းဆို မတတ်ချင်ဘူး လားဟင်"

ကိုမောင်မောင်ထွေးမှာ သည်တစ်ခါတော့ အဖွား၏အမေးကို မည်သို့ ပြန်ဖြေရမှန်းပင်မသိ ဖြစ်သွားမိ၏။

အမှန်မှာ သူသည် သီချင်းကို လုံးဝဝါသနာပါသူမဟုတ်။ သို့သော် သည်ညနေမှာတော့ အဖွားကို အားနာ၍ ခေါင်းညိတ်လိုက်ရလေသည်။

"ငါ့မြေး သီချင်းဆိုတတ်ချင်ရင် ခိုင်ခိုင်ဆီမှာသင် ဟုတ်လား။ ငါ့မြေး သီချင်းဆိုတတ်အောင် ခိုင်ခိုင်နဲ့ ဒါဒါက သင်ပေးမှာပေါ့။ ဟေး ဟိုသားအဖတွေ ကော မမြင်ပါလား ဘယ်သွားကြတုန်း"

အဖွားသည် ယခုမှ ကိုမောင်မောင်ကြီး ကိုမောင်မောင်လေးနှင့် သူ့သား ဦးမြတ်သာဇံတို့ကို မေး၏။

"မောင်မောင်တို့သားအဖတွေ မြို့ထဲမပြန်ကြသေးဘူး၊ အရှင်ကြီး"

ခိုင်မေထွေး၏အမေအသံက မြေးအဖွားသုံးယောက်စလုံးတို့အား အံ့အားသင့်သွားစေသည်။

ချွေးမအပေါ် မကျေနပ်စိတ်သည် သားနှင့်မြေးနှစ်ယောက်တို့ဆီ ချက်ချင်းရောက်သွားပြန်၏။

"ခုထိ အိမ်မပြန်ကြသေးဘူးလား၊ အဖေက ဖဲဝိုင်းထိုင် ဒိုင်လုပ်၊ သားနှစ် ယောက်က အရော်အစား ဖဲချောင်လုပ်၊ လိုက်လည်း လိုက်ပါ့တော်၊ တရားဓမ္မ ဂီတာစာပေဆိုလို့ နဂန်းတစ်လုံးမှ နားမဝင်ချင်ကြဘူး၊ ဘယ်ကလာ စိတ်၏ သန့်ရှင်းခြင်း ကိုယ်၏သန့်ရှင်းခြင်းဖြစ်မှာလဲ၊ ငါပြောတော့လဲ"

"ဖဲဝိုင်းသွားကြတာ ဟုတ်မယ်မထင်ပါဘူး အရှင်ကြီး ပွဲရုံမှာ တောင် ပိုင်းက ကုန်သည်တွေရောက်နေလို့ ဧည့်ခံ"

"ဟုတ်ပါလိမ့်မယ်တော် တောင်ပိုင်းက ဧည့်သည်တွေလာတော့ အရက်သေစာတွေ မူးရူးအောင်သောက်စားပြီး ဧည့်ခံနေရတာယ်ဆိုပါတော့ သမ္မာ အာဇီဝသမ္မဒ် ကောင်းသောကုန်သွယ်ခြင်း၊ ကောင်းသောလယ်လုပ်ခြင်းပဲ ကြား ဘူးပါတယ် ခုတော့"

သားနှင့်မြေးယောကျ်ားလေးနှစ်ယောက်ကို ဆူပူရန် လက်လှမ်းမမှီ သောအခါ အဖွားမှာ အိမ်ရှိချွေးမကို ဆီးဆူနေပြန်၏။

ချွေးမကက နားညည်း၍ အောက်ထပ်သို့ဆင်းအသွားမှာ အဖွားစကား အပြတ်ကို အလစ်စောင့်နေသော ကိုမောင်မောင်ထွေးက ယခုမှ အခင်သာသဖြင့် ထလစ်ရန် ဟန်ပြင်သည်။

"ဟဲ့ ငါ့မြေး နေပါဦး ဟိုအဝဇာတသားတွေကို ပြောနေရတာနဲ့ ငါသီလလည်း ပျက်ပါပြီ၊ ခိုင်ခိုင် ငါ့မြေးကို ဆယ့်ငါးစောင်တွဲစာအုပ် ယူပေးလိုက် ငါ့မြေးအားတဲ့အခါ ဖတ်ပါစေ"

ခိုင်မေထွေးသည် ချက်ချင်း ဘုရားဆောင်ရှေ့က စာတိုက်ဗီဒိုကို သွားဖွင့်ကာ ဆယ့်ငါးစောင်တွဲစာအုပ်ကိုယူလာပြီး ကိုမောင်မောင်ထွေးလက်ထဲ ထည့်ပေး၏။

"အဲဒီစာအုပ်ထဲက ဦးဆုံးဖတ်ရမဲ့စာအုပ်ကိုလည်း ခိုင်ခိုင်ပြလိုက်လေ"

အဖွားစကားနှင့် အမြဲတစ်ထပ်တည်းဖြစ်နေတတ်သော ခိုင်မေထွေး၏ ဖြူဖြူသွယ်သွယ်လက်ချောင်းလေးက စာအုပ်ကြားထဲ ထည့်ထောက်ထား၏။

"ငါ့မြေး စာမျက်နှာကို မှတ်ထားနော်"

"ဟုတ်ကဲ့ပါ ဒါဒါ"

ဖွားဖွားအနားက အလျှင်စလိုခွာချင်နေသော ကိုမောင်မောင်ထွေးသည် ဤမျှသာပြောပြီး အိမ်အပေါ်ထပ်ရှိ သူ့အခန်းရှိရာဘက် ထွက်လာသည်။

သူ့အခန်းအနားသို့ရောက်၍ နောက်သို့လှည့်အကြည့်တွင် ခိုင်မေထွေးကိုလည်း သူ့နောက်တွင် တွေ့ရ၏။

"မေထွေး ဘာလဲဟင်"

"ကိုကိုထွေး စာမျက်နှာ မမှတ်မိမှာစိုးလို့"

ကိုမောင်မောင်ထွေးသည် ခိုင်မေထွေးကို နှုတ်နှင့်မပြောဘဲ ဆယ့်ငါးစောင်တွဲစာအုပ်ကို အသံတိတ်ပြန်ပေး၏။

အဖွားမျက်ကွယ်ဆိုလျှင် ကိုမောင်မောင်ထွေးက ခိုင်မေထွေးကို နိုင်နေကြပင်။

"ဘုရားကိုပင်၊ ကန့်လန့်တိုက်လို့ မိုက်နေပုံကို ဆိုးနေပုံကို"

"ဘုတ်"

သူ့ကို 'ဒီဠ' ဟု ပြောရမည်လား၊ စကားပြောလျှင် စာလင်္ကာ ကဗျာစပ်၍၊ သီချင်းဆို၍ ပြောမည်လားဟု ကိုမောင်မောင်ထွေးက ခိုင်မေထွေးခေါင်းကို ဆယ့်ငါးစောင်တွဲစာအုပ်နှင့် 'ဘုတ်' ကနဲ တစ်ချက်ရိုက်လိုက်သည်။

"ဖြန်း"

ခိုင်မေထွေးကလည်း ကိုမောင်မောင်ထွေး၏ စာအုပ်ကိုင်ထားသော လက်ကို ဖြန်းကနဲ ပြန်ရိုက်၏။ သို့သော် ဖွားဖွားကြားမှာစိုး၍ နှစ်ယောက်စလုံးသည် အသံမထွက်ရဲကြ။ စကားနှင့် ရန်မဖြစ်ရဲကြ။

ကိုမောင်မောင်ထွေးက နောက်တစ်ချက် စာအုပ်နှင့်ရိုက်ရန်လုပ်သောအခါ ခိုင်မေထွေးက ဖွားဖွားရှိရာသို့ အသံမပြည်အောင် ခြေဖွ၍ ထွက်ပြေးလာရသည်။

ကိုမောင်မောင်ထွေးသည် သူ့အိပ်ခန်းမီးကိုဖွင့်ပြီး ဆယ့်ငါးစောင်တွဲထဲက ခိုင်မေထွေး ပြသွားသောစာမျက်နှာကို လှန်ကြည့်လိုက်သည်။

"လောက လောကဒ္ဓ၊ ပေါတ္တကေသု ပေတိဋ္ဌိ၊ ယံသိပ္ပဍ အကြင်အတတ်သည်လည်းကောင်း၊ ပရဟတ္တေသု သူတစ်ပါး၏လက်တို့၌၊ ယံဓနဍ အကြင်ဥစ္စာသည်လည်းကောင်း အတ္တိရှိ၏။ ယထာကိစ္စေ ပြုဖွယ်ကိစ္စသည်၊ သမုပ္ပန္နေ ဖျတ်လတ်သော၊ တံသိပ္ပံ ထိုပေ၌ရှိသောအတတ်သည်၊ နသိပ္ပံ အတတ်မမည်၊ တံဓနဍ ထိုသူတစ်ပါးတို့၏လက်၌ရှိသောဥစ္စာသည်လည်း၊ နဓနံ ဥစ္စာမမည်"

ကိုမောင်မောင်ထွေးသည် စာအုပ်ကို ဘုတ်ကနဲ ပိတ်ပစ်လိုက်၏။ ခိုင်မေထွေးတို့၏စကားမှာ အမြဲစာစကားဖြစ်နေသလို အယူအဆတွေမှာလည်း စာပေကျမ်းဂန်မှကူးစက်လာသော အယူအဆပင်။

ယခုလောကနီတိထဲက ဤစာပုဒ်ကို ဖတ်ခိုင်းသည်မှာလည်း အလွတ်ရနေအောင် ဖတ်ခိုင်းသောသဘောပင်။ ပေ၌လည်းကောင်း၊ စာအုပ်၌လည်းကောင်း ရှိသောအတတ်ပညာသည် အတတ်ပညာမမည်။ သူတစ်ပါးတို့၏လက်၌ရှိသောဥစ္စာသည်လည်း ဥစ္စာမမည်။ ထို့ကြောင့် စာအုပ်ထဲကစာကိုအလွတ် ရရမည်ဟု အဖွားနှင့် ခိုင်မေထွေးသည် အမြဲ ယုံကြည်ထားကြသည်။

ဆယ့်ငါးစောင်တွဲစာတစ်အုပ်လုံးကို အလွတ်ရအောင် ကျက်မှတ်ရမည့်အရေးတွေးကာ ကိုမောင်မောင်ထွေးမှာ စိတ်မောလျက်ရှိလေသည်။

× × × × × × × × × × × ×

## အခန်း(၅)

"ခိုင်ခိုင်ရေ ခိုင်ခိုင် ထ ထ"

ခိုင်မေထွေး၏ အသက်အရွယ်မှာ သွေးသားနုပျိုစအရွယ်ဖြစ်၏။ အိပ်ကောင်းစားကောင်း အရွယ်ငယ်ပင်။ ထို့ကြောင့် သူ့အဖွားက သူ့ကိုယ်လုံးလေးကို လာလှုပ်၍ နှိုးနေသော်လည်း မထချင်သေးသဖြင့် ပေအိပ်နေသည်။

"ဟဲ့ မိမာယာ ကြည့်စမ်း အိပ်ယောင်ဆောင်နေတယ်"

"ဟင် ဒါဒါကလည်း အစောကြီးရှိသေးတယ်"

"လေးနာရီကျော်ပြီ ခိုင်ခိုင်ရေ ထတော့ ကာလနဂါးမ။ နာရီနှိုးစက်မြည်သံတောင် မကြားလိုက်ဖူးမှတ်လား"

အဖွားက ခိုင်မေထွေး၏ လက်မောင်းတစ်ဖက်ကိုဆွဲ၍ ထူလိုက်၏။ ခိုင်မေထွေးသည် အဖွား၏ကိုယ်ကို ဖက်တွယ်ကာ အဖွားကိုမှီ၍ ထိုင်လျက်ပင် မှေးအိပ်လိုက်ပြန်သည်။

"ဟဲ့ မိညောင်ပင်မ ငါ့ကိုမှီပြီး ပြန်အိပ်မလို့လား။ ထလို့ပြောနေတော်ကြာ နင့်ကြောင့် ဆွမ်းမမှီ ဖြစ်နေအုံးမယ်"

နွဲ့ဆိုးဆိုးကာ သူ့ကိုဖက်မှီထားသော မြေးမငယ်၏ လက်ကို အတင်းဆွဲဖြုတ်ပြီး အဖွားက အော်တော့၏။

"စောပါသေးတယ်ဆိုနေမှ ဒါဒါကလည်း"

"အေး စောနေ၊ စောနေ၊ ဆွမ်းမမှီရင် နင့်ကို အသတ်ပဲ"

ဖွားဖွားက ခိုင်မေထွေး၏ခေါင်းကို မနာအောင် တစ်ချက်ခေါက်ထားခဲ့ကာ အပြင်သို့ထွက်သွားသည်။

ခိုင်မေထွေးသည် ဝေါကနဲ တစ်ချက်သမ်းဝေလိုက်ကာ အိပ်ရာမှ ထရတော့၏။

တန်းပေါ်က မျက်နှာသုတ်ပဝါတစ်ထည်ကိုဆွဲချပြီး ပုခုံးပေါ်တင်ကာ အဖွားနှင့်အတူ အိမ်အောက်ထပ်သို့ ဆင်းလာရသည်။

မျက်နှာသစ်ပြီးသောအခါ ဒေါ်သာထက်ကို ဆွမ်းချက်ရန်နှိုး၏။ ပြီး အိမ်ပေါ်ထပ်သို့ ပြန်တက်လာရသည်။

အိမ်ပေါ်သို့ရောက်သောအခါ ကိုမောင်မောင်ကြီး၊ ကိုမောင်မောင်လေးနှင့်

ကိုမောင်မောင်ထွေးတို့ကိုရှိုးရန် အိမ်မကြီးသို့ လာရသည်။

ခိုင်မေထွေးနှင့်ဖွားဖွားတို့ နေကြအိပ်ကြသောအဆောင်မှာ အိမ်မကြီး၏ အနောက်ဆောင် အပေါ်ထပ်ဖြစ်သည်။ အိမ်မကြီး၏အောက်ထပ်တွင်တော့ ဖေဖေ မေမေနှင့် ထမင်းချက် ဒေါ်သာထက်၊ ကူဖော်လောင်ဖက် မရှိန်ဗီ၊ မြင်းရ ထားမောင်းသူ ကိုရန်သာ၊ မြင်းထိန်း ဦးထွန်းပတို့ နေကြသည်။ အိမ်မကြီး၏ အပေါ်ထပ်တွင်တော့ ကိုမောင်မောင်တို့ညီအစ်ကိုသုံးယောက်ကို ဖွားဖွားက တခမ်းတနားထားသည်။

ဘုရားဆောင်ရှေ့တွင် စာတိုက် ပြည့်တိုက် ဘီဒိုကြီးများရှိ၏။ စာတိုက် ဗီရိုကြီးများထဲတွင် ရှေးဟောင်းပေစာ၊ ကြေး ပုရပိုက်၊ ဓေဝါနိသ၊ သားရေဖုံး၊ ကတ္တီပါဖုံးစာအုပ်များရှိသည်။ ပြည့်တိုက်ထဲတွင် ဘုရားသောက်တော်ရေ သီးသန့် အိုး၊ နံ့သာသွေးငွေဖလား၊ ကြေးဖလား၊ ဥပုသ်သီတင်းနေ့များတွင် ဆန်ပန်း ပေါက်ပေါက် ထည့်လှူသော ငွေဆွဲခြင်း၊ ငွေလင်ပန်း၊ ငွေပန်းအိုး၊ ကြေးပန်းအိုး၊ စန္ဒကူးသားဖြင့်ပြုလုပ်ထားသော ဘုရားသောက်တော်ရေခွက်၊ နံ့သာရေတ ကောင်း၊ နဂါး ဂဠုန် ဂုမ္ဘာန် ယက္ခရုပ်တို့နှင့် ခြူးပန်းခြူးနွယ်အထပ်ထပ် ထုခတ် ထားသော ရှေးခေတ်ငွေဆွမ်းအုပ်၊ သစ်သားဆွမ်းအုပ်၊ ပန်းတင်ကလပ်၊ ကျောင်း ဖျာ၊ ဥပုသ်သည် အသုံးအဆောင်တို့ကို စနစ်တကျထားလေသည်။ ပြည့်တိုက် ခြေရင်းခန်းတွင် ကိုမောင်မောင်ကြီးအိပ်ခန်းရှိ၏။

ကိုမောင်မောင်ကြီး၏ လက်ဝဲဖက်အခန်း သို့မဟုတ် ခြေရင်းခန်းတွင် ကိုမောင်မောင်လေးနေ၏။ ကိုမောင်မောင်လေး၏ တောင်ဘက်အခန်း သို့မ ဟုတ် အိမ်မကြီး၏ အထက်အောက်ဆင်းတက်ရသော ပထမမင်းလှေခါးကြီးနှင့် အနီးဆုံးအခန်းတွင်တော့ ကိုမောင်မောင်ထွေး နေရလေသည်။

ကစ္ဆပနဒီမြို့ရှိ ဤအိမ်ကြီးသည် လေးမြို့ရှိ ဖွားဖွား၏သာတာဂီရအိမ် ကြီးနှင့် အလျားတူအနံတူ အခန်းလှေခါး ဘုရားဆောင် ပြည့်တိုက်ကအစ အားလုံးတစ်ပုံတည်း ဖြစ်လေသည်။

ဤအိမ်ကြီးကို ဖွားဖွားစိတ်တိုင်းကျ ဖိုးဖိုးက ဆောက်ထားခဲ့၏။ ကို မောင်မောင်တို့ကိုရှိုးရန် ဘုရားခန်းရှေ့က ဖြတ်လာရချိန်တွင် ခိုင်မေထွေးသည် ဖိုးဖိုးကို သတိရနေမိသည်။ ဖိုးဖိုးရှိစဉ်ကဆိုလျှင် ဤလိုဥပုသ်နေ့၌ ဖိုးဖိုး၏ ဘုရား ရှိခိုးသံအကျယ်ကြီးကို သာယာနာပျော်ဖွယ်ရာ ကြားရတတ်သည်။ ဖိုးဖိုးသည် ဖွားဖွားလို မိမိအလျှင်ထခြင်း မြေးတွေကို မနှိုးတတ်ပေ။ ဆွမ်းချက်ရန် ဒေါ်သာ ထက်ကို ဦးဆုံးနှိုးပြီး ကိုယ်လက်သန့်စင်ကာ ဘုရားဝတ်ပြုတတ်၏။

ဖိုးဖိုး ဘုရားရှိခိုးချိန်၊ ခိုင်မေထွေးကို နှိုးချိန်သည် သာတာဂီရခြံထဲက ငှက်ကလေးတွေ စိုးစိုးစီစီ အော်မြည်နိုးထချိန်တည်း။

"ကိုကိုကြီး ထတော့"

ခိုင်မေထွေးသည် ကိုမောင်မောင်ကြီးကို ဦးဆုံးနှိုး၏။ ပြီး ကိုမောင်မောင်လေးကို နှိုးသည်။ နောက်ဆုံးနှိုးရမည့်သူမှာ ကိုမောင်မောင်ထွေး ဖြစ်လေသည်။

ခိုင်မေထွေးသည် တစ်ခန်းဝင်တစ်ခန်းထွက်လုပ်ရင်း ကိုမောင်မောင်ထွေး၏ အခန်းထဲသို့ ရောက်လာ၏။

"ကိုကိုထွေး ကိုထွေးရယ် ထတော့"

ခိုင်မေထွေးသည် ကိုမောင်မောင်ထွေး၏ ခြေထောက်ကို ဆွဲလှုပ်၍နှိုး၏။

ကိုမောင်မောင်ထွေးသည် ခိုင်မေထွေး လာနှိုးမှန်းသိသော်လည်း လုံးဝအသံမပြုဘဲ အိပ်ယောင်ဆောင်နေသည်။

ဤအိမ်သို့ရောက်သည်မှာ မကြာသေးသော ကိုမောင်မောင်ထွေးသည် ခိုင်မေထွေးကို ကြည့်မရဖြစ်နေသည်။ နေရာတကာ သူ့ညဩဇာ သူ့အမိန့်ချည်းပဲဟု ခံပြင်းနေ၏။ ကြက်တူရွေးကတော်တော်ဆိုသည့် ဖွားဖွား၏ အမိန့်၊ အဆုံးအမထက် ခိုင်မေထွေး၏ ထပ်ဆင့်အဆုံးအမတွေက နေရာတကာ အကဲပိုနေသည်။ ဘုရားရှိခိုးခြင်း၊ တရားစာဖတ်ခိုင်းခြင်း၊ သာချင်း 'ဓမ်း' ဆိုခိုင်းခြင်း၊ နောက်ဆုံး ထိုင်ခြင်း သွားခြင်း၌ပင် လူကြီးတွေရှေ့ ထိုင်ရမည့်ပုံစံ၊ ဘုရားရှိခိုးသောအခါ ထိုင်ရမည့်ပုံစံ၊ ဘုရားဆောင်ကို ဖြတ်လျှောက်သွားလျှင် ဦးခေါင်း ကိုယ် လက်၊ ခြေနင်းကအစ ကိုယ်ဟန် အနေအထား စသည်များကို ဦးဆုံးသင်ပြသူမှာလည်း ခိုင်မေထွေးပင်။

ကိုမောင်မောင်ထွေး၏ လက်ဦးဆရာသည် ခိုင်မေထွေးဟုဆိုလျှင် မှားမည်မဟုတ်ပေ။ ဤသည်မှာလည်း ကိုမောင်မောင်ကြီး ကိုမောင်မောင်လေးတို့ သင်ပြသည်ကို ကိုမောင်မောင်ထွေးက မနာခံသဖြင့်ဖြစ်သည်။ ကိုမောင်မောင်ကြီး ကိုမောင်မောင်လေးတို့ကိုသင်ခိုင်းလျှင် ထိပ်ထိုးခေါင်းထိုးမှသည် သတ်ပုတ်ကြသည်အထိ ရန်ခိုက်ပဋိပက္ခဖြစ်တတ်ကြသဖြင့် ကိုမောင်မောင်ထွေးကို အစစအရာရာသွန်သင်ပြသဖို့ ခိုင်မေထွေးအား ဖွားဖွားက တာဝန်ပေးထားလေသည်။

ခိုင်မေထွေးအနေမှာ သူ့အစ်ကိုများကို ဥပုသ်နေ့တိုင်း နှိုးရသောဝတ္တရားဖြစ်သည်။ သို့သော် ခိုင်မေထွေးသည် ကိုမောင်မောင်ကြီး ကိုမောင်မောင်လေးတို့ကိုနှိုးသလို ကိုမောင်မောင်ထွေးကို သမန်ကာလျှံကာ နှိုးမထားခဲ့ရဲပေ။ အဘယ်ကြောင့်ဆိုသော် ကိုမောင်မောင်ကြီး ကိုမောင်မောင်လေးတို့မှာ အဖွားကိုကြောက်ရသူ၊ အဖွား၏ အဆုံးအမ၌တည်ရသူ၊ အဖွားနှင့်ငယ်စဉ်ကပင် ကြီးပြင်းလာခဲ့သည့် ခိုင်မေထွေးလာနှိုးလျှင် ချက်ချင်းအကျင့်ရပြီး နိုးထတတ်ကြသည်။ ခိုင်မေထွေး နှိုးထားခဲ့ပြီး၍ မထဘူးဆိုလျှင် ဖွားဖွားက ကြိမ်လုံးနှင့်ဝင်ရိုက်၍ မုချနှိုးတတ်သည်ကိုလည်း သိထားကြလေသည်။ ထို့ကြောင့် ခိုင်မေထွေးအသံကိုကြားလျှင် သူတို့သည် ဘယ်နည်းနှင့်မျှ အိပ်ရာကမထဘဲ မနေရဲကြပေ။

ကိုမောင်မောင်ထွေးအား နှိုးထားခဲ့လျှက် မနိုးဘူးဆိုလျှင် အထာမကျ

သေးသူအား နိုးအောင်မနိူးရကောင်းလားဟု ခိုင်မေထွေးကို အဖွားက အပြစ်တင်ကောင်းတင်မည်။ ထို့ကြောင့် သူ့အစ်ကိုအရင်းနှစ်ယောက်လို သာမန်ကာလျှံကာ နှိုးမထားခဲ့တဲ့ နိုးအောင်ကို ထပ်၍ ခြေထောက်ကို ဆွဲလှုပ် ဆွဲဆိတ်ကာ နှိုးရ၏။

"ကိုကိုထွေး ကိုထွေးရယ် ထတော့လေ၊ ဖွားဖွားနိုးနေတာကြာပြီ ကိုထွေး ကိုထွေးရယ်"

"အင် ဟင် ဒုန်း"

"အမေ့"

ကိုမောင်မောင်ထွေးက ခိုင်မေထွေးအား အိပ်ချင်မူးမူး စိတ်တိုတိုနှင့် လှမ်းကန်ပစ်လိုက်၏။ ခြေထောက်နှင့်လှမ်းကန်လိုက်လိုက်စဉ်ကမူ သူ့ခြေထောက်နှင့်လာဆိတ်နေသော ခိုင်မေထွေး၏လက်ကို မှန်းကန်သော်လည်း ထိသောအခါ ခါးကုန်း၍ လာနှိုးနေသော ခိုင်မေထွေး၏ပုခုံးကို တစ်အားကန်မိလျက်သားဖြစ်သွား၏။ ထိုအခါ ခိုင်မေထွေးမှာ ရုတ်တရက် ဒေါးစောင်းကျသွားပြီး ခြေရင်းကုတင်တိုင်နှင့် ခိုင်မေထွေး၏ ချိုစောင်း စောင့်မိသွားသည်။

"သူများကို ခြေထောက်နဲ့ကန်တယ်၊ ခေါင်းကွဲသွားပြီ၊ ဟီး ...ဟီး၊ ဖွားဖွားကို တိုင်မယ်"

"ဟင် မေထွေး မေထွေးလားဟင်"

ခိုင်မေထွေးက ခေါင်းကွဲသွားပြီဟုပြော၍ ငိုရှိုက်လိုက်သောအခါ ကိုမောင်မောင်ထွေးမှာလည်း ခေါင်းနပန်းကြီးသွားမိ၏။ ခိုင်မေထွေး တစ်စုံတခုဖြစ်လျှင်တော့ ဖွားဖွားဆီမှာ သူသက်သာမည်မဟုတ်ပေ။ ထို့ကြောင့် ချက်ချင်းအိပ်ရာထဲက လူးလဲပြေးထကာ ခိုင်မေထွေးကို ရှာရ၏။

သူ့အခန်းမှာ မီးထွန်းမထားသော်လည်း ဖွားဖွား ညှိထွန်းနေသော ဘုရားခန်းကဆီမီးရောင်ကြောင့် ခိုင်မေထွေးကို ချက်ချင်းတွေ့ရ၏။

"မေထွေး မေထွေးလားဟင်၊ မေထွေးကို အစ်ကို ကန်မိသလား၊ ဘယ်နာသွားသေးလဲ"

ကိုမောင်မောင်ထွေးသည် သူ့ကုတင်ခြေရင်း၌ ခေါင်းကိုလက်နှင့်အုပ်ကာ ငိုရှိုက်နေသော ခိုင်မေထွေးအား မေးလည်းမေး ကြည့်လည်းကြည့်နှင့် ခေါင်းကဒဏ်ရာကိုပါ စမ်းကြည့်လိုက်၏။

"မှန်းစမ်း ႏ မေထွေး၊ ဟင် အစ်ကို ကန်မိတယ် ဟုတ်လား၊ ခေါင်းဖုသွားတာဘဲ၊ ကဲ အစ်ကို မှုတ်ပေးမယ်"

ကိုမောင်မောင်ထွေးသည် ဖူးရောင်နေသော ခိုင်မေထွေးခေါင်းက ဒဏ်ရာကို ပါးစပ်နှင့်ငုံ၍ မှုတ်ပေးလိုက်သည်။ ဖွားဖွားဆီတွင် အဆူခံရမည်စိုးသဖြင့် ပါးစပ်ကလည်း တတွတ်တွတ်ပြော၍ ခိုင်မေထွေးကို ချော့လိုက်၏။

"မေထွေး သိပ်နာသွားသလားဟင်၊ အစ်ကိုက ကိုကိုလေး လာနောက်

နေတယ်ထင်လို့ ယောင်ပြီး အိပ်ချင်မူးမူးနဲ့ လှမ်းကန်မိတာပါ ညီမရယ်၊ အစ်ကို့ကို စိတ်မဆိုးပါနဲ့နော်၊ မေထွေးမှန်းသိရင် အစ်ကို ဘယ်ကန်ပါ့မလဲ"

ကိုမောင်မောင်ထွေးမှာ ခိုင်မေထွေးကို လိမ်ပြောရသော်လည်း စိတ်ထဲကတော့ တကယ်သနားသွားသည်။ သူတမင်ကန်မိသဖြင့် ခိုင်မေထွေးခေါင်းမှာ ကြက်ဥနီးပါး ရောင်ကိုင်းသွားသည်။ စိတ်ရင်းရိုး၍ သူ့အပေါ်တွင် ခင်တွယ်သူ၊ သူပြောသည်ကို တကယ်ထင်မှတ်သွားသူ ခိုင်မေထွေးကတော့ ဖွားဖွားမကြားအောင်ပင် တိုတ်တိုတ်ရှိုက်နေ၏။

ကိုမောင်မောင်ထွေး၏ စကားကို ခိုင်မေထွေး ယုံမည်ဆိုကလည်း ယုံလောက်စရာပင်။ ညီအစ်ကိုသုံးယောက် ကြီးစဉ်ငယ်လိုက် ညအိပ်ကြရာတွင် ကိုမောင်မောင်လေးသည် တစ်ခါတစ်ခါ ညကြီးမင်းကြီး၌ ကိုမောင်မောင်ကြီးအခန်းနှင့် ကိုမောင်မောင်ထွေးအခန်းကို ရောက်လာတတ်သည်။ အိမ်ပေါ်ထပ်ရှိ သူတို့အခန်းတွေမှာ တံခါးမရှိဘဲ လိုက်ကာသာတပ်ထားသဖြင့် အဝင်အထွက်လွယ်ကူလေသည်။

ကိုမောင်မောင်လေး ဤသို့ ညကြီးမင်းကြီး အခန်းကူးလာခြင်းမှာ အကြံနှင့်လာခြင်းဖြစ်သည်။ ထို့ကြောင့် သူဝင်လာသည်ကို ကိုမောင်မောင်ကြီး ကိုမောင်မောင်ထွေးတို့က ရုတ်တရက် မသိကြ။ သူ့ခြေသံကလည်း သူခိုးခြေသံထက်ပင် လုံသေးသည်။ အမှန်လည်း သူက ခိုးရန်လာခြင်းဖြစ်သည်။ သူသည် အဖော်မပါသူဖြစ်သဖြင့် ဖဲရိုက်ဝါသနာပါသည်။ ဆယ့်တစ်နှစ်၊ ဆယ့်သုံးနှစ်သားအရွယ်ကပင် ဖဲမျိုးစုံကစားတတ်သည်။ သူ့အဖေ ဖဲဝိုင်းထိုင်၍ ကစားနေလျှင် တစ်ညလုံး သူ့အဖေအနားက မခွာပေ။ သူ့အဖေသည် ညောင်းညာ၍ ခါးဆန့်လျှင်လည်းကောင်း၊ အပေါ့အပါး အိမ်သာသွားလျှင်လည်းကောင်း သူက သူ့အဖေနေရာမှာ ဝင်ကစားတတ်သည်။ လူကြီးတွေက သူ့ကိုသြချယူရသည်။ ကိုမောင်မောင်ကြီးလည်း ကစားတော့ ကစားတတ်၏။ သို့သော် သူ့လို ဖဲရှုံးလျှင်မခိုးတတ်ပေ။ ကိုမောင်မောင်လေးကတော့ ဖဲရှုံးပြီဆိုလျှင်ခိုး၏။ သူသည် ကျောင်းပြေး၍ လူကြီး တွေဖဲဝိုင်းကိုရှုရကာ မတ်တပ်ရပ်၍ ကပ်ထိုးတတ်သည်။ ထို့ကြောင့် ငယ်စဉ်ကပင် သူ့ကို လူကြီးဖဲသမားတွေက ကောင်းကောင်းသိကြ၏။

ဤအကျင့်ကိုသိ၍ ဖွားဖွား မေမေတို့ရိုက်သည်မှာ ကျောကုန်းတွင် အညိုအစင်းပင် ထင်ဖူး၏။ ငယ်ငယ်က အဖော်ရသည်ဟု ခေါ်ခေါ်သွားသော ဖေဖေသည် ခုတော့ သူ့သားသူ ပြန်ရိုးရိမ်လာသည်။ နောက်တော့ မခေါ်ရတော့။ ဘယ်ဖဲဝိုင်းမှ မသွားရဟု ပညတ်ထားသည်။

သို့သော် ကိုမောင်မောင်လေးကား လူကြီးတွေမသိအောင် ခိုးသွား၏။

"ကျင့်ညစ်ဝါသနာ၊ ဝမ်းတွင်းပါကား၊ ဘယ်ခါမပျောက်၊ ခွေးမီးကောက် ကျည်တောက်စွပ်ပမာ တူသည်သာတည်း"

ပြောလျှင် ပြောခဏ၊ ရိုက်လျှင် ရိုက်ခဏ၊ မသွားတော့ပါဘူး၊ မလုပ်တော့ပါဘူး၊ ကျိန်တွယ်ပြာ၏။ ဖွားဖွားလည်း ဘုရားရှေ့ခြံပင် ကိုမောင်မောင်လေးကို ဖဲလျှော်ခိုင်း၏။ အာမဘာတ္တေခံခိုင်း၏။ သို့သော် ကိုမောင်မောင်လေး အာမဘာတ္တေသည် အောက်ရွာက ဦးရွှေထွန်းစကားပမာသာ။

ဦးရွှေထွန်းသည် အလွန်အရက်သောက်သည်။ 'အသက်ကြီးလာ၍ အရက်ဖြတ်ပါ ဦးရွှေထွန်း၊ အရက်စွဲနေပါပြီ၊ အသက်တိုလိမ့်မယ်၊ အသဲကျွမ်းသေလိမ့်မယ်' ဟု ပြောလာကြလျှင် ဦးရွှေထွန်းက –

'အရက်စွဲတယ်ဆိုတာ အလကားပြောကြတာပါကွာ၊ အရက်က ဘာအရသာရှိလို့ စွဲရမှာလဲ၊ ခါးကလည်းခါး၊ ပူကလည်းပူနဲ့၊ ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲလေ၊ ကျပ်နေ့တိုင်းသောက်နေတာ ဘယ်မှာစွဲလို့တုန်း'ဟု ပြောတတ်သည်။ ခိုင်မေထွေးတို့ ကိုမောင်မောင်ထွေး ဖဲဖြတ်သည်မှာလည်း ဤသို့ပင်တည်း။

"သူ့ထိုက်နှင့်သူ့ကံပဲ ထားလိုက်ပါတော့အမေရယ်၊ လောကနီတိဆရာကလည်း ဆိုတယ်မှတ်လား။

'စန္ဒနတရု၊ စန္ဒကူးပင်တည်း။ သုကေ့ပိ ခြောက်သွေ့သော်လည်း၊ ဂန္ဓ အနံ့ကို၊ န ယောတိ မစွန့်၊ နာဂေါ ဆင်ပြောင်သည်၊ ဂတောပိ စစ်မြေပြင်သို့ရောက်သော်လည်း ၊ နရမုခေ လူတို့၏ မျက်မှောက်၌၊ လီလံ တင်တယ်ခြင်းကို၊ နဇဟာတိ မစွန့်'

ဆိုတယ်မှတ်လား၊ ဒီအကောင်သူငယ်ဟာလည်း"

"ဟဲ့ မြတ်သာခံ ၊ တရားတော်ကျမ်းဂန်တောင် သနတယ်တဲ့၊ အဲဒါက ပညာရှိတွေဟာ ဘယ်လောက်ပဲဆင်းရဲဆင်းရဲ၊ မကောင်းမှုကိုမပြုဘို့ လောကနီတိဆရာကဆိုတာ နင့်သားလူမိုက်နဲ့ ဘာဆိုင်လဲ၊ ဒီအကောင်ဒီသူငယ် ဒီလိုဖြစ်တာ နင့်ကြောင့်ဟဲ့ လူမိုက်ရယ် သိရဲ့လား၊ နင့်ကြောင့် နင့်ကြောင့်"

ကိုမောင်မောင်လေးအတွက်ကြောင့် ဖွားဖွား ဖေဖေတို့ ရန်ဖြစ် ကြသည်မှာလည်း အကြိမ်ကြိမ်ပင်။

"ကျွန်တော့်ကြောင့် မဟုတ်ပါဘူး အမေရယ်၊ ဒီကောင် ဗီဇကိုပါတယ်"

ဖေဖေပြောသလို ကိုမောင်မောင်လေးသည် တကယ်ဗီဇပါသည်ဟု ထင်သည်။ ထို့ကြောင့်လည်း ခိုင်မေထွေးသည် တစ်ခါတစ်ခါ ဖွားဖွားဖတ်ခိုင်းသော လောကနီတိထဲက စာပိုဒ်အချို့ကို မျက်စိထဲမြင်လာမိသည်။

"ကကွေလောဂီရိ တောင်ချောက်ကြား၌ ပေါက်သောဆူးကို၊ ကောကမ္ပတိ အသူထက် စိမ့်ချွန်သနည်း။ သမတိဘာဝေါ မိမိအလိုလိုသာလျှင်၊ ထက်ပချေ၏ ရှင့်။ မိဂကဗ္ဗိယံ သမင်တို့၏ မျက်စိ၌၊ ကောအဥ္စနံ အသူမျက်စဉ်းခပ်၍ ကြည်သနည်း။ သမတိဘာဝေါ မိမိအလိုလိုသာလျှင်၊ ကြည်ပချေ၏ ရှင့်။

ပဋ္ဌာလေ ညွှန့်၍၊ ဥပ္ပလသာ ကြာကို၊ ကောသုဂန္ဓီ အသူအနံ့
ကောင်း ထည့်ပချေသနည်း။ သမတိဘာဝေါ မိမိအလိုလိုသာ
လျှင် ထည့်ပချေ၏ ရှင်။ သမတိ ဘာဝေါ၊ မိမိအလိုလိုသာလျှင်
အနံ့ကောင်းတဲ့၏ ရှင့်"

ကိုမောင်မောင်လေး ဖဲကစားဝါသနာပါသည်က အကြောင်းမဟုတ်။ ဖဲရှုံးလာလျှင် ခိုင်မေထွေးတို့ဆီကအစ ပိုက်ဆံချေးသည်။ ဘယ်တော့မှ ပြန်မဆပ်၍ နောက်မချေးလျှင် ခိုးသည်။ ခိုး၍မရလျှင် ခိုင်မေထွေးဆီ ပိုက်ဆံကိုမြင်က အတင်းလုသည်။ အိမ်၌ သူနိုင်သူဆို၍ အိမ်သားထဲတွင် ခိုင်မေထွေးတစ်ယောက်သာရှိသည်မဟုတ်ပါလား။ ခိုင်မေထွေး၏ လက်ကောက်၊ ခြေကျင်း၊ ဆွဲကြိုးတို့ကို ခိုးယူဖဲကစားဖူးသည်။ ဖေဖေမေမေ ဖွားဖွားတို့က ရိုက်မေးစစ်ဆေး၍ ပြန်ဖော်ရယူဖူးသည်လည်းရှိသည်။ ထိုသို့ပင် ကိုမောင်မောင်လေးသည် ကိုမောင်မောင်ကြီး ကိုမောင်မောင်ထွေးတို့အခန်းထဲ ဖောင်တိန်၊ ပိုက်ဆံ၊ ပုဆိုး၊ အကျီတွေကိုလည်း ခိုးဖူးသည်။ သေတ္တာလိုက် မသွားပြီဆိုလျှင် အိမ်ကိုသူခိုးတက်ခိုးသည့်ပုံနှင့် အိမ်တံခါးတွေကို ဖွင့်ထား၍ လိမ်လည်သည်။

ည ည ကိုမောင်မောင်လေးက ကိုမောင်မောင်ကြီး ကိုမောင်မောင်ထွေးတို့အခန်းကိုဝင်လျှင် ကိုမောင်မောင်ကြီးနှင့် ကိုမောင်မောင်ထွေးတို့က အိပ်ယောင်ဆောင်နေကြပြီး ပိုက်ဆံဝှက်ထားသော ခေါင်းအုံး၊ မွေ့ယာအောက်တွေကို လာစမ်းမှ သူခိုး သူခိုးဟုအော်ပြီး ထရိုက်ကြသည်။ ကိုမောင်မောင်လေးမှန်းသိ၍ တမင်ရိုက်နှက်ကြသဖြင့် သူ့ခေါင်းမျက်နှာတို့တွင် အညို အမဲ အဖုအပိန့်တွေပင် ဖြစ်ဖူးသည်။ ဒါလည်း သူမမှတ်ပေ။

အခန်းထဲက ညီအစ်ကိုတွေ သတိကြပြီဆိုလျှင် ကိုမောင်မောင်လေးက ဖွားဖွား ဖေဖေမေမေတို့ကို ဦးဆုံးဝိုင်းတတ်သည်။ သူက ဖောင်တိန် မင်နိုပ်စက္ကူမင်ဘူးတစ်ခုခုလို၍ဟု အကြောင်းပြတတ်သည်။ ဤသည်ကို မည်သူကမျှ မယုံသော်လည်း ယုံလောက်အောင် ပြောဝံ့ခဲ့တတ်သည်။

မင်ဘူးထဲကမင်တွေကို သွန်ပစ်ပြီး မင်ကုန်နေသဖြင့် မင်ယူရန်လာသည် ဟုဆိုသည်။ကိုမောင်မောင်ထွေးတို့ မနိုးလျှင်ခိုးတတ်ပြီး နိုးသွားမှန်း နိုးနေမှန်းသိလျှင် ကုတင်ပေါ်ကခြေထောက်ကိုဆွဲချ၍ နောက်ပြောင်ကာ ထွက်ပြေးသွားတတ်သည်။ ထိုအခါ ဖွားဖွားသိ၍ ဆုပ္ပမှာကိုစိုးသော ကိုမောင်မောင်ထွေးက ခြေသံမကြားရအောင် ပြေးလိုက်၍ လုံးထွေးသတ်ပုတ်ကြ၏။ ဤသည်တို့ကို မကြာမကြာ ကြုံတွေ့ဖူးသော ခိုင်မေထွေးက ယခု ကိုမောင်မောင်ထွေး လိမ်ပြောသည်ကို အမှန်တကယ်ပင် ယုံသွားလေသည်။

"ကိုကိုထွေးက သိရက်နဲ့ တမင်ကန်တာ ဒါဒါကို တိုင်ပြောမယ်"

"ညီမကလည်းကွာ မေထွေးမှန်းသိရင် ဘာလို့ကန်ရမှာလဲ အစ်ကိုက

ကိုကိုလေးထင်လို့ပါ ဆိုနေမှ"

"ကိုကိုလေးက သူ့အခန်းထဲ ဘာလာလုပ်မှာလဲ ညဆိုရင် တစ်ယောက်အခန်းထဲ တစ်ယောက်မဝင်ရဘူးလို့ ဒါဒါပြောထားတာပဲ"

ခိုင်မေထွေးမှာ ယခုထိ ငိုရှိုက်တုန်းပင် ရှိသေးသည်။

"ပြောထားပေမင့် ရလို့လား မေထွေးရယ်၊ တစ်နေ့ညကတောင် ကိုကိုထွေးအခန်း သူလာဝင်သေးတယ်၊ ကိုကိုထွေး နိုးသွားမှန်းသိတော့ ကိုကိုထွေးကို ကုတင်ပေါ်က ဆွဲချထားခဲ့လို့ ထလိုက်ရသေးတယ်၊ ကဲ တိတ်ပါတော့ကွယ် ဒါဒါသိရင် ကိုယ့်ကို ရိုက်နေပါအုံးမယ်၊ ကဲ သွား သွား ကိုကိုထွေးလည်းလိုက်မယ်၊ မေထွေးခေါင်းကအနာကို ဒါဒါမမြင်စေနဲ့နော် ကိုကိုထွေး ပရုပ်ဆီလိမ်းပေးမယ် မှန်းစမ်း"

ကိုမောင်မောင်ထွေးသည် သူ့ခေါင်းရင်းဘီရိုအံဆွဲကို အမှောင်ထဲတွင် ဆွဲစမ်းဖွင့်ကာ ခိုင်မေထွေးခေါင်းကဒဏ်ရာကို ပရုပ်ဆီလိမ်းပေးသည်။

ကိုမောင်မောင်ထွေးက ညင်ညင်သာသာ ပရုပ်ဆီလိမ်းပေးနေသောအခါ ခိုင်မေထွေးသည် ဝမ်းသာကြည်နူးစွာနှင့်ပင် ကိုမောင်မောင်ထွေး၏မျက်နှာကို အမှောင်ထဲမှာ အကြာကြီး စိုက်ကြည့်နေလေသည်။

ကိုမောင်မောင်ထွေးသည် ဒဏ်ရာရလာသော်လည်း ကြည်လင်သန့်စင်ကာ ပကတိဝင်းပနေသော ခိုင်မေထွေး၏မျက်နှာကို လှည့်ကြည့်ကာ ရင်ထဲနင့်သွားမိ၏။

နှမငယ်သည် သူ့အပေါ် မည်သို့သော ပြစ်တင်ခံပြင်းမှုမျှမရှိ၊ မျက်နှာက ကြည်လင်ဝင်းပနေသလို သူ၏အစဥ်ထာဝရ ဖြူစင်သန့်ရှင်းလွန်းသော နှလုံးသားသည်လည်း ပကတိကြည်လင်သန့်ရှင်းနေပေလိမ့်မည်။

သိလျက်နှင့် ကျူးလွန်ပြစ်မှားမိသော ကိုမောင်မောင်ထွေးမှာ သူ့ကိုယ်သူသာ စိတ်မကောင်းဖြစ်ရလေသည်။ နှမငယ်သည် သူ့အပေါ်တွင် အမြဲထာဝရ ခွင့်လွှတ်တတ်သူပါတကား။

× × × × × × × × × × × × ×

## အခန်း (၆)

"ပရော သူတစ်ပါးသည်၊ ပရံ သူတစ်ပါးကို၊ နနိကုပ္ပေထ
အမျက်မထွက်ရာ၊ ကတ္တစိ တစုံတစ်ခုသော အာရုံ၌၊ နံ ထို
သူတစ်ပါးကို၊ ဗျာရောသနာ ဗျာရောသနာယ ချုပ်ချယ်တတ်
သောစကားဖြင့်လည်းကောင်း၊ ပဋိဃသညာ ပဋိဃသညာယ
အမျက်ထွက်သော အမှတ်ဖြင့်လည်းကောင်း၊ ကိဉ္စိတစုံတစ်မျှ၊
နာတိ မညေယ ထေမဲ့မြင်မအောက်မေ့ရာ၊ အညပညဿ
အချင်းချင်း၏၊ ဒုက္ခ ဆင်းရဲကို၊ နတုစ္ဆေယျ အလိုမရှိရာ"

ကြည်ညိုသပ္ပာယ်ဖွယ်ရာကောင်းသော ဘုရားဆောင်ရှေ့တွင် ခြေအစုံ ဒူးအစုံ လက်အစုံတို့ကိုပူးကာ သိမ်မွေ့စွာထိုင်ပြီး ခိုင်မေထွေး၏ မေတ္တာပို့ချပေးသံကို မသဲမကွဲလိုက်ဆိုကာ ကိုမောင်မောင်ထွေးမှာ တစ်ချိန်လုံးစိတ်မကောင်းဖြစ်နေမိလေသည်။

သူသည် မေတ္တာပို့လိုက်ဆိုနေရင်းက ခိုင်မေထွေး၏ မျက်နှာကိုလည်း မကြာမကြာ ခိုးကြည့်နေမိသည်။ ခိုင်မေထွေး၏မျက်နှာမှာ ပြုကတော့ ကြည်လင်သန့်ရှင်းနေ၏။ မျက်နှာ နှလုံးသားနှင့်အတူ ခိုင်မေထွေး၏အသံသည်လည်း ကြည်လင်ပြတ်သားလျက်ရှိလေသည်။

ဘုရားရှိခိုးရမှာ မေတ္တာပို့လိုက်ဆိုရမှာ ဘယ်လိုမှ ဝါသနာမပါသော်လည်း ဤနေ့ သူ့စိတ်မှာ သာယာကြည်နူးလျက်ရှိလေသည်။ တစ်ချိန်တည်းမှာပင် စောစောပိုင်းက ခိုင်မေထွေးအား မထေမဲ့မြင်ပြု၍ တမင်ကန်ကျောက်မိသည်ကို သတိရကာ ခဏခဏ စိတ်မကောင်းဖြစ်ရလေသည်။ သူကသာ တစ်ချိန်လုံး စိတ်မကောင်းဖြစ်နေရသော်လည်း ယခု ရွတ်ဖတ်သရဇ္ဈာယ်နေသော ခိုင်မေထွေး၏အသံကား ရှိရှိသမျှသတ္တဝါအားလုံးပေါ်တွင် မေတ္တာကရုဏာနှင့် လွှမ်းထုံလျက်ရှိပေသည်။

"မာတာ အမိသည်၊ နိယံပုတ္တံ မိမိကိုယ်မှ၍ဖြစ်သော၊ ဧကပုတ္တံ
တစ်ယောက်တည်းသောသားကို၊ အာယုသာ အသက်ကြောင့်၊
အနုရက္ခေယထာ တစ်ဖန်တစ်လဲလဲ စောင့်ရှောက်သကဲ့သို့၊
ဧဝမ္ပိ ထို့အတူလည်းကောင်း၊ သဗ္ဗဘူတေသု ခပ်သိမ်းသော

> သတ္တာဝါတို့၌ အပရိမာဏ အတိုင်းမသိသော၊ မာနသံ မေတ္တာ
> စိတ်ကို၊ ဘာဝယေ ပွားစေရာ၏။

ဘုရားရှိခိုး၊ မေတ္တာပို့ကြပြီးသောအခါ အဖွားနှင့်အတူအားလုံး အိမ်အောက်သို့ဆင်းလာကြသည်။ ထိုအချိန်မှာ ဖေဖေမေမေတို့လည်း နိုးထနေကြလေပြီ။ အိမ်နောက်ဖက် ထမင်းစားခန်းထဲရှိခုံပေါ်တွင် အဖွားနှင့်အတူတကွအားလုံး ကိုယ့်နေရာကိုယ် ဝင်ထိုင်လိုက်ကြရသည်။ ဖွားဖွားနှင့်မြေးများ ကော်ဖီဝိုင်းသို့ ဖေဖေရောက်လာသည်။ ဆွမ်းကျက်ပြီးဖြစ်သဖြင့် မေမေသည် အာရုံဆွမ်းကပ်ရန် အိမ်ပေါ်ထပ်သို့ တက်သွား၏။ မေမေဘုရားရှိခိုး ဆွမ်းကပ်နေချိန်တွင် ဖွားဖွားနှင့်တကွ အားလုံးသည် စားသောက်ပြီးကြ၍ အိမ်ပေါ်သို့ ပြန်တက်ကြရသည်။ မကြာခင်ပင် အဝတ်လဲ၍ အောက်သို့ ပြန်ဆင်းလာရပြန်၏။

ထိုအထဲတွင် ဖေဖေတော့မပါပေ။ ဖေဖေသည် မေမေ ဘုရားရှိခိုးပြီး၍ ပြန်ဆင်းလာသည်ကို နံနက်ကော်ဖီစားပွဲတွင် ရှိနေသေးသည်။

ကိုရန်သာ၏ မြင်းလှည်းမှခြုသံကို အိမ်ရှေ့တွင် ကြားရသည်။ အဖွားနှင့်တကွ မြေးအားလုံးသည် အိမ်ရှေ့မြင်းလှည်းပေါ်သို့ တက်ကြရသည်။ ဆွမ်းအုပ်နှင့် သစ်သီးဝလံများ၊ မုန့်ပုံးများကိုတော့ ဒေါ်သာထက် နှင့်မရှုန်ဗီတို့က မြင်းလှည်းပေါ် တင်ပေးကြသည်။ ကိုရန်သာကလည်း ကူ၍ နေရာချပေး၏။ မြင်းလှည်းသည် ခြုသံတလွင်လွင် မြင်းခွာသံတဒေါက်ဒေါက်နှင့် ခြံထဲကထွက်လာသည်။

နေရောင်ခြည်ကို လုံးဝမမြင်ရသော်လည်း နေ၏အလင်းရောင်သည် လောကတစ်ခုလုံးကို ထင်ရှားစေပေပြီ။

ခိုင်မေထွေးသည် လေးမြို့ရှိ သာတာဂီရခြံကြီးကို သတိရနေမိသည်။ ယခင် လေးမြို့တွင် ရှိနေကြစဉ်က ဤလိုမြင်းလှည်းနှင့် ဥပုသ်ကျောင်းသွားကြချိန်မှာ ခြံထဲကငှက်ကလေးတွေမြည်သံသည် သာတာဂီရတွင် ညံနေတတ်သည်။

ဆောင်းတွင်းဆိုလျှင် မြင်းလှည်းအမိုးပေါ်သို့ လမ်းမထက်ရှိ သစ်ပင်များပေါ်မှ နှင်းသီးနှင်းပေါက်တို့သည် တဖြောက်ဖြောက်ကြွေတတ်ကြ၏။ ဖွားဖွား၏ တစ်လမ်းလုံးရွတ်လာသော ဓမ္မသံကလည်း နံနက်ထကို ပို၍သန့်စင်သာယာစေသည်။ အဖွားသည် နေမင်း၏အလင်းရောင်ကို ချီးကျူးဖော်မြွက်လျက်ရှိပေသည်။

> "စက္ခုမာ လူတို့၏ မျက်စိလည်း ဖြစ်ထသော၊ ဧကရာဇာ မြတ်
> သော တစ်ဦးတည်းသောမင်းလည်းဖြစ်ထသော၊ ဟရိဿဝ
> ဏ္ဏော ရွှေ၏အဆင်းနှင့်တူသော အဆင်းလည်းရှိထသော၊
> ပထဝိပ္ပဘာသော မြေ၌အပြုးထွန်းသော အလင်းရောင်လည်း
> ရှိထသော၊ အယံ ဤနေမင်းသည်၊ ဥဒေတိ တက်ထွန်း၍လာ
> ချေပြီ"

"ကိုကိုလေး သူများခြေထောက်ပေါ် မနင်းနဲ့"

ခိုင်မေထွေး၏အထွေးသည် ကိုမောင်မောင်ထွေးအသံကြောင့် ချက်ချင်းပျောက်ပြေသွားရပြန်သည်။

မြင်းလှည်းစီးလာကြရာတွင် ဖွားဖွားနှင့်ခိုင်မေထွေးက ရှေ့ကစီးကြ၏။ နောက်ကစီးကြသော ကိုမောင်မောင်ကြီး၊ ကိုမောင်မောင်လေး၊ ကိုမောင်မောင်ထွေးတို့မှာ ခြေထောက်ချင်းထိနေကြလေရာ တစ်ယောက်ခြေထောက်ပေါ် တစ်ယောက်တင်သဖြင့် ရန်ဖြစ်ဖို့စကြသည်။

"ငါတင်တာမဟုတ်ဖူး၊ ကိုကိုကြီးခြေထောက်"

ကိုမောင်မောင်လေးက ကိုမောင်မောင်ထွေးခြေထောက်ပေါ်သို့ သူ့ခြေထောက်တင်သည်ကို ကိုမောင်မောင်ကြီးခြေထောက်ဟုပြော၏။

"ငါ့ခြေထောက်မဟုတ်ဖူး"

ကိုမောင်မောင်ကြီးကလည်း ငြင်း၏။

"မင်းခြေထောက်"

"ဒါဒါ သူများကို မဟုတ်ပဲနဲ့"

"ဟဲ့ ပြိတ္တာလေးတွေ သေချင်လား၊ ဘုရားကျောင်းကန်သွားတာတောင် နင်တို့နဲ့ စိတ်မဖြောင့်ရပါလား။ ဟင်"

ဖွားဖွားကအော်လိုက်သဖြင့် ခဏတော့ ငြိမ်သွားကြ၏။ သို့သော် ဖွားဖွားမမြင်အောင် သူ့ခြေထောက်ပေါ် ကိုယ်ကတင်၊ ကိုယ့်ခြေထောက်ပေါ် သူကတင်နှင့် အသံတိတ် ရန်ဖြစ်ဆော့လာကြသည်။

"ကဲ ကဲ"

"ဒုန်း ဒုန်း ဒုန်း"

ကိုမောင်မောင်လေးက မထိတထိစသည်ကို မခံနိုင်သဖြင့် ကိုမောင်မောင်ထွေးက ခြေထောက်နှင့် ဆောင့်ကန်လိုက်သောအခါ မြင်းလှည်းမှာ စောင်းသွားလေသည်။

"ပြိတ္တာလေးတွေ ဘယ်လိုဖြစ်ကြတာလဲဟင်"

"ကိုထွေးရယ် သူများကိုကန်တယ်"

"ဘာလို့ သူများခြေထောက်ပေါ် ခဏခဏတင်ရတာလဲ"

ကိုမောင်မောင်ထွေးကလည်း ခံပြင်းစိတ်နှင့် ပြန်အော်ပြော၏။

ဖွားဖွားသည် နောက်သို့လှည့်ကြည့်ကာ –

"ခိုင်ခိုင်ရယ် ထစမ်း၊ ကိုကိုထွေးရှေ့က မေထွေးထိုင်၊ ကိုကိုကြီးက ဒီကိုရွှေ့၊ ဒီဖဲသမား ဒီမှာလာထိုင်စမ်း"

ဖွားဖွားသည် မမေးပဲနှင့် ကိုမောင်မောင်လေးလွန်လည်း ကိုမောင်မောင်လေးတွင် ဤအကျင့်ရှိသည်ကိုသိသဖြင့် ဖြန်းကနဲ တစ်ချက်ရိုက်ပစ်လိုက်ကာ

နေရာပြန်ချပေး၏။

"ခိုင်ခိုင်ကြည့်စမ်း၊ ဒီတစ်ခါဖြစ်ကြရင် လွန်တဲ့အကောင် သေပြီသာမှတ်"

ဖွားဖွားသည် ထုံးစံအတိုင်းပင် ခိုင်မထွေးကို ဒိုင်လူကြီးလုပ်ခိုင်း၏။ ကိုမောင်မောင်လေးသည် ဖွားဖွားမျက်နှာလွှဲသွားသည်နှင့် ဖွားဖွားကို လျှာထုတ်မဲ့ပြနေ၏။ လက်နှင့်လည်းရွယ်ပြ၏။ ခိုင်မထွေးကိုလည်း 'မယ်တော်ကြီး အမုန်းမ မိမာယာ' ဟု တီးတိုးပြော၍ စလာသည်။

ကိုမောင်မောင်ထွေးကတော့ ခိုင်မထွေးကိုစနေသော ကိုမောင်မောင်လေးကို မျက်မှောင်ကျုပ်ကာ မုန်းတီးစွာကြည့်နေ၏။ ခိုင်မထွေးအတွက်လည်း ခံပြင်းနေပုံရသည်။

ဤသည်ကိုပင် ကိုမောင်မောင်လေးက မျက်နှာမဲ့၍ လျှာထုတ်ပြနေပြန်သည်။

"ကဲ"

"ကြည့် သူများကို စနေပြန်ပြီ"

ဤတစ်ခါ အမြင်ကပ်လာသော ကိုမောင်မောင်ကြီးက ကိုမောင်မောင်လေး၏ခေါင်းကို ဒေါက်ကနဲတစ်ချက် ခေါက်ပစ်လိုက်သည်။ ကိုမောင်မောင်လေးက ကိုမောင်မောင်ကြီးကိုတော့ နည်းနည်းကြောက်သည်။ ကိုမောင်မောင်ကြီးမှာ စိတ်တိုတတ်သူဖြစ်သဖြင့် မြင်းလှည်းပေါ်မှ ကန်ချမှာစိုး၍ ငြိမ်သွားသည်။ ဖွားဖွားမပါလျှင် ယခင်က ကန်ချဘူးသည်။

နေရောင်ခြည်သည် မင်းလမ်းမြို့အနှံ့ ပြန့်ကျဲနေလေပြီ။ တောရကျောင်း လာရသောလှည်းလမ်းသည် သဲကျွံသဖြင့် မြင်းလှည်းက ယိမ်းယိုင်ခတ်လာသည်။ သည်လိုနှင့်ပင် မြို့လွန်၍ တောရကျောင်းနားသို့ ရောက်လာသည်။

"မထွေး ခေါင်းနဲ့ လှည်းတိုင်နဲ့ ဆောင့်မိမယ်နော်"

ခိုင်မထွေး၏ ခေါင်းကဒဏ်ရာကိုသာ ကရုတစိုက်ကြည့်လာသော ကိုမောင်မောင်ထွေးက မြင်းလှည်းလှုပ်သဖြင့် ခိုင်မထွေးကို သတိပေးသည်။

ဖွားဖွားသိသွားမှာစိုး၍ ခိုင်မထွေးက ဘာမှ ပြန်မပြောပေ။ ကိုယ်ကိုသာ မတ်ပြလိုက်၏။

"ဟော့ မထွေးခေါင်းမှာ အဖုကြီးဗျ၊ ဒါ ဘာဖြစ်တာလဲ"

ကိုမောင်မောင်လေးသည် ကိုမောင်မောင်ထွေးပြောမှ ဂရုတစိုက်ကြည့်မိပြီး ခိုင်မထွေးခေါင်းက ယောင်နေသောဒဏ်ရာကို မြင်သွားသည်။ သူက လက်မြန်ခြေမြန်ရှိသူပီပီ ခိုင်မထွေးခေါင်းက ကွမ်းသီးလုံးနီးပါး ရောင်ကိုင်းနေသောဒဏ်ရာကိုမြင်ရုံနှင့် အားမရ၊ လက်ညှိုးနှင့် ဒေါက်ကနဲထို၍ မေးလိုက်သည်။

"အမယ်လေး"

ခိုင်မထွေးခေါင်းကဒဏ်ရာကို လက်ညှိုးနှင့် လှမ်းထိုးမေးသော

ကိုမောင်မောင်လေး၏လက်ကို ကိုမောင်မောင်ထွေးက ဖြောင်းကနဲ ရိုက်ချလိုက်၏။ သို့သော် နောက်ကျသွားချေပြီ။

နဂိုကပင် ရောင်ကိုင်းနာကျင်နေသော ဖြူဟ်စောင်းကဒဏ်ရာကို ကိုမောင်မောင်လေးက လက်ညှိုးနှင့် ဆတ်ကနဲလှမ်းထိုးလိုက်သောအခါ ခိုင်မေထွေးမှာ လွှတ်ကနဲ 'အမေလေး' အော်မိသည်။ နာကျင်လွန်းသဖြင့် မျက်ရည်တွေကလည်း ချက်ချင်းပါးပြင်ပေါ်သို့ ပိုးပိုးပေါက်ပေါက်ကျလာသည်။

"ဟဲ့ ဘယ်လိုဖြစ်ကြပြန်တာတုန်း"

ခိုင်မေထွေး အထိတ်တလန့်အော်လိုက်သံကြောင့် ဖွားဖွားကလည်း လန့်ဖျတ်၍ နောက်သို့လှည့်ကြည့်၏။

"ကိုကိုလေးက မေထွေးခေါင်းကိုထိုးလိုက်လို့ ဖူးရောင်သွားပြီ ဒါဒါ၊ ကြည့်စမ်း နည်းတာကြီးမဟုတ်ဖူး၊ ကွမ်းသီးလုံးလောက်ကို ရောင်သွားတာ"

ကိုမောင်မောင်ကြီးက စိတ်ဆိုးမာန်ဆိုးနှင့် ထအော်ပြော၏။ ကိုမောင်မောင်ထွေး၏မျက်နှာမှာတော့ သွေးဆုတ်နေလေပြီ။

ဖွားဖွားသည် ချက်ချင်းပင် ကိုရန်သာဆီက မြင်းလှည်းနှင့်တံကိုကိုင်ကာ နောက်သို့ရောက်လာသည်။

"မဟုတ်ဖူး ဒါဒါ မဟုတ်ဖူး ကျွန်တော်ထိုးတာ မဟုတ်ဖူး"

"သူထိုးလိုက်တာ ဒါဒါ ကျွန်တော်မြင်တယ်"

ကိုမောင်မောင်ကြီးက နှမမျက်ရည် ပိုးပိုးပေါက်ပေါက်ကျနေသည်ကို မြင်သဖြင့်ပြော၏။

ခိုင်မေထွေး၏ ဆံရစ်ဝိုင်းမှာ တစ်ညနေအဖိတ်နေ့ကမှ ရိပ်သင်ထားသဖြင့် ရောင်ကိုင်းနေသော နားရွက်ထက် ခေါင်းကအဖုကို အဖွားသည် ချက်ချင်းမြင်နိုင်သည်။

ထို့ကြောင့် ခိုင်မေထွေး လက်နှင့်အုပ်ထား၏။

"မှန်း ကြည့်စမ်း နည်းသလားဟဲ့ ဖဲသမားရယ်၊ လူမိုက် မိုက်အုံးဟဲ့ မိုက်အုံး ဖြောင်း ဖြောင်း"

"ဒါ ဒါဒါ ကိုကိုလေးထိုးတာ မဟုတ်ဖူး မဟုတ်ဖူး"

"သူများမထိုးရဘဲနဲ့ ဒါဒါမတရားဘူး လကွယ်သေမယ်"

ကိုမောင်မောင်လေးကို မြင်းလှည်းပေါ်က ဆွဲချ၍ မြင်းရိုက်နှင်တန်နှင့် ဖွားဖွားက တဖြောင်းဖြောင်းရိုက်သောအခါ ခိုင်မေထွေးက ဖွားဖွားကို ကမန်းကတန်း ဝင်တား၏။ ကိုမောင်မောင်လေးကလည်း သူမထိုးရဘဲနှင့် မတရားရိုက်သည်ဟု အဖွားလက်ထဲကနှင်တန်ကို ကာဆီးရင်း ကြောက်ကြောက်နှင့် အော်ငိုချလိုက်သည်။

"ဟင် ဖဲသမားထိုးတာမဟုတ်ရင် ခု နင့်ကို ဘယ်လူလုပ်လို့ ဒီလောက်

ရောင်ကိုင်းနေရတာလဲ ခိုင်ခိုင်ရဲ့ ကြည့်စမ်း နည်းတဲ့အဖုလား ကျွတ် ကျွတ် ဘာဖြစ်တာလဲ ပြောစမ်း"

အဖွားသည် ဒေါသတကြီးနှင့် ခိုင်မေထွေးခေါင်းကဒဏ်ရာကို ပွတ်ကြည့်၍ မေးစစ်၏။

ဤတစ်ခါ မည်သို့ဖြေရမှန်းမသိဘဲ မျက်ရည်ဝဲနေမိသူကတော့ ခိုင်မေထွေးပင်။

ကိုမောင်မောင်ထွေးကြောင့်ဖြစ်ရသည်ဆိုလျှင် စောစောပိုင်းက ကိုမောင်မောင်လေးကို ရိုက်နှက်လိုက်သောနှင့်တန်သည် ကိုမောင်မောင်ထွေး ကျောပေါ်သို့ မုချကျရောက်ရပေတော့မည်။

"ဟဲ့ ငါမေးနေတယ် ခိုင်ခိုင် ဒီဒဏ်ရာ ဘာဖြစ်တာလဲ ဘယ်လူကြောင့်ဖြစ်ရတာလဲ"

အဖွားအမေးက ပေါ်လာပြန်၏။ ဤအရေးအခင်းတွင် ကြားလူနှစ်ယောက်ဖြစ်နေသော ကိုမောင်မောင်ကြီးနှင့် ကိုမောင်မောင်ထွေးတို့မှာ တုတ်တုတ်မျှ မလှုပ်ခဲ့ကြ။ နှုတ်ရောကိုယ်ပါ ဆိတ်ငြိမ်နေကြသည်။

"ဟဲ့ ခိုင်ခိုင် ငါမေးနေတယ်လေ ဒီ"

"ခိုင်ခိုင်ဖာသာ ခိုင်ခိုင် မနက်က လှေကားက ချော်ကျလို့ လက်တန်းနဲ့ဆောင့်မိတာပါ ဒါဒါ"

ခိုင်မေထွေး၏စကားကို ကိုမောင်မောင်ထွေး၏ရင်ထဲ နင့်သွားစေပြန်၏။

"ဘယ် မနက်ကလဲ"

"ဒီနေ့ မနက်ကမှ"

"ငါလည်း မကြားလိုက်ပါလား"

"ဒါဒါ ရေအိမ်သွားနေတုန်း ကျတာ"

"ခိုင်ခိုင်ကို တစ်ယောက်ယောက် တွန်းချတာတော့မဟုတ်ဖူးနော်"

ဖွားဖွားသည် ယခုထိ သူ့မြေးယောကျ်ားလေးတွေကို သင်္ကာမကင်းသဖြင့် ခိုင်မေထွေးကိုသာ စစ်မေးနေသည်။ ဖွားဖွား၏ ရှုန်းလဲတောက်ပသောမျက်လုံးများသည် ကိုမောင်မောင်တို့ညီအစ်ကိုများကို တရေးခံကြည့် ကြည့်လျှက်ရှိလေသည်။

ဖွားဖွားက ဤသို့ကြည့်လေ အပြစ်ရှိသောကိုမောင်မောင်ထွေးမှာ စိတ်မလုံလေပင်။ ပြီး ခိုင်မေထွေးကိုလည်း လွန်စွာသနားနေမိ၏။ ခိုင်မေထွေးသည် သူ့အပြစ်ရမှာစိုး၍ သူ့အဖွားကိုပင် လိမ်ပြောနေလေသည် မဟုတ်ပါလား။

ဤလို ဥပုသ်နေ့များကို မဆိုထားနှင့် တခြားတစ်ပါးသောနေ့များ၌ပင် ဤသူငယ်မသည် လိမ်ညာပြောခဲလှ၏။ သို့သော် အစ်ကိုကိုချစ်လွန်း၍

ဤနေ့တော့ တစ်သက်လုံးမလိမ်ဖူးသောအဖွားကိုပင် လိမ်ပြောနေလေပြီ။ ကိုမောင်မောင်ထွေး၏ ရင်ထဲမှာ ဝမ်းနည်းယူကျုံးမရစိတ်တွေက အလိုလို ပြည့်သိပ်လာလေသည်။ မျက်ရည်လည်း ဝဲလာသည်။

"မဟုတ်ပါဘူး ဒါဒါရယ်၊ ခိုင်ခိုင်ဖာသာ ခြေချော်လို့ ကျပြီးဖြစ်တာပါ"

"ဟုတ်ရဲ့လား မိမာယာရယ်၊ နင်ငါ့ကို မလိမ်နဲ့နော်၊ ကိုကိုကြီးက ပြောတော့ ကိုကိုလေး လက်သီးနဲ့ထိုးတာတဲ့"

"လက်သီးနဲ့မဟုတ်ဖူး ဒါဒါရယ် ခိုင်ခိုင်ခေါင်းကို ကိုကိုလေး လက်ညှိုးနဲ့ထောက်ပြီး ဘာဖြစ်တာလဲလို့မေးတာ ပြောမလို့ပါ၊ ကိုကိုလေး"

"ငါတယ် သေတော့မှာပဲ လက်ညှိုးနဲ့ ထောက်ရုံနဲ့ ဒီလောက် အဖုကြီးဖြစ်ပါ့မလား၊ ခေါသကုမ္မာရဲ့၊ နင်ပြောတော့ လက်သီးနဲ့ထိုးတယ်ဆို"

"ဖွားဖွားကဆူသောအခါ ကိုမောင်မောင်ကြီးမှာလည်း သူအလောသုံးဆယ်ပြောမိလိုက်သည့်အတွက် ဘာပြန်ပြောရမှန်းမသိဘဲ ပါးစပ်ဟ မျက်လုံးပြူးသွားသည်။

"နှမလုပ်သူကတော့ သူ့အစ်ကိုတွေကို ညာရတယ်၊ သူ့အစ်ကိုတွေကတော့ နှမကို ကျေးကျွန်လို သဘောထားကြ၊ ရိုက်ကြ ပုတ်ကြဟုတ်လား၊ အစ်ကိုတွေအတွက် သူကပဲ ညာပြောရ လိမ်ပြောရတယ်ရှိသေး နင့်ကို နင့်အစ်ကိုတွေခေါင်းမဖြတ်မချင်း ညာနေအုံး ဟုတ်လား၊ မိသီလဝတီ"

ဖွားဖွားသည် တပျစ်ပျစ်တောက် မြည်တွန်ကာ မြင်းလှည်းပေါ် ပြန်တက်၏။

× × × × × × × × × × ×

## အခန်း (၇)

နံနက် ဝေလီဝေလင်းကပင် မင်းကုန်းရပ်အိမ်ကြီးမှ ထွက်လာကြသော ခိုင်မေထွေးတို့မြေးအဖွားမှာ ဇာတိတောင်အောက်ရှိ တောရကျောင်းကို နေရောင်ခြည်ရဲရဲတောက်ပမှ ရောက်ကြလေသည်။ ဤသို့ကြန့်ကြာခြင်းမှာ ကိုမောင်မောင်တို့ ရန်ဖြစ်နေကြသဖြင့်ဖြစ်လေသည်။

ခိုင်မေထွေးတို့မြေးအဖွား တောရကျောင်းသို့ရောက်လာကြချိန်မှာ ဥပုသ်သတင်းသည်တွေ တော်တော်စုံနေလေပြီ။ အဖွားအို အဖိုးအိုများနှင့် လူလတ်ပိုင်း ယောက်ျားမိန်းမများသည် ဘုန်းကြီးကျောင်းတွင် ပြည့်လျှံနေကြသည်။

ဖွားဖွားသည် သူပုန်သကန်ရန်ကြောင့် လေးမြို့က ကစ္ဆပနဒီသို့ ပြောင်းလာနေရသူဖြစ်သော်လည်း ဖွားဖွားကို မြို့က အမေအိုအဖိုးများနှင့် အားလုံးက လေးလေးစားစားပင် ရှိကြသည်။ နေရာထိုင်ခင်း ပေးကြသည်။

ဘုန်းတော်ကြီးကလည်း အတော်ပင် လေးလေးစားစားရှိ၏။ "ဒကာမကြီး နေကောင်းတယ်နော်" ဟု လောကဝတ်ပြုသည်။

"တင်ပါ့ ဘုရား"

"ကျောင်းဒကာမကြီးတို့များ ပါရမီကောင်းပါ့ဗျား၊ မြေးတွေကလည်း တစ်သိုက်တစ်ထွေးကြီးနဲ့ ဝိသာခါကျနေတာပဲ"

မြို့လူကြီး သက်တူရွယ်တူအဖိုးတစ်ယောက်က ဖွားဖွားကို မြှောက်သည်။

"အမယ်လေး ကိုဘကျော်ရယ်၊ ဒီမြေးတွေများ ရှင်မို့အားကျပလေ ခုလာလမ်းမှာ ရန်ဖြစ်ကြလို့ ရိုက်နှက်ခေါ်ခဲ့ရသေးတယ်၊ ဒါကြောင့် အချိန်ဖင့်နေတာ သူတို့နဲ့ သီလတောင် ဖြောင့်တယ်မှတ်လား"

"သီလဖြောင့် မဖြောင့်တော့မသိဘူး၊ ကျောင်းအစ်မကြီးရယ်၊ ခင်ဗျား မြေးတွေက မြင်ရတာ အားကျစရာပဲဗျ၊ ကလေးမများဆို သိပ်ယဉ်ကျေးသိမ်မွေ့တာပဲ၊ တရားစာတွေဖတ်ပြတာများ သိပ်ဌာန်ကရိုဏ်းကျတာ"

ယခင်ဥပုသ်ဧရပ်တွင် ခိုင်မေထွေး ဘူရိဒတ်လင်္ကာကြီးဖတ်ပြသည်ကို ကြားဖူးသော အဖိုးကြီးသတင်းသည်က ခိုင်မေထွေးကိုကြည့်၍ ချီးမွမ်းနေ၏။ အဖိုးအိုစိတ်ထဲမှာ တကယ်လည်း ခိုင်မေထွေးကို မြေးမကလေးတစ်ယောက်

မရှိမိသည်ကို တသနေမိပုံရသည်။

ကြားထဲက ခိုင်မေထွေး မနေတတ်မထိုင်တတ်ပင်ဖြစ်နေမိ၏။ အဖိုးကြီး စကားကြောင့် ခိုင်မေထွေးကို အဖိုးအဖွားများက ဝိုင်းကြည့်ကြသည်။

"မိန်းကလေးကတော့ တော်ရုပါတယ်၊ ဟိုမှာ မျောက်လောင်း တစ်အုပ်ကြောင့် ပြောရဆိုရ ခုံးမရနဲ့ ကျွန်မမှာ နေ့တိုင်းမောနေတယ်"

ဖွားဖွားစကားကို မနှစ်မြို့သော ကိုမောင်မောင်လေးက ဖွားဖွားမမြင်အောင် မျက်လုံးပြူး လျှာထုတ်ပြသဖြင့် ခိုင်မေထွေးတို့လို အဖိုးအဖွားများနှင့် ပါလာကြသောမိန်းကလေးများက "ခွိ" ကနဲ အသံထွက်ပင် ရယ်ကြသည်။

ကျောင်းကန်ဘုရားနှင့် အကျွမ်းတဝင်မရှိဖူးသူ ကိုမောင်မောင်ထွေးကတော့ တည်တည်ပင်ထိုင်နေ၏။

"တကာမကြီး"

"ဘုရား"

"ဒကာကြီးဦးဘကျော်က ဒကာမကြီးကို ဝိသာခါကျောင်းအစ်မကြီးနဲ့ နှိုင်းပြောလို့ သတိရတုန်း ပြောရအုံးမယ်"

"မိန့်တော်မူပါဘုရား"

"ရှေ့နှစ် သီတင်းဝါကျွတ်ရင် ဘုန်းကြီး အနောက်မဇ္ဈိုကို ဘုရားဖူးသွားမလို့ မှန်းထားတယ် ဒကာမကြီး၊ အသက်ကလည်း ခု ခြောက်ဆယ့်နှစ်နှစ်ရှိပြီဆိုတော့ ဒီတစ်ခါ နောက်ဆုံးရောက်ခြင်းပဲ ထင်ပါရဲ့"

"အရှင်ဘုရား အရင်ဘယ်နှစ်ခေါက် ရောက်ဖူးပြီလဲဘုရား"

"ဘုန်းကြီး ဆယ်ဝါရတုန်းကတစ်ခါ၊ ဝါတော်သုံးဆယ်ရတုန်းက တစ်ခါ၊ ခုတစ်ခါ ရောက်ဖြစ်ရင်တော့ သုံးခါပေါ့ဗျာ၊ အဲဒါဘုရားရှင် ပွင့်ရာအရပ်ကို သုံးခါရောက်ဖူးရင် သေပျော်ပြီလို့ တွက်ထားတာပဲ၊ ဒီတစ်ခေါက်အသွားမှာ ရခိုင်ပြည်က ဒကာဒကာမတွေလည်း တော်တော်များများ ပါကြမယ်ဆိုတော့ ဘုန်းကြီးက ဒီလိုမှန်းထားတယ်"

"အမိန့်ရှိပါဘုရား နောက်နှစ်ဆိုတော့ တပည့်တော်မလည်း လိုက်ဖြစ်မှာပါ၊ တပည့်တော်မလည်း သူတို့အရွယ်တုန်းက မေမေတို့ပါပါတို့နဲ့ တစ်ခါရောက်ဖူးတယ်၊ အဲဒီတုန်းက ခေတ်ကောင်းတုန်းဆိုတော့ သွားရလာရ သိပ်လွယ်ကူတာပဲဘုရား၊ ခုလို ဗီဇာတို့ဘာတို့တောင် လုပ်ဖို့မလိုဘူး"

ဖွားဖွားသည် ခိုင်မေထွေးတို့အရွယ်က အနောက်မဇ္ဈိမကို ဘုရားဖူးရောက်ဖူးကြောင်း ဘုန်းတော်ကြီးအားလျှောက်ထားလေသည်။

မှန်သည်။ ဖွားဖွားသည် သူ မဇ္ဈိမကို ဘုရားဖူးရောက်ဖူးကြောင်းနှင့် ကုလားပြည်အကြောင်း ကုလားပြည်တွင် သူ့ဆွေမျိုးတွေရှိကြောင်း ရခိုင်က ဘုန်းကြီးတွေရှိကြောင်း တစ်ခါတစ်ခါ ခိုင်မေထွေးတို့ကို ပြောပြတတ်သည်။

ဖွားဖွားက နေရှုရာမြစ်အကြောင်း ၊ ဥရုဝေလတောအကြောင်း၊ သတ္တဌာနဖြစ်သော မုစလိန္ဒအိုင်၊ အနိမိသကုန်း၊ အဇပါလညောင်ပင်၊ ရတနာဂရစင်္ကြံ၊ မဟာဗောဓိပင်၊ ပရိနိဗ္ဗာန်ပြုရာ မလ္လာမင်းတို့အင်ကြင်းဥယျာဉ်တို့ကို ဖွားဖွားသည် လွမ်းလောက်အောင် ပြောပြတတ်၏။ ကုလားပြည်တွင် ဖွားဖွား၏ ဆွေမျိုးတွေ့ရှိသည်ဟု ပြောပြခြင်းမှာ ပါကစ္စတန်ထဲ ဖလောင်း ချိုင့်၊ ပန်းဝါ၊ တပ်ရာဘင်၊ ရင်္ဂါမထိ၊ သက်ထောင်၊ ဖလံထောင်၊ ဗိုလ်မင်းထောင်နှင့် သောဒလီပါရာတို့တွင် ရခိုင်လူမျိုး ဆွေမျိုးရှိကြောင်းပြောခြင်းဖြစ်သည်။

ဆယ့်ရှစ်ရာစုကုန်ခါနီး မြန်မာဘုရင်သည် မြောက်ဦးကို လာတိုက်၏။ မြောက်ဦးကျသောအခါ မင်းညီမင်းသားတို့သည် အကွဲကွဲအပြားပြား ဝါးအစည်းပြေသလို ထီးနန်းစွန့်၍ ပြေးကြရသည်။ အချို့က ရခိုင်ပိုင် ဘင်္ဂါ ၁၂ မြို့ဖြစ်သော ဟီလီတရိုက်(စစ်တကောင်း ကျောက်တန်းဒေသ)သို့ ပြေးကြသည်။ ရင်္ဂါပတီသည် ကုလားအခေါ်ဖြစ်သည်။ "ရန်ကိုမထိ" ဟူသော ပညတ်တွဲ့ယူ၍ ထီးနန်းပြန်တည်ရန် ကြိုးစားခဲ့ကြသောမြို့ပေတည်း။ (ယခု ဘင်္ဂလားဒက်(ချ်)ပိုင်ဖြစ်သည်။)

ဤသည်တို့ကြောင့် ဖွားဖွားသည် ဟီလီတရိုက် ကုလားပြည်တွင် သူ့ဆွေမျိုးတွေရှိကြောင်း ခဏခဏပြော၍ ဆွေတော်မျိုးတော်တွေကို လွမ်းဆွတ်တတ်သည်။

ခိုင်မေထွေးတို့အရွယ် ဖွားဖွား အနောက်မဇ္ဈိမကို ဘုရားဖူးသွားတုန်းက သူ့ဆွေမျိုးတွေကိုရှာရင်း ဘူးသီးတောင် မောင်တောမှစစ်တကောင်းကိုသွားသည်။ ယင်းမှတစ်ဆင့် ဗုဒ္ဓဂါယာသို့ သွားခဲ့လေသည်။

ထော်ဒလီပါရာ ရောက်၍ သူ့အစ်ကို ညီမ အစ်တော်တွေနှင့် မင်းမင်းကြီး၊ အရိုးရှင်၊ အရှင်ကြီးတို့ကို မေးစမ်း၍ တွေ့ရသောအခါမမှတ်မိပဲ မိဘနာမည်ပြောကြ၊ ရှေ့ဖြစ်ဟောင်းတွေကိုပြောကြမှ ဖက်ပြီး ရှိုက်ကြီးတငင် ငိုကြသည်ဟု ဆိုသည်။ အဖွားသည် ထိုအကြောင်းကို ပြောလျှင် ယခုထိ မျက်ရည်မဆည်နိုင်ဖြစ်တတ်လေသည်။ ဟီလီတရိုက်က စိန်မြောက်ဘုရားပွဲအကြောင်းကိုလည်း လွမ်းတနေတတ်လေသည်။

"ဒီတစ်ခါသွားရင်တော့ ရခိုင်ပြည်က ဒကာ ဒကာမတွေအတွက် အမှတ်တရဖြစ်အောင် ကုသိနာရုံမှာ အုတ်ကျောင်းတစ်ဆောင်ဆောက်လှူခဲ့မယ် မှန်းထားတယ် ဒကာမကြီး၊ နောင်လာနောက်သားတွေ ဗုဒ္ဓဂါယာကို ဘုရားဖူးရောက်သွားကြရင်လည်း 'ဩော် ဒီအုတ်ကျောင်းကဖြင့် ရခိုင်ပြည်ကစေတီတောင် တောရဆရာတော်နဲ့ ကစ္စပနဒီက သူ့ဒကာဒကာမတွေ ကောင်းမှုပါလားလို့' သတိရအောက်မေ့ဖွယ် အမှတ်တရပေါ့ဗျာ၊ တည်းခိုဖို့လည်း လွယ်ကူတာပေါ့၊ ကျုပ်တို့ရခိုင်ပြည်ကကိုယ်တော်တွေ ဗာရာဏသီနဲ့ ကုသိနာရုံမှာ တရားအား

ထုတ်လို့ အများကြီးရှိကြတယ်၊ ထိမ်းသိမ်းဖို့က သူတို့ကို တာဝန်ပေးထားခဲ့ရတာပေါ့"

"သာဓုပါ ဘုရား၊ တပည့်တော်တို့ သွားတုန်းကလည်း ရခိုင်က ကိုယ်တော်တွေအများကြီး တွေ့ခဲ့ပါတယ်။ သာဝတ္ထိမှာ ကိုယ့်ပြည်ကိုယ့်ရပ်က ကိုယ်တော်တွေကို ဆွမ်းကပ်ခဲ့ရသေးတယ်။ ဦးပဥ္စင်းတွေက ရာဇဂြိုဟ် လိုက်ပို့ကြတာ၊ တပည့်တော်တို့သွားတုန်းက နွေလဆိုတော့ နေရဥ္စရာမြစ်မှာ ရေဆိုလို့ တစ်စက်မှ မရှိဘူးဘုရား၊ မိုးတွင်း ရေပြည့်နေရင်တော့ သိပ်သာယာတာပဲလို့ ကိုယ်တော်တွေက ပြောပြကြတယ်၊ ဝိသာခါကျောင်းအစ်မကြီးရဲ့ ပုဗ္ဗာရုံကျောင်းတော်ကလည်း ကမ်းပို့လို့ အုတ်တိုင်ကြီးတွေယိုင်လဲပြီး ရေထဲကျနေတာမြင် ရတော့ တပည့်တော် စိတ်မကောင်းလိုက်တာ၊ စာထဲကျမ်းဂန်ထဲဖတ်ရတဲ့ ဘုရားရှင်ရှိစဉ်ကအကြောင်းတွေတွေးပြီး မျက်ရည်တောင်လည်မိတယ်"

"ဖွားဖွား ခိုင်ခိုင်တို့ ဥပုသ်ဇရပ်မှာ ဖျာသွားခင်းထားလိုက်မယ်နော်"

ကုလားပြည်က သူ့ဆွေမျိုးတွေအကြောင်း၊ ဗုဒ္ဓဂါယာအကြောင်း ပြောနေရလျှင် ထမင်းမေ့ဟင်းမေ့ဖြစ်သေါ တတ်သောဖွားဖွားအား ခိုင်မေထွေးက သတိပေးလိုက်၏။

ဖွားဖွားတို့ သီလယူပြီးကြလျှင် ဥပုသ်သီတင်းသည်များဇရပ်တွင် ကိုယ့်နေရာနှင့်ကိုယ် ပုတီးစိတ် တရားဆွေးနွေးနေကြမည် မဟုတ်ပါလား။

ဤသည်ကို အလိုက်တသိရှိသော ခိုင်မေထွေးသည် အိမ်ကယူလာသောဥပုသ်ဖျာကိုထမ်းကာ ဇရပ်သို့ဆင်းလာသည်။

ဘုန်းကြီးလှူရန် သီးသန့်ဆွမ်းအုပ်နှင့် မီးခြစ်၊ မုန့်ဗူး၊ ဖယောင်းတိုင်၊ သစ်သီးဝလံများကို ဆွဲခြင်းကြီးထဲက ထုတ်ဖယ်၍ ဓမြးအဖွားတွေစားရန် ထမင်းချိုင့်တွေကိုတော့ ကိုမောင်မောင်ကြီးနှင့် ကိုမောင်မောင်လေးတို့ကဆွဲကာ ခိုင်မေထွေးနောက်က ဆင်းလိုက်လာကြသည်။

"မေထွေး အစ်ကို ထမ်းယူမယ် ပေး"

ကျောင်းကန်ဇရပ်များနှင့် များစွာအထာမကျသေးသော ကိုမောင်မောင်ထွေးက သူ့လက်တွင် ဘာမှပါမလာသောအခါ မနေတတ်မထိုင်တတ်နှင့် ခိုင်မေထွေးဆီကဖျာကို ထမ်းယူမည်ဆိုသည်။

"ရပါတယ် ကိုကိုထွေးရယ် နေပါ"

"ပေးပါ မေထွေးရယ် အစ်ကိုပဲ ထမ်းယူမယ်"

ကိုမောင်မောင်ထွေး မနေတတ် မထိုင်တတ်ဖြစ်နေမှာစိုး၍ ခိုင်မေထွေးက သင်ဖြူးဖျာလိပ်ကို ပေးလိုက်၏။

ဖွားဖွားနှင့် ဘုန်းတော်ကြီးတို့သည် အိန္ဒိယရှိဗုဒ္ဓဂါယာအကြောင်းကို မမောနိုင်မပန်းနိုင် ပြောနေကြတုန်းပင်တည်း။

"ခိုင်ခိုင် ခေါင်းကအနာ သိပ်နာနေလားဟင်၊ ပရုပ်ဆီထပ်လိမ်းထားပါလား၊ ကိုထွေး ပရုပ်ဆီဘူးယူလာတယ် ကိုထွေးလိမ်းပေးမယ်လေ"

"နေပါစေ ကိုကိုထွေး ပရုပ်ဆီထပ်လိမ်းဖို့ မလိုပါဘူး၊ နာလည်းမနာတော့ပါဘူး"

ပြောသာပြောရသော်လည်း ကိုမောင်မောင်ထွေး၏ ဂရုတစိုက်ရှိပုံကို ခိုင်မေထွေးက ဝမ်းသာသွားမိ၏။ ခိုင်မေထွေးအတွက် စိုးရိမ်၍ သူက ပရုပ်ဆီဘူးပင် ယူလာသည်ဆို မဟုတ်ပါလား။

"ကိုကိုထွေးကို စိတ်ဆိုးလို့လားဟင်"

"မဟုတ်ပါဘူး ကိုကိုထွေးရယ်၊ ခိုင်ခိုင်က တကယ်မနာတော့လို့ ပြောတာပါ၊ ကိုကိုထွေးက မသိလို့ ကန်မိတာ ဘာလို့ စိတ်ဆိုးရမှာလဲ"

ဤစကားကိုတော့ ကိုမောင်မောင်ထွေးက မည်သို့မျှပြန်မပြော၊ ခိုင်မေထွေးဆံရစ်ဝိုင်းအစမှ ဖူးရောင်နေသောနေရာကို စူးစူးစိုက်စိုက်ကြည့်ကာ မျက်ရည်ဝဲနေသည်။

သီလယူ ဆွမ်းစားပြီးကြသောအခါ ခိုင်မေထွေးက ဥပုသ်ဇရပ်၌ ဝါတိုင်း သီတင်းနေ့များကဲ့သို့ သောတ္တိသေနဇာတ်လင်္ကာကြီးကို ဖတ်ပြသည်။ ကိုမောင် မောင်ကြီးနှင့် ကိုမောင်မောင်လေးတို့မှာ အဖိုးအဖွားများနှင့် ပါလာကြသော သူငယ်ချင်းမိန်းကလေး ယောကျ်ားလေးတွေနှင့် စကားပြောနေကြသည်။

ကိုမောင်မောင်ထွေးကတော့ ဤနေ့တစ်နေ့လုံး ခိုင်မေထွေးနားက မခွာဘဲ ခိုင်မေထွေး လင်္ကာဖတ်ပြသည်ကို သိမ်သိမ်မွေ့မွေ့ထိုင်၍ နားထောင်နေ၏။ ကိုမောင်မောင်ထွေး ဤသို့ စိတ်ဝင်တစားရှိနေသည်ကို ဖွားဖွားမှာ တစိမ့်စိမ့်ကြည့်၍ ပီတိဖြစ်နေပုံရလေသည်။

လင်္ကာကြီးဖတ်ပြ၍ နေစောင်းသောအခါ ဖွားဖွားနှင့်တကွ မြေးအားလုံးသည် ဇာတီတောင်မှ သိမ်တောင်သို့ ဘုရားဖူးရန် ထွက်လာကြသည်။

သိမ်တောင်နှင့် ဇာတီတောင်မှာ ပေတစ်ရာလောက်သာဝေး၏။ ဆင်ခြေလျှောအတိုင်း တစ်ဆက်တည်းဖြစ်သည်။ သိမ်တောင်ပေါ်တက်သော လမ်းဘေးနှစ်ဖက်တွင် တရုတ်စကားပင်တွေက အစီအရီရှိသည်။ ညနေချမ်း လေအေးထဲတွင် တရုတ်စကားပွင့်နံ့တွေက သင်းပျံ့လျက်ရှိလေသည်။

"ဟော့ အောင်ဇေ"

သိမ်တောင်ပေါ်က ဘုရားဖူးပြီး ဆင်းလာကြသောလူများထဲမှ တစ်ယောက်သောသူသည် ကိုမောင်မောင်ထွေး၏ ငယ်နာမည်ရင်းကိုခေါ်၍ နှုတ်ဆက်သည်။ သူနှင့်အတူ နောက်လူငယ်တစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်ကလည်း လက်ပိုက်၍ မတ်တပ်ရပ်နေကြ၏။

"မင်းတို့ ဘယ်ကလာကြတာလဲကွ"

"ပညာက တို့အစ်မရောက်လို့ ဘုရားဖူးလိုက်ပြတာ၊ ဒါ တို့အမေ"

ကိုမောင်မောင်ထွေးနှင့် သက်တူရွယ်တူ လုလင်ပျိုနှစ်ယောက်မှာ ကိုမောင်မောင်ထွေးနှင့် ဦးစံလှဘော်ကျောင်းတွင် အတူနေဖူးကြသော ကိုဘချမ်းနှင့် ကိုလှချမ်းတို့ဖြစ်ကြောင်း နောက်မှ ခိုင်မေထွေးက သိရသည်။

"ပညာဆိုတော့ မောင်တို့ ဘယ်သူ့သားသမီးလဲကွယ်"

အဖွား၏မျက်လုံးတစ်စုံသည် သူတို့သုံးယောက်ဆီသို့ ချက်ချင်းရောက်သွားသည်။ ပညာမှာ လေးမြို့နှင့်နီးသဖြင့် ဖွားဖွားက သိလိုပုံရသည်။

"ကျွန်မတို့ ဦးဘလှိုင် ဒေါ်အိမ်ချမ်းတို့ သားသမီးတွေပါ ဖွားဖွား"ဟု အပျိုအမျိုးသမီးက ပြောသည်။

"မင်းတို့ ငါ့ကို မသိဘူးလား"

"သိပါတယ် ဖွားဖွား"

လေးမြို့နယ်တွင် ဖွားဖွားကို မသိသူကရှား၏။ အကယ်၍ လူချင်းမမြင်ဖူးတောင် နာမည်တော့ ကြားဖူး သိဖူးကြသည်ပင်။

ထို့ကြောင့်လည်း ကိုဘချမ်း၏အစ်မနှင့် ကိုဘချမ်း၏အစ်ကိုက ချက်ချင်းသိကြောင်းပြောလေသည်။

အမှန်က ကိုဘချမ်းတို့ညီအစ်ကိုမောင်နှမတွေကသာ ဖွားဖွားကို သိသည်မဟုတ်။ ခိုင်မေထွေးတို့ညီအစ်ကိုမောင်နှမတွေကလည်း ကိုဘချမ်းတို့ အမိအဖတွေကို လေးမြို့တွင် နေထိုင်တုန်းကပင် လူချင်းမမြင်ဖူးသော်လည်း ကြားဖူးထားကြသည်။

ကိုဘချမ်းအဖေ ဦးဘလှိုင် ဒေါ်အိမ်ချမ်းတို့မှာ လေးမြို့နယ် ပညာက လူချမ်းသာ ကြေးရည်တတ်မျာဖြစ်သဖြင့် လူသိများ၏။ သူတို့သည် ယခင်က ပညာရှိ ကုလားချစ်တီးလယ်ပိုင်ရှင်၏ လူယုံတော်ဖြစ်သည်။ ပြည်တွင်းစစ်ကြီးဖြစ်လာ၍ သူပုန်သကန်ရန်ကြောင့် ချစ်တီးကြီး ကုလားပြည်ပြေးသောအခါ သူတို့မိသားစုမှာ လယ်မြေကေပေါင်းများစွာကို အပိုင်ရထားလိုက်ခြင်းဖြစ်သည်။ ယခင်က ချစ်တီးဆီမှာ အခိုင်းအစေဖြစ်သော လယ်ကူလီဖြစ်သော သူတို့ မိသားစုသည် ယခုတော့ နယ်၌ အချမ်းသာအကြွယ်ဝဆုံး မိသားစုပင်တည်း။

ကိုမောင်မောင်ထွေးနှင့် ကိုဘချမ်းတို့ညီအစ်ကိုမှာ ဆရာကြီး ဦးစံလှဘော်ကျောင်း၌ အတူနေဖူးသဖြင့် သိယောင်းကျွမ်းယောင်း သူငယ်ချင်းများဖြစ်ကြသည်။

"မင်းတို့အမေ အဖေတွေကော မပါဘူးလား"

"ပါပါတို့ မေမေတို့ မပါပါဘူး ဖွားဖွား၊ ကျွန်မက စပါးကြွေးသိမ်းရင်း လာတာပါ"

စကားပြော သွက်လက်ချက်ချာရှိသလို ရုပ်လည်းလှသော ကိုဘချမ်း၊

ကိုလှချမ်းတို့၏အစ်မကို သူ့အစ်ကိုသုံးယောက်က မထိတတိ ခိုးကြည့်နေကြသောအခါ ခိုင်မေထွေးတို့မှာ မျက်နှာမထားတတ်ဖြစ်နေသည်။ ထို့ကြောင့် သူ့မျက်နှာကို တစ်ဖက်သို့လှည့်လိုက်တော့ ရင်ထဲမှာ ဒုန်းကနဲ ခုန်သွားမိသည်။ ကိုဘချမ်းသည်လည်း သူ၏မျက်နှာကို မမှတ်မသုန်ကြည့်နေပါကလား။

"မောင်ဘလှိုင်နဲ့ မအိမ်ချမ်းတို့မှာ ဒီလိုသမီးချောလည်း တစ်ယောက်ရှိနေသေးတာကိုး"

အစ်ကိုသုံးယောက်သည် အဖွားစကားအဆုံး၌ သူတို့၏အဖြစ်ကို ချက်ချင်း သတိရလိုက်ကြသလို ကိုဘချမ်းအစ်မ၏ မျက်နှာဆီမှအကြည့်ကို မလွှဲချင်လွှဲချင်နှင့် လွှဲလိုက်ကြသည်။

သို့သော် ကိုဘချမ်း၏အကြည့်ကမူ ခိုင်မေထွေးမျက်နှာပေါ်မှ လုံးဝလွှဲဖယ်ခြင်းမရှိသေး။ သူ၏အကြည့်ကြောင့် ခိုင်မေထွေး၏ရင်ထဲမှာ များစွာ လှုပ်ခပ်လှုပ်ရှိလေသည်။ ကိုဘချမ်း၏အကြည့်သည်လည်း သူ့အစ်မကို အစ်ကိုများကြည့်သလို စူးစူးစိုက်စိုက်ရှိလှ၏။

"သမီးနာမည်က ဘယ်သူတုန်း"

"ကျွန်မနာမည်က လှသာဦးပါ ဖွားဖွား"

"သူကကော"

"သူက မောင်လှချမ်း၊ သူက မောင်ဘချမ်းပါ ဖွားဖွား"

ကိုဘချမ်းအစ်မ လှသာဦးသည် သူ့မောင်နှစ်ယောက်စလုံး၏ ပုခုံးအစုံကိုပုတ်၍ ဖွားဖွားအား မိတ်ဆက်ပေး၏။

"မင်းတို့ အမေအဖေတွေကော နေကောင်းကြရဲ့နော်"

"ဟုတ်ကဲ့ နေကောင်းကြပါတယ်"

"ဖွားဖွားက သတင်းမေးလိုက်တယ်လို့ ပြောလိုက်ပါကွယ်"

ကလေးများပင်ဖြစ်သော်လည်း ဖွားဖွားသည် လောကဝတ်စကားကိုတော့ သတိတရပြောသည်။

"ဟုတ်ကဲ့"

"ကဲ ဖွားဖွားတို့ ဘုရားဖူးတက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ဖွားဖွား ဟုတ်ကဲ့"

"နွေဦးယံ အဖူးအခက်စီ၊ မြပန်းခွေ မခူးရက်ပြီ"

ဘုရားတောင်အဆင်းအတက်တွင် မျက်နှာလွှဲ ခွဲခွာကြသည်နှင့်တစ်ပြိုင်နက် ကိုဘချမ်းသည် မြပန်းခွေသီချင်းကို လေချွန်လိုက်၏။

ခိုင်မေထွေးက သမင်လည်ပြန် တစ်ချက်လှည့်ကြည့်လိုက်သောအခါ ကိုဘချမ်း လှည့်အကြည့်နှင့် ဒက်ထိ မျက်လုံးချင်း ဆုံမိသွားကြပြန်သည်။ ခိုင်မေထွေးရင်ထဲက ပို၍ နွေးဟာသွားမိသည်။

"ယိမ်းနွဲ့ပေ့ါ ပန်းရွှေသွာတံဝတ်ရည်၊ ချူမွဲ့သူပေါ်သည်၊ ယနံ့
သင်းတဲ့ပန်းကလေးကို မနွမ်းသေးခင် အလှမ်းမဝေးအောင်
ထိမ်းသိမ်းတော့မည်"

ကိုတာချမ်းက ဆက်၍ မြတ်ပန်းခွေသီချင်းကို လေချွန်သွားသောအခါ ကိုမောင်မောင်ထွေးက ခိုင်မေထွေး၏မျက်နှာကို ရတတ်တရက်လှည့်ကြည့်သည်။ ကိုမောင်မောင်ထွေး၏အကြည့်က ခိုင်မေထွေး၏စိတ်ကို မလုံမလဲဖြစ်သွားစေ၏။

ကိုတာချမ်း လေချွန်သွားသည်ကို မခံချင်၍လား သို့မဟုတ် အားကျ၍လားမသိ၊ ကိုမောင်မောင်လေးကလည်း

"မြင်သူငေးလောက်အောင် ချောသူယဉ်သူ၊ ဘယ်ဘဝက
တောင်းဆုယူ၊ ရုပ်ရည်လည်း လှပပေသူ"

ဆိုသော သီချင်းကို ပြန်လေချွန်လိုက်လေသည်။

အရွယ်တွေက အားလုံးစိတ်လှုပ်ရှားတတ်စအရွယ်။ နှလုံးသားတို့ခံစားမှုကို စတင်တွေ့ထိတတ်စအရွယ်တွေမို့ ခိုင်မေထွေးတို့ ညီအစ်ကိုမောင်နှမတွေနှင့် ကိုတာချမ်းတို့ညီအစ်ကိုမောင်နှမတွေမှာ တဒင်္ဂတွေ့လိုက်ကြရသော စိတ်လှုပ်ရှားမှုအပေါ်တွင် တွယ်ငြိသွားကြလေသည်။

ဤသို့ ဘုရားတောင်ဆင်းတောင်တက်တွင် မိသားစုနှစ်စု၏ ခဏတာကြုံဆုံလိုက်ရခြင်းသည် မကြာမီကာလ၌ နှလုံးသဲပွတ်ကြေမွ နာကျည်းကြရမည့် အဖြစ်ကို စတင်သန္ဓေတည်ပေးလိုက်ခြင်းပါတကား ဆိုသည်ကိုမူ နုနယ်သော နှလုံးသားရှင်များက လုံးဝရိပ်စားမိခြင်း မရှိခဲ့ကြပါချေ။

ထို့ကြောင့်လည်း ခိုင်မေထွေးသည် နွေးထွေးလာသော သူမ၏ နှလုံးသား တောင်းဆိုရာဆန္ဒကြောင့် မိမိအိမ်သို့ရောက်သောအခါ 'မြတ်ပန်းခွေ' သီချင်းဓာတ်ပြားကိုဖွင့်၍ တစ်ညနေလုံး ကြည်နူးနေမိလေသည်။ သူ့အနားကို ကိုမောင်မောင်ထွေးရောက်နေသည်။

"မေထွေး"

"ရှင်"

ကိုမောင်မောင်ထွေး၏ မနှစ်မြို့သောအကြည့် မာကြောသောအသံတို့ကြောင့် ခိုင်မေထွေးမှာ လန့်သွားမိသည်။

ကိုမောင်မောင်ထွေးသည် ခိုင်မေထွေးတစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံးကြည့်ကာ တစ်စုံခုကို အစအန ရှာဖွေစုစည်းနေသကဲ့သို့ရှိလေသည်။

"ကိုကိုထွေး ဘာလဲဟင်"

သူ့စိတ်လှုပ်ရှားမှုအပေါ်တွင် မလုံမလဲဖြစ်နေမိသူ ခိုင်မေထွေးက ထပ်မေးရ၏။ သို့သော် ကိုမောင်မောင်ထွေး၏နှုတ်က တင်းတင်းစေ့နေသည်။ မျက်

နာကလည်း ဝေခွဲမရတော့ည်နေ၏။ သည်တော့ ထပ်ဆင့်တစ်ခါမေးရသူမှာ ခိုင်မေထွေးပင်တည်း။

"ကိုထွေး ဘာလဲလို့"

"ဒီနေ့ ဘာနေ့လဲ"

ခိုင်မေထွေး၏အမေးကို မဖြေသည့်အပြင် ထပ်ဆင့်မေးခွန်းက မာကြောစွာ ပေါ်လာပြန်သည်။

"ဥပုသ်နေ့လေ ကိုထွေး"

"ဥပုသ်နေ့နဲ့ ဒီသီချင်းနဲ့ ဘာဆိုင်လဲ၊ မေထွေး ဥပုသ်ယူလာသေးတယ် မှတ်လား"

"ဟင် ဟုတ်သားပဲ၊ မေ့လို့ ကိုထွေးရယ်"

"မေ့ပဲမေ့တတ်တယ် ဖွားဖွားက အောင်ခြင်းရှစ်ပါးဖွင့်ပါတဲ့"

ကိုမောင်မောင်ထွေးသည် ဤမျှသာပြောပြီး အခန်းထဲက ချာကနဲ လှည့်ထွက်သွား၏။

ခိုင်မေထွေးသည် အောင်ခြင်းရှစ်ပါးဓာတ်ပြားကို ရှာဖွင့်၏။ သို့သော် ဤနေ့မှာ ခါတိုင်းဥပုသ်နေ့တွေလို အောင်ခြင်းရှစ်ပါးသည် သူ့နား၌ နဝင်ပီယံ မဖြစ်ပေ။

ခိုင်မေထွေး ယနေ့အသဲစွဲဖြစ်နေမိသည်မှာ "မြတ်ပန်းခွေ" သီချင်းပါတကား။

× × × × × × × × × × × ×

## အခန်း (၈)

"ဂိမှာနမာသေ နွေလေးလ၏အတွင်း၌၊ ပဌမသို့ ဂိမှေ အစ စွာသော နွေလ၌၊ ဖုဿီတဂ္ဂေ ပွင့်သောအဖျားရှိသော၊ ဝနပ္ပ ဂုမ္ဗေ တောအုပ်သည်၊သီရိကောယထာ အသရေရှိသကဲ့သို့၊ ပရမံ ယိတာယမြတ်သောလောကုတ္တရာစီးပွားအလို့ငှာ၊ တထူ ပမံ ထိုတောအုပ်နှင့်တူသော၊ နိဗ္ဗာနဂါမိ နိဗ္ဗာန်သို့ရောက်စေ တတ် သော၊ ဓမ္မဝရံ ပရိယတ္တိတရားတော်မြတ်ကိုအဒေသယိ ယောတော်မူ၏"

ဒေါ်နန်းဖုံဦးသည် ဆယ့်ငါးစောင်တွဲသားရေဖုံးစာအုပ်ကို ပိတ်ပစ်လိုက်ပြီး သူ့ဘေးကခုံပေါ် လှမ်းတင်လိုက်သည်။ ခိုင်မေထွေး ထောင်းပေးထားသော ကြေးကွမ်းဘူးထဲက ကွမ်းဖတ်တစ်ကော်ကို လက်ညှိုးနှင့်ထိုးကော်ကာ ပါးစပ်ထဲ ထည့်မြုံလိုက်၏။ ပြီးမှ သူ့ရှေ့တွင် စီတန်းထိုင်နေကြသော သားနှင့်ချွေးမ မြေးများကို မသိမသာ အကဲခတ်လိုက်သည်။

"မြတ်သာဖုံ"

"ဘုရား"

"တောရဆရာတော်က အမိန့်ရှိလိုက်တယ်"

"ဟုတ်ကဲ့ အမေ"

"ရှေ့နှစ်သီတင်းဝါလကျွတ်ရင် ဘုန်းကြီး အနောက်မဖြိုမကို ဘုရားဖူး ကြွမလို့တဲ့၊ အဲဒါ အမေလည်း လိုက်သွားချင်တယ်"

"အမေ လိုက်သွားချင်ရင် လိုက်သွားပေါ့၊ ကောင်းပါတယ်"

ဦးမြတ်သာဖုံကမှ သူ့အမေစကားကို ခပ်ပေ့ါပေ့ါပင်ပြော၏။

"ဘုန်းတော်ကြီးက ကုသိန္နာရုံမှာ အုတ်ကျောင်းတစ်ကျောင်းလည်း ဆောက်လှူခဲ့မယ်ပြောလို့ အမေ ငွေငါးထောင် လှူထားခဲ့တယ်၊ သွားလှူစရာ မလိုသေးပါဘူး၊ အမေတို့သွားမှ တစ်ပါတည်းယူသွားမှာပါ၊ ကဲ ငါ့မြေးတွေ အားလုံး အဖွားကုသိုလ်အတွက် သာဓုခေါ်လိုက်ကြ"

"သာဓု"

"သာဓု"

"သာစု"

တစ်ချိန်လုံး အဖွားနှင့်အဖေတို့စကားကို နားစွင့်နေကြသော ခိုင်မေထွေးနှင့် ကိုမောင်မောင်တို့သုံးယောက်မှာ သာစုသံသာ လိုက်ခေါ်ကြရသည်။

ဦးမြတ်သာဖံနှင့် ဒေါ်ဝေဝေခိုင်တို့ကမူ တိုးတိုးသာသာ ပါးစပ်လှုပ်ရုံသာ သာစုခေါ်နိုင်ကြသည်။

"အဲဒါ ဒီလိုလည်း အကြံတစ်ခု အမေပြုထားသေးတယ် သား"

"ဟုတ်ကဲ့အမေ"

"အမေ မရှိမကို ဘုရားဖူးမသွားခင် ဒီနှစ်နွေမှာ ကိုမောင်မောင်တို့ကို ရှင်ပြုချင်သေးတယ်"

"ကိုမောင်မောင်တို့ကို လေးမြို့မှာလည်း ရှင်တစ်ခါပြုခဲ့ပြီးပြီးပဲ အမေ"

"ဟို အငယ်အထွေးအတွက်ပြောတာ"

အဖွား၏အကြည့်အရှုသည် ကိုမောင်မောင်ထွေးဆီသို့ ချက်ချင်း ရောက်လာသည်။

ကိုရင် လုပ်ရမည်ဆိုသဖြင့် ကိုမောင်မောင်ထွေး၏စိတ်ထဲမှာ ခံစားမှုတစ်ခုနှင့် ရင်ထဲကလည်း တဒိတ်ဒိတ်ခုန်ချင်လာ၏။ အိမ်ရှိလူသားအားလုံးသည် သူ့ကို ဝိုင်းကြည့်နေကြသည်မဟုတ်ပါလား။

"ကိုမောင်မောင်ထွေးအတွက် ဘာမှအပန်းမကြီးပါဘူးအမေ၊ ဘုန်းကြီးသုံးပါးလောက်ပင့်ပြီး အကျဉ်းရုံးလိုက်ရင်လည်း ရသားပဲ"

"မဟုတ်သေးဘူးလေကွယ်၊ ငါလုပ်ချင်တာက ဒီလိုတစ်ယောက်တည်း မဟုတ်ဖူး၊ မောင်မောင်တို့အားလုံး ပါစေချင်တယ်၊ သူတို့ညီအစ်ကိုတွေ ဖြစ်လေရာဘဝတိုင်းမှာ ရေစက်ဆုံကြအောင်ပေါ့"

ညီအစ်ကိုတွေအတွက် ဖြစ်တိုင်းသံသရာတွင် ကုသိုလ်ဆက်လိုပါသော ဖွားဖွား၏စကားအဆုံးမှာ ခိုင်မေထွေးတို့အမေအဖေနှစ်ဦးက မျက်နှာပျက်ချင်ကြသည်။

မောင်မောင်တို့သုံးယောက် ရှင်ပြုမှာကို ကုသိန္နရုံတွင် အုတ်ကျောင်းဆောက်လုပ်လှူရန်ဆိုသော ဖွားဖွား၏စကားမှာ ငွေသောင်းချီကုန်ကျနိုင်သည် မဟုတ်ပါလား။

"အဲဒါ မြတ်သာဖံနဲ့ ဝေဝေတို့ ဘယ်လိုသဘောရကြတုန်း"

ဦးမြတ်သာဖံနှင့် ဒေါ်ဝေဝေခိုင်တို့သည် ဒေါ်နန်းဖဲဦး၏အမေးကို ချက်ချင်းမဖြေနိုင်ကြသေးဘဲ တစ်ယောက်မျက်နှာတစ်ယောက် ငေးကြည့်လိုက်ကြသည်။ သူတို့စိတ်ထဲမှာ သောင်းချီကုန်ကျမည့် ရှင်ပြုပွဲအလှူအတွက် ဝိဘက်ဝိစာရ ပွားလျက်ရှိကြသည်။

"ကဲ မောင်မောင်တို့ ကြားကြတယ်မှတ်လား၊ မောင်မောင်တို့ကို ဖွား

ဖွားက သက်နှန်းတစ်ခါ ထပ်စည်းအုံးမလို့တဲ့၊ မောင်မောင်တို့သဘောကို ပြော လိုက်ကြလေ"

ဒေါ်ဝေဝေခိုင်သည် သူနှင့် သူ့ခင်ပွန်း ဦးမြတ်သာဓတို့၏ ဖြေကြားရ မည့်စကားကို ပါးနပ်လိမ္မာစွာ ကလေးတွေဆီက ပုတ်ထုတ်လိုက်၏။

"ဟင် လေးမြို့မှာတုန်းကလည်း ကျွန်တော်တို့ကို ရှင်တစ်ခါပြုပြီးပြီပဲ အမေ၊ ကျွန်တော်တို့ ကိုရင်မလုပ်ချင်ဘူး၊ ကိုမောင်မောင်ထွေးက ရှင်မပြုရသေး ဘူးရင် ကိုမောင်မောင်ထွေးတစ်ယောက်တည်းပဲ ရှင်ပြုပေါ့ ကျွန်တော်တို့က—"

"ဟဲ့ ဝေဝေ ဒါက မောင်မောင်တို့ ပြောရမဲ့စကားလားဟဲ့၊ ငါမေးနေတာ က ဝေဝေနဲ့ မြတ်သာဓကို မေးတာ"

သက်နှန်းမဆည်းချင်သော ကိုမောင်မောင်လေး၏စကားမှာ အဖွား၏ စကားကြောင့် ချက်ချင်းရပ်သွားရပြန်သည်။

"အော် ကလေးတွေရဲဆန္ဒကိုလည်း သိထားရတော့ ပိုကောင်းတယ် ထင်လို့ ဝေဝေကလည်း မေးတာပါ မေမေ၊ ကျွန်တော်တို့အနေက ကုသိုလ်လုပ် တာပဲ၊ ကန့်ကွက်စရာ မရှိပါဘူး"

ဦးမြတ်သာဓသည် သူ့မိန်းမစကားကို ကြားဝင်ဖာထေးလိုက်၏။

ဤရှင်ပြုပွဲကိစ္စတွင် အဓိကကျသူ ကိုမောင်မောင်ထွေးမှာတော့ မဖော် ပြတတ်သော ခံစားချက်တစ်ခုနှင့် သူ့အဖွားမျက်နှာကြည့်လိုက်၊ သူ့မင်းမင်းကြီး အရှင်ကြီးတို့၏မျက်နှာကြည့်လိုက်နှင့် လူကြီးတွေရှေ့တွင် ငုတ်တုတ်ကလေး ထိုင်နေရှာ၏။

သူ့အနေမှာ ကိုရင်လည်း ဝတ်ဖူးသူမဟုတ်သဖြင့် မည်သို့ပြောရမှန်း မသိဖြစ်ပြီး မျက်စိသူငယ်ဖြစ်နေရှာသည်။

ဤသည်ကိုကြည့်ပြီး ခိုင်မေထွေးက ကိုမောင်မောင်ထွေးကို သနားနေ မိ၏။

ဒေါ်နန်းဖုံဦးသည် မြေးမနှင့်သားကို ကွမ်းမြုံထားရင်းက တစ်ချက်ကြည့် ပြီး ပြုံးလိုက်၏။ ပြီးမှ သူ့ဆန္ဒပါသောစကားကို ဆက်သည်။

"အေးလေ သားပြောတာကိုရော သမီးပြောတာကိုရော သဘော ပေါက်ပါတယ်။ ကုသိုလ်ဒါနပြုတယ်ဆိုတာ တစ်ဖက်က မတားမဆီးတာတော့ မှန်တာပေါ့၊ ဒါပေမဲ့ တစ်ဖက်ကလည်း ကုသိုလ်ဒါနပြုတဲ့အခါမှာ သက်ဆိုင်ရာ သူတွေအားလုံးက ကျေကျေနပ်နပ်ဖြစ်ကြမှလည်း ကုသိုလ်ဒါနမြောက်မှာ၊ အဲဒီ တော့ အမေ ပြောချင်တာက"

ဒေါ်နန်းဖုံဦးသည် ချက်ချင်းစကားမဆက်သေးဘဲ ကြေးကွမ်းဆုံထဲက ကွမ်းတစ်ကော်ကိုယူကာ ပါးစပ်ထဲသို့ ထည့်လိုက်ပြန်သည်။

"ဒီ ရှင်ပြုရမဲ့ကိစ္စနဲ့ပတ်သက်ပြီး သားတို့သမီးတို့ရော ငါ့မြေးတွေရော

စိတ်ထဲမှာ သန့်သန့်ရှင်းရှင်းဖြစ်စေချင်တာကတော့ အမေ့ဆန္ဒပါပဲ၊ ဒီအလှူမှာ ကုန်ကျမဲ့ ငွေကြေးပမာဏအားလုံးဟာလည်း ငါ့မြေး မောင်မောင်ထွေးအမေရဲ့ အမွေဝေစုထဲကငွေနဲ့ လုပ်မှာပါ။ သမီးအတွက်ရည်စူးပြီး မြေးလည်းကုသိုလ်ရအောင် ငါက စီမံတာပါပဲ၊ ဒီအလှူမှာ မြတ်သာဇံတို့ဝေဝေတို့အနေနဲ့က စေတနာသဒ္ဓါတရားရှိသလောက်ပဲ ပါဝင်နိုင်ပါတယ်။

အဖွားဏ်စကားက ပြတ်သားလှသည်။ သို့သော် ကိုမောင်မောင်ထွေးတို့အမေ ဆုံးပြီးနောက်ပိုင်းမှာ အဖွားကြီး၏ရှိသမျှပစ္စည်းသည် သူတို့ ပစ္စည်းဟုသဘောထားကြသော ဦးမြတ်သာဇံနှင့် ဒေါ်ဝေဝေခိုင်တို့အဖို့ မှာ ရှင်ပြုပွဲအတွက် ကုန်ကျမည့်ငွေသည် သူတို့ခါးပိုက်ထဲက ငွေလိုဖြစ်နေသဖြင့် မစ္ဆရိယပွားလျှက်ရှိကြသည်။

အမေ့စကားကို မကောင်းတတ်၍ မပိတ်ပင်ရဲကြသော်လည်း စိတ်ထဲက အလိုမကျဖြစ်ကြရသည်မှာတော့ အမှန်ပင်တည်း။

"မောင်မောင်တို့ ပါမယ်ဆိုတော့ မောင်မောင်တို့နှစ်ယောက်အတွက်ကတော့ ကျွန်တော်တို့တာဝန်ထားပါတယ်အမေ မောင်မောင်ထွေးအတွက်သာ ညီမအမွေထဲက ထည့်လှူပါ၊ ကျွန်တော်တို့ ကျေနပ်ပါတယ်"

"ကောင်းပြီလေ ရက်ကောင်းရက်သာရွေးဖို့နဲ့ နေ့ရက်ကို သားပဲ စီစဉ်ပါ အမေ့သဘောကတော့ နွေလရဲ့ တစ်နေ့နေ့ဆိုရင်ပြီးတာပဲ"

"ဟုတ်ကဲ့ အမေ အားလုံး ကျွန်တော် ကြည့်စီစဉ်ပါ့မယ်"

ဦးမြတ်သာဇံသည် ရှင်ပြုပွဲအတွက် တာဝန်ယူကြောင်းပြောပြီးသောအခါ သူ့အမေရှေ့က ဦးဆုံးထွက်ခွာသည်။ ဦးမြတ်သာဇံနှင့် မရှေးမနှောင်းမှာပင် ဒေါ်ဝေဝေခိုင်သည်လည်း အဖွားကြီးရှေ့မှောက်မှ ထွက်ခွာတော့၏။

အမေအဖေတို့နှင့်အတူ ကိုမောင်မောင်ကြီးနှင့် ကိုမောင်မောင်လေးတို့ကလည်း အဖွားရှေ့မှ မတ်တပ်ထကြ၏။

"မောင်မောင်တို့ ခဏနေကြအုံး"

အဖွားက ခဏနေအုံးဆိုသဖြင့် ကိုမောင်မောင်ကြီးနှင့် ကိုမောင်မောင်လေးတို့က အဖွားရှေ့ ပြန်ထိုင်ကြ၏။

"ငါ့မြေးတို့ကို အဖွားတစ်ခုပြောမယ် ဒီနှစ် ငါ့မြေးတို့ကို ရှင်ပြု တဲ့အခါ ကိုရင်ဝတ်နဲ့ ငါ့မြေးအားလုံး တစ်မိုးတစ်ဝါနေနိုင်ကြရင် သုံးယောက်စလုံးကို နောက်နှစ် ဖွားဖွား မဗ္ဗိမကိုခေါ်သွားမယ် ဘယ့်နယ်လဲ မောင်မောင်တို့ ကိုရင်ဝတ်နဲ့ ဘယ်သူနေမလဲ"

ဒေါ်နန်းဇိဦးသည် မြေးသုံးယောက်စလုံး၏ မျက်နှာကို တစ်ယောက်စီ ငေးကြည့်ကာ မေးလိုက်၏။

မောင်မောင်တို့သုံးယောက်သည် အဖွား၏ မျက်လုံးအကြည့်အရှု

ကြောင့် မျက်လွှာကိုယ်စီချထားလိုက်သည်။ မည်သူကမှ အနောက်မဖွဲ့မသို့ လိုက်ချင်ပါသည်။ ကိုရင်ဝတ်နှင့်နေပါမည်ဟု မပြောကြပေ။

"မောင်မောင်ကြီး"

"ဘုရား"

"ဘယ်နှယ်လဲ ဖွားဖွားမေးတာ ကိုရင်ဝတ်နဲ့ တစ်မိုးတစ်ဝါမနေနိုင်ဘူးလား၊ ဖွားဖွားကတော့ ငါ့မြေးသုံးယောက်ထဲက တစ်ယောက်ယောက်ကို ဘုန်းကြီးဖြစ်စေချင်တယ်၊ သုံးယောက်စလုံး ဖြစ်သွားတော့လည်း ကောင်းတာပေါ့။ ဖွားဖွား မသေခင် ငါ့မြေးတို့ဟောတဲ့တရားဦး ဖွားဖွား နာသွားချင်တယ်ကွယ်"

ဤသည်မှာ ဖွားဖွားဆန္ဒအမှန်ပင်ဖြစ်သည်။ ကိုမောင်မောင်တို့ သုံးယောက်ထဲက တစ်ယောက်ယောက်ကို ဖွားဖွားသည် ရဟန်းသံဃာဖြစ်စေချင်သည်။ ရဟန်းအမကြီးအဖြစ် သေသောအခါ ရွှေထီးဆောင်းခံချင်သည်။ နောင်သံသရာအတွက်လည်း သာသနာ့အမွေကို ခံယူလိုပေသည်။ သို့သော် ကိုမောင်မောင်တို့အနေမှာကား ဘုန်းကြီးလုပ်ဖို့ကို ကိုရင်ဝတ်ဖို့ကို မည်သို့မျှ အထုံဝါသနာမပါကြပေ။ ကိုမောင်မောင်ကြီးနှင့် ကိုမောင်မောင်လေးတို့ကို လေးမြို့ဦး ရှင်ပြုစဉ်ကလည်း သင်္ကန်းဝတ်နှင့် တစ်ပတ်သာနေခဲ့ကြ၏။ မည်သူ့ကိုမေးမေး တုဏှိဘာဝေ နှုတ်ဆိတ်၍သာ ရှိကြလေသည်။

"မောင်မောင်ကြီး ပြောလေ ဘယ့်နှယ်လဲ ဖွားဖွားမေးတာ"

"ကျွန်တော် စဉ်းစားအုံးမယ်ဖွားဖွား"

ဒေါ်နန်းဇံဦးသည် သက်မတစ်ချက်ကို မသိမသာချလိုက်ပြီး ကိုမောင်မောင်လေးကို ဆက်မေး၏။

"မောင်မောင်လေးကကော"

"ကျွန်တော်လည်း စဉ်းစားအုံးမယ်ဖွားဖွား"

"မောင်မောင်ထွေးကကော"

"ကျွန်တော်က ကိုရင်ဝတ်ပြီးမှ စဉ်းစားမယ် ဖွားဖွား"

"ကောင်းပါ့တော် ကောင်းပ၊ မောင်မင်းကြီးသားများကို ဖွားဖွားပြောအုံးမယ်၊ ရဟန်းသံဃာ ပါရမီဆိုတာ တော်တော်နဲ့တော့ဖြစ်ဖို့မလွယ်ဘူးပေါ့ကွယ်၊ ဒါပေမင့် ပါရမီအထုံပါအောင် ဒီတစ်ခါ ရှင်ပြုရင် ငါ့မြေးများ ကြီးစားပြီးနေကြပါ၊ သင်္ကန်းဝတ်နဲ့ နေနိုင်တဲ့ပုဂ္ဂိုလ်ကို ဖွားဖွားက အနောက်မဖွဲ့မှာ ထားပေးမယ်၊ ဘုန်းကြီးရဟန်းဖြစ်လာရင် ကိုယ်ပိုင်ကျောင်း ကိုယ်ပိုင်သိမ်နဲ့ကို ဖွားဖွားက ကိုးကွယ်မှာ ရခိုင်ပြည်မှာနေနေ၊ မဖွဲ့မှာနေနေပေါ့၊ ငါ့မြေးတို့ ပျော်ရာမှာနေနိုင်တယ်၊ တကယ်လို့ ဖလောင်းချိုင့် ပန်းဝါဘက်မှာပဲ နေချင်တယ်၊ ရွှာတော်နဲ့ ရာဇဌာနီမှာပဲ နေချင်တယ်ဆိုရင်လည်း ငါ့မြေးတို့ပျော်ရာမှာ ထားပေးပါ့မယ်၊ ကုလားပြည်ဆိုပေမယ့် မဖွဲ့မှာလည်း ရခိုင်ကကိုယ်တော်တွေ အများကြီးရှိတယ်၊ ဖွားဖွား

သဘောကတော့ ဗုဒ္ဓဂါယာမှာ ငါ့မြေးတို့ကို ရဟန်းသံဃာအဖြစ်နဲ့ မြင်ချင်တယ်၊ အဲဒါ ဒီတစ်ခါ ရှင်ပြုရင် ငါ့မြေးတို့ ကြိုးစားကြ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဒါဒါ"

ဤစကားကိုတော့ ကိုမောင်မောင်တို့ သုံးယောက်စလုံးပင် သွက်သွက်လက်လက်ဖြေကြားကြ၏။

"ကဲ ငါ့မြေးတို့ ဒီကနေ့ တရားနာကြအုံး၊ ခိုင်ခိုင်က တရားဓာတ်ပြားတွေ အသင့်စီထား၊ ဖွားဖွား အောက်ခဏဆင်းလိုက်အုံးမယ်"

'ဒီကနေ့ တရားနာလိုက်အုံး' ဆိုသော အဖွား၏စကားကို ခိုင်မေထွေးကလွဲလျှင် ကိုမောင်မောင်တို့သုံးယောက်စလုံး မျက်နှာပျက်ချင်နေကြသည်။ တရားဓာတ်ပြားသည် အိမ်၌ငါးဆယ်ကျော်ရှိ၏။ ထိုဓာတ်ပြားများကို တစ်ပြားပြီးတစ်ပြား အဖွားအားဖွင့်ပြရသည်မှာ အမှန်က သက်သာလှသည်မဟုတ်။ ဓာတ်စက်မှာ သံကောက်နှင့်လှည့်ရသော ရှေးခေတ်ဓာတ်စက်ဖြစ်သဖြင့် ဓာတ်ပြားနှစ်ချပ်မကုန်ခင် သံပတ်တစ်ခါစီ ပေးလှည့်ရသည်။ ဓာတ်ပြားငါးဆယ်ဆိုလျှင် တစ်ယောက်တည်းသာဆိုပါက လက်မောင်းကိုအောင့်နေ၏။ တစ်ယောက်တည်းမတတ်နိုင်၍ မြေးသုံးလေးယောက်က အလှည့်နှင့် ဓာတ်ပြားဖွင့်ပြသည်ကို အဖွားကတော့ သက်တောင့်သက်သာ လဲလျောင်း၍ တရားနာတတ်၏။ တရားဓာတ်ပြားပြီးလျှင် အောင်ခြင်းရှစ်ပါး၊ မဟာဒုတ်၊ ငါးပါးပဥ္စသီ၊ သီလဂုဏ်တော်၊ ရတနာ့ဂုဏ်ရည် စသည်စသည် သီချင်းဓာတ်ပြားများကလည်း ရှိသေး၏။

ဓာတ်ပြားဖွင့်ရန် ဓာတ်စက်သံကောက်လှည့်ရသည်ထက် တုံးသွားသော ဓာတ်စက်အပ်သေးသေးလေးတွေကို ကျောက်သင်ပုန်းတွင် မြနေအောင် သွေးရသည်က ပို၍ပျင်းဖို့ကောင်းသည်။ ထို့ကြောင့် ခိုင်မေထွေးကလွဲလျှင် သူတို့သည် ဖွားဖွားအနား မည်သို့မျှ မနေချင်ကြ။

ခိုင်မေထွေးက ဤတာဝန်များအပြင် ဖွားဖွားအတွက် ကွမ်းထောင်းရသောအလုပ်ကိုလည်း တာဝန်ယူထားသေးသည်။ ထို့ကြောင့် ကိုမောင်မောင်ထွေးသည် တစ်ခါတစ်ခါ ခိုင်မေထွေးကိုသနား၍ ကွမ်းထောင်းသောအလုပ်ရော ဓာတ်စက်အပ်သွေးသောအလုပ်ကိုပါ ဝင်ကူတတ်သည်။

ကိုမောင်မောင်တို့နှစ်ယောက်ကတော့ ခိုင်မေထွေးခိုင်းလျှင် တစ်စုံတခုအကြောင်းပြ၍ ထွက်လစ်ပြေးကြ၏။ ခိုင်မေထွေးကိုသနားသော ကိုမောင်မောင်ထွေးတစ်ယောက်သာ ခိုင်မေထွေးကိုကူဖော်ရ၍လည်း ကိုမောင်မောင်ထွေးကို ခိုင်မေထွေးက ပို၍ခင်မင်ခြင်းဖြစ်၏။ အမှန်က ခိုင်မေထွေးသာမဟုတ်၊ ဖွားဖွားကလည်း ခိုင်မေထွေးနှင့် အမြဲတတွဲတွဲနေသော ကိုမောင်မောင်ထွေးကို ပို၍ချစ်သည်။ 'ခိုင်ခိုင်တို့ ဖွားဖွားတို့နဲ့ စိတ်ချင်းနီးတာ ငါ့မြေးတစ်ယောက်ပဲရှိတယ်'ဟု ကိုမောင်မောင်ထွေးကို ဖွားဖွားက ချီးကျူးပြောဆိုတတ်သည်။

အမှန်က ခိုင်မေထွေးတို့ ဖွားဖွားတို့နှင့် ကိုမောင်မောင်ထွေးက စိတ်ချင်းနီးသည်မဟုတ်၊ ခိုင်မေထွေးကို သနား၍သာ ဖြစ်လေသည်။ ဤသည်ကိုမသိသော ဖွားဖွားကတော့ ခိုင်မေထွေးအနားတွင် ကိုမောင်မောင်ထွေးက ဝေယျာဝစ္စကူလုပ်ပေး၍ တွေ့ရလျှင် အမြဲကျေနပ်ပြုံး ပြုံးနေတတ်သည်။

ယခုလည်း တရားခတ်ပြားတွေစီနေသော ခိုင်မေထွေးအနားတွင် ကိုမောင်မောင်ထွေးက ဖွားဖွားရောက်လာလျှင် အသင့်ခတ်စက်ဖွင့်နိုင်ရန် ခတ်စက်ပေါ် တရားခတ်ပြားများတင်၍ သံပတ်ပေးနေ၏။

"ကိုကိုတို့ ကိုရင်ဝတ်နဲ့ ဘယ်လူနေမှာလဲဟင်"

ခိုင်မေထွေးက ခတ်ပြားတွေစီရင်း သူ့အစ်ကိုသုံးယောက်ကို သွေးတိုးစမ်းသလို အဖွားမရှိတုန်းမေး၏။

"တို့မနေပါဘူး၊ အများဆုံးနေ နှစ်ပတ်ပဲ"

ကိုမောင်မောင်လေးက ထုံးစံအတိုင်း နှုတ်ခမ်းစူ၍ပြော၏။

"မနေရင် အနောက်မဏ္ဍိုမကို မလိုက်ရဘူးပေါ့"

"ရှိကုလားပြည် တို့ကလည်း မသွားချင်ပါဘူး၊ ကုလားနဲ့ ဆွေမျိုးတော်ချင်တဲ့ နင်နဲ့ဝါကြီးမပဲသွားကြ။ ငါတို့က ကုလားမှမဟုတ်တာ၊ ရခိုင်တွေပဲ ကုလားပြည် ဘာသွားလုပ်မှာလဲ"

"ဝါကြီးမ" ဆိုသည်မှာ အဖွားကြီးဟု ပြောခြင်းပင်။

"ဘာလုပ်ရမှာလဲ ဘုရားဖူးပေါ့ကွ"

ဤစကားကိုတော့ ကိုမောင်မောင်ကြီးက ဝင်ပြော၏။

"ဘာလဲ ကိုကိုကြီးက လိုက်ချင်လို့လား"

"လိုက်ချင်တာပေါ့ကွ ရာဇဌာနီလှည့်သွားရင် တို့ဆွေမျိုးတွေပါ တွေ့ရမယ်၊ ရာဇဌာနီမှာ တို့အမျိုးတွေ အများကြီးရှိတယ်၊ တို့ဖွားဖွား ခဏခဏပြောနေတာပဲ၊ သောဒလီပါရာမှာဆိုရင် ဦးရိုးတော်တစ်ယောက်နဲ့ အရှင်ကြီးတစ်ယောက် ခုထိရှိတယ်တဲ့၊ တို့ကို သိပ်တွေ့ချင်တယ်လို့ စာထဲမှာပါတာပဲ"

"အဲဒါ ဒါဒါမြင်တဲ့ စိတ်အိပ်မက်ပါ ကိုကိုကြီး။ အဲဒီအစွဲနဲ့ပဲ သေရင် ဒါဒါ အစိမ်းဖြစ်မှာသေချာတယ်၊ ကုလားပြည်(ဘင်္ဂလားဒေ့ရှ်)ထဲမှာ ရခိုင်တစ်ပြည်ရှိသေးတယ်ဆိုတာ လူတိုင်းသိပါတယ်၊ ဒါပေမင့် သူများတွေက ဒီလိုအလွမ်းသယ်မနေပါဘူး၊ ဒီက ဒါဒါကသာ တ-တတ ဖြစ်နေတာ၊ သူ့ဆွေမျိုးတွေဆီ သွားချင်တာနဲ့ မဏ္ဍိုမကို ဘုရားဖူးဆိုပြီးအကြောင်းပြတာ၊ ဘုရားများ မြောက်ဦးမှာအပုံ၊ ရှစ်သောင်း ကိုးသောင်း ဖူးပါလေ"

"အဲဒါ ကိုကိုလေးကို ပါပါက ပြောထားတာမဟုတ်လား"

ခတ်ပြားစီနေသော ခိုင်မေထွေးက သူ့အစ်ကိုလေးကို ဝင်မေးလိုက်၏။

"ဟုတ်တယ် ပါပါက ဒီအတိုင်းပြောတာပဲ၊ အလကား ပိုက်ဆံ အကုန်

ခံတယ်၊ ငါ နာရီကောင်းကောင်းတစ်လုံးဝယ်ပေးပါ ပြောတာတော့ ဟို ဟို ဒီ....."

"ဟော့ကောင် ဒါဒါ လာနေပြီ"

ကိုမောင်မောင်လေး စကားမဆုံးခင်ပင် ဒေါ်နန်းဇီဦး တက်လာသဖြင့် ကိုမောင်မောင်ကြီးက ကိုမောင်မောင်လေးကိုလက်တို့ပြီး လေသံတိုးတိုးနှင့် ပြောလိုက်၏။

"သဗ္ဗာယ ယုံကြည်သောစေတနာ သဒ္ဓါသောစိတ်ဖြင့်၊ ဒါနံ အလှူကို၊ ဝဒန္တု ပေးစေကုန်သတည်း။ သဗ္ဗဒါ ခပ်သိမ်းသောအခါ၌၊ သီလံ သီတင်းကို၊ ရက္ခန္တု စောင့်စေကုန်သတည်း။

ဒေါ်နန်းဇီဦး ထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ဓာတ်စက်မှ ကြည်ညို ဖွယ်ရာကောင်းသော တရားသံသည် ပေါ်ထွက်၍ လာလေသည်။

× × × × × × × × × × × ×

# အခန်း (၉)

"သပြေ သပြေတောရွာ၊ ပျောသံတွေ သာသာယာယာ၊ နေခြည်
မှာရွှေရည်ဝင်း .... ဆယ်စင်းလည်းမကပါ၊ ထီးတန်းကြီးရယ်နဲ့
မောင်သာချို ရှင်လောင်းလှည့်လို့လာ ...."

နွေနှောင်းလ၏ကျောင်းပိတ်ရက်မှာ ဖွားဖွား၏အလိုကျ ကိုမောင်မောင်တို့သုံးယောက်ကို ရှင်ပြု၏။

ငွေသောင်းချီအကုန်ခံထားသော ရှင်ပြုမင်္ဂလာပွဲမို့ ကိုမောင်မောင်တို့ ရှင်ပြုပွဲကား အစည်ကားကြီး စည်ကားလေသည်။

လေးမြို့က သူဌေးမကြီး ဒေါ်နန်းဖိုး၏အလှူသည် ရဟန်းပရိသတ်၊ လူပရိသတ်တို့ဖြင့် မဏ္ဍပ်ပြည့် အိမ်ခြံပြည့်ပင်။ မဏ္ဍပ်ထဲက ရောင်စုံဖဲစက္ကူများကို နွေနှောင်းလေသည် တဖျပ်ဖျပ်တိုက်ခတ်လျှက်ရှိသည်။ လေတိုးလာတိုင်း တလှုပ်လှုပ် တလှပ်လှပ်ဖြစ်နေသော ဖဲစက္ကူရောင်စုံများနှယ် ခိုင်မေထွေး၏စိတ်ထဲမှာလည်း အတိုင်းမသိ လှုပ်ရှားလျှက်ရှိလေသည်။

ရွှေပွဲလာဧည့်ပရိသတ်များကို ဖွားဖွား၏နောက်က လိုက်နှုတ်ဆက်ရသည်။ လူတွေမှာ မဏ္ဍပ်ထဲကို ဝင်ထွက်မစဲတသဲသဲ ဖြစ်နေကြ၏။ လေးမြို့နယ်တစ်နယ်လုံးက လာကြသူတွေနှင့် ကစ္ဆပနဒီမြို့က လူတွေမှာ ခွဲခြားမရလောက်အောင် ရောထွေးစည်ကားလျှက်ရှိလေသည်။

ကိုမောင်မောင်တို့ကို နတ်ပြ ရှင်လောင်းလှည့်ကအပြန်တွင် ခိုင်မေထွေးသည် မောနေ၏။ ရှိသမျှလက်ဝတ်ရတနာများနှင့် အချောဆုံး အလှဆုံးပြင်ဆင်ကာ လူအုပ်ကြားထဲတွင် ပန်းတောင်ကွမ်းတောင်ကိုင်၍ တရွေ့ရွေ့သွားလာရသည်မှာ စိတ်ရောကိုယ်ပါ ကျဉ်းကျပ်နေလေသည်။ ဖွားဖွားကမူ သူ၏အလှူအတွက် တပြုံးပြုံးဖြစ်နေ၏။

"သာချို သာချို × အသွင်ပြောင်းလဲခဲ့ရအမှန် × × ရှင်လောင်း
လှည့်ကအပြန် × ကညာပျိုအတွက်ကိုလ × ဗျာပိုလျှက်သာပ
× သာချို သာချို သာချိုခမျာ × မဏ္ဍပ်အတွင်းမှာနော် ကွယ်
× ဘိသိတ်သွန်းတဲ့ခါ × ကြိတ်မှိတ် ရင်းသာ အားခဲနေရရှာ
× ×"

အသံချဲ့စက်မှ ကျယ်လောင်သောအသံက ခိုင်မေထွေး၏စိတ်ကို ပိုမော စေလေသည်။

"မရှိတဲ့ကြားက အမိမဲ့သားကို × သနားစရာ အများသဟာ တို့ရဲ့ × ဖြေလည်းမဖြေသာ၊ ကြေကွဲနေတာ × ဒီနှစ်တော့ ကိုရေချမ်းရယ် × သားလေးကိုသာ ရှင်ပြုရမယ်လို့ × အာခံရှာ တဲ့ ဒေါ်ဒေါင်းခမျာ × သားရှင်လောင်းကိုမှ × မမြင်ရလေရှာ၊ မြေဇာ × ဖြစ်ရရှာ"

အသံချဲ့စက်မှ သီချင်းသံကြောင့် ခိုင်မေထွေးသည် အလိုလို ဝမ်းနည်း လာသည်။ ငိုချင်စိတ်နှင့် ရင်ထဲဆို့နေမိ၏။

ကိုမောင်မောင်ထွေးမှာ အမိသာမဟုတ်၊ အဖလည်းမရှိရှာပေ။ ကိုမောင် မောင်ထွေးတို့အမေ ခိုင်မေထွေးတို့ဒေါ်လေးသာရှိလျှင် မည်သို့နေမည်မသိ။

ခိုင်မေထွေးသည် ဘုန်းတော်ကြီးများရှေ့ရှိ ကိုမောင်မောင်တို့သုံး ယောက်ထဲက ကိုမောင်မောင်ထွေး၏မျက်နှာကို မမှတ်မသုန်ကြည့်ကာ မျက်ရည် ဝဲနေရာသည်။ ကိုမောင်မောင်ထွေးအနေမှာ ဘုန်းကြီးရဟန်းတွေကြား အကျွမ်း တဝင်နေဖူးသူမဟုတ်သဖြင့် မည်မျှ အနေကျဉ်းကျပ်လျှက်ရှိနေမည်ကို ခိုင်မေ ထွေး တွေးနေ၏။ အရင်ကလည်း ရှင်သာမဏေတစ်ခါ လုပ်ဖူးကြသော ကိုမောင် မောင်ကြီးနှင့် ကိုမောင်မောင်လေးတို့အနေကတော့ မည်သို့မျှ မထူးခြားပေ။ ခိုင်မေ ထွေးကိုပင် မျက်စိတစ်ဖက်မှိတ်ပြ၍ ပြောင်ချော်ချော်လုပ်နေကြသည်။ ကိုမောင် မောင်ထွေး၏မျက်နှာကား ညှိုးညှိုးနွမ်းနွမ်းဖြစ်နေလေသည်။

ဖွားဖွား၊ ဖေဖေ၊ မေမေတို့ကို လှမ်းကြည့်နေသော ကိုမောင်မောင်ထွေး သည် ခိုင်မေထွေး၏မျက်နှာကိုမြင်ရသောအခါ ချက်ချင်း မျက်လွှာချပစ်လိုက်သည်။

"(လောကဓံတရား × သိကြသား၊ သိမှတ်သား × ဘဝဆို တာ ဖြစ်မြဲ မမြဲမမွတာ)၂ × သာချို ဆံချပြီးတဲ့အခါ (သင်္ကန်း × ဆင်မြန်း × အသွင်ဆန်းလာ)၂၊ သပိတ်ကိုပိုက် × ကျောင်းကိုလိုက် ကိုအဌာ × နောက်ဆံမတင်းပါနဲ့ × × ပျိုကညာ ဖော်ပြန်မယွင်းပါတဲ့ ညီထွေးကမှာ ...."

ဤတစ်ခါတော့ ဖွားဖွား၏မျက်နှာကပါ ညှိုးလာသည်။ စောစောပိုင်း က အပြုံးများသည် ဖွားဖွား၏မျက်နှာတွင် မရှိတော့။ ဖွားဖွားသည် သွားလေသူ သမီးငယ်ကို သတိရနေပုံတည်း။

မောင်မောင်တို့ကို ဆံချခေါင်းရိပ်သောအခါ ဆံပင်တွေကို ပိတ်ပါးနှင့် ခံထားရသည်။ ကိုမောင်မောင်ကြီး ကိုမောင်မောင်လေးတို့ ဆံပင်ခံထားသော ပိတ်စများကို ဖေဖေမေမေနှင့် လေးမြို့ကရောက်နေသော ဆွေမျိုးထဲက ညီအစ်ကို တော်တွေက ကိုင်ပေးထားကြသည်။

ကိုမောင်မောင်ထွေး၏ ဆံခံပိတ်ထည်ကိုတော့ ဖွားဖွားနှင့် ခိုင်မေထွေးတို့က တစ်ယောက်တစ်ဖက်စီ ကိုင်ပေးထားကြ၏။

'မရှိတဲ့ကြား × အမိမဲ့သား' ဟူသော သီချင်းသံကြောင့်လားမသိ၊ အဖွား၏မျက်ဝန်းထဲတွင် မျက်ရည်တို့ ပြည့်လျှံလာသည်။ ဆံခံပိတ်စကို ကိုင်ထားသော လက်အစုံကလည်း တုန်တုန်ယင်ယင်ဖြစ်လာ၏။

အဖွားကိုကြည့်ကာ ခိုင်မေထွေးပါ ငိုချင်လာသည်။ သို့သော် မျက်ရည်ကျ၍ ရုတ်တရက် 'ဟင့်'ကနဲ ရှိုက်လိုက်သူကတော့ အဖွားပင်တည်း။

"အဖွား ကျွန်တော့်သူငယ်ချင်းကို ကျွန်တော်ကိုင်ပေးပါ့မယ် အဖွားရယ်"

ကြည်အေး၏ ကရုဏာလွှမ်းသောအသံနှင့်အတူ လူငယ်တစ်ယောက်သည် အဖွားလက်ထဲကပိတ်စကို အလိုက်သိစွာ ဝင်လာကိုင်ပေး၏။

ထိုလူငယ်လေးက အဖွားနှင့်အတူ ခိုင်မေထွေးရော ကိုမောင်မောင်ထွေးကပါ တစ်ချက်ပြုံင်တူလှည့်ကြည့်လိုက်ကြသည်။ သူ့ကို မြင်မြင်ချင်း ခိုင်မေထွေး မှတ်မိသည်။ ကိုဘချမ်းပင်တည်း။

ခိုင်မေထွေးသည် သက်တူရွယ်တူ လုလင်ပျိုလေးတစ်ယောက်နှင့် ပိတ်စတစ်ခုတည်းကို ဟိုဘက်သည်ဘက် ကိုင်ပေးထားကြသဖြင့် စိတ်က ချက်ချင်းလှုပ်ခတ်လာသည်။ ရင်ထဲကအေး၍ ကတုန်ကရင်ကြီးပင်ဖြစ်လာမိ၏။ တဒင်္ဂအတွင်းမှာပင် တောရကျောင်း စေတီတော်ခြေရင်းနှင့် 'မြတ်ပန်းခွေ' သီချင်းအလိုက် လေချွန်သံကို ခိုင်မေထွေး နားထဲမှာ ချက်ချင်း ကြားယောင်လာလေသည်။

"အောင်ဖဲ မင်းထမင်းဆာရင် ညနေ ငါ လာပို့ပေးမယ်၊ စားမယ်မှတ်လား"

ကိုမောင်မောင်ထွေး၏ငယ်မည် မောင်အောင်ဖဲကိုခေါ်၍ သူက နောက်သည်။ ကိုမောင်မောင်ထွေးကို ဆံရိတ်ပေးနေသော ဦးပဥ္စင်းက ကိုဘချမ်းကို အလိုမကျသောမျက်နှာနှင့် တစ်ချက်စွေကြည့်၏။

ခိုင်မေထွေးသည် မျက်နှာချင်းဆိုင်ဖြစ်နေသော ကိုဘချမ်း၏ မျက်နှာကို ရဲရဲမကြည့်ဝံ့သဖြင့် ကိုမောင်မောင်ထွေး၏ ခေါင်းကိုသာ စေ့စေ့ကြည့်နေရသည်။ တရှုရှုမြည်သံနှင့် ပြုတ်ကျသွားသော ဆံပင်အထွေးလိုက်တို့သည် ပိတ်စပေါ်သို့ တစ်ထွေးပြီးတစ်ထွေးကျလာသည်။ ကိုမောင်မောင်ထွေး၏ ခေါင်းမှ ဦးရေစိမ်းစိမ်းတို့သည် တစ်ရစ်ပြီးတစ်ရစ် ပေါ်လာ၏။

"ရော့ ခိုင်ခိုင် အောင်ဖဲဆံပင်တွေကို ခိုင်ခိုင့်ဖွားဖွားပေးလိုက်၊ ကျွန်တော်ကိုရင်လောင်းကို မဏ္ဍပ်ပေါ်ထိ ရွက်တင်ပေးလိုက်အုံးမယ်"

ဆံချ၍ပြီးသွားသောအခါ ကိုမောင်မောင်ထွေး၏ ဆံပင်များ ခံပေးထားသော ပိတ်စကိုလုံးထွေးပြီး ခိုင်မေထွေးအား ကိုဘချမ်းက ကပ်လိုက်သည်။

"ကိုကိုထွေးကို အောင်ဖဲလို့မခေါ်ပါနဲ့ ဖွားဖွား မကြိုက်ဘူး"

ခိုင်မေထွေးက သည်တစ်ခါတော့ ကိုဘချမ်းကို ရဲရဲတင်းတင်းပင်ပြောလိုက်၏။ ကိုဘချမ်းသည် ခိုင်မေထွေး၏မျက်နှာကို ခဏတွေကြည့်ကာ ...

"အေး ဟုတ်သားပဲ ကျွန်တော် မေ့သွားတယ်၊ ခိုင်ခိုင် ကျွန်တော့်ကို ဘယ်လိုမှ မအောင့်မေ့ပါနဲ့နော်၊ ကျွန်တော် တောင်းပန်ပါတယ်"

"တောင်းပန်စရာ မလိုပါဘူး၊ ရှင်သိထားရင် ပြီးတာပါပဲ"

သူ့အား ပိုင်းစိုးပိုင်နင်း 'ခိုင်ခိုင်' ဟု ခေါ်သည်နှင့် ကိုမောင်မောင်ထွေးအား 'အောင်ဇံ' ဟုခေါ်သော နှစ်ရပ်ပေါင်းမကျေနပ်ချက်ကို ခိုင်မေထွေးက တစ်ချက်တည်း ပြောလိုက်၏။

ခိုင်မေထွေးစကားကြောင့် ကိုဘချမ်းမှာ မျက်နှာတစ်ချက်ပျက်သွားသည်။ နုနယ်ငယ်ရွယ်သူပီပီ ရှက်လည်းရှက်သွားပုံရ၏။

ကိုဘချမ်းသည် နောက်ထပ် ခိုင်မေထွေးအား မည်သည့်စကားကိုမျှ မဆိုဘဲ ကိုမောင်မောင်ထွေးကို ရေချိုးပေးနေရာသို့ ထွက်သွားလေသည်။

ခိုင်မေထွေးသည် ကိုဘချမ်းထုတ်ပေးထားခဲ့သော ကိုမောင်မောင်ထွေး၏ ဆံပင်ထုပ်ကို ရင်တွင်ပိုက်ကာ ခဏငိုင်နေမိ၏။ သူပြောလိုက်တာ လွန်များလွန်သွားလေသလားဟုလည်း နောင်တရမိလိုက်သည်။ သို့သော် ကြာကြာတော့ ငေးငိုင်မနေအားသေး ကိုမောင်မောင်တို့ရေချိုးရာသို့ ရောက်သွားရပြန်၏။

ကိုမောင်မောင်တို့သည် လူဝတ်ကြောင် ပုဆိုးအကျီတွေကိုချွတ်၍ ဖန်ရည်စွန်းသော အရပာဋ္ဌာတန်ဆာ သင်္ကန်းကို ဆင်မြန်းနေကြလေပြီ။

"သမီး ဘာလဲ"

"အော် ကိုကိုထွေး ဆံပင်တွေလေ မေမေ"

"ဟဲ့ မောင်မောင်ထွေး ဆံပင်တွေ ဟိုမှာ ငွေခြင်းတောင်းထဲ သွားထည့်ထားလိုက်လေ၊ ဘာလို့ ဒီယူလာရတာလဲ"

အမေကပြောတော့ သူ့ရင်ညွှန့်တွင် တရိုတသေပိုက်ယူလာသော ကိုမောင်မောင်ထွေး၏ဆံပင်တွေကို ငွေခြင်းတောင်းထဲ ထည့်ရန်သတိရ၍ သွားထည့်လိုက်ရသည်။

သရဏဂုံသီလယူပြီးသွား၍ ရှင်သာမဏေဖြစ်သွားကြသော ကိုမောင်မောင်တို့သုံးယောက်က ဣန္ဒြေသိက္ခာနှင့် မျက်လွှာချ တင်ပျဉ်ခွေထိုင်နေကြသည်ကို ဖွားဖွားမှာ ကြည့်မဝ ရှုမဝဖြစ်နေလေသည်။

ကိုမောင်မောင်တို့သုံးယောက်တို့၏ ဥပဇ္ဈာယ်ဆရာများနှင့်အတူ စီတန်း၍ ကျောင်းတော်ကို လိုက်သွားကြသောအခါ ခိုင်မေထွေး၏ရင်ထဲမှာ ဟာ၍ ကျန်ခဲ့၏။

"ခိုင်ခိုင် ညနေ ကိုရင်တွေနဲ့ ဘုန်းတော်ကြီးတွေအတွက် အိမ်ပေါ်က ဘီလပ်ရည်သောက်တာကို လိုက်ပြလိုက်အုံး"

ကိုမောင်မောင်တို့ ညနေဆာလျှင် သောက်ကြရန် ကြိုတင်ဝယ်ထားသော ဘိလပ်ရည်သေတ္တာကို လိုက်ပြလိုက်ပါဟု ဖွားဖွားကခိုင်းသဖြင့် ခိုင်မေထွေးသည် အိမ်ပေါ်သို့ ကမန်းကတန်းတက်လာရ၏။

"ကဲ သူငယ်တွေက ဘယ်ကလဲ ဘုန်းကြီးကျောင်းသားတွေလား"

သူ့အနားတွင် မယောင်မလည်ရပ်နေကြသော ကိုတာချမ်းတို့ညီအစ်ကို ဖွားဖွားက မေး၏။

"ကျွန်တော်တို့ လေးမြို့နယ်ကပါ ဖွားဖွား၊ ဘုန်းကြီးကျောင်းသားတွေ မဟုတ်ပါဘူး၊ ကိုမောင်မောင်ထွေး သူငယ်ချင်းတွေပါ"

"အော် ဟုတ်လား၊ ကဲ ဘိလပ်ရည်သေတ္တာယူဖို့ ငါ့မြေးနောက်က လိုက်သွားပြီး ကျောင်းကို လိုက်ပို့ကြပါအုံးကွယ်"

"ဟုတ်ကဲ့ ဖွားဖွား"

ကိုတာချမ်းတို့ညီအစ်ကိုသည် အိမ်ပေါ်သို့ ခိုင်မေထွေးနောက်က တကောက်ကောက် လိုက်ပါလာကြသည်။

"ခိုင်ခိုင် ဖွားဖွားက ကျွန်တော်တို့ကို ဘိလပ်ရည်သေတ္တာ ယူခိုင်းလိုက်လို့"

ဤစကားကိုတော့ ကိုတာချမ်းအစ်ကို ကိုလှချမ်းကပြော၏။

"ဟုတ်လား ကျေးဇူးတင်ပါတယ်ရှင် ဒီသေတ္တာပဲ"

ခိုင်မေထွေးစကားအဆုံးမှာ ကိုလှချမ်းက ဘိလပ်ရည်သေတ္တာကို အိမ်ပေါ်က ထမ်းချသွားသည်။ ကိုတာချမ်းကတော့ ခိုင်မေထွေးကိုတွေကြည့်၍ ဘာလုပ်ရမှန်းမသိသလို ခိုင်မေထွေးအနားတွင် ခဏကြောင်နေ၏။

"ဒါတွေလည်း ကျောင်းကိုပို့ရမယ်"

သကြား၊ ထန်းလျက်၊ ဥသျှစ်သီး၊ ကြံသကာ၊ စတုမဓု စသည့် ထည့်ထားသော အဖျော်ယမကာလုပ်ရန်ခြင်းတောင်းကို ခိုင်မေထွေးက ကိုတာချမ်းကို ကိုင်ပြ၏။

"ခိုင်ခိုင်"

ကိုတာချမ်းသည် ခိုင်မေထွေးပြသော အဖျော်ယမကာတောင်းကို ချက်ချင်းမယူသေးဘဲ ခိုင်မေထွေး၏ မျက်နှာကိုငုံ့ကြည့်ကာ အသံတိမ်တိမ်နှင့် ခေါ်လိုက်၏။

"ရှင်"

"ခိုင်ခိုင် ကျွန်တော့်ကို သိလားဟင်"

"မသိပါဘူး အင် အေး"

ခိုင်မေထွေးက သိလျှက်နှင့် တမင်မှသားပြောလိုက်၏။ ပြောပြီးမှ စောစောပိုင်းက ကိုမောင်မောင်တို့ကိုရှင်ပြုရာတွင် သူကလည်း ငါးပါးသီလယူထားမိကြောင်း သတိရကာ နှုတ်ဆွံ့သွားသည်။

"ကျွန်တော် လေးမြို့နယ် ပဥ္စာကလေ ခိုင်ခိုင်"

"ဟုတ်လား ကိုကိုထွေးသူငယ်ချင်းတွေလားဟင်"

"ဟုတ်ပါတယ် ဟိုတုန်းက ဆရာဦးစံလှဘော်ကျောင်းမှာ ကိုမောင်မောင်ထွေးနဲ့ ကျွန်တော် ဘော်ဒါအတူနေဖူးတယ်"

"အော် ရှင်က ကစ္ဆပနဒီမှာ နေတာကိုး"

"ဟုတ်ကဲ့ ခု ကျောင်းပိတ်ထားလို့ ပဥ္စာကို ပြန်နေတာ၊ ကိုမောင်မောင်တို့ ရှင်ပြုဖိတ်စာရလို့ လာကြတာ၊ စောစောက ဘိလပ်ရည်သေတ္တာထမ်းသွားတာ ကျွန်တော့်အစ်ကိုလေ"

"ဟုတ်လား ရှင်က ကျွန်မတို့နဲ့ ရွာနီးချုပ်စပ်ကပဲ"

သူ့ကို သိလျှက်နှင့် တမင်ဟန်ဆောင်ပြောနေသော ခိုင်မထွေးမှာ မလုံမလဲဖြစ်လာသည်။

"ဟုတ်ပါတယ် အဲဒါကြောင့်လည်း ကျွန်တော်တို့ တမင်ကူညီရအောင် လာတာပါ။ သူငယ်ချင်းသံယောဇဉ်ရယ်၊ ပြီးတော့ ...."

သူ့အနေမှာ ခိုင်မထွေးတို့နှင့် ရင်းနှီးခင်မင်လိုသောအသွင်ကို တစ်ချိန်လုံးဆောင်ထားခဲ့သူမို့ ရှက်သလိုရွံ့သလိုလည်းဖြစ်နေပြန်သည်။ သူတို့ညီအစ်ကိုသည် မနက်ကပင် ယခုညနေအချိန်ထိ ခိုင်မထွေးတို့မိသားစုအနားက မခွာပေ။ တစ်စုံတစ်ခုခိုင်းပါစေ။ ကူညီရန်ပြောပါစေ။ ဖေဖေ မေမေတို့အနားတွင်လည်းကောင်း၊ ရစ်သီနေခဲ့ကြသည် မဟုတ်ပါလား။

မိမိတို့မိသားစုပေါ်တွင် စိတ်ဝင်တစားရှိလှသော သူတို့ညီအစ်ကိုကို ရိုင်းရိုင်းပြပြဆက်ဆံ၍ မကောင်းမှန်းသိသော ခိုင်မထွေးက

"ကျေးဇူးတင်ပါတယ်ရှင် ရှင်တို့အဖေအမေတွေလည်း ပါတယ်နော်"

"ပါပါ မေမေတို့ မပါဘူး၊ ကျွန်တော်တို့တင်ပါ"

"ရိုင်းတယ်လည်း မအောင့်မေနဲ့နော် ရှင်တို့အဖေအမေတွေက ဘယ်သူ' သိလျှက်နှင့် ယုတ္တိရှိအောင် မေးရပြန်၏။

"ကျွန်တော့်အဖေက ဦးဘလိှုင်၊ အမေက ဒေါ်အိမ်ချမ်းပါ ခိုင်ခိုင်၊ ပဥ္စာမှာဆို ဘယ်သူမေးမေး သိပါတယ်"

"အော် ဩ"

"ကျွန်တော်တို့က ငယ်ငယ်ကပင် မြို့မှာနေလို့ ခိုင်ခိုင်တို့မိသားစုကို ခုမှ လူကိုယ်တိုင်မြင်ဖူးပေမင့် ပြောသံကြားပြီး သိနေကြတာပါ။ ကိုမောင်မောင်ထွေးကိုတော့ အရင်ကပင် သိပါတယ်၊ ခိုင်ခိုင်လည်း ကျွန်တော်တို့လို နေမှာပေါ့"

"ဟုတ်ကဲ့ ကျွန်မလည်း ကိုဘချမ်းတို့လိုပါပဲ၊ အော် ဒါနဲ့"

ဘာရယ်လို့မဟုတ်သော်လည်း ကိုဘချမ်း၏အပြောအဆို ဖော်ရွေယဉ်ကျေးမှုအပေါ်တွင် ခိုင်မထွေးသည် တဒင်္ဂသာယာလျှက်ရှိလာသည်။ ထို့ကြောင့်

လည်း ယခင်မိုးနေ့ဝင်းက စေတီတောင်ခြေရင်း တောရကျောင်းနားတွင် သူတို့ညီ အစ်ကိုတွေနှင့် တစ်ခါတွေ့ဖူးကြသည်ကို သတိရပြီး စိတ်ညွှတ်လွယ်ကာ ပြောမိ မလိုဖြစ်သွား၏”

သို့သော် လိမ္မာရေးခြားရှိ၍ စကားပြောချိုသာသော ကိုတာချမ်းမှာ ခိုင်မေ ထွေး၏ စကားပေါ်တွင် ချက်ချင်းနင်းမိပြီး သူနှင့် ခိုင်မေထွေးတို့ တစ်ကြိမ်တစ်ခါ ဆုံတွေ့ဖူးကြသည်ကို ချက်ချင်းအမှတ်တရ ပြောလာလေသည်။

“ဟို ဆောင်းဦးတုန်းက စေတီတောင်ခြေရင်းမှာ တွေ့ဖူးကြတာပြောမ လို့မဟုတ်လား ခိုင်ခိုင်”

“ဟုတ်ကဲ့”

ဤအခါတော့ ဘယ်လိုမှ မငြင်းသာသောခိုင်မေထွေးက အဖြစ်မှန်ကို ဝန်ခံရတော့၏။

“ကျွန်တော်ကတော့ ခိုင်ခိုင်တို့မိသားစုအားလုံးကို အဲဒီတုန်းကပင် ကောင်းကောင်း မှတ်မိပါတယ်၊ အဲဒီတုန်းက ခိုင်ခိုင်တောင် ဖွားဖွားလို ယောဂီဝတ် ရုံနဲ့မှတ်လား”

“ဟုတ်ကဲ့ အဲဒီနေ့က ဥပုသ်နေ့ဆိုတော့”

“ခိုင်ခိုင်ကတော့ ဘာဝတ်ဝတ် သိပ်ကြည့်ကောင်းတာပဲ၊ ခိုင်ခိုင် အ သားကလည်း အသဝါဆိုတော့ ယောဂီရောင်နဲ့ဆို ထင်းနေတာပဲ၊ သိပ်ချစ်ဖို့ ကောင်းတာ”

“ဟင်”

ကျောချမှ စားမြမှန်းသိဆိုသလို ကိုတာချမ်းသည် သူ့အား ရည်းစားစ ကားပြောနေခြင်းပါတကား ဆိုသည်ကို ခိုင်မေထွေးသည် ယခုမှသိလိုက်ရလေ သည်။

“ခိုင်ခိုင်”

ချက်ချင်း မျက်နှာပျက်ပျက်ဖြစ်သွားသော ခိုင်မေထွေးကို ကိုတာချမ်းက တီးတိုးသာသာ ခေါ်လိုက်၏။ သို့သော် ခိုင်မေထွေး၏ ပြန်ထူးသံကိုကား လုံးဝ မကြားရတော့။ အသံကိုသာမဟုတ်၊ ကိုတာချမ်းအနားမှ ခိုင်မေထွေးသည် ချက် ချင်း ရုပ်ပါပျောက်သွားလေသည်။

“ခိုင်ခိုင် ကျွန်တော် ဒါတွေ ကျောင်းသွားပို့လိုက်တော့မယ်နော်”

“သူ့အနားမှ ချက်ချင်းဖယ်ခွာကာ အိမ်ပေါ်ထပ်တက်ပြေးသွားသော ခိုင်မေထွေးကြားလောက်အောင် အသံကို မြှင့်အော်လိုက်ပြီး ကိုတာချမ်းသည် အိမ်ပေါ်က ဆင်းလာသည်။

ကိုတာချမ်းသည် ‘မြတ်ပန်းခွေ’ သီချင်းကိုပင် တစ်လမ်းလုံး လေချွန် လာလေသည်။

## အခန်း (၁၀)

ခိုင်မေထွေးသည် အိပ်ခန်းကုတင်ပေါ်သို့ သူမ၏ကိုယ်ကို ပစ်လှဲချလိုက်၏။ အဝတ်အထည်လဲရန်ပင် သတိမထားမိ။ သူ့စိတ်ထဲမှာ ငိုချင်သလိုရယ်ချင်သလို ဖြစ်နေမိသည်။ ဝမ်းသာနေသည်လား ဝမ်းနည်းနေသည်လား။ ဤသည်ကိုလည်း သူ့ဖာသူ ခွဲခြားမရ။ စိတ်က ဗယောက်ဗယက်ထွေကာ ကိုယ်ခန္ဓာမှာလည်း ဂဏှာမငြိမ် ဖြစ်နေလေသည်။

"ခိုင်ခိုင်ကတော့ ဘာဝတ်ဝတ် သိပ်ကြည့်ကောင်းတာပဲ၊ ခိုင်ခိုင့်အသားကလည်း အသဝါဆိုတော့ ယောဂီရောင်နဲ့ဆို ထင်းနေတာပဲ၊ သိပ်ချစ်ဖို့ကောင်းတာ"

ကြည်အေးသောအသံနှင့် နုနယ်သောကိုဘချမ်း၏ အသွင်တို့သည် ခိုင်မေထွေး၏ အမြင်အကြားအာရုံများထဲတွင် ငြိတွယ်နေလေပြီ။ စီကာပတ်ကုံးပြောသွားသော ကိုဘချမ်း၏စကားသည် ခိုင်မေထွေး၏ ရင်ကို ခုထိ ဖိုနေစေသေး၏။ ကိုမောင်မောင်တို့အလှူအတွက် စိတ်ရောကိုယ်ပါ တစ်နေ့လုံး မောပန်းလာခဲ့ရသည်ကိုပင် မေ့လျော့နေမိသည်။

"ဟဲ့ ခိုင်ခိုင် နင့်ဒါဒါ အောက်မှာ ထမင်းစားဖို့ စောင့်နေတယ်"

မေမေသည် အပေါ်ထပ်သို့တက်လာခြင်းမပြုဘဲ လှေခါးထိပ်မှ ခေါင်းပြူကာ လှမ်းအော်လာ၏။ မေမေ၏စကားက ခိုင်မေထွေး၏အတွေးအားလုံးကို ပြတ်သွားစေသည်။

ခိုင်မေထွေးသည် ကမန်းကတန်း အောက်သို့ ဆင်းလာရပြန်၏။

"လာ ခိုင်ခိုင်"

ဖွားဖွား၏ ဆီးကြိုခေါ်သံနှင့်အတူ ထမင်းဝိုင်းကို မြင်ရ၏။ ထမင်းဝိုင်းကို မြင်ရတော့ ကိုမောင်မောင်တို့ကို သတိရမိပြသည်။

ခုလောက်ဆို ကိုကိုတို့ ထမင်းစားနေကြပြီးလားမသိ၊ အဖျော်ယမကာ သောက်ပြီးကြပြီလားမသိ။ လိမ္မော်ရည်ကတော့ ကိုမောင်မောင်ထွေးမကြိုက်။ သောက်ပြီးရင် လေချဉ်တက်တတ်သည်ဟု ယခင်က ပြောဖူးသည်။ သည်တော့ ဘိလပ်ရည်ကိုမကြိုက်သော ကိုမောင်မောင်ထွေးကို သူ့သူငယ်ချင်းကိုဘချမ်းတို့ညီအစ်ကိုလာပို့သော ခြင်းတောင်းထဲက စတော့မတူ၊ ကြံသကာ၊

ထန်းလျှက်တစ်ခုခုကို စားနေလေမလား။ သည်လိုမှမဟုတ်ရင်လည်း ဥသျှစ်သီးဖျော်ရည်ကို တစ်ဝကြီးဖျော်သောက်ပြီး ဝိကာလဘောဇနာ သိက္ခာပုဒ်ကို စောင့်ထိန်းနေလေပြီလား။

ထမင်းတစ်ပန်းကန်မကုန်ခင် ခိုင်မထွေး၏ ရင်ထဲမှာ ပြည့်ကျပ်လာမိသည်။ အိမ်မှာလိုပင် ကိုမောင်မောင်တို့ညီအစ်ကို သာမဏေသုံးဦးသည် ကျောင်း၌ ရန်ဖြစ်နေကြလေသလား။

"ဟဲ့ ခိုင်ခိုင် ဟင်းထည့်စားလေ"

ငေးငေးငိုင်ငိုင်ဖြစ်နေသော ခိုင်မထွေးကို ဒေါ်နန်းဇိုးသည် ငါးလက်ခွာခြောက်ထောင်းတစ်ဇွန်း ခပ်ထည့်ပေးရင်းပြော၏။

"တော်ပြီ ဒါဒါ၊ ခိုင်ခိုင် ဝပြီ"

"ငါ့မြေး ထမင်းစားနည်းလှချေလား၊ နေ့လည်က ပင်ပန်းထားလို့ထင်ပါရဲ့၊ ထမင်းစားပြီးရင်း ခေါင်းရှင်းသွားအောင် သံပုရာရည်ချိုချိုတစ်ခွက် ဖျော်သောက်လိုက်နော်"

"ဟုတ်ကဲ့ ဒါဒါ"

ခိုင်မထွေးသည် အိမ်ပေါ်သို့ တက်လာ၏။ အိမ်ပေါ်ထပ်တွင် မှောင်နေလေပြီ။ ထို့ကြောင့် ဘုရားမီး ဦးဆုံးညှိထွန်းရသည်။

သည်နေ့ည၌ ဖွားဖွားသည် အိမ်ပေါ်ထပ်သို့ တော်တော်နှင့်တက်မလာနိုင်။ အိမ်နားက ရောက်လာကြသော ဧည့်သည်များကို အောက်ထပ်၌ ဧည့်ခံစကား ပြောနေရသည်။

ဘုရားဝတ်ပြုပြီးသည်နှင့်တစ်ပြိုင်နက် ခိုင်မထွေးသည် အိပ်ခန်းဘေးက ဝရန်တာသို့ ထွက်လာသည်။

တန်ခူးလပြည့်နေ့ည၏ လဝန်းကြီးသည် အရှေ့ဘက်မိုးကောင်းကင်၏အစတွင် ထွန်းပနေလေပြီ။ သို့သော် အလင်းရောင်သည် ဘော်သာခွာဖြူပုလဲနှယ် ဖြူဖွေးနေခြင်းမရှိသေး။ ကြည်ကြည်လင်လင် စင်စင်ကြယ်ကြယ်မရှိသေး။ နီညိုညစ်ထေး၍သာရှိသေး၏။ မကြာခင် ဖြူဖွေးလင်းလက်လာမည်ကိုတော့ ခိုင်မထွေးသိ၏။ သို့သော် သူ့စိတ်ထဲက ထိုတဒင်္ဂဏကိုပင် ကြာညောင်းလှသည်အထင်နှင့် လဝန်းနီနီကိုငေးကြည့်ကာ စိတ်ထဲ တင်းကျပ်နေမိ၏။

ခိုင်မထွေး၏စိတ်က ကိုမောင်မောင်တို့ရှိရာ တောရကျောင်းသို့ ရောက်သွားပြန်၏။ ထိုအခါ တောရကျောင်းတွင် စတင်တွေ့ရှိခဲ့ရသော ကိုဘချမ်း၏မျက်နှာကလည်း တစ်ချက်တစ်ချက် ပေါ်လာပြန်သည်။

ခိုင်မထွေး၏စိတ်နှင့်ကိုယ်တို့သည် အိမ်ကြီးပေါ်တွင် ဆောက်တည်ရာမရ ဖြစ်နေမိသည်။ ဖွားဖွားကလည်း သည်နေ့ အောက်ကမှကို တော်တော်နှင့်တက်မလာနိုင်။ သူ၏အလှူ အထမြောက်သွားပြီးဖြစ်သဖြင့် စိတ်ပေါ့ကိုယ်

ပေါ့ လာသမျှစည့်သည်တွေကို စိတ်ရှိလက်ရှိ ခည့်ခံနေပုံရလေသည်။

"လေးပါးရယ် သူ့အို သူ့နာ သူသေ မြင်ပြန်လျှင် ဖွဲစိတ်သံဝေ၊ လူ့တိုင်း ရပ်မြေ ကြာရှည်နေဖွံ့ပဲ နန်းထဲမှာပင်၊ အိုးလေးလေ ပျော်မရွှင်၊ (မောင်ဖက်ကိုရှိုး သူ့တိုင်ပင်၊ ခဏ္ဍကနတ်မြင်း ကကြိုး ဆင်)၂ (ယသော်မေခင်၊ ရွှေစင်အိရယ်)"

ခိုင်မေထွေး၏ ရင်ထဲတွင် အဟာကြီးဟာလာသလို မျက်လုံးအိမ်ထဲတွင် မျက်ရည်တို့ဖြင့် စိုစွတ်လာသည်။

"(သန်းခေါင်လယ် သန်းခေါင်လယ်၊ ထွက်တော်မူနန်းကခွာ တယ်)၃၊ မောင်ဘုန်းပျောက်ကယ် ဆောင်အုန်း ဘွေမြင့်လယ် (သိဒ္ဓတ်ဘုန်းကြွယ်လောင်းလေ၊ လေးလောင်းမြတ်နွယ်၊ သွယ် သွယ်ထပ်ပွားနတ်များစွာ မီးဝကိုင်ထွန်းနေသည့်တာ)၂ (တေ ဇာဝေဖြာ ခေမာကမ်း ယံနိဗ္ဗာန်နန်းကို ပြန်မည်ကြံ)၂ (အတန် တန် အတန်တန် မာန်နတ်မင်း ဆင်း၍တားပြန်)၃ ဘုရားဖြစ်ရန် အကြံအောင်လုဆဲ ...."

"ခိုင်ခိုင်"

ဖွားဖွားသည် ဘယ်အချိန်က အိမ်ပေါ်တက်လာသည်မသိ။ ယခုအ နားရောက်လာ၍ ခေါ်တော့မှ ခိုင်မေထွေးက ဖွားဖွားကိုသတိရမိသည်။ သို့သော် ပြန်၍ထူးရန်ကိုမူ သတိမရမိသေး။ စိတ်ထဲမှာ ဝမ်းနည်း၍ ညှိုးညှိုးငယ်ငယ်ဖြစ် နေမိသည်။

"ညဦးနက်လှပြီ ခိုင်ခိုင် ရယ် လာ အိပ်ကြတော့မယ်"

ဖွားဖွားသည် သူ့အစ်ကိုများမရှိ၍ ညှိုးနွမ်းလွမ်းလျှနေသော ခိုင်မေ ထွေး၏ စိတ်ကို ရိပ်မိသဖြင့် မနူးညံ့စဖူး သိမ်မွေ့သောလေသံနှင့် ခိုင်မေထွေး၏ ပခုံးတစ်ဖက်ကို သူ့လက်နှင့် ဖေးကိုင်လာသည်။

× × × × × × × × × × ×

## အခန်း (၁၁)

"မေထွေးရယ် ခိုင်ခိုင်ရယ်"

"ဟဲ့ကောင်မလေး ထတော့"

အောက်ထပ်နှင့်အပေါ်ထပ်ကို ဆက်သွယ်ထားသော မင်းလှေခါးကြီးထိပ်မှ လှသံတို့ ဆူညံလာသည်။ ခြေသံတို့ မြည်လာသည်။

"ခိုင်ခိုင်ရေ ခိုင်ခိုင် ငါ့မြေးထတော့ မိုးလင်းတော့မယ်"

ခြေသံနှင့်အတူ ဖွားဖွား၏လက်တစ်ဖက်က ခြင်ထောင်ထဲရောက်လာပြီး ခိုင်မေထွေး၏ပေါင်ကို ကိုင်လှုပ်နှိုးလာသည်။

"အင်း အေး ခိုင်ခိုင် နိုးပါပြီ ဒါဒါရယ် လာမှာပေါ့"

"အေးပါ ကလေးရယ် ငါ့မြေးက သိပ်လိမ္မာတာပဲ ကဲထတော့"

ဖွားဖွားသည် ကာသိုလ်ဒါနတည်းဟူသော ပြုလုပ်ဆဲတရားကြောင့် ကိုယ်ရောစိတ်ပါ နူးညံ့သိမ်မွေ့လျက်ရှိလေသည်။

"ဟဲ့ ဟဲ့ ဘယ်လိုဖြစ်တာလဲ ငါ သယ် ဒီကောင်မလေး"

ဖွားဖွား ယောင်တတ်သည်ကိုသိ၍ ခိုင်မေထွေးသည် အိပ်မှုံစုံဖွားနှင့် ထလာပြီး သူ့အဖွားကိုထဖက်လိုက်သောအခါ အဖွားကြီးမှာ လန့်အော်လေသည်။

"ကဲ မှတ်ကရော ဟယ်"

သူ့အဖွားလန့်သွားမှန်းသိ၍ ခိုင်မေထွေးက ခိုးခိုးခစ်ခစ်ရယ်လိုက်သောအခါ သူ့အဖွားလက်မှာ ခိုင်မေထွေး၏ခေါင်းပေါ်ကိုခေါက်ကနဲ ရောက်လာသည်။

ဟင် ဒါဒါကလည်း သူများက ကျီစားတာ တမင်နာအောင် ခေါက်တယ် ပါပါတို့မေမေတို့နဲ့ တိုင်ပြောမယ်"

"ဟဲ့ နင်ကျီစားတာ အကြောင်းမဟုတ်ဖူး၊ ငါက လန့်တတ်တယ်ဟဲ့ တကယ်ထဲမှပဲ အဖွားကိုများ သူက ကျီစားရတယ်လို့ ငါ့မှာဖြင့် ရင်ကို ထိတ်သွားတာပဲ၊ ညကလည်း အယောင်အရမ်းတွေပြောနဲ့ မောင်မောင်တို့ကလည်း မရှိနဲ့"

"ဟင် ဒါဒါ မေထွေးက ယောင်တယ်"

"ဟုတ်ပတော် ဟုတ်ပ ဟုတ်ပ"

ဘယ်လိုယောင်လဲဟင် ဒါဒါ"

ခိုင်မေထွေးသည် ရုတ်တရက်ထထိုင်ပြီး သူ့အဖွား၏ လက်တစ်ဖက်ကို

ပဲနဲ့လို့ ကိုယ်ပူနေသလားယပြီး လာစမ်းကြည့်တယ်၊ ခိုင်ခိုင် မသိဘူးမှတ်လား

"ဟင့်အင်း ဒါတွေ ခိုင်ခိုင် ဘာမှမသိဘူး"

"အေး မသိတာဘဲ ကောင်းတယ်"

"ဟင် ဘာဖြစ်လို့လဲ ဒါဒါ"

ခိုင်မေထွေးက ရုတ်တရက် အံ့ဩသွားဟန်နှင့်မေး၏။

"ဟဲ့ ကိုယ်ယောင်တာ ကိုယ်လုံးဝမှမသိတာ၊ ကိုယ်ယောင်တာ ကိုယ်သိရင် ယောင်မလား အရူးမရယ်"

"အို ဒါဒါကလည်း"

"ဒါဒါကလည်းလုပ်မနေနဲ့ အောက်ဆင်း မျက်နှာသစ်၊ အဝတ်လဲ တော်ကြာ ကျောင်းသွားကြတော့မယ်"

ခိုင်မေထွေးသည် ဖွားဖွားနှင့်အတူ အိမ်အောက် ဆင်းလိုက်လာပြီး မျက်နှာသစ်ရသည်။ ပြီး ကိုမောင်မောင်တို့ရှိရာ တောရကျောင်းသွားရန် ဖိးလိမ်းပြင်ဆင်ရ၏။

ချက်ပြုတ်ကြော်လှော်ထားသော အိုးကြီး၊ အိုးငယ်များကို မြင်းရထားနှစ်စီးနှင့်တင်၍ တောရကျောင်းသို့ စတင်ထွက်ခွာကြသည်။

ဖွားဖွားနှင့် မြို့ကလူကြီးသူမများ ဘုန်းတော်ကြီးနှင့် အလ္လာပသလ္လာပ ပြောနေကြချိန်တွင် ခိုင်မေထွေးသည် ကိုမောင်မောင်တို့ရှိရာသို့ ရောက်လာ၏။ ကိုမောင်မောင်တို့သာမဏေသုံးပါးသည် သင်္ကန်းရုံ သင်ကြားနေကြ၏။ နောက်တစ်နေ့တွင် သူတို့သုံးပါးစလုံး ဆွမ်းခံထွက်ကြရမည်ဖြစ်သဖြင့် သင်္ကန်းရုံကျင့်နေကြသည်။

"ပရိမဏ္ဍလံ အဝန်းညီစွာ၊ နိဝါသေဿာမိ သင်းပိုင်ကိုဝတ်အံ့။

ပါရုပိဿာမိ ကိုယ်ဝတ်သင်္ကန်းကိုရုံအံ့။"

ကိုရင်ကြီးနှုတ်ကလည်း တတွတ်တွတ်ဆိုကာ ကိုမောင်မောင်တို့ ခေါင်းပေါ်ကသင်္ကန်းရုံတွေကို ခေါက်ချ၍ သင်းပိုင် သင်္ကန်းအဝန်းညီအောင် သင်ပြနေသည်။ မညီမညာဖြစ်နေလျှင် ပြန်၍ ရုံခိုင်း၏။

"ဟော့၊ မေထွေးလေး ဒကာမကြီး .... မယ်တော်ကြီး"

ခိုင်မေထွေးကိုမြင်သည်နှင့် ကိုမောင်မောင်လေး သာမဏေက အော်လိုက်သည်။ ထိုအခါ ကိုမောင်မောင်ကြီးနှင့်ကိုမောင်မောင်ထွေးတို့ကလည်း သင်္ကန်းရုံကို ခေါင်းမှလျော့ချ၍ ပြိုင်တူကြည့်လိုက်ကြသည်။

ခိုင်မေထွေးအတွက်သည်လည်း အစ်ကိုသာမဏေသုံးပါး၏ရှေ့တွင် သိမ်မွေ့သောအထိုင်နှင့် ဒူးပုဆစ်ညွတ်ထိုင်ကာ ကိုရင်သုံးပါးမျက်နှာကို မော်ဖူး

နေမိသည်။

သူ့စိတ်ထဲမှာ အစ်ကိုများ သက်နှံရုံ၍ သာမဆောသာရှုပ္ပကျွတ္တာ မြင်ရသည်ကို ဝမ်းသာသလို ဝမ်းနည်းသလို ဖြစ်နေမိသည်။

"မေထွေး နှင် ငါ့ကို ရှိခိုးစမ်း"

မောင်မောင်လေး(ပညာသာမိ)သည် သင်္ကန်းရုံကျင့်နေရာက ရုတ်တရက် တင်ပလ္လင်ခွေထိုင်ချလိုက်ပြီး မျက်လွှာချကာ နိုင်မေထွေးကို ရှိခိုးခိုင်းသည်။

အမှန်က သူသည် လူဘဝကလိုပင် နှမငယ်ကို နောက်နေ၏။

ကိုမောင်မောင်ကြီး(ပညာဝရ)နှင့် ကိုမောင်မောင်ထွေး(ဓမ္မဝံသ)တို့က ထော့ နိုင်မေထွေးကို ငေးကြည့်နေကြ၏။

နိုင်မေထွေး၏ ယှက်ထားသောလက်အစုံသည် ကိုမောင်မောင်ကြီး(ပညာဝရ)ကို ဦးဆုံးရှိခိုးလိုက်သည်။

"ဟဲ့ ငါ့ကို ရှိခိုးပါပြောတာ မိမာယာက ကိုကိုကြီးကိုပဲ ရှိခိုးတယ်၊ ငါ့ကိုလည်း ခိုးအုံး"

"မခိုးပါဘူး"

နိုင်မေထွေးသည်ပြောရင်းက ကိုမောင်မောင်ထွေး(ဓမ္မဝံသ)ကို ဦးချလိုက်ပြန်သည်။

"ကြည့်စမ်း ကိုမောင်မောင်ထွေးပဲ ခိုးတယ်၊ ငါ့ကို မေထွေး တကယ်ရှိမခိုးဘူးလား"

"မခိုးဘူး မခိုးဘူး၊ လူတွေ့တာနဲ့ မုန်းစာပြတာပဲ၊ ကိုရင်နဲ့မှ မတူတာ"

နိုင်မေထွေးအပြောကို သဘောကျသဖြင့် ကိုမောင်မောင်တို့ကို သင်္ကန်းရုံသင်ပြနေသော ကိုရင်ကြီးကပါ ရယ်လေသည်။ (မုန်းစာပြသည်)ဟု ဆိုလိုက်ခြင်းမှာ ဇရုတ်ကျသည်ဟု ပြောခြင်းပင်။

"နှင် တကယ် မခိုးဘူးလား မေထွေး ပြောစမ်း"

"ကိုကိုလေးနော် သူများကို ဒီလိုမလုပ်နဲ့ မေထွေး ဒါဒါနဲ့ တိုင်ပြောလိုက်မယ်"

နိုင်မေထွေး၏နားရွက်ကိုဆွဲကာ အတင်းရှိခိုးခိုင်းနေသော မောင်မောင်လေး(ပညာသာမိ)အား နိုင်မေထွေးက သူ့အဖွားနှင့် တိုင်ပြောမည်ဟုဆို၏။

"ငါကလည်း ဒါဒါနဲ့ တိုင်ပြောမှာပဲ ကိုရင်ချင်းအတူတူ နှင် ငါ့ကို မရှိခိုးဘူး။ ကဲ ပြော ခိုးမလား မခိုးဘူးလား မခိုးရင် နှင့်နားရွက်ကို ငါဆွဲဖြတ်ပစ်လိုက်မယ် ဒါပဲ"

ကိုမောင်မောင်လေးက နှမသငယ်၏ နားရွက်တစ်ဖက်ကို တကယ်ပင် ဆွဲထား၏။

"ဟဲ့ကောင် မေထွေးနားရွက်ကို လွှတ်လိုက်စမ်း ငါ ကန်ထည့်လိုက်ရ

မလား"

ကိုမောင်မောင်ကြီးကအော်လိုက်မှ ကိုမောင်မောင်လေးက မေထွေး နားရွက်ကို လွှတ်လိုက်၏။

အမှန်မှာ ကိုမောင်မောင်လေးကလည်း နမသာယ်၏ နားရွက်ကို နာနာကျင်ကျင်ဖြစ်အောင် ဆွဲထားသည်တော့မဟုတ်။ သူ့ဗီဇအတိုင်း တမင်စခြင်းသာဖြစ်သည်။ ခိုင်မေထွေးကလည်း ဤသည်ကိုသိသဖြင့် ရယ်နေလေသည်။

ခုထိ စကားတစ်ခွန်းမှမပြောဘဲ ခိုင်မေထွေး၏မျက်နှာကိုသာ ငေးကြည့်နေသူကတော့ ကိုမောင်မောင်ထွေးပင်တည်း။

"ဟုတ်သားပဲ ခိုင်မေထွေးကလည်း ကိုရင်ချင်းအတူတူ ပညာသာမိကို ရှိခိုးမှပေါ့၊ ပညာသာမိကလည်း မင်းနဲ့ငါနဲ့မပြောရဘူး ကိုရင်တို့ဟာ လူတွေမဟုတ်ကြတော့ဘူး တစ်ယောက်နဲ့တစ်ယောက်ပြောရင် 'ကိုရင်' လို့ပြောတယ် ဒီလိုမှမဟုတ်ရင် ကိုရင်ဘွဲ့ကိုခေါ်ပြီးမှ ပြောကြရမယ် မှတ်ထားကြနော်"

ဤသည်မှာတော့ ကိုမောင်မောင်တို့ကို သင်္ကန်းရုံသင်ပြနေသော ကိုရင်ကြီး၏ ဆုံးမဩဝါဒတည်း။

ကိုမောင်မောင်လေးသည် သူ့ထုံးစံအတိုင်း ကိုရင်ကြီး၏ ဆုံးမဩဝါဒကထာကိုလည်း ပုခုံးတွန့်လျှာထုတ်ပြကာ နောက်နေ၏။

မျက်လုံးပြူး လျှာထုတ်လုပ်နေသော ကိုမောင်မောင်လေးကိုကြည့်၍ ခိုးခိုးခစ်ခစ် ရယ်နေရလေသည်။

"မေထွေး နင် ငါ့ကို လွမ်းလို့ မငိုနဲ့နော်"

"ဟင် ဆေးပါသေး မုန့်စာပြတဲ့လူကို မေထွေးဘယ်တော့မှ မလွမ်းပါဘူး"

သူ့ကိုကြည့်ရယ်နေသော ခိုင်မေထွေးအား ကိုမောင်မောင်လေး သာမဏေက ထပ်နောက်နေပြန်၏။

"ဒါဒါ မေထွေးလေး ကျွန်တော့်ကို ရှိမခိုးဘူး"

သူ့အဖွားက သူတို့အနားကိုရောက်ရောက်ချင်း ကိုမောင်မောင်လေးက ဦးစွာတိုင်ပြောလေသည်။

သူ့မြေးသာမဏေသုံးပါးကိုသာ ပူဇော်သော ဒေါ်နန်းဖိုးသည် ကိုမောင်မောင်လေး(ပညာသာမိ)၏စကားကို ချက်ချင်း ဂရုမပြုအားသေးဘဲ ကိုရင်သုံးပါး၏ရုပနိကာယ်ကိုသာ စူးစူးစိုက်စိုက် ငေးကြည့်နေရှာသည်။

ဒေါ်နန်းဖိုး၏စိတ်ထဲမှာ နုနယ်ငယ်ရွယ်သော သူ့မြေးကိုရင်သုံးပါးကို တကယ့်ဝါရင့်မဟာထေရ်များအဖြစ် စိတ်မှန်းနှင့် ငေးကြည့်ကာ ရင်ထဲအသဲထဲ လှုံ့ဖိတ်နေလေသည်။

"ဟင် ဒါဒါကလည်း သူများပြောတာ နားထောင်ပါအုံး မေထွေးလေ ကျွန်တော့်ကို ရှိမခိုးဘူးတဲ့ ဒါဒါရယ်"

"မှန်းစာပြလို့တဲ့ ကိုရင်နဲ့မတွေ့ဘူးတဲ့"

ကိုမောင်မောင်လေးက သူ့အဖွားကို ငိုသံပါကြီးနှင့် လက်ကိုဆွဲ၍ ပြော၏။

"ကိုရင်ကို ဘာဖြစ်လို့ ကိုရင်နဲ့မတွေ့ဘူးလို့ပြောရတာလဲ ငရဲကြီးနေပြီး ကန်တော့လိုက် ရှိခိုးလိုက် နိုင်နိုင်"

"မနေ့ကပင် နိုးပြီးပါပြီ ဒါဒါရယ် ကိုကိုလေးက သက်သက်နှောက်နေတာ"

"ဟဲ့ ကိုရင်ကို ဘယ့်နှယ်တယ့်နှယ် ကိုကိုလေးလို့ ပြောရတာလဲ ကိုရင်လို့ပြောရတယ် ကိုယ့်အစ်ကိုတွေကိုကိုနိုးတာများ ငရဲကြီးမှာကြနေတာပဲ ကဲ ရှိခိုးလိုက်"

"ကဲ မှတ်ကရော နင် ဘာတတ်နိုင်သေးလဲ" ဟူသောသဘောဖြင့် ကိုကိုလေးက မေမေ့ကို ပြောင်ပြပြန်သည်။

"ဒါဒါ ကြည့် ကြည့် သူများကို ကိုရင် ပြောင်ပြနေပြန်ပြီ"

"မဟုတ်တာနဲ့ ဘယ်မှာပြောင်လို့လဲ ဟင်းဟင်း"

ပြောရင်းကပင် ထပ်၍ပြောင်ပြလိုက်သော ကိုကိုလေး၏ မျက်နှာအနေအထားကို ဤတစ်ခါတော့ ဖွားဖွားမြင်သွားသဖြင့် အသံထွက်ရယ်လိုက်သည်။ ဖွားဖွားရယ်သောအခါ ကိုရင်ကြီးရော ကိုမောင်မောင်ကြီးနှင့် တခြားလူတွေပါ ဝိုင်းရယ်ကြသည်။

လုံးဝဣန္ဒြေနှင့် တုံးတိုတာလေလုပ်နေသလား သို့မဟုတ် တစ်စုံတခုကို သဘောမကျ၍ စိတ်ကောက်နေသလား၊ မသိမသာ ကိုမောင်မောင်ထွေး (မွေ့ဝံသ)ကတော့ လုံးဝမရယ်မပြုံးပေ။ တည်တည်သာနေ၏။

"ငါ့မြေးတို့ ပျော်နေကြရင် ဒါဒါ သိပ်ဝမ်းသာတာပဲ။ သာသနာတော်မှာ ပျော်အောင်နေပြီး ကြိုးစားကြ။ ဒီနှစ် ဝါဆိုတဲ့ ကိုရင်တွေကို ဒါဒါ ဗုဒ္ဓဂါယာထိ လိုက်ပို့မယ်။ ကိုရင်ဖြစ်လာရင် ကိုရင်ကျင့်ဝတ်နဲ့ ညီအောင်နေထိုင်ကြ။ ကိုရင်ကြီးတွေ ဆုံးမသြဝါဒကို လိုက်နာကြ။ ဘုန်းတော်ကြီးရဲ့အဆုံးအမကို နာယူကြ။ သာသနာ့သာသန ယောကာသသ၊ ဝဋ္ဋာဝတ္တ သပ္ပဒါ၊ သာသနနှိ စကော ကဥ္စဝေဝ ရက္ခ သပ္ပဒါ"

"သာသနာတော်ကို နှုတ်ကောင်းနှုတ်မြတ်တို့ ဆောင်ရွက်ပါစေကုန်သတည်း" ဟူသော ပါဠိကို ရွတ်ဆိုဆုတောင်းကာ ဖွားဖွားသည် သူ့မြေး သာမဏေသုံးပါးကို ထိုမြင်းငါးပါးနှင့်အညီ ရှိခိုးကန်တော့လိုက်လေသည်။

"ကဲ နိုင်နိုင်လည်း ကိုရင်တို့ကို ကန်တော့လိုက် ဒါဒါတို့ နေမပြင်းခင် ပြန်ကြမယ်"

ဤအခါ ခိုင်မေထွေးက ရှိုရှိုသေသေ ရှိုးသည်ကို ကိုမောင်မောင်လေး က မပြောင်နောက်ပါတော့။ နှမသယ်နှင့် ဖွားဖွားတို့ ပြန်ကြတော့မည် ဆိုစကား က သူ့ရင်ကိုနုံးချိသွားစေသည်။ မည်သို့ဆိုစေ သာမဏောနှင့် လူတို့သည် အသွင် သဏ္ဌာန်ကအစ အားလုံးစည်းခြားလိုက်ကြလေပြီတည်း။

အမှန်က ကိုမောင်မောင်လေးတစ်ယောက်တည်းသာမဟုတ်၊ ကိုမောင် မောင်ကြီးနှင့်ကိုမောင်မောင်ထွေးတို့၏ ရင်ထဲမှာလည်း တဒင်္ဂနုံးချိသွားကြပုံရ သည်။ ကိုရင်သုံးပါးသည် သူ့အဖွားနှင့်နှမသယ်ကို ကျောင်းခြံဝအထိ လိုက်ပို့ကြ သည်။

ဖွားဖွားနှင့် ခိုင်မေထွေးတို့ စီးနင်းသွားကြသော မြင်းရထား ပျောက် ကွယ်သွားသည်အထိ ကိုရင်သုံးပါးသည် ကျောင်းခြံဝတွင် မတ်တပ်ရပ် ကျန်ရစ် ကြလေသည်။

× × × × × × × × × × ×

## အခန်း (၁၂)

ကိုမောင်မောင်တို့သုံးယောက်ကို သာမဏေဘဝတွင် ဖွားဖွားက မျှော်မှန်းချင်သည်။ ထို့ကြောင့်လည်း ကိုမောင်မောင်တို့အတွက် လိုလေသေးမရှိ ပြည့်စုံအောင် ထားပေး၏။

ကိုမောင်မောင်တို့ ညနေထမင်းဆာလျှင် အလွယ်တကူ သောက်သုံးနိုင်အောင် ဘီလပ်ရည်သေတ္တာ၊ ထန်းလျက်၊ ကြံသကာ၊ စတုမဓု စသည်တို့ပင်။ အကယ်၍ ဘီလပ်ရည်မသောက်ချင်လျှင် အဖျော်ယမကာလုပ်သောက်နိုင်အောင် ဥသျှစ်သီး၊ သံပုရာသီး၊ ရှောက်သီး၊ သကြား၊ ဂွင်းခြောက် စသည် ရဟန်းသံဃာများ ညနေစားသောက်သုံးဆောင်နိုင်သောအရာဟူသမျှ အပြည့်အစုံထားပေးသည်။

တောရဆရာတော်ကျောင်းကိုလည်း တစ်နေ့တစ်ခေါက် မှန်မှန်ရောက်၍ မြေးသာမဏေသုံးယောက်ကို အကဲခတ်ရသည်မှာ အမောပင်။

သို့သော် ဖွားဖွား၏ ဆန္ဒကား မပြည့်ဝခဲ့ ကိုရင်ဝတ်နှင့် နှစ်ပတ်ကျော်နေပြီး ဦးဆုံးရှင်လိမ်ပြန်ကြသူတွေမှာ ကိုမောင်မောင်ကြီးနှင့် ကိုမောင်မောင်လေးတို့ပင်ဖြစ်သည်။ သူတို့နှစ်ယောက်မှာ လေးမြို့၌ ရှင်သာမဏေပြုတုန်းကလည်း တစ်ပတ်သာနေနိုင်ကြသူတွေဖို့ ယခု ဖွားဖွားကိုအားနာ၍ နှစ်ပတ်အောင်အည်း နေခဲ့ကြသည်။ ကိုမောင်မောင်ထွေးကတော့ 'ကျွန်တော် နေကြည့်အုံးမယ် ဒါဒါ' ဟုပြောပြီး သာမဏေဝတ်နှင့် တောရကျောင်းတွင် ဆက်နေ၏။

ကိုမောင်မောင်ကြီးနှင့် ကိုမောင်မောင်လေးတို့ ရှင်လိမ်ပြန်၍ တောရကျောင်းကို စွန့်ခွာကာ အိမ်ပြန်လာသောနေ့က တစ်ယောက်တည်းတစ်ပါးတည်း ကျန်နေခဲ့သော ကိုမောင်မောင်ထွေး(မွေ့ဝံသ)အတွက် ခိုင်မထွေးရင်ထဲက နုံးရှိနေမိသည်။

ညီအစ်ကိုသုံးယောက်ထဲတွင် နှစ်ယောက်က လူထွက်လာပြီး တစ်ယောက်တည်းကျန်နေခဲ့သော ကိုမောင်မောင်ထွေးသည် အားငယ်နေမှာပဲ၊ ပျင်းနေမှာပဲ၊ ညနေကျရင် တစ်ယောက်တည်းကြိတ်ပြီးများ ငိုနေလေမလားထိပင် ခိုင်မထွေးက စိုးရိမ်ကြောင့်ကြကြီးမိသည်။

အမှန်မှာ ကိုမောင်မောင်ထွေးသည်လည်း ကိုကိုကြီး ကိုကိုလေးတို့ ညီနောင်နှစ်ယောက်လို လူဝတ်လဲချင်နေသည်။ သို့သော် ဖွားဖွားက 'ကိုကိုကြီး နဲ့ကိုကိုလေးကတော့ အရင်လည်း သာမဏေဝတ်နဲ့နေခဲ့ပြီး ပါရမီပြည့်တန်သ လောက်ပြည့်ပြီး ခုမှသာမဏေတစ်ခါသာလုပ်ဖူးတဲ့ ငါ့မြေးကတော့ အတတ်နိုင် ဆုံး ကြိုးစားနေပါနော်၊ ဒါဒါက ငါ့မြေးကို လူလေသေးမရှိထားပေးမယ်'ဟူသော စကားကြောင့် ဖွားဖွားကို အားနာ၍ ကိုမောင်မောင်ထွေးက အောင့်အည်း၍ကျန် နေခဲ့ခြင်းဖြစ်သည်။

ကိုကိုထွေး တောရကျောင်းတွင် တစ်ပါးတည်း၊ တစ်ယောက်တည်း အောင့်အည်းနေခဲ့ရသည့် နောက်တစ်ကြောင်းမှာ သူသည် ကိုမောင်မောင်ကြီး ကိုမောင်မောင်လေးတို့နှင့် ဘယ်နေရာမှာဖြစ်ဖြစ် အတူမနေချင်ပေ။ သူတို့ နှစ်ယောက်သည် ကိုမောင်မောင်ထွေးကို အမြဲနိုင်လိုကြ၊ နှိမ်ကြသည်။ စရိုက် လက္ခဏာချင်းကလည်း ပြဒါးတစ်လမ်းသံတစ်လမ်းဖြစ်၏။ ရှင်လိမ်ပြန်၍ အိမ်ပြန်လာလျှင်လည်း အိမ်မှာ သူတို့နှင့် အတူနေရမည်ကိုတွေးပြီး စိတ်ပျက် နေပုံရလေသည်။ အိမ်မှာဆိုလျှင် ကိုကိုကြီး ကိုကိုလေးတို့နှင့်တကွ ဦးမြတ်သာဓံ ဒေါ်ဝေဝေတို့နှင့် သူကရင်းနှီးသူမဟုတ်။ သူနှင့်ရင်းနှီးသူမှာ ခိုင်မေထွေးနှင့်ဖွားဖွား နှစ်ယောက်သာဖြစ်သည်။ ခိုင်မေထွေးနှင့်ဖွားဖွားကိုတော့ သူကခင်၏။ ဖွားဖွား နှင့်ခိုင်မေထွေးတို့ကလည်း ကိုမောင်မောင်ထွေးကို အချစ်ဆုံး အခင်ဆုံးဖြစ်ကြ သည်။ အထူးသဖြင့် ဖွားဖွားစကားကို မြေဝယ်မကျ နားထောင်တတ်သူအနေနှင့် ဖွားဖွားက ပိုချစ်လေသည်။

ကိုကိုကြီး ကိုကိုလေးတို့ထက် သာမဏေဝတ်နှင့် ရှည်ကြာစွာနေနိုင်သူ ကိုမောင်မောင်ထွေးကို ဖွားဖွားက အထူးဂရုစိုက် အလိုလိုက်ရ၏။ ဖွားဖွား ကျောင်းကိုရောက်လျှင် 'တပည့်တော်မ မြေးသုံးယောက်ထဲမှာ ဒီမြေးတစ်ယောက် ပဲ တပည့်တော်မစိတ်ကို ချမ်းသာစေတယ်ဘုရား၊ ဘုန်းကြီးရဟန်းသာဖြစ်သွား ရင် တပည့်တော် သိပ်စိတ်ချမ်းသာမှာပဲ' ဟု တောရဆရာတော်ကို လျှောက်ထား သည်မှာလည်း အမောပင်။

သို့သော် သင်္ကန်းဝတ်နှင့် တစ်လကျော်လာသေအခါ ကိုမောင်မောင် ထွေးမှာလည်း သူ့အစ်ကိုတော်များလို သာမဏေဘဝနှင့် မပျော်တော့။ လူထွက် ချင်လှပြီ။ ဤသည်ကိုမသိသော ဖွားဖွားနှင့် ခိုင်မေထွေးတို့က 'ကိုရင်တော့ပျော် နေပြီ' ဟူသောသဘောနှင့် တောရကျောင်းကို ယခင်ကလို နေ့တိုင်းမရောက်ဖြစ် ဘဲ သုံးရက်တစ်ခေါက်၊ လေးရက်တစ်ခေါက်လောက်သာ ရောက်ဖြစ်ကြသည်။ ခိုင်မေထွေးနှင့်ဖွားဖွားတို့ နေ့စဉ်ကျောင်းကိုရောက်နေကြလျှင် ကိုရင် စိတ်လေမှာ စိုး၍ဟူသော တောရဆရာတော်၏ စကားကို ဆင်ခြင်စောင်စည်းရသည်က လည်း ပါလေသည်။

သို့သော် ကိုမောင်မောင်ထွေးအမေမှာ ညနေစောင်း၍ နိုင်မထွေးတို့ ပြေးဖွားနှစ်ယောက် ကျောင်းသို့ရောက်မလာကြလျှင် ရင်ထဲပူလာနေပါသည်။ ဖွားဖွားနှင့်နိုင်မထွေးတို့လာလျှင် အိမ်ကယူလာကြသော အဖျော်ယမကာတစ်ခုခုကို နိုင်မထွေးသော်လည်းကောင်း၊ ဖွားဖွားသော်လည်းကောင်း ကိုယ်တိုင်ကိုယ်ကျ လာကပ်လှူသည်ကို သူ့စိတ်ထဲက တောင့်တနေမိသည်။ ကျောင်းမှာရှိသော အဖျော်ယမကာများကို အရှိန်မဲ့သောက်သုံးနိုင်သော်လည်း အိမ်ကဖျော်လာသော အဖျော်ယမကာများလောက် အရသာမတွေ့။ လူကသာ ကျောင်း၌နေရသော်လည်း စိတ်က အိမ်ကို ရောက်နေတတ်သည်။

ညနေစောင်းလျှင် ကျောင်းရှေ့၌ မြို့ထဲက မြင်းရထားတစ်စီးစီး ထိုးဆိုက်လာလျှင် 'မမထွေးတို့လာပြီ' ဟူသော ဝမ်းသာသောစိတ်နှင့် ကျောင်းပြဝထိ ပြေးဆင်း၍ ကြိုမိ၏။ သို့သော် သူထင်သလို နှမသယ်နှင့် ဖွားဖွားမဟုတ်ဘဲ မြို့ကမိသားစုတစ်ဦးဦးဖြစ်နေလျှင် ကိုမောင်မောင်ထွေး(ဓမ္မဝံသ)ခမျာမှာ နှုတ်ဆက်ရခက် ကြိုရခက်နှင့် ရှက်သွေးဖြာပြီး ငိုချင်စိတ်ပင် ပေါက်မိသည်။

ဤသည်ကို ဖွားဖွားနှင့် နိုင်မထွေးတို့က မသိ။ ကိုရင်တော့ မျှော်နေပြီ ဟူသောအတွေးနှင့် သုံးရက်တစ်ခါ လေးရက်တစ်ခါ ကျောင်းကိုသွားကြရာမှ သီတင်းတစ်ပတ်တစ်ခါရောက်ဖြစ်ကြသည်။

ထိုအခါ နှမသယ်နှင့် အဖွားကိုလွမ်း၍ ကိုရင်ခမျာမှာ ရေစဉ်စိတ်ညစ်ရသည်။ နှမသယ် ဖွားဖွားတို့နှင့် သီချင်းဆို၍ ဆောင်းကောက်တီး၍ သီချင်းကြိုးတတ်ပြားမှုန်၍ ည ည နေခဲ့သည်များကို တွေးမိလျှင် အိပ်၍ပင်မပျော်တော့။ ထို့ကြောင့် ဥပုသ်နေ့ပတ်တွင် နှမသယ်နှင့်ဖွားဖွားတို့ ကျောင်းကိုရောက်လာကြပြီဆိုလျှင် ဖွားဖွားနှင့်နှမသယ်မှားက သူ့မရွာ။ ပြောစရာစကားမရှိလျှင် "မမထွေးငါ့ကို သီချင်းဆိုပြပါယ်" ဟု နိုင်းတတ်သည်။

"နစ္စ၊ ဂီတ၊ ဝါဒိတ၊ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းဆိုတာ ကိုရင်သိက္ခာပုဒ်ထဲမှာပါတယ်။ မမထွေးလည်း ရှစ်ပါးသီလယူထားတယ်၊ သီချင်းမဆိုဖြရဘူး"

နှမသယ်က သူ့ကိုပြန်၍ တရားချသောအခါ ကိုရင်ခမျာမှာ အရှက်ရပြန်၏။

"ဒီလိုဆို တရားစာဖြစ်ဖြစ်ရွတ်ပြပါယ်၊ မမထွေးအသံကို မကြားရတာကြာပြီ" သို့ကလိုလည်း ကိုရင်က တောင်းဆိုလာတတ်၏။

"ကိုရင်ကသာ မမထွေးကို တရားဟောရမဲ့ဝတ္တရာ ပြောင်းပြန်နိုင်ကြီး"

"ငါက တရားမဟောတတ်တာ၊ ဘုန်းကြီးကလည်း ဘာတွေကျက်နိုင်းလဲ မသိဘူး၊ ငါလည်း နားမလည်ဘူး၊ စာတွေအများကြီးပဲ"

"နားလည်အောင် ကြိုးစားပေါ့"

မေထွေးက ကိုရင်ကို မျက်ခွံပင့်ကြည့်၍ လျှောက်၏။

"မေထွေး"

"ရှင် .... တော် .... ဘုရား"

မေထွေးက ယောင်မှား၍ ရှင်ထူးလိုက်သည်မှာ အမှန်က ရယ်စရာ ဖြစ်နေသော်လည်း ကိုရင်မှာ မရယ်နိုင်ရှာသေး"

"ငါ ပျော်လို့နေတယ်မှတ်လား မေထွေး၊ ငါလေ တစ်နေ့မှ မပျော်ဘူး၊ ဖွားဖွားကို သနားလို့ အားနာလို့နေတာ"

ဤတစ်ခါတော့ ကိုရင်အသံမှာ ရင်ထဲကပင် လှိုက်၍ပွင့်အံလာတော့ သည်။ ကိုရင်စကားကို ကြားရသောအခါ မေထွေးမှာလည်း စိတ်မကောင်းဖြစ်ရ ပြန်၏။

ညနေမိုးချုပ်၍ အမျှားဥပုသ်သတင်းသည်များနည်းတူ ခိုင်မေထွေးတို့ မြေးအဖွား ပြန်ကြသောအခါ ကိုရင်မှာ မျက်ရည်ဝဲ၍ ကျန်နေခဲ့၏။

မေထွေးတို့မြေးအဖွားကလည်း သီတင်းတစ်ပတ်မှ တစ်ခါလာ၊ ဘုန်း တော်ကြီး၏ ရှင်ကျင့်ဝတ် စည်းကမ်းတွေကလည်း တင်းကြပ်လာသောအခါ ကိုရင်မှာ သင်္ကန်းဝတ်နှင့် လုံးဝမပျော်တော့။

ခါတိုင်းဆိုလျှင် သူချစ်သော ခိုင်မေထွေးတို့မြေးအဖွားကိုသာ လွမ်းနေမိ သော ကိုရင်သည် ယခုတော့ သူနှင့်ဘယ်လိုမှ အဆင်မပြေသော သူ့အစ်ကိုနှစ် ယောက်နှင့် သူ့အဒေါ်၊ သူ့ဦးကြီးတို့ကိုပင် စိတ်ထဲက လွမ်းလာတော့၏။ ထို့ကြောင့်လည်း နောက်သီတင်းတစ်ပတ်မှာ ခိုင်မေထွေးတို့မြေးအဖွားအလာကို ပင်မစောင့်နိုင်တော့ဘဲ ကိုရင်ဓမ္မဝံသသည် တစ်ညနေမှာ ဘုန်းတော်ကြီးကိုပင် မလျှောက်ဘဲ အိမ်သို့ပေါက်ချလာ၏။

မြင်းရထားနှင့် နာရီဝက်ခရီးရှိသော တောရကျောင်းနှင့်အိမ်ကို ဖြတ် လမ်းတာရိုးပေါ်က မိနစ်နှစ်ဆယ်နှင့်အရောက်လာခဲ့သည်။

မလာစဖူးပေါက်ချလာသောကိုရင်ကို ကိုမောင်မောင်ကြီးနှင့် ကိုမောင် မောင်လေးတို့က အံ့သြနေကြသည်။

"ကိုရင် ဘာလာလုပ်လဲ ထမင်းဆာလို့ ပြေးလာတာမှတ်လား"

ထုံးစံအတိုင်းပင် နှုတ်ရော ကိုယ်ရော အငြိမ်မနေတတ်သူ ကိုမောင် မောင်လေးက ကိုရင်ကို ဦးဆုံးမေး၏။

"ကိုကိုကြီး မေထွေးတို့ ဒါဒါတို့ကော"

ကိုရင်ကလည်း သူနှင့်ရွယ်တူဖြစ်သော ကိုမောင်မောင်လေး၏အပြော ကို အရေးမစိုက်ဘဲ ကိုမောင်မောင်ကြီးကိုသာ မေး၏။

"ဒါဒါနဲ့ မေထွေးတို့ မနေ့ကပင် ပရိန္နကိုသွားကြတယ်၊ မပြန်ကြသေးဘူး"

"ဟင်း"

ကိုမောင်မောင်ကြီး၏စကားကို ကြားရသောအခါ ကိုရင်သက်မချ၏။

ဖွားဖွားတို့၏ လုပ်ငန်းမှာ ပရိုဂရမ်လည်း ဆိုင်ခွဲတွေရှိသဖြင့် တစ်ရက်နှစ်ရက်တော့ ကြာပေဦးမည်။

"မင်းကြီးနဲ့ အရှင်ကြီးတို့ကော"

"ပါပါနဲ့ မေမေကလည်း ပွဲရုံက မပြန်ကြသေးဘူး။ ကိုရင် ဘာလို့ချင်လို့လဲ၊ ဘီလပ်ရည်ကုန်နေလို့လား၊ မနက်ဖန် ကိုရန်သာကို ပို့ခိုင်းလိုက်မယ်လေ၊ စတုမတုကော ရှိသေးရဲ့လား"

"မဟုတ်ပါဘူး မေတွေးနဲ့ ဒါဒါ ပေါ်မလာကြတော့ နေမကောင်းကြဘူးထင်ပြီး လာကြည့်တာ၊ ကျွန်တော်ပြန်မယ် ကိုကိုကြီး"

"ကိုရင် ပြန်မယ်လို့ ပြောရတာယ်ဗျ"

ကိုမောင်မောင်လေးက ဝင်နှောက်သေး၏။

မေတွေးတို့ ဖွားဖွားတို့ကိုလွှမ်း၍ အိမ်ကိုသွားမိသော ဓမ္မဝံသမှာ ဘုန်းတော်ကြီးကိုမလျှောက်ဘဲ ရွာကိုဝင်ခြင်း၊ အပြန် ဘုရားဝတ်တက်မမှီခြင်းတို့ကြောင့် ထိုနေ့က ဘုန်းတော်ကြီးဆီတွင် ဆူပူခြင်းခံရ၏။

ဘုန်းတော်ကြီး ခွင့်ပြုချက်မပါဘဲ နောက်ရွာကိုဝင်လျှင် သဲဒဏ် ရေဒဏ်ပေးမည်ဟု ဘုန်းတော်ကြီးက အမိန့်ထုတ်သည်။

ကိုရင်မှာ ဝမ်းနည်း၍ တစ်ညလုံး စိတ်မကောင်းဖြစ်ရသည်။

× × × × × × × × × × × ×

## အခန်း (၁၃)

နောက်နှစ်ရက်အကြာမှာ ဥပုသ်သီတင်းပတ်နှင့်လည်း ကြုံနေသဖြင့် ဖွားဖွားနှင့် ခိုင်မေထွေး ကိုကိုကြီး ကိုကိုလေးတို့ ကျောင်းသို့ရောက်လာကြသည်။ ပရိန်က ဝယ်လာခဲ့ကြသော ဆင်စွယ်ငှက်ပျောသီး၊ ဖရဲသီး၊ သခွားမသီးနှင့် ဒူးရင်းသြဇာသီးတွေလည်း လှူဒါန်းပါလာကြ၏။

ဘုန်းတော်ကြီးနှင့် ခဏသာစကားပြောပြီး ဒေါ်နန်းဖုံးနှင့်တကွ ခိုင်မေထွေး ကိုကိုကြီး ကိုကိုလေးတို့သည် ကိုရင်အတွက် သီးသန့်လုပ်ပေးထားသော အခန်းထဲ ဝင်လာကြ၏။

"ငါ့မြေး အိမ်ကိုလာသွားတယ်ဆို ကိစ္စရှိလို့လား"

"မရှိပါဘူး၊ ဒကာမကြီးတို့ ပေါ်မလာလို့ နေမျှားမကောင်းကြသလား ထင်ပြီး ကိုရင် လာကြည့်တာ"

သူ့ကိုဝိုင်းပြီး ဦးတိုက်ရှိခိုးကြသော အားလုံးကို ခြုံကြည့်ကာ ကိုရင်က ဆို၏။

ဒေါ်နန်းဖုံးစိတ်ထဲမှာ သူ့ကို 'ဒကာမကြီး' ဟု ခေါ်လိုက်သဖြင့် အတိုင်းမသိဝမ်းသာသွား၏။ ကိုရင်လည်း ဟိုတုန်းကလို ဒါဒါ ကျွန်တော်ဟုမပြောတော့၊ တကယ့်ဝါကြီးထေရ်ကြီး ရဟန်းသံဃာတို့၏ စကားကို ပြောလာချေပြီ။ သူ့မြေးသည် ကိုရင်ဝတ်နှင့် ပျော်မွေ့စပြုလာလေပြီ။

အမှန်ကတော့ ကိုရင်အနေမှာ ပျော်၍မဟုတ်။ သူ့အဖွားက သူ့ကို ရှိရှိသေသေ ဦးခိုက်ရှိခိုးလာသောအခါ သူ့အဖွား စိတ်မချမ်းမသာဖြစ်မည်စိုး၍ ပြောမထွက်ခြင်းသာ။

"ကိုရင် အိမ်လာတာ ဘုန်းကြီးက မကြိုက်ဘူး ဒကာမကြီး။ ဟိုနေ့က ဘုန်းကြီးကို မလျှောက်တဲ့ အိမ်ကိုသွားရမလားဆိုပြီး ကိုရင်ကို ဘုန်းကြီးဆူတယ်၊ ညနေမှာ ရဟန်းသမဏေတွေ ရွာကို မဝင်ရဘူးတဲ့"

"ဟုတ်မှာပေါ့ ကိုရင်ရယ်၊ ဘုန်းကြီးက ညနေ ရွာဝင်တာမကြိုက်ရင် ဆွမ်းခံလာတော့ ဝင်ပေါ့။

"ဟုတ်ကဲ့ ဒါပေမင့် ဒကာမကြီးတို့ဘက်ကို ကိုရင် ဆွမ်းမခံရဘူး၊ မြို့မရပ်ဘက်ပဲ သွားရတယ်"

ဘုန်းတော်ကြီးက ကိုရင် အိမ်ဝင်မှာကြ၍ ဆွမ်းခံရပ်လှည့်ပေးထားသည်ကို ကိုမောင်မောင်တွေး(မွှေဝိသ)က သူ့အမှုးကိုတိုင်သည်။

"ဒါတော့ ဒကာမကြီးက ဘုန်းတော်ကြီးကို လျှောက်ထားခဲ့ပါမယ်၊ ကိုယ့်ဆီမြေးရဲ့သပိတ်ထဲကို နေ့စဉ် ပိန္နပတ်ဆွမ်း ဒကာမကြီးလည်း လှူချင်တာပေါ့၊ ကဲ ဒကာမကြီးလည်း ဘုန်းကြီးနဲ့ ပဋ္ဌာန်းစာရ သွားပြုလိုက်ဦးမယ်၊ မနက်တိုင်း ဆွမ်းခံကြွဖို့လည်း လျှောက်ထားခဲ့မယ်၊ ငါ့မြေး သာသနာဝင်ကို ပျော်အောင်သာ နေ၊ နောက်နှစ်ဆို ဒကာမကြီးတို့ ဘုန်းကြီးတို့နဲ့ အနောက်မြို့မ ဘုရားဖူးသွားကြတာပေါ့။

"ကိုရင် ဝါဆိုနေ ရှုပါပါနော်"

ကိုရင်က ဝမ်းနည်းသံနှင့် ပြန်မေး၏။

"အေးပေါ့ ကိုရင်က ကိုရင့်အမေအဖေတွေကို ပါရမီဆက်အောင် တစ်ဝါတော့ဆိုပေါ့"

"စနေဖက်ကျလိမ့်မယ် ဒါဒါ"

ဤတစ်ခါတော့ ကိုရင်က ဒကာမကြီးဟု မပြောပြန်တော့။

"ကိုရင်ကလည်း ကိုကိုတို့ထက် တစ်တန်းကြီးတာပဲ နောက်ကျတော့ ဘာဖြစ်လဲ ဒါမှ ညီအစ်ကိုသုံးယောက်လုံး အတန်းတူတူ ဖြစ်သွားမှာပေါ့"

ကိုရင်က သူ့အဖွားၣ စကားကို လုံးဝပြန်မပြောဘဲ ကိုမောင်မောင်ကြီး ကိုမောင်မောင်လေးတို့၏ မျက်နှာကိုသာ ရှုတ်ခြည်း လှမ်းကြည့်လိုက်၏။

ကိုမောင်မောင်ကြီး ကိုမောင်မောင်လေးတို့ကတော့ ကိုရင် တစ်ဝါဆိုမှ တို့နဲ့ အတန်းတူတူဖြစ်မည်ဟု ဝမ်းသာနေကြပုံရသည်။

"ကဲ မေမေတွေတို့ ကိုကိုတို့နဲ့ ကိုရင် စကားပြောနေဦး၊ ဒကာမကြီး ဘုန်းတော်ကြီးနဲ့ တိုင်ပင်စရာရှိသေးတယ်"

ဒေါ်နှင်းခိုင်က ဘုန်းတော်ကြီးရှိရာသို့ ထသွားသည်။

"ကိုရင် ပျော်တယ်မှတ်လားဟင်"

"မပျော်ပါဘူးဆိုမှ"

နိုင်မေမေတွေး၏ အမေးကို ကိုရင်က နှုတ်ခမ်းစူ ငိုသံပါနှင့်ပြော၏။ အရင် ကလည်း "ငါပျော်လို့ နေတယ်မှတ်လား မေတွေး၊ ငါလေ တစ်နေ့မှမပျော်ဘူး" ဟူသောစကားကိုပါ သတိရသော အခါ နိုင်မေမေတွေးမှာ ကိုရင်ကို ဘာပြန်ပြောရ မှန်းမသိဘဲ ငေး၍သာ ကြည့်နေရှာ၏။

နဂိုကပင် ရဟန်းသံဃာများနှင့် အကျွမ်းတဝင်မရှိလှသော ကိုကိုတွေး သည် ဤကဲ့သို့ ရဟန်းသံဃာများစွာညီရှိသော တောရကျောင်းတွင် မည်သို့ ပျော် မွေ့ပါမည်နည်း။ ဗုဒ္ဓဘာသာစစ်စစ်များဖြစ်ကြသော၊ ရဟန်းသံဃာများနှင့် လည်း အကျွမ်းတဝင်ရှိလှသော ကိုကိုကြီးကိုကိုလေးတို့ပင် မပျော်၍ လှုထွက်

ခဲ့ကြသည် မဟုတ်ပါလား။

"မပျော်ရင်တော့ စိတ်ဆင်းရဲခံပြီးနေမနေနဲ့ ကိုရင် စောစောက ထွက်"

ဤတစ်ခါ ကိုကိုကြီးက လူကြီးသူမဟန်နှင့်ပြော၏။ အမှန်မှာ ညှိုးညှိုး ငယ်ငယ်ဖြစ်နေသော သူ့ညီထွေး ကိုရင်ကိုကြည့်ကာ သူ့စိတ်ထဲမှာ ကောင်းပုံမရပေ။

"ကိုကိုကြီးက ကိုယ်မနေနိုင်တိုင်း သူများကို ပြောရှာမယ်"

"ငါပြောတာ မေထွေး သဘောမပေါက်ပါဘူး၊ မပျော်တဲ့နဲ့ ကြိတ်မှိတ် နေရင် ပိုပြီးငရဲကြီးတယ်၊ ကုသိုလ်လည်းမရဘူးတဲ့၊ ဘုန်းတော်ကြီးက ပြောတာပဲ"

"ဟုတ်ပါတယ် ငါတို့တုန်းကလည်း ဘုန်းကြီးက ဒီလိုပဲပြောလို့ ငါတို့ လူထွက်ကြတာကွနော် ကိုကိုကြီး"

ကိုကိုလေးကပါ ကိုကိုကြီးစကားကို ထောက်ခံ၏။

ကိုရင်မှာတော့ မည်သို့ပြန်ပြောရမှန်းမသိဘဲ ခိုင်မေထွေး၏မျက်နှာ ကိုသာ ငေးကြည့်ကာ တွေနေသည်။

သူ့စိတ်မှာ ကိုကိုကြီးကိုကိုလေးတို့ ပြောသလို လူထွက်ရကောင်းမ လား၊ မေထွေးတို့ ဖွားဖွားတို့ဆန္ဒအတိုင်း သင်္ကန်းဝတ်နှင့် ဆက်နေရကောင်းမ လားနှင့် မဆုံးဖြတ်တတ်ဖြစ်နေ၏။

"လူထွက်ရင် အနောက်မဈေးမကို မလိုက်ရတော့ဘူးပေါ့၊ ခု ကိုကိုကြီး ကိုကိုလေးတို့ အနောက်မဈေးမကို မလိုက်ရတော့ဘူး မေထွေးရယ် ဒါဒါရယ် ကိုရင်ရယ် သွားရမယ်"

"အမယ် ငါတို့က ကုလားပြည် ရွှေဆွဲခေါ်လည်း မလိုက်ဘူးနော်၊ ကုလားမကြီးနဲ့ နင်တို့ပဲသွားကြ"

ကိုမောင်မောင်လေးက မေထွေးကို အော်လိုက်၏။

"ဒါဒါကို ကုလားမကြီးလို့ပြောတယ် မေထွေး ဒါဒါကို တိုင်မယ်"

"တိုင် တိုင် ဟုတ်ကော မဟုတ်ဘူးလား၊ ဝါကြီးမက ရွာတော်မှာ ဆွေမျိုးရှိတာယ်ပြောတာပဲ၊ တို့ကရခိုင်တွေပဲ ဘာလို့ ကုလားပြည်ကို သွားမှာလဲ"

"ဗုဒ္ဓဂါယာကို ဘုရားဖူးပါဆိုနေမှ"

"တော်စမ်းပါ ဘုရားမျှာ မြောက်ဦးမှာ ပေါလွန်းလို့၊ ရှစ်သောင်း ကိုးသောင်း ဖူးပါလေ၊ နင်တို့ ကုလားပြည်မှာ ဘုရားသွားဖူးတော့ ငါတို့ ရခိုင်ပြည် က မဟာမြတ်မုနိကိုယ်တော်ကြီး ဘယ်လောက်မျက်နှာပူမလဲ၊ ငါသာ ဘုရား ဖြစ်ရင် နင်နဲ့ကုလားမကြီးကို ကြိမ်နဲ့ကို လိုက်ရိုက်ပစ်မှာ၊ ကိုယ့်ပြည်က ဘုရား တော့ ...."

"ဟဲ့ကောင် ဘာတွေလျှောက်ပြောနေတာလဲ"

ကိုကိုကြီးက ကိုမောင်မောင်လေးကို မာန်လိုက်သည်။

ကိုရင်မှာတော့ ကောင်းနိုင်လှချေပြာနေကြသော အစ်ကိုနှင့် နမသယ်ကို တုတိုသော ကြည့်ကာ ဝမ်းသာနေပြန်၏။

ဤလို ညီအစ်ကိုမောင်နှမတွေ မဆုံမိကြသည်မှာ ကြာချေပြီ မဟုတ်ပါလား။

"ဟဲ့ မြင်းရထားတစ်စီးပါလား၊ ဘယ်လူတွေတုန်း"

တောရကျောင်းက မြင်းရထားနှင့် ပြန်လာကြသောအခါ အိမ်ရှေ့မှာ မြင်းလှည်းတစ်စီးရပ်ထားသည်ကိုတွေ့ရသဖြင့် ဒေါ်နန်းစံဦးက ရေရွတ်လိုက်၏။

"မေမေကြီး ပဥ္စာကစည့်သည်တွေ ရောက်နေတယ်"

မရှိန်စီက ဆီးပြော၏။

"ဟုတ်လား ဘယ်လူတွေတုန်း"

"ကိုတာချမ်းတို့ ညီအစ်ကိုတွေတဲ့"

"ငါလည်း မသိပါလားကွယ်"

"ဟိုလေ ဒါဒါ ကိုကိုတို့ ရှင်ပြုတုန်းက ကိုရင် ဆံဝတ်ကို ကူကိုင်ပေးတဲ့ ပဥ္စာက ညီအစ်ကိုတွေနေမှာပေါ့"

ကိုလှချမ်း ကိုတာချမ်းတို့ညီအစ်ကိုကို မှတ်မိနေသော နိုင်မေထွေးက သတိရစွာပြောလိုက်၏။

"အော် အေး ဟုတ်သားပဲ၊ မောင်ဘလှိုင်ရဲ့ သားလေးတွေဆို မှတ်လား"

"ဟုတ်ပါတယ် ဒါဒါ"

နိုင်မေထွေးက သွက်သွက်လက်လက်ပြောသည်ကို ကိုမောင်မောင်လေးက အလိုမကျဟန်နှင့် နိုင်မေထွေးမျက်နှာကို မျှတ်ကာနဲ့ လှမ်းကြည့်၏။

ကိုတာချမ်းသည် ယခင်က နိုင်မေထွေးအား လှသည်၊ ချစ်စရာကောင်းသည်ဟု ပြောဖူးသဖြင့် ယခု ကိုတာချမ်းရောက်နေသည်ဟုဆိုသောအခါ နိုင်မေထွေး၏မျက်နှာမှာ ရှက်သွေးဖြာသွားသည်။

နိုင်မေထွေးနှင့် ကိုမောင်မောင်လေးတို့သည် ဒေါ်နန်းစံဦးနောက်က ရှိရှိ့လေး အိမ်ထက်လျှောက်လိုက်လာကြ၏။ ကိုမောင်မောင်ကြီးကတော့ မြင်းဇောင်းကိုသွား၍ မြင်းလှည်းသွားထားနေသည်။

လှေခါးရင်း၌ ကိုတာချမ်း ကိုလှချမ်းတို့ညီအစ်ကိုနှစ်ယောက်ကို တွေ့ရသည်။ သူတို့ညီအစ်ကိုနှစ်ယောက်သည် ဒေါ်နန်းစံဦး ပြန်လာသံကြား၍ အိမ်ပေါ်က ဆင်းကြိုနေကြခြင်းဖြစ်မည်။

'ကိုတာချမ်း' ဟူသောအသံကို ကြားကတည်းကပင် မျက်နှာမထား တတ်အောင်ဖြစ်နေမိသော နိုင်မေထွေးမှာ ယခု ကိုတာချမ်း၏ရုပ်ကိုမြင်ရသောအခါ ရင်ထဲ ချက်မျှင်း တဒိတ်ဒိတ်ခုန်လာ၏။

ကိုတာချမ်းက နိုင်မေထွေးအား မျှတ်ကာနဲ့ မျက်စွံတစ်ချက်ပင့်ကြည့်

မှာတော့ ခိုင်မေထွေးတစ်ကိုယ်လုံးမှာ ချက်ချင်း ထူပူ၍ပင် သွားပါလေသည်။ ရင်ခုန်ရာမှ တစ်ကိုယ်လုံး ကတုန်ကယင်ကြီးဖြစ်လာမိ၏။

သူတို့ညီအစ်ကိုသည် ဒေါ်နန်းဖဲဦးကို ချက်ချင်းနှုတ်မဆက်ရဲကြသေးဘဲ လက်နှစ်ဖက်ကို ရှေ့သို့ချကာ လှေကားရင်းတွင် မတ်တပ်ရပ်နေကြသည်။

"ပဋ္ဌာက မောင်ဘလှိုင်ရဲ့သားတွေဆိုတာ မောင်တို့လား"

"ဟုတ်ကဲ့ ခင်ဗျား"

"လေးမြို့ဘက်မှာ တိုင်းရေးပြည်ရေးကော ဘယ့်နှယ့်လဲကွယ့်"

ဒေါ်နန်းဖဲဦးမှ သူပုန်သကန်တွေ တောခိုကြပြီးနောက်ပိုင်းမှာ ဓါးပြ အန္တရာယ်ကိုကြောက်၍ လေးမြို့က ကစ္ဆပနဒီမြို့သို့ ပြောင်းပြေးလာရသူ ဖြစ်လေရာ လေးမြို့နယ် ပဋ္ဌာကလာကြသော ကိုတာချမ်းတို့ညီအစ်ကိုအား သူသိလိုသည်ကိုသာ ဦးစွာမေး၏။

"လေးမြို့ဖက်မှာ ခုတော့ အေးအေးချမ်းချမ်းပါပဲ ဖွားဖွား"

ကိုလှချမ်းက ဒေါ်နန်းဖဲဦး၏မျက်နှာကို မော့ကြည့်၍ဖြေ၏။ ကိုတာချမ်းကတော့ ခိုင်မေထွေး၏ မျက်နှာကိုသာ ကွက်ကြည့်ကွက်ကြည့်လုပ်နေလေသည်။

"အေးကွယ် ခေတ်မကောင်း ကာလမကောင်းမှာ လူဖြစ်ရတာလည်း ဒုက္ခပါပဲ၊ မောင်တို့အဖေအအေမတွေကော ကျမ်းမာကြရဲ့ မှတ်လား"

"ဟုတ်ကဲ့ ခင်ဗျား"

"ကဲ လာကြ လာကြ ထိုင်ကြပါအုံး"

ကိုတာချမ်းတို့ညီအစ်ကိုရော ခိုင်မေထွေးနှင့် ကိုမောင်မောင်လေးတို့ ရော ဖွားဖွားနောက်က အိမ်ပေါ်သို့ တက်လိုက်လာကြသည်။

"ဖွားဖွားတို့ခြံထဲက ကန်စွန်းဥတွေရော သစ်သီးတွေရော ပေးလိုက်လို့ ကျွန်တော်တို့ လာပို့ကြတာ ခင်ဗျား"

ဧည့်ခန်းထဲက ကုလားထိုင်တစ်လုံးတွင်ဝင်ထိုင်ရင်း ကိုလှချမ်းကပြော၏။

ပဋ္ဌာက ကစ္ဆပနဒီကိုလာလျှင် လေးမြို့မှာ လမ်းကြုံနေသဖြင့် သူတို့ ညီအစ်ကိုသည် ခိုင်မေထွေးတို့ သာတာဂီရခြံထဲ ဝင်လာကြပုံရသည်။ ထိုအခါ သာတာဂီရခြံထဲက အလုပ်သမားများက ခြံထွက်ပစ္စည်းတွေ လူကြုံပေးလိုက်ကြပုံရ၏။

"အေးကွယ် ကျေးဇူးတင်ပါတယ် မောင်တို့ ပါပါ မေမေတို့ကိုလည်း ဖွားဖွား သတင်းမေးလိုက်တဲ့အကြောင်း ပြောလိုက်ကြပါနော်"

"အော် ဟုတ် မသာထက် ကလေးတွေကို လိမ္မော်ရည်လေး ဘာလေး တိုက်ပါဟဲ့ ခရီးဝေးကလာကြတာ ရေငတ်မယ်"

"ကျွန်တော်တို့ သောက်ပြီးကြပါပြီ ဖွားဖွား"

"တိုက်ပြီးပါပြီ ဖေဖေကြီး"

ကိုတာချမ်းတို့ညီအစ်ကိုစကားက ခေါ်သာထက်၏ စကားနှင့် ရောသွားလေသည်။

"မောင်တို့က ကာဠပနဒီမှာ ကျောင်းနေကြတာဆို"

"ဟုတ်ကဲ့ ခင်ဗျား၊ ခု ကျောင်းပိတ်ထားလို့ ဖွားဖွားတို့ရှင်ပြုပွဲပြီးကတည်းကပင် ကျွန်တော်တို့ ရွာပြန်နေကြပါတယ်၊ ခု ဈေးပြုရင်း လာလည်ကြတာပါ။"

"အေး အေး မိုးလည်းချုပ်နေပြီပဲကွယ် မောင်တို့ မြို့ဘယ်အပိုင်းမှာ တည်းကြလဲ၊ ကျောင်းနေတဲ့အိမ်မှာပဲလား၊ ဒီက ထမင်းဟင်းစားပြီးမှ ပြန်ကြပါလား၊ ညလည်း ဒီမှာအိပ်လို့ တည်းလို့ရပါတယ်၊ ရှေးရိုးကြအုံး၊ ဟဲ့ နိုင်နိုင်နှင့်အစ်ကိုတွေကို ပြောစမ်း၊ ဒီ သူငယ်တွေ ရေချိုးဖို့"

"နေပါစေ နေပါစေ ဖွားဖွား ကျွန်တော်တို့ ခုတင်ပြန်မှာပါ၊ မြို့ထဲမှာ ကျွန်တော်တို့ ကျောင်းနေတဲ့ ဆွေမျိုးတွေရှိပါတယ်၊ ထမင်းလည်း ဟိုရောက်မှ စားပါ့မယ်၊ ကျွန်တော်တို့ ဖွားဖွားကို တမင်စောင့်နေကြတာပါ"

ခေါ်နန်းဖုံး၏ စကားမဆုံးခင်ပင် ကိုလှချမ်းက ကမန်းကတန်း ဝင်ပြော၏။

ယခုထိ လုံးဝ စကားမပြောသေးသော ကိုတာချမ်းကတော့ တစ်ရှိန်လုံး ငြိမ်၍ နိုင်မေထွေး၏ မျက်နှာကိုသာ စိုးကြည့်နေလိမ့်မည်ထင်သဖြင့် နိုင်မေထွေးမှာ ဖွားဖွားအနားတွင် ရှိရှိကလေးထိုင်၍ ခေါင်းပင်မဖော်ရဲလောက်အောင် ဖြစ်နေရသည်။

ယခင်ကမူ ကုလားသူဌေးဆီ၌ အဖေအပေါ်း၊ လယ်ကျွန်လိုနေခဲ့ရသော ဦးဘလှိုင် ခေါ်အိမ်ချမ်းတို့အား အဆင့်အတန်းခြင်းမတူသဖြင့် အခရာတဝင်နေဖို့ မပြောနှင့် မေးထူးခေါ်ပြောပင် မလုပ်ခဲ့သော ဖွားဖွားသည် ယခုအခါ ဦးဘလှိုင် ခေါ်အိမ်ချမ်းတို့၏ သားမြန်ယောက်အား အဘယ်ကြောင့် ဖော်ရွေလှန်းနေပါလိမ့်မှာ နိုင်မေထွေး တွေးနေ၏။

အမှန်မှာ ပို့နိုးဆုံးပြီးကတည်းကပင် ဖွားဖွား၏ မာနသည် ကျတန်သလောက် ကျခဲ့ရလေပြီ။

"ဖွားဖွား ကျွန်တော်တို့ကို ခွင့်ပြုပါအုံးခင်ဗျား"

ညီအစ်ကိုနှစ်ယောက်သည် ပြိုင်တူထလိုက်ကြ၏။

"အေး အေးကွယ် မောင်တို့ ပဥ္စာပြန်ခါနီးရင် တစ်ခေါက်လာခဲ့ပါအုံး၊ ဖွားဖွားခြံထဲ စာပေးလိုက်ချင်လို့"

"ဟုတ်ကဲ့ခင်ဗျား လာခဲ့ပါ့မယ်"

ဤစကားကိုတော့ အတိုင်းမသိဝမ်းသာသွားဟန်နှင့် ကိုဘချမ်းကပြော သည်။ ပြီး ခိုင်မေထွေးဘက်လှည့်ကာ –

"ခိုင်ခိုင် ကျွန်တော်တို့ ပြန်လိုက်ဦးမယ်"

"ဟော့"

တစ်ချိန်လုံးငြိမ်နေသော ကိုဘချမ်းက ရုတ်တရက် နှုတ်ဆက်လိုက် သောအခါ ခိုင်မေထွေးမှာ ပူထူသွားပြန်သည်။ ထို့ကြောင့်လည်း 'ဟုတ်ကဲ့'ဟု ဖြေရမည့်စကားက လျှာခလုပ်တိုက်ကာ 'ဟော့' ဟုသာ ယောင်ယောင်မှားမှား ထွက်သွား၏။

"ကျွန်တော်တို့ ကိုရင် ဓမ္မဝံသဆီလည်း မနက်ဖန် ရောက်ဦးမယ် ဖွားဖွား ကိုရင် လူမထွက်သေးဘူးပြောတယ်"

သည်လိုကျပြန်တော့လည်း ကိုဘချမ်းစကားချည်းဖြစ်နေပြန်၏။

"အေးကွယ် မောင်တို့သူငယ်ချင်းကိုလည်း သာမဏေဝတ်နဲ့ပျော် အောင် တိုက်တွန်းကြပါအုံး၊ ဖွားဖွားတို့ ခုလေးတင်ပဲ တောရကျောင်းက ပြန်လာ ကြတာ"

"ဟုတ်ကဲ့ ခင်ဗျား"

ကိုဘချမ်းသည် လှေခါးထိပ်အရောက်မှာပင် ခိုင်မေထွေး၏ မျက်နှာကို တစ်ချက်ပြန်၍ လှည့်ကြည့်သွားသေး၏။

ဤတစ်ခါတော့ ခိုင်မေထွေးက 'ကဲကိုကဲတယ်' ဟူသောသဘောဖြင့် မျက်စောင်းထိုးပြလိုက်၏။

ဤသည်ကိုပင် ကိုဘချမ်းကလည်း အကျေနပ်ကြီး ကျေနပ်သွားပုံရလေ သည်။

"ဒါဒါကလည်း ခြံထဲစာပေးချင်တာများ ဒီကောင်တွေနဲ့ပေးစရာလား၊ ဈေးလှည်းတွေ ကန္နားလမ်းမှာ ပြည့်လို့"

ကိုမောင်မောင်လေးက သူတို့ကို ကုလားအစေအပါးတွေဟူသော သဘောဖြင့် ဖွားဖွားကို အပြစ်တင်၏။

ဤသည်ကိုတော့ ဒေါ်နန်းဖိုးက ဘာမှ ပြန်မပြော။ ဂုံနီအိတ်နှင့် ထည့်ပေးလိုက်သော ကန်စွန်းဥတွေနှင့် ခြင်းနှင့်ထည့်ပေးလိုက်သော သာတော ဂီရခြံထဲက သစ်သီးတွေကိုသာ ငုံ့ကြည့်နေသည်။ သူ့ခြံထဲကပစ္စည်းတွေကို မြင်ရသဖြင့် ဖွားဖွားသည် လေးမြို့က သာတောဂီရခြံကို လွမ်းသွားပုံရသည်။

အမှန်မှာ ဖွားဖွားသာမဟုတ်။ ခိုင်မေထွေးသည်လည်း သာတောဂီရခြံ ကို လွမ်းလှပြီ။ ကစ္ဆပနဒီတွင် သူတို့ သုံးနှစ်ကျော်လေပြီ။ သူပုန်သကာန်ရန်တွေ အေး၍ လေးမြို့ကို ဘယ်တော့ပြန်ဖြစ်ကြမည် မသိပါချေ။

# အခန်း (၁၄)

နိုင်မေထွေးသည် တစ်နေ့လုံး လေးမြို့က သာတာဂီရခြံကို သတိရနေသည်။

ကစ္ဆပနဒီတွင် တောရကျောင်းကိုသွားမှ ဥပြတ္တန်သံကြားရတာတဲ့၏။ သာတာဂီရခြံထဲမှာဆိုလျှင် ဤသို့နေ့လည် ဥပြတ္တန်သံကို နေ့ရောညပါ ကြားနိုင်သည်။ ဆောင်းနှောင်းနွေဦးမှ မိုးဦးတကျထိပင်တည်း။

ဤသို့ စိတ်အလွမ်းကြောင့်လည်း နိုင်မေထွေးသည် နေမကောင်းချင်သလိုဖြစ်ကာ ဖွားဖွား ကိုမောင်မောင်တို့နှင့် မြို့ထဲ လိုက်မသွားခြင်းဖြစ်သည်။

သာတာဂီရခြံကို လွမ်းနေမိသော နိုင်မေထွေးသည် သစ်ပင် ကြီးကြီးမားမားမရှိသော်လည်း အိမ်ကြီးကိုပတ်၍ သာတာဂီရခြံအမှတ်နှင့် လမ်းလျှောက်နေမိသည်။ သူ့စိတ်သည် လေးမြို့ သာတာဂီရခြံထဲ ရောက်နေ၏။

"နိုင်နိုင်"

သူ့နောက်မှ တစ်ယောက်ယောက်၏ခေါ်သံကြောင့် နိုင်မေထွေးသည် ခြေလှမ်းတုန့်သွား၏။ သမင်လည်ပြန်တစ်ချက် လှည့်ကြည့်လိုက်သောအခါ သူ့နောက်မှာ ကိုတာချမ်းကို တွေ့ရသည်။ မမျှော်လင့်ဘဲ ရောက်လာသော ကိုတာချမ်းကြောင့် နိုင်မေထွေးမှာ ကြောင်စီစီဖြစ်သွားသည်။

"ဘယ်က လှည့်လာတာလဲဟင်"

နိုင်မေထွေးသည် အိမ်ကြီးဘေးက ရေတွင်းဘောင်ကိုမှီရပ်ကာ ကိုတာချမ်းကို မဝံ့မရဲမေး၏။

"ဘယ်ကမှလှည့်လာတာမဟုတ်ပါဘူး နိုင်နိုင်၊ ဒီကို တမင်လာတာပေါ့"

"ဟုတ်လား၊ ဘာကိစ္စရှိလို့လဲ"

"ကိစ္စက သိပ်အရေးကြီးလို့ပေါ့"

"ဟင် ဟုတ်လား ဒီလိုဆို အိမ်ပေါ် တက်ပါအုံးလား"

တဒင်္ဂမှာတော့ ကိုတာချမ်းစကားကို နိုင်မေထွေးက အံ့သြသွားသည်။

ကိုတာချမ်းမှာ ကိုမောင်မောင်ထွေး(မေမွေ့ဝံသ) ကိုရင်နှင့်လည်း ငယ်သူငယ်ချင်းဖြစ်လေရာ ကိုရင့်ဆီသွားလည်ရင်း ကိုရင်က တစ်စုံတစ်ခုများ အရေးတကြီး မှာလိုက်၍လာပြောတာလားဟု ထင်လိုက်မိသည်။ ထို့ကြောင့်လည်း 'အိမ်

ပေါ်တက်ပါအုံးလား' ဟု ဖိတ်ခေါ်လိုက်မိ၏။

"မတက်တော့ပါဘူး ခိုင်ခိုင်ရယ်၊ အိမ်ပေါ်တက်ရအောင် လာတာမှ မဟုတ်တာ"

"နို့ အရေးကြီးတယ်ဆိုတဲ့ကိစ္စကကော"

"ဟုတ်တယ်လေ"

ခိုင်မေထွေးက ကိုရင်ဓမ္မဝံသ စိုးရိမ်စိတ်နှင့် အလောတကြီး မေးနေသည်ကို ကိုဘချမ်းကလည်း ချက်ချင်းအဖြေရခက်နေ၏။ ဤသည်ကို မကျေနပ်သောအခါ ခိုင်မေထွေးအသံက ခပ်ဆတ်ဆတ်ပေါ်လာသည်။

"ဘာကိစ္စလဲလို့"

"ခိုင်ခိုင့်ကို တွေ့ချင်လို့"

"အေး ဘာကိစ္စ တွေ့ချင်တာလဲလို့"

"ခိုင်ခိုင့်ကို တွေ့ချင်လို့ပါဆိုနေမှ"

ခိုင်မေထွေး မသိမသာ အံကြိတ်လိုက်၏။ "သူကပဲ ပြန်ပြီးအော်ရသေးတယ်လို့" ဟုလည်း ဒေါဖောင်းသွား၏။

ခိုင်မေထွေးကို အရေးတကြီး တွေ့ချင်ပါသည်ဆိုသူအား ခိုင်မေထွေးသည် ယခုမှ စေ့စေ့စပ်စပ် ကြည့်မိ၏။

ခေါင်းကို ပြောင်နေချောနေအောင် ဖီးသင်ထား၏။ ပိုးရုပ်အကျီအဖြူပေါ်တွင် သက္ကလပ်တိုက်ပုံအပြာနုကို ထပ်ဝတ်ထားသည်။ ခါးမှာ ပုဆိုးကတော့ သံတွဲရက်အစိမ်းနှင့် သံရောင်ဘောလုံးဆင် အကွက်စိတ်ပိုးပုဆိုး။ ဤအဆင်အပြင်ကိုမြင်မှ ခိုင်မေထွေးက သက်မချမိသည်။

သူ့အသွင်မှာ ဘာမှ အရေးတကြီးလာသောအသွင်မဟုတ်။ ကိုကိုထွေးနှင့်လည်း ဘာမှ ပတ်သက်လိမ့်မည်မဟုတ်။ ကိုကိုထွေးတို့ကို ရှင်ပြုသောနေ့ကလည်း သူသည် ဤသို့ပင် မအူမလည်နှင့် ခိုင်မေထွေးကို ရည်းစားစကားပြောသွားလေသည် မဟုတ်ပါလား။

ခိုင်မေထွေးသည် သူကအရေးကြီးပါသည်ဆိုသောစကားကို ဆက်မမေးရဲတော့။ သူ့မျက်နှာကိုလည်း မကြည့်ရဲတော့ပဲ မျက်လွှာချထားလိုက်ရသည်။

"ခိုင်ခိုင်"

သူ့အသံက ပေါ်လာပြန်သည်။

လူကြီးတွေကလည်း မြို့ထဲသွားနကြသည်။ 'ခက်တော့တာပဲ' ဟု တွေးကာ ခိုင်မေထွေးမှာ ရင်ခုန်လာ၏။

"ခိုင်ခိုင်"

"ဘာလဲ"

ကိုဘချမ်းက ခပ်သဲ့သဲ့ ရယ်လိုက်သည်။

"စိတ်ချည်းပဲ"

"ဘာ စိတ်ချည်းလဲ ဘာမှန်းလည်းမသိဘဲနဲ့"

ကိုတာချမ်းက ထပ်၍ ရယ်ပြန်၏။

"နိုင်နိုင်က သိပ်လှတာပဲ"

"လာပြန်ပြီ ဒီစကား ရှင့်မှာ တခြားပြောစရာစကားမရှိတော့ဘူးလား၊ ဖယ် သွားမှာ့သွားမယ်"

နိုင်မေထွေးသည် အရင်က ကိုတာချမ်းပြောဖူးသောစကားကို သတိရ၍ မေးလိုက်၏။

"နေစမ်းပါအုံး နိုင်နိုင်ရယ်၊ တကယ်ပြောတာပါ၊ အရေးကြီးတဲ့ စကား ပြောစရာရှိလို့ပါဆိုမှ"

ကိုတာချမ်းသည် နိုင်မေထွေးကို မသိမသာ ကာဆီးထား၏။

"ပြောလေ ဘာစကားလဲ"

"နိုင်နိုင်က သိပ်ချစ်ဖို့ကောင်းတာ"

"ရှင်နော် ရှင်"

"မောင်ရဲ့ သူကပဲ တခြားစကားပြောပါဆိုပြီးတော့"

ကိုတာချမ်းက ကလေးဆိုကြီးလို ငိုသံနှင့်ပြော၏။

"ဒါ တခြားစကားလား"

"တခြားစကားပေါ့ နိုင်နိုင်က လှတယ်လို့ပြောတာမကြိုက်တော့ ချစ်ဖို့ ကောင်းတယ်လို့ ပြောတာပဲ"

"တော်ပါ ဒါ အရေးကြီးတဲ့စကားလား"

"ကျွန်တော့်အတွက်က သိပ်အရေးကြီးတာပေါ့ နိုင်နိုင် တကယ်ပြော တာလေ နိုင်နိုင့်ကို တွေ့တွေ့ချင်း ကျွန်တော်သိပ်ချစ်သွားတာပဲ၊ မှတ်မိသေးလား ဟင် ဟိုအရင်တစ်ခါ တောရကျောင်းနားမှာ တွေ့ကြတာလေ အဲဒီတုန်းက အောင်ဓမ္မာ ..."

"ဒီနားမည်ခေါ်တာ ဒါဒါမကြိုက်ပါဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ"

"အေးပါ ကိုယ်မှားသွားလို့ပါ၊ ကိုမောင်မောင်ထွေးမှာ ဒီလောက်လှတဲ့ နှမသာယ်ရှိ ..."

"ဟိုမှာ ဒါဒါတို့ မြို့ထဲက ပြန်လာကြပြီ"

နိုင်မေထွေးသည် ဤမျှသာပြောပြီး အိမ်ခြံဝဘက်သို့ ထွက်ပြေးသွား၏။ အမှန်တကယ်လည်း မြင်းရထားတစ်စီးသည် ခြံထဲဝင်လာသဖြင့် ကိုတာချမ်း ပါ နိုင်မေထွေးနောက်က လိုက်ပါသွားလေသည်။

မြင်းရထားက ခြံထဲ၌ ရပ်လိုက်သောအခါ ဦးဆုံး မြင်းရထားပေါ်က ခုန်ဆင်းလိုက်သူမှာ ကိုမောင်မောင်လေးပင်ဖြစ်သည်။ ပြီးမှ ခေါ်နန်းစံဦးက

ဆင်းလာ၏။

ခိုင်မေထွေးနှင့် ကိုဘချမ်း ပြိုင်တူမတ်တပ်ရပ်လာကြသည်ကို မြင်သော အခါ ဒေါ်နန်းဖုံးဦးနှင့် ကိုမောင်မောင်ကြီး ကိုမောင်မောင်လေးတို့မှာ အတိုင်းမသိ အံ့သြသွားကြသည်။

"ဖွားဖွားကို ကျွန်တော် စောင့်နေတာ"

ကိုဘချမ်းသည် ချက်ချင်းပင် ဒေါ်နန်းဖုံးဦးကို ကြိုပြောလိုက်၏။ ခိုင်မေ ထွေးမှာတော့ ဘာပြောရမှန်းမသိဘဲ ကြောင်စီစီဖြစ်နေပြန်သည်။

"ဟုတ်လား ဘာကိစ္စလဲ ကလေးရယ်"

ဒေါ်နန်းဖုံးဦးသည် ပါးစပ်က ကိုဘချမ်းအား သာယာညှင်းပြောင်းပြော သော်လည်း တောက်ပစူးရှသော မျက်လုံးအစုံကမူ ခိုင်မေထွေးကိုသာ ခြေဆုံး ခေါင်းဆုံး အကဲခတ်ကြည့်လျှက်ရှိသည်။

အမှန်မှာ ဒေါ်နန်းဖုံးဦး တစ်ယောက်တည်းသာမဟုတ် သူ့အစ်ကိုနှစ် ယောက်ကလည်း ခိုင်မေထွေးကိုသာ စူးစူးစိုက်စိုက် အကဲခတ်ကြည့်နေကြသည်။

"ကျွန်တော်တို့ မနက်ဖန်ခါ ပဋ္ဌာကိုပြန်မယ်ဖွားဖွား၊ အဲဒါ ဖွားဖွား လေးမြို့ကခြံထဲကို စာပေးလိုက်ချင်တယ်ပြောလို့ ကျွန်တော် လာစောင့်နေတာ ခင်ဗျား"

"အော် ဟုတ်သားပဲကွယ့် ဖွားဖွားက မေ့ပြီး"

လေးမြို့က ဈေးပြန်လည်းတွေနဲ့ ကျွန်တော် ခြံထဲကို စာပေးလိုက်ပါပြီ ဒါဒါ"

ဒေါ်နန်းဖုံးဦး၏ စကားမဆုံးခင် ကိုမောင်မောင်ကြီး ဝင်ပြောလိုက်သည်။

"အေး ကျေးဇူးတင်ပါတယ် ကလေးရယ်၊ ဖွားဖွားတို့က ဈေးလှည်းကြုံ ရှိလို့ ပေးလိုက်ပါပြီကွယ်"

"ဟုတ်ကဲ့ ဖွားဖွား ဒီလိုဆို ကျွန်တော့် ခွင့်ပြုပါအုံး"

"အေး အေးကွယ်၊ မောင် တကူးတက လာမေးဖော်ရတာ ကျေးဇူးတင် ပါတယ်"

"ကိစ္စမရှိပါဘူးခင်ဗျား၊ ခိုင်ခိုင် ကျွန်တော် ပြန်အုံးမယ်နော်၊ အစ်ကိုတို့ ကျွန်တော် ပြန်အုံးမယ်ဗျို့၊ ဖွားဖွား မြို့ထဲသွားတယ်ပြောလို့ ခိုင်ခိုင်နဲ့ ကျွန်တော် ထိုင်စကားပြောပြီး စောင့်နေကြတာ"

"ကိုဘချမ်းက ခိုင်မေထွေးကို နှုတ်ဆက်လိုက်သောအခါ ဒေါ်နန်းဖုံးဦးနှင့် ခိုင်မေထွေးအစ်ကိုနှစ်ယောက်၏ မျက်လုံးများသည် သူ့ဆီရောက်လာသဖြင့် ကိုဘချမ်းသည် အားလုံးကို ထပ်၍မလုံမလဲနှင့် နှုတ်ဆက်လိုက်၏။

"ကောင်းပါပြီကွယ်"

တစ်ချိန်လုံး စကားမပြောဘဲရပ်နေသော ခိုင်မေထွေးသည် ကိုဘချမ်း

ထွက်သွားသောအခါ မြဝတက်တစ်ချက် လှည့်ကြည့်လိုက်သည်။ သည်မှာတွင် တစ်နေ့ကလို ကိုဘချမ်း ပြန်လှည့် အကြည့်နှင့် မျက်လုံးချင်း ဆုံမိသွားပြန်၏။ ယခင်အခါ ဤသို့အကြည့် ချင်းဆုံမိကြရာတွင် ရင်ထဲမွေးသွားခဲ့ရသော ခိုင်မေထွေးသည် ယနေ့တော့ "ဒါဒါနဲ့ကိုကိုက ငါ့ကို ဘယ်လိုများထင်ကြမှာလဲ" ဟု ရိုးရှုံ့စိတ်နှင့် ရင်ထဲထိတ်သွားမိ၏။

ဒေါ်နန်းစံဦးသည် ခြံဝင်းထဲကထွက်သွားသော ကိုဘချမ်းကို အရိပ်အကောင်ကြာမြင့်စွာ ငေးကြည့်နေပြီး မတ်တပ်ရပ်နေမိ၏။

ဒေါ်နန်းစံဦးသည် ဘာစကားမှမဆိုဘဲ အိမ်ပေါ်သို့တက်သွား၏။

"ဖြိုး"

"ဟင်"

သူ့အမှား အိမ်ပေါ်တက်သွားသည်နှင့်တစ်ပြိုင်နက် ကိုမောင်မောင်ကြီးသည် သူ့ညီမနဖူးကို ဖြန်းကနဲ တစ်ချက်ရိုက်ပြီး မတ်တပ်ရပ်နေ၏။

"ကိုကိုကြီး မေထွေးကို ရိုက်တယ်"

"နင် နေမကောင်းဘူးဆိုပြီး မနက်က အိမ်မှာကျန်နေခဲ့တာ ခုထိ မဖျားသေးဘူးလားလို့၊ ငါ နဖူးကို ရိုက်စမ်းကြည့်တာ ဘာဖြစ်လဲ"

ကိုမောင်မောင်ကြီးသည် ခေါ်သနှင့်အော်လိုက်ပြီး သူ့ညီမကို ပေါက်ထွက်မတတ်သော မျက်လုံးအစုံနှင့် စိုက်ကြည့်နေသည်။

ကိုမောင်မောင်လေးကလည်း ခိုင်မေထွေးကို အလိုမကျဟန်နှင့် ကြည့်လျှက်ပင်။

"သူများကို ဟုတ်လည်းမဟုတ်ပဲနဲ့ သက်သက်"

"ဟင် ဘာမဟုတ်တာလဲ၊ ဘာမဟုတ်တာလဲ၊ ငါ....သယ်"

"ဟဲ့ ခေါ်သကျမှာ၊ အိမ်ရောက်တာနဲ့ ပြောရပါပကောလားဟဲ့၊ နင်တို့ကြောင့် ငါသေချင်တယ်"

ခိုင်မေထွေးငိုတိုင်သံကိုကြားလိုက်သောအခါ ဒေါ်နန်းစံဦးမှာ အိမ်ပေါ်ကနေ လှမ်းအော်လိုက်ရပြန်၏။

ခိုင်မေထွေးသည် တရှုတ်ရှုတ်ရှိုက်ကာ သူ့အမှားရှိရာ အိမ်ပေါ်သို့ ပြေးတက်သွားသည်။

"တောက်၊ ဒီကုလားကျွန်တွေ ဘာလို့ အရောဝင်ချင်ကြတာလဲ မသိဘူး၊ ဒါဒါကလည်း ဒါဒါပဲ၊ မေထွေးကလည်း"

"ဘာကိုပြောတာလဲ ကိုကိုကြီး"

"ဘာကို ပြောပြောကွာ"

"ဒါဒါ ခေါ်သကျမှာချို့ သူပုန်ထနေပြီ"

ကိုမောင်မောင်လေးက အော်ဟစ်ပြီး ထွက်ပြေးသွားသည်ကို ကိုမောင်

မောင်ကြီးသည် လှေခါးရင်းတွင်ထောင်ထားသော အမှိုက်ကော်သောဂေါ်နှင့် လှမ်းပစ်လိုက်၏။

"ဟဲ့" ဟူသော အသံနှင့်အတူ အိမ်ပေါ်ထပ်မှ သူ့အဖွားဆင်းလာသံကြားသောအခါ ကိုမောင်မောင်ကြီးမှာလည်း အိမ်နောက်ဖက် ထွက်လစ်လာသည်။

× × × × × × × × × × ×

## အခန်း (၁၅)

ကိုမောင်မောင်ထွေး(ရှင်ဇမ္ဗူဝံသ)သည် နံနက်တိုင်း အိမ်ကို ဆွမ်းခံ ရောက်တတ်သည်။ ဤသို့ အိမ်ကို ဆွမ်းခံဝင်နိုင်အောင် ဖွားဖွားက ဘုန်းတော်ကြီးကို လျှောက်ထားသဖြင့် ဘုန်းကြီးက ခွင့်ပြုထားခြင်းဖြစ်သည်။

ကိုရင်က စက္ကူကုလားမြွေချ၍ လေးတောင်ခန့်မှသာကြည့်ကာ ဆွမ်းခံကြွ လာပြီဆိုလျှင် ဖွားဖွားမှာ သူ့မြေး၏ သာသမဏေအသွင်ကို ကြည့်ကာ ကြည်ညိုမ ဆုံး ဝမ်းသာမဆုံးဖြစ်နေတတ်သည်။

ကိုရင်ကြွလာပြီဆိုလျှင် ထိုင်ရန်ကုလားထိုင်ကိုပင် မှိုင်းလုံးကော်ဇော ကြီးခင်းကာ သီးသန့်ပြင်ပေးထား၏။ ကုလားထိုင်ဘေးတွင် သပိတ်တင်ရန် ကြိမ်ကွပ်နှင့် ကရွတ်ခွေကိုလည်း သီးသန့်လုပ်ပေးထားသည်။ သို့သော် ကိုရင်၏ မျက်နှာကတော့ သိပ်ပြီးမလန်းချင်ပေ။ ဤသို့ ကိုရင်၏ မျက်နှာသည် မျက်နှာ ထားနှင့်နေသည်ကိုပင် ခန့်ခန့်တည်တည်နေတတ်သည့် ဘုန်းကြီးမဟာထေရ် စိတ်ပေါက်နေပြီဟု ဖွားဖွားကတော့ ဝမ်းသာနေလေသည်။

"ဒကာမကြီး ဒီကနေ့ ကိုရင့်သပိတ်မှာ ဆွမ်းသိပ်နည်းတာပဲ၊ ဒီသပိတ် အပြည့်လောင်းလိုက်၊ ဒီသပိတ်မပြည့်ရင် ကိုရင် ကျောင်းမပြန်တော့ဘူး"

ကိုရင်၏ ထူးထူးခြားခြားစကားက အဖွားဖြစ်သူကို အံ့သြသွားစေ၏။ သို့သော် ကလေးစိတ်မကုန်သေးသော ကိုရင်ကို ဒေါ်နန်းစံဦးမှာ ခွင့်လွှတ်ကြည့် ကြည့်ပြီး ပြုံးနေ၏။

"ကိုရင်က ဒီသပိတ်အပြည့်တောင် ဘုန်းပေးမလို့လား"

ဟုတ်တယ် ညနေမှ မစားရတာ၊ မနက်ကပင် ဗိုက်အပြည့် စားထား မလို့"

"ညနေ ကိုရင်လာရင် သုံးဆောင်ဖို့ ဒကာမကြီးက ဘိလပ်ရည်တို့ စတုမဓု၊ ထန်းလျက်၊ ကြံသကာတို့ အဖျော်ယမကာ ပို့ထားသားပဲ ကိုရင်ရဲ့"

"အို ဒါဒါကလည်း ညနေဆာရင် အရည်သောက်လို့ ဗိုက်ပြည့်တာမှ မဟုတ်တာ၊ ဘိလပ်ရည်ဆိုရင် ပိုတောင်မသောက်ချင်သေးတာ၊ သောက်ပြီးရင် လေတက်ရော"

ဒေါ်နန်းစံဦးမှာ သူ့မြေးငယ် ကိုရင်က ညနေ ဆာကြောင်းပြောလျှင်

မျက်နှာကတော့ ရုတ်ခြည်းညှိုးသွားတတ်၏။ ငယ်ရွယ်နုနေသေးသောမြေးကို သနားနေသည်။

ကိုရင်မှာ 'ဒကာမကြီး' တစ်ခွန်း 'ဒါဒါ' တစ်ခွန်းနှင့် ချစ်စရာလည်းကောင်း၊ ကြည်ညိုစရာလည်းကောင်းအောင် သူ့အဖွားကို ပြောနေ၏။

"ကိုရင်က သူသင်္ကန်းဝတ်နဲ့ မနေချင်တော့လို့ သက်သက်ညစ်တာ ဒါဒါရယ်၊ ကိုရင်ပြောတာ ဒါဒါယုံလား၊ ဒီသပိတ်ကြီးတစ်လုံးအပြည့်ဆွမ်း သူ့ဗိုက်က ဘယ်နေရာ ထားမှာလဲ"

ကိုရင် သင်္ကန်းဝတ်နှင့် မပျော်တော့ကြောင်းသိသော ခိုင်မေထွေးက ဟုတ်တိုင်းမှန်ရာ ပြောလိုက်သောအခါ ကိုရင်မှာ မျက်နှာတစ်ချက် ပျက်သွားပြန်သည်။ ပြီးမှ ....။

"ဒီသပိတ်ပြည့်မှ ကျောင်းကိုပြန်မယ်လို့ ငါက ဒိဌာန်ချက်နဲ့လာတာ မေထွေးရယ်၊ အစားပုတ်ပြီး တစ်သပိတ်လုံးစားမယ်ပြောတာ မဟုတ်ဖူး၊ ရဟန်းသံဃာဆိုတာ အရိပ်အမြွက်ပဲပြောရတယ် နားလည်းမလည်ဘဲနဲ့"

"ခိုင်ခိုင်ကလည်း ဟုတ်သားပဲ၊ ကိုရင်က ဒိဌာန်နဲ့လာတာ၊ ကဲ ကဲ ကိုရင် သပိတ်ပြည့်အောင် ခုချက်ချင်း ဆွမ်းချက်ပြီးလောင်းကြ"

ဖွားဖွားက ခိုင်မေထွေးစကားကိုပယ်ပြီး ကိုရင့်စကားကို အတည်ယူကာ သပိတ်ပြည့် ဆွမ်းလောင်းရန် အမိန့်ချ၏။ ကိုရင်က ဒိဌာန်နှင့် ကြွလာသည်ဆိုသဖြင့် ဖွားဖွားမှာ ဝမ်းသာရပြန်သည်။

"ကဲ ခိုင်ခိုင် ကိုရင့်သပိတ်ယူပြီး ဆွမ်းရေဟောင်းရော အပြည့်လောင်းလိုက်ပါအုံး၊ ကိုရင်က ဒိဌာန်နဲ့လာတာတဲ့"

"ဟုတ်မှာပါ ဟုတ်မှာပါ"

ခိုင်မေထွေးက သပိတ်ကိုလှမ်းယူရင်း နောက်၏။

ခိုင်မေထွေး နောက်ဖေးမီးဖိုဆောင် ဝင်သွားသည်နှင့် တစ်ပြိုင်နက် ကိုရင်ကလည်း ခိုင်မေထွေး နောက်ကိုလိုက်ရန် ထသည်။

"ဟော့ ကိုရင်က ဘယ်ကြွအုံးမလို့လဲ"

"ဟာ ဒကာမကြီးကလည်း နေရာတကာ လိုက်မေးနေတာပဲ၊ ကိုရင်က ကုဋီတက်ဖို့ဗျ"

"မသိလို့ပါဘုရား မသိလို့ပါ"

ဒေါ်နန်းဖဲဦးက သူ့မြေးကိုရင်ကို ရယ်ရင်းလျှောက်၏။

"မေထွေး"

"ဘုရား"

"မနက်ဖန်အတွက် ဓနိဖြူသီးတွေ ဝယ်ထားပေးစမ်းပါဟယ်"

ကုဋီတက်မည်ဟု မီးဖိုဆောင်ဘက်ကြွလာပြီး၊ ဓနိဖြူသီးဝယ်ခိုင်းသော

ကိုရင်ကို နိုင်မေထွေးက သပိတ်ဆွမ်းဖြည့်ရင်း 'ဘာလုပ်မလို့လဲ' ဟုမေး၏။

"ညနေ ဆာရင် စားမလို့၊ စီးဖြူ ဖန်ခါး၊ သျှိုးသီးတွေတော့ စားရတယ်လို့ ကိုရင်ကြီးတွေက ပြောတယ်"

"ဖယ်ထားပေးမယ်လေ"

"ကျေးဇူးတင်ပါတယ်ဗျာ ညနေဆာရင် အရေတွေသောက်ရတာ ငါ့စိတ်ထဲ တင်းတိမ်တယ်ကို မတွေ့မိလို့"

ကိုရင်စကားကြောင့် နိုင်မေထွေးမှာ စိတ်မကောင်းဖြစ်ရပြန်သည်။

အမှန်မှာ ကိုရင်သည် ပျော်၍နေသည်မဟုတ်။ ဖွားဖွားကို အားနာ၍သို့မဟုတ် သူ့ကိုအပြုအနိုင်ခံချင်ကြ နိမ်ချင်ကြသော ကိုမောင်မောင်တို့နှင့် အတူမနေချင်၍ အောင့်အည်းနေခြင်းသာဖြစ်လေသည်။

သပိတ်နှင့် ဆွမ်းဟင်းခွက်တွေကို ဆွမ်းဖြည့်ပြီးသောအခါ နိုင်မေထွေးသည် ကိုရင်နှင့်အတူ ယှဉ်တွဲထွက်လာသည်။

"ဝါတော် လေးငါးခြောက်ဆယ်ရ ပုဂ္ဂိုလ်ကြီးလို ပုဂ္ဂိုလ်ကြီးလို"

နိုင်မေထွေးက သပိတ်ကိုပိုက်လာရင်း လည်တဆတ်ဆတ် ခေါင်းတငြိမ့်ငြိမ့်နှင့်နောက်သောအခါ ကိုရင်က နှပသာယ်ခေါင်းကိုခေါက်၏။

နိုင်မေထွေးက ခက်ပုပြီး 'ကိုရင် ဖွားဖွားနဲ့ တိုင်လိုက်မယ်နော်' ဟုဆိုသည်။

"ဒကာမကြီး မေထွေးရယ် ကိုရင့်ကို နောက်နေတယ်၊ ကိုရင်က သည်းခံပေမယ့် သာသနာစောင့်နတ်တွေက သည်းခံမှာမှတ်ဖူး"

မေထွေးက တိုင်မည်လောက်သာပြော၏။ အရင် ဦးဆောင် တိုင်လိုက်သူကတော့ ကိုရင်ပင်။

'ဟဲ့' ဟူသောထုံးစံအတိုင်း အသံကိုပြုကာ ဖွားဖွားက နိုင်မေထွေးကိုဆူ၏။ သည်တော့ ကိုရင်၏မျက်နှာက ပြုံးနေသည်။

ညနေ ထမင်းဆာလျှင် စားရအောင်ဟု နိုင်မေထွေး ဖယ်ပေးလိုက်သော စီးဖြူသီးကို ဆားနှင့်တစ်ဝကြီးတို့စားသောကိုရင်သည် နောက်တစ်နေ့မှာ ဝမ်းလျှော၍ ဆွမ်းခံပင်မကြွနိုင်ပေ။ သည်တော့ နိုင်မေထွေးတို့မြေးအဖွားနှင့် ကိုမောင်မောင်တို့ပါ ကိုရင် နေမကောင်းဟုဆိုသဖြင့် တောရကျောင်းကို ပြေးကြရပြန်လေသည်။

နိုင်မေထွေးတို့မြေးအဖွားတစ်တွေ ရောက်လာချိန်မှာ ကိုရင်က ဝမ်းရပ်၍ ထိုင်နိုင် ထနိုင်ဖြစ်နေပြီ။ ဘုန်းတော်ကြီး ပိုရိုအစားမှားသည်ဟုသာ ထင်လေသည်။

"အစားမှားလို့ ဖြစ်ပါလိမ့်မယ် ဒကာမကြီး ဘာမှမစိုးရိမ်ပါနဲ့ သက်သာသွားပါပြီ"

"တင်ပါ့ဘုရား တပည့်တော်က နေ့တိုင်းဆွမ်းခံကြွနေကျကိုရင် ဆွမ်းခံတောင် မကြွနိုင်ဆိုတော့ စိုးရိမ်လို့ လိုက်လာမိတာ"

ဖွားဖွားကလည်း ကိုရင် ဓိးဖြူသီးတွေစား၍ ဝမ်းလျှောမှန်းမသိ။ ဤကိစ္စသိကြသူတွေမှာ ခိုင်မေထွေးနှင့် ကိုရင်သာဖြစ်လေသည်။

"အစားဆင်းရဲ အနေဆင်းရဲနဲ့ မပျော်ရင်လည်းမနေခိုင်းပါနဲ့ ဒါဒါရယ် ညီထွေး တော်တော်ပိန်သွားတာဗျ"

သူ့ညီထွေးကိုသနား၍ ကိုကိုကြီးကပေါ အပြန်လမ်း မြင်းရထားပေါ်မှာ ဖွားဖွားကို ပြောသည်။

"ကိုကိုကြီး မသိပါဘူး၊ တာပသာ ရသေ့ရဟန်းတို့သည်ကား၊ ကိသာဝ ကြဲလို့မှသာလျှင်၊ သောဘာ တင့်တယ်၏တဲ့၊ လောကနီတိက ဆိုသဗျာ"

"ဟဲ့ကောင် ကျမ်းတတ် တော်စမ်း၊ ငါ ကန်ထည့်လိုက်ရ"

ကိုကိုကြီးက မာန်လိုက်သည်ကို ကိုကိုလေးကတော့ ရယ်နေ၏။

ကိုရင်အတွက် ဖွားဖွားနှင့်မေထွေးတို့ကတော့ တစ်လမ်းလုံး စိတ်မကောင်းဖြစ်လာကြသည်။

နောက်တစ်ရက်မှာ ကိုရင် ဆွမ်းခံကြွလာနိုင်သည်။ သည်တော့လည်း ဖွားဖွားနှင့် ခိုင်မေထွေးတို့မှာ ဝမ်းသာကြရပြန်၏။

"ကိုရင် မပျော်ရင်လည်း မနေနဲ့တော့ကွာ၊ အစားဆင်းရဲ အနေဆင်းရဲနဲ့"

"ဟိုသာသနာဖျက် ကိုရင့်ကို မင်းနဲ့ငါနဲ့ ပြောရလား၊ နင် မနေနိုင်တိုင်း သူများကို ကြပ်ကြပ်ဖျက်၊ အပါယ်လားမဲ့ တိရစ္ဆာန်၊ ခုတောင် ငရဲကြီးနေပြီ၊ ကိုရင့်ကို ရှိခိုးလိုက်၊ ကန်တော့လိုက်"

"သူ့ညီ ပိန်လို့နေသည်ကိုမြင်၍ စိတ်မကောင်းစွာပြောသော ကိုမောင်မောင်ကြီးကို ဖွားဖွားက ဆူပြန်၏။

"ညီထွေးကို သနားလို့ပြောတာပါ ဒါဒါ၊ ဘုန်းကြီးလုပ်ရတာလွယ်တယ် မှတ်လား၊ နောက် ကျင့်ဝတ်သိက္ခာပုဒ်တွေဆိုတာ ရှိသေးတယ်၊ ကျွန်တော်တော့ ဖွားဖွားက မရှိမ–မပြောနဲ့ နတ်ပြည်လိုက်ပို့မယ်ဆိုတာတောင် ဘုန်းကြီးလုပ်ရမယ်ဆိုရင် ကန်တော့ဆွမ်းပဲ"

ကိုမောင်မောင်ကြီးက မဲ့ရွဲ့၍ပြောသည်ကို ကိုရင်နှင့်ဖွားဖွားကပါ ပြုံးကြသည်။

"နင်က အပါယ်လားမဲ့အကောင် ဘယ်တုန်းကြီးလုပ်မဲ့ပါ ရမီ ပါမလဲ"

"ကျွန်တော် အပါယ်ရောက်ရင် ဖွားဖွားကိုလည်း အတင်းလာခေါ်မှာပဲ ဟဲ ဟဲ"

"ဟဲ့ ခွေးတိရစ္ဆာန် မဆိုကောင်း ဆိုကောင်း"

ကိုမောင်မောင်ကြီးစကားအတိုင်းပင် နောက်တစ်ပတ်လောက်အကြာမှာ ကိုရင်သည် အိမ်ကို စောစောစီးစီးပေါက်ချလာ၏။ ခါတိုင်း ဆွမ်းခံဖို့ ကြွလာသလို သပိတ်လည်း ပါမလာပေ။ သူ့လက်ထဲမှာ စာအုပ်တစ်အုပ်တည်းပါလာ၏။ ကိုရင့်ကိုကြည့်ကာ အိမ်ကလူတွေ အံ့သြသွားကြသည်။ ကိုရင်အတွက် အမြဲရင်ထိတ်နေကြသော ဖွားဖွားနှင့်ခိုင်မေတွေးတို့မှာ ကိုရင်၏အမူအရာကြောင့် ဘယ်ကစမေးရမှန်း မသိလောက်အောင်ဖြစ်သွားသည်။

"ဒါဒါ"

ဤတစ်ခါ ကိုရင်၏အသံမှာလည်း ဟိုအရင်တစ်ခါက 'ဒကာမကြီး' ခေါ်သံမဟုတ်။ ရွှင်ရွှင်သံပါနေသည်။

"ဘုရား"

"ဒီမှာကြည့်စမ်းပါဒုံး၊ ဘုန်းကြီးက ဒီစာတွေအတိုင်း ကျင့်ရမယ်တဲ့"

ကိုရင်သည် သူ့လက်ထဲက စာအုပ်ကိုဖြန့်ပြီး စာမျက်နှာကို လက်ညှိုးနှင့်ထောက်ပြကာ ငိုသံပါကြီးနှင့်ပြော၏။

"ဟင် ဟုတ်လား၊ ခိုင်ခိုင် ကြည့်စမ်းပါဒုံးဟဲ့၊ ဒါဒါကလည်း မျက်လုံးမကောင်းတာနဲ့၊ ငြမ်တ်သာကို ဒီမျက်မှန် လဲပေးစမ်းပါပြောတာ ကြာလှပြီ"

ကိုရင်က ထောက်ပြထားသော စာမျက်နှာကို ခိုင်မေတွေးအား ကြည့်နိုင်းရင်း သူ့သားဦးမြတ်သာခံကိုပါ ဒေါ်နှန်းစံဦးက ဆူနေပြန်သည်။

ခိုင်မေတွေးသည် ကိုရင်က ထောက်ပြထားသော စာမျက်နှာကိုကြည့်လိုက်၏။

"ချမ်းပူကိုမျက်၊ ခြင်မှက်လေနေ၊ ကင်းမြွေလွဲသုန်း၊ ဟိရိဂုဏ်ကို ကုန်စေတတ်မွား၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို့၊ ကိုယ်ကို စမ္မယ်၊ ဆင်ခြင်မယ်ဟု၊ စိတ်ဝယ်မတမ်း၊ ဤသင်္ကန်းကို ပုံလွှမ်း ဒုံး ဆောင်ပါသတည်း"

"ဟဲ့ နှင့်ကို ငါ့ကြည့်ခိုင်းတာလား ဖတ်ပြလေ ဘာလဲလို့"

"အို — ဒါဒါကလည်း ဒီသင်္ကန်းဝတ်တာ လှချင်လို့မဟုတ်ဘူး၊ ခြင်၊ မှက်၊ လေ၊ နေ၊ ကင်း၊ မြွေ စတဲ့ ရာသီဥတုနဲ့ အန္တရာယ်ကို ကာကွယ်တဲ့အနေနဲ့ ဝတ်ထားတာပါလို့ အမြဲဆင်ခြင်ရမယ်ဆိုတာ ရေးထားတာလေ ဒါဒါ"

"ဟုတ်လား"

"ဟုတ်တယ် ဒါဒါရယ်၊ အဲဒါ သင်္ကန်းဝတ်တာပဲရှိသေးတယ်၊ နောက် စားတာ၊ နေတာ၊ ထိုင်တာ၊ သွားတာ၊ လာတာ၊ ကြည့်တာ၊ ပြုံးတာ၊ ရယ်တာက အစ အားလုံးကျင့်ရမယ်တဲ့၊ ဒါ ရှင်ကျင့်ဝတ်တဲ့၊ ဒါနဲ့ ညီအောင်နေရမယ်တဲ့ ဘုန်းကြီးက ပြောတယ်"

"မြေး ကိုရင်၏ စကားကို ကြားရသောအခါ ဒေါ်နှန်းစံဦးမှာ သက်မ

ချမိသည်။

"ကိုရင် ပြောသလိုလည်း အမှန်ပင်ဖြစ်သည်။ ရဟန်းသာမဏေတို့မည်သည် အရာရာတိုင်း၌ သူ့သိက္ခာပုဒ်နှင့်သူ နေရ၊ ထိုင်ရ၊ သွားရ၊ လာရ၊ စားရ၊ သောက်ရ၊ ကြည့်ရ ရှုရသည် မဟုတ်ပါလား"

ရွာထဲ ဆွမ်းခံဝင်ရန် ပြင်ဆင်ရသည်ကပင် စိတ်မောစရာပါပေ။ သင်းပိုင်၊ သင်္ကန်းကို အဝန်းညီစွာ ဦးဆုံးရုံရ၏။ သပိတ်ခွက်ယောက်ကို အချိုးအစားကျစွာကိုင်ရ၏။ မိမိခြေဖဝါးများမှ လေးတောင်ထက် ပိုမကြည့်ရ။ မနှေးမလျှင်သွားရသည်။ မရှည်မကြာ ရပ်ရသည်။ ဆွမ်းစားရာ၌လည်း တဖျပ်ဖျပ် မမြည်ရ။ ဆွမ်းလုပ် မကြီးရ မသေးရ။ ဆွမ်းလုပ်ကို မျောက်ကဲ့သို့ ပါးစောင်၌မထားရ။ ဟင်းနှင့်ဆွမ်းကို မျှရုံရော၍ စားရသည်။ ဟင်းချည်း မစားရ။ ဆွမ်းလုပ် မလာခင်ပါးစပ် ကြိုတင်မဟရ။ လက်ထဲ ပါးစပ်ထဲ မသွင်းရ။ လက်ကို လျှာနှင့် မလျှက်ရ။ သောက်ရေခွက်ကို စားသောလက်နှင့်မကိုင်ရ။ သပိတ်ဆေးရေကို ဆွမ်းလုံးနှင့်ရော၍ မသွန်ရ။ ဆွမ်းစားနေသော တစ်ချိန်လုံးတွင် စိတ်ထဲ၌ မှတ်ရ ဆင်ခြင်ရမည်မှာ ဤဆွမ်းခဲဘွယ် ဘောဇဉ်ကို လှပလို၍ အားရှိလို၍ သူတစ်ပါးကို ရန်မူလို၍စားခြင်းမဟုတ်။ ကျမ်းမာရေးအတွက် စားခြင်းသာဖြစ်သည်ဟု ဆင်ခြင်ရမည်။ ဤသည်မှာ ဆွမ်းကိစ္စသာရှိသေးသည်။ တခြား အိပ်ခြင်း၊ လဲလျောင်းခြင်း၊ ဆွမ်းမခံအပ်သောအိမ်၊ တရားမဟောအပ်သူ၊ ဓူတင်ဆောက်တည်ခြင်းနှင့် ဝတ်ကြီးဝတ်ငယ်တွေ မပါသေးပေ။ အကုန်လုံးခြုံလိုက်လျှင် ကိုရင်သိက္ခာပုဒ်မှာ 'သေခိယ' ခေါ် စာအုပ်တစ်အုပ်လုံးဖြစ်သည်။

ဤသည်ကို ခိုင်မေထွေးက သူ့အဖွားအား အားလုံး ပါဠိအနက်ပြန်၍ ဖတ်ပြသည်။

"အေးဟဲ့ မောင်မောင်ကြီး ငါ့မြေးပြောသလို ကိုရင်ဝတ်ရတာလည်း မလွယ်ပါလား"

ဒေါ်နန်းဖုံးက သူ့မြေး ကိုရင်ကိုကြည့်၍ သက်မတချချနှင့်ပြောလိုက်၏။

"ဒါတင်မကသေးဘူး ဒါဒါ၊ အိမ်သာ(ကျင်ငယ်)တက်တာမှာတောင် ကျင့်ဝတ်နဲ့ဗျ၊ ဒီမှာ ကြည့်စမ်းပါအုံး"

ခိုင်မေထွေးက ကိုရင် ပြသည့်အတိုင်း သူ့အဖွားကို ဖတ်ပြရပြန်သည်။

"ဝစ္စကုဋိစတ္တဝတ္တ ချောင်းဟန့်ခြင်း၊ သင်္ကန်းတန်း၌ သင်္ကန်းကိုတင်၍ မနှေးမလျှင် ဝင်ခြင်း၊ သင်းပိုင်ကိုပင့်၍ မဝင်ခြင်း၊ နင်းခုံ၌ နင်းမိမှ သင်းပိုင်ကို ပင့်ခြင်း၊ ညည်းတွား၍ ကျင်ကြီး မစွန့်ရခြင်း၊ ကြမ်းသောကနုတ်တန် စသည်နှင့် မသုတ်ခြင်း၊ သန့်သက်ရေဆေးခြင်း၊ နင်းခုံ၌နင်းလျှက် သင်းပိုင်ကို ဖုံးလွှမ်းခြင်း စသော ကျင်ကြီးအိမ်၌ ပြုရသောဝတ်လည်းကောင်း"

"ဘုရားသားတော်တွေဆိုတော့ အားလုံး ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးအောင် သင်ကြားတဲ့စာချည်းပဲ ငါ့မြေး"

"ဟာ ဒါတွေ ကျွန်တော် မလိုက်နာနိုင်ဘူး၊ မကျင့်နိုင်ဘူး ဒါဒါ၊ ညနေ ထမင်းမစားရတာတောင် လွန်လှပြီ၊ ကျွန်တော ရှင်လိင်ပြန်တော့ မယ်"

"သာ — ဓု၊ သာဓု —"

"ဟဲ့ တီရစ္ဆာန် ဒါ သာဓုခေါ်စရာလားဟဲ့"

ကိုမောင်မောင်လေးက အသံနေအသံထားနှင့် သာဓုခေါ်သည်ကို ဖွားဖွားက ဆော်လိုက်ပြန်သည်။

နိုင်မေထွေးတို့ ကိုမောင်မောင်ကြီးတို့မှာ ကိုရင်လူထွက်တော့မည်ဆိုသဖြင့် အားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသော်လည်း ဖွားဖွားကတော့ တွေဝေသွားလေသည်။

"ခဏတွေဝေနေပြီးမှ အေးပေါ့ ငါ့မြေးရယ် ငါ့မြေးမပျော်တော့ ထွက်ပေါ့၊ မပျော်တဲ့နေရင် ကုသိုလ်လည်းမရဘူး ငရဲလည်းကြီးမယ်၊ ငါ့မြေး ဒီလောက်နေနိုင်တာတောင် ဒါဒါက ငါ့မြေးကို ကျေးဇူးတင်ရဦးမယ်၊ လူထွက်မဲ့အကြောင်း ဘုန်းတော်ကြီးကိုတော့ လျှောက်ခဲ့ပြီလား"

"ဟာ ကျွန်တော် မလျှောက်ရဲဘူး ဒါဒါ"

"ကောင်းပြီလေ ပြန်ကြွတော့ ညနေကျတော့ ဒါဒါတို့ လာခဲ့မယ်၊ ဘုန်းကြီးကို လျှောက်ပြီးထွက်ပေါ့"

ကိုရင်က တောရကျောင်းကို ပြန်ကြွသွားတော့ နိုင်မေထွေးသည် ကိုရင်၏အဝတ်အစားများကို အဆင်သင့်ပြုလုပ်ရသည်။ ကိုရင်လူထွက် ဝတ်ဖို့ သံတွဲလုံချည်အနုဆင် ပိုးပုဆိုး၊ ရှပ်လက်ရှည်အကျႌ တိုက်ပုံ ခွပ်ကြယ်၊ ခြေညှပ် ဖိနပ်၊ လက်ကိုင်ပုဝါကအစ နိုင်မေထွေးသည် ယွန်းသေတ္တာလေးထဲ ထည့်ရ၏။

"ကိုရင်လူထွက် ငါးပိချက်တဲ့ကွ၊ ညနေကျရင် မောင်မောင်ထွေးကို ငါးပိချက်နဲ့ကျွေးကွ မေးထွေး"

ကိုမောင်မောင်ကြီးက မောင်မောင်ထွေး၏ ပြောင်နေသောကတုံးပြောင်ကို ခဏခဏကိုင်ကာ မြင်းရထားထက်၌ပင် နောက်လာ၏။ ထုံးစံအတိုင်းပင် မောင်မောင်ထွေးက အော်သဖြင့် ဖွားဖွားဆူရသည်။

ညနေကျတော့ ညီအစ်ကိုတွေ ထမင်းဝိုင်းစားကြသည်။ မောင်မောင်ထွေး ညနေစာမစားရသည်မှာ တစ်လကျော်ကြာသဖြင့် ဟိုလူကာထည့် သည်လူကာထည့်နှင့် ဒူပန်းကန်တွင် ဟင်းတွေပုံနေလေသည်။

သူများတွေကတော့ ပျော်၍ စားမိန့်ကြသည်လားမသိ၊ နိုင်မေထွေးကတော့ ညနေစာမစားရသည်မှာ တစ်လကျော်ခဲ့ပြီဖြစ်သော မောင်မောင်ထွေး အားရပါးရ စွေးနေသည်ကိုကြည့်ကာ အလိုလို ရင်ထဲပြည့်ပြီး ဝနေမိလေသည်။

## အခန်း (၁၆)

ခိုင်မေထွေးသည် လေးမြို့က သာတာဂီရခြံကို လွမ်းနေမိသည်။ သည်လို ရော့်ရွက်ဝါ ခါလှစ်လို့ တာသစ်တော့မည့်အချိန်ဆိုလျှင် သာတာဂီရခြံအစက ဖုံးဆိုးမြေပေါ်တွင် ပန်းကန့်ကော်တို့ကား ဝတ်မှုံကျင်းနေကြပေရော့မည်။ စောစောထ၍ ဘုရားတင်ရန် ခြံအစက ကန့်ကော်ပင်ကြီးအောက် ဖွားဖွားနှင့် နေ့စဉ်ပန်းခူးရောက်ကြသည်ကိုလည်း သတိရမိသည်။ ကန့်ကော်ဝတ်ဆံစုပ်ရန် လာကြသော ပျားပိတုန်းတို့နှင့် ပတ်ဝန်းကျင်သည် တရုန်းရုန်းရှိနေကြသည်။ ပျားပိတုန်းများစွာတို့၏ တောင်ပံခတ်သံသည် ညံနေတတ်လေသည်။ ခါရွှေဖီကြိုင်လျောက် ပိတောက်တို့လည်း ခြံကြီးအစတွင် ထိန်ထိန်ဝေနေကြပေလိမ့်မည်။ ပိတောက်ပန်းခူးကြသူများနှင့်လည်း စည်ကားလျက်ရှိပေသည်။

အမှန်က ခိုင်မေထွေးသာ လေးမြို့က သာတာဂီရခြံကို သတိရနေသည်မဟုတ် ဖွားဖွား၊ ဖေဖေ၊ မေမေတို့ကလည်း သည်လိုသင်္ကြန်ရက်မှာ သာတာဂီရခြံကို သတိရတတ်ကြသည်။ ထို့ကြောင့်လည်း ဖွားဖွားနှင့်မေမေတို့သည် သင်္ကြန်ရက်နီး၍ ကန့်ကော်နှင့် ပန်းပိတောက်တို့ကိုမြင်လျှင် 'တို့ခြံကို သတိရလိုက်တာ တို့ခြံမှာပွင့်တဲ့ ကန့်ကော်နှင့် ပိတောက်က ဒီထက် အများကြီးလှတာပေါ့' ဟု မျက်ရည်ဝဲ၍ နှစ်တိုင်း သင်္ကြန်ရက်နီးမှာ ညည်းတတ်ကြ၏။ သို့သော် သုံးနှစ်ကျော်ကာလအတွင်း လေးမြို့က သာတာဂီရခြံကိုကား တစ်ခါတစ်ခေါက်မှ မရောက်နိုင်ခဲ့ကြပေ။

လေးမြို့ကို မသွားရဲကြခြင်းမှာ သူပုန်သကာန်ရန်ကြောင့်ဖြစ်သည်။ ကစ္ဆပနဒီက ကိုကိုထွေးတို့ဆရာ ဦးစံလှဘော် အမတ်အရွေးခံတုန်းက ဖေဖေသည် ပါတီစည်းရုံးရေးနှင့် ပါတီဥက္ကဋ္ဌလုပ်သဖြင့် ပို၍ပင်မသွားရဲ၊ ဖေဖေ့သတင်းနှင့် ဖွားဖွား၊ မေမေတို့လည်း မသွားရဲကြ၊ ကိုမောင်မောင်ကြီးနှင့် ကိုမောင်မောင်လေးတို့ ကတော့ သင်္ကြန်မကျခင်နှစ်ရက်အလိုကပင် လေးမြို့သို့ ထွက်သွားကြသည်။

သာတာဂီရခြံကို လွမ်းရမှန်းမသိသူကတော့ ကိုမောင်မောင်ထွေးပင်တည်း။ သူသည် ကစ္ဆပနဒီတွင် ကြီးပျင်းလာသူဖြစ်သဖြင့် ကစ္ဆပနဒီ၌သာ ပျော်နေသည်။ ထို့ကြောင့်လည်း 'မြေးထွေး လိုက်သွားပါလား ရောက်ဖူးတယ်ရှိ

တာပေါ့' ဟု ဖွားဖွားကပြောတော့ 'မေမေရှိတုန်းက ကျွန်တော် တစ်ခါရောက်ဖူး သားပဲ ဒါဒါရယ်၊ ကျွန်တော် မှတ်မိပါတယ်' ဟု ပြန်ပြော၏။

သည်တော့ ဖွားဖွားက မျက်ရည်ကျသည်။ သူ့အမေ ဆုံးတုန်းက သူ့ ဖေလနှစ်ငါးနှစ်သားအရွယ်မှာ ဖွားဖွား၏အရိပ်ကိုခိုလှုံရန် သူ့အမေနှင့် ရောက် ခဲ့ကြသည်ကို ရည်ရွယ်၍ပြောခြင်းပင်၊ စိတ်မှတ်ရှိသော သူ့စကားက ဖွားဖွား၏ နှလုံးသည်းအိမ်ကို ချက်ချင်း မီးမြိုက်လိုက်သကဲ့သို့ ရှိလေသည်။ ကိုကိုထွေး စကားကြောင့် ဖွားဖွား၏ ရင်ထဲမှ ရှိုက်သံကို ခိုင်မေထွေး ကြားနေပြီသည်။

"ကိုကိုထွေးကလည်း သာတာဘီရကို လိုက်သွားတော့ မေထွေး ဘယ် လှုံ့နေ ရမှာလဲ ဒါဒါရယ်၊ ဖွားဖွား မေမေ ပါပါတို့လည်း သင်္ကြန်အကျနေ့ကပင် ဥပုသ်ဆောင်ဝင်ကြတော့မှာ"

မနေနိုင်သူ ခိုင်မေထွေးက ငိုသံပါနှင့် ပြောမိ၏။

"ဟုတ်သားပဲ ဒါဒါတို့ ဥပုသ်ကျောင်းသွားတော့ ငါ့မြေးတစ်ယောက် တည်းဖြစ်နေမှာကိုး။ ငါ့မြေးကလည်း ဒါဒါတို့နဲ့ လိုက်နေရင်ကော"

"သုံးလေးရက်ကြီးများတောင် မနေချင်ပါဘူး ဒါဒါရယ်၊ မေထွေး အကျနေ့နဲ့ အတက်နေ့ပဲ ဥပုသ်စောင့်မယ်၊ အကြတ်နေ့မှာ မေထွေး သင်္ကြန် ရေပက်သွားမယ်"

ဤသည်မှာလည်း နှစ်စဉ်လိုပြစ်သဖြင့် သူ့အဖွားကမကန့်ကွက်တော့။ အိမ်ရှိလူကြီးတွေမှာ သင်္ကြန်အကျနေ့ကပင် တောရကျောင်းသို့ ဥပုသ်စရပ်ဝင် သွားကြသည်။ နှစ်ဆန်းတစ်ရက်နေ့မှ ဥပုသ်ထွက်၍ အိမ်ပြန်ကြမည်ဖြစ်သည်။

ကိုမောင်မောင်တို့နှစ်ယောက် လူကြီးတွေက လေချို့ထဲ လွှတ်လိုက် ကြခြင်းမှာ သေသအမြဲအနေ သပုန်သကန် ရန်အေး မအေးသိလို၍ ဖြစ်သည်။ အကာယ်၍များ ပါတီဥက္ကဋ္ဌလုပ်သူ ဦးမြတ်သာစံတို့မိသားစုကို ရန်မမူဟု ဆိုလျှင်တော့ ဖွားဖွားနှင့် ခိုင်မေထွေး မေမေတို့ လေချို့ကို ပြန်နေကြရန် အစီအစဉ် ရှိလေသည်။

သည်လိုနှင့်ပင် သင်္ကြန်ရက်ကို ရောက်ခဲ့သည်။

သင်္ကြန်အကျနေ့တွင် အိမ်ရှိအကုန်သူတွေမှာ ဥပုသ်စရပ်သွား၍ သီလ သီတင်းဆောက်တည်ရသည်။ ညနေကျတော့ လူကြီးတွေက ဥပုသ်ဆက်ဝင်ပြီး ဥပုသ်စရပ်၌ပင် ကျန်နေခဲ့ကြလေ၏။ ကိုမောင်မောင်ထွေး၊ ခိုင်မေထွေး၊ မရှိန်ဗိ၊ ဒေါ်သထက်၊ ကိုရန်သာတို့သာ အိမ်ပြန်လာကြရ၏။

သင်္ကြန်အကြတ်နေ့တွင် ကိုကိုထွေးနှင့် ခိုင်မေထွေးတို့က မြင်းရထား နှင့် ရေပက်ခံထွက်ကြရန် စီစဉ်ထားကြလေသည်။ ခိုင်မေထွေးကို နန်းရကုန်းရပ် ရေပက်ခံမဏ္ဍပ်ကလည်း လာခေါ်ထားသဖြင့် ကိုကိုထွေးက လိုက်ပို့ပေးမည်ဟု ပြောသည်။

တောရကျောင်း ဥပုသ်စရပ်ရှိ လူကြီးတွေအတွက် ဆွမ်းဟင်းနှင့် မုန့်ပို့ရန် ဒေါ်သာထက်နှင့် ဦးထွန်းပတို့က တာဝန်ယူကြသည်။ သူတို့ပြန်လာမှ ကိုမောင်မောင်ထွေးနှင့် ခိုင်မေထွေးတို့ ရေပက်ခံထွက်ကြရမည်ဖြစ်သည်။

"ကိုမောင်မောင်ထွေးရေ ကိုမောင်မောင်ထွေး"

နောက်ဖက် ထမင်းစားခန်းတွင် ကိုမောင်မောင်ထွေးနှင့် ခိုင်မေထွေးတို့ ထမင်းစားနေကြချိန်တွင် အိမ်ရှေ့မှ တစ်စုံတယောက်၏ ခေါ်သံကြောင့် ခိုင်မေထွေးနှင့် ကိုမောင်မောင်ထွေးတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ကိုမောင်မောင်ထွေးရေ"

ခေါ်သံက ထပ်ဆင့်ပေါ်လာပြန်၏။

"ဘချမ်း"

သူ့သူငယ်ချင်းအသံကို မှတ်မိသော ကိုမောင်မောင်ထွေးက လက်မဆေးဘဲ ချက်ချင်း အိမ်ရှေ့ထွက်သွား၏။

"မင်းတို့နဲ့ ကစ္စပနဒီမှာ သင်္ကြန်ကျမလို့ မနက်လေးနာရီလောက်ကပင် ငါ ပဥ္စက ထလာတာကွ"

"လေးမြို့မှာ ကိုမောင်မောင်တို့ကို မတွေ့ခဲ့ဘူးလား"

"လေးမြို့မှာ ငါမနားခဲ့ဘူး၊ နန်းကျရွာက မြို့ဆင်းသူတွေနဲ့ လိုက်လာတာ၊ ကိုမောင်မောင်တို့ လေးမြို့ရောက်နေကြမှန်းမှ မသိတာ၊ မင်းတို့ကို သတိရလို့ လေးမြို့လှည်းဆိပ်က ပိတောက်ပန်းတွေရော ကန့်ကော်ပန်းတွေရော ဝယ်လာတာ"

"မင်း ပန်းတွေကလည်း နည်းနည်းနောနောပဲလားကွာ တစ်ခါတည်း ထမင်းဝင်စား"

"ရထားပါ ဆင်ရအောင်ဆိုပြီး ဝယ်လာတာကွ"

ကိုမောင်မောင်ထွေးနှင့် ကိုဘချမ်းတို့သည် စကားတပြောပြောနှင့် ထမင်းစားခန်းသို့ ရောက်လာကြသည်။

ခိုင်မေထွေးသည် ဣန္ဒြေမပျက် ထမင်းစားနေရာက ကိုဘချမ်းကို တစ်ချက်လှည့်ကြည့်၏။ ကိုကိုကြီးပြောသလိုပင် ကိုဘချမ်းဝယ်လာသည်ဆိုသော ကန့်ကော်ကိုင်း ပိတောက်ကိုင်းနှင့် ပန်းတွေမှာ အထမ်းတပိုးကြီးဖြစ်နေ၏။

"မေထွေး ကိုဘချမ်းကို ထမင်းကျွေးဖို့ လုပ်အုံးလေဟယ်"

ကိုဘချမ်းလက်ထဲက ပိတောက်ကိုင်း ကန့်ကော်ကိုင်းတွေကို လှမ်းယူရင်း ကိုကိုထွေးကပြော၏။

"မရှိန် ဧည့်သည် ဧည့်သည်"

ခိုင်မေထွေးသည် မရှိန်ဗီကို တစ်ဆင့်ပြောလိုက်၏။

ကိုဘချမ်းကတော့ နိုင်မေထွေး၏ မျက်နှာကိုသာ မတ်တပ်ရပ်၍ ငိုက် ကြည့်နေသည်။

ယခုထိ သူ့အား စကားတစ်ခွန်းမှမဆိုဘဲ ချည်သည်အား နိုင်မေထွေးက အရေးမစိုက်သည်ကို ကိုဘချမ်းက ဝမ်းနည်းနေသည်။

ကိုဘချမ်းက ယူလာပေးသော ကန့်ကောက်ကိုင်းနှင့် ပီကောက်ကိုင်းတွေ ကို ကိုမောင်မောင်ထွေးသည် ရေကပြင်က စိမ့်အိုးကြီးထဲကို ကိုင်းလိုက်သွားထိုး ထားလိုက်သည်။ မရှိုမီသည် ချက်ချင်း ကိုဘချမ်းအတွက် ထမင်းတစ်ပန်းကန် ပြင်ပေးပြီး ဟင်းထပ်ဖြည့်ရန် ငါးခြောက်တောင်းပန်းကန်ကို လာယူသည်။

"ဟောကောင် ထိုင်လေကွာ"

ကိုဘချမ်းက ရယ်ကျဲကျဲလုပ်၍ ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်သည်။

"စားကွာ"

"ဟင့်အင်း ငါ မစားတော့ဘူး"

"ဟေး ဘာဖြစ်လို့လဲကွ မင်း ဘယ်က စားလာလို့လဲကွ"

ကိုကိုထွေးက အံ့ဩသွားသလို ထိုင်ပြီးကာမှ မစားတော့ဘူးဟု ဆိုသော ကိုဘချမ်း၏ မျက်နှာကို နိုင်မေထွေးကလည်း တစ်ချက်မော့ကြည့်မိ၏။

ကိုဘချမ်း၏ မျက်နှာက ညိုးနေသည်။

"ဘယ်ကမှတော့ မစားလာသေးပါဘူး။ ဒါပေမင့် မဆာတော့ပါဘူး ကွာ"

"မင်းစကားကလည်း အဆန်းပဲ"

"အားနာတယ်ကွာ"

"ဖြစ်ရပြန်ပြီ"

"မဖြစ်နဲ့လေ အိမ်ရှင်တွေက ကြည်ဖြူမှ ချည်သည်ဆိုတာက"

"အေးကွ မင်းပြောတာဟုတ်တယ်၊ ငါကလည်း ဒီမှာ ချည်သည်ပဲ"

"ငါ ထမင်းစားခေါ်မိတာမှားတယ်"

သူ့သူငယ်ချင်းအား လောကဝတ်ပင် စကားမဆိုသော နိုင်မေထွေးကို ကိုမောင်မောင်ထွေးက ချက်ချင်းခေါ်ဖြစ်သွားသည်။

အကယ်၍ သူ့အစ်ကို ကိုမောင်မောင်ကြီး ကိုမောင်မောင်လေးတို့၏ ချည်သည်သာဆိုလျှင် နိုင်မေထွေးသည် ဤသို့ ရေငုံနှုတ်ပိတ်နေမည်မဟုတ်။ လောကဝတ်ပျူငှာပေမည်။ ယခုတော့ သူငယ်ချင်းကို ရှေ့ထား၍ လောကဝတ် စကားပင် မဆိုခြင်းမှာ နိုင်မေထွေးသည် သူ့ကိုပါ စော်ကားလေသည် မဟုတ်ပါလား။

"ကဲ ငါလည်းတော်ပြီကွာ ဗိုက်ပြည့်သွားပြီ။ တို့ မြို့ထဲရောက်ရင် စတုဒိသာမဏ္ဍပ်တစ်ခုခုမှာ ဝင်စားကြတာပေါ့၊ တို့က အိမ်ရယ်ယာရယ်အပိုင်ရှိတဲ့ လူမှ မဟုတ်တာ"

ကိုဘချမ်း၏အသံကို ကြားကတည်းကပင် ရင်ထဲပြည့်ချင်နေသော ခိုင်မေထွေးမှာ ယခု သူ့အစ်ကိုထွေးက နာကျည်းစကားပြောလာသောအခါ မျိုပြီးသားထမင်းလုပ်ကိုပင် အန်ထုတ်ပစ်ချင်လောက်အောင် စိတ်ထိခိုက်သွားလေသည်။

"ဟော့ကောင် ငါက ခိုင်ခိုင့်ကို စချင်လို့ တမင်နောက်တာပါကွ မင်း ဘယ်လိုဖြစ်တာလဲ"

ကိုမောင်မောင်ထွေး တကယ် ထမင်းဝိုင်းကထမည်လုပ်တော့ ကိုဘချမ်းက ကိုမောင်မောင်ထွေးလက်ကို ဆွဲ၍ပြော၏။

ခိုင်မေထွေးသည် အံကိုတင်းတင်းကြိတ်ထားသည်။ သို့သော် ဘယ်လိုမှ စိတ်ကိုထိန်းမရဖြစ်ကာ 'ဟင့်' ကနဲ တစ်ချက်ရှိုက်လိုက်ပြီး မျက်ရည်တစ်စက် နှစ်စက်က ထမင်းပန်းကန်ထက် ကြွေကျသွားသည်။

အမှန်က ခိုင်မေထွေး ကိုဘချမ်းအား စကားမပြောခြင်းမှာ ကိုမောင်မောင်ထွေးကို ချစ်၍ပင်ဖြစ်သည်။ ကိုဘချမ်းကြောင့် ခိုင်မေထွေး၏စိတ်သည် များစွာလှုပ်ရှားခဲ့ရ၏။ ထို့ကြောင့် ကိုဘချမ်းနှင့် ပတ်သက်၍ နောက်ထပ် စိတ်လှုပ်ရှားခြင်းကို ခိုင်မေထွေး မခံချင်တော့။ မခံနိုင်တော့။

ခိုင်မေထွေး အမှန်တကယ်ချစ်သူမှာ ကိုကိုထွေးပင်ဖြစ်ပါသည်။ ဤသည်ကို ကိုကိုထွေး သိတတ်ဖို့ကောင်းသည်။ ကိုဘချမ်း အရောတဝင်လုပ်လာသည်ကို ဤအိမ်ရှိ မည်သူကမျှမကျေနပ်ကြ။ ဖွားဖွားသည် အထူးပင် စိုးရိမ်ခဲ့၏။ ထို့ကြောင့်လည်း ဖွားဖွားသည် ခိုင်မေထွေးနှင့်ကိုကိုထွေးကို အမြဲတန်းခွဲမရအောင် ထားခဲ့သည်။ ဤမိသားစုထဲသို့ တစိမ်းတရံစာလူဝင်လာမှာကို ဖွားဖွားသည် ကြီးစွာစိုးရိမ်ခဲ့သည်။ ကိုမောင်မောင်ထွေးတို့အမေလို ခိုင်မေထွေး ဖြစ်သွားမှာကို ဖွားဖွားသည် ထာဝရပူပန်ခဲ့သည်။ ဤသည်ကို ကိုကိုထွေးလည်းသိ၏။ ယခုသိလျက်နှင့် ခိုင်မေထွေးအသဲကို သူက ခွဲရက်လေခြင်းဟု ကြီးစွာနာကျည်းသွားမိသည်။ ထို့ကြောင့်လည်း 'သည်လောက်တောင် ကိုကိုထွေးသူငယ်ချင်းကို အရောဝင်စေချင်ရင် မေထွေးအသဲခွဲပြီးအရောဝင်မယ် ကိုကိုထွေးရယ်' ဟုလည်း ခိုင်မေထွေးနှလုံးသားထဲက မြည်တမ်းနေ၏။ ဤသည်ကို မသိမသာ ကိုမောင်မောင်ထွေးကလည်း သူ့နှမကို ဒေါသဖြစ်နေသည်။

"ဟော့ကောင် ထိုင် ဒီမှာ ငါလာမိတာနဲ့ မင်းတို့ညီအစ်ကိုမောင်နှမ တွေပါ ရန်ဖြစ်ရမယ်ဆိုတော့ ကောင်းမလားကွ၊ ဒီမှာ ငါစားပြီ။ ထိုင်ကွာ စားကွာ၊ ခိုင်ခိုင်ကလည်း အစ်ကို့ကိုပြောအုံးလေ၊ ကျွန်တော်က ခိုင်ခိုင်တို့ကိုခင်လို့ သက်သက်နောက်တာ သိရဲ့သားနဲ့ဗျာ၊ သိပ်အားနာဖို့ကောင်းတာပဲ"

ကိုဘချမ်းမှာ သူ့အတည်ပေါက်နှင့် နောက်လိုက်မိသည့်အတွက် စိတ်မကောင်းဖြစ်ရသဖြင့် ထမင်းကို တမင်စားပြသည်။

"မင်း မသိဘူး ဘချမ်း၊ ဒီအိမ်မှာ ငါက တစိမ်းကွ"

"မင်းကလည်းကွာ မဟုတ်တာ၊ ငါ တော်တော် စိတ်ညစ်သွားပြီနော်"

"ဟုတ်တယ် ကိုဘချမ်း၊ သူက ဒီအိမ်မှာ တစိမ်းပဲ တစိမ်းပဲ၊ သူက တစိမ်းပါ၊ နိုင်နိုင်တို့ကို သူက တစိမ်းလိုပဲ ဆက်ဆံနေတာ"

နိုင်မေထွေးသည် ချက်ချင်းရှိုက်ကြီးတငင်ငိုကာ အိမ်ပေါ်ထပ်သို့ ပြေးတက်သွားသည်။

"မောင်ရှာ ဒုက္ခပါပဲ၊ အခါကြီးနေ့ရက်ကြီးမှာ၊ ကျွန်တော်တော့ ဘယ်လိုမှစိတ်ကောင်းမှာ မဟုတ်တော့ဘူး"

"မောင့်ကောင် ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့၊ မင်းစားမှာသာစား"

"ဟင် ကိုကိုထွေးတို့ ဘာဖြစ်ကြတာလဲ"

မရှိန်မီကလည်း ထမင်းစားခန်းထဲ ဝင်လာမေး၏။

"ဘာမှမဟုတ်ဘူး မရှိန်မီ၊ ဒီကောင်က မေထွေးကို စတာနဲ့ စိတ်ကောက်ပြီး အိမ်ပေါ် ပြေးတက်သွားတာ၊ မင်းသွားချော့ပေးပန်လိုက်ကွာ၊ ငါ့နှမက သိပ်စိတ်ကြီးတာ"

ကိုမောင်မောင်ထွေးက မရှိန်မီအား အတည်ပေါက်နှင့်ပြောလိုက်သည်။ နဂိုကပင် နိုင်မေထွေးအား စကားပြောချင်နေသော ဘချမ်းမှာ ကိုမောင်မောင်ထွေး စကားကိုကြားရသောအခါ ရေငတ်သူ ရေတွင်းထဲ ကျသလိုဖြစ်သွား၏။ ထမင်းပင် ဆက်စားဖျော်မသိတော့။

"အေးကွာ နိုင်နိုင်ကလည်းစိတ်ချည်းပဲ ငါသွားချော့ပေးပန်လိုက်ဦးမယ်"

သူပြောစဉ်ကမူ မရှိန်မီရှေ့ အရှက်ပြေ ပြောလိုက်မိသော်လည်း ယခု ကိုဘချမ်းက သူ့နှမကို သွားချော့ပေးပန်မည်ဆိုတော့ တားရှဲမကောင်းပြန်။

"အေး ချော့ပေးပန်လိုက် ချော့ပေးပန်လိုက် ငါ ရေသွားဆော်လိုက်မယ်"

ကိုမောင်မောင်ထွေးသည် ဤသို့သာပြောပြီး စောစောက ကိုဘချမ်း ယူလာသော ပီတောက်ကိုင်း ကန့်ကော်ကိုင်းတွေကိုယူကာ မြင်းရထားပြင်ရန် ဆင်းလာခဲ့သည်။ အမှန်မှာ ကိုမောင်မောင်ထွေးအနေက ဤသို့နေ အိမ်၌ ဤသို့ ပြဿနာဖြစ်ကြသည်ကို လူကြီးတွေ မသိစေလို၍ အတတ်နိုင်ဆုံး သည်းခံပြီး စိတ်ကိုဖြေလိုက်သည်။ ကိုဘချမ်းကား နိုင်မေထွေးကို ချော့ပေးပန်ရန် အိမ်ပေါ်သို့ တက်သွားသည်။

"နိုင်နိုင်"

ကိုဘချမ်းသည် အိမ်ပေါ်ထပ် မင်းတက်လှေခါးကြီးထိပ်က ကုလားထိုင်တစ်လုံးပေါ် ခွေခွေလေးထိုင်၍ တရှုံ့ရှုံ့ငိုနေသော နိုင်မေထွေးအနား လျှောက်လာပြီး ခေါ်လိုက်သည်။ သို့သော် နိုင်မေထွေးကားမထူး။ ကိုဘချမ်းအသံကို ကြားသောအခါ ပို၍ပင် ရှိုက်လိုက်သေးသည်။

"ခိုင်ခိုင် ကျွန်တော် စိတ်မကောင်းအောင် မလုပ်ပါနဲ့ ခိုင်ခိုင်ရယ်၊ ကျွန်တော်က ခိုင်ခိုင်တို့မောင်နှမကို ခင်လို့နောက်တာပဲ၊ ကျွန်တော့်ကြောင့်ဖြစ်ရတာ ကျွန်တော် တောင်းပန်ပါတယ်နော်"

"ကို ---- ကိုဘချမ်းကြောင့် ဖြစ်ရတာမဟုတ်ပါဘူး၊ ကိုကိုထွေးက ခိုင်ခိုင်တို့ကို အမြဲရန်လိုနေတာ၊ ခိုင်ခိုင် သူ့ကို မုန်းတယ်၊ ခိုင်ခိုင် သူ့ကို မုန်းတယ်"

"အို ---- ကိုယ့်အစ်ကိုပဲ ခိုင်ခိုင်ရယ် ဘာလို့မုန်း"

"မဟုတ်ဖူး မဟုတ်ဖူး ခိုင်ခိုင့်အစ်ကိုလည်း မဟုတ်ဖူး၊ တစိမ်းပဲ တစိမ်းပဲ၊ ခိုင်ခိုင် သူ့ကို မုန်းတယ်"

ကိုဘချမ်းစကားမဆုံးခင် ခိုင်မေထွေးက ရှိက်သံနှင့်အော်ပြောကာ အိမ်ခန်းထဲဝင်ရန် ထပြေးသည်။

"အို ---- ခိုင်ခိုင်ရယ်"

ကိုဘချမ်းသည် ခိုင်မေထွေး၏လက်ကို ရုတ်တရက် လှမ်းဆွဲလိုက်ရာ ခိုင်မေထွေးမှာလည်း အရှိန်လွန်ပြီး လဲကျမလိုဖြစ်သွားရာ သူ့ကိုယ်လုံးလေးသည် ကိုဘချမ်း၏ရင်အုပ်ထဲ ရောက်သွားမိ၏။ ခိုင်မေထွေးအပေါ် တွေ့စကပင် စိတ်ညွှတ်နေမိသော ကိုဘချမ်းသည် အခွင့်အရေးတစ်ရပ်လို ခိုင်မေထွေးကို မသိမသာ ဖက်ထားလိုက်မိသည်။ ပြီး ကတုန်ကယင်အသံကြီးနှင့် 'ခိုင်ခိုင့်ကို ကျွန်တော် သိပ်ချစ်တယ် ခိုင်ခိုင်ရယ်၊ ကျွန်တော့်ကြောင့် ခိုင်ခိုင်တို့မောင်နှမတွေ ခုလိုဖြစ်ရတာ ကိုယ့်ကို ခွင့်လွှတ်ပါ၊ ခွင့်လွှတ်တယ်မှတ်လားဟင် ခိုင်ခိုင်' ဟု ပြောလိုက်သည်။

ခိုင်မေထွေးသည် ကိုဘချမ်းဖက်ထားသည်ကို ရုန်းကန်ခြင်းလည်း မပြု၊ စကားလည်းမဆိုဘဲ ကိုဘချမ်း၏မျက်နှာကိုသာ မျက်ရည်ကြားထဲက တစ်ချက်မော့ကြည့်သည်။ တဒင်္ဂတွင် ခိုင်မေထွေးအနေကလည်း ကြောင်နေမိ၏။

ခိုင်မေထွေးက မျက်လုံးဝိုင်းကြီးနှင့် သူ့ကို မော့ကြည့်လိုက်သောအခါ ကိုဘချမ်း၏ အသဲနှလုံးတွေမှာ တဆတ်ဆတ် လှုပ်ခါသွားလေသည်။

"ခိုင်ခိုင့်ကို ကျွန်တော်သိပ်ချစ်တာပဲ၊ ခိုင်ခိုင် ကိုယ့်ကို စိတ်ဆိုးချင်လည်း ဆိုးတော့ကွယ် ခိုင်ခိုင့်ကို"

"အို ----"

ကိုဘချမ်းက ခိုင်မေထွေးကိုဖက်ထားရာက မျက်ရည်သုတ်ပေးပြီး နမ်းရန်ရွယ်လိုက်သောအခါ ခိုင်မေထွေးမှာလည်း ခုမှသတိဝင်လာသူလို ကိုဘချမ်းရင်အုပ်ကြားထဲက ထွက်ပြေးရန် ရုန်းလိုက်၏။

"ချစ် ---- ချစ်လို့ပါ ခိုင်ခိုင်ရယ် ----"

ကိုဘချမ်းကလည်း ခိုင်မေထွေးကို နမ်းရန် အတင်းကြိုးစား၏။

"ကြည့် အခါကြီး ---- နေ့ရက်ကြီး ---- သူများကို သွား"

ဤတစ်ခါတော့ နိုင်မေထွေးက ကိုတာချွန်းကို တစ်အားတွန်းပစ်လိုက်သည်။

"အေးပါဗျား သွားဆိုလည်း သွားပါ့မယ်၊ အဝတ်လဲပြီးသာ မြန်မြန်ဆင်းလာခဲ့ပါနော်၊ ကိုမောင်မောင်ထွေးနဲ့ ကျွန်တော်တို့ ရေပက်ခံသွားလို့ စောင့်နေမယ်"

ကိုတာချွန်းသည် အတိုင်းမသိ ဝမ်းသာသံနှင့် အော်ပြောကာ အောက်ထပ်သို့ ပြေးဆင်းလာသည်။ မချော့လင့်ပဲနှင့် ဆုလာဘ်ကြီးတစ်ခု ရလာသူ၏ ခြေလှမ်းကတော့ မြင့်မိုရ်ကိုပင် ခုန်တော့မလောက်တော့မတတ်ပင်။

မြင်းရထားကို ပီတောက်ခက်၊ ကန့်ကော်ခက်တွေနှင့်အတူ ပြင်ဆင်ပြီးနှင့်နေသော ကိုမောင်မောင်ထွေးအနေမှတော့ တောတောကာအဖြစ်ကို ဝမ်းနည်းကာ ကန့်ကော်ပွင့်၊ ပီတောက်တွေကို အမိပွာယ်မဲ့ လက်နှင့်ခြွေချနေမိသည်။ သူသည် သူ့ကိုယ်သူ နာကျည်း စိတ်ဆိုးနေမိသည်။

"ဟေးကောင်၊ အို — ဒီကောင် — ရူးများနေသလား၊ ဘာလို့ ဘာလို့ ပန်းတွေကို ခြွေပစ်ရတာလဲကွ"

ကိုတာချွန်း၏ စကားက အမေတွေးလွှင့်နေမိသူ ကိုမောင်မောင်ထွေးကို လန့်ဖျပ်၍ပင်သွားစေသည်။

"မင်း မေထွေးကို တောင်းပန်ခဲ့လား"

မောင်မောင်ထွေးက ကိုတာချွန်းကို ဝမ်းနည်းကြေကွဲနေသံနှင့်မေး၏။

"အေးပါကွာ လွှန်တာရှိရင် ဝန္ဒာမိပါလို့ ငါ ရှိုးဦးတင်တောင်းပန်ခဲ့ပါပြီ ဟီး ဟီး တကယ်စိတ်ကြီးတဲ့ နိုင်နိုင်ပဲ"

"ရေပက်ခံလိုက်ဦးမယ်ကော ပြောလား"

ဤစကားကိုတော့ ကိုမောင်မောင်ထွေးက တည်တည်ပင်မေး၏။

"ဟို ဟိုမှာ ကြွလာပါပြီ"

နိုင်မေထွေး ဆင်းလျှောက်လာသည်ကို မြင်သောအခါ ကိုမောင်မောင်ထွေးမှာ အံ့ညြသွားမိသည်။ ဘာချွန်း ဘယ်လိုများ တောင်းပန်ခဲ့လို့ ဓုချက်ချင်းနိုင်မေထွေး စိတ်ပြေသွားပါလိမ့်၊ နုနယ်သော သူ၏နှလုံးသားက နိုင်မေထွေးနှင့်ကိုဘာချွန်းတို့အပေါ် သံသယစကားကို ပြည့်ညည်းနေသည်။ အမှန်မှာ ဤနေ့သာ ရေပက်ခံမသွားလိုက်ရလျှင် တစ်နှစ်အတွက် သကြိန်ရက်သည် နိုင်မေထွေးအတွက် ဆုံးရှုံးသွားရမည်ကိုစိုး၍ နိုင်မေထွေးက ဆင်းလာခြင်းဖြစ်သည်။ ဤသည်ကိုတော့ ကိုမောင်မောင်ထွေးက လုံးဝမတွေးမိပေ။ သူ့ကိုမုန်းသည် ဆိုသော နိုင်မေထွေးကိုသာ နာကျည်းနေချင်သည်။

ကိုမောင်မောင်ထွေးက ရထားမောင်းနေသူနေရာတွင် တက်ထိုင်လိုက်သောအခါ နိုင်မေထွေးကလည်း ကိုမောင်မောင်ထွေးကို နောက်မှိုး၍ တက်ထိုင်

၏။ ကိုမောင်မောင်ထွေးသည် နမသယ် စိတ်ပြေပါစေတော့ဟု ပိတောက်ကိုင်းငယ်တစ်ကိုင်းချိုး၍ ခိုင်မေထွေးခေါင်းမှာ ပန်ပေးလိုက်၏။ စိတ်ဆိုးမပြေသေးသော ခိုင်မေထွေးက ချက်ချင်း သူ့ခေါင်းက ပိတောက်ခက်ကို ဆွဲနုတ်ပြီး ကိုမောင်မောင်ထွေး ကျောကုန်းကို ပစ်ပေါက်ပစ်လိုက်သည်။

"ဟော့ ဖြစ်ကြပြန်ပြီ၊ ခိုင်ခိုင်လွန်တယ်ကွယ်"

ခိုင်မေထွေး ပစ်ပေါက်လိုက်၍ ကိုမောင်မောင်ထွေး ကျောကုန်းပေါ်မှ စင်ကျလာသော ပိတောက်ခက်ကို ဆတ်ကနဲ လှမ်းကောက်ပြီး ကိုဘချမ်းက ပြောလိုက်၏။ ပြီး ပိတောက်ခက်ကိုပင် ခိုင်မေထွေးဆံကေသာ၌ သူက ထပ်ဆင့်ပန်ပေးလိုက်ပါသည်။

ကိုမောင်မောင်ထွေးသည် နောက်ထပ် ဘာမှမပြောတော့ဘဲ မြင်းလှည်းကိုသာ နှင်တန်တို့လိုက်၏။ ခိုင်မေထွေးကို သူနောက်ထပ် ဘာဆိုဘာမှ မပြောချင်တော့၊ စိတ်ထဲကနာကျည်းနေသလို နမသယ်၏အပြုအမူကို ကြီးစွာလည်း ဝမ်းနည်းသွားမိလေသည်။

ကိုမောင်မောင်ထွေးသည် ကိုဘချမ်းနှင့် ခိုင်မေထွေးတို့ကို တစ်လမ်းလုံးသံသယဝင်လာ၏။ ကိုဘချမ်းကိုတွေ့စက ခိုင်မေထွေး နှုတ်ဆိတ်နေခြင်းမှာ သူတို့နှစ်ယောက်ကြားမှာ လျှို့ဝှက်ချက် တစ်စုံရာရှိလေသလား။ ခိုင်မေထွေး ရေပက်ခံထွက်မည့်နေ့မှ ကိုဘချမ်း ဘာကြောင့် ရောက်လာရသနည်း။ ပိတောက်ပန်း၊ ကန့်ကော်ပန်းတွေ ဝယ်လာခြင်းမှာ တမင်အချိန်းအချက်ပြုလုပ်ထားကြ၍လား၊ သူ ကိုရင်ဝတ်နှင့် နေခဲ့စဉ်က ဘာတွေများဖြစ်နေကြပါလိမ့်။

"ကိုကိုထွေး လှည်းခဏရပ်အုံး"

ခိုင်မေထွေးစကားကြောင့် ကိုမောင်မောင်ထွေးသည် အတွေးကို ဆက်မသိတော့ဘဲ လှည်းကို ရပ်ပေးလိုက်သည်။

"ဟော့ ခိုင်ခိုင် တို့နဲ့ မြစ်နားတန်းကို မလိုက်တော့ဘူးလား"

နန်းရာကုန်းရပ် ရေပက်ခံမဏ္ဍပ်နား ရောက်သောအခါ ခိုင်မေထွေးက ဘာမပြောညာမပြောနှင့် လှည်းရပ်ခိုင်းပြီး မဏ္ဍပ်ထဲဝင်သွားသဖြင့် ကိုဘချမ်းက လှမ်းမေးသည်။

"မလိုက်တော့ဘူး ဒီက ရေပက်ခံလာဖို့ခေါ်ထားလို့"

ခိုင်မေထွေး၏ အပြုအမူတို့ကို ဤတစ်ခါတော့ ကိုဘချမ်းမှာ သက်မချရပြန်သည်။

ခိုင်မေထွေးနှင့် မြင်းလှည်းအတူစီးကာ တစ်နေ့လုံးရေပက်ကစားကြမည်ဟု စိတ်မှန်းနှင့် ပျော်လာသော ကိုဘချမ်း၏ စိတ်ကူးကမ္ဘာမှာ အသိရခက်သော ခိုင်မေထွေးကြောင့် ပျက်ရပြန်ပြီ။

ခိုင်မေထွေးသည် ကိုဘချမ်းအား လှည့်၍ပင်မကြည့်ဘဲ သူ့အစ်ကို

ကိုမောင်မောင်ထွေးကိုသာ ကိုကိုထွေး ညနေအပြန်ကျရင် သူမှုးကိုလည်း ဝင်ခေါ်ခဲ့ဟု စိတ်ဆိုးမပြေသေးဟန်နှင့် ပြော၏။

နှုတ်သယ်စကားဆုံးသည်နှင့် အစ်ကိုဖြစ်သူကလည်း မြင်းကို ချက်ချင်းနှင်တန်တို့လိုက်သည်။ အသီရောက်သော နိုင်မေထွေး၏ မျက်နှာကို ပြန်မြင်လိုမြင်ညား ကိုတချွန်းမှာတော့ လှည့်ကြည့်လှည့်ကြည့်နှင့်ပင် နိုင်မေထွေး ဝင်သွားသော မဏ္ဍပ်နှင့် ဝေးခဲ့ရပြီတည်း။

ညနေချမ်း ကိုမောင်မောင်ထွေးပြန်တော့ ကိုတချမ်းမှာ မြို့မရပ်၌ပင် ဆင်းကျန်ခဲ့သည်။ ကိုမောင်မောင်ထွေး၊ နိုင်မေထွေးတို့နေသော နန်းရာကုန်းရပ် မဏ္ဍပ်ကို လိုက်ချင်သော်လည်း မကောင်းတတ်၍ ဆင်းခဲ့ရသည်။

မဏ္ဍပ်ရှေ့တွင် ကိုမောင်မောင်ထွေး လှည်းရပ်လာ သည်ကိုမြင်တော့ နိုင်မေထွေးသည် မဏ္ဍပ်ထဲကလူတွေကို နှုတ်ဆက်ပြီး လှည်းပေါ်တက်လိုက်လာသည်။

မောင်နှမနှစ်ယောက်သည် တစ်လမ်းလုံး စကားတစ်ခွန်းမှမပြောကြဘဲ အိမ်ရောက်လာကြ၏။ အိမ်ရောက်တော့ ကိုမောင်မောင်တို့ညီအစ်ကို လေးမြို့က ပြန်ရောက်၍ တွေ့ရသည်။

"ဟင် ကိုကိုတို့ ပြန်ရောက်နေကြပြီ"

"ဟုတ်တယ် နင်က ဘယ်လူနဲ့ ရေပက်ခံလိုက်သွားတာလဲ"

"ကိုကိုထွေးနဲ့"

အမှန်က မနက်ကပြသသနာကို မရှိန်မီကတစ်ဆင့် ကိုမောင်မောင်ကြီး သိသွားလေသည်။ ထို့ကြောင့်လည်း နိုင်မေထွေးကို ဦးဆုံးမေးခြင်းဖြစ်၏။

"သည့်ပြင် ဘယ်လူတွေ ပါသေးလဲ"

"ကိုကိုထွေး သူငယ်ချင်း"

"ဘချမ်းကိုပြောတာမှတ်လား"

ဤအမေးကိုတော့ နိုင်မေထွေးက လုံးဝမဖြေ။ ဤယနေ့၌ နိုင်မေထွေးသည် အိမ်ကလူတွေကို လုံးဝစကားမပြောချင်လောက်အောင် စိတ်တိုနေသည်။

"နိုင်မေထွေးနဲ့ပတ်သက်လို့ လူကြီးတွေက တစ်စုံတခု စိတ်အနှောက်အယှက်ဖြစ်ရင် မင်းတရားခံပဲ သိလား၊ နိုင်မေထွေး တစ်ခုခုဖြစ်ရင် မင်းတရားခံပဲ၊ တော်တော် ညည့်ကောင်းစောင်ကောင်းရတတ်တဲ့အကောင်"

ကိုမောင်မောင်ကြီးက ကိုမောင်မောင်ထွေးကို ထပ်ဆူပြန်၏။

"ကျွန်တော် ဘာလုပ်လို့လဲ"

"မင်းဘာလုပ်တယ်၊ ဘာလုပ်ရမယ်ဆိုတာ မင်းကိုယ်မင်း မသိဘူးလား၊ မင်းဟာ အမြဲ လူကြီးတွေ စိတ်မချမ်းသာအောင်လုပ်တယ်၊ ကုလားကျွန်တွေ အိမ်လာတာ ငါတို့ မကြိုက်ဘူး"

"ကိုကိုကြီးက တစ်ဖက်သားကို ဒီလိုမပြောပါနဲ့."

"ပြောတယ်ကွာ မင်းက မင်းသူငယ်ချင်းထိလို့ နာသလား၊ ကုလား ချစ်တီးရှိဘုန်းက ဒီကောင်တွေ ကုလားဆီမှာကျွန်ပဲ၊ ကုလားကျွန်နဲ့ တို့လက်မ ဆက်ဘူး။ မင်းကတော့ နဂိုကပင် မိမစစ် ဖမစစ်ပဲ"

သူ့ညီမကို ကိုတာချမ်းနှင့် ဆက်ဆံခိုင်းရမလားဟူသော နာကျည်းစိတ်နှင့် ကိုမောင်မောင်ကြီးကလည်း ကိုမောင်မောင်ထွေးကို ဖိဆူ၏။ ပြီး သူတို့ဆွေမျိုးထဲ တစိမ်းအဝင်မခံနိုင်သည်ကို သိလျက်နှင့် ကိုတာချမ်းကို ဆက်ဆံရမလားဟု ဒေါပွသည်။ အထူးသဖြင့် သူ့ညီမကို ဖွားဖွား၏ဆန္ဒအရ ကိုမောင်မောင်ထွေးကသာ တစ်ချိန်ကျလျှင် လက်ထပ်ရမည်ဟု အားလုံး စွဲစွဲမြဲမြဲယုံကြည်ထားကြသည်။ သူ့ညီမကို လက်ထပ်ရမည်ဖြစ်သော ကိုမောင်မောင်ထွေးသည် သူ့ညီမနှင့်တကွ ဤအိမ်ရှိအကုန်သူတို့၏ ပြောစကားဆိုစကားကို ခုကတည်းကပင် လိုက်နာရမည်ဟု ကိုကိုကြီးက ယုံကြည်ထားသည်။ သူ့ကိုအကြောင်းပြုပြီး ကိုတာချမ်း ခဏခဏလာသည်ကို သူ မကျေနပ်ပေ။

ဤသည်ကို သိလျက်နှင့် ယခုတော့ကလန်ကဆန်လုပ်သည်။ သူ့ညီမကိုလည်း အမြန်နိုင်လိုမင်းထက် ပြုမူသည်။ ခုကတည်းကပင် ဤမျှ ဆိုးသွမ်းနေလျှင် သူ့ညီမ မည်သို့စိတ်ချမ်းသာပမည်နည်း။ ထို့ကြောင့် ကိုမောင်မောင်ကြီးက ဒေါပွနေခြင်းဖြစ်၏။

ကိုမောင်မောင်ထွေးအနေမှာလည်း သူ့ကို မိမစစ် ဖမစစ်ပြောရမည်လားဟု အတိုင်းမသိ ဒေါသထွက်ကာ ခံပြောသည်။

"ဟုတ်တယ် ဟုတ်တယ် ကျုပ်က ခင်ဗျားတို့လို မဟာမျိုး မဟာနွယ်တွေ မဟုတ်ဖူး၊ ခင်ဗျားတို့ မဟာမျိုး မဟာနွယ်ထဲလည်း ကျုပ်ဝင်ဖို့ စိတ်မကူးဘူး၊ ကျုပ်က ပေါက် .... ပေါက်လွတ်ပဲစားပဲ"

ဤစကားကို ကိုမောင်မောင်ထွေး ဆိုလိုက်ခြင်းမှာ ခိုင်မေထွေးကိုရော ကိုမောင်မောင်ကြီးကိုပါ စိတ်နာ၍ဖြစ်သည်။

"အေး မင်းသဘော မင်းသဘော ဒါပေမင့် တို့အထဲ မင်းမဝင်ချင်ဘူး ဆိုရင် မင်းဖာသာ မင်းထွက်သွား ငါ့ညီမကိုပါ ဒီအထဲက မင်းဆွဲထုတ်သွားမယ် ကြံရင်တော့ အသိပဲ၊ ခိုင်ခိုင် နင်လည်း သတိထားနေ"

"အို .... မောင်မောင်ကြီးကလည်းကွယ် ဆင်ဆင်ခြင်ခြင်ပြောမှပေါ့"

ဒေါ်သာထက်က ကိုမောင်မောင်တို့ညီအစ်ကိုကို ထွက်ဟန့်သည်။

ခိုင်မေထွေးက တရှုံ့ရှုံ့ရှိုက်၍ နောက်ဖေးလှေခါးမှပင် အိမ်အပေါ်ထပ်သို့ တက်လာမိသည်။ သူ့မှာလည်း သူ့နာကျည်းချက်နှင့်သူပင်။

"မေထွေး အောက်မှာ ဘာတွေဖြစ်နေကြတာလဲ၊ ဒေါသကုမ္ပာအသံကြားပါလား"

လေးမြို့က ရောက်တည်းကပင် ခရီးပန်းလာ၍ အိပ်နေဟန်တူသော ကိုကိုလေးနှင့် နိုင်မေထွေးတို့သည် အိမ်ပေါ် လှေခါးထိပ်၌ဆုံမိကြ၏။ အောက်ထပ်မှအသံတွေကြောင့် သူနိုးလာပုံရသည်။

"အလကားပေါ ကိုကိုလေးရယ်၊ သူတို့အထင်နဲ့သူတို့ ရှုပ်ဖြစ်နေကြတာ"

"သိပ်မှန်းဖို့ကောင်းတာ ခုတလော ကိုကိုကြီးဟာလေ လူတကာ ညစာပေးနေတယ်၊ လူကြီးတွေ အိမ်မှာမရှိလို့ သူ့ဖိုလ်ကျတာ၊ လေးမြို့မှာလည်း မြို့ကလူတွေနဲ့ ရှုပ်ဖြစ်လာကြတယ်"

"ဟင် ဘာဖြစ်လို့လဲ ကိုကိုလေး"

"မြို့ကို ဂရုမစိုက်ကြဘူးဆိုလားဟာ ငါလည်း သူတို့စကား စိတ်မဝင်စားပါဘူး။ သေလာပန်းတောင်းရွာအလှူမှာ ဖဲသွားရိုက်တာ ငါးဆယ်ကြီးများတောင် မြတ်လာသတဲ့"

"ဟင် ကိုကိုလေးကတော့ ဒါပဲ"

"ဒါပဲမလုပ်လို့ ငါ့သဘောနဲ့သာ နောက်တစ်ညနေခဲ့ရင် ဒီထက်မြတ်အုံးမှာ တောကလူတွေက ဇိန်းပဲ"

"ဘာလို့ ဖဲရိုက်မနေခဲ့လဲ"

"နေချင်သပ တစ်ပိုင်းကသေလို့ အဓိပ္ပါယ်(ဒေါ်လေး)တို့က ဒါဒါတို့ ဥပုသ်ထွက်အမှီ မြထဲကသစ်သီးသစ်ဥတွေ အလှူမပြောက်အောင် ပြန်လိုက်ကြပါဆိုလို့ ဒီကနေ ပြန်လာရတာတဲ့"

သာတာဂိရကာမြို့ကို လွမ်းနေမိသော နိုင်မေထွေးမှာ ကိုကိုလေးစကားကြောင့် အောက်တွင် ကိုမောင်မောင်တို့ ရှုပ်ဖြစ်နေကြသည်ကိုပင် မေ့သွားလေသည်။

"ဟိုကိစ္စကောဟင် ကိုကိုလေး"

"ဘာကိစ္စလဲ"

"မေထွေးတို့ လေးမြို့ပြန်နေကြဖို့ကိစ္စလေ"

"အမယ်လေး သူ့ပုန်တွေကလည်း ကောင်းလိုက်တာမှ ယောက်ျားတွေ ကျနေတာပဲ"

"ဟင် ... ကိုကိုလေးနော်"

"ဟ ငါက သူတို့နှမတွေ ယူမလို့ပြောတာ"

"တော်စမ်းပါ အကောင်းမေးနေရင်"

သူပုန်တွေက တို့ကို မနှောက်ယှက်ပါဘူးဟ၊ ငါနဲ့သူနဲ့ ဖဲတောင် အတူရိုက်လာကြသေးတယ်၊ ရွာကလူတွေကလည်း ပြောပါတယ် ပါပါကိုလည်း သူပုန်တွေ အပြစ်မထားပါဘူး၊ လေးမြို့ကို ပြန်နေကြဖို့ကောင်းတယ်တဲ့"

ကိုကိုလေးစကားက လေးမြို့ကို လွမ်းလှသော နိုင်မေထွေး၏စိတ်

ကို တဒင်္ဂတော့ ကြည်နူးသွားစေသည်။ သို့သော် အောက်ထပ်တွင် ရန်ဖြစ်နေကြသော ကိုမောင်မောင်တို့အတွက် ခိုင်မေထွေးက ပူပန်နေမိသေး၏။

ရန်ပြေငြိမ်း၍ ကိုမောင်မောင်ထွေး အိမ်ပေါ်တက်လာတော့ သူ့စိတ်ကသက်သာရာရသွားလေသည်။

× × × × × × × × × × ×

# အခန်း (၁၇)

"ငါ့မြေးထွေးကော"

ခါတိုင်းနေ့တွေလို နံနက်ထ လက်ဖက်ရည်ဝိုင်းမှာ ကိုမောင်မောင်ထွေးကို မမြင်မိသဖြင့် ဒေါ်နန်းဖုံဦးကမေး၏။

"မလာသေးဘူး ဒါဒါ"

အိမ်ရှိလူတွေအားလုံး အစုံရှိကြသော်လည်း ကိုမောင်မောင်ထွေးနှင့် ပတ်သက်လာလျှင် ဦးဆုံးမေးမြန်းကြားရမည့်သူမှာတော့ ခိုင်မေထွေးပင်။

"ဟဲ့ ခုထိ ကော်ဖီလာမသောက်ဘဲ ဘာလုပ်နေလဲ၊ အတော်ကြာ ကျောင်းသွားရအုံးမယ်"

အဖွားပြောသည်မှာ အမှန်ပင်ဖြစ်သည်။ ခြောက်နာရီကျော်လျှင် ကိုမောင်မောင်ထွေး၊ ကိုမောင်မောင်လေးနှင့် ခိုင်မေထွေးတို့သည် ကျောင်းသွားကြရမည်ဖြစ်သည်။ ကိုမောင်မောင်ကြီးကလည်း ဖေဖေမေမေတို့နှင့် ပွဲရုံကို လိုက်ရသည်။ သည်နှစ်မှ ကိုမောင်မောင်ကြီးက ခြောက်တန်းကျသဖြင့် ကျောင်းမနေတော့ပေ။ အဖေ အမေတို့ပွဲရုံအလုပ်ကို ဝင်လုပ်သည်။ ခိုင်မေထွေးက ခြောက်တန်းတက်ရ၏။ ကိုမောင်မောင်လေးက ခုနစ်တန်း၊ အားလုံးထက် တစ်တန်းကြီးသူ ကိုမောင်မောင်ထွေးကတော့ ရှစ်တန်းဖြစ်၏။ နံနက် မြင်းရထားနှင့် သွားကြတုန်းက အတူတူသွားကြသော်လည်း ကိုမောင်မောင်လေးနှင့် ခိုင်မေထွေးက တစ်ကျောင်းထဲ နေရပြီး ကိုမောင်မောင်ထွေးကတော့ မင်းကျောင်းကို ပြောင်းနေရသည်။ သူက သည်နှစ်မှာ ကျောင်းသိုးစာဖြစ်နေ၏။

"ဟဲ့ ခိုင်ခိုင် မြေးထွေးကို သွားကြည့်စမ်း၊ ဘာများလုပ်နေလဲ၊ မိုးနဲ့ လေနဲ့ ကျောင်းစောစောသွားဖို့ လုပ်ကြတာမဟုတ်ဘူး"

"ဟင်"

ခိုင်မေထွေးသည် ကုတင်ပေါ်ရှိစာရေးစားပွဲပေါ်တွင် မင်ပုလင်းတစ်လုံးနှင့်ဖိထားသော စာရွက်ဖြူတစ်ရွက်ကို ဖျတ်ကနဲ ဆွဲကြည့်လိုက်၏။

"ကိုကိုကြီး"

ကျွန်တော် ဒီအိမ်မှာရှိနေရင် မေထွေးတစ်ခုခုဖြစ်လိမ့်

မယ်ဆိုတာ ကိုကိုကြီး စိုးရိမ်နေတယ်မှတ်လား၊ စိတ်ချမ်းသာ ပေတော့ ကိုကိုကြီးရယ် ကျွန်တော် သွားပါပြီ၊ ဒီလိုပတ်ဝန်း ကျင်နဲ့ ကျွန်တော်နဲ့ မတန်ပါဘူး၊ မိမစစ် ဖမစစ်တစ်ယောက်နဲ့ ကိုကိုကြီးညီမနဲ့လည်း မတန်ပါဘူး၊ မေထွေးကလည်း ကျွန် တော့်ကို မချစ်ပါဘူး၊ ကိုကိုကြီးတို့ မဟာဆွေတော်မျိုးတော် တွေထဲမှာ ကျွန်တော်လို မိမစစ်ဖမစစ်တစ်ယောက် ဝင်ပါ နေတာ နတ်သုဒ္ဓါထဲ မစင်တစ်ရွေးသားရောနေတယ်လို့ ကိုကိုကြီး အမြဲထင်နေတယ်မှတ်လား၊ စိတ်ချမ်းသာပေတော့ ကိုကိုကြီးရေ၊ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်"

**မောင်မောင်ထွေးမဟုတ်သောအောင်စံ**

"ဒါဒါ .... ဒါဒါ .... ကိုကိုထွေး မရှိတော့ဘူး ဒါဒါရယ်၊ ကိုကိုထွေး ထွက်သွားပြီ"

ခိုင်မေထွေးသည် ပိုကြီးရှိုက်မနှင့် အသံကုန်အော်ငိုကာ အိမ်ပေါ်မှ ပြေးဆင်းလာသည်။

"ဟဲ့ .... ဟဲ့ .... ခိုင်ခိုင် မြေး .... မြေး .... ငါ့မြေးထွေးမရှိတော့ဘူး"

အိမ်ရှိ အကုန်သူတို့၏မျက်နှာမှာ ရုတ်ခြည်း ထိတ်ထိတ်ပြာပြာဖြစ် သွားကြရလေပြီ။

"ဟုတ်တယ် ဒါဒါရယ် .... ကိုကိုထွေးရယ် မရှိတော့ဘူး၊ ကိုကိုထွေး ထွက်ပြေးသွားပြီ၊ ဒီမှာ စာရေးထားခဲ့တယ်၊ မေထွေးက သူ့ကို မချစ်ဖူးတဲ့၊ ကိုကို ကြီးက သူ့ကို မလိုတူးတဲ့"

ဒေါ်နန်းဖဲဦးသည် ခိုင်မေထွေးလက်ထဲကစာရွက်ကို ဖျတ်ကနဲ ဆွဲ ကြည့်လိုက်သည်။

"ဟင် .... ဒေါ်သကုမ္မာ၊ ငါ့မြေးထွေး ထွက်သွားရတာ နင့်ကြောင့်ဟဲ့ ဒီအိမ်က နင်တို့အိမ်များ အောက်မေ့နေလားဟင်၊ နင်တို့တွေရဲ့စိတ်ကို ငါ အားလုံး သိတယ်၊ ငါ့မြေး ဒီလိုထွက်သွားရအောင်လုပ်တာ နင်တို့တွေပဲ၊ သကြိန်တုန်းက လည်း ငါမရှိတုန်း မြေးထွေးကို နင် အိမ်ပေါ်က နှင်ချတယ်ဆို"

"မ .... မဟုတ်ပါဘူး ဒါဒါ၊ ကိုကိုထွေးကို ကျွန်တော် နှင်မချဘူး၊ ကိုကိုထွေး ကျွန်တော့်ကို သက်သက်အထင်လွဲတာ"

"ငါ အားလုံးကြားပြီးပါပြီ ဒေါ်သကုမ္မာရဲ့၊ နင် မုန့်လာဥလုပ်လို့ ရမတဲ့ လား၊ ငါ့မြေးကို မိမစစ်ဖမစစ်ပြောတာ နင်၊ အိမ်ပေါ်ကနှင်ချတာ နင်၊ ခိုင်ခိုင်နဲ့ ငါ့မြေးကို မတူဘူး မတန်ဘူးပြောတာလည်း နင်ပဲ"

ဖွားဖွားက ကိုမောင်မောင်ကြီးကိုချည်း ဖိဆူနေသောအခါ ကိုမောင်

မောင်ကြီးမှာ နေစရာမရှိတော့။

နိုင်မေထွေးကတော့ ဝမ်းနည်း၍ တရှုံ့ရှုံ့ငိုနေ၏။ အဖေ၊ အမေနှင့် ကိုမောင်မောင်လေးတို့၏ မျက်နှာမှာ မသိစာမျှေးခိုစာ၍ အေးစက်ညှိုးငယ်နေကြသည်။ နုထိ မည်သို့ ဝင်ပြောကြရမှန်း မသိကြတော့။

"ဒါဒါထင်တာတွေ တစ်ခုမှမဟုတ်ဘူး၊ မေထွေးကို ဒါဒါတို့ နိုးရိမ်သလို ကျွန်တော်လည်း နိုးရိမ်လို့ပြောတာ၊ ဒါကိုပဲ ကိုကိုထွေးက အထင်လွဲတယ်၊ ဒါဒါကလည်း ကျွန်တော်ကို အထင်လွဲတယ်။ ကိုကိုထွေးကို ကျွန်တော် ဘယ်တုန်းကမှ မတရားလုပ်ဖူးလို့လဲ၊ ဒါကိုပဲ ကျွန်တော့်အပြစ်ပုံချကြတယ်၊ သူတို့ကို ချစ်လို့ပြောမှန်း မုန်းလို့ပြောမှန်းမသိဘူး၊ မေထွေးလည်း ဒီအတိုင်းပဲ"

ပြောရင်းပြောရင်း ကိုမောင်မောင်ကြီးမှ ငိုရှိုက်သံပါလာ၏။

ကိုမောင်မောင်ထွေး ယခုလို အိမ်ကထွက်ပြေးသွားသည်ကို သူသည် တကယ်ပင် ဝမ်းနည်းနေသည်။ ကိုကိုထွေးနှင့် ညီမလေးတို့အပေါ်တွင် သူ မည်မျှသံယောဇဉ်ရှိသည်ကို မည်သူမျှမသိပါကလား။ ကရုဏာသံပါသနှင့် ပြောမိသောစကားကို ကိုမောင်မောင်ထွေးသည်အတည်ယူ၍ သူ့အသံ၊ ဖွားဖွားကလည်း နိုင်မေထွေးအသံ၊ တစ်အိမ်သားလုံးအသံတွေကို ခွဲသွားလေပြီ။

"စုမ ငါ့ကို မျက်ရည်သယ်မပြနဲ့၊ နင်ရိုးရိမ်တာက ဘာကိုရိုးရိမ်တာလဲ"

"ပိုးအကောင်တွေနဲ့"

"ဘာကောင်တွေနဲ့လဲ"

"ပဋ္ဌာက ကုလားကျွန်တွေနဲ့ ဘာချမ်းတို့နဲ့"

"နင် ဒီလောက်ဖြစ်ရအောင် နိုင်နိုင်ကကော"

"ဒါဒါ ဘာသိလို့လဲ၊ သကြံန်တုန်းက မေထွေး ဒီကောင်တွေနဲ့ ရောကစားလိုက်တယ်၊ တမင် ချိန်းပြီးသွားတာ"

ကိုမောင်မောင်ကြီး၏ မကျေနပ်ချက်မှာ ချက်ချင်းပွင့်အန်၍လာသည်။

နိုင်မေထွေးသည် ငိုထားသောမျက်ရည်ကြားက အားလုံးကို မော့ကြည့်လိုက်သည်။ ပေါက်ထွက်မတတ်ပေါ်သနှင့် အိမ်ရှိလူတွေအားလုံး၏ မျက်လုံးများသည် နိုင်မေထွေးဆီသို့ စုပုံရောက်နေကြပါလေပြီ။ သူတို့၏ အကြည့်အရှုများသည် ချက်ချင်း နိုင်မေထွေးအား မှုန်မှုန်ညက်ညက် ခြေပါသပ်တော့မည်မတတ်ပင်။

"ကိုကိုကြီး သူများကို မတရားမပြောနဲ့၊ သူများလည်း မဟုတ်ပဲနဲ့"

"ဘာ မဟုတ်တာလဲ"

"ယော့ – ကိုရွှေအိပ်တို့ဘာလဲ၊ လာဗျို"

မြစ်ကမ်းရွာက ဦးရွှေအိပ်နှင့် ကိုတာရျမ်းတို့သည် မိုးရွာကြီးထဲ ကမန်းကတန်း အိမ်ပေါ်ပြေးဝင်လာကြသည်။ မိုးက တစိမ့်စိမ့်ရွာနေသဖြင့် အိမ်ထဲတွင်

ပြဿနာဖြစ်နေကြသည်ကို သူတို့က ကြားသွားပုံမရပေ။ အိမ်ထဲရောက်မှ အားတုံ့အားနာဖြစ်သွားကြသည်။ သို့သော် ဦးမြတ်သာဓကတော့ ဣန္ဒြေမပျက် လောကဝတ်ပြုလိုက်၏။ ကိုတာချမ်းကို မြင်သောအခါ အားလုံးတို့၏ မျက်နှာမှာ တင်းမာသွားကြပြန်သည်။

"ဘာကိစ္စလဲ ကိုရွှေအိပ်"

"ဒီကောင့်အစ်ကို လှချမ်းလေ၊ သူ့ပုန်ထမယ်ဆိုပြီး တောပိုင်းထွက်ပြေးသွားလို့၊ အဲဒါ ကိုမြတ်သာဓတို့အိမ်ကလည်း ကလေးတစ်ယောက်ပါသွားတယ် ပြောတယ်"

"အေးဗျာ ဟုတ်တယ် မောင်မောင်ထွေးလေး သိပ်ဒုက္ခပေးတဲ့ ကလေး၊ ကျွန်တော်တို့လည်း ခုမှပဲ အဲဒီကိစ္စသိလို့ ခေါင်းမီးတောက်နေကြတယ်"

ဦးရွှေအိပ်ကို ဦးမြတ်သာဓက ခေါင်းကုတ်၍ ပြောလိုက်၏။

ဦးရွှေအိပ်မှာ ကိုတာချမ်း ကိုလှချမ်းတို့ ကျောင်းနေသောအိမ်ကဖြစ်သည်။ သူတို့နှင့်ဆွေမျိုးမကင်းသော ပဉ္စက ကစ္စပနဒီမြို့မှာ လာနေသူဖြစ်သည်။

ခုထိ စကားတစ်ခွန်းမှမပြောဘဲ ခိုင်မေထွေး၏ မျက်နှာကို ကြည့်လိုက်၊ ကိုမောင်မောင်ကြီး၊ ကိုမောင်မောင်လေး၊ ဒေါ်နန်းဖုံး၊ ဒေါ်ဝေဝေခိုင်၊ ဦးမြတ်သာဓတို့၏ မျက်နှာ ကြည့်လိုက်နှင့် ကိုတာချမ်းမှာ စိတ်ယောက်ယက်ခတ်နေသည်။

"အမယ်လေး ဘုရား .... ဘုရား၊ သူတို့ သူပုန်လုပ်ဖို့ ပြေးသွားကြတယ် ဟုတ်လား"

"ကျွန်တော်တို့တော့ ဒီလိုပဲ ကြားပါတယ်ဒေါ်ဒေါ်၊ လှည်းဆိပ်က လူတွေ သူတို့ကို ဒီမနက်မှာပဲ တွေ့လိုက်တယ်တဲ့၊ အနောက်ပိုင်းက ကောင်လေး နှစ်ကောင်လည်း ပါသေးတယ်ပြောတယ်၊ သူတို့ကျောင်းသားကြီးတွေ တောခိုဖို့ တိုင်ပင်နေကြတာကြာပြီတဲ့။ ဟိုကလောကလည်း မြို့မရုပ်က ကျောင်းသားလေး ခြောက်ယောက် တောခိုသွားကြတယ်မှတ်လား"

ဦးရွှေအိပ် ပြောသည်မှာ အမှန်ပင်ဖြစ်သည်။ ခုတလော မြို့က ကျောင်းသားလေးများသည် ဆရာမိဘတွေနှင့် နည်းနည်းအဆင်မပြေလျှင် တောထဲ ထွက်ပြေးနေကြသည်။ ယခု ကိုမောင်မောင်ထွေး၊ ကိုလှချမ်းတို့မှာလည်း ထိုနည်းလည်းကောင်းပင်တည်း။

"သူတို့ ဘယ်ဘက်က ပြေးတယ်ထင်လဲ ကိုရွှေအိပ်"

"ဘယ်ဘက်က ပြေးရမလဲဗျာ၊ ကျွန်တော့်မြင်းလှည်းပါ လှချမ်းက ယူသွားတော့ မြောင်းဘွယ်လမ်းမကြီးအတိုင်း ပြေးမှာပေါ့၊ ရထားဆိပ်မှာ တွေ့လိုက်တဲ့လူတွေလည်းရှိတယ်၊ ကျွန်တော် စုံစမ်းခဲ့ပြီ"

"အဲဒါ ဘယ်လိုလုပ်ကြရင်ကောင်းမလဲ မောင်ရွှေအိပ်ရယ်"

ဒေါ်နန်းဖုံးသည် ပိုးပိုးပေါက်ပေါက်ကျလာသောမျက်ရည်ကို သုတ်

လိုက်ရင်း ဦးရွှေအိပ်ကိုမေး၏။

"ကျွန်တော့်သဘောကတော့ ဒီကလေးတွေ နောက်ကို အချိန်မှီ လိုက်နိုင်ကြရင်တော့ ခင်းတို့ကို လေးမြို့ပဥ္စလောက်မှာ မှီနိုင်တယ်ထင်တာပဲ ခေါ်ခေါ်ရယ်၊ ဒီကိစ္စက တိုးတိုးတိတ်တိတ်လိုက်ကြမှ၊ မြို့ကသက်ဆိုင်ရာတွေသိရင် ပြဿနာက သေးမှာမဟုတ်ဘူး၊ အဲဒါ ခုလိုက်သွားကြရင်ကောင်းမယ်၊ သူတို့တွေကိုတွေ့ရင် ကိုယ့်ကလေးတွေပဲ တိုးတိုးတိတ်တိတ် ပြန်ခေါ်လာလို့ရပါတယ်၊ ကိုမြတ်သာစံက ဘယ်လိုသဘောရလဲ"

"ကျွန်တော်နဲ့ခင်ဗျား လိုက်သွားလို့ ကောင်းပါ့မလား"

"ဟာ ကျွန်တော်တို့ လိုက်သွားလို့တော့ ဘယ်ဖြစ်ပါ့မလဲဗျ၊ ကလေးတွေကိုမတွေ့ဘဲ ဟိုကောင်တွေနဲ့ တန်းတွေ့နေရင်မကောင်းဘူး"

ဦးရွှေအိပ်မှာ သူပုန်သကန်တွေနှင့် မတည့်ကြ၍ ပဥ္စက ပြောင်းလာနေသူဖြစ်သလို ဦးမြတ်သာစံမှာလည်း သူ့အကြောင်းနဲ့သူမို့ လေးမြို့ပဥ္စတက်ကိုတော့ မသွားရဲပေ။

"ဒီလိုဆို ဘယ်လူတွေကို လိုက်ခိုင်းရင်ကောင်းမလဲ ကိုရွှေအိပ်"

"ဒီလိုလေဗျာ ကျွန်တော်ပြောတာက ဒီကောင်နဲ့ ဒီက ခင်ဗျားတို့ကလေးကို ချော့မော့ခေါ်ရင်ရမဲ့သူတစ်ယောက်နှစ်ယောက်ပေါ့၊ ခေါ်ခေါ်နဲ့ မောင်မောင်ကြီးပဲဖြစ်ဖြစ်၊ ဒေဒေနိုင်နဲ့ မောင်မောင်လေးပဲဖြစ်ဖြစ်ပေါ့၊ အိမ်မှာ ညဖော်ရှိတဲ့လူဆို ပိုမကောင်းဘူးလား၊ ကိုမြတ်သာစံတို့ ခေါ်ခေါ်တို့လည်း စဉ်းစားကြလေ၊ ကျွန်တော့်အိမ်က အကောင်အတွက်တော့ သူ့ညီအရင်းပဲ"

ကိုရွှေအိပ်က ကိုဘချွမ်းကို မေးငေါ့ပြီးပြောသည်။

"မောင်ရွှေအိပ်ပြောတာဟုတ်တယ် ခေါ်ခေါ်လည်း သဘောပေါက်ပါတယ်၊ ကဲ — အချိန်ဆွဲနေလို့ မဖြစ်ဘူး၊ ငါရယ် နိုင်နိုင်ရယ်၊ မောင်မောင်ကြီးရယ် လိုက်သွားမယ် မြတ်သာ"

ခေါ်နန်းစံဦး၏သဘောမှာ ကိုမောင်မောင်တွေး အိမ်ကထွက်သွားသည့်ကိစ္စမှာ မောင်မောင်ကြီး၊ နိုင်မေတွေးတို့နှင့်လည်း ပတ်သက်နေသဖြင့် အကယ်၍ မောင်မောင်တွေးကိုတွေ့လျှင် ကိုမောင်မောင်ကြီးနှင့် နိုင်မေတွေးတို့ကိုပါ ပိုင်းဝန်းတောင်းပန်ပြောနိုင်ပြီး ချက်ချင်းပြန်ခေါ်လာမည်။ ပြီးတော့ မောင်ဘချွန်နှင့် နိုင်မေတွေးကိစ္စကိုလည်း သူက သင့်တော်သလို မျက်နှာစုံညီ ဖြေရှင်းလာခဲ့ရမည် မဟုတ်ပါလား။

× × × × × × × × × × ×

## အခန်း (၁၈)

မိုးသည် ဤနေ့မှ အပြီးကြီးစွာ ရွာနေသလားထင်ရသည်။ ကစ္ဆပနဒီနှင့်လေးမြို့ ပဥ္စာသွားလမ်းမတွင် မိုးရည်တို့သည်လျှံဖိတ်နေလေသည်။ ရှေ့ ကိုက်တစ်ရာကျော်လောက်မြင်ကွင်းသည်ပင် ထင်ထင်ရှားရှားမရှိလှ။ မိုးကြောင့် ရှစ်ရပ်တိုင်းသည် မှုန်မှိုင်းဝါးဝါးနေလေသည်။

ကိုမောင်မောင်ကြီးက နှင့်တန်တို့လိုက်တိုင်း မြင်းညိုကြီးသည် လှလေးယောက်ပါသောရထားကို မိုးထဲလေထဲတွင် အားကုန်ဆွဲပြေးနေသည်။ သို့သော် လေဆန်ဖြစ်သဖြင့် ခါတိုင်းလို ရထားက မလျှင်မြန်နိုင်။

ခိုင်မေထွေးနှင့်ဖွားဖွား၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်တို့သည် ပြည့်လျှံနေကြသည်။ ကိုတချမ်း၏မျက်နှာကလည်း မညှိုးစဖူး ညှိုးနွမ်းနေ၏။ ကိုမောင်မောင်ကြီးလည်း မျက်နှာမကောင်း သူ့ကြောင့် ညီထွေး ထွက်ပြေးသွားသည်မဟုတ်ပါလား။

"ကိုကိုထွေး သိပ်မိုက်တာပဲ၊ တကယ်ဆို မေထွေးကို သူပြောပါလား၊ မေထွေးကတော့ သူ့ကိုချစ်လိုက်ရတာ ဒါကို သူကမသိဘူး၊ သက်သက်ကိုတချမ်းနဲ့ အထင်လွဲတယ်။ သူတို့ကလည်း သူတို့ပဲ သူများကို မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ သူများကို ချစ်တယ် ကြိုက်တယ်ပြောတာပဲ သူများကလည်း သူ့ကိုမကြိုက်ဘဲနဲ့ ခုတော့ ကိုကိုထွေးပါ သူများကို အထင်လွဲလို့ အိမ်ကထွက်ပြေးသွားပြီ။ ကိုကိုထွေး အိမ်ကထွက်ပြေးသွားတာ ကိုကိုကြီးကြောင့်မဟုတ်ဘူး သူ့ကြောင့် သူ့ကြောင့်"

ခိုင်မေထွေးစိတ်ထဲ တစ်လမ်းလုံး ကိုတချမ်းကို စိတ်ဆိုးလာသည်။ ထို့ကြောင့် ကိုတချမ်း၏မျက်နှာကိုပင် မကြည့်မိ။ စကားလည်း တစ်ခွန်းမှမပြောမိ။ ကိုကိုကြီးနှင့်ဖွားဖွားတို့လည်း လှည်းပေါ်အတူပါလာကြသဖြင့် ပြော၍ မဖြစ်ပြန်။ အကယ်၍ ဖွားဖွားနှင့် ကိုကိုကြီးသာ ပါမလာလျှင်တော့ ကိုကိုထွေးစိတ်နှင့် သူ့ကိုရန်တွေ့လိုက်မည့်အဖြစ်။ ခုတော့ စိတ်ထဲကပဲ သူ့ကို ရန်တွေ့နေရလေသည်။

သည်လိုနှင့် မြင်းလှည်းသည် လေးမြို့နားရောက်လာသည်။ သို့သော် မိုးကား မစဲသေး။ လေကလည်း ပို၍ပင် ထန်လာသည်ထင်ရသည်။ အချိန်မှာလည်း နေမွန်းတိမ်းစပင်ရှိလေမည်။ နေဆို၍ကား ဤနေ့တွင် လုံးဝမြင်ရအုံတော့

မထောင်။

လေးဖြို့လမ်းမကြီးအဝင် ထမင်းဆိုင်တစ်ဆိုင်နားအရောက်မှာ ကိုမောင်မောင်ကြီးက မြင်းရထားကို ရပ်လိုက်သည်။

"ဒါဒါ ဟိုမှာ ထမင်းစားကြတော့မလား၊ တစ်နာရီတောင်ကျော်ပြီ"

"နှင့်မှာလည်း ထမင်းစားဖို့ အရေးကြီးနေတာ၊ ငါ့မြေးတွေအကြောင်း မေးကြည့်ရအောင်"

မွှားမွှားအမိန့်အတိုင်းပင် ကိုမောင်မောင်ကြီးက မြင်းရထား ရပ်လိုက်သည်။

"မနက်က မြင်းလှည်းနဲ့ ကလေးသုံးယောက် ဒီကသွားကြတာ မတွေ့မိဘူးလားကွယ်"

"တွေ့ပါတယ် ဒေါ်ဒေါ် ကျွန်တော့်ဆိုင်ကပဲ ထမင်းစားသွားကြတယ်"

မွှားမွှားကိုသိနေသူ ထမင်းဆိုင်ပိုင်ရှင် ဦးမောင်ထွန်းက လေးလေးစားစားပင်ပြော၏။

"ဟုတ်ပါပြီ ငါ့မြေးပဲ သူတို့ဘယ်သွားကြမယ် ပြောသွားကြသေးလဲကွယ်"

"အဲဒါတော့ ကျွန်တော်လည်း မမေးလိုက်မိဘူးခင်ဗျား၊ သွားတာကတော့ ပဒ္ဒသာကို ထွက်သွားကြတာပဲ"

"ကဲ ဒေါ်ဒေါ်တို့ သွားလိုက်ပါအုံးမယ်၊ ကျေးဇူးတင်ပါတယ်နော်"

ကိုကိုတွေးစိတ်နှင့် မွှားမွှားမှာ ခေါင်းမီးတောက်နေ၏။ ထမင်းမှန်းဟင်းမှန်းမသိ၊ အပူမှန်း အအေးမှန်းမသိ။ ယခင်က ထမင်းဆိုင်ထဲ မဝင်ဖူးသော်လည်း ယခုတော့ ထမင်းဆိုင်အခုံလည်း ရောက်ခဲ့ပြီ။ မြေးစိတ်နှင့် မွှားမွှားသည် ဆောက်တည်ရာမရဖြစ်နေလေသည်။

အမှန်ကတော့ မွှားမွှားသည်သာမဟုတ် မိုင်မေတွေးမှာလည်း ခေါင်းမီးတောက်နေသည်ပင်။ ထို့ကြောင့် ဗိုက်ထဲက တကျွတ်ကျွတ်မြည်လာသော်လည်း အိမ်ကအမေ ဖြစ်သလိုထည့်ပေးလိုက်သော ငှက်ပျောသီးနှင့်ရွှေကြည်ဆနွင်းမကင်းခြင်းကိုပင် ရှေ့တည့်တည့်တွင် မြောင်ကြည့်ပြီး စားရကောင်းမှန်း မသိဖြစ်နေသည်။

သည်လိုနှင့် မြင်းရထားသည် လေးဖြို့ကို လွန်လာသည်။ လေးဖြို့လွန်လာသည်နှင့် သစ်ပင်တောဆိုင်များ အကာအကွယ်ဆို၍လည်း ဘာမှမရှိတော့ပြီဖြစ်ရာ လေမှာပို၍တန်လာသည်။ မိုးကလည်း ပို၍သည်းလာ၏။ ရှေ့သို့မျှော်ကြည့်လိုက်လျှင် ဘဲငါးရာလယ်ကွင်းကြီးကား မှိုင်းရှုပ်နေလေသည်။ ပဒ္ဒာနှင့်လေးဖြို့ကြားတွင် ဘဲငါးရာလယ်ကွင်းပြင်ကြီးသည် စပါးတင်း သိန်းချီ၍ထွက်သော လယ်ကွင်းကြီးပင်တည်း။

"မေတွေး ငါ့ကို မုန့်ပေးစမ်း ဗိုက်ဆာလှပြီ"

လှည်းမောင်းနေသော ကိုကိုကြီးက ရှေ့ကနေလှမ်းတောင်းမှ ခြင်းထဲ

က အစားအစာကို ခိုင်မေထွေး သတိရမိသည်။

"ဒါဒါ ဆာနေလိမ့်မယ် ရော့ တစ်ခုခုစားအုံး"

ခိုင်မေထွေးသည် ကိုမောင်မောင်ကြီးအား ငှက်ပျောသီးနှင့် ရွှေကြည်ဆနွင်းမကင်းသုံးလေးခုကို လှမ်းပေးရင်း ခြင်းကို ဖွားဖွားရှေ့ ထိုးပေးလိုက်၏။ ခိုင်မေထွေးသည် ရွှေကြည်တစ်ခု ကောက်စားသည်။ ကိုတာချမ်းကိုတော့ လောက ဝတ်ပင် ပေးရကောင်းမှန်းမသိ။ ကိုတာချမ်းကလည်း တုတ်တုတ်မျှပင်မလှုပ်။ မျက်လွှာချ၍ ညှိုးညှိုးငယ်ငယ်နှင့်သာ တစ်လမ်းလုံး တိတ်တိတ်ဆိတ်ဆိတ် လိုက်ပါလာသည်။ နဂိုကပင် ခိုင်မေထွေးတို့အသိုင်းအဝိုင်းကို ခပ်ရွံ့ရွံ့ဖြစ်နေလေရာ သူခမျာ မည်သည့် စကားမှမမေးပဲ မပြောရဲ မဖြေရဲရှာပေ။ လှည်းနံရံကို တစ်စောင်းမှီပြီး မျက်လုံးက ရှေ့သို့သာ ဂရုစိုက်ကြည့်လာသည်။

"ဟိုသူငယ်လေးလည်း ဆာရောပေါ့ ခိုင်ခိုင် ပေးလိုက်လေ"

ဖွားဖွားသည် ရွှေကြည်တစ်ခုကို တို့ကနန်း ဆိတ်ကနန်း ကောက်စားရင်း ကိုတာချမ်းကိုလည်း ကျွေးပါဟုဆိုသည်။

ခိုင်မေထွေးသည် ကိုတာချမ်းကို ပါးစပ်ကမပြောဘဲ ရွှေကြည်ဆနွင်းမကင်းထည့်လာသောခြင်းကို တွန်းပေးလိုက်၏။

ကိုတာချမ်းက ခိုင်မေထွေးဘက် လှည့်ကြည့်သည်။ ချက်ချင်း ကောက်မစားရဲသေး"

"ဆာရင် စားလေ"

"ဆာရောပေါ့ နှစ်နာရီတောင်ကျော်ပါပကော၊ ဟဲ့ ဗုဒ္ဓေါ"

ခိုင်မေထွေးနှင့် ဖွားဖွား၏ စကားပင်မဆုံးလိုက်ရ လယ်ကွင်းပြင်ကြီးထဲက လေပြင်းတစ်ချက်သည် လှည်းကိုဝင်တိုးသဖြင့် လှည်းက ယိုင်သွားသည်။ ထိုအခါ ခြင်းလဲကျ၍ ရွှေကြည်ဆနွင်းမကင်းတစ်ခုနှစ်ခုပင် ခြင်းထဲက မြင်းလှည်းအခင်းကော်ဇောပေါ် ကျသွားလေသည်။

"မောင်မောင်ကြီး ရှေ့မှာ လှည်းလေးဘာလေး မမြင်မိဘူးလား၊ ခုန လေးတင်ပဲ ထွက်သွားတယ်လို့ ဟိုက ပြောလိုက်ကြတာပဲ"

ဖွားဖွားသည် သူ၏ မှုံမွဲနေသောမျက်လုံးနှင့် ရှေ့သို့စိုက်ကြည့်ကာမေး၏။ သူ့စိတ်မှာ ကိုမောင်မောင်ထွေးတို့မြင်းလှည်းကို ပဥ္စမရောက်ခင် ဤလယ်ကွင်းပြင်ကြီးထဲ၌ပင် ရှိလိမ့်မည်ဟု ထင်နေပုံရသည်။

"မမြင်ပါဘူး ဒါဒါရယ်၊ မိုးကသိပ်သည်းလာတော့ ကိုထွေးတို့ မြင်းလှည်းနဲ့ နီးတယ်ပဲထားဦး တော်တော်နဲ့ ဘယ်မြင်မလဲ"

ကိုမောင်မောင်ကြီးမှာ လှည်းမောင်းမပျက် ပြန်ဖြေ၏။ ကွင်းပြင်ကြီးကလည်းမဆုံးနိုင်။ မိုးကလည်း မစဲနိုင်။ လေပြင်းကလည်း လှည်းလမ်းမပေါ် ရောက် လေ ထန်လာလေနှင့် လှည်းပေါ်ရှိအကုန်သူတို့မှာ ယိမ်းယိမ်းယိုင်ယိုင်

ဖြစ်လာကြသည်။ ချမ်း၍ ခိုက်ခိုက်တုန်လာကြသည်။

"ယောဟိုမှာ လှည်းတစ်စီးမဟုတ်ဖူးလား ကိုမောင်မောင်ကြီး"

ဖွားဖွား၏ စကားကို ဂရုတစိုက် သူ့ရှေ့ဆက်နားထောင်ကာ ရှေ့သို့သာ အစဉ်တစိုက်ကြည့်လာသော ကိုတာချမ်းက ရှေ့တွင်လှည်း တစ်စီးမြင်ရသည်ဆိုသည်နှင့် အားလုံးတို့၏ မျက်နှာမှာ ရွှင်ပြည်းဝင်းထိန်သွားကြသည်။ မျက်လုံးတွေကလည်း မြေရှုံးပေါက်တွေကို ဖွင့်ထောက်၍ ရှုကြည့်ကြသည်။

"ဟုတ်တယ် ဒါဒါ ရှေ့မှာလှည်းတစ်စီး ကိုကိုတွေးတို့ပဲဖြစ်ရမယ်"

ရှေ့ကထိုင်၍ လှည်းမောင်းနေသူ ကိုမောင်မောင်ကြီးက ကိုတာချမ်း၏ စကားကို ထောက်ခံလိုက်သည်။ မှန်ပါသည်။ အရှေ့မှာ လှည်းတစ်စီးကို အကုန်သူ မြင်ကြရပြီ။ နိုင်မေတွေးရော ဖွားဖွားပါ ဝမ်းသာအားရနှင့် ရင်ထဲက တဒိတ်ဒိတ် အခုန်မြန်လာကြသည်။

မကြာခင်ပင် ရှေ့ကလာနေသော လှည်းတစ်စီးနှင့် ဆုံမိကြ၏။ ကိုမောင်မောင်တွေးတို့မြင်းလှည်းကား မဟုတ်ပေ။ ဤမြင်းလှည်းမှာ ပဠာက လာသောမြင်းလှည်းသာဖြစ်သည်။

"ဖိုး လှည်းဆရာကြီး လမ်းမှာ ကောင်လေးသုံးလေးယောက်နဲ့ လှည်း တစ်စီး မတွေ့မိဘူးလားဗျ"

"တွေ့ခဲ့ပါဗျ ကောင်ဆိုးလေးတွေ ပဠာဘက်ကိုသွားတယ်၊ ဟိုအဲဒီဘက်က လေသိပ်ပြင်းနေတယ်၊ ပြောတာတောင် နားမထောင်ဘဲ သွားကြလေရဲ့၊ လမ်းမှာ မုန်းတိုင်းမိလို့ သေကြမယ့်ကောင်တွေ"

လှည်းသမားက ဤမျှသာပြောပြီး မိုးထဲလေထဲတွင် လေချို့ဘက် ဆက်မောင်းသွားသည်။

"ဒါဒါ ကျွန်တော်တို့ ဆက်သွားလို့ တော်ပါ့မလား၊ အဲဒီဘက် လေ သိပ်ပြင်းနေတယ်တဲ့"

"ဟဲ့ မောင်မောင် တစ်နေ့လုံး လေပြင်းတိုက်နေတာပဲ ဘာမှ နိုးရိမ်စရာ မရှိပါဘူး၊ မောင်းသာမောင်း"

ကိုမောင်မောင်တွေး စိတ်ပျက်သော ဖွားဖွားက မောင်းသာမောင်းဟု ပြော၏။ ဖွားဖွားအနေမှာ သူ့မြေးကိုတွေ့ရ၍ လက်တစ်ကမ်းသော လိုတော့သဖြင့် အလျှော့မပေးနိုင်တော့ပေ။ လေမည်မျှပြင်းပြင်း ဖွားဖွား၏ ရင်ထဲက တိုက်ခတ် နေသောမုန်တိုင်းလောက်တော့ ဤမိုးနေ့မှာ စည်သည့်မုန်တိုင်းကမှ ပြင်းထန်နိုင် မည်မဟုတ်ပါချေ။

သည်လိုနှင့် ဘဲငါးရာလယ်ကွင်းကြီး၏ သုံးပုံနှစ်ပုံခရီးကိုပင် လှည်းက ဖြတ်ကျော်လာလေပြီ။ မိုးထဲလေထဲတွင် ပဠာအဝင်ဝမှာ ယခင်က သူ့ဖွေးချင်းတိုး ၏တိုက် ယခု ကိုတာချမ်းတို့နေသောတိုက်ကိုပင် ဝိုးတဝါးမြင်နေရပြီဖြစ်သည်။

မည်သို့ဆိုစေ ပဥ္စာမှာတော့ ကိုမောင်မောင်ထွေးတို့ကို မုချတွေ့ရလိမ့်မည်ဟု အားလုံးက ထင်လာကြသည်။

ဤမှာတင် မမျှော်လင့်သော လေရဟတ်တစ်လုံးသည် မြင်းရထားကို ဖြတ်တိုက်သဖြင့် မြင်းလှည်းတိမ်းမှောက်ကာ လူတွေအားလုံး လှည်းပေါ်က ထွက်ကျကုန်သည်။ မြင်းညိုကြီးကလန့်ဖျတ်ပြီး ခုန်ပေါက်လိုက်သောအခါ လှည်းဘီးတစ်ဖက်သည် ဖွားဖွား၏ခါးကို ဖြတ်နင်းသွားသည်။ လှည်းနင်းခံရပြီး ဒလိမ့်ခေါက်ကွေး လိမ့်ကျသွား၏။

"ကိုကိုကြီး ဒါဒါ့ကိုကြည့်ပါအုံး ဒါဒါ့ကိုကြည့်ပါအုံး လုပ်ကြပါအုံး"

ခိုင်မေထွေးသည် လဲကျနေရာက ကမန်းကတန်းအော်ရင်းထကာ ဖွားဖွားကို ပြေးဖက်ထူသည်။ ဖွားဖွားသည် ရေအိုင်ထဲတွင်မှောက်လျှက် သတိမေ့နေ၏။

"ကိုကိုကြီး ဒါဒါ့ကိုလုပ်ပါအုံး ဒါဒါ သတိမရတော့ဘူး"

"ဟဲ့ကောင် ဘချမ်း လှည်းကို ကိုင်ထိန်းထားပါကွ"

တဗိုဗိုအော်မြည်တိုက်ခတ်နေသော လေပြင်းထဲတွင် မြင်းကလန့်ပြီး ထွက်ပြေးမှာစိုးသဖြင့် ကိုမောင်မောင်ကြီးက ကိုဘချမ်းကို ထပ်အော်ပြောလိုက်၏။

"ဒါဒါ ဒါဒါ"

ကိုမောင်မောင်ကြီးသည် သူ့အဖွားအား ရေအိုင်ထဲကပွေ့မပြီး တဆတ်ဆတ်လှုပ်ရမ်းကာ ခေါ်ကြည့်သော်လည်း ဒေါ်နန်းဖဲဦးကမူလုံးဝသတိမရတော့ပေ။

ကိုမောင်မောင်ကြီးသည် သူ့အဖွားအား သွေးရူးသွေးတန်းနှင့် ပွေ့မထမ်းကာ လှည်းပေါ်ပြန်တင်သည်။ ခိုင်မေထွေးကလည်း ဖေးကူမပေးရ၏။ လှည်းပေါ်ရောက်တော့လည်း ဒေါ်နန်းဖဲဦးကား သတိမရသေး။ ချမ်းလွန်း၍ နှုတ်ခမ်းတွေပြာကာ မေးပင် တဂတ်ဂတ်ရိုက်လာသည်။

"ကိုကိုကြီး ဘယ့်နှယ်လုပ်ကြမလဲ ဒါဒါ သတိမရတော့ဘူး"

နှမသယ်က သူ့အဖွားကို ဖက်ငိုလိုက်သောအခါ ကိုမောင်မောင်ကြီးမှာလည်း အကြံအိုက်သွားလေသည်။

"လေးမြို့ ပြန်ကြရမည်ထင်တယ်"

လောလောဆယ်မှာမူ ကိုမောင်မောင်ထွေးအကြောင်းကိုလည်း အားလုံးမေ့သွားကြလေသည်။

"ဒီလောက် လေပြင်းကျနေတာ လေးမြို့ကိုပြန်လို့ဘယ်ဖြစ်ပါ့မလဲ ကိုမောင်မောင်ကြီး။ လေးမြို့ထိ ဖွားဖွားကို ယူသွားလို့ကောင်းပါ့မလား၊ ဟိုရှေ့က မြင်တဲ့တိုက်ဟာ ကျွန်တော်တို့တိုက်ပဲ၊ အဲဒီကိုပဲ သွားကြမယ်၊ ဖွားဖွားက အရေးကြီးပါတယ်"

ကိုတာရှမ်း၏ စကားကို ထိုအချိန်မှာ မည်သူမျှ မငြင်းနိုင်ပေ။ သည့်လို နည်းဖြင့် အနီးဆုံးဖြစ်သော ဘဲငါးရေလယ်ကွင်းအစက ကိုတာရှမ်းတို့တိုက်ထဲ ရောက်လာကြသည်။

ကိုတာရှမ်းက သူ့အမေအား အကြောင်းစုံမြွက်ပြလိုက်သောအခါတွင် သူ့အမေ ဒေါ်ခင်မြမှုလည်း ဆောက်တည်ရာမရဖြစ်သွားလေသည်။

"ဖြစ်မှဖြစ်ရတော့မယ် ကလေးတို့အမေကလည်း မိန်းမနက်မှ နန်းကျ ပန်းတော်ကို သွားနေတယ် ရှာကွယ်ပါဗဲ"

ဒေါ်ခင်မြမှု၏ ခုကွက်ကလည်း မဆေးလေ။ သမီးကြီး လှတော်ဦးသည် ကြံ့ခိုင်မှုဉာဏ်ကမှ လှုပ်ယက်သလောက်စကားနှင့် လိုက်ချေကြသွား၏။ အမေလှုပ်ပြီး သမီး လှင်းမောက်လိုက်ခြင်းကာမသိမှုကောင်းလောဟု စင်မှုန်းသည်က သူ့ကို ချုပ်ကိုင်မှုကိုပြီး မနက်ကမင်း သမီးစုံစမ်းရန် ထွက်သွားလေသည်။ ဖြစ်လာ၏ အကြောင်းကြောင်းကိုသိမှုင် သူ့ကိုယ်သူ သတိလေးလေးမှုဖြင့် နိုးရာ၏။ သို့သော် ဖုနေအခါမှာ ဤသည်တို့ကို စတွေးတော့ပြီး ကိုတာရှမ်းတို့အမေ ဒေါ်ခင် မြမှုသည် ဒေါ်နန်းစိုး၏ ရေနံဆေတက်တွေကို ဦးဆုံးလာလေသည်။ ပြီး ကိုတာရှမ်း ကို ရွာထဲလမ်းဆေးရာ သွားပင့်နိုင်းသည်။ ထိုအချိန်တွင် ဒေါ်နန်းစိုးအား မီး ကင်းကာ ပျော်ဆီ ထွေးသေးမန်းရှက် တရေးတကုန်းရှက်ပေါ့နှင့် တစ်ကိုယ်လုံး မွတ် လိမ်းပြီး မီးကင်းပေးထားကြသည်။

သို့သော် ဒေါ်နန်းစိုးကား လှုပ်လာပါမရှေသေး။ ယခင်၊ ဖေဖြ ဦးစောပင် တို့သာ အနည်းငယ်လှုပ်လာသလော်လည်း ဒါးအောက်ပြီးတော့ ပြောလှုပ်ရှား မလာတော့ပေ။ ကိုတာရှမ်းတို့အမေနှင့် နိုင်ငေရေး ကိုမောင်မောင်ကြီးတို့မှာ ဒေါ်နန်းစိုးအား ကိုတာရှမ်းနှင့် ရွာအားဆေးရာ မရောက်သာသည်အထိ တဆောက် ဆောက်နိုင်နေကြသည်။ ဆေးဆေးရာသည် ဒေါ်နန်းစိုးအား ဆေးတစ်ချက်တိုက် ကာ တစ်ကိုယ်လုံးကိုလည်း လိမ်းဆေးတွေလိမ်းပေးပြီး မီးကင်းစေသည်။

"ငါ့ မေသို့ သာတော်နဖြစ်ထဲကာလှမှာ သွားအကြောင်းကြောင်းလိုက် ဦးမယ် အမေတွေ နင့် ဒါဒါရှိနေနော်"

"ကိုမောင်မောင်ကြီး ထမင်းစားသွားအုံးဗျာ"

"အေး ဟုတ်တယ်ပဲကွယ်၊ ဒေကာလည်း မစိမ်းသေးပါလား ဒေါ်ဒေါ် တို့လည်း တစ်ပသမျှမှတ်သတွေ့တော့ မင်းအမွှာကို ဖြစ်နေတာပဲ၊ ထမင်းစား ပြီးမှသွားပါလား ကလေးရယ်"

မေသို့ကို သွားအကြောင်းကြားမည်ဟုပြောသော ကိုမောင်မောင်ကြီး အား ကိုတာရှမ်းတို့ဝေအမိက ထမင်းစားပြီးမှသွားရန် ပြောကြသည်။ အချိန်မှ လည်း ညနေငါးနာရီကျော်ပြီ မဟုတ်ပါလား။ မေသို့နှင့် ပတ္တာသည် မြစ်တည် နှင့် အနည်းဆုံး နှစ်နာရီကျော် သွားရသည်။

"သိပ်မိုးချုပ်နေမှာစိုးလို့ပါခင်ဗျာ၊ ကျွန်တော် ဟိုရောက်မှ စားပါတော့မယ်"

လေးမြို့ သာဘာဂီရခြံထဲကလူတွေ အကြောင်းကြားရန် ကိုမောင်မောင်ကြီး ထွက်သွားသောအခါတွင် ခိုင်မေထွေးမှာ ကိုတာချမ်းတို့ လယ်ကွင်းထဲကတိုက်ကြီးထဲတွင် အဖွားဒုက္ခသည်ကို စောင့်ကြည့်ရင်း မျက်စိသူငယ်နှင့် ကျန်နေခဲ့ရသည်။

× × × × × × × × × × ×

# အခန်း (၁၉)

အပြစ်အပျက်တို့သည် ဖြေမဆိုနိုင်လောက်အောင် မြန်ဆန်လွန်းသွားသည်။ မနေ့ညနေက ကန္တာရဒီတွင် ကိုအောင်အောင်တို့နှင့် ထမင်းအတူစားခဲ့ရသော ကိုတာချမ်းသည် ယနေ့ညနေမှာ ပျောက်သွားသည်။ ကိုတာချမ်းတို့မိသားစုမှာ ကိုတာချမ်းနှင့် အတူ ထမင်းစားနေရလေပြီ။ သို့သော် နိုင်ငံမေတ္တာသား ရွာသူရွာသားအတွက်နှင့် တစ်ဦးဦးဖြစ်နေရရှာလေရာ ထမင်းတစ်ပန်းကန်ပင် မကုန်ခဲ့ပေ။———
——— "သိပ်လည်း ပူမနေပါနဲ့သမီးရယ် ၊ ဖေဖေအဖေကတော့ အမေအပေါ်ကြီး မှာလိုက်ခဲ့ပြီ။ ခုတော့ ဘာမှ ဒီနေ့ရောက်ရှိမလားဘူး။ မနက်ကျရင် ဘက်သတင်းလေ မြောလာမယ်"

ကိုတာချမ်းတို့အမေက နိုင်ငံမေတ္တာနှင့် ဆော်နေ့နံ့ကြီးတို့ကို လှမ်းလာပေးရင်း မြေစွဲ အားပေးစကားပြောခဲ့၏။

သို့သော် နိုင်ငံမေတ္တာစိတ်ထဲမှာကား တစ်ကြောက်ကောင်းမှု မဖော်ရသေး။ လျှည်းဖျက်ပြီး ညနေစောင်းနာရီကျော်ပင် လုံးဝသတင်းမရသဲ့ အိပ်ရာထဲ ခုမှရှာနေသော ပူပန်သည့် ယနေ့ည ကိုးနာရီကျော်ပြီဖြစ်သော်လည်း ဘာမှထူးခြားမှုမရှိသေး။ အသေအကောင်ကြီးလို ပတ်လက်ကမ္ဘာရှားနေရှာသည်။

အခုမှ ညကိုးနာရီကျော်ပါပြီ။ သို့သော် မိုးက ပါးသေး။ လေက လည်း မငြိမ်သေး။ ပိုခြဲသာ သည်းလာ မိလာ၏။ လျှပ်စီးတွေက တဖျတ်ဖျတ် လက်ပြီး ပုန်းကနဲ ပိုင်ကနဲ ပစ်ချလိုက်သော မိုးကြိုးသံတွေက နိုင်ငံမေတ္တာ၏ အသဲနှလုံးတွေ ပူပန်ဆည်ကျောက် ကျောက်နေကြသလိုပင်။ ထိုအခါ ပျောက်နေသည့် ဖြေကြည့်မည်မသိသော ကိုအောင်အောင်တွေအတွက်နှင့် လေးပြီး ရွာသူသားတင်းပေးရန် ထွက်သွားသော ကိုအောင်အောင်ကြီးတို့အတွက် နိုင်ငံမေတ္တာမှာ ပူပန်ရ၏။ ကိုအောင်အောင်တို့ ပြန်ရောက်နိုင်ကြပါဦးမည်လား။ သည်အတွေးတွေကြောင့် နိုင်ငံမေတ္တာမှာ မနေနိုင်အောင် စိတ်ပျက်နေသည်။

"သမီး ပူအပူကြီး အိပ်မပျော်နေတာလည်း ဖြစ်နိုင်တယ်သမီးရယ်၊ ဒီလိုဖြစ်ရင် တစ်ခါတစ်ခါ သတင်းမရတဲ့ ပင်ပန်းပြီးအိပ်မပျော်တာက တစ်ကြောက်သည်း ဖြစ်ချင်ဖြစ်သွားတတ်တယ်။ သမီးလည်း ပင်ပန်းလာမယ် အိပ်ထုံး၊

ဒေါ်ဒေါ် နည်းနည်းလှဲလိုက်ဦးမယ်နော် .... အကြောင်းထူးရင်တော့ ဒေါ်ဒေါ့်ကို အော်ခေါ်လိုက် သမီးသူငယ်ချင်း မောင်ဘချမ်းလည်း ဟိုအခန်းထဲအိပ်တာပဲ အကြောင်းထူးရင်ခေါ်ပေါ့"

"ဟုတ်တယ် ခိုင်ခိုင်ရယ်၊ ခိုခိုင် ပင်ပန်းလာတယ် အိပ်အုံး၊ ကျွန်တော် တစ်လှည့်စောင့်ပေးပါ့မယ်"

သူ့အမေက တိုက်ကြီးပေါ်ထပ်သို့တက်သွားသောအခါ ဒေါ်နန်းဖဲ့ဦး ဘေးက မီးဖိုကို ထင်းစတွေထည့်ပေးရင်း ကိုဘချမ်းက သူ တစ်လှည့်စောင့်ပေးပါ့မယ်ဟု ဆိုလာ၏။

"နေပါ ဒါဒါကို ကျွန်မစောင့်ပါ့မယ်၊ ကိုဘချမ်း သွားအိပ်ပါ"

ခိုင်မေထွေးသည် ကိုဘချမ်းကို မကြည့်ဘဲ ဤမျှသာပြောလိုက်၏။ ခိုင်မေထွေးစိတ်ထဲက ကိုဘချမ်းတို့မိသားစုကို မပြောပြတတ်အောင် အားနာနေသည်။ ဖွားဖွားအိပ်ရန် လုပ်ပေးထားသော မွေ့ရာ၊ ကော်ဇော၊ ခေါင်းအုံး၊ စောင်များပေါ်တွင် လိမ်းဆေး သစ်ရွက်ဖတ်တွေနှင့် ပေကျံကာ နံစော်နေ၏။ ဖွားဖွားနှင့် ခိုင်မေထွေးတို့ကြားတွင် ဖိုပေးထားသော မီးဖိုပေါ်မှ ပြာများသည်လည်း ခိုင်မေထွေး၏ မွေ့ရာ၊ အိပ်ရာခင်း၊ ၊ စောင်၊ ခေါင်းအုံးတွေပေါ် တဖျောက်ဖျောက်ကျနေကြ၏။ သည်ထက် အားနာစရာကောင်းသည်မှာ ရေစိုလာသောဖွားဖွား၏ တစ်ကိုယ်လုံးကအဝတ်တွေနှင့် ခိုင်မေထွေး၏ တစ်ကိုယ်လုံးကအဝတ်တွေကို ကိုဘချမ်းအမေ၏ အဝတ်ခြောက်တွေ နှင့်လဲထားရပြီး ရေစိုအဝတ်တွေကို ခိုင်မေထွေးက လျှော်ဖွပ်ရန်လုပ်သောအခါ ကိုဘချမ်းသည် ထမီရေစိုတွေကို မရွံမရှာနှင့် အတင်းလုယူကာ သူတို့အိမ်က ကုလားမလေးတွေကို လျှော်ဖွပ်ခိုင်းလိုက်ခြင်းပင်။ အသေတစ်ယောက်လို သတိမေ့မျောနေသော ဖွားဖွားကတော့ ဤသည်တို့ကို လုံးဝအားနာရမှန်းသိမည် မဟုတ်ပေ။ 'ဒါဒါ ဒီလိုဖြစ်မယ့်အစား ငါဖြစ်လိုက်ပါလား' ဟု ခိုင်မေထွေးသည် နဖူးကိုထု၍ စောစောပိုင်းက ငိုခဲ့သေးသည်။ ထိုအချိန်မှာလည်း ကိုဘချမ်းနှင့် သူ့အမေတို့က ခိုင်မေထွေးကို ဆီဖက်၍ နှစ်သိမ့်ချော့မော့ခဲ့ကြသေးသည်။

"ခိုင်ခိုင်ကလည်းကွယ် သိပ်စိတ်ကြီးတာပဲ၊ တခြားလူတွေမှ မဟုတ်တာ၊ ဘာလို့အားနာရမှာလဲ၊ ဒီလိုအဖြစ်မျိုး ဘယ်သူကဖြစ်ချင်မှာလဲ၊ မတော်တဆဖြစ်တာပဲ၊ ဘာမှ အားနာမနေနဲ့၊ ကဲ အိပ်တော့ ခိုင်ခိုင်၊ ဖွားဖွားကို ကျွန်တော် စောင့်ကြည့်နေပါ့မယ်"

"ဟင် .... အင် .... ဟင် .... ဟင် .... ခိုင်ခိုင်ဖာသာ ခိုင်ခိုင်စောင့်မယ်၊ ကိုဘချမ်းသာ အိပ်ပါ၊ ခိုင်ခိုင်တို့ကြောင့် အားလုံးဒုက္ခရောက်ကြရတာပဲ၊ ကိုကိုထွေးရယ် ခိုင်ခိုင်တို့ ဒါဒါတို့အဖြစ်ကို လာကြည့်ပါအုံး"

"ဟော့ဗျာ ခိုင်ခိုင် သိပ်ခက်တာပဲကွယ်၊ စိတ်ကိုတင်းထားပေါ့ ....

ထလို ငိုရခြင်တာလဲ၊ တစ်ဦးကျန်ခိုနေတာလဲ ကိုမောင်မောင်တွေက စားစားစ ကျွန်တော်တို့ကို မကြားရှာဘူး။ သူဘယ်လောက်စိတ်ညစ်ညစ်ဖြစ် ဘယ်လောက်မှ မပြီးဘူးတဲ့၊ သူ့အမေကတော့ မိန်းကလေးကောင်း သူ့ရှက်စရာဘာမှကိုမကျွေးဘူး၊ အဲဒီတော့ ဘာဖြစ်လဲတဲ့"

"သူကတော့ ငိုမလား — အသဲနှလုံးရှိတဲ့လူမှမဟုတ်တာ"

"ဟို — အသဲနှလုံးဆိုတာ လူတိုင်းရှိပါတယ် နိုင်နိုင်ရယ် မွှားမွှားကို ဒီလိုဖြစ်မယ်မှန်းသိရင်လည်း ဘယ် ဒီလိုထွက်သွားမှာပါမလဲ"

"မရှိဘူး — မရှိဘူး — ကိုကိုတွေရဲ့ အသဲနှလုံးဆိုတာမရှိဘူး၊ သူ့မှာ အသဲမရှိလို့ နိုင်နိုင်တို့အသဲကို သူခွဲသွားတာ"

နိုင်မေတွေမှာ ပြောလေငိုလေ ဖြစ်နေပြီး ပျော့ကျူမျှမျှဖြစ်လာနှင့်ပင်။

"ဒါတွေတော့ဘယ်လိုတွေးရတော့လဲ နိုင်နိုင်ရယ် — တဲ အိမ်ပါကွယ်"

ကိုတာချွန်းသည် နိုင်မေတွေ၏လက်ကို မထိရဲစမ်းရုံကိုင်ကာ အိမ်ရှေ့ပေါ် သို့ခေါ်လိုက်သည်။

"ကိုတာချွန်းလည်း သွားတော့လေ"

"အမေပါ"

"အမေပါ" ဟုပြောပြီး လှည့်ထွက်သွားသော ကိုတာချွန်းသည် မောင်တေ့ ခေါင်းထုံးတွေကို မပွေ့သယ်လဝ်ပြီး ဖွားဖွားနေရာမှာ ထထိုင်သည်။

"ကိုကိုမောင်း လူတွေကို သိပ်ရက်စက်တယ်"

"ဟော နိုင်နိုင် လွှမ်းကြွကွယ် — အိပ်ပါဆိုနေ"

"သူ့မှာ အိပ်လို့မရဘူး"

နိုင်မေတွေက ငိုသံပါကြီးနှင့် ကိုတာချွန်းကို မေးလိုက်၏။

"အိပ်မရရင်လည်း တိတ်တိတ်လေးနေပါလား နိုင်နိုင်ရယ်၊ နိုင်နိုင် အဲဒီလို ပြောနေရင်လေ — ကိုယ်ရင်ထဲ ဘယ်လို နေမှန်းမသိဘူး"

"ရှင် ကျွန်မကို ရည်းစားအကြောင်းပြောပြနေလား၊ ရှင်က ဒီလို သူမှားတွေ အကြောင်းတည်းဖြစ်ရင် ဝင်ဝင်ပါတယ်၊ ရှင်ကြောင့် ဒီလိုဖြစ်ရတာ၊ ကျွန်မကား ကိုတော့ နိုင်မေတွေ မိတ်ထဲကလေသာ ပြောနေသည်။ ကျွန်မကား အပြင်သို့ထွက် လာလျှင် ကိုတာချွန်းအတွက် အစွဲအလန့်ကြီးဖြစ်လာမည်ကို နိုင်မေတွေသိ၏။ ထို့ကြောင့်လည်း နိုင်မေတွေသည် သူ၏ ဝဲဝံကို ကိုတာချွန်းကြောက်ဖြစ်အောင် အောင်ကို ခေါင်းကလပ်ပြီး အတင်းဆွဲသော ဖိုက်နေလေသည်။

သန်းခေါင်ကျော်လွန်ပြီးမှသာလည်း နိုင်မေတွေကား တစ်စက်က လေးမှ အိပ်မပျော်ပေ။ အမှန်ကတော့ နိုင်မေတွေသာမဟုတ် ဒေါ်နန်းစိုးကို အလယ်ကထောင်၍ ပိုတက်ကွင်းထိုးနေသော ကိုတာချွန်းလည်း လုံးဝအိပ်မပျော် နိုင်ပေ။ စကားစကားသက်ပြင်းရှိုက်နေရသော နိုင်မေတွေတို့ "ဖွားဖွား သတိရ

လာပလား" ဟုလည်း ခဏခဏ ခေါင်းထောင်ကြည့်ရသည်မှာ အမောပင်။

မိုးအေး၍ အိပ်မပျော်တော့ ဆီးက ခဏခဏသွားချင်သည်။ ခိုင်မေထွေးသည် ဆီးသွားချင်၍ အိပ်ရာပေါ်မှ ထလိုက်၏။

"ခိုင်ခိုင် ဘယ်သွားမှာလဲ"

"ကိုဘချမ်းကလည်း ရုတ်ခြည်းထလာသည်။

"ရေ .... ရေအိမ် ခဏသွားချင်တယ်"

"သွားရဲလား"

"ရှင် ...."

အစကမူ သူ့ဖာသူ သွားမည်ဟု ထခြင်းဖြစ်သည်။ ကိုဘချမ်းက 'သွားရဲလား' ဆိုတော့ ဖြန်းကနဲ ကြက်သည်းထသွားမိ၏။ ဤတိုက်ကြီးသည် အင်္ဂလိပ်ခေတ်ကပင် ကုလားချစ်တီးတိုက်ဖြစ်သည်။ ထို့ကြောင့် ဂျပန်ခေတ်က ဤတိုက်ကြီးထဲတွင် မျိုးချစ်ရခိုင်ပျောက်ကျားတွေကို ဂျပန်တွေ မသေမချင်း တွဲလောင်းဆွဲသတ်ခဲ့သည်ဟု ဖွားဖွားတို့ ပါပါတို့ ပြောဖူးသောစကားကို ချက်ချင်း သတိရလိုက်မိသည်။

တော်ပါသေးသည်။ အလိုက်သိတတ်သော ကိုဘချမ်းက 'ကျွန်တော် လိုက်ပို့ပါ့မယ်လေ' ဟု ပြောပြီး သူ့ဘေးက လက်နှိပ်ဓာတ်မီးယူပြီး နောက်က လိုက်လာသည်။

တိုက်ထဲမှာနေတုန်းကမူ မိုးကြိုးပစ်သံလောက်သာ ကြားဖူးသော်လည်း အပြင်တွင် ဤမျှ မိုးလေတို့ ထန်နေလိမ့်မည်ဟု မထင်မိ။ ယခု အပြင်ရောက်မှ မိုးသံလေသံတွေက ကြောက်မက်ဖွယ် အော်ဟစ်နေကြလေသည်။ မှောင်လိုက်သည်မှာလည်း ပိန်းပိန်းပိတ်ပင်။

တိုက်ကြီးအနောက်ဆိုင်နှင့် အိမ်သာမှာလည်း နီးနီလေးမဟုတ်ပေ။ ပေငါးဆယ်နီးပါးဝေးသည်။ စကြံနိလုပ်၍ အမိုး မိုးထားသော်လည်း စကြံနိလမ်းအုတ်ခင်းတွေမှာ တစ်နေ့လုံးရွာထားသောမိုးကြောင့် ရေတွေပြည့်လျှံပြီးလမ်းမြုပ်နေသည်။

ကိုဘချမ်းသည် ရေမြုပ်နေသောလမ်းကို ဓာတ်မီးနှင့် လှမ်းထိုးလိုက်၏။ မီးရောင်ထဲက မြွေခေါင်းတွေမှာ ထိုးထိုးထောင်ထောင် ပေါ်နေကြသည်။

"အမေ့"

ခိုင်မေထွေးသည် လန့်ပြီး ကိုဘချမ်းလက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်မိသည်။

"ရေမြွေတွေပါ ခိုင်ခိုင်ရယ် .... မကြောက်ပါနဲ့၊ တို့အရပ် မြွေဆိုးမရှိပါဘူး၊ ရော့ ဓာတ်မီးယူသွား"

"ဟင် .... အင်း .... "

နိုင်မေထွေးသည် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေ၏။

"သိပ်ကောင်းတာပဲ — ကဲ ကိုယ်တွေ့ပြီးမယ်နော်"

ကိုအေးချမ်းသည် နိုင်မေထွေးကို ဆွဲယူကာနမ်းရှုံ့ပြီး ခုတင်ပေါ်သို့ ထွေ့ဖက်ထားလိုက်သည်။ နိုင်မေထွေးသည်မျက်လုံး၌ မျက်စိကို မှိတ်ထား၏။ ကိုအေးချမ်းက နိုင်မေထွေး ပေါင်နှစ်ဖက်ကိုဆိပ်ထောက်၍ ကာလသားတို့၏ လက်တံကို မတ်တတ်ထူလာပြီး ခေါင်းမိတ်တွင် ရှုလိုက်သည်။

"မော တော်ကီးပုသွား ဘဘ — ဘာမှမကြောက်နဲ့နော် ကိုယ် အမြဲတစောင့်နေမယ် နိုင်နိုင်"

"ဘာမှမကြောက်နဲ့" ဟု ဆိုသူကားမင်း အသံတွေတုန်နေသောအခါ နိုင်မေထွေးမှာ အိပ်သာထဲ လူသေကောင်တော့ တွဲလောင်းချနေသလိုကြောက်ကြက်သီးထသွား၏။ ထိုနောက် ကံပါးကို ဦးခေါင်းခွံပြီး မာလကီးနှင့် ဟိုဟိုဒီဒီ အမိုးနံရံကျွန်ကျွန်တော့ ထိုကြည့်၏။

"ဘဘ — ဘာလဲ နိုင်"

"မြွေတွေများ ဟာက်နေမလားလို့"

"ကြက်ကြက်နှံနှံလွယ်"

နိုင်မေထွေးသည် ဆိုကလူချိုးသည်နှင့် ရုတ်ချည်းပြုံးထွက်လာသည်။

"ကျွန်တော်က မေ့မိမ်ကောက်ရှုင်လို့ ထင်နေတာ ဆိုတော့ မြွေတွေ နိုင်နိုင်ရယ် — ခုကျွန်ုပ်တို့ အိမ်နောက်ဖေးမှာတောင် ဦးတဲ့ဘူး"

နိုင်မေထွေးက ရုတ်၍ ဘာမျှမပြန်မပြောဘူး။ ညစ်ညူးခြင်းမဲ့စွာ ဒါမျိုးနှင့် မကြည်လာလျှင် ခိတ်ခတ် မျောက်မျောက်များရှုပ်ဖြစ်မလာလျှင် အလွန်ရှက်တတ် ကြောက်တတ်သော နိုင်မေထွေးလိုမိန်းကလေးတစ်ယောက်အတွက် ယောက်ျားသားများတွေနှင့် မျမိသွားခြင်းမှန်ရှုံ ညကြီးညာမှာတွင် နှစ်ယောက်တည်း ကြုံတွေ့နေရသည်ကပင် လွန်ကျူးပြီ မဟုတ်ပါလား။

သို့သော် ညွှန်ပြနေတော့ နိုင်မေထွေးမှာ မည်သို့မျှ မငြင်းဝံ မငြင်းသာသော အကြောင်းတရားနှင့် တွေ့နေရပါပြီ။ အလားတူအခါကလိုမျိုး ကိုအေးချမ်းမှ ချိုသာသည်ကိုလည်း မည်သို့မျှ မကာနိုင်တော့ဘဲ မျက်လုံးမှိတ်ထား၍သာ လိုက်လာမိ၏။ ရုတ်တရက် ကာတုန်ကာရင်နှင့် တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်လာသည်။

အခုနေတော့ နိုင်မေထွေးသာမဟုတ်။ ကိုအေးချမ်းမှာလည်း ညကိုလွမ်းကာလေးတစ်ယောက်၏ အတွေ့အထိ အရှင်ယောက်ျားတွေကြောင့် တစ်ကိုယ်လုံးရှုကာ နတ်ကျသလို တဆတ်ဆတ်တုန်ယင်လာသည်။ ရင်ထဲက နှလုံးခုံသံသည် အပြင်က မိုးကြိုးပစ်သံထက်ပင် ကျယ်လောင်နေ၏။ သည်ကြားထဲ ကိုအေးချမ်းက ပြောချင်သဖြင့် နိုင်မေထွေးကလည်း ကိုယ်ကိုရွှေ့လိုက်လေသည်။

ခိုင်မေထွေး၏ လုံးကျစ်ပူနွေးနေသော တင်ပါးအိအိအစုံသည် ကိုဘချမ်း၏ ပုခုံးပေါ် ထိုင်မိလျက်သား ဖြစ်သွား၏။ ယောင်ယောင်မှားမှားဖြစ်သွားသော ခိုင်မေထွေး၏ လက်တစ်ဖက်ကပါ ကိုဘချမ်း၏လည်ပင်းကို အမှတ်မထင် ဖက်မိလိုက်သည်။

ဤတစ်ခါတော့ ကိုဘချမ်းမှာ သူ၏စိတ်ကို ဆောက်တည်၍မရတော့ပါချေ။ ခိုင်မေထွေးနှင့်တကွ တစ်လောကလုံးကပေးသော အပြစ်ဒဏ်ကိုပင်ခံရန် ဝန်မလေးတော့ပါချေ။

သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊ မိုးလုံးတိမ်တိုက်။ လျှပ်မကြိုက်သား၊ အမိုက်အပြော၊ အင်လေးပါးထက်၊ နင်ကားရာထောင်၊ မကမှောင်ခဲ့ပြီ။

"ကိုယ့်စိတ်ကို ဘယ်လိုမှ ထိန်းမရတော့ဘူး ခိုင်ခိုင်ရယ် .... ခိုင်ခိုင်ပေးချင်တဲ့အပြစ်ပေးတော့။ အို .... ခိုင်ခိုင်တစ်ယောက်တည်း မဟုတ်ဖူး၊ တစ်လောကလုံးက ဒီလောက်ဒုက္ခရောက်လာတဲ့မိန်းကလေးကို ဒီလိုပြစ်မှားကောင်းရလားလို့ ကိုယ့်ကို သေဒဏ်ပေးရင်လည်း ပေးကြတော့ ကိုယ် ခိုင်ခိုင်ကိုချစ်တယ် သိပ်ချစ်တယ်၊ ခိုင်ခိုင့်ကိုချစ်လွန်းလို့ ဒီလိုဖြစ်ရတာ"

"ကိုဘချမ်း၏ ငိုသံပါကြီးနှင့် ပြောလိုက်သောစကားနှင့် ခိုင်မေ ထွေး၏ ငိုရှိုက်သံသည် လုံးထွေး၍သာ နေပါလေပြီ။

ရေအိမ်က အပြန်လမ်းတွင် ရင်ခုန်ရလွန်း၍ မျက်လုံးမှိတ်ထားမိကာမှ ကိုဘချမ်းအိပ်ခန်းသို့ ရောက်လာရသည်။ ပြီးတော့ ဆက်မတွေးဝံ့တော့ပါချေ။ ခိုင်မေထွေးသည် သူ့ကိုယ်သူ အိပ်မက်ဆိုးကြီးတွေ မက်နေသလားထင်မိသည်။ 'အပြင်မှာ ငါတကယ်ဖြစ်နေတာပါလား' ဆိုသည်ကိုပင် သတိမရတစ်ချက်ရတစ်ချက်နှင့် ကိုဘချမ်း၏အခန်းထဲက ဖွားဖွားရှိရာသို့ တွေဝေပြီး လျှောက်လာမိပေသည်။ ကိုဘချမ်းသည် ခိုင်မေထွေး၏ လက်ကိုဆွဲကာ တတွတ်တွတ်ပြောကြားလာ၏။ သို့သော် ခိုင်မေထွေးက ကိုဘချမ်း ဘာတွေပြောလာသည်ကို မကြားမိ။ ခိုင်မေထွေး၏ခြေလှမ်းများမှာ အိပ်မက်ထဲ လမ်းလျှောက်လာသူလိုဖြစ်နေလေသည်။ ဖွားဖွားအနားကို ရောက်တော့ ဖွားဖွားကို အိပ်ရာထက်၌ ပုံမပျက်သတိမေ့၍ တွေ့ရ၏။ ကိုဘချမ်းက ခိုင်မေထွေးကို ထပ်၍ ထပ်ကာနမ်းသည်။ ပွေ့၍ဖက်၍ထားသည်။ ခိုင်မေထွေးသည် ဘာဆိုဘာမှ မငြင်းမိတော့။ သူ့ကိုယ်သူ ရူးသွပ်နေသလား၊ အိပ်မက် မြင်နေသလား။ ဒီအဖြစ်အပျက်တွေဟာ တကယ်ပဲလား။ ခု သူ့ကို ပွေ့ဖက်နမ်းရှုတ်နေသူသည် ကိုကိုထွေးလား၊ ကိုဘချမ်းလား၊ ဒါတွေကိုလည်း ခိုင်မေထွေး စိတ်ထဲက တွေးနေသည်။

မိုးမလင်းခင်မှာပင် လေးမြို့ သာတာကီရခြံထဲလူတွေနှင့် ကိုမောင်မောင်ကြီးတို့ ရောက်လာကြသည်။ ကိုမောင်မောင်ကြီးက ခြံထဲကလူတွေကို ဤသို့

လေသာဆောင်ဟပြခန်းမှာ ရှားရှားကဲ့ ကိုတာချစ်တိုက်၌ ကြာရှည်စွာနေထားချင်သလိုဖြင့်ဖြစ်သည်။ ဖြစ်နိုင်မည်ဆိုလျှင် ကိုမောင်မောင်ကြီးသည် ကိုတာချစ်တို့ မတ်ခန်းကျွင်နှင့် လုံးဝအဆက်အသွယ်မရှိစေချင်ပေ။ သူ၏ရှားရှားကိုလည်း ဤတိုက်တွင် တစ်ကြွန်၊ တစ်မိနစ်မျှ ထားချင်သူမဟုတ်။ ထို့ကြောင့်လည်း ငြိမ်းဝင်းခင်မင်မြင်ရေးအနေဖြင့် လေးဖြို့ကရောက်လာ၏။ ယနေ့ သူအစွာမောလည်း လုံးဝသတိမရပေ။

သို့သော် ရှက်ရွံ့၊ မြင်းလှည်းပေါ်တင်နိုင်ပြီး လေဖြို့သို့ ထွက်ခွာရန် မြင်းဆင်နိုင်သည်။ ကိုတာချစ်တို့အမေက တားဆောင်လည်းမရ။

"ဒါဒါ ဆေးမှတ် ဒေါ်ဒေါ် ဆေးမှုံအတူတူတော့ မရှားဘူး။ လေဖြို့က သူ့ချစ်တဲ့သဘောကိုရပြီလဲမှာ ဆေးပါလေ။ ဒေါ်ဒေါ်တို့ စုလို့ပြန်ကြတာ ကောင်းဖူး တင်ပါတယ်ဟု" ပြောသည်။

နိုင်မေလေးသည် ပိုလည်းမကိုရှင်စော့ ငို၍လည်းမရတော့ မျက်ရည်တို့သည် သူ၏ မျက်လုံးအိမ်ထဲ၌မရှိတော့။ ခမ်းခြောက်နေပါပြီ။ ထို့ကြောင့်လည်း 'ကဲ သွားကြတော့မယ်' ဆိုသော် နိုင်မေလေးသည် ဦးခေါင်းလှည့်ပေါ်တက်လာသည်။ ကိုတာချစ်နှင့်သွားမေကိုပင် နှုတ်ဆက်ရကောင်းမှန်းမသိ။ ကောင်းဖူး တင်ကြောင်း ပြောရမှန်းမသိ။ သို့သော် ကိုမောင်မောင်ကြီးကတော့ ပြောသွားခဲ့သည်။

"သော့ လူလေးကကော"

"ကျွန်တော် နိုင်နိုင်တို့နဲ့လိုက်"

"အို အလလိုက်လိုက်သွားရမှာလဲ သားရယ် သားသားကြီးကိုလည်း ရှာရအုံးမယ်ဟာ"

နိုင်မေလေးက ပြန်ခါနီးမှပင် သူ့ကို နှုတ်မဆက်တော့ စိတ်နာသွားပြီ အထင်နှင့် နိုင်မေလေးတို့ နောက်ကိုလိုက်ရန် ပြင်နေသော ကိုတာချစ်ကို သူ့အမေက တားသည်။

"ကျွန်တော် ရှာထိပ်မလောက်တင် လိုက်ပို့မလို့ပါ"

"အေး — အေး စောစောလည်း ပြန်ခဲ့နော် သား"

"ဟုတ်ကဲ့"

စောစောပြန်ခဲ့မယ်ဆိုသူ ကိုတာချစ်သည် နိုင်မေလေးတို့လှည်းနှင့် လေဖြို့ အရောက်လိုက်ပြီးမှ ပြန်လာ၏။ နိုင်မေလေးစိတ်မှာ အားလုံး အိပ်မက်ကြီးဟု ထင်မည်ဆိုကာလည်း ထင်စရာပင်။ ကိုတာချစ်သည် နိုင်မေလေးတို့အိမ်၌ပင် လုံးဝကျမကြီး၏။ လူတွေသောလုံး ရှာကြံကြလာပေ နိုင်မေလေး တင်နေသည်။ နိုင်မေလေးကလည်း ရှာနေပါပြီ။

ကျွန်ုပ်နှင့်က နိုင်မေလေးတို့အမေ၊ အဖေနှင့် ဆရာဝန်တို့ ရောက်လာ

ကြတော့လည်း ကိုတာချမ်းကမပြန်သေး။ တစ်နေ့လုံး ခိုင်မေထွေးကို စကားပြောဖို့ ကြိုးစား၏။ သို့သော် မိတ်ဆောင်ဖွားတွေကြားတွင် သူက ဘယ်လိုမှ စကားပြောဖို့ အခွင့်အလမ်းမသာပေ။ ညနေ ကစ္ဆပနဒီက ဆရာဝန်ကိုလိုက်ပို့ရန် ပြောကြတော့ သူ ကစ္ဆပနဒီကို သွားမည်ပြောပြီး ဆရာဝန်ကို သူပင် လိုက်ပို့လေသည်။

တစ်နေ့လုံး အိမ်မကပ်မြင်သလို ခံစားနေရသော ခိုင်မေထွေးသည် ကိုတာချမ်း ကစ္ဆပနဒီ လိုက်သွားတော့မှ ရင်ထဲဟာသွားမိသည်။ သည်တော့မှ အမေ၊ အဖေတွေကိုဖက်ကာ ကျူကျူပါအောင် ငိုလေတော့၏။ သို့သော် သူ့စိတ်ထဲမှာ ကိုတာချမ်းကို ကြီးစွာနာကျည်းနေသည်။

"ဟင် .... ငါ့ .... ငါ့မြေးကော .... ငါ့မြေးကော"

နှစ်ဆယ့်လေးနာရီလုံးလုံး သတိမရဘဲ အသေကောင်လို မှောနေခဲ့သော ဒေါ်နန်းဖွဲ့ဦး၏ အသံ။ ပဌာမှာလည်း ဗိန္ဓောဆရာနှင့်ကုခဲ့၏။ အကြောင်းမထူးခဲ့။ လေးမြို့ရောက်တော့ ကစ္ဆပနဒီက မြို့နယ်ဆရာဝန် ဆေးရုံအုပ်ကြီး ကိုယ်တိုင် တက်လိုက်လာပြီး ဆေးထိုး၏။ ဆေးလိမ်း၏။ ဆေးတိုက်၏။ မည်သို့မျှ အကြောင်းမထူး။ မျက်လုံးပွင့်လျက်နှင့်ပင် မေးမရ ခေါ်မရ။ ကိုယ်ခန္ဓာကလည်း လုံးဝလှုပ်ရှားမလာ။ ဆရာဝန်၏ အပြောအရ သေးငယ်သိမ်မွေ့လွန်းသော သွေးကြောကလေးတွေ မတော်တဆပိတ်သွားသည်။ ကြီးစွာသော စိတ်လှုပ်ရှားမှုတစ်ခုခုနှင့် ကြုံတွေ့ရမှ ဤဝေဒနာရှင်သည် ကိုယ်လက်လှုပ်ရှားလာနိုင်သည်။ စကားပြောလာနိုင်သည်။ အကောင်းပကတိပြန်ဖြစ်လာနိုင်သည်။ သို့သော် လွယ်တော့မလွယ်ပေ။ ဤလိုအဖြစ်မျိုးက သူတို့ဆေးလောက၌ ပြောသံသာ ကြားဖူးသည်။ သူကိုယ်တိုင်ပင် တစ်ယောက်မှ မတွေ့ဖူး။ ဒေါ်နန်းဖွဲ့ဦးကို ယခုတွေ့ရခြင်းသည် ပထမဦးဆုံးပင်ဖြစ်၏။ ထူးဆန်းသော ဝေဒနာရှင်ကို တွေ့လိုဇောနှင့်သာ လိုက်လာ၏။ သို့သော် တွေ့ပြန်တော့ သူ့ခမျာ ဘာမှမလုပ်တတ်။ လက်မှိုင်ချ၍ ပြန်သွားရသည်။

ဤမျှ ဆရာဝန်ပင် လက်မှိုင်ချ၍ ပြန်သွားရသော အဖွားကြီးသည် ယခု သူ့မြေး ခိုင်မေထွေး ရှိနေသည်ကို မြင်ရကြားရတော့ ချက်ချင်းအသက်ဝင်လာသည်။ သေပြီဟုထားသူက ဖုတ်ဝင်သလို စကားပြောလာသည်။ အိမ်ရှိလူတွေအားလုံး၏ အာရုံများသည် ချက်ချင်း ဒေါ်နန်းဖွဲ့ဦးဆီ ရောက်သွားကြသည်။ ငိုနေသော ခိုင်မေထွေးသည်ပင် အငိုရပ်၍ သူ့အဖွားကို ပြေးဖက်သည်။

"ဒါဒါ .... သတိရပြီ၊ ဒါဒါ .... ဒါဒါ သတိရပြီနော်၊ ခိုင်ခိုင် ဝမ်းသာလိုက်တာ ဒါဒါရယ်"

ခိုင်မေထွေးက သူ၏ မျက်ရည်များကို သူ့အဖွားပါးတွင်ပွတ်သုတ်လိုက်ကာ ဝမ်းသာအားရ အော်ဟစ်ပစ်လိုက်လေသည်။

"ဒါ .... ဒါ ဘယ်လူတုန်း"

"နိုင်နိုင်လေး ဒါဒါ နိုင်နိုင်ပါ"

"ဒါတော့"

"ကျွန်တော်လေး အမေ"

"မြတ်သဘ်လား"

"ပုတ်ပါတယ် အမေ"

ဒေါ်နန်းခိုင်သည် မြူတွေကလာသတော့မလား ထက်မှုသဘောမျက်လုံး အစုံနှင့် လူတွေကို တစ်ယောက်စီ လိုက်ကြည့်နေပေသည်။

"ဒါကတော့"

"မောင်မောင်ကြီးလေး အမေ"

"မောင် — မောင် — ကြီး"

ဒေါ်နန်းခိုင်၏ ရုပ်ရှေးအသံပါ တရုတ်ဗျောင်း ပြောင်းလဲသွားသည်။ မောင်မောင်ကြီး၏နာမည်ကိုလည်း တစ်လုံးချင်း ပါဒါ့ရုံ အရွက်ကြည့်သည်။

"မောင်မောင်ကြီး၊ မောင်မောင်ကြီး၊ မောင်မောင်ကြီး"

ဒေါ်နန်းခိုင်က အရှုတစ်ယောက်လို ထပ်ခါထပ်ခါလိုက်သောအခါ လူတွေအားလုံး၏မျက်နှာမှာ ချက်ချင်းစွေးဆုတ်သွားကြပြန်သည်။

"မောင် မောင် ကြီးတဲ့ ငါ့မြေးကို မောင်ထုတ်တဲ့ မောင်မောင်ကြီး၊ နင့်ကို ငါမုန်းတယ်၊ နင့်ကို ငါကြောက်တယ် ငါကြောက်တယ်"

ဒေါ်နန်းခိုင်က ကြောက်ကြောက်ရွံ့ရွံ့ဟန်နှင့် ထမြည်မလို လှုပ်ရှား လိုက်သောအခါ ခါးအထက်ပိုင်းသည် အကောင်းပကတိလိုဖြစ်သွားသည်။ သို့သော် ကြောပါများ မိနစ်ပိုင်းအတွင်းမှာပင် ဒေါ်နန်းခိုင်သည် မျက်နှာကို ပေတ်ပါးနှင့်ရှုပ်၍ ဖော်ဟစ်ကာ သတိမေ့မျောသွားပြန်လေသည်။

"တောက် — လူတွေကို သေတဲ့အထိ ခုက္ခပေးတဲ့မောင်မောင် ဆရွာ ပါပါလေတာလည်း၊ ဒီကောင့်ကို ချောဝင်ကိုင်း ဒီကောင် အီမ်ပေါ် ရောက်တဲ့နေ့ ကပင် ပြဿနာမျိုးစုံဖြစ်တယ်၊ ရောင်းစရာပယ်တာဝင်မက လူတွေပါ ထိခိုက် တယ်၊ ဒီကောင်ကြောင့် ပါပါ၊ မေမေကိုတက်မကလေးဘူး ငါတို့ပါ တစ်နေ့ဒုက္ခ လိုရ်မယ်"

"မောင်ဆရာ မှုလှူးမှောင်တာ သိပ်မှန်တယ် — နန်းချယ်ထိပ်မြူ လုလှု ပုံမကာဘူး လူတွေပါ တစ်ယောက်ပြီးတစ်ယောက် သတိမေ့ကုန်ပြီ၊ ဒါတွေကို ကျွန်မပြောတော့ မနာလို့လို့ ပြောည်တစ်ကောင် မြေသရေဖျက်နေလို့ မရွေးစိတ်နဲ့ ပြော တယ်လို့ အရင်ကြီး ထင်ခဲ့တာ မှုဘော့ သူကိုယ်တိုင် ဒီကလေးကြောင့် ဘေးလူများ ပါခံနေရပြီ ဒါလည်း သူ့ကြောင့် ငါ ဒီလိုဖြစ်ရတာပါလားဆိုတာ အရင်ကြီး သတိမရသေးဘူး၊ ဒီလိုကလောက်တွန်းပေါ်ကြီးပြီး ကြောက်စို့လန့်စရာကောင်းတဲ့ ကလေးလေး ကိုမြင်သာ — နတော့ ကြည့်လေး ရှင်းမယော ကျွန်မသောကြီးကိုပဲ

အပြစ်တင်နေတာ"

အမေကပါ ဤ "နန်းရပ်ထီးဖြူလှပယူမယ်မြင်သည်" ဆိုစကား ထပ်ပြောလာပြန်သောအခါ ကိုမောင်မောင်ထွေးအတွက် ဝမ်းနည်းရိုးရှိမ်စိတ်နှင့် ခိုင်မေထွေးမှာ ငိုရပြန်သည်။

× × × × × × × × × × ×

# အခန်း (၂၀)

ထိုနေ့ကစ၍ ဒေါ်နန်းခိုင်သည် ကိုအောင်အောင်ကြီးကိုတွေ့ပြီး သတိ ပြန်ရသွားမတတ် ဒေါ်သန့်နှင့် အေးဟင်တစ်တက်သည်။ အယုတ္တ အနတ္တ ဆဲဆို တတ်သည်။ ကိုအောင်အောင်ကြီးသည် ကိုအောင်အောင်တွေ့အား ယခင်က အိမ် ပေါ်က နှင်ချသည်ကို စိတ်ခွဲကာ ကိုအောင်အောင်ကြီးကို အမုန်းကြီးမုန်းသွားခဲ့ သည်။

သူမှန်သကာန်ရန်အားလျှော် လေးချို့က သဘောကိုမျိုးကို ပြန်ပြောင်းနေ ကြသည်ဟု အစီအစဉ်ရှိသလိုသာနေသည် ကျွန်ုပ်တို့မှ လေးချို့က သဘော ကိုမျိုး ပြောင်းနေလိုမိုပြကြသည်။ ဤသည်မှာလည်း ဒေါ်နန်းခိုင်၏ အလို ကျဖြစ်သည်။ သို့သော် ဒေါ်နန်းခိုင်း အပြောင်းမခံနိုင်သော ကိုအောင်အောင်ကြီးနှင့် ဦးမြတ်သခင်တို့ကတော့ ကျွန်ုပ်နှင့် လေးချို့ကို သွားရှာညင်လာမည် ရောက်ကန်း မှုယ်နေကြ၏။ ကိုအောင်အောင်ကြီးက သူ့အမှားမပြင်မခံမည်လို ဦးမြတ်သခင်မှ လည်း သူ့မှန်သကာန်ရန်ကို စိတ်မဆုရှုသေး။

ကိုအောင်အောင်လေးနှင့် နိုင်အေးတွေတို့လည်း ကျောင်းဆက်မနေတော့။ ကိုအောင်အောင်လေးနှင့် နိုင်အေးတွေသာမဟုတ် သူတာချစ်ကျလည်း သူ့ အစ်ကို ပေးသဖြင့် ကျွန်ုပ်ဒီကာ ပျော်ဆို့ပြန်နေရသည်။ သူ့အစ ဦးဘာလိုင်သည် သူ့သားငယ်ကို သူ့အစ်ကိုကြီး ကိုလှချမ်းလို့ တောထဲပါသွားမှာစိုးရ၍ ကျောင်း ဆက်ထားခဲ့တော့သေး။ ခေတ်အခါအရ ကျောင်းသားတွေကလည်း မကြာမ ကြာ တောထဲထွက်ပြေးနေကြလေပေ ဓိတာတွေမှာ သားသမီးတွေအတွက် ကြီးစွာ ပူပန်လျှက်ရှိကြသည်။

ပျော်ကာနေတစ်ဆင့် လေးချို့ပြစ်တစ်ခေါက်ကမ်း ရှိုင်းနိုးမဆောင်နေ ကွန်မဆောင်းရာသီ ထွက်ပြေးသွားကြသော ကိုအောင်အောင်တွေနှင့် ကိုလှ ချမ်းတို့အကြောင်းကိုမှ သတင်းတစ်ခုတစ်ရာမျှပြဲ တစ်လနှစ်လကြာသွားလေ သည်။

ဦးမြတ်သခင်ပေတိုင်း လေးချို့သို့ပါလာတတ်သော ဆာရာဝန်ကြီး သည် ဒေါ်နန်းခိုင်အား အတော်အိမ်ဆုံး ကုသပေးသည်။ တစ်ခါတစ်ခါ ဦးမြတ် သခင်နှင့်အတူ သဘောကိုမျိုးပြီးပင် တစ်ညတာလေးအိပ်၍ ဒေါ်နန်းခိုင်၏ အခြေ

အနေကို လေ့လာကုသပေးလေသည်။ ဆရာဝန်ကြီး၏ ကြိုးစားကုသပေးမှုကြောင့် ဒေါ်နန်းဖုံဦး၏ ခါးအထက်အပိုင်းနှင့် လက်၊ လည်ပင်း၊ ဦးခေါင်းတို့သည် လှုပ်ရှားနိုင်လာပြီဖြစ်သည်။ ဘီးတတ်ကုလားထိုင်ပေါ်တွင်ထိုင်၍ အိမ်ပေါ်ထပ်တွင်လည်း သွားလာနေနိုင်ပြီဖြစ်သည်။ ဆရာဝန်ပြောစကားအရဆိုလျှင် နောက်ထပ်တစုံတစ်ခု စိတ်လှုပ်ရှားမှု ပြင်းပြင်းထန်ထန်ဖြစ်ပါက အောက်ပိုင်း ပိတ်ဆို့နေသောအကြောကလေးများပါ ချက်ချင်း သွေးပြန်ကြောပွင့်၍ အကောင်းပကတိလို ဖြစ်လာနိုင်သည်ဟုဆိုသည်။ ဒေါ်နန်းဖုံဦး အကောင်းပကတိလိုဖြစ်လာရမည့်ရက်ကို အားလုံးကို မျှော်လင့်ကြီးစွာနှင့် စောင့်ခဲ့ကြသည်။ သို့သော် ကိုယ်ခန္ဓာသာ အကောင်းပကတိလို ဖြစ်လာနိုင်သော်လည်း စိတ်ပိုင်းဆိုင်ရာသည် ပြန်၍မှ ကောင်းလာပါဦးမလားဟု အိမ်သားတွေအားလုံးမှာ စိတ်ပူနေကြသည်။ ဒေါ်နန်းဖုံဦး၏ ယခုစိတ်မှာ အရူးတစ်ပိုင်းစိတ်ဖြစ်နေသည်။ ကိုမောင်မောင်ကြီးကိုမူ အသံပင်မကြားနိုင်ပေ။ ကိုမောင်မောင်ထွေးကိုတော့ သတိရတိုင်းမေးတတ်၏။ သို့သော် ကိုမောင်မောင်ထွေး၏ သတင်းအစအနကိုမူ မကြားရသေးသော အိမ်သားတွေမှာ ဒေါ်နန်းဖုံဦးမေးတိုင်း အဖြေရခက်၍ စိတ်မောနေကြရသည်။ အထူးသဖြင့် ဒေါ်နန်းဖုံဦးအနားတွင် အမြဲမပြတ်နေရသော ခိုင်မေထွေးက ပိုမောရသည်။

"ခိုင်ခိုင် ငါ့မြေးသတင်းကြားသေးလားဟင်"

"ကို .... ကိုထွေးသတင်း သေတယ် ပျောက်တယ်ဆိုတာတောင် သိရမှာမဟုတ်ပါလား ခိုင်ခိုင်ရယ် .... ဒီအတိုင်းသာဆိုရင် ငါ့မြေးကို ဒါဒါ ပြန်တွေ့လို့မှ တွေ့ရပါ့မလား၊ ဒါတွေဟာ ဟိုအေါ်သကုမ္မာကြောင့် ဖြစ်ရတာ၊ ကိုမောင်မောင်ကြီးကြောင့်ဖြစ်ရတာ"

အဖွားက ရှိုက်ကြီးတငင်ငိုပြီဆိုလျှင် ခိုင်မေထွေးမှာလည်း ဝမ်းနည်း၍ ငိုမိပြန်သည်။

"ခိုင်ခိုင်တို့ကော ဒေါ်ဒေါ်"

အောက်ထပ်မှ ကိုတာချမ်း၏ အသံကိုကြားရသဖြင့် ခိုင်မေထွေးသည် မျက်ရည်ကို ကမန်းကတန်းသုတ်ကာ နားစွင့်နေမိသည်။

ကိုတာချမ်းသည် ကိုမောင်မောင်ထွေးတို့နောက် လိုက်ကြရင်း ဖွားဖွားကိုယ်တစ်ပိုင်းသေသွားသောနေ့ကပင် ယခုထိ ကစ္ဆပနဒီကိုသွားတိုင်း ခိုင်မေထွေးတို့ဆီ ဝင်သွားတတ်သည်။ လေးမြို့မှာ ကစ္ဆပနဒီနှင့် ပဥ္စာကြားတွင်ဖြစ်သဖြင့် လမ်းကလည်းကြုံနေ၏။ ကိုတာချမ်း ယခုလို ရဲရဲဝံ့ဝံ့ ဝင်ထွက်သွားလာနေသည်မှာ အိမ်၌ ကိုမောင်မောင်ကြီးနှင့် အဖေကလည်းမရှိ၊ ကိုမောင်မောင်လေးနှင့် အမေကလည်း အလုပ်သမားတွေနှင့် အမြဲ ခြံဝင်းထဲဆင်းနေကြရသဖြင့်ဖြစ်သည်။

ကိုတာချွန်လာလျှင် ကိုမောင်မောင်တွေ့သောတင်းကို ကြားရမလေလော။ ပျော်သော မျှော်လင့်ချက်နှင့် ကိုတာချွန်ကို ဆီးကြိုအမောစောင့်နေသော ခိုင်မေတွေမှာ ကိုမောင်မောင်တွေ့၏ သတင်းကိုတော့ မကြားရ။ ကိုတာချွန်ဆီ၌ ရည်းစား စကားသာ အပြောခံရသည်။ တစ်ခါတစ်ခါ လူကြီးတွေလစ်၍ ဖက်ရမ်းခြင်းကို ပင်ခံရသည်။ ကြာသော် သူကိုတွေ့ရမှာပင် မကြာကာ်နေမိ၏။ ကိုတာချွန်အား ခိုင်မေတွေသည် ပထမက တစ်ရေးသောညကို အကြောင်းပြုပြီး နာကျည်းစိတ်နှင့် နစ်နစ်နာနာလည်း ဆဲဆိုဖူးသည်။ ပါးနားရိုက်၍လည်း ထုထောင်းသတ်ပုတ်ခဲ့ သည်။ သို့သော် ကိုတာချွန်ကား ခိုင်မေတွေကို မုဒိမ်းကျင့်၊ လက်ထပ်ယူ မသော၊ တောက်တဲ့ကာ တပ်၍ ခိုင်မေတွေ၏ အမျက်ကို ရလှုရန် ကြိုးစားနေတုန်း ပင်တည်း။

ကြာသော် ခိုင်မေတွေ စိတ်သူက်လက်လျှော့မှုတော့မကျဖြစ်လာသည်။ စက်သည်မှာ ဤအကြောင်းကို လူကြီးတွေမသိလည်း ဖွင့်မပြောရ။ ဤသည် ကိုပင် ကိုတာချွန်ကလည်း အခွင့်ကောင်းယူ၍ ခိုင်မေတွေအား သမီးရည်းစား ပကာ ဆက်ဆံလာသည်။ သူလာလျှင် သူ့အစ်ကိုဆီကစာပါလာ၍ ကိုမောင်မောင် တွေ့တို့ပါ ကျွန်မကြားကြောင်းသိရသည်။ မေသိမ့်၊ မြမ်းကိုတက်ကာဖွင့်လို့ ကို မောင်မောင်ပေ့တို့ပွဲတွင်နှင့် အရိုးရိုးတို့ တိုက်ပွဲဖြစ်ကြသည်။ မေသိမ့်မြဲထဲကို အနိုးရမရှိစစ်သလောက်တွေ တက်သွားသည် စသည်ဖြင့် ခိုင်မေတွေ စိတ်ဝင်စား လာအောင် တစ်ခုံတစ်ခုသော ဉပါယ်တံ့ချွဲပြောပြီး ပထမဆုံ ခိုင်မေတွေအမျက် ကို အရှုပ်ရန် ကြိုးစားပေါ်၏ များလေပြီ။

ကိုတာချွန်က ဤသို့ ဂေါ်ဆောင်ပြီးနေပ၍ မပြောသည်ကို ဖွားဖွားမှာ တကယ်ထင်မှတ်၍ ကိုတာချွန်လာတိုင်း ကိုမောင်မောင်တွေ့သတင်းကို မေးရ မြန်းရသည်မှာလည်း အမောပင်။ ကိုတာချွန် တစ်ပတ်နှစ်ပတ် မပေါ်မလာလျှင် ‘ပျော်ကာ လူငယ်လေးလည်း မလာဘူး ငါ့မြေးတို့သတင်းများ မကာင်းပေါ်မလား’ ဟူသော အမေကမ်းစာ မေးတော်ချွန်တတ်တော့သည်။

“ကျွန်တော် ဖွားဖွားကို တက်ကြည့်လိုက်ပါဦးမယ် ခေါ်မေါ်”

“အေး — အေး”

ပွဲအသံ သူ့စကားကို မကြားလိုလှ ခိုင်မေတွေက ခေါင်းငုံ၍ မျက်နှာ ပုပ်ထားလိုက်၏။

“ဒါဒါ နေကောင်းတယ်မျာ”

ယခင်က ‘ဖွားဖွား’ ဟု ခေါ်သူသည် ယခုတော့ ခိုင်မေတွေ၏ လေသံ ကိုတုပ၍ ‘ဒါဒါ’ ဟုပင် ပိုင်နိုင်စွာ ခေါ်တတ်နေလေပြီ။

“အေး - ဒီနေ့တော့ နည်းနည်းသက်—သာလိုပါပဲကွယ် ဖွားဖွားမြေး သတင်း ဘာမှကြားသေးလဲ”

"အို ဒါဒါကလည်း သူက ဒါဒါတို့ ခိုင်ခိုင်တို့ထက် ဘာများပိုပြီးသိမှာလဲ၊ ထုံးစံအတိုင်း ဓာတ်ပြားဟောင်းကြီး ဖွင့်ပြပြီးတော့"

"တွေ့လား ဒါဒါ .... ခိုင်ခိုင်က ကျွန်တော်ပြောတာကို ဘာမှ အယုံအကြည်မရှိဘူး၊ ခုလည်း ကိုမောင်မောင်ထွေးဆီက ဒါဒါဆီ စာပေး လိုက်ပါတယ်ဆိုတာ သူက ယုံမှာမဟုတ်ဖူး၊ ကျွန်တော်ပြောတာဆို သူက ဘာဆိုဘာမှ မယုံပါ"

"ဟင် .... ငါ့မြေးက စာပေးလိုက်တယ်"

ကိုဘချမ်းစကားမဆုံးခင်ပင် ဖွားဖွားသည် ခါးကိုမတ်လိုက်ပြီး ဝမ်းသာအားရနှင့် အော်မေးလိုက်သည်။

"ဟုတ်ပါတယ် ဒါဒါ ကိုမောင်မောင်ထွေးက ဒါဒါဆီ စာပေးလိုက်တယ်"

"ဟင် .... ပြစမ်း .... ပြစမ်း .... ခိုင်ခိုင် ..... ဒါဒါကိုဖတ်ပြစမ်း"

ဤအခါ ကိုဘချမ်း၏စကားကတော့ ဖွားဖွားကိုသာမဟုတ် ခိုင်မေထွေး၏ ရင်ကိုပါ ဝမ်းသာလုံးဆို့သွားစေလေသည်။ ကိုမောင်မောင်ထွေး အိမ်ကထွက်သွားပြီး သုံးလအကြာမှာ ဤစာသည် ပထမဆုံးစာပင် မဟုတ်ပါလား။

ခိုင်မေထွေးသည် ကိုမောင်မောင်ထွေး ဘာများရေးပေးလိုက်ပါလိမ့်ဟူသော သိလိုဇောနှင့် ကိုဘချမ်းလက်ထဲက စာကို လှမ်းယူလိုက်သည်။

"ဖယ် .... ပြောမယုံတဲ့လူကို မပေးဘူး၊ ဒါဒါကို ကိုယ်ပဲ ဖတ်ပြမယ်"

ကိုဘချမ်းက ခိုင်မေထွေးကို တမင် အခွင့်အရေးယူနေပြန်သည်။

"ပေးစမ်းပါဆိုနေ ..... ရှင်နဲ့ ဘာဆိုင်လဲ"

ခိုင်မေထွေးသည် သူ့လက်ထဲကစာကို လုယူပြီး ဖွားဖွားကို ဖတ်ပြလိုက်သည်။

သို့

ဒါဒါ

ကျွန်တော့်ကြောင့် ဒါဒါ ခုလိုဖြစ်သွားရတယ်ကြားလို့ ကျွန်တော် စိတ်မကောင်းပါ။ ဒါဒါ့ကျေးဇူးဟာ ကျွန်တော့်အပေါ်မှာ တစ်သက်လုံး ဆပ်မကုန်အောင် ကြီးပါတယ်။ ကျွန်တော် ရင်ဆိုင်ရဲပါတယ်၊ ဘာမဆို လုပ်ရဲပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။

ကျွန်တော့်အတွက် ဒါဒါ ဘာမှမပူပါနဲ့၊ ခု ကျွန်တော် နိုင်ငံရေးသင်တန်းတက်နေပါတယ်။ ကျွန်တော်တို့ပါတီ အောင်

ပွဲခံယူတဲ့နေ့မှာ ဒါဒါ့ခြေဖမိုးပေါ် ကျွန်တော်နဖူးနဲ့တိုက်ပြီး
ကျေးဇူးဆပ်ပါ့မယ်၊ ခုတော့ မြေးအမိုက်အမဲကို ခွင့်လွှတ်ပါ။
အောင်ဖဲ

ကိုမောင်မောင်ထွေးဆီကစာ ဆုံးသွားသောအခါ ခိုင်မေထွေးရော ဖွားဖွားပါ ရှိုက်၍ငိုမိကြသည်။ ဖွားဖွားငိုသည်မှာ သူ့မြေးအလိမ္မာလေးသည် ကိုမောင်မောင်လေးတို့ကြောင့် ထွက်ပြေးသွားရသည်ဟု စိတ်ခု၍ ငိုခြင်းဖြစ်သည်။ ခိုင်မေထွေးကမူ 'ငါ သူ့ကိုချစ်ရက်နဲ့ ခုတော့ စာပေးတာတောင် ငါ့အတွက် သတိရကြောင်း တစ်လုံးတလေမှ မပါပါလား။ ငါ့ကတော့ သူ့ကိုချစ်လွန်းလို့ ကိုကို၊ ပါပါ၊ မေမေတို့ဆီမှာ အပြုံအညင်ခံပြီး သူ့အတွက် အနစ်နာခံခဲ့ရတယ်။ သူ့ကိုလွမ်းလို့ နေ့တိုင်းငိုခဲ့ရတယ်။ ခုတော့ သူက ငါ့ကို လုံးလုံးသတိမရဖြစ်လေခြင်း' ဟု ဝမ်းနည်း နာကျည်းစိတ်နှင့် ငိုခြင်းဖြစ်လေသည်။

"ငါ့မြေးက ငါ့ကိုချစ်ပါတယ်၊ ဟို ဒေါသကုမ္မာတို့ကြောင့် ငါ့မြေး ထွက်ပြေးသွားရတာ"

"ဟုတ်တယ် ဒါဒါ ဒါဒါ့ကို ကိုကိုထွေးချစ်ပါတယ်၊ ကိုကိုထွေး မုန်းတဲ့လူတွေက မေထွေးတို့ပါ မေထွေးတို့ကို ကိုကိုထွေးက မုန်းလို့ ထွက်ပြေး သွားတာပါ။

ဤစကားကိုတော့ ခိုင်မေထွေးသည် သူမ၏နှလုံးသားထဲကသာ ပြောပြီး ငိုကြွေးနေမိ၏။ အပြင်သို့ ထွက်မလာနိုင်ရှာပေ။

"ငါ့မြေးဆီ ဒါဒါ စာပြန်လိုက်ချင်တယ်၊ ရောက်နိုင်ပါ့မလားကွယ်"

ဖွားဖွားက ကိုဘချမ်းကို မေး၏။

"ရောက်နိုင်ပါတယ် ဒါဒါ .... ကျွန်တော့်အစ်ကိုဆီလည်း ကျွန်တော် တို့ ပြန်လာဖို့ စာပေးထားပါတယ် ..... ကြုံရင် ကျွန်တော်ကြိုးစားပြီး ရောက် အောင် ပေးပေးပါ့မယ်"

"ဟဲ့ ခိုင်ခိုင် .... ငါ့မြေးဆီ စာပေးလိုက်ရအောင် ရေးစမ်း .... ရေးစမ်း"

ခိုင်မေထွေးသည် တရှုံ့ရှုံ့ရှိုက်နေရာက စာရွက်နှင့်ဖောင်တိန် ပြေးယူပြီး ဖွားဖွားပြောသလို လိုက်ရေးရလေသည်။

သို့

"ငါ့မြေး"

ငါ့မြေးဆီက စာကိုရလို့ ဒါဒါ စာရေးလိုက်တယ် ဒါဒါ

ခုလိုဖြစ်ရတာ ငါ့မြေးကြောင့် မဟုတ်ပါဘူး ကံတရားလို့ပဲ ဒါဒါ ယုံကြည်တယ် ..... ငါ့မြေး ခုလိုထွက်သွားလို့ ဒါဒါ ခိုင်ခိုင် တို့နဲ့တကွ အားလုံး စိတ်မကောင်းဖြစ်နေကြတယ် .... ဒါဒါ စိတ်ချမ်းသာစေချင်ရင် ငါ့မြေး အမြန်ပြန်လာခဲ့ပါ၊ ငါ့မြေးကို အစိုးရပိုင်းကလည်း ဘာအပြစ်မှမဖြစ်စေရဘူး၊ ဒါဒါ ငါ့မြေး ဆရာကြီး ဦးစံလှသော်ကို ပြောရင်ရပါတယ် .... ဒါဒါတို့ ခိုင်ခိုင် တို့ ငါ့မြေးကို မျှော်နေကြပါတယ်"

ငါ့မြေး ကျန်းမာရွှင်လန်း၍ အမြန်ပြန်လာနိုင်ပါစေ။

**ဒါဒါ နန်းခံဦး**

"ဒါဒါ ..... မေထွေးလည်း တစ်စောင်ရေးလိုက်မယ်နော်"

"အေး ရေးရေး ..... တစ်ခါတည်း ပေးလိုက်ရအောင် .... ငါ့မြေး ပြန်လာချင်အောင်လည်း ရေးပါ ခိုင်ခိုင်ရယ်"

ခိုင်မေထွေးသည် နောက်တစ်ရွက်နှင့် ရင်ထဲရှိတာ အကုန်ရေးထည့် လိုက်၏။ ကိုဘချမ်းကတော့ ခိုင်မေထွေး စာရေးနေသည်ကို တိတ်တိတ်ခိုးဖတ် ကာ သူလည်း စာရွက်တစ်ရွက်ရေးနေ၏။

သို့

"ကိုကိုထွေး"

ဒါဒါ ရေးပေးလိုက်တာ အားလုံးဟုတ်တယ်။ ကိုကိုထွေး ကြောင့် မေထွေးလေ နေ့တိုင်းငိုရတယ်သိလား။ ပြန်လာခဲ့ပါ ကိုကိုထွေးရယ်နော် ....၊ မေထွေးလေ ကိုကိုထွေးကို သိပ်လွမ်း တာပဲ၊ နေ့တိုင်းလွမ်းတယ်၊ ခု မေထွေးတို့ လေးမြို့က သာတာ ဂီရုံထဲ ရောက်နေကြပြီ။ ကဏ္ဍပနဒီမှာထက် အများကြီးပျော်ဖို့ ကောင်းသေးတယ် ကိုကိုထွေးသာရှိရင် ဒါဒါရော မေထွေးရော သိပ်ပျော်ကြမှာ၊ ခုတော့ ကိုကိုထွေးမရှိလို့ အားလုံးငိုနေကြရ တယ်၊ သာတာဂီရုံကို ကိုကိုထွေး မရောက်ဖူးတော့ သိမှာ မဟုတ်ဖူး၊ ခြံအကျယ်ကြီး ကိုကိုထွေးကို မေထွေး သီချင်းဆိုပြ တာတွေ မှတ်မိသေးလားဟင် .... ကိုကိုထွေး ပြန်လာရင် ဆိုပြဖို့ မေထွေး 'တောင်တောသာယာ'ကို ဒါဒါနဲ့ အဆိုသင်ထားလိုက် မယ် 'တောနှင့်တောင်စွယ် ပြောကြမောင်မယ် × ငှက်ကယ်

လူလိုသံချိုနေလို့၊ ပြောကြပြန်သကို' ဆိုတာလေ မှတ်မိလား၊ ခြံထဲမှာ ငှက်တွေကလည်း အားကြီး မြည်ကြ ခေါ်ကြတယ်လေ၊ တကယ် လူတွေလိုပဲ၊ မေထွေးတို့မှာတော့ ခေါ်စရာလည်း ကိုကိုထွေးမရှိလို့ နေ့တိုင်း ငှက်တွေကိုကြည့်ပြီး ငိုရတယ် .... မေထွေးတို့ ဒါဒါတို့ကို ကိုကိုထွေးချစ်ရင် ချက်ချင်း ပြန်လာခဲ့ပါလား ကိုကိုထွေးရယ်နော် ....။

ကိုကိုထွေးကို တစ်သက်လုံးချစ်နေတဲ့

မေထွေး

ခိုင်မေထွေးသည် ရေးပြီးသားစာရွက်ကို တစ်ခေါက်ပြန်ဖတ်ကြည့်သည်။ ထိုအချိန်တွင် ဖွားဖွားကတော့ သူ့မြေးကိုလွမ်း၍ မျက်ရည်ဝိုင်းကာ ထွေးနေ၏။

"ခိုင်ခိုင် .... ကိုမောင်မောင်ထွေးဆီကို ခိုင်ခိုင်တို့နဲ့ပေါင်းပြီး ကျွန်တော်လည်း စာတစ်ရွက်ရေးပေးလိုက်မယ် ရော့ ဒီစာပါထည့်လိုက်"

ခိုင်မေထွေးက ကိုဘချမ်းလှမ်းပေးသောစာရွက်ကို ယူကြည့်၏။

**မောင်မောင်ထွေးရယ်**

ခိုင်ခိုင် ဒါဒါတို့ ရေးသလိုပဲ ငါလည်းမင်းကို လွမ်းနေတာပဲ၊ ဒါပေမင့် ငါ့မှာလေ အလွမ်းဖြေစရာ ခိုင်ခိုင်ရှိနေလို့ တော်သေးတာပေါ့၊ မင်းပြန်လာမှ ငါနဲ့ ခိုင်ခိုင်လက်ထပ်မယ်၊ သူငယ်ချင်း မြန်မြန်ပြန်ခဲ့ပါ။

"ဖြန်း"

"အို .... ခိုင်ခိုင် .... မောင်ဘချမ်းစာကို ဘာလို့ ဆွဲဆုတ်ပစ်ရတာလဲ"

"အလကားပါ ဒါဒါရယ် သူများကို သက်သက်စနေတယ်"

"တကယ်ပြောတဲ့ဥစ္စာ"

"ရှင်တော်နော် .... ဒါဒါနဲ့ တိုင်ပြောလိုက်မယ်"

ဒေါ်နန်းဇံဦးသည် ဘာမှမပြောဘဲ တွေဝေးနေပြန်၏။

ဤသူငယ်သည် သူ့မြေးမငယ်အား ပိုးပန်းချစ်ကြိုက်နေသည်ကို ယခင်ကပင် သိခဲ့ရိပ်မိခဲ့သည်။ ထို့ကြောင့်လည်း ကိုမောင်မောင်ထွေးက သကန်းဝတ်နှင့် မပျော်တဲ လူထွက်ရန် ခွင့်တောင်းစဉ်က အသာတကြည် ခွင့်ပေးခဲ့ခြင်း ဖြစ်သည်။ ဒေါ်နန်းဇံဦးအနေမှာ ခိုင်မေထွေးကို ကိုမောင်မောင်ထွေးကလွဲပြီး

မည်သူနှင့်မျှ သဘောမတူနိုင်ပေ။ ကိုမောင်မောင်ထွေးအမေလို တစိမ်းတရံစာတွေနှင့် လိုက်ပြေးသွားသည်ကိုလည်း ကြီးစွာစိုးရိမ်ခဲ့သည်။ ခိုင်မေထွေးအားကိုမောင်မောင်ထွေးနှင့် လက်ပွန်းတတည်းထားခြင်းမှာလည်း ကြီးချင်းထား ကြီးချင်းငြိ၊ အိုးချင်းထား အိုးချင်းထိဆိုသလိုအဖြစ်မျိုး ထိစေငြိစေလို၍ဖြစ်သည်။ သည်အထဲက ကိုမောင်မောင်ထွေးက တောထဲလိုက်ပြေးသွားသောအခါ ဒေါ်နန်းဖွဦး၏ မျှော်လင့်ချက်တောင်ကြီးသည် ပြိုခဲ့ရသည်။

ခိုင်မေထွေး မြေးမငယ်အတွက် ယခင်ကပင် စိုးရိမ်ခဲ့ရသော သောကသည် ယခုထိမရပ်သေး။ ကိုမောင်မောင်ထွေး သတင်းစကားတွေနှင့်ပတ်သက်၍ အိမ်ကို ဝင်ထွက်သွားလာနေသော ကိုဘချမ်းသည် ခိုင်မေထွေးအား တစ်နည်းမဟုတ်တစ်နည်း ဤသာတာဂီရခြံထဲက ဆွဲထုတ်သွားမှာ စိုးရိမ်နေမိသည်။ အကယ်၍ သူမျှော်မှန်းခဲ့သလို ဤတစ်ခါလည်း ခိုင်မေထွေးကို ရင်၌ မအုပ်မိလိုက်လျှင်တော့ ဒေါ်နန်းဖွဦးအနေမှာ စိတ်ထိခိုက်၍ သေရုံသာရှိတော့သည်။

ခက်သည်မှာ ဒေါ်နန်းဖွဦးမျှော်လင့်ခဲ့သူ ယခုထိ မျှော်လင့်ချက်ထားနေသေးသူ ကိုမောင်မောင်ထွေး၏ သတင်းစကားကို အမြဲလာပါးတတ်သူ ကိုဘချမ်းကိုလည်း တင်းတင်းမာမာ မပြောရဲပြန်။ ကိုဘချမ်း ဘာတာဂီရခြံထဲကို မလာလျှင် ကိုမောင်မောင်ထွေး၏သတင်းမှာလည်း ဘာမှ မျှော်လင့်မရနိုင်ဖြစ်မည်မဟုတ်ပါလား။

ဒေါ်နန်းဖွဦးမှာ ဤသည်တို့ကို တွေး၍ ကိုဘချမ်းလာတိုင်း ကိုမောင်မောင်ထွေး၏သတင်းကို ကြား၍ ဝမ်းသာအားရသလို တစ်ဖက်ကလည်း သံသယစိတ်နှင့် အမြဲစိတ်မချမ်းမသာ ဖြစ်နေရလေသည်။

× × × × × × × × × × × ×

## အခန်း (၂၁)

ကစ္ဆပနဒီတွင် နေခဲ့ရစဉ်က လေးမြို့ကို လွမ်းမိသည်။ လေးမြို့က သာတာဂီရခြံထဲ မိသားစုအားလုံး ပြောင်းရွှေ့နေထိုင်နိုင်ကြလျှင် သိပ်ပျော်စရာကောင်းမှာပဲဟု ခိုင်မေထွေး ထင်ခဲ့သည်။ နေ့ရက်ပေါင်းများစွာ လနှင့် နှစ်နှင့်ချီ၍ လွမ်းဆွတ်တသခဲ့ရသော လေးမြို့က သာတာဂီရခြံထဲကို ယခုတိုင် ခိုင်မေထွေး မိသားစု ပြန်ရောက်နေကြပါပြီ။ သို့သော် ခိုင်မေထွေး တွေးထင်ခဲ့သလို ပျော်စရာကား ဘယ်လိုမှမကောင်းခဲ့။ စိတ်ညစ်စရာ သောကဒုက္ခနှင့်သာ ခြောက်လကျော် နပန်းလုံးခဲ့ရသည်။ ခိုင်မေထွေး၏အထင်နှင့်အမြင်သည် ပါစင်အောင်လွဲခဲ့ရသည်။ ယခုသော် ကိုမောင်မောင်ထွေးတစ်ယောက်မှာ ဘယ်တော ဘယ်တောင် ဘယ်နေရာ ဘယ်ဒေသရောက်နေသည်ဟုပင် တိတိကျကျမသိရ။ ကိုမောင်မောင်ကြီးကလည်း ဖွားဖွားကိုစိတ်နာကာ လေးမြို့ကို ယောင်၍ပင် တစ်ခါတစ်ခေါက် မပေါ်လာတော့။ ကစ္ဆပနဒီ၌သာနေသည်။ အဖေက 'မင်း ဒါဒါကို တစ်ခါတလေ လိုက်ကြည့်ပါလား သားရယ်' ဟုပြောလျှင် 'ကျွန်တော့်ကို ဒါဒါ သိပ်မုန်းတယ်တဲ့ ပါပါ။ မုန်းပါစေ မုန်းပါစေ၊ ဒါဒါမုန်းတဲ့ဒီမျက်နှာကို ဒါဒါ တစ်သက်မမြင်စေရပါဘူး .... မကြည့်စေရပါဘူးလို့ ကျွန်တော် စိတ်ပိုင်းဖြတ်ထားတယ်။ ကျွန်တော့်စေတနာကို ဘယ်လူမှ သဘောမပေါက်ဘူး။ ဒါဒါက ကျွန်တော့်ကြောင့် ကိုထွေး အိမ်ကထွက်သွားတယ်လို့ အမြဲ ကျွန်တော့်ကို ရှုံ့မုန်းနေတာ။ ကိုထွေးကလည်း ကျွန်တော် သူ့ကိုမုန်းလို့ မနာလိုလို့ ပြောတယ်ထင်ပြီး ကျွန်တော့်ကို စိတ်နာသွားတာ။ ကျွန်တော်က သူ့အတွက် သူ့ကိုချစ်လို့ပြောတယ်ဆိုတာ နည်းနည်းမှမရိပ်မိဘူး။ သူ အိမ်ကထွက်သွားတုန်းက 'ကိုကိုကြီးတို့ မဟာဆွေတော် မျိုးတော်တွေထဲမှာ ကျွန်တော်လို မိမစစ်ဖမစစ်တစ်ယောက် ဝင်ပါနေတာ နတ်သုဒ္ဓါထဲ မစင်တစ်ရွှေးသားရောနေတယ်လို့ ကိုကိုကြီး အမြဲထင်နေတယ်မဟုတ်လား တဲ့ စာရေးထားခဲ့တာ။ ကျွန်တော့်တစ်သက် မမေ့ဘူးပါပါ .... ကျွန်တော့်တစ်သက် မမေ့ဘူး ။ ကိုထွေး ကျွန်တော့်ကို သက်သက် အထင်လွဲတာ၊ အဲဒါလည်း ဒါဒါကြောင့်ပဲ။ ကျွန်တော်က သူ့အတွက် ဂရုဏာဒေါသနဲ့ ပြောတယ်ဆိုတာ ..... ကိုထွေးမသိဘူး။ ကိုထွေးက ကျွန်တော့်ကို သက်သက်အထင်လွဲပြီး အမုန်းကြီးမုန်းသွားတာ ကျွန်တော် ဝမ်းနည်းမဆုံးဘူး'

အဖွားဖြစ်သူအား သူနှင့်အတူလိုက်ကြည့်ရန် အဖေဖြစ်သူက ခေါ်တိုင်း ကိုမောင်မောင်ကြီးက အထက်ပါစကားများကို တွင်တွင်ပြော၍ ငြင်းဆိုခဲ့သည်။ ဖွားဖွားလိုက်ကြည့်ရန်ခေါ်တိုင်း ဤစကားတွေကိုပြော၍ နာကျည်းစွာ ငိုရှိုက်တတ်သည်။ သူ၏နှလုံးသားထဲတွင် ဖွားဖွားကို ကြီးစွာနာကျည်းနေခဲ့သည်။ ထို့ကြောင့် ဖွားဖွား အောက်ပိုင်းသေ၍ သာတာဂီရခြံထဲတွင် ခြောက်လလုံးလုံး ကြာခဲ့ပြီဖြစ်သော်လည်း ကိုမောင်မောင်ကြီးကား ဖွားဖွားကို နှစ်ခါသာ လာကြည့်ခဲ့သည်။ ထိုနှစ်ခါစလုံး၌ပင် ဖွားဖွားကလည်း တက်မတတ် ရှိုက်မတတ် အော်ဟစ်ကာ ကိုမောင်မောင်ကြီးကို မောင်းထုတ်ခဲ့ပေသည်။ လူ အတိဒုက္ခရောက်ရသည်မှာ ကိုမောင်မောင်ကြီးကြောင့်ဟု အမြဲကျိန်ဆဲခဲ့လေသည်။ ဖွားဖွားကို စိတ်နာသော ကိုမောင်မောင်ကြီးသည် ယခုတော့ အိမ်ကလူတွေအားလုံးကို စိတ်နာကာ မြစ်နားတန်းက ပိုက်သူကြီးသမီး မြဝါသူကို လက်ထပ်ယူပြီး ယောက္ခမအိမ်တွင် သွားနေသည်။ ဖွားဖွားအသက်ရှင်နေသေးသမျှ ကာလပတ်လုံး လေးမြို့သာတာဂီရခြံကို ခြေမချဟု နာကျည်းစွာကျိန်းဝါး၍ ဒိဋ္ဌာန်ပြုထားသည်ဟုဆိုသည်။

ကိုမောင်မောင်ကြီးဆီက ဤစကားကို ကြားရသောအခါ ခိုင်မေထွေးနှင့်မေမေတို့မှာ အကြိမ်ကြိမ် ငိုခဲ့ကြရသည်။ ဖွားဖွားကတော့ ပို၍ပင် ဝမ်းသာသော လေသံနှင့် 'အေး အဲဒီအဝဇာတသား ဒေါသကုမ္မာကိုပြောလိုက် ငါကလည်း နင့်မျက်နှာကို တစ်ခါမြင်ရမှ အသက်ရှင်မယ်ဆိုတာတောင် လာမကြည့်ဘူး မှတ်ပါလို့။ မုဆိုးတံငါသမီးကိုမှ လက်ဆက်ပြီး မိဖုရားမြှောက်ထားတဲ့ မောင်မင်းကြီးသား အသက်ရှည်ပါစေ ဘုန်းကြီးပါစေ .... အန္တရယ်မျိုး ကိုးဆယ့်ခြောက်ပါး ကင်းပါစေ'

ဖွားဖွား၏ကျိန်တွယ်သံကြောင့် ခိုင်မေထွေးမှာ ငိုပြီးရင်းငိုရင်းပင်။ ဖေဖေနှင့် ကိုမောင်မောင်လေးတို့ ရင်ထဲကလည်း ဝမ်းနည်းငိုကြွေးနေကြပေလိမ့်မည် ထင်သည်။ မေမေကတော့ မည်သူ့ကိုမျှ စကားသိပ်မပြောတော့ အရှမ်းအနောက်တွေလည်း မပြောတော့။ မနက်နှင့်ညနေတွင် အမေနှင့် ခြံထဲကအလုပ်သွားလုပ်ပြီး ညဆိုလျှင်လည်း အိမ်သိပ်မကပ်တတ်ပေ။ ဖဲကတော့ ယခင်ထက်ပင် ပိုရှိုက်သည်။ 'ငါ အိမ်မှာတောင် မနေချင်တော့ဘူး မေထွေးရ .... သိပ်စိတ်ညစ်တယ်ဟာ ဖြစ်နိုင်မယ်ဆိုရင် ကိုမောင်မောင်တို့လို တနယ်တကျေးပဲ ပြေးနေချင်တာ။ ငါ အိမ်မှာနေတာလည်း နင့်ကိုချစ်လို့ပဲ ဖေဖေလည်း အမြဲမရှိ ကိုမောင်မောင်တို့လည်း တစ်ယောက်မှမရှိကြတော့ နင့်ကို တခြားလူတွေ မထီမဲ့မြင်ပြုမှာ စိုးလို့ လူစော်ကားမှာစိုးလို့ ခွေးမရယ် သိရဲ့လား'

မေမေကလည်း ဖေဖေရှိရာကစ္ဆပနီသို့ သွားနေချိန်ကများ၌ သန်းခေါင်သန်းလွဲမှ အိမ်ပြန်လာတတ်သော ကိုမောင်မောင်လေးကို ခိုင်မေထွေးက ဆူလျှင် အောက်ပါအတိုင်း အော်တတ်ဆိုတတ်သည်။ မည်သို့ပင်ဆိုစေ ကိုမောင်မောင်

လေးတစ်ယောက်သည် ယခုတော့ နှမသယ်အပေါ်တွင် သံယောဇဉ်ရှိနေ၍ အိမ်ကထွက်မသွားသေးသည်ကိုပင် ကျေးဇူးတင်နေရမည်။

ကိုမောင်မောင်ထွေးနှင့်ပတ်သက်၍မူ ခြောက်လအတွင်းတွင် စာနှစ်စောင်ရခဲ့သည်။ နှစ်စောင်စလုံးသောစာတို့သည် ကိုဘချမ်းယူလာသောစာဖြစ်၏။ ခိုင်မေထွေးတို့ လေးမြို့နှင့်စာသော် ကိုဘချမ်းတို့ဥက္ကာ ကိုမောင်မောင်ထွေးတို့ရှိရာ ရိုးမတောင်ခြေနှင့် တစ်ဖက်တစ်ကမ်းဖြစ်နေသည့်အပြင် ကိုဘချမ်းအစ်ကို ကိုလှချမ်းကလည်း ကိုမောင်မောင်ထွေးတို့နှင့် အတူရှိနေသူမို့ ကိုဘချမ်းတို့ဘက်က ပို၍ အဆက်အသွယ် နီးစပ်လေသည်။

ကိုမောင်မောင်ထွေး၏ ပထမစာတွင် ဖွားဖွားကလွဲပြီး မည်သူ့အတွက်မှ တစ်လုံးတလေ မပါသော်လည်း ဒုတိယစာတွင်တော့ တစ်အိမ်သားလုံးကို သတိရကြောင်းပါသည်။ ဤသည်ကပင် ကိုမောင်မောင်ထွေးနှင့် ပတ်သက်၍ ဖွားဖွားတို့ ခိုင်မေထွေးတို့အတွက် မျှော်လင့်ချက်ရောင်ခြည်ဖြစ်ခဲ့သည်။ ကိုမောင်မောင်ထွေး၏စာကို တစ်နေ့တစ်ခါနှစ်ခါ သို့မဟုတ် ကိုမောင်မောင်ထွေးကို လွမ်းတိုင်း အမြဲထုတ်ထုတ်ဖတ်မိသဖြင့် ယခုဆိုလျှင် ခိုင်မေထွေးသည် အလွတ်ပင်ရနေလေပြီ။ အမှန်က ခိုင်မေထွေးသာမဟုတ် ဖွားဖွားကပင် စိတ်ကူးပေါက်တိုင်း ဖတ်ပြခိုင်းသဖြင့် ဖွားဖွားပင် အလွတ်ရနေလိမ့်မည်ထင်သည်။

"မေထွေးရေ"

မေထွေးတို့ ဒါဒါတို့သတိရသလို ငါလည်း မေထွေးတို့ ဒါဒါတို့ကို နေ့တိုင်းသတိရပါတယ်၊ မေထွေး ဒါဒါတို့တင်မကပါဘူး၊ မင်းမင်းကြီးနဲ့အရှင်ကြီး၊ ကိုမောင်မောင်တို့ကိုလည်း ငါသတိရတယ်။ တောထဲမှာ နေရတာ သိပ် စိတ်ဆင်းရဲတာပဲ မေထွေး .... တစ်လမှ ငါတို့ကို ဆေးလိပ်ဖိုးသုံးကျပ်ပေးတယ်။ မေထွေးတွက်ကြည့်ပေါ့ အိမ်မှာနေတုန်းကဆိုရင် သုံးရက်စာမှန့်ဖိုးပဲရှိတာယ်။ အစားအသောက် ဆင်းရဲတာတော့ ပြောတောင်မပြောချင်တော့ဘူး။ ဒါပေမင့် သည်ကြားထဲက နိုင်ငံရေးသင်တန်း တက်နေရတယ်၊ စစ်သင်တန်းတက်ရတယ်။ ငါတို့ပါတီမှာ ဒီလိုအနစ်နာခံ အဆင်းရဲခံပြီးမှ အောင်ပွဲအဆင့်ဆင့်ကိုရယူဖို့ ကြိုးစားရမယ်တဲ့။ ငါက နိုင်ငံရေးမှူးသင်တန်းတက်ပြီး နိုင်ငံရေးမှူးတစ်ယောက် နောက်က လိုက်နေရတယ်။ မြို့က ကျောင်းသားလူငယ်တွေ ခဏခဏပြန်ပြေးကြလို့ ခုဆို မကျူးရဘူးလို့ အထက်က အမိန့်ထုတ်ထားတယ်။ အဲဒါကြောင့် မေထွေးတို့ ဒါဒါတို့ သိပ်တွေ့ချင်ပေမင့် စိတ်မှန်းနဲ့

ပဲ လွမ်းနေရတယ်။ မေထွေးက 'တောနှင့်တောင်စွယ်' နဲ့ 'တောင်တောသာယာ' သီချင်းတွေ ဖွားဖွားနဲ့သင်ထားမယ် ပြောလို့ ကိုထွေးလည်း သီချင်းဆိုကြိုးစား သင်နေတယ်၊ မေထွေးနဲ့တွေ့ရင် ဆိုပြနိုင်အောင်လို့လေ။ ငှက်ကလေးတွေ တေးဆိုကြတယ်ဆိုတာ ဟိုတုန်းကတော့ ကိုယ် တစ်ကယ်နားမလည်ဘူး မေထွေးရယ်၊ သီချင်းထဲ စာထဲ အလကား အပိုရေးကြတယ် ထင်မိတာ။ တောထဲရောက်မှ ငှက်ကလေးတွေက တကယ်တေးဆိုကြတယ်ဆိုတာကို ကြားရတာယ် .... သိပ်သာယာတာပဲ။ ငှက်ကလေးတွေ တေးဆိုသံကိုကြားရင် မေထွေးတို့ကိုသတိရလို့ မျက်ရည်တောင် လည်မိတယ်။ ဒါတွေ ကိုယ်ရေးတော့ မေထွေးလေး စိတ်ကောင်းမှာမဟုတ်ဖူး၊ မေထွေးလေး စိတ်မကောင်းဖြစ်မည့်အကြောင်းတွေ ကိုထွေး ဘာမှမရေးချင်ဘူးကွယ် .... တော်တော့နော် .... မေထွေးတို့ ဒါဒါတို့ကို တွေ့ရအောင် ကိုထွေး တစ်နေ့လာဖြစ်အောင် လာအုံးမယ်၊ ကိုကိုလေးက ဖဲချည်းရိုက်နေသေးလား၊ မေထွေးကို အနိုင်ခံသေးလား၊ ဒါဒါနဲ့ တိုင်ပြောပေါ့။ ကိုထွေးလာရင် ကိုကိုလေး အတွက် ကုလားပြည်လုပ်ဖဲထုပ် ယူလာပေးမယ်ပြော။ ညညတောထဲမှာ လသာရင် မေထွေးနဲ့ဒါဒါတို့ သီချင်းဆိုကြတာတွေ ဓာတ်ပြားဖွင့်ပြီး နားထောင်ကြတာတွေ သိပ်သတိရတာပဲ။ ယနေ့တော့ မေထွေးတို့ဒါဒါတို့နဲ့ ကိုထွေး မုချဆုံကြရအုံးမှာပါ။

အားလုံးကျန်းမာကြပါစေ

အားလုံးကို သတိရနေပြီးဖြစ်သော
**ကိုမောင်မောင်ထွေး**

ကိုမောင်မောင်ထွေးသည် အမှန်တကယ်လည်း သူ့ဖွားဖွား၊ သူ့ညီမ၊ သူ့အစ်ကို၊ သူ့ဦးကြီး၊ သူ့ဒေါ်ကြီးတို့ကို သတိရတတ်နေလေပြီ။ တောထဲတွင် အစားဆင်းရဲ အနေဆင်းရဲဖြစ်သောအခါမှ သူ့အဖွား၏ အရိပ်အာဝါသသည် မည်မျှအေးချမ်းကြောင်း တွေးမိ၍ လွမ်းနေမိသည်။ 'ငါ့ကြောင့် တစ်အိမ်သားလုံး စိတ်မချမ်းမသာဖြစ်နေကြမှာပဲ' ဟုလည်း နောင်တရမိ၏။ သို့သော် လူမိုက်နောက်မှ သတိရ ဆိုသလိုဖြစ်နေလေပြီ။

ဤသည်တို့ကြောင့်လည်း ကိုမောင်မောင်ထွေး၏ ဒုတိယစာမှာ 'အောင်ဖဲ' ဟူသော သူ့ငယ်နာမည်မပါတော့ချေ။ အားလုံးသဘောကျ မှည့်ပေးထားသော

'ကိုမောင်မောင်ထွေး' အမည်ကိုသာသုံးလိုက်၏။ ပြီး မေထွေးဆီ ပေးလိုက်သော ဒုတိယစာ၏ပထမပိုဒ်းတွင် ပါတီစကားလုံး 'ငါ' ဟူသော အသုံးအနှုန်းကို သုံးပြီးရေးရင်းက နှမသယ်၊ ဖွားဖွားတို့ကိုလွမ်းကာ 'ကိုကိုထွေး' ဟု သတိချွတ်ယွင်းသွားပြီး ပါလာလေသည်။ ဤသည်ကိုထွေးကာ ကိုမောင်မောင် ထွေးသည် တစ်နေ့တော့ မုချပြန်လာလိမ့်မည်ဟု အားလုံးက ယုံကြည်မျှော်လင့်နေကြသည်။ သူ့စာထဲတွင် အစားဆင်းရဲသည်ဟုပါလာသဖြင့် ဖွားဖွားနှင့်မေထွေးတို့က ငွေ ၁၀၀ ပေးလိုက်ကြသည်။ 'အမြန်ဆုံးပြန်လာပါရန်' ဟုလည်း စာရေးလိုက်ကြသည်။

သို့သော် အချိန်ကာလမှာ ခြောက်လခုနစ်လကျော်သာ ကြာသွားသည်။ ကိုမောင်မောင်ထွေးကား ပေါ်မလာသေး။ ခိုင်မေထွေးနှင့် ဖွားဖွားတို့ပေးလိုက်သောငွေနှင့်စာပင် ရမရမသိရ။ မျှော်ရသူတို့မှာ သောကပင်လယ်ဝေနေကြသည်။ ကိုတာချမ်းဆီမေးကြည့်တော့ 'သူတိုတပ်ထဲက ရဲဘော်တစ်ယောက်နဲ့ ပေးလိုက်တာပဲဒါဒါရယ် ရမှာပါ။ ဘာမှပူမနေပါနဲ့။ ခုတာလော လေးမြို့မြစ်ထဲ စစ်သင်္ဘောတွေ တက်နေလို့ တစ်နေရာရာ ရှောင်နေကြရတာနဲ့ စာမပြန်တာနေပါလိမ့်မယ်။ ကျွန်တော့်အစ်ကိုဆီကလည်း စာမရတာ နည်းနည်းကြာသွားပါပြီ။ ကျွန်တော် သေသေချာချာစုံစမ်းပြီး ဒါဒါတို့ခိုင်ခိုင်တို့ကိုလာပြောပါဦးမယ်' ဟု ပြောသွားသည်။

ကိုမောင်မောင်ထွေးကိစ္စနှင့်ပတ်သက်၍ ယခုအခါ ခိုင်မေထွေးတို့ အိမ်သားတွေနှင့် ကိုတာချမ်းသည် လွန်စွာရင်းနှီးနေပြီဖြစ်သည်။ စားအိမ်သောက်အိမ်လိုဖြစ်နေသည့်အပြင် ခိုင်မေထွေးကိုလည်း သူလာတိုင်း ချစ်စကား ကြိုက်စကားတို့ကို အခွင့်သင့်တိုင်း လက်လွတ်မခံပြောတတ်၏။ ယခင် ပဉ္စမှာ ကျူးကျူးလွန်လွန်ဖြစ်ခဲ့ရသောညလိုအခွင့်အရေးကို ကိုတာချမ်းသည် အမြဲရှာကြံနေလေသည်။ ဤသည်တို့ကြောင့်လည်း ခိုင်မေထွေးသည် သူ့ကို အတတ်နိုင်ဆုံးရှောင်နေရ၏။

မည်သို့ဆိုစေ ခိုင်မေထွေးတို့မှာ ကိုတာချမ်း၏စကားကိုတော့ အလေးအနက်ထားကြရသည်။ ကိုမောင်မောင်ထွေးနှင့်ပတ်သက်လာလျှင် ခိုင်မေထွေးတို့ဖွားဖွားတို့မှာ ကိုတာချမ်းမှတစ်ပါး အားကိုးအားထားရာလူမရှိပါချေ။ ထို့ကြောင့်လည်း ဖွားဖွားသည် ထုံးစံအတိုင်း ကိုတာချမ်း တစ်ပတ်နှစ်ပတ်ပေါ်မလာလျှင် 'ဟိုသူငယ်လေး ပေါ်မလာပြန်ဘူး .... လေးမြို့မြစ်ထဲ စစ်သင်္ဘောတွေလည်း ဝင်သွားကြတယ်ကြားတယ်၊ ငါ့မြေးတို့ကိုများ သွားတိုက်ကြတာလား' ဟု အမြဲပူဆွေးသောကနှင့် စိတ်ဒုက္ခ ရောက်နေရသည်။

ကိုမောင်မောင်ထွေးနှင့်ပတ်သက်လာလျှင် ဖွားဖွားသည် သူ၏ဒုက္ခိတဘဝကိုပင် မေ့မေ့ပျောက်ပျောက်ဖြစ်နေတတ်လေသည် မဟုတ်ပါလား။

## အခန်း (၂၂)

"ခိုင် .... ခိုင်ခိုင်ရယ်"

"ဟော့ .... ဘာလာလုပ်ပြန်တာလဲ"

"တောက်"

ခိုင်မေထွေးသည် နာနာကျည်းကျည်းပင် 'တောက်' တစ်ချက်ခေါက်လိုက်သည်။ အံကိုတင်းတင်းကြိတ်ထားကာ လက်ထဲရှိဘာနှင့်သာ စိတ်ရှိလက်ရှိ ရိုက်နှက်သတ်ပုတ်ပစ်လိုက်ချင်သည်။

သူ့မျက်နှာကိုမြင်ရလျှင် ဒေါသဖြစ်ရသည်။ နာကျည်းခံပြင်းရသည်။ ပြီးတော့ မိမိကိုယ်ကိုလည်း ဆေးမစင်ကြောမစင်လောက်အောင် ရွံရှာစက်ဆုပ်နေမိသည်။ မိမိကိုယ်ကိုသာမဟုတ် သူ့ကိုလည်း ရွံရှာစက်ဆုပ်နေမိသည်။ သူကား ကိုတာချမ်းပင်တည်း။

သူ့မျက်နှာ သူ့အသံကိုကြားရလျှင် သူ့ကိုသာမဟုတ် ယခုတော့ ကိုမောင်မောင်ထွေးကိုပါ နာကျည်းတတ်နေပြီ။ ကိုမောင်မောင်ထွေးကြောင့် ခိုင်မေထွေးသည် ဤလိုဘဝရောက်ခဲ့ရသည် မဟုတ်ပါလား။

ကိုမောင်မောင်ထွေး အိမ်ကထွက်ပြေးသွားခဲ့သည်နှင့်ပတ်သက်၍ ကိုမောင်မောင်ကြီးကိုလည်း ခိုင်မေထွေးသည် မနာကျည်းစဖူး နာကျည်းနေမိသည်။ ခုနေအခါမှာ ခိုင်မေထွေးသည် အာလုံးကို နာကျည်းနေမိပေပြီ။ ထို့ကြောင့်လည်း ခါတိုင်း ကိုတာချမ်းလာလျှင် ကိုမောင်မောင်ထွေး၏ သတင်းကိုသာ ဦးဆုံးမေးတတ်ပါသော်လည်း ယခုတော့ ကိုမောင်မောင်ထွေးကို စိတ်နာကာ သူ့သတင်းကိုလည်း မကြားချင်ပါတော့။ သေသေပျောက်ပျောက် ရောက်ချင်ရာရောက် သွားချင်ရာသွားပါလေတော့။ သူ့ကို ခိုင်မေထွေး လုံးဝမမျှော်လင့်တော့ပြီ။

" ခုထိ ကိုယ့်ကို စိတ်ဆိုးနေတုန်းပဲလား ခိုင်ခိုင်ရယ်"

"ဟင် .... ဟင် မဆိုးပါဘူး"

ခိုင်မေထွေး နာနာကျည်းကျည်းတစ်ချက်ရယ်၍ ကိုတာချမ်း၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ကာ ပြောလိုက်သည်။

"ကိုယ့်ကို စိတ်မဆိုးပါနဲ့ ခိုင်ခိုင်ရယ် .... ဒီမှာကြည့်ပါအုံး၊ ခိုင်ခိုင်က သိပ်ဆိုးတာပဲ။ ဟိုနေ့က ခိုင်ခိုင်ကိုက်တဲ့ဒဏ်ရာ ကိုယ့်မှာ ခုထိ မပျောက်သေးဘူး"

ကိုတာချမ်းသည် သူ့နားရွက်အောက် မေးရိုးရင်း ပါးစောင်ကဒဏ်ရာကို ပွတ်၍ညည်းသည်။

ကိုတာချမ်း၏စကားက ခိုင်မေထွေး၏ရင်ကို နင့်ကနဲ ဆောင့်သွားခဲ့သည်။

ထိုနေ့ကို ခိုင်မေထွေးသည် ပြန်မတွေးချင်တော့။ ထိုနေ့ကအကြောင်းကို တွေးမိလျှင် အားလုံးကို နာကျည်းရသလို ရင်ထဲကလည်းမောရသည်။ အသဲနှလုံးထဲမှာ ဆို့ဆို့နင့်နင့်ခံစားခဲ့ရသည်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ ဝေဒနာမျိုးစုံခံစားခဲ့ရသောနေ့ကို ခိုင်မေထွေး ပြန်မတွေးချင်တော့။ သို့သော်သည်လိုနေ့မျိုးကို တစ်သက်တစ်ကမ္ဘာ မမေ့နိုင်ရှာသူကတော့ ထိုနေ့က အချစ်ဆုလာဘ် အမှတ်တံဆိပ်လက္ခဏာများကိုပြကာ ခိုင်မေထွေးအနားမှာ လာထိုင်သည်။ သည်တော့လည်း တွေးချင်ဘူးဆိုသော ထိုနေ့ကိုပင် ခိုင်မေထွေး၏စိတ်က ရုတ်တရက်ရောက်သွားသည်။

ထိုနေ့က ဖွားဖွားအိပ်ပျော်သော နေ့လည်ပိုင်းတွင် ကိုတာချမ်း ရေးကြီးသုတ်ပြာ ရောက်လာသည်။ နန္ဒဝကန်ကြီးနားတွင် ကိုမောင်မောင်ထွေးတို့ ရောက်နေသည်။ အစိုးရစစ်တပ်က နန်းကျုမှာရှိနေ၍ မြို့ထဲကိုမလာနိုးရဲသဖြင့် ခိုင်မေထွေးသည် ကိုမောင်မောင်ထွေးကို တွေ့လိုစောနှင့် ကိုတာချမ်းနှင့် နန္ဒဝကန်ကြီးတောစသို့ လိုက်သွားမိသည်။ ဤသည်မှာတင် ကိုတာချမ်းသည် ယခင် ပဉ္စာတိုက်ကြီးထဲမှာလို ခိုင်မေထွေး၏အချစ်ကို ဓါးပြတိုက်ယူပြန်သည်။ ထိုနေ့က ခိုင်မေထွေး၏ ခြေအစုံသည် မြေပြင်၌ တစ်လှမ်းချင်းလှမ်းလာမိသော်လည်း သတိမပါ သူလို အိပ်မက်ထဲလမ်းလျှောက်လာသူလို အသက်ဝိညာဏ်ကင်းမဲ့နေသည်။ တဒင်္ဂ တခဏအတွင်းတွင် အမှောင့်ပယောဂတစ်စုံတစ်ရာက ပူးကပ်လာသူလို ချောက်ချားဖွယ်ရာ တိတ်ဆိတ်လာသည်။

"ခိုင်ခိုင် .... ခိုင်ခိုင်ရေ ဘယ်လိုဖြစ်သွားတာလဲ ခိုင်ခိုင်ရယ်၊ စကားလည်း မပြောတော့ဘူး။ ငိုလည်းမငိုတော့ဘူး၊ ရယ်လည်းမရယ်တော့ဘူး၊ ခိုင်ခိုင်ကိုယ့်ကို မကျေနပ်ရင် ဆိုပါ၊ ပြောပါ၊ ဆဲပါ၊ ထုပါရိုက်ပါ ခိုင်ခိုင်ရယ် .... ဒီလိုချည်းတော့ လျှောက်မနေပါနဲ့ ကိုယ်ကြောက်တယ်"

မျက်ရည်တွေချည်း သွန်ချကာ မငိုမရှိုက်ပဲ တိတ်တိတ်ဆိတ်ဆိတ်ချောက်ချောက်ချားချား ဦးတည်ရာမဲ့ တစ်လှမ်းချင်း လျှောက်သွားနေသော ခိုင်မေထွေးကို ကိုတာချမ်းသည် 'ဘယ်လိုဖြစ်သွားပါလိမ့်' တောထဲတောင်ထဲတွင် သူမဆင်မခြင် မိုက်မှားမိသည့်အတွက် တစ်စုံတခု အမှောင့်ပယောဂများပင် ဝင်ပူးသွားလေသလား၊ ခိုင်မေထွေးသည် လူစိတ်နှင့် မိန်းကလေးတစ်ယောက်ပင် ဟုတ်သေးရဲ့လား ယခု မျက်ရည်တွေချည်း သွန်ချကာ ငိုလည်းမငို၊ ရှိုက်လည်းမရှိုက် စကားဆို၍လည်း တစ်ခွန်းတလေမှ မပြောတော့ဘဲ ချောက်ချားဖွယ်ရာ သွားနေ

သူမှာ ခိုင်မေထွေးမှ ဟုတ်ပါရဲ့လား' ဟူသော စိုးရွံ့ထိတ်လန့်စိတ်နှင့် ကိုဘချမ်းသည် ခိုင်မေထွေး၏လက်ကိုဖမ်းဆွဲကာ ငိုသံပါကြီးနှင့် မေးမိသည်။ သို့သော် ခိုင်မေထွေးသည် ကိုဘချမ်းအား မည်သို့ပြန်ပြောရမှန်းမသိတော့။ ရင်ထဲတွင် ဆို့ကြပ်ကာ တောထဲ၌ ဦးတည်ရာမဲ့သာ လျှောက်သွားနေမိသည်။

အမှန်မှာ ခိုင်မေထွေး၏ရင်ထဲ၌ နာကျည်းကျေကွဲစိတ်များသည် အဆမတန် အစိုင်အခဲဖြစ်ကာ ကျောက်သားကျောက်ဆောင်များလို မာကြောသွားလေပြီ။ ထိုစိတ်က အားလုံးကိုဖုံးလွှမ်း၍ ငိုမရ ရယ်မရ အနိုင်ကျင့်သူကို ဆဲရဆိုရမှာလည်း မသိတော့ပေ။ မထွေးနိုင်မအန်နိုင်ဖြစ်ကာ ရင်ထဲ သပ်လျှိုထားသလို တင်းကြပ်ဆို့နင့်နေပါလေပြီ။

"ခိုင်ခိုင် .... ကိုယ်တို့မြင်းလှည်းက ဒီဘက်မှာပါ။ ခိုင်ခိုင် ဘယ်ကို သွားအုံးမလို့လဲ လာပါ ခိုင်ခိုင်ရယ် ဒီကို"

ကိုဘချမ်းက သူ့ပုခုံးနှစ်ဖက်ကို ဆွဲဖက်ပြီး ခေါ်လာပြန်တော့လည်း နည်းနည်းမှရုန်းခြင်း တွန်းခြင်းမရှိဘဲ ကိုဘချမ်းဆွဲခေါ်ရာသို့သာ ငြိမ်ငြိမ်သာသာ လိုက်ပါလာပြန်သည်။ ကိုဘချမ်း၏ ရင်ခွင်အောက်ကထွက်လာသူ တစ်ယောက်အနေမှာ လက်ကလေးကိုင်ကာ ပခုံးဖက်တာလောက်တော့ အစွန်းအထင်းဟုမထင်တော့။ သို့သော် မြင်းလှည်းနားရောက်လာသည်အထိ မျက်ရည်ကတော့ သွန်ချတုန်း။ စကားဆို၍ကတော့ လုံးဝဆိုလုံးဝ တစ်ခွန်းမှမပြော။ သူ့ရင်ထဲ မည်ပုံခံစားနေရသည်ကို ကိုဘချမ်းမှာလည်း မတွေးတတ်တော့။ ဤမိန်းကလေးသည် သူ့အဖွားလိုဖြစ်သွားမှာ သူက ကြောက်ရွံ့နေမိသည်။

ကိုဘချမ်းသည် ခိုင်မေထွေးအား မြင်းလှည်းပေါ် ပွေ့တင်ပေး၏။ ပွေ့တင်လိုက်တော့လည်း မြင်းလှည်းပေါ် ရုပ်ထုတစ်ခု ချထားလိုက်သလို တည်နေပြန်သည်။ ဘာစကားမှ မပြောမဆို မျက်လုံးအစုံက မျက်ရည်တွေ ဒလဟော သွန်ကျနေသော်လည်း ခိုင်မေထွေး၏ မျက်နှာမှာ အသက်မရှိသလိုပင် အေးစက်မာကြောနေသည်။ မျက်တောင်ပင် မခတ်တော့ဘူးလားထင်၍ ကိုဘချမ်းက ထိတ်ထိတ်လန့်လန့်နှင့် ခိုင်မေထွေးကိုပွေ့ဖက်ကာ မျက်ရည်တွေကိုသုတ်ပေး၏။ သို့သော် ခိုင်မေထွေး၏မျက်ဝန်းအစုံမှ မျက်ရည်တို့ကား သုတ်၍မနိုင်လောက်အောင် သွန်ကျလျှက်ရှိလေတော့သည်။

"ခိုင်ခိုင် .... ကိုယ့်ကို သိပ်စိတ်နာသွားပလား .... ခိုင်ခိုင်ရယ်"

ခိုင်မေထွေးက ဘာမှပြန်မပြော။

"ခိုင်ခိုင် ကိုယ့်ကို မချစ်ဖူးလားဟင်"

စကားဆိုရန်မပြောနှင့် နည်းနည်းမှ မလှုပ်ရှား။

နောက်ဆုံးတော့ ကိုဘချမ်းမှာ ခိုင်မေထွေးကို တစ်အားပွေ့ဖက်ကာ ဟီးချ၍ငိုလိုက်သည်။ စော်ကားခံရသူက မငိုသောအခါ ယခုတော့ စော်ကားသူ

မှာ ထိတ်လန့်ချောက်ချား၍ ငိုရလေပြီ။

သည်တော့ ခိုင်မေထွေးက နည်းနည်းလှုပ်ရှားလာသည်။ "ပြန်ကြတော့မယ်ကွယ်" ဟု အသံတိမ်တိမ်နှင့် ပြောလာ၏။

"ပြန်ကြမယ်ဟုတ်လား ခိုင်ခိုင်"

"မေမေတို့ ကိုလေးတို့ ခြံထဲက ပြန်လာခါနီးနေပြီ"

"ဟုတ်တယ် ခိုင်ခိုင် .... ကိုယ်တို့ ပြန်ကြတော့မယ်နော်"

ကိုတချမ်းသည် ခိုင်မေထွေး စကားပြောလာပြီဖြစ်သဖြင့် ဝမ်းသာအားရနှင့် ဖက်ထားသောလက်ကို ဖြုတ်လိုက်သည်။

သူ့အနေမှာ ခိုင်မေထွေးကို အသက်မကချစ်ရသူမို့ ခိုင်မေထွေး တစ်စုံတစ်ခုဖြစ်သွားမှာကို အမှန်တကယ် မလိုလားပါပေ။ မတော်တဆ ခိုင်မေထွေး ရူးသွားလျှင်တော့ သူပါရူးရလိမ့်မည်ထင်သည်။

"ခိုင်ခိုင် .... ဘာမှ ဝမ်းမနည်းပါနဲ့နော် ခိုင်ခိုင့်ကို ကိုယ်တစ်ကယ်ချစ်လို့ ကြံမိကြံရာ ကြံမိတာ ခွင့်လွှတ်ပါနော် .... ခိုင်ခိုင့်ကို ကိုယ်လေ တစ်သက်လုံး သစ္စာရှိပါ့မယ် .... ခိုင်ခိုင့်ကို တွေ့စကပင် ကိုယ်လေဘယ်လိုချစ်မှန်းမသိဘူး .... ဘယ်လိုပြောရမှန်းလည်း မသိပါဘူးကွယ် .... တိတ်ပါတော့ ခိုင်ခိုင်ရယ် .... ခိုင်ခိုင့်က ဒီလို မျက်ရည် တွေချည်း သွန်ချနေတော့ ကိုယ့်အသဲနှလုံးတွေဟာ ခိုင်ခိုင့်မျက်ရည်နဲ့အတူ ကြွေကျကုန်ပါလိမ့်မယ်ကွယ်နော် .... နော်"

ကိုတချမ်းသည် မြင်းလှည်းကြိုးကို လက်တစ်ဖက်တည်းနှင့် ထိန်းမောင်းကာ ကျန်လက်တစ်ဖက်နှင့် ခိုင်မေထွေး၏ ကိုယ်လုံးလေးကို လွတ်ထွက်မသွားအောင် သိုင်းဖက်၍ တစ်လမ်းလုံး စကားတတွတ်တွတ် ပြောလာသည်။

"ဒါက ဘယ်လဲလို့"

လမ်းခွဲရောက်၍ ပဉ္စတက် မြင်းဦးခေါင်းလှည့်လိုက်သောအခါ ခိုင်မေထွေးက ငိုသံပါနှင့်မေး၏။

"မထူးတော့ပါဘူး ခိုင်ရယ် .... ကိုယ်တို့ ပဉ္စကိုပဲ လိုက်ခဲ့ပါတော့နော်"

ကိုတချမ်းက ခိုင်မေထွေးကို တစ်ခါတည်း ခိုးပြေးသွားတော့မည်ဟူသော ဆုံးဖြတ်ချက်နှင့်ပြောလိုက်၏။

"မဖြစ်ပါဘူး .... ခိုင်ခိုင်မရှိရင် ဒါဒါ ဘယ်လူနဲ့နေမလဲ"

ခိုင်မေထွေးက အပြစ်ကင်းစင်သော ကလေးငယ်တစ်ယောက်လို စကားဆိုလာ၏။ ဤစကားက ကိုတချမ်းရင်ကို ဆို့နင့်သွားစေလေသည်။

"အိုကွယ် ...... ခိုင်ခိုင်တို့အိမ်မှာ လူတွေအများကြီးရှိတဲ့ဥစ္စာ"

"တခြားလူတွေ ရှိချင်ရှိပါမယ့် .... ခိုင်ခိုင်မရှိရင် ဒါဒါ နေတတ်မှာမဟုတ်ပါဘူး .... ခိုင်ခိုင်ကလွဲရင် ဒါဒါ ဘယ်လူနဲ့မှ မနေတတ်ဘူး ခိုင်ခိုင်လဲ ဒါဒါ့ကို မခွဲနိုင်ပါဘူး"

ယခုအချိန်ထိ သူ၏မျက်နှာကို တစ်ချက်မော့မကြည့်ဘဲ အသံလေးနင့်နင့်နှင့် သနားစဖွယ်စကားဆိုလာသော ခိုင်မေထွေးကြောင့် ကိုဘချမ်းမှာ တစ်ဖက်က ဝမ်းသာရသလို တစ်ဖက်ကလည်း သိပ်သိမ်မွေ့နူးညံ့ပြီး သနားစရာကောင်းသောမိန်းကလေးတစ်ယောက်ကို ငါစော်ကားမိလေခြင်းဟု ယူကျုံးမရဖြစ်သွားမိသည်။ သူ့အဖွားအား ခိုင်မေထွေးသည် မည်မျှ သံယောဇဉ်ကြီးမားနေသည်ကို သိရသောအခါ ရင်ထဲနင့်ရပြန်၏။ ချစ်မိလိုက်သည်မှာလည်း ခိုင်မေထွေး၏ တစ်ကိုယ်လုံးကို တစ်အားသိမ်းကျုံးဖက်ကာ လုံးထွေးဆုပ်နယ်၍ရလျှင် လုံးထွေးဆုပ်နယ်ပြီး မျိုချ၍သာ ချလိုက်ချင်တော့သည်။

"ကိုယ်ကလည်း ခိုင်ခိုင့်ကို မခွဲနိုင်တော့ပါဘူး အချစ်ရယ် .... ခိုင်ခိုင်နဲ့သာခွဲနေရရင် လွမ်းနာကျပြီး ကိုယ်သေလိမ့်မယ် သိလား"

"ခိုင်ခိုင့်ကိုချစ်ရင် အိမ်ပြန်ပို့ပေးပါ .... ခိုင်ခိုင် ဒါဒါနဲ့ ခွဲနေရရင် သေမှာပဲ သေမှာပဲ"

သည်တစ်ခါတော့ ခိုင်မေထွေးသည် ကိုဘချမ်း၏ကျောကုန်းကို နောက်ကနေ တစ်အားဖက်ကာ ကျုံ့ကျုံ့ပါအောင် ငိုတော့သည်။

"အို .... ဘယ်လိုဖြစ်တာလဲ ခိုင်ခိုင်ရယ် .... ခိုင်ခိုင်ငိုတော့ ကိုယ်မကြည့်နိုင်ပါဘူးပြောတဲ့ဥစ္စာ .... ကဲ တိတ်တိတ် .... အိမ်ပြန်ပို့ပေးပါ့မယ် .... ပဉ္စလည်း မသွားတော့ဘူး"

ခိုင်မေထွေးငိုလျှင် ရင်ထဲ ဆို့ဆို့တက်တတ်နေပြီဖြစ်သော ကိုဘချမ်းကလည်း ခိုင်မေထွေးကိုဖက်ပြီးငိုပြန်၏။

သည်လိုနှင့် သာတာဂီရ်ခြံဘက် လမ်းခွဲသို့ ရောက်လာ၏။

"ခိုင်ခိုင် ဒီကပဲ ဆင်းလျှောက်သွားတော့မယ်နော်"

"အို .... ဘယ်ဖြစ်ပါ့မလဲ ခိုင်ခိုင်ရယ် .... ကိုယ် အိမ်အရောက် ပို့ပေးပါရစေ"

"မဖြစ်ပါဘူး .... ဒါဒါသိမှာ ခိုင်ခိုင်ကြောက်တယ်"

ကိုဘချမ်းသည် မြင်းလှည်းကိုရပ်ပြီး ခဏတွေနေ၏။

"ခိုင်ခိုင် ပဉ္စကို တစ်ခါတည်း လိုက်ခဲ့ပါတော့ကွယ်"

ကိုဘချမ်းက ဒုတိယအကြိမ် ကြိုးစား၍ ခေါ်ကြည့်ပြန်၏။

"မဖြစ်နိုင်ပါဘူး .... ဆိုနေတဲ့ဥစ္စာ"

"ကဲ သည်လိုဆို ခိုင်ခိုင်တို့အိမ် ကိုယ် လိုက်နေရင်ကော"

"ဘယ်လူက လက်ခံမှာလဲ"

"ခိုင်ခိုင်တော့ လက်ခံမယ်မှတ်လား .... တခြားဘယ်လူ လက်မခံခံ ခိုင်ခိုင်တစ်ယောက် လက်ခံရင်ပြီးရော ကိုယ်လိုက်နေမယ်ကွယ်။ ခိုင်ခိုင်နဲ့ခွဲပြီး ကိုယ်နေတတ်တော့မှာ မဟုတ်တော့ဘူး"

"သူများစိတ်ညစ်အောင် မပြောပါနဲ့လို့ဆိုနေ ဒီလိုဗွတ်ချည်း သူများကို အနိုင်ကျင့်တယ်"

"အို .... ခိုင်ခိုင် .... မငိုနဲ့၊ မငိုနဲ့၊ ကဲပါ ကိုယ်သွားပါ့မယ် .... သိပ် စိတ်ညစ်တာပဲကွယ်"

ခိုင်မေထွေး၏ မျက်လုံးအိမ်ထဲက ဤတစ်ခါ မျက်ရည်တွေ ပြန်ကျလာလျှင် တိတ်မှာမဟုတ်တော့ဆိုသည်ကို ကြောက်ရွံ့နေမိသူ ကိုဘချမ်းမှာ ဤတစ်ခါ လက်လျှော့လိုက်ရလေပြီ။

ခိုင်မေထွေးသည် ထိုနေ့ညနေ နောက်သို့ တစ်ချက်မျှပင် လှည့်မကြည့်ခဲ့ပဲ သူတို့ခြံရှိရာဘက်သို့ လှမ်းထွက်သွားလေသည်။ ပဉ္စာ လမ်းခွဲတွင် မြင်းလှည်း တစ်စီးနှင့် ငေးကျန်ရစ်သူကတော့ ကိုဘချမ်းပင်။

ကိုဘချမ်းသည် အမှန်တကယ်လည်း မနေတတ်တော့။ ထို့ကြောင့်လည်း ခိုင်မေထွေးတို့အမေအစ်ကိုတွေ ခြံထဲဆင်းနေတတ်သော နေ့ခင်းနေ့လည် လူရှင်းချိန်ကိုရွေးကာ ခိုင်မေထွေးဆီ နေ့တိုင်းရောက်တတ်သည်။

ခိုင်မေထွေးအနားတွင် တွတ်တီးတွတ်တာပြောကာ ခိုင်မေထွေး၏ အချစ်ကို အမြဲတောင်းခံခဲ့သည်။ သို့သော် ခိုင်မေထွေးကမူ သူ့ကို ချစ်သည်လည်း မပြော၊ မုန်းသည်လည်းမပြောပဲ ရှောင်၍သာနေ၏။ ထိုအခါ ကိုဘချမ်း၏ ရင်ထဲမှာ ဝေဒနာက တနှန်းနှန်းနှင့် ဖြစ်ချင်ရာဖြစ် ယခင်အခါများကလို ဗွတ်ချစ် ပစ်ချင်စိတ်သာ ပေါက်လာတော့သည်။

ထိုဝေဒနာနှင့်ပင် ကိုဘချမ်းသည် ယနေ့လည်း ခိုင်မေထွေးဆီ ရောက်လာရပြန်၏။ သို့သော် ယနေ့သူလာသည်မှာ ပဉ္စာကလာခြင်းမဟုတ်။ ကစ္ဆပနဒီက လာခြင်းဖြစ်သည်။ သူသည် မနေ့က ခိုင်မေထွေးဆီကပြန်ပြီး ပဉ္စာကိုမသွားဘဲ ကစ္ဆပနဒီကိုသွားကာ ကစ္ဆပနဒီတွင် ညအိပ်ခဲ့သည်။ ခိုင်မေထွေးကို သတိရသော်လည်း ဤနေ့တော့ ခိုင်မေထွေးဆီမသွားတော့ဟု မုန်းထားခဲ့သည်။ နေ့တိုင်းသွားနေလျှင် ခိုင်မေထွေးကလည်း ဈေးတက်သည်ဟု စိတ်ထဲက အချဉ် ပေါက်လာ၏။ ထို့ကြောင့် ကစ္ဆပနဒီတွင် နှစ်ညအိပ်မည်ဟု မုန်းထား၏။ ထိုသို့ မုန်းထားကာမှ ကစ္ဆပနဒီဈေးထဲတွင် ခိုင်မေထွေး၏ အမေနှင့် ကိုမောင်မောင်လေး၊ မရှိန်နှီ၊ ကိုရန်သာတို့ကို မြင်လိုက်ရသည်။ ထိုအချိန်မှာ နေစောင်းနေပြီဖြစ်သဖြင့် သူတို့သည် ကစ္ဆပနဒီတွင် ညအိပ်ကြလိမ့်မည်ကို အတတ်သိသည်။ ဒေါ်ဝေဝေ ခိုင်သည် သူ့ယောကျာ်းကို လွမ်းရင်းနှင့် ကုန်ပို့ရင်းလာခြင်းလည်း ဖြစ်နိုင်သည်။

ခိုင်မေထွေးကို လွမ်းသောစိတ်သည် ကိုဘချမ်းရင်ထဲမှာ တဒိတ်ဒိတ် ခုန်လာ၏။ ခိုင်မေထွေးအမေနှင့် ခိုင်မေထွေးအစ်ကိုတို့မရှိလျှင် သူ့အတွက် အခွင့် အရေးကသာသည်။ ထို့ကြောင့် ဖြစ်လိုရာဖြစ်စေတော့ ပဉ္စာကိုသွားရင်း လမ်းခု လပ်တွင် နေဝင်သည်ကို အကြောင်းပြကာ ခိုင်မေထွေးတို့အိမ်တွင် တစ်ညဝင်

နားသွားမည်ဟူသော ဆုံးဖြတ်ချက်နှင့် ချက်ချင်းလေးမြို့သို့ ပေါက်ချလာမိသည်။

ခါတိုင်းနေ့တွေလို နေ့ခင်းနေ့လည်မဟုတ်တဲ မိုးချုပ်ခါနီးမှ ရောက်လာသော ကိုဘချမ်းကို ခိုင်မေထွေးကလည်း အံ့သြနေ၏။

ထို့ကြောင့် "ဘာလာလုပ်ပြန်တာလဲ" ဟုမေးသည်ကို ကိုဘချမ်းကလည်း ဟုတ်တိုင်းမှန်ရာ "ခိုင်ခိုင့်ကို လွမ်းလို့ပါဆိုနေမှ" ဟု ငိုသံနှောကာ နွဲ့၍ ပြောသည်။

"ဒီမှာတွေ့လား ခိုင်ခိုင်ကိုက်တဲ့ဒဏ်ရာ ခုထိမပျောက်သေးဘူး၊ ဒီကနေ့တော့ သူ့ကိုပြန်ကိုက်ရမယ်"

"ကိုဘချမ်းနော်"

ခိုင်မေထွေးက ကိုဘချမ်းကိုငေါက်ပြီး အိမ်ပေါ်ထပ်တက်သွားသော အခါ ကိုဘချမ်းမှာလည်း ခိုင်မေထွေးနောက်က တက်လိုက်လာပါလေသည်။

"ခိုင်ခိုင် ကိုယ်ဒီည သည်မှာအိပ်မယ်နော်"

"မအိပ်ရပါဘူး"

"ဘာဖြစ်လို့"

"အိမ်မှာ ဘယ်သူမှ မရှိတာ"

"ဘယ်ကိုသွားကြလဲ"

ကိုဘချမ်းက သိလျက်နှင့်မေး၏။

"ပါပါဆီကို"

"ခိုင်ခိုင်ရှိရင်ပြီးရော"

"ဟင်"

ခိုင်မေထွေးက လှေခါးပေါ်တွင် ကိုဘချမ်းကို တဘောင်နှင့်တွက်ထား ခဲ့သည်။

သည်လိုနှင့် အိမ်ပေါ်ရောက်သောအခါ ကိုဘချမ်းသည် ကိုမောင်မောင် လေးအခန်းထဲ ဝင်သွား၏။ သူမှာ ဤအိမ်ကို အမြဲသွားလာနေသူမို့ မည်သူ မည်သည့်အခန်းတွင်ရှိသည်ကို အတတ်သိသူ မဟုတ်ပါလား။

ခိုင်မေထွေးသည် ဖွားဖွားနှင့် သူ့အခန်းရှိရာ အနောက်ဆောင်သို့ ကူး လာသည်။ သို့သော် ကိုဘချမ်းသည် သည်ကနေ့ည အိမ်မှာရှိပါလားဟူသော စိုးရိမ်စိတ်နှင့် ရင်ထဲ တထိတ်ထိတ်ခုန်လာလေသည်။

ဖွားဖွားကို အပေါ်ထပ်အနောက်ဆောင်၏ဘေးက ဝရန်တာတွင် တွေ့ ရလေသည်။ အိမ်ထဲတွင် မှောင်စပြုနေပြီဖြစ်သော်လည်း အပြင်တွင် ဆည်းဆာ ၏နေရောင်ခြည်ပျော့ပျော့သည် လှပနေဆဲတည်း။ ဖွားဖွားသည် ဆည်းဆာ၏ အလှကို ငေးကြည့်ကာ တစ်စုံတခု တွေးနေပုံရသည်။

"ဒါဒါ ခိုင်ခိုင် ဘာလုပ်ပေးရမလဲ"

"မလိုပါဘူး ခိုင်ခိုင်ရယ် .... ဘုရားမီး ထွန်းပြီးပါလား၊ သောက်တော်ရေ ကော"

"ခုသွားမယ် ဒါဒါ"

"အေး .... အေး .... သာစုကွယ် .... သာစု .... သာစု၊ ဒါဒါ ဒီမှာပဲ ခဏနေအုံးမယ် မြေးရယ်"

ဖွားဖွားသည် ကိုမောင်မောင်ထွေးကြောင့် အောက်ပိုင်းတစ်ပိုင်းသေ သွားပြီးသောနေ့ကပင်စ၍ သီချင်းဆိုညည်းခြင်း စောင်းတီးခြင်းကို လုံးဝစွန့်လွှတ် ထားသည်။ သီချင်းညည်းမည့် စောင်းတီးမည့်အချိန်တွေကို တရားစာဖတ်ခြင်း ဝိပဿနာပွားခြင်းဖြင့် အချိန်ကုန်နေတတ်သည်။

ခိုင်မေထွေးသည် ဦးဆုံး ဘုရားဆီမီးပူဇော်၏။ ပြီး သောက်တော်ရေ ကပ်သည်။ ဆုတောင်းသည်။ ခါတိုင်းနေ့စဉ်လုပ်နေကျ အလုပ်တွေကို တာဝန်မ ပျက်လုပ်သည်။ သို့သော် ကိုမောင်မောင်ထွေးအခန်းထဲက လိုက်ကာလေးလှစ်၍ ခဏခဏခေါင်းပြူကြည့်တတ်သော ကိုဘချမ်းကြောင့် ဆုတောင်းပင်မဖြောင့် ပေ။ ခိုင်မေထွေး၏ လှုပ်ရှားမှုကို ကိုဘချမ်းသည် တစ်ချိန်လုံး ကွက်ကြည့်ကွက် ကြည့်လုပ်နေ၏။

ညကိုးနာရီကျော်သောအခါ အိမ်အောက်မီးဖိုဆောင်က ဒေါ်သာထက် သည် ဖွားဖွားနှင့် ခိုင်မေထွေးတို့အတွက် ဟောလစ်လာပို့သည်။ မရှိန်ဇီက အဖေ့ဆီလိုက်သွားသဖြင့် မရှိန်ဇီကိုယ်စား လာပို့ခြင်းဖြစ်လေသည်။ ခါတိုင်းနေ့ ဆိုလျှင် ဤတာဝန်သည် မရှိန်ဇီ၏တာဝန်ပင်။

ဖွားဖွားအိပ်၍ ဒေါ်သာထက် အိမ်အောက်ထပ် ပြန်ဆင်းသွားသော အခါ ခိုင်မေထွေးမှာ ရင်ခုန်နေမိသည်။ ဤသည်ကို ဘယ်လိုလွှန်မြောက်ရမှန်း မသိ ဖြစ်နေလေသည်။

ဘုရားဆောင်မှ မီးဖယောင်းတိုင်တို့သည် တစ်တိုင်ပြီးတစ်တိုင် ငြိမ်း ကုန်ကြသည်။ အမှောင်သည် တစ်စစဝါးမျိုလာသည်။ ခိုင်မေထွေးသည် အမှောင်ထဲ၌ ငုတ်တုတ်ထိုင်နေမိသည်။ ကိုဘချမ်းတစ္ဆေသည် သူ့ကို ခြောက် လှန့်လျှက် ရှိလေသည်။ မည်သို့ လုပ်ရပါမည်နည်း။

"ခိုင်ခိုင်ရေ .... ခိုင်ခိုင်"

ပိတ်ထားသော အနောက်ဆောင်တံခါးကို ကုတ်ခြစ်သံနှင့်အတူ ကိုဘ ချမ်း၏တီးတိုးခေါ်သံကို ကြားရသောအခါ ခိုင်မေထွေး၏ တစ်ကိုယ်လုံးမှာ ကြက်သီးတဖြန်းဖြန်းထသွားမိသည်။ သိပ်ခက်တာပဲ ဘယ်လိုလုပ်ရပါ့မလဲ .... ဒါဒါနိုးသွားရင် .... ခက်တော့မှာပဲ ပြေးပြီး မင်းတုတ်ကိုဖြုတ်၍ ဖွင့်လိုက်သည်။

"ဆာလိုက်တာ ခိုင်ခိုင်ရေ"

"သေသေ .... သိပ်ဖွတ်လုပ်တာပဲ ဘာလို့လာတာလဲလို့"

ခိုင်မေထွေးသည် စိတ်ဆိုးဆိုးနှင့် ကိုဘချမ်း၏ ကိုယ်ကို အမှောင်ထဲတွင် ဆီးတွန်းပစ်လိုက်သည်။

"ညနေကတော့ ခိုင်ခိုင့်ကို တွေ့ချင်ဇောနဲ့လာတာ ထမင်းစားခဲ့ဖို့ သတိမရဘူး သိပ်ဆာတာပဲကွယ်၊ ကိုယ့်ကို တစ်ခုခုကျွေးပါလား"

"သူ့အသံကလည်း ကျယ်လိုက်တာ ဖွားဖွားသိရင် ခိုင်ခိုင့်ကို သတ်တော့မှာပဲ" ဟူသောအတွေးစိတ်နှင့် ခိုင်မေထွေးသည် ကိုဘချမ်းကို လက်ဆွဲခေါ်လာမိသည်။ ထမင်းမစားခဲ့ရသေးဆိုသဖြင့် သနားသွားမိ၏။ အိမ်အောက်တွင် ဘီစကွတ်ငှက်ပျောသီးတွေ သွားယူပေးမည်ဟု တွေးမိ၏။

သည်မှာတွင် ခိုင်မေထွေး အလိမ်ခံရပြန်လေပြီ။

အနောက်ဆောင်နှင့် ကိုမောင်မောင်တို့အိပ်ခန်းတွေကြား ဖြတ်ကိုက်နားအရောက်မှာ ကိုဘချမ်းသည် ခိုင်မေထွေးအားဖက်ထားလေသည်။ သူ၏ အဖွေ့အဖက် အနမ်းအရှုပ်ထဲတွင် ခိုင်မေထွေး၏ စိတ်ရောကိုယ်ပါ ပျော့ခွေသွားမိသည်။ မည်သည့်အမှုကိစ္စမဆို တစ်ခါကျူးလွန်ဖူးသူသည် နောက်တစ်ခါ ကျူးလွန်ရန် ဝန်မလေးတတ်တော့။ ထိုတစ်ခါသာ စိတ်၏ခက်ခဲမှု ကိုယ်၏ခက်ခဲမှု ရှိသော်လည်း နောက်တစ်ခါမှာမူ သာမန်ကိစ္စသာ ဖြစ်သွားလေသည်။ သည်စိတ်နှင့်ပင် ကိုဘချမ်းသည် အတင့်ရဲလာလေသည် မဟုတ်ပါလား။ ခိုင်မေထွေး၏ စိတ်ရောကိုယ်ပါ တစ်ညလုံး လေထဲတွင် လွင့်မျောနေမိသည်။

"ခေါက် .... ခေါက် .... ခေါက်"

"ဒေါ်ဒေါ်ရေ .... ဒေါ်ဒေါ် .... ဒေါ်သာထက်"

အောက်ထပ်အိမ်ရှေ့မှ တံခါးခေါက်သံကို ဦးဆုံးကြားလိုက်ရ သူမှာ ကိုဘချမ်းပင်ဖြစ်သည်။

"ခိုင်ခိုင် .... ခိုင်ခိုင် .... ဘယ်သူလဲဟင်"

ရုတ်တရက် ခေါင်းနပန်းကြီးသွားသူ ကိုဘချမ်းက ခိုင်မေထွေးကို လှုပ်နှိုး၍မေး၏။ ခိုင်မေထွေးမှာလည်း ခေါင်းနပန်းကြီးသွားမိသည်။ ထို့ကြောင့် ကိုဘချမ်း၏ လက်မောင်းတစ်ဖက်ကို ကတုန်ကယင်နှင့် ဆုပ်ကိုင်ကာ နားစွင့်၍ အသက်ကိုအောင့်ထားမိသည်။

"ဒေါ်ဒေါ်ရေ .... ဒေါ်ဒေါ်"

"ဟော့ ကိုကိုလေးလား"

ဒေါ်သာထက်၏ မေးသံကို ကြားရသည်။

"ဟုတ်ကဲ့"

ခိုင်မေထွေးနှင့် ကိုဘချမ်းတို့မှာ အောက်ထပ်မှအသံတွေကြောင့် တဆတ်ဆတ်ပင် တုန်ယင်နေကြသည်။

ဤလိုမိုးလင်းပိုင်း နံနက်လေးနာရီလောက်အချိန်တွင် ကိုမောင်မောင်

လေး ရောက်လာခြင်းမှာ စင်စစ်သော် အဆန်းမဟုတ်ပေ။ သူသည် လေးမြို့ကို ညနေကပင် ရောက်နေ၏။ သို့သော် အိမ်သို့မလာ။ မင်္ဂလာရပ်တွင်ရှိသော ဖဲဝိုင်းတွင်ဝင်ထိုင်၍ တစ်ညလုံးဖဲကစားနေသည်။ ကဗ္ဗပနဒီတွင် အမေနှင့်အဖေ တို့မှ လေးမြို့ပြန်မည်ဟု လိမ်ထားခဲ့သည်။ သူ့ကို အိမ်က စည်းကြပ်ထားသဖြင့် ဖဲမကစားရသည်မှာ ကြာချေပြီ။ ယခု ပိုက်ဆံကုန်တော့ မိုးမလင်းခင်ပင် အိမ်ပြန် လာသည်။ အိမ်တွင် အမေအဖေမရှိလျှင် သူ့သဘောပင်တည်း။

"ကိုကိုလေးပြန်လာပြီ ဖွားဖွား"

ခိုင်မေထွေးသည် ကတုန်ကယင်နှင့် ကိုဘချမ်းကို တွန်းပစ်ခဲ့ပြီး သူ လည်း အဖွားရှိရာအနောက်ဆောင်သို့ ကမန်းကတန်းပြေးလာသည်။ ကိုမောင် မောင်လေး အိမ်ပေါ်တက်လာတော့မည်ကို သူသိသည်။

မိမိအိမ်ဖြစ်သဖြင့် ခိုင်မေထွေးသာ အနောက်ဆောင်သို့ တန်းတန်းမတ် မတ်ရောက်လာသော်လည်း ကိုဘချမ်းအနေမှာမူ စမ်းတဝါးဝါးဖြင့် အမှောင်ထဲ တွင် ကြောက်စိတ်မွှန်ကာ အနီးဆုံးအခန်းဖြစ်သော ကိုမောင်မောင်လေးအခန်း ထဲပင် ဝင်မိသည်။ ပြီး ကိုမောင် မောင်လေးအိပ်ရာပေါ်၌ပင် စောင်ကို ခေါင်းမြီးခြုံ ကာ အိပ်ယောင်ဆောင် နေလိုက်ရသည်။ ဤအခန်းသည် ကိုမောင်မောင်လေး အခန်းဆိုသည်ကို သိသော်လည်း သူ့အနေမှာ တခြားအခန်းသို့ ပြန်ထွက်ရန် အချိန်မရတော့ပေ။ ကိုမောင်မောင်လေး အိမ်ပေါ်တက်လာသံက သူ့တစ်ကိုယ် လုံးကို မွှန်ထူသွားစေလေသည်။

"ဟော့"

လက်နှိပ်ဓာတ်မီးနှင့် ကိုမောင်မောင်လေး၏အသံက သူ့စိတ်ကို ကြီးစွာ တုန်လှုပ်သွားစေလေသည်။

သူ့အိပ်ရာပေါ်တွင် တစ်စုံတယောက်ရောက်နေသည်ကို မြင်ရသော ကိုမောင်မောင်လေးမှာလည်း အံ့ဩသွားမိသည်။ ကိုထွေးများ ပြန်ရောက်နေပ လား ... သို့မဟုတ် တောပိုင်းက ဆွေမျိုးတစ်ယောက် ယောက်လား ... ဘယ်လူ ပါလိမ့်။ သို့သော် မည်သူဖြစ်စေ တော်ရုံတန် ရုံဧည့်သည်ကိုတော့ အိမ်ပေါ်တင်၍ သိပ်ရိုးထုံးစံမရှိပေ။ အထူးသဖြင့် သူ့၏အကျင့်မှာ သူ့စောင် သူ့ခေါင်းအုံးတွေကို မည်သူ့မျှ ပေးမအိပ်စေပေ။ သူ့ပစ္စည်းမှန်သမျှ မည်သူနှင့်မျှပတ်သက်သည်ကို သူ မသတီတတ်။ ဤသည်ကို အိမ်ရှိလူတွေအကုန်သိသော်လည်း ယခု သူ့အိပ် ရာပေါ်တွင် ဧည့်သည်ကို အိပ်ရပါမည်လားဟု ကိုမောင်မောင်လေးက တောက် တစ်ချက် ခေါက်လိုက်လေသည်။

'ငါ့ကိုတော့ ကိုမောင်မောင်လေး သတ်တော့မှာပဲ' ဟူသောအတွေးနှင့် ကိုဘချမ်း၏ တစ်ကိုယ်လုံးမှာ သွေးဆုတ်နေလေသည်။ အမှန်ကတော့ ကိုဘ ချမ်းသာမဟုတ် ခိုင်မေထွေး၏ မျက်နှာမှာလည်း သွေးမရှိတော့ပါချေ။

"မေထွေး .... မေထွေး"
"ရှင် ကို .... ကိုလေး"
"ငါ့အိပ်ရာမှာ ဘယ်လူလဲ"
ကိုမောင်မောင်လေးသည် ချက်ချင်း အနောက်ဆောင်ထိပ်သို့ ရောက်လာ၏။
"ညွှ့ .... ညွှ့သည်"
"ဟင် ညွှ့သည် .... ဘယ်ကညွှ့သည်လဲ"
ကိုမောင်မောင်လေးသည် နမသယ်၏ မျက်နှာကို သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးနှင့် ထိုးထားပြီး ဒေါသနှင့်မေး၏။
မီးရောင်ကို မကြည့်နိုင်သလို အိပ်မှုံစုံဖွားနှင့် ထလာသလိုဟန်အပြည့်နဲ့ ခိုင်မေထွေးသည် မျက်နှာကိုလက်ဝါးနှင့်အုပ်ထားလိုက်သည်။ သို့သော် ခိုင်မေထွေး၏ ခြေထောက်အစုံကမူ မတ်တပ်ရပ်ဖို့ မပြလောက်အောင် တုန်ယင်နေ ပေပြီ။
"ဟဲ့မေထွေး .... ဘယ်ကညွှ့သည်လဲလို့ ငါမေးနေတယ်"
"ဟို .... ကိုထွေး .... သူငယ်ချင်း"
"ဟင် .... ဘယ်လူလဲ"
ကိုမောင်မောင်လေး၏ အသံက အနည်းငယ်တိုးသွားသည်။
"ကို .... ကိုဘချမ်း"
ကိုမောင်မောင်လေး၏ "ဟင်းကနဲ" သက်မချလိုက်သံသည် ခိုင်မေထွေး၏ အသဲနှလုံးကို ဆောင့်ဆွဲဖြုတ်ထုတ်ပစ်လိုက်သကဲ့သို့ ခံစားလိုက်ရသည်။ ခိုင်မေထွေးသည် သူ့နဖူးကိုသူ တံခါးရွက်နှင့် ပြေးဆောင့်ပစ်လိုက်ချင်၏။ သူသည် ဘာကြောင့် လိမ်ညာမပြောတတ်ပါလိမ့်။ ကိုထွေးသူငယ်ချင်း တောထဲကဆိုလျှင် ဖြစ်ပါလျက်နှင့် ဘာကြောင့် 'ကိုဘချမ်း' ဟု ဟုတ်တိုင်းမှန်ရာပြောမိပါလိမ့်။
"ဟဲ့မေထွေးရယ် ငါတစ်ရက်မရှိတာနဲ့ နင်တို့အိမ် ဘယ်လိုဖြစ်ကုန်တာ လဲဟ။ ကိုဘချမ်းက ဘာလာလုပ်တာလဲ"
ကိုမောင်မောင်လေးအသံက နည်းနည်းကျယ်လာသည်။
"မိုး .... မိုးချုပ်ပြီးမှ ကိုထွေးသတင်းလာပြောတာနဲ့ မပြန်ဖြစ်တာ ကမန်း ကတန်းမို့ ကိုလေးအိပ်ရာ"
"တော် တော် ဘာလဲ ဟိုကောင် မသေသေးဘူးတဲ့လား တောက်"
ယခုနေအခါမှာ ကိုမောင်မောင်ထွေးကို အားလုံးစိတ်နာနေကြပါလေပြီ။ အိမ်ရှိလူတွေမှာ ရောင်းရေးဝယ်တာ မကောင်းသည်ကအစ 'ဒီကောင် အိမ် ရောက်လာလို့ ဒီကောင်ရှိနေလို့' ဟု အစွဲကြီးနေကြသည်။ ကိုမောင်မောင်ထွေး ရောက်လာကတည်းကပင် အမေအဖေတို့၏ ပစ္စည်းတွေမှာလည်း တဖြည်း

ဖြည်း လျှောကုန်လေရာ ထင်မည်ဆိုကလည်း ထင်စရာပင်။ ယခုလည်း ကစ္စပနဒီတွင် အမေ ကုန်တွေရှုံးနေသည်။ နောက်ဆုံး သူလည်း ဖဲရှုံးလာသည်မဟုတ်ပါလား။

ကိုယ့်မိုက်ပြစ်နှင့်ကိုယ်ဟု ဆိုရလေမည်လားမသိ။ ကိုမောင်မောင်လေး၏ စကားအဆုံးမှာ ခိုင်မေထွေးသည် ချုံးပွဲချငိုမိ၏။

"ဒီလောက်တောင် နင်တို့ညည်းသည်ကို ဦးထိပ်တင်ချင်ကြရင်လည်း ဘာလို့ ငါ့အိမ်ရာထဲသိပ်ကြတာလဲ နင်တို့ အိပ်ရာခေါ်သိပ်ကြပါလား .... သိပ်အကုသိုလ်များတဲ့အိမ် နည်းနည်းမှ နေဖို့မကောင်းတော့ဘူး"

ကိုမောင်မောင်လေးစကားသည် ခိုင်မေထွေးတစ်ယောက်တည်းကို သာမဟုတ် အဖွားကိုပါ ထိခိုက်လာသည်။ ကိုမောင်မောင်ထွေးကိုအကြောင်းပြုပြီးလာတတ်သော ကိုတာချမ်းကို ကြည်ဖြူနေကြရမည်လားဟု ဖွားဖွားကိုလည်း သူကမကျေနပ်ပေ။ သို့သော် ဖွားဖွားကိုတော့ သူဘာမှမပြောရဲ၊ တော်သေးသည်ဟုဆိုရမည်။ ယခု ဖွားဖွားက ချောင်းတစ်ချက်ဟန့်လိုက်သောအခါ နှုတ်ဆိတ်ပြီး အိမ်အောက်ထပ်ဆင်းသွားသည်။ ဤသည်မှာလည်း ဤအချိန်တွင် သူပြန်လာသည်မှာ ဖဲဝိုင်းကပြန်လာသည်ကို ဖွားဖွားသိမှာစိုး၍ဖြစ်သည်။

ကိုမောင်မောင်လေးသည် အောက်ထပ်ဆင်းသွားပြီး နောက်ဖေးဆောင်တွင် ကော်ဖီဖျော်သောက်သည်။ စားစရာတွေကို သူ့ဖာသာသူရှာစား၏။ သူ့အကျင့်မှာ ဖဲဝိုင်းကပြန်လာပြီးဆိုလျှင် ဤသို့ ဗိုက်ကားအောင်စားကာ အိပ်တတ်၏။ ဟိုတုန်းကတော့ အမေရှိနေ၍ သိမှာစိုးသဖြင့် တိုးတိုးတိတ်တိတ် သူ့ဖာသာရှာစားတတ်သော ကိုမောင်မောင်လေးသည် ယခုတော့ ပန်းကန်သံ ခွက်သံမြည်၍ စားသောက်လေသည်။ ဤအသံတွေက ခိုင်မေထွေး၏အသဲနှလုံးကို တဒက်ဒက်လာပြီး ထိမှန်နေလေပြီ။

မိုးမလင်းသေးသဖြင့် ကိုမောင်မောင်လေးသည် ကိုမောင်မောင်ကြီးအခန်း၌ပင်အိပ်သည်။ အိပ်ရာခင်း၊ စောင်၊ ခေါင်းအုံးတွေကို သူကိုယ်တိုင် ဆောင်းတူ(သေတ္တာကြီး)ဖွင့်သောအခါ မနေနိုင်သော ခိုင်မေထွေးက ကူလုပ်ပေးရန်သွားမိ၏။ ဤသည်ကိုပင် 'သွားစမ်း နင်လုပ်ပေးစရာမလိုဘူး ငါ့လက် ငါ့ခြေရှိတယ်' ဟု အော်လွှတ်သည်။ ထုံးစံအတိုင်း ခိုင်မေထွေးမှာ ငိုပြီးပြန်လာရ၏။ သို့သော ဖွားဖွားကြားသွား သိသွားမှာစိုး၍ ကြိတ်၍သာငိုရသည်။

ပို၍ဆိုးသည်မှာ ကိုတာချမ်းသည် မည်သူ့ကိုမျှ နှုတ်မဆက်ခဲ့ပဲ စောစောစီးစီး သူ့ဖာသာသူ အိမ်ရှေ့တံခါးဖွင့်ကာ ထွက်၍သွားခြင်းပင်။

ညက လေးနာရီလောက်မှ အိမ်ကို ပြန်လာပြီး ငါးနာရီလောက်မှ အိပ်ရာထဲဝင်လာသော ကိုမောင်မောင်လေးသည် မနက် ၁၀နာရီကျော်၍ အမေတို့ ကစ္စပနဒီကရောက်လာကြမှ အိပ်ရာကနိုးသည်။

ညက ကိုတာချမ်းအိပ်သွားသော သူ့အိပ်ရာခင်း စောင် ခေါင်းအုံးတွေကို ပစ္စည်းအဟောင်းထားသောအခန်းထဲ လုံးထွေးသွားပစ်လိုက်တော့ မေမေကမေး၏။

“ဘာဖြစ်လို့လဲသားရယ် ကြမ်းပိုးကိုက်လို့လား”

“ဘာဖြစ်ရမှာလဲအမေ ကျွန်တော့်အိပ်ရာ မေထွေး ညည့်သည်တင်အိပ်လို့ ကျွန်တော် မသတီတော့လို့ သွားလွှင့်ပစ်တာ”

အမေ၏ ကြောက်ခမန်းလိလိဒေါသနှင့်အကြည့်သည် ခိုင်မေထွေး၏ တစ်ကိုယ်လုံးကို ချက်ချင်း မွှန်မွှန်ညက်ညက် ကြေသွားမတတ်ပင်။

“ဟဲ့ ငါအိမ်မှာ တစ်နေ့ပဲမရှိတာနဲ့ နင်တို့အိမ်ဟာ သာလာယံဇရပ်ဖြစ်နေပါပကောလား .... ဘယ်လို ဘယ်လိုဖြစ်နေကြတာလဲ ခိုင်ခိုင်”

ဒေါ်ဆေဆေခိုင်ကလည်း သူ့သားနည်းတူ ခိုင်မေထွေးကို အော်တော့၏။ သူတို့ထုံးစံမှာ တစ်ယောက်အိပ်ရာတစ်ယောက်အိပ်သည်ဟုမရှိပေ။ ယခု ဧည့်သည်ကိုပင် သူ့သားအိပ်ရာပေါ် တင်အိပ်သည်ဆိုသောအခါ ယမ်းမီးပုံကျဖြစ်ရပြန်ပြီ။

“ဘာတွေဖြစ်ကြတယ်ဆိုတာတော့ မေမေ့သမီး မေမေ မေးကြည့်ပေါ့”

ကိုမောင်မောင်လေးသည် ဤမျှသာပြောပြီး အောက်ထပ်ကိုဆင်း၍ သွား၏။ ‘ညကြီးမင်းကြီး ကိုကိုထွေးသတင်းကြားတာနဲ့ ကို ... ကိုတာချမ်းလာပြော’ ‘တော် ... တော်ပါပြီ၊ ဒီကောင်ကြောင့် သေတဲ့လူတွေလည်းသေပြီး အိမ်ကလွှင့်ရတဲ့ လူတွေလည်း လွှင့်ကုန်ကြပြီ။ အေး နင်တို့မြေးအဖွားတွေပဲ သေဖို့ကျန်တော့တယ်ဆိုတာ မြဲမြဲမှတ်ထားပါ။ သိပ်ဘုန်းကံကြီးတဲ့ပြိတ္တာ မိစ္ဆာကောင်လေး။ ခုထိ သူ့ကြောင့် ငါဒီဒုက္ခတွေ ခံစားနေရပါလားဆိုတာ နည်းနည်းမှ မတွေးကြသေးဘူး။ တဆိတ်ရှိ ကျုပ်သားတွေပဲအပြစ်။ တော်တော်ကြောက်ဖို့ကောင်းတဲ့ ပြိတ္တာ မိစ္ဆာရဲ့ ဘုန်းကံကြီးပါကလား’

ဖွားဖွား၏ အရှိန်အဝါကြောင့် ခိုင်မေထွေးကို မရိုက်ရဲသော်လည်း အမေ၏ မြည်တွန်သံကမူ မဆုံးတော့ပါချေ။

သည်နေ့ကစ၍ ခိုင်မေထွေးအတွက် ခြံတံခါး အိမ်တံခါးများသည် တစ်စတစ်စ ပိတ်သွားခဲ့ရလေပြီတည်း။

× × × × × × × × × × ×

## အခန်း (၂၃)

ခြံထဲတွင် သစ်ရွက်တို့ ကြွေစပြုနေကြပြီ။ လေမွှေလိုက်တိုင်း ဝါထိန်သော သစ်ရွက်ခြောက်တို့သည် ဖြိုးဖြိုးဖြောက်ဖြောက်မြည်ကာ လေထဲဝဲပျံပြီး မြေပြင်သို့ ဆင်းသက်နေကြလေပြီ။

ဥညြှင့်ကျေ၏တေးသံကို ဆောင်းဦးကပင် ကြားရသော်လည်း ဤနေ့မှ လွမ်းတရမှန်း ခိုင်မေထွေးသိသည်။ ပင်ယံထက်မှ ကြွေသက်လာကြသော သစ်ရွက်ခြောက်များနည်းတူ ခိုင်မေထွေး၏အသဲနှလုံးသည်လည်း တစ်ဖွဲ့စီတစ်ဖွဲ့စီ ချွေ၍ ကြွေနေကြလေပြီ။ ယခုတော့ သူမသည် ကိုတာချမ်းကို တမ်းတနေတတ်လေပြီ။ နေ့စဉ် သတိရနေတတ်လေပြီ။ သို့သော် ထိုညကပင် အိမ်ကိုလုံးဝမလာရဲတော့။ သည်တော့ ခိုင်မေထွေးက သူ့ကိုတမ်းတပြီး လွမ်းရသည်။ ဖွားဖွားက 'ဟိုသူငယ်လေးလည်း ပေါ်မလာပါလား' ဟုမေးလျှင် ခိုင်မေထွေးမှာ မငိုမိအောင် စိတ်ကို မနည်းချုပ်တည်းထားရသည်။ ကိုတာချမ်း အိမ်သို့လုံးဝပေါ်မလာသည်မှာ ရက်သတ္တပတ်နှစ်ပတ်ကြာလေပြီ။ ခိုင်မေထွေးသည် သူ့ကိုလွမ်းသောစိတ်ကြောင့်လားမသိ၊ တစ်ကိုယ်လုံး နုံးချိကာ မစားချင် မသောက်ချင်ဖြစ်နေမိသည်။ လွမ်းနာကျ၍ ကိုယ်လက်ခြေလက်တွေကိုပင် မသယ်ချင် မ–မချင်ဖြစ်နေမိသည်။ ခြံထဲလမ်းလျှောက်ရသည်ကိုပင် ရင်ထဲက မောဟိုက်နေလေသည်။ ထို့ကြောင့် ခိုင်မေထွေးသည် မန်ကျည်းပင်ကြီးအောက်တွင် ပင်စည်ကိုမှီ၍ ထိုင်နေမိသည်။ မလှုပ်မယှက်ထိုင်နေသူ၏ ခေါင်းပေါ်တွင် မန်ကျည်းရွက်ဝါဝါတို့ နားခိုနေကြသည်။ ခိုင်မေထွေးသည် မြေပြင်ပေါ်က မန်ကျည်းရွက်ဝါဝါတွေကို တစ်ရွက်စီကောက်ကာ အဓိပ္ပာယ်မဲ့စွာ စီထပ်နေမိသည်။

"ဟင်"

မမျှော်လင့်ဘဲ သူ့မျက်နှာကို လက်ဝါးတစ်စုံက အုပ်လာသည်။ ခိုင်မေထွေးသည် သူ့မျက်နှာကို လာအုပ်ထားသော လက်ဝါးတစ်စုံ၏ လက်ကောက်ဝတ်ကို ကိုင်ဆုပ်ထားလိုက်သည်။ ရင်ထဲကမူ တဒိတ်ဒိတ် ခုန်လာ၏။ သည်လိုလူကြီးတွေမရှိသော နေ့ခင်းနေ့လည်တွင် ရောက်လာတတ်သူမှာ ကိုတာချမ်းပင်တည်း။

"ဘယ်သူလဲ ပြော — တူတူရေ ဝါး"

ထိုလူက ခိုင်မေထွေး၏ နား နားကို လေပဟပ်ရုံ တိုးတိုးပြော၍မေး၏။

"ကိုဘချမ်း .... ဖယ် သူများကို ဒီလိုမ .... ဟင်"

ကိုမောင်မောင်ထွေး၏ လက်နှစ်ဖက်သည် ချက်ချင်းပြေကျသွားသည်။ ကိုမောင်မောင်ထွေးသည် ခိုင်မေထွေးကို အံ့သြကြီးစွာ ငေးကြည့်နေသည်။ မျှော်လင့်ဘဲရောက်လာသော ကိုမောင်မောင်ထွေးကိုလည်း ခိုင်မေထွေးက အံ့သြကြီးစွာဖြင့် ငေးကြည့်နေလေ၏။ တစ်ယောက်နှင့် တစ်ယောက်မှာ မည်သို့မည်ပုံ စကားပြောကြရမှန်းမသိဘဲ ရင်ထဲဆို့နေကြ၏။

"မေထွေး .... ကို .... ကိုထွေးလေ"

"ကို .... ကိုထွေး"

ခိုင်မေထွေး၏ နှုတ်ခမ်းအစုံသည် တဆတ်ဆတ်တုန်လှုပ်လာသည်။ မျက်ရည်တို့သည် မျက်ဝန်းထဲ၌ ချက်ချင်း ပြည့်သိပ်လာလေသည်။

"ဟုတ်ပါတယ် မေထွေးရယ် .... ကိုကိုထွေး ပြန်လာပါပြီ"

"ကိုကိုထွေး ပြန်လာပြီ"

ခိုင်မေထွေးသည် ဤစကားကို ပဲ့တင်ထပ်လိုက်သည်။

"ဟုတ်တယ်၊ မေထွေးတို့နဲ့အတူနေရအောင် ကိုကိုထွေး ပြန်လာပါပြီ မေထွေးရယ်"

ခိုင်မေထွေးသည် ကိုမောင်မောင်ထွေးကိုဖက်ကာ တရှုံ့ရှုံ့ငိုချလိုက်သည်။ သူ့ရင်ထဲမှာ ချက်ချင်း ကမ္ဘာမီးလောင်သွားလေသည်။

"မေ .... မေထွေး .... ဘာလို့ ငိုရတာလဲ မေထွေးရယ် .... ကိုထွေးလေ မေထွေးတို့နဲ့ အတူနေရအောင် ပြန်လာပြီပဲ"

ကိုမောင်မောင်ထွေးသည် ခိုင်မေထွေးခေါင်းပေါ်က သစ်ရွက်ဝါဝါတွေကို တစ်ရွက်စီကောက်ပစ်ကာ ခိုင်မေထွေးကို နှစ်သိမ့်စကားဆိုနေမိသည်။ သို့သော် ခိုင်မေထွေး၏အငိုကား မရပ်နိုင်သေး။ လပေါင်းများစွာ ကွဲကွာနေရသူ၏ ရင်တွင် ခေါင်းအပ်ကာ တရှုံ့ရှုံ့သာ ငိုလျှက်ရှိလေသည်။

ခိုင်မေထွေးအနေမှာ ကိုမောင်မောင်ထွေးကို မည်သို့ပြန်ပြောရမှန်းမသိ။ သူ့အနေက ကိုမောင်မောင်ထွေးကြောင့် သူ၏ဘဝနစ်မွန်းခဲ့ရသည်ကို တွေးမိလေ ဝမ်းနည်း၍ ငိုလေပင်တည်း။

"တိတ်ပါတော့ မေထွေးလေးရယ် .... ဘာလို့ ငိုရတာလဲလို့ ကိုကိုထွေး ခု မေထွေးတို့နဲ့ အတူနေဖို့ ပြန်လာပြီပဲ။ ဒီတစ်ခါကိုကိုထွေး မေထွေးတို့နဲ့ အတူနေတော့မယ်၊ ဘယ်တော့မှ ခွဲမသွားတော့ပါဘူးကွယ် နော်"

အမှန်လည်း ကိုမောင်မောင်ထွေးသည် မေထွေးတို့ ဖွားဖွားတို့နှင့် တစ်သက်လုံးအတူနေရန် ဒိဋ္ဌာန်ချက်နှင့် တောထဲကပြန်လာခြင်းဖြစ်သည်။

"တိတ်ပါတော့ သက်လျှာရယ် .... ညဏ်ရှာလို့ဆိုး"

ယခင်က သူ့အား ခိုင်မေထွေး စေးဆိုချေဖူးသည်ကို သတိရ၍ ယခု ကိုမောင်မောင်ထွေးက ခိုင်မေထွေးကို သီချင်းဆို၍ချော့၏။ သို့သော် ခိုင်မေထွေး၏ အငိုကား မရပ်နိုင်ပါချေ။

"ကဲ တိတ်ပါတော့ မေထွေးရယ် .... ကိုကိုထွေး အမှားအတွက် ကိုကိုထွေး နောင်တရနေပါပြီ .... အဲဒါကြောင့် ပြန်လာတာပါဆိုနေမှ"

အမှန်လည်း ကိုမောင်မောင်ထွေးအနေမှာ နောင်တရလာသည်။ တောထဲသို့ သူထွက်ပြေးသွားစဉ်ကမူ အားလုံးကိုစိတ်နာ၍ သူထွက်ပြေးခြင်းဖြစ်၏။ သို့သော် .... တောထဲရောက်ခါမှ ဤအိမ် ဤပတ်ဝန်းကျင် အရိပ်အာဝါသသည် မည်မျှအေးချမ်းသည်ကို သူသတိရသည်။ ယခင်ကမူ ဤအိမ်ရှိလူတွေမှာ သူ့အပေါ် အမြဲနိုင်လိုကြသည်။ ပြုစုကြသည်။ မလိုမုန်းတားရှိခဲ့ကြသည်ဟု အထင်ရောက်ခဲ့သည်။ ထို့ကြောင့်လည်း သူငယ်ချင်းတွေအားကိုးနှင့် တောထဲ ထွက်ပြေးခဲ့ခြင်းဖြစ်သည်။ ယခုတော့ သူအလွန်ယုံကြည်ခဲ့ ခင်မင်ခဲ့သူ ကိုဘချမ်းအစ်ကို ကိုလှချမ်းသည်ပင် သူ့ကိုသစ္စာဖောက်သွားလေသည်။ ကိုလှချမ်း၏ သစ္စာဖောက်မှုနှင့်ပင် တပ်က သူ့ကို ထုတ်ပစ်ခြင်းခံရလေသည်။ ဖြစ်ရသည်မှာ ဤသို့တည်း။

တောထဲတွင် အစားဆင်းရဲ အနေဆင်းရဲဖြစ်ကြရသောအခါ လူငယ်လူရွယ်တွေဖြစ်သော ကိုလှချမ်းတို့မှာ ငွေရှာကြလေသည်။ တညဉ့်မှာ လေးမြို့မြစ်ဖျားက ရွာတစ်ရွာကိုသွား၍ ဓားပြတိုက်ကြသည်။ ထိုအထဲတွင် ကိုမောင်မောင်ထွေးကတော့ မပါပေ။ ကိုမောင်မောင်ထွေးမှာ နိုင်ငံရေးမှူးတစ်ယောက်နှင့် အတူနေရသူမို့ လေးမြို့အနောက်ဖက်ကမ်းကို ရောက်နေရသဖြင့် ဤသည်ကို သိပင်မသိလိုက်။

ထိုသို့ ဓားပြတိုက်ကြသော ကိုလှချမ်းတို့ကို နောက်တစ်ရက်နှစ်ရက်အကြာမှာ ရွာသားတွေလာတိုင်၍ သူတို့တပ်ရင်းဗိုလ်ကခေါ်စစ်သည်။ လက်နက်တွေကိုသိမ်းသည်။ အရေးယူနိုင်ရန် အထက်ကို တင်ပြရဦးမည်ဟု အကျယ်ချုပ်နှင့် ခဏလွှတ်ထားသည်။

သည်မှာတွင် ကိုမောင်မောင်ထွေးဆီသို့ ကိုလှချမ်းရောက်လာသည်။ ကိုမောင်မောင်ထွေး ကိုင်ဆောင်နေကျ ဂျပန်ရိုင်ဖယ်စုတ်တစ်လက်ကို လေးမြို့မြစ်ဖျား ဟသ်ာပစ်ရန်ဟု ခဏငှားသွားသည်။ လေးမြို့မြစ်သည်ဘက်ကမ်းကို လူငယ်တွေလာလျှင် သေနတ်ကို တပ်တွင်အပ်ထားခဲ့ကြရသည်မို့ ကိုမောင်မောင်ထွေးက ခါတိုင်းလိုထင်၍ သူ့သေနတ် ငှားလိုက်သည်။ ဟိုဘက်ကမ်းတွင်ဖြစ်နေကြသောအခြေအနေကို သူ လုံးဝမသိပေ။ သူ့အနေမှာ နိုင်ငံရေးမှူး၏ အရိပ်အဝါနှင့် ဘယ်နေရာသွားသွား သေနတ်ကိုကိုင်ရသူ မဟုတ်ပါလား။

မိုးသာချုပ်သွားသည်။ ကိုလှချမ်းကား ခါတိုင်းလိုပေါ်မလာ။ လေးမြို့အရှေ့ဘက်ကမ်းမှ ကိုလှချမ်းတို့ ထွက်ပြေးသွားကြသဖြင့် လိုက်ရှာနေသော

ရဲဘော်တွေသာ ရောက်လာသည်။ ထိုအခါမှ ကိုလှချမ်း သူ့ကို လိမ်သွားကြောင်း သိရသည်။ ဤကိစ္စနှင့်ပင် တပ်က ထုတ်ပစ်ခြင်းခံရသည်။ 'မင်းသေနတ် မင်း ပြန်ရမှ တို့ဆီလာခဲ့' ဟု နိုင်ငံရေးမှူးက ဆဲဆိုကြိမ်းမောင်းကာပြောသည်။ ငယ် ရွယ်သူ၊ ရဲဘော်သက်နုနေသူ၊ စည်းကမ်းကောင်းသူမို့သာ နို့မဟုတ်လျှင် အရေး ယူခြင်းခံရမည်ဟုဆိုသည်။ ယခုမူ တပ်ကပေးထားသော 'သေနတ်ကို အစားရှာ မပေးနိုင်လျှင် တပ်ထဲပြန်မလာနဲ့တော့' ဟု သက်သက်ညှာညှာ အကျယ်ချုပ်သ သောဖြင့် နှင်လွှတ်လိုက်သည်။

တစ်ယောက်ကိုတစ်ယောက် အလွန်ယုံကြည်ကာ သေအတူ ရှင်မကွာ မခွဲခွာစတမ်းဟုသစ္စာဆိုပြီး တောခိုလာကြသော ငယ်သူငယ်ချင်းက ခုလို သစ္စာ ဖောက်သွားသောအခါ ကိုမောင်မောင်ထွေးအနေမှာ နှလုံးသည်းပွတ် ပေါက် ထွက်မတတ် နာကျည်းလာရသည်။ သူငယ်ချင်းအပေါင်းအသင်းဆိုသည်မှာ လည်း အလကားပါလားဟု တွေးမိလာသည်။ သူ့သေနတ်ကို ပြန်ရရန်ဆိုသည် မှာ ဘယ်လိုမှ မမျှော်လင့်နိုင်တော့ပါချေ။

သည်တော့ တပ်ကလည်းလက်မခံသော သူ့အနေမှာ ဖွားဖွား၏အ ရိပ်အာဝါသကိုသာ ငယ်ရွယ်သူပီပီ လွမ်းဆွတ်လာတော့သည်။ ဆွေမျိုးတွေ၏ မုန်းတားခြင်းဆိုသည်မှာ တစိမ်းတရံစာချစ်တာထက် အများကြီး သက်သာနိုင်ပါ သေးကလားဆိုသော နောင်တတစ်ခုကို သူသည် တောထဲက ကောက်ရလာခဲ့ သည်။

ခုနေခါ သူသာ အိမ်ကိုပြန်လာလျှင် ဖွားဖွားနှင့်ခိုင်မေထွေးသာမဟုတ်၊ ဦးကြီး ဒေါ်ကြီးနှင့် ကိုမောင်မောင်တို့ကလည်း သူ့ကို မနာလိုရှိကြမည်မဟုတ်။ သူ့အား အိမ်မှရှိအကုန်သူတွေက မျှော်နေကြကြောင်း ခိုင်မေထွေးစာထဲ၌ အကြိမ် ကြိမ်အခါခါ ပါခဲ့သည်။ သူ့ကို ဥပက္ခာပြုမိကြ၍ သူထွက်ပြေး သွားကြရသည် ဟူသောအစွဲအလန်းကြောင့် တစ်အိမ်လုံး စိတ်မကောင်းကြဟုဆိုနေသည်။ အမှန် က သူ့ဦးကြီးဒေါ်ကြီးတို့က သူ့အား တစိမ်းလိုနေလာခဲ့ကြသည်မှာ သူက အရော တဝင်မနေတတ်တာလည်းပါလေသည်။ ယခုတော့ သူ့အနေမှာ ဦးကြီး ဒေါ်ကြီး ကိုမောင်မောင်တို့နှင့်လည်း သင့်တင့်အောင်နေတတ်ရန်ကို လောကက သင်ကြား ပေးလိုက်လေပြီ။ သည်ဆုံးဖြတ်ချက်နှင့်ပင် သူသည် လေးမြို့က သာတာဂီရစ်ခြံထဲ သို့ ရောက်လာခြင်းဖြစ်သည်။ ဖွားဖွား၏ အေးမြသောအရိပ်ကို ဒုတိယအကြိမ် ခိုဝင်လာရခြင်းဖြစ်လေသည်။ သူ့အနေမှာ အားလုံးကိုခွင့်လွှတ်၍ သူ့စိတ်ကိုသူ လည်း ခဝါချ မာန်မာနချ၍ လာခြင်းဖြစ်သည်။

သူ့ဖွားဖွားဆီကိုရောက်လျှင် ဖွားဖွား၏အလိုကျ ခိုင်မေထွေးနှင့် လက် ထပ်ပြီး သူတို့မိသားစု တစ်သက်မခွဲမခွာ နေသွားကြရန်အထိပင် ကိုမောင်မောင် ထွေးက စိတ်ဆုံးဖြတ်ထားသည်။ သူများကိုယုံစားပြီး သူများ၏ ခိုင်းစေချက်၊

ဆဲဆိုချက်၊ သင်ကြားညွှန်ပြချက်တို့ကို လိုက်နာဆောင်ရွက်မည့်အစား မိမိ၏အဖွားအလိုကျနေမည်။ နောက်ဆုံး ဦးကြီးဒေါ်ကြီး ခိုင်မေထွေးနှင့် ကိုမောင်မောင်တို့အလိုကျနေမည်။ သူ့ကို မည်မျှ ခိုင်းကြခိုင်းကြ နွားလို ကုန်းလုပ်ပါဆိုလျှင်သူလုပ်မည်။ ကိုယ်နှင့်ဘာမှမတော်စပ်သူတွေကို အသက်နှင့်လဲပြီး လုပ်ပေးရတာထက်စာလျှင် မိမိ၏သွေးသားတွေကိုပဲ လုပ်ကိုင်ပေးတော့မည်။ ဤသည်ထိကိုမောင်မောင်ထွေးက စိတ်ကိုဆုံးဖြတ်လာသည်။ ဤစကားကိုလည်း ခိုင်မေထွေးအား ရောက်ရောက်ချင်း ပြောမိသည်။

"ကိုယ် နောင်တရလာပါပြီ မေထွေးရယ် .... ဟိုတုန်းကတော့ မင်းကြီး အရှင်ကြီး ကိုမောင်မောင်တို့က ကိုယ့်ကို သိပ်နှိပ်စက်ကြတယ် လို့ထင်ခဲ့တာတောထဲရောက်မှ ဒါဒါရဲ့အရိပ်အာဝါသနဲ့ ဆွေမျိုးတွေရဲ့ အရိပ်အာဝါသကဘယ်လောက်အေးမြတယ်ဆိုတာ သိရတော့တယ် .... တိုင်းပြည်အတွက်ယုံကြည်ချက် ခံယူချက်တွေနဲ့ အသက်စွန့်ပြီး လုပ်နေကြပါတယ်ဆိုတဲ့ ခေါင်းဆောင်ကြီးတွေရဲ့သဘောထားကိုလည်း ကိုယ်သိလာပါပြီ။ တကယ့်တကယ်ရန်သူနဲ့ရင်ဆိုင်ကြရတော့မယ် .... သေတွင်းကို လိုက်ကြရတော့မယ်ဆိုတော့ဘယ်ခေါင်းဆောင်ကြီးကမှ ရှေ့က မားမားရပ်တာမဟုတ်ဖူး .... နိုင်ငံအတွက်ပါတီအတွက် ပြည်သူအတွက်ဆိုပြီး ငါတို့ကိုပဲ လိမ်ညာခိုင်းတယ်၊ နည်းမျိုးစုံနဲ့သွေးထိုးပြီး သူတို့အတွက် ကာကွယ်ခိုင်းတယ် .... ဒါတွေကို ကိုကိုထွေး ခုတော့သိပါပြီ .... သူတို့အတွက် အသက်နဲ့ရင်းပြီး လုပ်ဆောင်ပေးရမယ့်အစား မေထွေးလေးတို့ ဒါဒါတို့အတွက်ပဲ နွားလိုရုန်းပြီးလုပ်ရလုပ်ရဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ကိုကိုထွေး ပြန်လာပါပြီ၊ မေထွေး ဘာမှ ငိုမနေနဲ့တော့နော်"

"ကိုကိုထွေး သိပ်မိုက်တာ .... ကိုကိုထွေးကြောင့် ဘာတွေဖြစ်ကုန်ကြတယ်ဆိုတာ ကိုကိုထွေးသိရဲ့လား .... ဟင် .... ကိုကိုထွေးသိရဲ့လား"

ခိုင်မေထွေးမှာ ယခုထိ အငိုမရပ်သေး။ ကိုမောင်မောင်ထွေးကို တစ်အားဖက်ကာ ဗလုံးဗထွေးနှင့် ပြောငိုနေရှာသေး၏။ သူ့အတွက်မှာမူ ငို၍ပြီးနိုင်အံ့ပင် မထင်တော့။

"ကိုကိုထွေး သိပါတယ် .... မေထွေးရယ် .... အဲဒါကြောင့် ပြန်လာပါပြီဆိုနေမှ .... ကဲလာ ဒါဒါကို သွားတွေ့ရအောင်"

"ဟင် .... ကိုကိုထွေး ဒါဒါနဲ့ မတွေ့ခဲ့ရသေးဘူး"

"ဟုတ်တယ် .... ကိုကိုထွေး ဒါဒါကိုတွေ့ရမှာ မဝံ့သလိုပဲ ကိုကိုထွေးကြောင့် ဒါဒါ ဘယ်ဘဝရောက်နေရတယ်ဆိုတာ မကြည့်ရဲသလိုပဲ၊ ကိုကိုထွေးအိမ်ကိုရောက်လာတော့ ဒေါ်သာထက်တစ်ယောက်ထဲပဲ အိမ်အောက်ထပ်မှာတွေ့ရတယ်၊ ဒါဒါက အပေါ်မှာ အိပ်နေတယ်ပြောတယ်၊ မေထွေးတို့ကို မေးကြည့်တော့ ခြံထဲဆင်းနေကြတယ်ပြောလို့ ခြံထဲလိုက်မယ်လာတာ ဒီမှာ မေထွေး

ကိုထွေး တာပဲ။ ကျွန်တော်ပြန်ရောက်ပြီဆိုတာ ဒါဒါကို မပြောနဲ့အုံးလို့ မှာထားခဲ့ရတယ် .... ဒါဒါကို တစ်ယောက်ထဲ ကိုကိုထွေး သွားမတွေ့ရဲဘူး၊ အဲဒါကြောင့် မေထွေးကို လာခေါ်တာ .... မေထွေးနဲ့ကိုကိုထွေးတို့ကို တွေ့ရင် ဒါဒါ သိပ်အံ့သြဝမ်းသာသွားမှာပဲနော် မေထွေး"

ယခင်က စကားသိပ်မပြောသော ကိုမောင်မောင်ထွေးသည် ယခု တော့ တစ်လမ်းလုံး သူချည်းပြောလာသည်။ နှုတ်ကသွက်လာသလို ကိုယ်အမူအရာကလည်း ယခင်နှင့် လုံးဝမတူ တော့ပေ။ အသားအနည်းငယ်ညိုသွားပြီး အနည်းငယ်ပိန်လာသည်ကလွဲလျှင် ကိုမောင်မောင်ထွေး၏ ကိုယ်အမူအရာ နှုတ်အမူအရာတွေမှာ အားလုံးနှစ်မြို့က်စရာချည်းပင်တည်း။ နှစ်ဝက်ကျော်ကျော်ကာလတွင် တောထဲက သူ့ကို မည်သို့မည်ပုံ ပြောင်းလဲပေးလိုက်ကြပါလိမ့်ဟု ခိုင်မေထွေးက အံ့သြနေသည်။ သူ့စကားအရဆိုလျှင် သူသည် စိတ်သစ်လူသစ်အဖြစ် မည်မျှလေ့ကျင့်စွမ်းဆောင်လာကြောင်း သိသာနေသည်။ အကယ်၍ ယခင်ကသာ ဤကဲ့သို့ ကိုမောင်မောင်ထွေး၏ ကိုယ်နှုတ်အမူအရာရှိခဲ့လျှင် ခိုင်မေထွေး မည်မျှပျော်လိုက်ပါမည်နည်း။ ယခုတော့ ကိုမောင်မောင်ထွေးက ခွေ့မှန်းမှိုးမှန်း သိ၍ စကားဆိုလာလေ ခိုင်မေထွေး၏ ရင်ထဲမှာ နာရလေပါတကား။ ကိုမောင်မောင်ထွေးသည် အလာကောင်းသော်လည်း အခါနှောင်းခဲ့ပါပြီ တကား။ ကိုတချမ်းနှင့်သာ ကျူးကျူးလွန်လွန်မဖြစ်ခဲ့မိကြလျှင် မည်မျှကောင်းလိုက်ပါမည်နည်း။ မည်မျှပျော်စရာ ကောင်းလိုက်ပါမည်နည်း။ ယခုတော့ ဆုံးရှုံးမှု၏ တန်ဖိုးက နှောင်တတရားကို ပြပြင်ဖာထေး၍ မရနိုင်တော့။ ခိုင်မေထွေး၏ ရင်ထဲမှာ ထွေးလေကြေကွဲရလေ ဆိုနှင့်လာလေပင်တည်း။

ဤအကြောင်းတွေကို လုံးဝမသိရှာသူ ကိုမောင်မောင်ထွေး၏ စကားတွေမှာ ခိုင်မေထွေး၏အသဲနှလုံးကို ပြုတ်ပြုတ်ပြန်းအောင် နှိပ်စက်လာသကဲ့သို့ပင် ရှိချေသည်။

"မေထွေးစာထဲမှာ သာတာဂီရေခ်ဟာ သိပ်ပျော်စရာကောင်းတယ်၊ ငှက်ကလေးတွေဟာ ခြံထဲမှာ အမြဲတေးဆိုနေကြတယ်၊ လူတွေလိုပဲ အမြဲစကားပြောနေကြတယ်ဆိုတာ သတိရလို့ တောနဲ့တောင်စွယ်သီချင်းကို ကိုထွေးအခံဆိုသင်လာရတယ်၊ မယ်ဒလင်လည်း တီးတတ်လာတယ်။ ညကျရင် ဒါဒါကို ကိုထွေးဆိုပြမယ်၊ မေထွေးက စောင်းကောက်တီးပေါ့။ အို .... ကိုယ်တို့ ဘယ်လောက်ပျော်စရာကောင်းမလဲ"

သူ့စိတ်ကူး သူ့အတွေးနှင့် ပျော်လာသူ၏ စကားကလည်း ရပ်နားခြင်းမရှိ၊ ခိုင်မေထွေးမှာတော့ ကိုမောင်မောင်ထွေး လက်ဆွဲခေါ်လာ၍သာ ပါလာရသည်။ ခြေလှမ်းပင် မည်သို့လှမ်းလာမိသည်မသိ။ နှုတ်ကလည်း ဘာပြောရမှန်းမသိ။ ရင်ထဲမှာ အသဲကိုမီးနှင့်မြှိုက်လိုက်သလို ခံစားလာရသည်။

ဤသို့နှင့် အိမ်ကြီးနားရောက်လာကြ၏။

"သာတာဂီရကအိမ်ကြီးဟာ ကစ္ဆပနဒီကအိမ်အတိုင်းပဲနော် .... မေထွေး"

"ဟုတ် .... ဟုတ်တယ် .... ကစ္ဆပနဒီကအိမ်ဟာ ဒီအိမ်ပုံစံအတိုင်းပဲ။ ဒီအိမ်ကိုလွမ်းလို့ ဒါဒါက ဖိုးဖိုးကို ဆောက်ခိုင်းတာတဲ့"

'ဟုတ်မယ် .... အိမ်က တစ်ပုံစံတည်းပဲ။ ခြလည်းအကျယ်ကြီး သိပ် နေဖို့ကောင်းတာ' သိပ်နေဖို့ကောင်းသည်ဆိုသော ဤအိမ်ထဲတွင် ခိုင်မေထွေး အကြောင်းကိုသိလျှင် ကိုကိုထွေး မည်မျှကြာကြာနေနိုင်ပါမည်နည်းဟူသော အတွေးကြောင့် ခိုင်မေထွေး၏ ရင်ထဲမှာ စိုးရွံ့ရပြန်ပြီ။

"ကဲ မေထွေး ရှေ့ကတက်"

ဖွားဖွားရှိရာအိမ်ပေါ်သို့ မတက်ဝံ့ တက်ဝံ့ဖြစ်နေသော ကိုမောင်မောင် ထွေးသည် ခိုင်မေထွေး၏ လက်ကို ဖြုတ်လိုက်ကာ မေထွေး .... ရှေ့ကတက်ဟု ဆို၏။ သူ့ရင်ထဲ၌ ဖွားဖွားနှင့်တွေ့ရသည်မှာ တဒိတ်ဒိတ်ခုန်နေမိသည်။

ခိုင်မေထွေးသည် ကိုမောင်မောင်ထွေးကို ပြန်လည်လက်ဆွဲ၍ အိမ်ကြီးပေါ်သို့တက်လာ၏။ ကိုမောင်မောင်ထွေးနှင့် ခိုင်မေထွေးတို့သည် တစ် ယောက်လက်တစ်ယောက်ဆွဲကာ ခေါ်ကိုပွနင်း၍ ဖွားဖွားရှိရာ အနောက်ဆောင် သို့လျှောက်လာကြသည်။

သူတို့၏ ဖွားဖွား ဒေါ်နန်းဇံဦးသည် အိပ်ရာပေါ်၌ တစောင်းလှဲကာ မလှုပ်မယှက် ငြိမ်သက်နေသည်။ ယခုလို အောက်တစ်ပိုင်းသေနေသော သူ့အ နေမှာ ထိုင်ခြင်း၊ ထခြင်း၊ လဲလျောင်းခြင်း၊ လှည့်ခြင်ကအစ ခိုင်မေထွေးကိုမှီ၍ သို့မဟုတ် တစ်စုံတစ်ယောက်၏ အကူအညီနှင့်သာ လှုပ်ရှားနေရသည် မဟုတ် ပါလား။

ခိုင်မေထွေးသည် ကိုမောင်မောင်ထွေးကို မျက်ရိပ်မျက်ခြည်ပြလိုက်ပြီး တစ်ဖက်သို့စောင်းကာ ငြိမ်နေသော အဖွား၏ မျက်နှာကို သူ့လက်ဝါးနုနုနှင့် ညင်ညင်သာသာ အုပ်ထားလိုက်သည်။ သူ့စိတ်သည် တခဏ်၌ပျော်မွေ့သွား၏။ သူ့ကို ကိုမောင်မောင်ထွေး စသည်ကိုသတိရမိပြီး သူကသူ့အဖွားကို စလိုက်သည်။

"ဒါဒါရေ .... ဒါဒါ့ရှေ့မှာ ဘယ်လူရောက်နေလဲ ပြော"

"ဟဲ့ ခိုင်ခိုင် .... ငါ့ရှေ့မှာ ဘယ်လူရောက်နေလို့လဲ"

"ဘယ်လူရောက်နေလဲ ဒါဒါမှန်းပြီး ပြောပါဆိုနေ"

"ဟို .... သူငယ်လေးလား ခိုင်ခိုင်ရယ်"

ခိုင်မေထွေးကသာ ရွှင်ရွှင်ပြပြဖြစ်ပြီး သူ့အဖွားကို စနေကျီစယ်နေသော် လည်း သူ့အဖွား၏ အဖြစ်ကို မြင်ရသောအခါ ကိုမောင်မောင်ထွေး၏ ရင်ထဲမှာ ဆို့နင့်နေလေသည်။ "ငါ့ကြောင့် ဒါဒါ ဒီဘဝရောက်ရတယ် ဆိုပါလား"ဟုလည်း

ယူကျုံးမရဖြစ်နေမိ၏။ "ဒါဒါကို ကျွန်တော်တစ်သက်လုံး ကျွန်ခံပြီး ကျွေးပါ့မယ် ဒါဒါရယ် ကျွန်တော့်ကြောင့် ဒါဒါဒီဘဝရောက်ရတာ ကျွန်တော် သိပ်မိုက်တာပဲ ဒါဒါ .... ကျွန်တော် သိပ်မိုက်တာပဲ"

ကိုမောင်မောင်ထွေး၏ နှလုံးသားထဲတွင် ရှိုက်ကြီးတငင် ငိုခဲ့သည်။ ဤစကားများသည် အပြင်သို့ထွက်မလာသော်လည်း ရင်ထဲအသဲထဲမှာမူ ကျယ်လောင်စွာ အော်ဟစ်ငိုယိုနေလေပြီ။

"ဘယ်သူငယ်လေးလဲ ပြောပါဆိုမှ"

"ပဥ္စက လူငယ်လေး လာသလား .... ငါ့မြေးသတင်း ဘာကြားသေးလဲ ခိုင်ခိုင်ရယ်"

"မဟုတ်ဖူး .... မဟုတ်ဖူး .... ကိုကိုထွေးရယ် .... ဒါဒါ ကိုကိုထွေးရယ် .... ပြန်လာပြီ .... ကိုကိုထွေး .... ပြန်လာပြီ"

"ဟင် ငါ့မြေး .... ငါ့မြေး ပြန် .... ပြန်လာပြီ"

"ပဥ္စက လူငယ်လေးလား"ဟူသော အဖွား၏အမေးစကားက တဒင်္ဂ ကြည်နူးမိသော ခိုင်မေထွေး၏စိတ်ကို ချက်ချင်းမိုးကြိုးပစ်ခွင်းခြင်း ခံလိုက်ရပါသည်။ ကိုတချမ်းကိုသတိရသောအခါ ဆုံးရှုံးနစ်မွန်းခဲ့ရမှုအတွက် စိတ်ကို ဘယ်လိုမှ ထိန်းမရတော့ဘဲ သူ့အဖွားကိုဖက်ကာ ချုံးပွဲချငိုလိုက်မိသည်။

သူ့အဖွားက သူ့ကို တ, ဆို ရေရွတ်မြည်တမ်းသံနှင့်အတူ ခိုင်မေထွေး၏ချုံးပွဲချငိုလိုက်သံက ကိုမောင်မောင်ထွေး၏ အသဲနှလုံးကို ချက်ချင်းဆွဲယူဆုပ်နယ် ခြေမွှန်းပစ်လိုက်သလို ခံစားလိုက်ရသည်။ ယောကျ်ားရင့်မာကြီးဖြစ်နေ၍သာ ခိုင်မေထွေးလို ချုံးပွဲချမငိုလိုက်မိသော်လည်း ကိုမောင်မောင်ထွေး၏ မျက်လုံးအစုံမှ မျက်ရည်တို့သည် ဒလဟောသွန်ကျ၍ လာကြလေပြီ။

"ဟုတ် .... ဟုတ်ပါတယ် ဒါဒါ .... ဒါဒါ မြေး .... ကျွန်တော် မောင်မောင်ထွေးလေ .... ပြန် .... ပြန်လာပါပြီ .... ဒါဒါကို့လွမ်းလို့ ပြန် .... ပြန်လာပါပြီ"

ကိုမောင်မောင်ထွေးသည် အိပ်ရာထဲ ပက်လက်ဖြစ်နေသော ဖွားဖွားကို ချက်ချင်းပြေးပွေ့ထူကာ သူ့အဖွားရင်ခွင်ထဲ ခေါင်းရှို၍ ကလေးငယ်တစ်ယောက်လို ကျုံကျုံပါအောင် ငိုချလိုက်သည်။ ခုနေအခါမှ တစ်သက်လုံး သံမဏိအသဲ ဆိုင်ပိုင်ရှင်ဖြစ်ခဲ့သော သူ့အသဲနှလုံးများသည် သူ့အဖွား၏အဖြစ်ကို ဒိဋ္ဌမြင်ရသောကြောင့် အရည်ပျော်ကုန်ကြလေပြီ။

"ငါ့မြေးလေးရယ် ...."

ဒေါ်နန်းဖွဲ့ဦးအနေမှာလည်း လပေါင်းများစွာပျောက်နေခဲ့သော သူ့မြေး တစ်ကိုယ်လုံးကို ဒလစပ် ပွတ်သပ်ဆုပ်နယ်ကာ ချက်ချင်းမျက်ရည်ထွေထွေ တွေတွေကျလာသည်။

"မောင် .... မောင် .... ထွေး .... လူမိုက် ပြန်လာပါပြီ ဒါဒါရယ် .... ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော့်ကြောင့် ဒါဒါ .... ဒီ .... ဒီ .... ဘဝရောက် ...."

ကိုမောင်မောင်ထွေးမှာ ပြောလည်းပြော ငိုလည်းငိုနေရသည်။

"ဒါ .... ဒါဒါ .... ဒီလိုဖြစ်တာ .... ငါ့မြေးကြောင့်မဟုတ်ပါဘူး၊ ကံ ကံရဲ့အကျိုးပါ မြေးရယ်၊ ကဲ တိတ် .... တိတ်တော့ ငါ့မြေးမငိုပါနဲ့၊ ခု ဒါဒါတို့ ငါ့မြေးတို့ အတူနေကြရတော့မှာပဲ၊ မေထွေး ကဲ တိတ်တော့"

မငိုကြပါနဲ့ဟုပြောသော်လည်း မြေးအဖွားသုံးယောက်စလုံးမှာ တရှိုက်ရှိုက်ဖြစ်နေကြသည်။

"ကျွန်တော် ခု လိမ္မာလာပါပြီ ဒါဒါရယ်၊ ကျွန်တော် ဒါဒါ့ကို တစ်သက် မခွဲတော့ပါဘူး၊ မေထွေးတို့ အရှင်ကြီး မင်းမင်းကြီး ကိုမောင်မောင်တို့နဲ့ ကျွန်တော် တစ်သက်လုံးအတူနေတော့မယ်၊ ဒါဒါ့ကို ကျွန်တော် တစ်သက်လုံး လုပ်ကျွေးပါ့မယ်၊ ဒါဒါနဲ့အတူ အရှင်ကြီး မင်းမင်းကြီး ကိုမောင်မောင်တို့စကားကိုလည်း ကျွန်တော် မြေဝယ်မကျ နားထောင်ပါတော့မယ်၊ ကျွန်တော့်မိုက်ပြစ်ကို ခွင့်လွှတ်ပါ ဒါဒါရယ် နော်၊ ကျွန်တော့်မိုက်ပြစ်ကို ခွင့်လွှတ်ကြပါ"

"ဒါဒါ ဝမ်းသာလိုက်တာ မြေးရယ် .... ငါ့မြေးကို ဒါဒါ တစ်သက်မတွေ့ရတော့ဘူးမှတ်နေတာ၊ ငါ့မြေး ပြန်လာတာကို ဒါဒါ သိပ်ကျေးဇူးတင်ပါတယ် ဒါဒါ သေပျော်ပါပြီ"

ဒေါ်နန်းဖွဲ့ဦးအနေမှာ တကယ်လည်း တစ်သက်လုံးတွေ့ရတော့မည် မဟုတ်ဟု ဆုံးဖြတ်ထားသောမြေးကို ပြန်တွေ့ရသဖြင့် ဝမ်းသာလုံးဆို့နေလေသည်။

ကိုမောင်မောင်ထွေးသည် ယခင် သူ့အဖွားဆီ စာထဲရေးပေးခဲ့သလို သူ့အဖွား၏ခြေဖမိုးကို မျက်ရည်နှင့် ထိနမ်းပွတ်တိုက်ကာ တောင်းပန်လျှက်ရှိလသည်။

"မင်းမင်းကြီး အရှင်ကြီးတို့ကို ပြောပေးပါဒါဒါ .... ကျွန်တော် ကျွန်တော် တစ်သက်လုံး မင်းမင်းကြီး အရှင်ကြီးတို့စကားကို နားထောင်ပါတော့မယ်၊ မင်းမင်းကြီး အရှင်ကြီး ဒါဒါတို့အလိုကျ ကျွန်တော်နေပါ့မယ်၊ မင်းမင်းကြီး အရှင်ကြီးတို့ကျေးဇူးတရားကို ကျွန်တော်သိတတ်လာပါပြီ"

"ဒါတွေ ငါ့မြေး ဘာမှပူမနေပါနဲ့ ကလေးရယ် .... ဒါဒါ အကုန်ပြောပေးမှာပေါ့၊ ငါ့မြေး ဘာအပြစ်မှလည်း မဖြစ်ရပါဘူး၊ ခု ငါ့မြေး သူပုန်သကန်လည်း မဟုတ်တော့ဘူးပဲ၊ ငါ့မြေး ဆရာကြီးဦးစံလှဘော်ကလည်း ဝန်ကြီးတောင်ဖြစ်နေတာပဲ ဘာမှ မပူနဲ့တော့"

ညနေစောင်း၍ ဒေါ်ဆေဆေခိုင်နှင့် ကိုမောင်မောင်လေးတို့ ခြံထဲက ပြန်

လာကြသောအခါ ကိုမောင်မောင်ထွေးသည် ဒေါ်ဝေဝေခိုင်ကို ထိုင်၍ ကန်တော့သည်။

မယုံကြည်နိုင်လောက်အောင် လိမ္မာရေးခြားစကားဆိုလာသူ တူတော်မောင်ကိုမောင်မောင်ထွေးကြောင့် ဒေါ်ဝေဝေခိုင်မှာလည်း မျက်ရည်လည်ရသည်။

နောက်တစ်နေ့ ကစ္ဆပနဒီတွင်ရှိနေသော ဦးမြတ်သာဓုကို ကိုမောင်မောင်ထွေးသည် ခိုင်မေထွေး ကိုမောင်မောင်လေးတို့နှင့်အတူ သွား၍ကန်တော့သည်။

"မင်းမင်းကြီးတို့ရဲ့ အရိပ်အာဝါသ ဘယ်လောက်အေးမြတယ်ဆိုတာ ကျွန်တော်သိပါပြီ မင်းမင်းကြီး .... ကျွန်တော် မင်းမင်းကြီးတို့နဲ့ တစ်သက် မခွဲမခွာနေပါတော့မယ်၊ မင်းမင်းကြီးတိုပြောစကားကိုလည်း ကျွန်တော် နားထောင်ပါတော့မယ်"

"အေး – သာဓုကွယ် သာဓု .... သာဓု၊ ငါ့တူ ဒီလိုလိမ္မာလာတာ မင်းမင်းကြီး သိပ်ဝမ်းသာတာပဲ၊ တစိမ်းကောင်းတယ်ဆိုတာ ဆွေမျိုးမုန်းတာ လောက်ပဲရှိတာယ်ဆိုတာ ခုတော့ မင်းသိပြီပေါ့"

ဦးမြတ်သာဓု၏ အနေမှာလည်း ငယ်ရွယ်နုနယ်သူဖြစ်သော ကိုမောင်မောင်ထွေးကို ခွင့်လွှတ်လေသည်။

သူတို့မိသားစုအတွက် ယခုအခါ ပြန်လည်ဆုံဆည်းမိကြခြင်းသည် ရာသက်ပန်ဆုံဆည်းမိကြခြင်းဟု အားလုံးက သဘောပိုက်နေကြသည်။ အားလုံး ပျော်ရွှင်နေကြလေသည်။

× × × × × × × × × × ×

## အခန်း (၂၄)

"တောနှင့်တောင်စွယ်၊ (ပြောကြမောင်မယ်၊ ငှက်ကယ်လူလို
သံချိုနေလို့ ပြောကြပြန်သကို)၂။

သာတောဂီရခြံ၏နံနက်ခင်းသည် သာယာလျှက်ရှိသည်။ နေရောင်ခြည်ကြောင့် ငှက်ငယ်တို့သည် ဟိုခုန်သည်ပျံ ပျော်မြူးကာ တေးဆိုလျှက်ရှိကြသည်။

ကိုမောင်မောင်ထွေးသည် သူ့အဖွား၏ ဘီးတပ်ကုလားထိုင်တင်ထားသော တွန်းလှည်းကို ခိုင်မေထွေးနှင့်အတူ တွန်းဆွဲကာ ငှက်ကလေးတွေ တေးဆိုနေကြသည်ကိုကြည့်မော့ပြီး တောနှင့်တောင်စွယ်သီချင်းကို သိသိသာသာညည်းလာသည်။

ဖွားဖွားခြံထဲသို့ မဆင်းသည်မှာ ကြာချေပြီ။ အောက်တစ်ပိုင်းသေနေသူဖွားဖွားသည် ယခင်ကဆိုလျှင် ဤခြံထဲတွင် အလုပ်သမားတွေနှင့် အမြဲလှုပ်ရှားနေကျဖြစ်သည်။ ယခု ကိုမောင်မောင်ထွေး ပြန်ရောက်လာ၍ ပျော်နေသူဖွားဖွားသည် ခြံထဲဆင်း ကြည့်ချင်တယ်ဆိုသဖြင့် ဖွားဖွား၏ဘီးတပ်ကုလားထိုင်ကို တွန်းလှည်းတစ်ခုပေါ်တင်ကာ ခိုင်မေထွေးနှင့် ကိုမောင်မောင်ထွေးတို့က ခြံထဲလှည့်တွန်းပြကြရသည်။

သူ့အချစ်ဆုံးမြေးနှစ်ယောက် တွန်းသွားသောလှည်းပေါ်တွင် ဒေါ်နန်းခဲဦးသည် ငြိမ်ငြိမ်သက်သက်ထိုင်ကာ မတွေ့မမြင်ရသည်မှာကြာပြီဖြစ်သော သူ၏ဥယျာဉ်ခြံကြီးကို တမေ့တမော ငေးကြည့်၍ပါလာသည်။ ယခင်ကဆိုလျှင် သီချင်းဆိုခိုင်း၍ပင်မဆိုသော သူ့မြေးသူ့ပုန်လူထွက်က ယခု သီချင်းဆိုတတ်လာသည်ကို မော့ကြည့်ကာ အံ့သြမှု ဝမ်းသာမှုလည်းဖြစ်လာသည်။ ထို့ကြောင့်လည်း ကိုမောင်မောင်ထွေးက မြေဘောင်နှင့် တွန်းလှည်းဘီးတစ်နေသဖြင့် သီချင်းညည်းရပ်ကာ တွန်းလှည်းကို အားနှင့်တွန်းလိုက်ချိန်မှာ ဒေါ်နန်းခဲဦးသည် သူ့မြေးရပ်ထားခဲ့သော သီချင်းပုဒ်ကို ကောက်ကာငင်ကာ ဆိုလိုက်သည်။

"(သိုက်မြုံမှာလေး စာခွဲကျေး .... ကျေးတယ်ဆို)၂၊ (တကိုယ်ရေ
ပန်းစေ မြိုင်တန်းဝေ .... ဗိုမ မောင်နဲ့ .... မောင်နဲ့ တောင်ပန်းချီကာ
တွဲလို့ ဝဲကာပျံ)၂၊ တွန်ကျူးကြော်ညံ ငှက်ပေါင်းပျော်ကြပြန်"

ပျော်လွှန်း၍ အသံတုန်တုန်ရီရီနှင့် သီဆိုလိုက်သော အဖွားအ၏ အသံသည် ခိုင်မေထွေး၏ ရင်ကို တတိတိ နာကျင်လာစေပြန်သည်။ ယခင်တောထဲက ကိုမောင်မောင်ထွေးပေးစာထဲတွင် ဤသီချင်းကြီးကို သူအလွတ်ကျက်နေသည် ဟုပါသည်။ ဤသည်မှာလည်း ခိုင်မေထွေးက 'သာတာဂီရစ်ခြံထဲမှာ ငှက်ကလေးတွေ အမြဲတေးဆိုနေကြတယ် ကိုကိုထွေး' ဟု ထည့်ရေးမိသဖြင့်ဖြစ်သည်။

ယခု ခြံထဲတွင် ငှက်ကလေးတွေ မြည်တွံနေကြသံကို ကြားရသော အခါ ခိုင်မေထွေးက ချက်ချင်းသတိရပြီး ကိုမောင်မောင်ထွေးက 'တောနှင့်တောင်စွယ်' ကို ဆိုပြနေလေပြီ။ လပေါင်းများစွာ သီချင်းဆို ရပ်နားခဲ့ရသော ဖွားဖွား၏ ပါးစပ်သည်လည်း ယနေ့တော့ မြေးနှစ်ယောက်နှင့် အပျော်ကြီးပျော်ကာ သီချင်း ပြန်၍ ဆိုလာလေပြီ။

ကိုယ့်အပြစ်နဲ့ကိုယ် ရင်ထဲဆို့နင့်လာသူ ခိုင်မေထွေးမှာတော့ ကိုမောင်မောင်ထွေးနှင့် ဖွားဖွားတို့လို မပျော်နိုင်ပေ။ သူတို့နှစ်ယောက်၏ သီချင်းသံက ခိုင်မေထွေး၏အသဲနှလုံးကို တဒုန်းဒုန်း လာဆောင့်နေကြသည်။ ထိုကြောင့် မျက်ရည်ပင် ဝဲလာမိ၏။

"ဒါဒါ .... သိပ်ပျော်တာပဲ မြေးတို့ရယ် ဒါဒါသေပျော်ပါပြီ။ ကဲ ခိုင်ခိုင် အသံက ပိုကောင်းတယ် .... ခိုင်ခိုင်က သီချင်းဆက်ဆိုပါအုံး"

ဖွားဖွားသည် ခိုင်မေထွေး၏ မျက်နှာကို တစ်ချက်လှည့်ကြည့်၍ သူရပ်ထားလိုက်သော သီချင်းပုဒ်ကို ဆက်ဆိုခိုင်းသည်။

ခိုင်မေထွေးသည် ဖွားဖွားမရိပ်မိအောင် အံကိုတင်းတင်းကြိတ်ကာ သက်ပင့်ရှိုက်၍ သီချင်းဆိုရန် အားယူလိုက်သည်။ သို့သော် ရင်ထဲတော့ ဆို့နင့်လျက်ပင်တည်း။

"(မြိုင် .... မြိုင်စောင်းမှာ တူစုံမောင်နှံ)၃ (ကိန္နရီဟာန် တွဲလို့ နွဲ့ကာပျံ ....)၂ ကျူးကျော်ညံ၊ တိမ်ယံအာကာထဲ မြင်လာဘဲ .... သည် .... သည်မောင် .... ပူ .... ပူ .... ပူ .... ဆွေး ကြုံရပြန်" "ဟီး .... တိ ...."
"ဟင် .... ခိုင်ခိုင်"

"ဟော့ .... မေထွေး .... မေထွေး .... ဘာ .... ဘာလို့ ငိုတာလဲဟင်"

ခိုင်မေထွေးသည် ဘယ်လိုမှ စိတ်ကိုမထိန်းနိုင် မအောင့်နိုင်ဖြစ်ကာ တွန်းလှည်းပေါ် ခေါင်းတင်၍ ဟည်းချ ငိုပစ်လိုက်သည်။

ခိုင်မေထွေး၏ ရင်ထဲမှာ မချိတော့။ ဝမ်းနည်း ယူကျုံးမရစိတ်တွေကလည်း မဆန့်တော့။ မျက်ရည်တို့ကလည်း ဆီးမနိုင် တားမရတော့။ ကိုတာချမ်းနှင့် သူ့ဘဝ မနှစ်မွှန်းခဲ့လျှင် ဤနေ့ နံနက်ခင်းသည် မည်မျှပျော်စရာကောင်းလိုက်ပါမည်နည်း။ ယခုတော့ သူ့အနေမှာ မပျော်နိုင်ပါတော့။ ကိုယ်ရောစိတ်ပါ နစ်မွှန်းခဲ့

ရပြီ။ ပြုပြင်၍ မရနိုင်တော့။ သူ့ကိုယ်ကို ဘယ်အနေအထားတွင်ရှိသည်ကို ဘယ်သူမှ မသိ။ အမြဲစဥ်အဆက် ဆေးဆေး မသန့်စင်တော့။ ညစ်ညမ်းခဲ့ပြီ။ ဆုံးရှုံးခဲ့ပြီ။ ကိုမောင်မောင်ထွေးနှင့်လည်း မတန် တော့ မထိုက်တော့။

ဤသည်ကို ဘာမှမသိကြသူ ကိုမောင်မောင်ထွေးနှင့်အဖွားတို့ကတော့ ယခင်အတိုင်း ခိုင်မေထွေးကို သိချင်းဆိုခိုင်းမိကြသည်။ ယခု ခိုင်မေထွေး၏အဖြစ် မှာ မရှုနိုင်မရှိုက်နိုင်ဖြစ်ပြီး သီချင်းမဆုံးခင်ပင် ဟည်းချ၍ ငိုရလေပြီ။

"မေထွေး .... မေထွေးရေ .... မေထွေး .... မေထွေး"

မည်သို့မည်ပုံဖြစ်သွားသည်မသိရဘဲ ဟည်းချငိုလိုက်သော ခိုင်မေထွေး ကြောင့် ကိုမောင်မောင်ထွေး၏ ရင်ထဲမှာလည်း ချက်ချင်းဆို့သွားပြန်လေသည်။ ထို့ကြောင့် ခိုင်မေထွေး၏ကိုယ်လုံးကျစ်ကျစ်လေးကို ဆွဲထူပွေ့ဖက်ကာ 'မေထွေး .... မေထွေး' ဟုသာ အကြိမ်ကြိမ် ရေရွတ်နေမိသည်။ ဘာစကား ဆက်ရမှန်း လည်းမသိဖြစ်နေ၏။

"ဟဲ့ ခိုင်ခိုင် .... ဘာလို့ ငိုရတာလဲ"

ဖွားဖွားကလည်း ခိုင်မေထွေးကို ခေါင်းလှည့်ကြည့်၍မေး၏။

ခိုင်မေထွေးရင်ထဲမှာ မည်သို့ပြန်ဖြေရမှန်းမသိဘဲ ဆို့ကြပ်နေသည်။ သူ့အနေမှာ အဖြေမထွက်ရဲဖြစ်နေပါလေသည်။

"ဟင် .... မေထွေး .... ဘာလို့ ငိုရတာလဲ မေထွေးရယ် .... ခုဆို ဘယ်လောက်ပျော်စရာကောင်းလဲ ကိုကိုထွေးလည်း မေထွေးတို့နဲ့ တစ်သက်လုံး နေသွားတော့မယ့်ဥစ္စာ"

"ဟုတ်သားပဲခိုင်ခိုင်ရယ် .... ဘာလို့ ငိုရတာလဲ .... ကဲ တိတ် ....တိတ်"

"ခိုင်ခိုင် ဝမ်းနည်းနေတယ် .... သိပ်ဝမ်းနည်းတာပဲ"

ခိုင်မေထွေးမှာ ဤစကားကိုသာ တွင်တွင်ပြောလျှက်ရှိသည်။

"ခိုင်ခိုင် ဝမ်းနည်းမယ်ဆိုလည်း ဝမ်းနည်းစရာပဲလေ .... ငါ့မြေးက ဒါဒါတို့ ခိုင်ခိုင်တို့ကို အကြာကြီးခွဲပြီး သွားနေခဲ့တာကိုး"

"နောက်ဆို မေထွေးနဲ့ ဒါဒါတို့ကို ကျွန်တော် တစ်သက်ခွဲမသွားတော့ ပါဘူး ဒါဒါရယ်"

ကိုမောင်မောင်ထွေးသည် ဖွားဖွားတို့ ခိုင်မေထွေးတို့ကို တကယ်လည်း တစ်သက်လုံး ခွဲမသွားတော့ဘူးဟု ဆုံးဖြတ်ထားလေသည်။

"ခိုင်ခိုင်က ငါ့မြေးအပေါ်မှာ သိပ်သံယောဇဉ်ကြီးရှာတာ .... ရှေ့တုန်းက ကိန္နရီကိန္နရာတွေလိုပဲ .... ကိန္နရီကိန္နရာတွေဟာ တစ်ညကွဲကြတာကို နှစ်ပေါင်း ခုနစ်ရာဆွေးပြီး ငိုကြတယ်ဆို မှတ်လား .... ခုလည်း ခိုင်ခိုင်က ငါ့မြေးနဲ့သွားတာ ကိုတွေးပြီး ဝမ်းနည်းလို့ ငိုတာနေမှာပေါ့ ဟုတ်တယ်မှတ်လား ခိုင်ခိုင်"

ဤတစ်ခါလည်း ဖွားဖွား၏အမေးကို ခိုင်မေထွေးက မည်သို့ပြန်ဖြေရ

မှန်းမသိရှာပေ။ မျည်ရည်ကြားက သူ့အဖွားမျက်နှာတစ်လှည့် ကိုမောင်မောင်ထွေး၏မျက်နှာကိုတစ်လှည့်ကြည့်ကာ ရှိက်ငင်နေမိ၏။

"ငါ့မြေးနဲ့ ခိုင်ခိုင်တို့အဖြစ်ကလည်း ကိန္နရီကိန္နရာတွေလိုပဲ ငါ့မြေးက အလ္လာတိယပို့ကို ဖတ်ဖူးမှာမဟုတ်ဖူး .... ညနေကျရင် .... အလ္လာတိယပို့ ခိုင်ခိုင်က ဖတ်ပြနော် ခိုင်ခိုင်"

ဒေါ်နန်းဖွဲဦးသည် ကိုမောင်မောင်ထွေးကိုပြောနေရာက ခိုင်မေထွေးဘက်လှည့်၍ ပြောပြန်၏။

"ဟုတ်ကဲ့ ဒါဒါ"

"ကဲ .... ခိုင်ခိုင်က ငါ့မြေးကို သီချင်းထပ်ဆိုပြပါအုံး၊ ခိုင်ခိုင်ဆိုတာမှ ငါ့မြေးကလည်း နားထောင်ချင်မှာ .... ဒါဒါကတော့ အသံလည်းမရတော့ဘူး .... ဆက်ဆိုပါ ခိုင်ခိုင်ရယ်နော်"

"ဟုတ်တယ် မေထွေး .... မေထွေးလေး သီချင်းဆိုပြတာ ကိုကိုထွေး မကြားရတာကြာပြီ .... ဆက်ဆိုပြ။ ညနေကျရင်တော့ ကိုကိုထွေးက မေထွေးလေးကို ပြန်ပြီးဆိုပြပါ့မယ်ဗျာ .... ဟုတ်လား"

ဖွားဖွားနှင့် ကိုမောင်မောင်ထွေးတို့၏စကားကို မလွန်ဆန်ချင်သူ ခိုင်မေထွေး၏အသံက ပေါ်လာရပြန်သည်။

"(မြိုင်စောင်းမှာ တူစုံမောင်နှံ ....)၃ ကိန္နရီဟာန်(တွဲလို့ဝဲကာပျံ)၂
ကျူးကျော်ည်၊ တိမ်ယံအာကာထဲ မြင်လာဘဲ၊ သည်မောင်
ပူဆွေးကြဲရပြန်၊ နတ်ကယ်ဖန် တိမ်ယံအာကာထဲ မဲမှောင်၊
မင်ခိုးရီမှောင်၊ တိမ်တောင်ခြယ် ဆင့်ဆိုင်း ရွှေတိုင်းရယ် ညို
မှောင်ပြာရီ ဘယ်ပန်းချီဟာန် ရေးလို့စံမမှီ"

ခိုင်မေထွေး၏ တအေးအေး တလူလူ သီချင်းသံနှင့်အတူ ဒေါ်နန်းဖွဲဦး၏တွန်းလှည်းယဉ်သည်လည်း ခြံထဲတလျှောက် ရွေ့လျားနေလေသည်။ ဤနေ့၏လောကအလှသည် တကယ်လည်း ပန်းချီရေး၍ မမှီနိုင်စရာပါပေ။

သူ၏အချစ်ဆုံးမြေးနှစ်ယောက် တွန်းသွားသောလှည်းပေါ်တွင် ဒေါ်နန်းဖွဲဦးမှ တပြုံးပြုံးနှင့် ပါနေရသည်။

ညနေကျ၍ ခိုင်မေထွေးအား ကိုမောင်မောင်ထွေးက သီချင်းဆိုပြပြန်သောအခါ အဖွားကြီး၏ရင်ထဲမှာ ဝမ်းသာပီတိတွေနှင့် ပြည့်လျှံနေလေသည်။

ခိုင်မေထွေးနှင့် ကိုမောင်မောင်ထွေးကို မကြာခင်လက်ထပ်ပေးတော့မည်ဟူသော သူ၏ရည်ရွယ်ချက်သည် ရက်ပိုင်းလပိုင်းတွင် အောင်မြင်တော့မည် မဟုတ်ပါလား။

အမှန်က ဒေါ်နန်းဖွဲဦးသာမဟုတ်၊ ခိုင်မေထွေးကလွဲလျှင် အိမ်သားတွေအားလုံးမှာ ပျော်ရွှင်နေကြသည်။ ထို့ကြောင့်လည်း ယခင်က တိတ်ဆိတ်နေခဲ့သော

လေးမြို့က သာတာဂိရိခြင်္ကြီးသည် ယခုအခါ အသက်ဝင်လှုပ်ရှား၍လာပြန်လေပြီတည်း။

× × × × × × × × × × ×

# အခန်း (၂၅)

သာတာဂီရခြံကြီးသည် ဤယနေ့၌ ပို၍လှုပ်လှုပ်ရှားရှားရှိနေလေသည်။ အကြောင်းမှာ ကိုမောင်မောင်ထွေးနှင့် ခိုင်မထွေးတို့ကို စေ့စပ်ကြောင်းလမ်းသော မင်္ဂလာနေ့ဖြစ်သဖြင့်တည်း။

ခိုင်မထွေးနှင့် ကိုမောင်မောင်ထွေးအား ဤသို့စေ့စပ်ကြောင်းလမ်းခြင်းမှာလည်း အဖွား၏ကျန်းမာရေးသည် တစ်နေ့တခြား ဆုတ်ယုတ်လာသဖြင့်ဖြစ်သည်။ မင်္ဂလာဆောင်ရက်ကိုမူ ထုံးစံအတိုင်း ပုဏ္ဏားဆီတွင်အခါရက်မြတ် တောင်းထား၏။

ကစ္ဆပနဒီက ဦးမြတ်သာဖနှင့် ကိုမောင်မောင်ကြီးတို့လည်း သာတာဂီရခြံသို့ ခေတ္တလာရောက်နေကြသည်။ မနက်ကပင် လေးမြို့ မင်းကျောင်းမှ သံဃာဆယ်ပါးပင့်၍ မုန့်တီဆွမ်းကျွေးသည်။ ရပ်မိရပ်ဖ များနှင့် အိမ်တွင်လူစည်ကားခဲ့သည်။ အိမ်ရှိလူတွေအားလုံးလည်း ပျော်ရွှင်လျှက်ရှိကြသည်။

ကိုမောင်မောင်ထွေးနှင့် ခိုင်မထွေးတို့ကို စေ့စပ်ကြောင်းလမ်းသောပွဲမှာ ဒေါ်နန်းဖဲဦး အလိုကျဖြစ်သည်။ အဖွား၏ တိုင်ပင်ဖော်တိုင်ပင်ဖက် ရှေ့နေကြီးဦးကျော်လှုလည်းပါသည်။ ဦးကျော်လှု၏ရှေ့၌ပင် အဖွားသည် ကိုမောင်မောင်ထွေးအတွက် အမွေစာချုပ်ကို ချုပ်ဆိုစေသည်။ စာချုပ်ထဲတွင် ကိုမောင်မောင်ထွေးအတွက် ကစ္ဆပနဒီက ပွဲရုံတစ်ရုံ၊ ပရိန်က ပွဲရုံတစ်ရုံ၊ လေးမြို့ရှိ ကြံခင်း၊ ဝါးခင်း၊ ဆေးခင်း၊ ယာတော၊ သနပ်ဖက် ခြံတစ်ဝက်ကို ကိုမောင်မောင်ထွေးအမွေပိုင်အဖြစ် သတ်မှတ်ပေးသည်။ ပြီး ကိုမောင်မောင်ထွေး မင်္ဂလာဆောင်ပြီး၍ လေးဆယ့်ကိုးရက်မြောက်သောနေ့တွင် ကစ္ဆပနဒီဘဏ်တွင် အပ်နှံထားသော ငွေစက္ကူနှစ်သောင်းကိုလည်း ကိုမောင်မောင်ထွေးသဘောအတိုင်း ထုတ်ယူသုံးစွဲနိုင်သည်။ ငွေစင်ဒင်္ဂါးကျပ်တစ်ထောင်ကိုလည်း ဦးမြတ်သာဖက ပေးရမည်။ ရွှေထည်ပစ္စည်းများနှင့် အမျိုးသမီးလက်ဝတ်လက်စား စိန်ကျောက်ရတနာများကိုမူ ခိုင်မထွေးအား ပေးရမည်ဖြစ်သည်။ လက်ဝတ်လက်စား ရွှေထည် စိန်ကျောက်များမှာ ကိုမောင်မောင်ထွေးနှင့် လုံးဝမအပ်စပ်ပေ။

ဤသို့ ကိုမောင်မောင်ထွေး တစ်သိန်းနီးပါးခန့်ရသော အမွေအားလုံးမှာ သူ့အမေ၏ ပိုင်ဆိုင်သောအမွေပစ္စည်းများဖြစ်လေသည်။

ဤအမွေကိစ္စနှင့်ပတ်သက်၍ ယခင်ကမစ္ဆရိယပွားခဲ့သော ဦးမြတ်သာ ဖနှင့် ဒေါ်ဝေဝေခိုင်တို့မှာ ယခုတော့ ကိုမောင်မောင်ထွေးက သူတို့ညီမ ခိုင်မေထွေး ကို လက်ထပ်ယူတော့မည်ဖြစ်သဖြင့် ကျေကျေနပ်နပ်ရှိနေကြသည်။ ကိုမောင် မောင်တို့နှစ်ယောက်ကလည်း မည်သို့သောကန့်ကွက်စကားကိုမှ မဆိုကြ။ ကိုမောင်မောင်ထွေးနှင့်ပတ်သက်၍ ယခုတော့ အားလုံးကျေနပ်နေကြလေသည်။

သို့သော် ခိုင်မေထွေးအနေကမူ ကိုမောင်မောင်ထွေးမျက်နှာကို မကြည့် ဝံ့ မကြည့်ရဲဖြစ်နေသည်။ ကိုဘချမ်းနှင့် သူတို့၏ ကိစ္စကို ကိုမောင်မောင်ထွေးသိပါ က ခွင့်လွှတ်နိုင်ပါ့မလား။ ခိုင်မေထွေး အနေကလည်း ဤကိစ္စကို တစ်သက်လုံး ဖုံးကွယ်နိုင်ပါ့မလား။ ဖုံးကွယ်ထားနိုင်သည်ပဲဆိုစေဦး ကိုမောင်မောင်ထွေးအပေါ် တွင် လိပ်ပြာသန့် နိုင်ပါဦးမလား။ ဤသည်ကိုတွေးကာ ခိုင်မေထွေး၏ ရင်ထဲမှာမူ တစ်နေ့လုံး ငိုရှိုက်နေမိသည်။

နောက်နေ့တွေမှာလည်း ခိုင်မေထွေး၏စိတ်သည် လန်းလန်းဆန်းဆန်း မရှိပေ။ ကိုဘချမ်းနှင့်ကျူးကျူးလွန်လွန်ဖြစ်မိထားသောအရိပ်မဲကြီးသည် သူ့ကို နေ့စဉ်ခြောက်လှန့်လျှက် ရှိလေသည်။ ခိုင်မေထွေးက ဖုံးဖိထားနိုင်သော်လည်း တဖွတ်ထိုးသမားကိုဘချမ်းက ကိုမောင်မောင်ထွေးကို တစ်နေ့မဟုတ်တစ်နေ့ ပြောလျှင် မည်သို့လုပ်ရပါမည်နည်း။ ကိုဘချမ်းပြောမှသိရလျှင် စိတ်ခက်ထန်သူ စိတ်ကြီးသူ ကိုမောင်မောင်ထွေးသည် သူ့ကို သတ်များသတ်လေမလား။ ဤအ ကြောင်းကိုတွေးလျှင် ခိုင်မေထွေးမှာ သူ့ကိုယ်သူ သတ်ပစ်ချင်လောက်အောင် စိတ်ညစ်နေမိသည်။

တောထဲကပြန်လာကတည်းကပင် ခိုင်မေထွေးကိုလက်ထပ်ပြီး သူ့ဖွား ဖွားစိတ်တိုင်းကျ အိမ်မှိုရှင်တွေအားလုံးစိတ်တိုင်းကျ နေတော့မည်ဟု ဆုံးဖြတ်ထား သူ ကိုမောင်မောင်ထွေးကတော့ သည်ရက်ပိုင်းတွင် အပျော်ကြီးပျော်နေလေသည်။

မနက်မိုးလင်းသည်နှင့်တစ်ပြိုင်နက် ခြံထဲဆင်းသည်။ ကိုမောင်မောင် လေး ဒေါ်ဝေဝေခိုင်တို့နည်းတူ ခြံထဲတွင် အလုပ်သမားတွေနှင့် အလုပ်လုပ်ရင်း အပျော်ကြီးပျော်နေလေသည်။ ညနေဆိုလျှင်လည်း မိုးချုပ်ခါနီးမှ အိမ်ကိုပြန်လာ လေ့ရှိ၏။ သူ့အနေမှာ ကိုမောင်မောင်လေး ဒေါ်ဝေဝေခိုင်တို့ထက်ပင် အလုပ်ကို ကြိုးစားလျှက်လုပ်နေ၏။ ဖွားဖွားနှင့်တကွ ကိုမောင်မောင်လေး ဒေါ်ဝေဝေခိုင်တို့ ကပင် တားယူရသည်။ ဤသည်ကိုမြင်ရလေ ခိုင်မေထွေး၏ ရင်ထဲမှာတော့ တမြေ့မြေ့ မီးလောင်လေပင်တည်း။

ညနေမိုးချုပ်မှ အိမ်ပြန်လာတတ်သော ကိုမောင်မောင်ထွေးသည် တစ်ဖက်က အဖွားစိတ်ချမ်းသာအောင် အဖွားကိုပြုစုရသလို ခိုင်မေထွေးကိုလည်း မျက်စိအောက်က အပျောက်မခံဘဲ အမြဲယုယ အကြင်နာပိုနေမိသည်။

သည်ကနေ့ သူ့အလုပ်ကပြန်လာတော့ ခိုင်မေထွေးကို သူ့အဖွားမတွေ့

ရသဖြင့် ခြံထဲဆင်း၍ ရှာမိသည်။ အနောက်ဖက်တွင် နေလုံးကွယ်သွားပြီဖြစ်သော်လည်း ပတ္တမြားဆည်းဆာရည်တို့သည် ခြံထဲ၌ တောက်ပဆဲပင်တည်း။ ဆည်းဆာရောင်ထဲက မန်ကျည်းပင်ကြီးတစ်ပင်အောက်၌ ငုတ်တုတ်ထိုင်နေသူ ခိုင်မေထွေးကို တွေ့ရသောအခါ ကိုမောင်မောင်ထွေး၏ မျက်နှာမှာ ချက်ချင်း ဝင်းပသွားလေသည်။ ကိုမောင်မောင်ထွေးသည် ခိုင်မေထွေး၏ မျက်နှာကို နောက်ကနေအုပ်ကာ ခိုင်မေထွေးကို ကျီစယ်ရန်အတွက် ခြေသံမကြားရအောင် ခိုင်မေထွေးအနား တိတ်တိတ်လေးလျှောက်လာသည်။

"ဝေါ့ .... ဝေါ့ .... ဟွတ် .... ဟွတ်"

မန်ကျည်းပင်ကြီးအောက်တွင် ခိုင်မေထွေး တဝေါဝေါအန်နေသည်ကို မြင်ရသောအခါ ကိုမောင်မောင်ထွေးမှာ စိုးရိမ်စိတ်တို့နှင့် ချက်ချင်း ခိုင်မေထွေး အနား ပြေးရောက်သွားသည်။

"မေ .... မေထွေး .... ဘာ .... ဘာဖြစ်တာလဲဟင်"

လက်တစ်ဖက်က ခိုင်မေထွေးနဖူးကို မထားပြီး လက်တစ်ဖက်က ခိုင်မေထွေး၏ ကျောကို ပွတ်သပ်နှိပ်နယ်ပေးကာ ကိုမောင်မောင်ထွေးက အသံတုန်တုန်ယင်ယင်နှင့် မေးလိုက်၏။

ကိုမောင်မောင်ထွေးအမေးကို မည်သို့ပြန်ဖြေရမှန်းမသိသူ ခိုင်မေထွေးမှာ အန်ထား၍ စီးကျနေသောမျက်ရည်ကြားထဲက ကိုမောင်မောင်ထွေး၏ မျက်နှာကိုသာ ငေးကြည့်၍ ကြောင်နေမိသည်။

"မေထွေး ဘာဖြစ်တာလဲဟင်"

"ရင်ထဲက ပျို့တယ် .... ကိုကိုထွေး"

"နေ့ခင်းက ဘာတွေများ စားထားလို့လဲဟင်"

"ဘာမှလည်း အထွေအထူး မစားပါ .... ဝေါ့ .... ဝေါ့"

"အို"

ခိုင်မေထွေး ထပ်ပြီးအန်လိုက်သောအခါ ကိုမောင်မောင်ထွေးမှာ လန့်ဖျတ်သွားပြန်သည်။

"အစာမကြေလို့လား မေထွေးရယ် .... ထ ထ အိမ်ပေါ်သွားရ အောင် .... လူးဆေးပဲဖြစ်ဖြစ် .... လျှက်ဆားပဲဖြစ်ဖြစ် စားလိုက်နော် .... ကိုယ်တော့မပူပါဘူး .... မေထွေး ဖျားချင်သလို တွေ့လားဟင်"

"ဟင့် .... အင်း"

ခိုင်မေထွေးမှာ တကယ်လည်းမသိပေ။ လက်တွေခြေတွေမှာ မသယ်ချင်သလိုဖြစ်ကာ ရင်ထဲကပျို့ပြီး အန်ချင်တာပဲသိသည်။ ဤသို့ တစ်ခါမှ မဖြစ်ဖူးသော ခိုင်မေထွေးမှာ ဘာဖြစ်၍ဖြစ်မှန်းလည်း မသိပါချေ။

ကိုမောင်မောင်ထွေးမှာ ခိုင်မေထွေးအနား၌ ပျာလောင်ခတ်နေမိသည်။

ဆူဆေးတိုက်ပြီး ခိုင်မေထွေးကို လျှက်ဆားကျွေးရသည်။ ပြီး ကိုယ်တွေများပူနေသလားဟု ခိုင်မေထွေး၏ တစ်ကိုယ်လုံးကို ပွတ်သပ်ဆုပ်နယ်ပေးရသည်။

"ခြံထဲဆင်းတော့ လေစိမ်းတိုက်လို့ဖြစ်တာနေမှာပဲ နောက်ဆို ခြံထဲမဆင်းနဲ့နော် မေထွေး အိမ်ပေါ်က ဒါဒါအနားမှာပဲနေနော်"

ကိုမောင်မောင်ထွေးက ယုယုယယပြုစုပေးပြီး အရေးတယူပြောပြသည်ကို ခိုင်မေထွေးမှာ မျက်လုံးကလေး ကလယ်ကလယ်နှင့် ကလေးငယ်တစ်ယောက်လို ခေါင်းညိတ်နေ၏။

ညနေ ထမင်းစားဝိုင်းကျတော့ ခိုင်မေထွေးက တစ်ခါထပ်ပြီးအန်ပြန်၏။ ခိုင်မေထွေးအော့အန်ပြီး ထမင်းဝိုင်းကထပြေးတော့ ကိုမောင်မောင်ထွေးမှာ ခိုင်မေထွေးအတွက် စိုးရိမ်စိတ်နှင့် ပြာလောင်ခတ်သွားလေသည်။ ခိုင်မေထွေး ထပြေးရာသို့လိုက်သွားရသည်။

"မေထွေး ဘယ်လိုဖြစ်တာလဲဟင်"

"ရင်ထဲက ပျို့တယ် ကိုကိုထွေး ထမင်းလည်း မစားချင်တော့ဘူး"

အမှန်လည်း ခိုင်မေထွေး ထမင်းစား၍မရတော့။ ထမင်းစားရန်ကိုမဆိုထားနှင့် ထမင်းကိုမြင်ရုံနှင့် နောက်ထပ် အန်ချင်နေပြန်သည်။

ထမင်းမစားချင်ရင်လည်း မစားနဲ့တော့ကွယ် .... ရော့ .... ပလုပ်ကျင်းပြီး ရေသောက်ပစ်လိုက် .... ညနေကျမှ ကော်ဖီနဲ့မုန့်စားပေါ့ လျှက်ဆားစားဖို့လည်း မမေ့နဲ့အုံး .... ဖွားဖွားအနားမှာ သွားလှဲနေချေ။ အတော်ကြာ ကိုကိုထွေးလာခဲ့မယ်နော်"

ကိုမောင်မောင်ထွေးသည် ခိုင်မေထွေးအား ရေတစ်ခွက်တိုက်ပြီး အိမ်ပေါ်သို့လိုက်ပို့သည်။ လျှက်ဆားပုလင်းလည်း ပေးထားခဲ့၏။

ထမင်းဝိုင်းသို့ ပြန်ရောက်လာသော်လည်း ကိုမောင်မောင်ထွေးသည် ထမင်းဆက်မစားတော့ဘဲ လက်ဆေးကာ အိမ်ပေါ်သို့ ပြန်တက်လာသည်။

"ကိုကိုထွေး ထမင်းဘာလို့ဝအောင် မစားခဲ့လဲ မေထွေးကြောင့် ကိုကိုထွေး ထမင်းမစားခဲ့ဘူးမှတ်လားဟင်"

"မဟုတ်ပါဘူး မေထွေးရယ် .... ကိုကိုထွေး ဝပါပြီ"

ကိုမောင်မောင်ထွေးက သူ၏လက်တစ်ဖက်ကို ညင်ညင်သာသာ လာဆုပ်ပြီး ပြောသောအခါ ခိုင်မေထွေး၏ရင်ထဲမှာ နင့်သွားမိ၏။ သူ့ကြောင့် ကိုမောင်မောင်ထွေး ထမင်းမဝဘဲ ထလာရသည်ကိုသူသိသည်။

ထိုနေ့ ညနေထမင်းဝိုင်းတွင် ခိုင်မေထွေး အော့အန်လိုက်သဖြင့် မည်သူမျှ ထမင်းစားမကောင်းကြတော့။

နဂိုကပင် ရွှာတတ်သောကိုမောင်မောင်လေးမှာ ခိုင်မေထွေး အော့အန်ပြီး သွားကတည်းကပင် မျိုမကျတော့။ သူလည်း အန်ချင်လာသည်။ ထို့ကြောင့်

မျက်နှာကို ရှစ်ခေါက်ချိုးလုပ်ကာ ခိုင်မေထွေးကိုလည်း စိတ်ဆိုးသည်။ ထမင်းကို အတင်းမျိုချနေရသော်လည်း သူ့ပါးစပ်မှာ အရသာမရှိတော့။ ထို့ကြောင့် သူသည်လည်း ထမင်းမဝဘဲ ထမင်းဝိုင်းမှ စောစောထလာသည်။

သမီး ခိုင်မေထွေးနှင့် ကိုမောင်မောင်ထွေးတို့၏ အဖြစ်ကိုကြည့်ကာ ပြုံးပြုံး ပြုံးပြုံးနှင့် ထမင်းဝိုင်း၌ နောက်ဆုံးကျန်ရစ်သူကတော့ ဒေါ်ဝေဝေခိုင်ပင်တည်း။ သူ့မှာ ဝမ်းသာ၍ ထမင်းဆက်မစားနိုင်သလို 'အရှင်ကြီး ဒေါ်နန်းဇွဲဦး သာသိရင် သိပ်ဝမ်းသာရမှာပဲ' ဟုလည်း သူ့အတွေးနှင့်သူ ပျော်နေလေသည်။

ညနေ သူ့အဖွားနှင့် ခိုင်မေထွေး ကိုမောင်မောင်ထွေးတို့ တရားစာတွေ မေတ္တာပို့တွေ ရွတ်ဖတ်သံတိတ်သွားချိန်မှာ ဒေါ်ဝေဝေခိုင်သည် မတက်စဖူး အိမ်ပေါ်သို့တက်လာ၏။ ဒေါ်ဝေဝေခိုင် အိမ်ပေါ်သို့တက်လာချိန်မှာ ကိုမောင်မောင်ထွေးသည်ပင် သူ့အိပ်ခန်းထဲ ပြန်ရောက်နေလေပြီ။ ဒေါ်နန်းဇွဲဦးလည်း အိပ်ခန်းထဲ ရောက်နေလေပြီ။ ခိုင်မေထွေးတစ်ယောက်သာ သူ့အဖွား၏ ကွမ်းဆုံကို သိမ်းဆည်း၍ တွေ့ရသည်။

"သမီး .... ခိုင်ခိုင် .... မေမေ့ဆီ ခဏလာအုံး"

ဒေါ်ဝေဝေခိုင်က ဤမျှသာပြောပြီး အောက်ထပ်ကိုပြန်ဆင်းရန် လှေခါးထိပ်ရှိရာသို့ လှည့်ထွက်သွားသည်။

"ဘာလုပ်မလို့လဲ မေမေ"

"ပြောစရာရှိလို့ပါ သမီးရယ်"

"ဟုတ်ကဲ့ .... သမီး ခုပဲ လာခဲ့မယ်နော် မေမေ"

အမေ၏အသံသည် ခါတိုင်းနေ့တွေထက် အဆအရာ ညင်သာနေသလားဟု ခိုင်မေထွေး ထင်နေမိသည်။ 'ဘာများပြောမလို့ပါလိမ့်' ဟုလည်း တွေးမရဖြစ်မိသည်။ သည်လိုနှင့် ခိုင်မေထွေးသည် အမေရှိရာ အောက်ထပ်က အမေ့အိပ်ခန်းထဲ ရောက်လာရ၏။

"ထိုင်အုံး .... သမီး"

အမေက ထိုင်ဟုဆိုသော်လည်း ခိုင်မေထွေးသည် ချက်ချင်းမထိုင်သေးဘဲ အမေ၏မျက်နှာကိုသာ ငုံ့ကြည့်နေမိသည်။ မခေါ်စဖူး ခေါ်သောအမေသည် 'ဘာစကားများ ပြောမလဲ' ဟု သူ့စိတ်ထဲက ဝေခွဲမရ ဖြစ်နေ၏။

"အမေ ဘာပြောမလို့လဲဟင်"

"အို .... ကွယ် .... သမီးကလည်း ထိုင်ပါဆိုမှ .... ကဲ"

ဒေါ်ဝေဝေခိုင်သည် မတ်တပ်ရပ်နေသော ခိုင်မေထွေးကိုကလေးဆါက် စလေးတစ်ယောက်လို လက်မွဲ့ထိုင်ခိုင်းလိုက်ပြီး သူ့ရင်ခွင်ထဲ ပွေ့ဖက်နမ်းရှုတ်လိုက်သည်။

သူ့အမေ၏ ထူးထူးခြားခြား အပြုအမူကြောင့် ခိုင်မေထွေးမှာ ပို၍

ကြောင်စီစီဖြစ်သွားပြန်သည်။ ထို့ကြောင့် သူ့အမေက သူမ၏လည်တိုင်ကိုပါ နမ်းလိုက်သောအခါ 'အိုး .... အမေကလည်း' ဟု ယားယံပြီး သူ၏ကိုယ်ကို တွန့်လိမ်ပစ်လိုက်သည်။

ဒေါ်ဝေဝေခိုင်က ခိုင်မေထွေးကို ယုယုယယပွေ့ချီထားရာမှ သူ၏ ပါးစပ်ကို သမီးနားကပ်၍ တစ်လုံးချင်းပြောပြလိုက်သည်။

"သမီးလေးမှာ ကလေးရှိနေပြီ .... ဒီကနေ့ကစပြီး အစားအသောက် အနေအထိုင် ဆင်ခြင်ရမယ်နော် သမီး"

"ဟင်"

အမေ၏စကားက ခိုင်မေထွေး၏တစ်ကိုယ်လုံးကို ရုတ်တရက် ကြိမ်စက်နှင့် တို့လိုက်သလို သွက်သွက်ခါ တုန်လှုပ်သွားလေသည်။

"ငါ့မှာ ကလေးရှိနေပြီ ဆိုပါလား"

ခိုင်မေထွေး၏မျက်လုံးအစုံမှာ ချက်ချင်း ပြာဝေသွားကာ တစ်ကိုယ်လုံး မှာလည်း ရုတ်တရက် ပြန်၍အေးစက် တောင့်တင်းသွားပြန်လေသည်။

"ဘုရား .... ဘုရား .... ငါဘယ်လို လုပ်ရပါ့မလဲ ခက်တော့တယ် .... ခက်တော့တယ်"

ခိုင်မေထွေးသည် ရုတ်တရက် သူ့အမေရင်ခွင်ထဲက လူးလဲထကာ အိမ်ပေါ်သို့ ပြေးတက်လာမိသည်။ သူ့စိတ်ထဲမှာ ဆောက်တည်ရာမရတော့ပြီ။

"အရှုံးမ .... ဒါရှက်စရာလားဟဲ့။ ငါ့စကားဆုံးအောင် နားထောင်ပါအုံး .... နင့် .... ဒါဒါသာသိရင် ဘယ်လောက် ဝမ်းသာ လိုက်မလဲ"

ဒေါ်ဝေဝေခိုင်အနေကမူ သမီးငယ်သည် ရှက်၍အိမ်ပေါ်သို့ ပြေးတက် သွားသည်ဟု ထင်မိသည်။ ဤအထင်နှင့်ပင် လှမ်းအော် တားသေး၏။

သို့သော် ခိုင်မေထွေးအနေမှာမူ သူ့အမေ၏ နောက်ထပ်ပြောစကား တွေကို လုံးဝမကြားမိတော့။ အိပ်ခန်းထဲကိုသာ တန်းပြီးပြေးဝင်ကာ မျက်နှာနှင့် ခေါင်းအုံးအပ်၍ ကျုံကျုံပါအောင် ငိုလိုက်မိလေသည်။

× × × × × × × × × × × ×

## အခန်း (၂၆)

'ဟေး .... ခိုင်ခိုင် .... ခိုင်ခိုင် .... အရှင်ကြီး လမ်းပြန်လျှောက်တတ်ပြီ နင့်ဒါဒါ .... အကောင်းပကတိဖြစ်သွားပြီတော့' အမေ၏ဝမ်းသာအားရ အော်ပြောလိုက်သံကြောင့် ခိုင်မေထွေးနှင့်တကွ ကိုမောင်မောင်လေးတို့ပါ အိမ်ပေါ်သို့ ပြေးတက်လိုက်ကြသည်။ ကိုမောင်မောင်ထွေးကမူ ကစ္ဆပနဒီသွားနေသဖြင့် အိမ်၌မရှိချေ။ ဖွားဖွား အကောင်းပကတိ ဖြစ်သွားပြီဆိုသော အမေ၏ဝမ်းသာအားရ အော်ပြောလိုက်သံကို ကြားရသောအခါ ခိုင်မေထွေးမှာ ကိုမောင်မောင်ထွေးကို ချက်ချင်းပြေး၍ သတိရလိုက်မိသည်။ ကိုကိုထွေးသာရှိလျှင် ဘယ်လောက်ပျော်စရာကောင်းလိုက်ပါမည်နည်း။ ဝမ်းသာလိုက်ပါမည်နည်း။ သို့သော် ခိုင်မေထွေးတို့အားလုံး အပေါ်ထပ်လှေခါးထိပ်အရောက်မှာ အမေ၏ နောက်ထပ်အထိတ်တလန့်အော်သံနှင့်အတူ တစ်စုံတယောက် လဲကျသွားသံကိုလည်း ကြားလိုက်ကြရသည်။

"အမလေး .... လုပ်ကြပါအုံး၊ အရှင်ကြီး လဲကျသွားပြီ"

နှစ်ရှည်လများ အောက်ပိုင်းကသေနေခဲ့သော ဖွားဖွား လမ်းလျှောက်ခြင်းကိုမြင်ကြရတော့မည်ဆိုသော ဝမ်းသာအားရနှင့် ပြေးတက်လာကြသူတွေ၏ ခြေလှမ်းက ဤတွင် ရပ်တန့်သွားကြသည်။

"ဒါဒါ ... ဒါဒါ ဘယ်လိုဖြစ်သွားတာလဲ အမေရယ် လုပ်ပါအုံး လုပ်ပါအုံး"

ခိုင်မေထွေးသည် ကြမ်းခင်းပြင်တွင် ပုံးစိုးပက်စက်ဖြစ်နေသော သူ့အဖွားကို ပြေးဖက်ကာ အော်ငိုလိုက်၏။

"အမေ ဟိုကိစ္စ ပြောလိုက်တော့ .... နင့်ဒါဒါ ဝမ်းသာအားရနဲ့ မတ်တပ်ထလာပြီး တုန်တုန်ယင်ယင်နဲ့ လမ်းလျှောက်လို့မှ သုံးလေးလှမ်းရှိသေးတယ်၊ ပြန်ပြီးလဲကျသွားတာပဲ၊ ခုတော့ အရှင်ကြီး အသက်မှရှိသေးရဲ့လား ... အရှင်ကြီး အရှင်ကြီး"

ဒေါ်ဝေဝေခိုင် ပြောသည်မှာ အမှန်ပင်ဖြစ်သည်။ ခိုင်မေထွေးတွင် ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း ဒေါ်ဝေဝေခိုင်က ဒေါ်နန်းဖုံးအား ပြောလိုက်သောအခါ 'ဟင် – ဟင် – ဟုတ်လား ဝေဝေ အရှင်ကြီး ဝမ်းသာလိုက်တာ ခေါ်စမ်း ငါ့မြေးကို ခေါ်စမ်း' ဟုပြောပြီး ဘီးတပ်ကုလားထိုင်ပေါ်တွင် ထိုင်နေရာက

ရုတ်တရက်ထလာသည်။ စိတ်လှုပ်ရှားမှုတစ်ခုခု ကြီးစွာဖြစ်လာလျှင် အကောင်း ပကတိပြန်ပြီးဖြစ်လာနိုင်သည်ဟူသော ဆရာဝန်၏ပြောစကားကို သတိရသော အခါ ဒေါ်ဝေဝေခိုင်မှာလည်း ကြီးစွာဝမ်းသာသွားလေသည်။ ထို့ကြောင့်လည်း ခိုင်မေထွေးကို အော်ခေါ်မိ၏။ သို့သော် ခိုင်မေထွေးသည် သူ့အဖွားလမ်းလျှောက် ခြင်းကို မမြင်လိုက်ရ။ တုန်တုန်ယင်ယင်နဲ့ လေးငါးလှမ်းသာ ထလျှောက်နိုင်ပြီး ဒေါ်နန်းဖုံဦးသည် ဝမ်းသာအားရှုင့်ပင် အားလုံးကို ကျောခိုင်းသွားလေသည်။

ခိုင်မေထွေးတွင် ကိုယ်ဝန်ရှိနေပြီဟူသော စကားကြောင့်လားမသိ။ ဒေါ်နန်းဖုံဦးပါးစပ်သည် ယခုထိ ပြုံးနေသလိုပင်။ ဤသည်ကိုကြည့်ကာ ခိုင်မေ ထွေးမှာတော့ ဖြေမဆည်နိုင်အောင်ဖြစ်ရလေပြီ။

"ကျွန်မက ခိုင်ခိုင်မှာ ကိုယ်ဝန်ရှိနေပြီ အရှင်ကြီးမြင်ရတော့မယ်ပြော တော့ ဝမ်းသာအားရနဲ့ ရုတ်တရက်ထလာတာ ခြေလှမ်းသုံးလေးလှမ်းပဲ လျှောက် ရတယ် —— အရှင်ကြီး ပြန် ပြန် လဲကျသွားတာပဲ ကိုမြတ်သာရေ"

ကစ္ဆပနဒီတွင် ရောက်နေကြသော ခိုင်မေထွေးအဖေ အစ်ကိုတို့ကို ခေါ်လိုက်ရသည်။ သူတို့ရောက်လာကြသောအခါ ခိုင်မေထွေးအမေက ဒေါ်နန်း ဖုံဦး၏ အလောင်းကိုဖက်ပြီး ဖြစ်ကြောင်းကုန်စင် ပြောဝိုလေသည်။

"ဟင် —— ခိုင်မေထွေးမှာ ကိုယ်ဝန်ရှိနေပြီဆိုပါလား"

သူ့အရှင်ကြီး ခိုင်မေထွေးအမေ၏စကားက ကိုမောင်မောင်ထွေး၏ တစ်ကိုယ်လုံးကို ကြီးစွာတုန်လှုပ်ချောက်ချားသွားစေသည်။ သူနှင့်လည်း ကျူး ကျူးလွန်လွန်တစ်ခါမှ မဖြစ်ဖူးဘဲနှင့် ခိုင်မေထွေးတွင် ကိုယ်ဝန်ရှိနေပြီဆိုခြင်းမှာ ဟုတ်မှဟုတ်ရဲ့လား၊ ခြံထဲက အလုပ်သမားတစ်ယောက်ယောက်နှင့်များလား၊ ကိုမောင်မောင်ထွေးသည် သူ့အဖွားတစ်ယောက်လုံး ဆုံးပါးနေသည်ကိုပင် ငိုရ မှန်း ဝမ်းနည်းရမှန်း မသိလောက်အောင် စိတ်ရှုပ်ထွေးသွားလေသည်။ ဘယ်လို ဘယ်လိုဖြစ်ကုန်ပါလိမ့်ဆိုသည်ကိုပင် သူမသိတော့။ အိပ်မက်များ မက်နေသည် ဟုပင် ထင်မိသည်။ ထို့ကြောင့် ခိုင်မေထွေးကို လှမ်းကြည့်သည်။ စောစောက သူ့အဖွားအလောင်းနားတွင် ငိုနေသော ခိုင်မေထွေးကို မတွေ့တော့။ သူ့အမေ စကားက ခိုင်မေထွေးနှင့် ကိုမောင်မောင်ထွေးကို စကြာစဋ္ဌာတစ်ဖက်စီ ခြားလိုက် လေပြီ။ ခိုင်မေထွေး ထပြေးသွားလေပြီ။ ခိုင်မေထွေးသည် တစ်နေ့မှာလည်း မိမိဒုက္ခအပြင် ဖွားဖွား ဆုံးသောဒုက္ခ နှစ်ရပ်ပေါင်းကိုပါ ဝမ်းနည်းယူကျူးမရဖြစ် ကာ အခန်းအောင်း၍ ငိုနေလေပြီ။

"ကဲ သမီးရယ် —— တိတ်ပါတော့ —— ဒါဒါသာမဟုတ်ဖူး၊ ပါပါတို့ သမီးတို့လည်း တစ်နေ့ကျ ဒီလမ်းကို သွားကြရမှာပဲ၊ သမီးက ဒီလိုချည်းငိုနေ တော့ ဒါဒါမှာ ပိုပြီး ငဲကြီးတယ်တဲ့ —— ကဲလာ၊ ရေမိုးချိုး ထမင်းစားဖို့လည်းလုပ်၊ သမီးထမင်းမစားတော့ အားပြတ်ပြီး ဒုက္ခရောက်မှာပေါ့"

သူနှင့် ကိုမောင်မောင်တို့ ရောက်လာကြပြီး ထပြေးသွားကတည်းက ပင် အခန်းထဲကမထွက်ဘဲ ငိုနေသောသမီးကို ညနေကျတော့ ဦးမြတ်သာစံကပါ ဝင်၍ ချော့မော့ဖျောင်းဖျရသည်။ သူ့အမေလည်း တစ်နေ့လုံးချော့မော့ပြီးပြီ။ သို့သော် ခိုင်မေထွေးက သူ့အဖွား၏အလောင်းကို 'မကြည့်ရဲ ကြည့်ရဲ' ဟုပြောပိုကာ အခန်းအောင်းငိုနေသည်။ အမှန်မှာ ကိုမောင်မောင်ထွေး၏မျက်နှာကို ဘယ်လိုကြည့်ရမှန်းမသိသဖြင့် အပြင်ထွက်လာခြင်းဖြစ်သည်။ သူ့ရင်ထဲမှာ ကွဲထွက်မတတ် ပူလောင်နေသည်ကို မသိကြသူတွေကတော့ တစ်ယောက်ပြီး တစ်ယောက် လာချော့ကြ၏။ မည်သူ့မျှ ဖျောင်းဖျချော့မော့၍ မရသောအခါ သမီးနှင့်တစ်ခါမှမရောသော အဖေကြီးပင် လာချော့ရသောအခြေအနေသို့ရောက် ရသည်။ အသုဘကိစ္စထက် ခိုင်မေထွေး တစ်စုံတခုဖြစ်သွားမှာကိုပင် အိမ်ရှိလူ တွေက ပူပန်နေကြရပြန်သည်။ ပိုဆိုးသည်မှာ မပေါ့မပါး ဖြစ်နေသဖြင့်တည်း။

"မောင်မောင်ထွေး သမီးကို ဖျောင်းဖျပြောပါကွယ် သမီးလေး သိပ်ဝမ်း နည်းနေတယ်"

သူက ချော့မော့၍မရသောအခါ ဦးမြတ်သာစံက ကိုမောင်မောင်ထွေး ကို တီးတိုးပြောလာသည်။ ကစ္ဆပနဒီရောက်ကတည်းကပင် ငိုလည်းမငို၊ စကား လည်းမပြော၊ မျက်ရည်လည်းလုံးဝမကျဘဲ သူ့အဖွား၏အလောင်းကိုသာ ကြောင်ငေး ကြည့်နေသော ကိုမောင်မောင်ထွေးသည် ဦးမြတ်သာစံ၏ စကား ကြောင့် စိတ်ထဲ နင့်ကနဲ နာကျည်းသွားမိသည်။ 'သမီးကို သွားချော့ပါတဲ့၊ ကျုပ်နဲ့ဘာဆိုင်လို့ ခင်ဗျားတို့သမီးကို ကျုပ်ကချော့ရမှာလဲ၊ ခင်ဗျားတို့သမက်ကို ချော့ခိုင်းပေါ့' ကိုမောင်မောင်ထွေး၏ရင်ထဲကမှ ဤစကားများကို ရင်ကွဲလုမတတ် အော်ဟစ်ပြောနေမိသည်။ သို့သော် မကောင်းတတ်၍ အိမ်တွင် တစိမ်းလူတွေရှိ နေ၍ ဘာမှပြန်မပြောဘဲ သူ့အဖွား၏အလောင်းနားက ထလာသည်။ သို့သော် ခိုင်မေထွေးရှိနေသောအခန်း သို့မဟုတ် အိမ်အောက်ကိုသာဆင်းလာပြီး သူတော ထဲက ပြန်လာတုန်းက ခိုင်မေထွေးကို ဦးဆုံးတွေ့ရသောနေရာ၊ တစ်နေ့က ခိုင်မေထွေး တဝေ့ဝေ့အန်နေသောနေရာတွင် လာထိုင်နေမိသည်။ သူ့စိတ်ထဲမှာ ယခင်က အားလုံးကို နာကျည်းခဲ့ရသောစိတ်သည် ချက်ချင်းပြန်ပေါ်လာပြီ။ လောကကြီးကို နာကျည်းနေသည်။

"မောင်မောင်ထွေး"

မည့်မျှကြာအောင် ထိုင်နေမိသည်မသိ တစ်စုံတယောက်က သူ၏ နာမည်ကို ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ ဦးမြတ်သာစံကို တွေ့ရသည်။ ဦးမြတ်သာစံသည် သူ့ကို ကြီးစွာသောမကျေနပ်ချက်နှင့် ကြည့် နေ၏။ 'သူ့သမီးကို သွားပြီးမဖြေသိမ့်ရကောင်းလားဟူသော မကျေနပ်သည့် အကြည့်မျိုး'

"အော် .... မင်းမင်းကြီး"

ကိုမောင်မောင်ထွေးသည် စိတ်ကို အတတ်နိုင်ဆုံးထိန်းကာ မတ်တပ် ထရပ်လိုက်သည်။

"မင်းဒီမှာ ဘာလုပ်နေတာလဲ .... ငါ့ကမင်းကို ဒီလွှတ်လိုက်လို့လား" ဦးမြတ်သာဖေ၏ အသံသည် မထန်စဖူး ထန်လာသည်။ သူသည် သမီးစိတ်နှင့် ကိုမောင်မောင်ထွေးကို ကြီးစွာ စိတ်ဆိုးနေသည်။ သားသမက်လို သဘောထား သဖြင့်လည်း သူ့အနေက ပို၍ ပြောအားရှိနေသည်။ 'ကျွန်တော် ဝမ်းနည်းလွန်းလို့ မင်းမင်းကြီး ကျွန်တော် ဝမ်းနည်းလွန်းလို့'

'အင် .... မင်းမင်းကြီးမှာလည်း အမေအရင်းပါ မောင်မောင်ထွေး ဒီလမ်းက လူတိုင်းသွားရမယ့်လမ်းပဲ ကလေးရယ် .... စိတ်ကိုဖြေပေါ့ မင်းမင်း ကြီးတို့က ယောကျ်ားလေးတွေပဲ ဟိုက မိန်းကလေးတွေအနေမှာ ပိုပြီး အားငယ် နေမယ်' ဦးမြတ်သာဖေ၏ စကားက ချက်ချင်းသိမ်မွေ့သွားသည်။ ကိုမောင်မောင် ထွေး ဝမ်းနည်းသည်ဆိုခြင်းမှာ သူ့အမေဆုံးပါးသွားသဖြင့်ဟု အဓိပ္ပာယ်ကောက် လေသည်။ ကိုမောင်မောင်ထွေး ဝမ်းနည်းသည်က သူ့အဖွား ဆုံးပါးသည်ထက် ခိုင်မေထွေးကိစ္စ။

ယခုနေအခါမှာ ခိုင်မေထွေးကိစ္စကို ဖွင့်ပြောရလျှင် ပို၍ဆိုးမည်ကိုသိ သော ကိုမောင်မောင်ထွေးသည် အိမ်ပေါ်သို့ ပြန်တက်လာ၏။ သူ့နောက်တွင် ဦးမြတ်သာဖေလည်း ပါလာလေသည်။ 'မင်းက ဘယ်သွားနေလဲ' အပေါ်ထပ် လှေခါးက ဆင်းလာကြသော ကိုမောင်မောင်တို့နှင့် ဆုံမိကြရာ 'သူ့ညီမအား ဝိုင်းဝန်းမဖျောင်းဖျရကောင်းလား' ဟု ကိုမောင်မောင် ကြီးက တစ်ခါမေးပြန်၏။ ကိုမောင်မောင်လေးကလည်း သူ့ကို မကျေနပ်ကြည့် ကြည့်နေသည်။ ကိုမောင် မောင်ထွေးသည် သူ့နောက်တွင် ဦးမြတ်သာဖေပါလာသည်ကို တထိတ်ထိတ်ဖြင့် ကိုမောင်မောင်ကြီး၏ အမေးကို မည်သို့မျှပြန်မဖြေဘဲ ခိုင်မေထွေးရှိရာအခန်းသို့ လျှောက်လာသည်။ သူ့စိတ်ထဲမှာ မည်မျှ ဆောက်တည်ရာမရ ဖြစ်နေသည်ကို ဤအချိန်ထိ မည်သူမျှမသိကြသေး။ ဖြစ်နိုင်လျှင် ကိုမောင်မောင်ထွေးသည် ဤအိမ်က ဖွားဖွား၏ အလောင်းကိုပင် မသင်္ဂြိုလ်တော့ဘဲ ထွက်ပြေးချင်နေသည်။ သို့သော် ဤအိမ်သားတွေကို တော့ သူ့အနေမှာ ရှောင်လွှဲ၍မရသေး။ ခိုင်မေထွေး အခန်းထဲရောက်ပြန်တော့ ဒေါ်ဝေဝေခိုင်ကို ဦးဆုံးမျက်နှာချင်းဆိုင်ရသည်။ 'ခုမှ လာရသလား' ဟု ဒေါ်ဝေဝေခိုင်ကလည်း သူ့ကို ကျေနပ်ပုံမရပေ။ သို့သော် ကိုမောင်မောင်ထွေး ဝင်လာသည်ကိုမြင်တော့ ဒေါ်ဝေဝေခိုင်သည် ခိုင်မေထွေး အခန်းထဲက ချက်ချင်းထွက်သွား၏။ ခိုင်မေထွေးသည် ဆောင်ကို ခေါင်းမြီးခြုံကာ တဆတ်ဆတ်ရှိုက်၍ ငိုနေသည်။

ကိုမောင်မောင်ထွေးသည် ခိုင်မေထွေး၏ ကုတင်ပေါ်တွင် တက်ထိုင်ရ

မှာကိုပင် လိပ်ပြာမသန့်ဖြစ်နေသဖြင့် ကုတင်ဘေးက ကုလားထိုင်၌သာ တိတ်တိတ်ဆိတ်ဆိတ်ထိုင်နေသည်။ သူ့အနေက ခိုင်မေထွေးကို ဘာပြောရမှန်းမသိ။ ဘာလုပ်ရမှန်းမသိ။ ယခင် ငယ်စဉ်ကမူ ခိုင်မေထွေး၏ ခြေ လက် ကိုယ်ခန္ဓာ စသည်တို့ကို အကြိမ်ကြိမ် အခါခါ ကိုင်တွယ် ချော့မော့ ဖျောင်းဖျဖူးသော်လည်း ယခုအခါ ခိုင်မေထွေး၏အသားနှင့် ထိရမှာကိုပင် စိတ်ထဲကကြောက်နေမိသည်။ ရွံနေမိသည်။ စက်ဆုပ်နေမိသည်။ ပြီး နာကျည်းဒေါသဖြစ်နေမိသည်။ ထို့ကြောင့်လည်း သူသည် ခိုင်မေထွေးအနား၌ ကျောက်ရုပ်ထုတစ်ခု ချထားသလိုပင် တိတ်ဆိတ်စွာ အကြာကြီး ထိုင်နေမိသည်။

ခေါင်းမြီးခြုံ၍ ရှိုက်ငိုနေသော ခိုင်မေထွေးသည် သူရောက်နေသည်ကိုပင် သိအံ့မထင်ပေ။ သူ့စိတ်ထဲမှာ သူ့အနား၌ သူ့အမေ သို့မဟုတ် မရှိန်ဗီ၊ ဒေါ်သာထက် တစ်ယောက်ယောက်သာရှိ ကောင်းရှိနေပေမည်။

"ဟော့"

တံခါးဝမှအသံကြောင့် ကိုမောင်မောင်ထွေး လန့်သွားမိသည်။ မော့ကြည့်လိုက်တော့ ဒေါ်ဝေဝေခိုင်မျက်နှာကို မြင်ရသည်။ ခိုင်မေထွေးကို ချော့မော့ ဖျောင်းဖျလိမ့်မည်အထင်နှင့် ထားခဲ့သော်လည်း ယခုထိ ကိုမောင်မောင်ထွေးက ကျောက်ရုပ်ပမာတည်နေသောအခါ ဒေါ်ဝေဝေခိုင်မှာ အံ့သြသွားလေသည်။ ကိုမောင်မောင်ထွေးကို စိတ်ဆိုးရပြန်သည်။ အဖွားဆုံးပါးရခြင်းအတွက် ကလေးတွေ၏စိတ်က မည်သို့ဖြစ်သွားကြပါလိမ့်ဟုလည်း ပူပန်သွားသည်။

"ကဲ .... ထမင်းစားကြမယ် .... သမီးက ခုထိ အငိုမရပ်သေးဘူးလား ခက်တာပဲကွယ် .... ကိုမောင်မောင်ထွေးက မင်းညီမကို မချော့ဘူးလား ရေချိုးကြအုံးမလား"

"ကျွန်တော် မချိုးတော့ဘူး အရှင်ကြီး"

သူ့အနားကို ကိုမောင်မောင်ထွေး ဘယ်တုန်းကရောက်နေပါလိမ့် ဆိုသည်ကို ခိုင်မေထွေးက တွေးလိုက်သည်။ ကိုမောင်မောင်ထွေး၏ အသံကိုကြားသဖြင့် ရှိုက်နေတာ ခဏတိတ်သွားသည်။ သူ့အနားကို အမေနှင့်အတူ ရောက်လာတာလားဟုလည်း တွေးမိသည်။

'ကဲ .... မင်းနှမကို ထမင်းစားဖို့ ခေါ်လာခဲ့ .... သမီးလည်း ကိုကိုထွေးနဲ့ လိုက်လာခဲ့နော် .... မေမေတို့ ပါပါတို့ ထမင်းစားဖို့ စောင့်နေကြမယ်' ဒေါ်ဝေဝေခိုင်သည် ကိုမောင်မောင်ထွေးနှင့် ခိုင်မေထွေးကိုပြောပြီး စိုက်ကြည့်နေ၏။ ဤတစ်ခါလည်း ခိုင်မေထွေးကို သူက မခေါ် မပြော မချော့လျှင်တော့ သိပ်စိမ်းကားရာကျတော့မှာပဲဟူသောအတွေးကြောင့် ကိုမောင်မောင်ထွေးသည် စိတ်ကို လျှော့လိုက်သည်။

"မေထွေး .... ထမင်းစားကြမယ်တဲ့ ထလေ"

"ဟဲ့"

စိတ်ကို လျှော့ချလိုက်သော်လည်း ကိုမောင်မောင်ထွေးအသံကမူ မာကြောခက်ထန်နေသည်။ သူ့စိတ်ထဲမှာ ခိုင်မေထွေးကို လုံးဝချော့ချင် စိတ်မရှိပေ။ သူ့သမီးကို ချော့ခေါ်ပါပြောသော်လည်း စိတ်ဆိုးသလို ဟောက်သံကြီးနှင့် ပြောလိုက်သော ကိုမောင်မောင်ထွေး၏ စကားကြောင့် ဒေါ်ဝေဝေခိုင်၏ ပါးစပ်ထဲက 'ဟဲ့' ဟူသော ဟန့်တားသံတစ်ခု ထွက်သွားသည်။ ကိုမောင်မောင်ထွေးအသံက ခိုင်မေထွေး၏ အားငယ်ဝမ်းနည်းစိတ်ကို ပို၍ဆွပေးလိုက်သလိုဖြစ်သွားသည်။ သည်တော့ ခိုင်မေထွေးမှာ ငိုရပြန်လေသည်။

"မေထွေး ထလေ .... ထမင်းစားကြမယ် ပြောနေတာ .... သိပ်စိတ်ညစ်တာပဲကွယ် .... ထပါဆို"

ဤတစ်ခါသော် ခေါင်းမြီးခြုံထားသောစောင်ကို ကိုမောင်မောင်ထွေးက ဆွဲဖွင့်ပြီး ခိုင်မေထွေး၏ ကုတင်ပေါ်လည်း တက်ထိုင်လိုက်သည်။ သူ့အမေရှေ့၌ပင် ခိုင်မေထွေး၏ ကိုယ်လုံးလေးကို ပွေ့ထူလိုက်သည်။ ထိုအခါ ဒေါ်ဝေဝေခိုင်ကတော့ စိတ်ချရပြီဟူသောအထင်နှင့် ပြန်သွားသည်။

ခိုင်မေထွေးသည် သူ၏ခေါင်းနှင့် ကိုမောင်မောင်ထွေး၏ ရင်ကို ထိလိုက်ကာ ကိုမောင်မောင်ထွေးကိုဖက်ပြီး ကျုံကျုံပါအောင် ငိုလိုက်ပြန်သည်။ သူ့ရင်ဘတ်ကို ခိုင်မေထွေးက ခေါင်းနှင့်လာထိသဖြင့် သူ့ရင်ထဲက အသဲနှလုံးများသည် မွှန်မွှန်ညက်ညက် ကြေစင်သွားသလို ကိုမောင်မောင်ထွေးမှာ ခံစားလိုက်ရသည်။ သနားသည်လား .... ပို၍ နာကျည်းသွားသည်လား .... ခွဲခြားမရသော မျက်ရည်တို့သည် ချက်ချင်းသွန်ကျလာသည်။

"မေ .... မေထွေး .... ဘာလို့ .... ကိုယ့်ကိုကိုယ် ညဉ်းဆဲနေရတာလဲ မေထွေးရယ် .... ဒါဒါသေသလို မေထွေးတို့ ကိုကိုထွေးတို့လည်း တစ်နေ့သေကြရအုံးမှာပဲ .... တိတ်ပါတော့ မေထွေးရယ် .... ကဲ .... ထမင်းစားဖို့ စောင့်နေကြတယ်တဲ့" ဘာရယ်မဟုတ်။ စောစောပိုင်းက သူ့ဦးကြီးနှင့် လူကြီးတွေပြောစကားကို သတိရ၍ ခိုင်မေထွေးကို ပြောလိုက်ရသည်။ ခိုင်မေထွေးအနေမှာလည်း ကိုမောင်မောင်ထွေး၏ စကားကို ဇဝေဇဝါဖြစ်သွားသည်။ သူ့တွင် ကလေးရှိသည်ဟူသော မေမေ၏ စကားကို ဖွားဖွားအပူကြောင့် ကိုထွေးမကြားမိ၍ ငါ့ကို ဒီစကားလာပြောတာလားဟုလည်း တွေဝေသွားသည်။ ကိုမောင်မောင်ထွေးစကားကြောင့် သူ့မှာ အနည်းငယ်ဖြေသာသွားသော်လည်း ခိုင်မေထွေး ရင်ထဲကတော့ မရှိပေ။

ကိုမောင်မောင်ထွေးသည် ခိုင်မေထွေးအား ချက်ချင်းနာကျည်းစိတ်တွေ ပျောက်ကာ သနားသွားမိပြန်သည်။ တကယ်တန်းကျတော့လည်း သူ့အနေမှာ နှမသယ်ကို စိမ်းကားနိုင်သူမဟုတ်။ နှမသယ်ကလည်း မည်သည့်သဘောနှင့်မသိ၊ သူ၏ ခြေဖမိုးပေါ်ကို ပါးဖောင်းဖောင်းလေးနှင့် ကပ်လိုက်ကာ မျက်ရည်တွေ

သွန်ချနေပြန်သည်။ ပါးစပ်နှင့်ပင် သူ၏ခြေဖမိုးကို ထိနမ်းနေသည်။

"အိုး .... မေထွေးပါးစပ်ထဲ ဖုန်တွေဝင်ကုန်တော့မှာပဲ .... ထထ"

ကိုမောင်မောင်ထွေးသည် ခိုင်မေထွေးအား ကလေးငယ်တစ်ယောက်လို ချိုင်းကြားကမကာ မွေ့ချီထားလိုက်သည်။ ခိုင်မေထွေးမှာ မမိုမကန်းနှင့် သူ့လည်တိုင်ကို မော့နမ်းပြန်သောအခါ ကိုမောင်မောင်ထွေး၏ ရင်ထဲမှာ သွက်သွက်ခါသွားသည်။ ချက်ချင်းလည်း မျက်ရည်ကျလာမိပါသည်။ သည်လိုအခါမျိုးကျပြန်တော့လည်း နာကျည်းစိတ်တွေမှာ ဘယ်ဆီသို့ လွင့်ပျောက်ကုန်ကြပြန်သည် မသိတော့။

× × × × × × × × × × ×

## အခန်း (၂၇)

သည်ရက်ပိုင်းအတွင်းတွင် ကိုမောင်မောင်ထွေး၏စိတ်မှာ ဆောက်တည်ရာမရဖြစ်နေမိသည်။ ခိုင်မေထွေးတွင် ရှိနေသောကိုယ်ဝန်မှာ သူနှင့်မဟုတ်ကြောင်း ကိုမောင်မောင်ထွေး သိပါသည်။ သို့သော် 'ဘယ်သူနှင့်လဲ' ဟုလည်း သူကမမေးမိ။ မေးလည်း မမေးချင်တော့။ သူ့အထင်မှာ ခြံထဲက အလုပ်သမားတစ်ယောက်ယောက်နှင့် ဖြစ်မှာပဲဟု စိတ်ထဲစွဲနေ၏။ သူ့အမေအဖြစ်မျိုး ခိုင်မေထွေးဖြစ်ပြန်ပြီ။ သူတို့မိသားစုသည် ဤဝဋ်ကပင် မကျွတ်နိုင်ပါလားဟု ဝမ်းနည်းနေသည်။ တစ်ဖက်ကလည်း အားလုံးကို စိတ်နာနေသည်။ ထို့ကြောင့် သူသည် အိမ်ကထွက်ပြေးရန်သာ ကြံစည်နေမိသည်။

သူ့အဖွားကို ရက်လည်ဆွမ်းကျွေးပြီး သုံးရက်အကြာတွင် ဦးမြတ်သာဓနှင့်ကိုမောင်မောင်ကြီးတို့ ကစ္ဆပနဒီသို့ ပြန်သွားကြသည်။ သူကလည်းလိုက်မည်ဆိုတော့ ဦးမြတ်သာဓက သူ့ကိုဟိန်းဟောက်ပြီး ထားခဲ့သည်။ ဦးမြတ်သာဓအနေမှာ ဤလိုအချိန်မျိုး၌ ကိုမောင်မောင်ထွေးကို သူ့သမီးအနားက တစ်ဖဝါးမှမခွာစေချင်၊ သူ့အမေ အသုဘကိစ္စရှိနေသော ရက်ပိုင်းအတွင်းတွင်လည်း သူ့သမီးအပေါ်၌ ကိုမောင်မောင်ထွေး၏ ဆက်ဆံရေးကို ဦးမြတ်သာဓသည် အားမလိုအားမရဖြစ်နေသည်။ ထို့ကြောင့်လည်း လူကြီးတစ်ယောက်အနေနှင့် ကိုမောင်မောင်ထွေးကို အမြဲအကဲခတ်နေခဲ့သည်။ အဖွားဆုံးပါး၍ အားငယ်နေချိန်၊ ကိုယ်ဝန်ရှိနေချိန်၊ သူနှင့်သူ့သားကြီးတို့ကလည်း လေးမြို့တွင် ကြာကြာမနေနိုင်သေးသည့် ဤလိုအချိန်တွင် ခိုင်မေထွေးအား သူကပို၍ အလိုလိုက်ရ ကြင်နာရမည့်အစား စကားပင် ဟက်ဟက်ပက်ပက်ပြောသည်ကို မတွေ့ရ၍ ဒေါသဖြစ်နေသည်။ ခိုင်မေထွေးကို စကားပြောနေရမှာ ဝန်လေးနေသူ ခိုင်မေထွေးတွင် ရှိနေ သောကိုယ်ဝန်မှာ သူနှင့်မဟုတ်ကြောင်း ပြောရမှာ နှုတ်ထွက်မရဲသူ ကိုမောင်မောင်ထွေးအနေမှာလည်း စိတ်ရောကိုယ်ပါ ဆောက်တည်ရာမရ ဖြစ်နေသည်။ ထို့ကြောင့်လည်း ကိုမောင်မောင်ထွေးသည် သူ့ဦးကြီး ဦးမြတ်သာဓက အိမ်မှာနေလိုက်ဟု မှာထားခဲ့သော်လည်း အိမ်မကပ်ပေ။ ဦးမြတ်သာဓတို့ ကစ္ဆပနဒီပြန်သွားပြီး ခုနစ်ရက်အကြာမှာပင် သူလည်း ကစ္ဆပနဒီသို့ ထွက်လာသည်။ သို့သော် ခါတိုင်းလို ဦးမြတ်သာဓတို့ရှိရာ အိမ်ကိုမဝင်။ မြစ်နားတန်းက သူငယ်ချင်းအိမ်မှာသာ တည်း

သည်။ ပြီး သူသည် ခိုင်မေထွေးတို့မိသားစုနှင့်ဝေးရာကို ထွက်ပြေးရန် စိုင်းပြင်းနေသည်။ သို့သော် သူ့လက်ထဲတွင် ငွေမရှိပေ။ သင်္ဘောပတ်ကလည်း မကြံဖြစ်နေပြန်သည်။ သည်မှာတင် သွားရင်းလာရင်း ဦးမြတ်သာဓနှင့် ဆုံမိကြသည်။ ကိုမောင်မောင်ထွေး လေးမြို့က ကစ္စပနဒီသို့ ထွက်လာကြောင်း သူ့မိန်းမဆီက သတင်းရထားသော ဦးမြတ်သာဓသည် ကိုမောင်မောင်ထွေးကို မြင်သည်နှင့် ဒေါသဖြစ်၍ ဆဲဆိုအော်ငေါက်ပြန်သည်။ ကိုမောင်မောင်ထွေးမှာ သူ့ဦးကြီးကို မည်သို့မျှ ပြန်မပြောဘဲ ခေါင်းငုံ့ခံ နေသည်။ ခိုင်မေထွေးကိုယ်ဝန်က သူနှင့်မဟုတ်ကြောင်း သူ့ဦးကြီးသိလျှင် ခိုင်မေထွေးပါ သက်သာမည်မဟုတ်ကြောင်း သူသိသည်။ သူထွက်ပြေးသွားလျှင်တော့ ခိုင်မေထွေး သက်သာမည်ဟု သူထင်သည်။ ခြသမားလေးတစ်ယောက်ယောက်နှင့်တော့ သူ့ဦးကြီး ဒေါ်ကြီးတွေက မည်သည့်နည်းနှင့်မျှ ခိုင်မေထွေးကို ပေးစားကြမည်မဟုတ်ပေ။ ထို့ကြောင့် သူထွက်ပြေးသွားလျှင် ခိုင်မေထွေးအနေကလည်း အလျှောက်ကောင်းမည်။ မည်သို့ဆိုစေ သူ့ကိုသာ အပြစ်ပုံချကြမည်။ ဓေ့စပ်ကြောင်းလမ်းပြီးမှ ဖြစ်ကြရမည့်ကိစ္စမို့ ခိုင်မေထွေးအနေကလည်း ကဲ့ရဲ့လွတ်တန်သလောက် လွတ်မည်။ ကိုမောင်မောင်ထွေးသည် ဤသို့သာတွေးပြီး ထွက်ပြေးရန် လမ်းစရှာနေသည်။ ဤသည်တို့ကြောင့်လည်း ယခု သူ့ဦးကြီးနှင့်တွေ့၍ ယခု သူ့ဦးကြီးက ဆဲဆိုအော်ငေါက်သောအခါ ဖွားဖွားသည် သူ့ကြောင့် ဤလို ဒုက္ခတမျိုးစုံဖြစ်ပြီး ကွယ်လွန်သွားရသည်ကို မဖြေသာ၍ ဤသို့ စိတ်ကိုယ်လွတ် လျှောက်သွားသည်ဟု သူ့ဦးကြီးကို လိမ်လိုက်သည်။ သွေးသားမကင်းသူ ယခုလည်း မကြာခင် သမီးနှင့်လက်ထပ်တော့မည့်သူ ကိုမောင်မောင်ထွေး၏ စကားကြောင့် ဦးမြတ်သာဓသည် ကိုမောင်မောင်ထွေးကို ချက်ချင်းသနားသွားပြန်သည်။ ထို့ကြောင့်လည်း ချော့မော့ဖျောင်းဖျပြီး အိမ်ကိုခေါ်လာကာ လေးမြို့သို့ ပြန်လွှတ်လိုက်သည်။ ခုနေခါမှ သမီးငယ်လည်း အားငယ်နေမည်ဖြစ်သဖြင့် သမီးငယ်အနားတွင်နေရန် မကြာမီလက်ထပ်ပေးမည့်အကြောင်းကိုပါ ဖွင့်ပြောပြီး ပြန်လွှတ်လိုက်လေသည်။

ပြေးပေါက်မရှိဖြစ်နေသော ကိုမောင်မောင်ထွေးသည် ကစ္စပနဒီက လေးမြို့သို့ ပြန်လာရပြန်သည်။ သို့သော် ခိုင်မေထွေးရှိနေသောအိမ်၌ နေရန် သူ့စိတ်က လိပ်ပြာမသန့်ဖြစ်နေသည်။ ခိုင်မေထွေး၏ မသန့်ရှင်းသောကိုယ်နှင့် သူ့အသားထိရမှာကိုလည်း သေမလောက် စက်ဆုပ်နေမိသည်။ 'နင့်ရဲ့ မသန့်ရှင်းတဲ့ ကိုယ်ကို ငါရွံတယ် .... စက်ဆုပ်တယ် .... ငါ နင်နဲ့ ဝေးရာကိုပြေးမယ်' ဤစကားများသည် သူ့နှလုံးသားထဲက အမြဲနာနာကျည်းကျည်း မြည်တွန်နေကြသည်။ သူသည် ယခုထိ မည်သည့်မိန်းကလေးတစ်ယောက်နှင့်မျှ ညစ်ညစ်ပတ်ပတ်မရှိခဲ့ဘူး၊ စင်ကြယ်သည် သန့်ရှင်းသည်။ သူ့ကိုယ်ကို ခိုင်မေထွေးနှင့် လက်ထပ်ရမှာ နှမြောနေမိသည်။ သူ့စိတ်ထဲမှာ သူ၏ သန့်ရှင်းခြင်းနှင့်အတူ

ခိုင်မေထွေးကိုလည်း သန့်ရှင်းစေချင်သည်။ သို့သော် ယခုအခါ ခိုင်မေထွေးကား ---- သူသည် ဆက်၍ပင် မတွေးချင်တော့။

သည်ရက်ပိုင်းအတွင်းမှာ ခိုင်မေထွေးမှာ သူ့အပြစ်နှင့်သူမို့ စကားမပြောရဲ။ မောင်နှမနှစ်ယောက် ဟိုတုန်းကလို ပျော်ပျော်ရွှင်ရွှင်မရှိကြသည်ကို မြင်ရသောအခါ ဒေါ်ဝေဝေခိုင်မှာလည်း စိုးရိမ်စပြုလာသည်။ သူတို့အဖွား သေဆုံးခြင်းကြောင့် ကလေးတွေ ဝမ်းနည်းနေကြတာဖြစ်မည်ဟု သူ့စိတ်သူ ဖြေနေလေသည်။ ခိုင်မေထွေးနှင့် ကိုမောင်မောင်ထွေးတို့ကြားထဲတွင် စကားအပေးအယူလုပ်နေသည်။ ပြီး ကစ္ဆပနဒီတွင်ရှိနေသော သူ့ယောက်ျားဆီကိုလည်း စကား မှာပါးသည်။ ကလေးတွေကို မြန်မြန်နေရာချထားပေးရန် တိုက်တွန်းရသည်။ ဒေါ်ဝေဝေခိုင်အနေမှာလည်း ခိုင်မေထွေးကိုယ်ဝန်သည် ကိုမောင်မောင်ထွေးနှင့်ဟု အတတ်ထင်နေလေသည်။

ခိုင်မေထွေးနှင့်လည်း စကားမပြောချင်၊ အိမ်မှာလည်း မနေချင်သူ ကိုမောင်မောင်ထွေးသည် စိတ်ထဲအကြံတစ်ခုရကာ လေးမြို့က ဦးကျော်လှဆီ ထွက်လာသည်။ သူ့အဖွား မဆုံးခင်တုန်းက ခိုင်မေထွေးနှင့်သူ့ကို စေ့စပ်ကြောင်း လှမ်းပေးသောနေ့က ရှေ့နေဦးကျော်လှဆီတွင် သူ၏ ရသင့်ရထိုက်သောအမွေစာချုပ်တွေရှိသည်။ ထိုအမွေစာချုပ်တွေထဲက ကစ္ဆပနဒီဘဏ်တွင် အပ်နှံထားသော ငွေစက္ကူနှစ်သောင်းရှိသည်။ ထို ငွေစက္ကူနှစ်သောင်းထဲက သူ့အား ငွေတစ်သောင်း ထုတ်ပေးပါရန် သူက ဦးကျော်လှကိုတွေ့သည်နှင့် ပြောတော့၏။ ရှေ့နေ ဦးကျော်လှသည် အံ့ဩသံကြီးနှင့် 'ငွေတစ်သောင်းကြီးတောင် ဘာလုပ်မှာလဲ ကလေးရယ်' ဟုမေး၏။

"ကျွန်တော် ကိုယ်ပိုင်ပွဲရုံထောင်မလို့"

ကိုမောင်မောင်ထွေး၏ အမူအရာ စကားတွေကို ဦးကျော်လှက မယုံသင်္ကာပြုးသည်။

"ဘယ်မှာထောင်မှာလဲကွ"

"ကစ္ဆပနဒီမှာလေ ဦးလေး"

"မင်းဦးကြီး ပြောပြီးပလား"

"ပြောပြီးပါပြီ၊ မင်းမင်းကြီးက ခွင့်ပြုပါတယ်"

ဤတစ်ခါလည်း ရှေ့နေကြီးက ပြုးပြန်သောအခါ ကိုမောင်မောင်ထွေးမှာ ငယ်ရွယ်သူပီပီ ဣန္ဒြေပျက်နေမိသည်။ ငွေတစ်သောင်းရလျှင် သူသည် ကြံ့ရာစက်လှေတွေနှင့် တစ်နေရာရာကို ထွက်ပြေးမည်။ ထိုငွေနှင့် အရင်းအနှီးလုပ်ကာ အစဖျောက်နေမည် သို့မဟုတ် ထိုငွေနှင့် သေနတ်တစ်လက်ဝယ်ပြီး တောထဲ ပြန်သွားမည်။ သူ့ဆီက လုချမ်း လုယူသွားသောသေနတ် အစားရလျှင် အချိန်မရွေး ပြန်လာခဲ့ဟု သူ့ဆရာက မှာလိုက်သည် မဟုတ်ပါလား။

"မနေ့ကပဲ ငါ ကစ္ဆပနဒီက ပြန်လာတာကွ။ မင်းဦးကြီးက ငါ့ကို ဘာမှ မပြောပါလားကွ"

ရှေ့နေကြီး ဦးကျော်လူစကားက ကိုမောင်မောင်ထွေးကို ချက်ချင်း အကြံအိုက်သွားစေသည်။ သို့သော် ကိုမောင်မောင်ထွေးက မလျှော့သေးပေ။

"သူက ဘာပြောရမလဲ ဦးလေးရာ .... ဒီငွေတွေနဲ့ သူနဲ့မှ မဆိုင်တာ ဒီငွေတွေက ကျွန်တော့်အမေအမွေပိုင်ပဲ၊ ဒီငွေတွေကို ကျွန်တော့် သဘောအတိုင်း ထုတ်ယူနိုင်တယ်ဆိုတာ ဦးလေးပဲ သက်သေပြုတာပဲ ....၊ ဒီငွေတွေက ဖွားဖွား ပေးခဲ့တဲ့ ကျွန်တော့်ငွေတွေပဲ။

သူ့စကား ဘယ်ကိုရောက်၍ ရောက်မှန်းမသိ။ ငွေရလျှင် ထွက်ပြေး ရန်သာ စိတ်ကူးနေသူ ကိုမောင်မောင်ထွေးသည် တရားဥပဒေအရ ရှေ့နေကြီး ကိုပင် အကြပ်ကိုင် စကားဆိုနေလေသည်။

"မောင်မောင်ထွေး"

ရှေ့နေကြီးက ကရုဏာသံနှင့် ခေါ်လိုက်သည်ကို ကိုမောင်မောင်ထွေး မှာ ပြန်ထူးရမှန်းမသိဘဲ ပါးစပ်ကြီးဟ၍ ကြောင်နေမိ၏။

"မင်းမင်းကြီးနဲ့ ဘာများအဆင်မပြေဖြစ်လာတာလဲ ကလေးရယ် ....၊ ဦးလေးကို ပြောပြပါလား"

"ဘာမှမဖြစ်ပါဘူး .... ကျွန်တော်ပွဲရုံတစ်ခု ကိုယ်ပိုင်ထောင်မလို့ပါ ဦးလေးရယ်"

"မဟုတ်သေးပါဘူး၊ မင်းက ပွဲရုံကိုယ်ပိုင် ထောင်တယ်ဆိုတာ ဘယ် သဘာဝကျမလဲ၊ မှန်မှန်ပြောစမ်းပါ၊ မောင်မောင်တို့နဲ့ အဆင်မပြေလို့လား" ရှေ့နေဦးကျော်လူကို လိမ်လို့မရမှန်းသိသောအခါ ကိုမောင်မောင်ထွေးမှာ စိတ်ပျက်မိပြန်သည်။ ဒီလူကြီး သိပ်ပါးတာပဲဟုလည်း စိတ်ကိုလျှော့လိုက်ချင် သည်။ သို့သော် ရလိုရငြား သူက ဆက်လိမ်နေသေး၏။

"ဟုတ်တယ် ဦး .... ကိုမောင်မောင်တို့နဲ့ ကျွန်တော် သိပ်အဆင်မပြေ ဘူး၊ ပွဲရုံတွေက သူတို့လည်း တစ်ဝက်ပိုင်တော့ သူတို့ဩဇာချည်းလုပ်နေတာ မခံချင်လို့ ခုကပင် ကျွန်တော် ပွဲရုံတစ်ရုံ သီးခြားလုပ်မလားလို့"

"တခြားလူတွေမှ မဟုတ်တာကွယ် ....၊ မင်းတို့ဟာက မကြာခင် သမီးယောက်ဖတွေဖြစ်ကြတော့မယ့်ဟာ၊ ဟိုနေ့က မင်းဦးကြီးနဲ့တွေ့လို့ မင်းတို့ လက်ထပ်ဖို့ကိစ္စတောင် ပုဏ္ဏားဆီမှာ အခါတောင်းထားတယ်ပြောတယ် သည်းခံ မှပေါ့"

လက်ထပ်ဖို့ကိစ္စဆိုသဖြင့် ကိုမောင်မောင်ထွေးမှာ ခေါင်းကြီးသွားရပြန် သည်။ ထို့ကြောင့် စိတ်ရှုတ်လာသဖြင့် ဦးကျော်လူကို တွန်း၍ပြောရပြန်၏။

"ဟုတ်တယ် ဦးလေး ....၊ ကျွန်တော် မေထွေးနဲ့ မြန်မြန်လက်ထပ်

ချင်တယ်၊ ခက်တာက ဖွားဖွားဆုံးတာလည်း မကြာသေးတော့ မကောင်းတတ်လို့ စောင့်နေရတာ"

"မင်းခက်တာက အကြောင်းမဟုတ်ဖူးမောင်၊ ငါတို့မှာလည်း ဥစ္စာစောင့်လိုပဲကွ၊ သူများပစ္စည်းကို နေ့ရက်နဲ့ နာရီနဲ့ အချိန်နဲ့ စောင့်ပေးကြရတာ၊ မင်းလက်ထပ်ပြီး လေးဆယ့်ကိုးရက်ကြာမှ ဒီငွေတွေကို ထုတ်ပေးနိုင်ခွင့်ရှိတာယ်၊ မင်းက ခုလာတောင်းနေတော့ မခက်ဘူးလား"

"ခိုင်မေထွေးနဲ့ ကျွန်တော် မကြာခင် လက်ထပ်တော့မှာပဲ ဦးလေးရယ် ...."

"အေး .... လက်ထပ်ပြီး လေးဆယ့်ကိုးရက်ကြာရင်ရမယ်၊ ဒီအတွင်းမှာတော့ ငါမထုတ်ပေးရဲဖူး၊ တရာဥပဒေကလည်း ခွင့်မပြုဖူး၊ တို့က ဥပဒေကို ပိုပြီးလေးစားရတဲ့ ရှေ့နေရှေ့ရပ်ဆိုတော့ မင်း စဉ်းစားကြည့်လေ"

ရှေ့နေကြီး ဦးကျော်လူ၏ စကားအဆုံးကိုပင် မစောင့်ခဲ့တော့ဘဲ ကိုမောင်မောင်လေးသည် အိမ်ပေါ်က ပြေးဆင်းလာမိလေသည်။

"ဟဲ့ကောင် မင်းဘယ်သွားနေလဲ မေမေက ငါ့ကိုရှာခိုင်းတာ တစ်နေ့လုံးပဲ"

အိမ်ပြန်လမ်းတွင် ကိုမောင်မောင်လေးနှင့် ဆုံမိကြသဖြင့် ကိုမောင်မောင်လေးက သူ့ကို ဟောက်သည်။

"ဘာလုပ်ဖို့လဲ"

"ငါမသိဘူး"

ကိုမောင်မောင်ထွေး အိမ်ကိုရောက်တော့ မှောင်စပင်ပြုနေလေပြီ။

"မောင်မောင်ထွေး ထမင်းစားကြမယ်၊ လူလေး ရေချိုးအုံးမလား"

"ဟုတ်ကဲ့"

"အေး .... ချိုးချိုး၊ အရှင်ကြီးနဲ့ ခိုင်ခိုင် စောင့်နေမယ်"

ရင်မဆိုင်ချင်သူတွေကို ထမင်းဝိုင်းတွင် ရင်ဆိုင်ရမည်ဆိုသဖြင့် ကိုမောင်မောင်ထွေးမှာ စိတ်ရှုတ်သွားရပြန်သည်။ ဤအတိုင်းသာ ရောက်ရာပေါက်ရာကို ထွက်ပြေးချင်စိတ် ပေါက်နေမိသည်။

"ကိုကိုထွေး မေမေက ထမင်းစားကြမယ်တဲ့"

ခိုင်မေထွေးက သူ့အခန်းထဲ တက်လာ၍ခေါ်တော့ လိုက်သွားရပြန်သည်။ သူသည် ရေချိုးဖို့ကို သတိမရ။ သည်အတိုင်း အခန်းထဲထိုင် နေမိ၏။ အချိန်ကြာမြင့်ပြီဖြစ်သဖြင့် လာခေါ်နေပြန်သည်။ ကိုမောင်မောင်ထွေးခေါင်းထဲမှာ မီးတောက်နေသည်။

"ကိုမောင်မောင်ထွေးတို့ သမီးတို့ကိစ္စ ဒီကနေ့ပဲ ပုဏ္ဏားတော်ဆီက အယောထွက်တယ် ရှေ့လဆန်းငါးရက်မှာ မင်္ဂလာပြု နိုင်ပြီတဲ့၊ အဲဒါ မနက်ဖန်

မောင်မောင်ထွေးတို့မင်းမင်းကြီးကို အပြောလွှတ်မလို့”

ဒေါ်ဝေဝေခိုင်၏စကားက ကိုမောင်မောင်ထွေးပါးစပ်ထဲ ရောက်နေသော ထမင်းလုပ်ကို ချက်ချင်းထုတ်ပစ်လိုက်သလိုဖြစ်သွားသည်။ ဤကိစ္စအတွက် ခေါင်းမီးတောက်နေသူက ဤစကားကြားရသောအခါ ဆတ်ဆတ်ခါလည်း နာသွားသည်။

“ကျွန်တော် မေထွေးကို လက်မထပ်နိုင်ဘူး .... အရှင်ကြီး”

“ဟင် .... ဘာပြောတယ်ကွယ်”

“ကျွန်တော် မေထွေးကို လက်မထပ်နိုင်ဘူး”

“နင် .... ချွဲးစကားမပြောနဲ့ တိရစ္ဆာန်ရယ်”

“ကျုပ်က ချွဲးစကားပြောတာမဟုတ်ဖူး ခင်ဗျားတို့သာ ချွဲးလိုလုပ်နေကြတာ”

နာကျည်းစိတ်နှင့် ခံပြင်းနေသူ၏ ဒေါသသည် ချက်ချင်းပေါက်ကွဲလာသည်။ ကိုမောင်မောင်ထွေးစကားကြောင့် ခိုင်မေထွေးသည် ရှိုက်ကြီးတငင်ငိုကာ ထမင်းဝိုင်းမှ ချက်ချင်း ထပြေးသွားသည်။ ဒေါ်ဝေဝေခိုင်နှင့် ကိုမောင်မောင်ထွေးတို့သည် ကိုယ့်နာကျည်းချက်နှင့်ကိုယ် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်ကာ ဒေါသနှင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေကြသည်။

“အဖွားကြီး မရှိဘာနဲ့ နင်တို့ ငါတို့ကို ပုန်ကန်ပြီ မှတ်လားဟင်”

“ကျွန်တော် ..... ဘယ်လူ့မှ မပုန်ကန်ဘူး .... မေထွေးကို ကျွန်တော် လက်မထပ်နိုင်လို့ပြောတာ”

“ငါ့သမီးမှာ ဘာအပြစ်ရှိလို့ နင်ဒီစကားပြောတာလဲ”

“ဒီထက်ကြီးတဲ့အပြစ် ရှိသေးလား”

ကိုမောင်မောင်ထွေးသည် နားကျည်းဝမ်းနည်းစိတ်နှင့် မျက်ရည်တို့ စီးကျလာသည်။

“နင် မတရားမပြောနဲ့ ငါ့သမီးမှာ ဘာအပြစ်ကြီးရှိနေလို့လဲ ဟင် .... ပြောစမ်းပါအုံး .... နူနေသလား ဝဲနေသလား”

“နူနေတာက ကုရင်ရသေး”

“တော် .... တော်”

ကိုမောင်မောင်ထွေး၏ စကားမဆုံးခင်ပင် ဒေါ်ဝေဝေခိုင်က ဒေါသနှင့်အော်ပစ်လိုက်သည်။ အခြေအနေမှန်ကိုမသိသူ ဒေါ်ဝေဝေခိုင် အနေကလည်း သူ့သမီးကို ကျူးလွန်နေပြီးမှ ငြင်းကွယ်ရပါမည်လားဟု ကိုမောင်မောင်ထွေးကို မှုန်မှုန်ညက်ညက်ကြေသွားအောင် ရိုက်သတ်ပစ်လိုက်ချင်စိတ် ပေါက်သွားလေသည်။

“နင် လက်မထပ်နိုင်ရင် နင့်အဖွားကြီး ရှိတုန်းကပင် ပြောပါလား ....ကိုယ်လက်မထပ်နိုင်တဲ့မိန်းကလေးတစ်ယောက်ကို ဒီလိုကျူးကျူးလွန်လွန်

ဖြစ်မှငြင်း ....”

“မေထွေးနဲ့ ကျွန်တော် ဘာ .... ဘာမှ မဖြစ်ဖူး .... မေထွေးကိုယ်ဝန်က ကျွန်တော်နဲ့မဟုတ်ဖူး .... ကျွန်တော်နဲ့မဟုတ်ဖူး”

ဤတစ်ခါ ရှိုက်ကြီးတငင် ငိုရသူကတော့ ကိုမောင်မောင်ထွေးပင်တည်း။ ငယ်စဉ်ကချစ်လာခဲ့ရသူ ခိုင်မေထွေးကို ဆုံးရှုံးရသည့်အတွက် သူ့ရင်ထဲမှာ ကွဲထွက်မတတ်ခံစားခဲ့ရသည်။

“ဟင်”

ကိုမောင်မောင်ထွေး၏ စကားကို ကြားရသောအခါ ဒေါ်ဝေဝေခိုင်ကလည်း ပါးစပ်ကြီးအဟောင်းသားနှင့် စက္ကန့်ပေါင်းများစွာ ငိုင်သွားလေသည်။ ပြီးမှ “ဟင် .... ခိုင်ခိုင့်ကိုယ်ဝန်က မောင်မောင်ထွေးမဟုတ်ဖူး ....”

“ကျွန်တော်နဲ့ မဟုတ်ဖူး”

“ဘုရား .... ဘုရား .... ဒီလိုဆိုရင် ဘယ်သူနဲ့လဲ ကလေးရယ်”

“ဒါတော့ ကျွန်တော်လည်း မသိဘူး .... မေထွေးကို မေးကြည့်ပေါ့”

ကြက်သေသေနေသူ ဒေါ်ဝေဝေခိုင်၏ခြေလှမ်းသည် ချက်ချင်း ခိုင်မေထွေး ကြိတ်ငိုနေရာအခန်းထဲသို့ ခုန်ပေါက်ရောက်သွားလေသည်။

“ခိုင်ခိုင် .... ခိုင်ခိုင် .... နင်ခင်းတဲ့ခွေးဇာတ်ဟာ ဘယ်က အယုတ်တမာနဲ့လဲဟင် .... ပြောစမ်း .... ငါ့ကိုပြောစမ်း”

တရှုံ့ရှုံ့ငိုနေသော ခိုင်မေထွေး၏ကိုယ်ကို မညှာမတာ ကြမ်းကြမ်းတမ်းတမ်း ဆွဲကိုင်လှုပ်ခါကာ ဒေါ်ဝေဝေခိုင်က ခိုင်မေထွေးကိုမေး၏။

“သမီးကို သတ်လိုက်ကြပါ မေမေရယ် .... သမီးကို သတ်ပစ်လိုက်ကြပါ”

“အေး .... သတ်မယ် .... သတ်မယ် .... နင့်ကို အရှင်မထားဘူး နင်နဲ့ခွေးဇာတ်ခင်းတဲ့အကောင်ကိုပါသတ်မယ် .... ပြောစမ်း .... နင် ဒီလို ခွေးဇာတ်ခင်းတာကို ဘယ်သူနဲ့လဲလို့ ဟဲ့”

“သ .... သမီးကို ခုချက်ချင်းသာ .... သတ်လိုက် .... ကြပါ မေမေ သမီးသေဖို့ မကြောက်ပါဘူး .... သမီးသေမှ ဒီဝဋ်က”

“ကဲ .... ဒီလောက်သေချင်ရင် သေစမ်းဟယ် .... သေ .... သေ”

ဒေါ်ဝေဝေခိုင်၏ လက်အစုံသည် ခိုင်မေထွေးကိုယ်ပေါ်သို့ မရပ်မနား ကျလာသည်။ ခိုင်မေထွေး၏ မချိမဆန့်ငိုသံကို ကြားရသောအခါ ကိုမောင်မောင်ထွေး၏ရင်ထဲမှာ အသဲတွေ အူတွေပါ ပြုတ်ကျမလောက် ခံစားနေရသည်။ သို့သော် .... အံကိုကြိတ်၍ သူက စိတ်ကိုတင်းထားသည်။

“ဟဲ့ ငါမေးနေတယ် ခိုင်ခိုင်ရဲ့ .... နင်ဒီလို .... ခွေးဇာတ်ခင်းတာ ဘယ်လူနဲ့လဲလို့ .... ခုမှ ဘာအလွမ်းသယ်နေရတာလဲ .... ခွေးလို မိုက်တုန်း

ကတော့ နင်ဒီလို မျက်ရည်ကျရမှန်း မသိဘူးလားဟင်"

"သိ .... သိပါတယ် မေမေရယ် .... သမီးမိုက်လို့ ဖြစ်ရတာ မ .... မ ဟုတ်ပါဘူး သူက အတင်းအနိုင်ကျင့်လို့ပါ .... သမီးကို သူက အနိုင်ကျင့်တာပါ .... သမီး သူ့ကို မချစ်ပါဘူး .... သမီး ကိုကိုထွေးကိုပဲ .... ချစ်ပါတယ် မေမေရယ်"

"ဟော့"

မတ်တပ်ရပ်နေသူ ကိုမောင်မောင်ထွေး၏ ပါးစပ်က .... ချက်ချင်း ထသွားပြန်သည်။ ဖြစ်နိုင်မယ်သာဆိုလျှင် သူသည် ခိုင်မေထွေးတို့၏ အရှုတ်အရှင်းထဲ သူက လုံးဝမပါချင်ပေ။ သို့သော် ယခု ခိုင်မေထွေး ပါးစပ်က သူ့နာမည် ပေါ်လာပြန်သောအခါ ကိုမောင်မောင်ထွေးမှာ နားစွင့်ရပြန်သည်။

"မောင်မောင်ထွေးကိုချစ်ရင် ဒီလို ခွေးဇာတ်ခင်းရလားဟဲ့"

သူ့အမေ၏ ရိုက်တွန်းသံနှင့် ခိုင်မေထွေး လဲပြိုကျသံသည် ကိုမောင်မောင်ထွေး၏ ရင်ထဲမှာ ကမ္ဘာကြီးတစ်ခုလုံး သွက်သွက်ခါသွားသလို ခံစားလိုက်ရသည်။

"ကို .... ကိုကိုထွေးကိုချစ်လို့ လိုက်သွားမိရာက ...."

ခိုင်မေထွေးဇာတ်ကြောင်းကို သူ့နားထဲမှာ မကြားဝံ့တော့ မကြားရဲတော့။ ကိုမောင်မောင်ထွေးသည် သူ့နားကို သူ့လက်နှင့်ပိတ်ကာ အိမ်ပေါ်ထပ်သို့ ပြေးတက်လာမိသည်။

"တောက် မင်းတို့ ညီအစ်ကိုတွေကို ငါမကြေဘူး .... ဘချမ်းရေ ငါ မကြေဘူးကွယ် .... ငါ့ဘဝကို ရေစုံမျောအောင် .... လုပ်တဲ့ကောင်တွေ ငါ့နှမကို ခွေးလိုကြံတဲ့ကောင်တွေ ငါသတ်မယ် .... ငါသတ်မယ်"

ကိုမောင်မောင်ထွေးသည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ အိမ်ပေါ်မှ ပြေးဆင်းလာမိသည်။

"မောင်မောင်ထွေးရယ် .... လူလေး လူလေး"

"ကိုကို .... ကိုကိုထွေး .... ကိုထွေးရယ်"

သူ့ဒေါ်ကြီးနှင့် သူ့နှမသယ်တို့၏ အော်လိုက်သံကို သူ့နားထဲမှာ သဲ့သဲ့သာ ကြားခဲ့ရလေသည်။

× × × × × × × × × × × ×

## အခန်း (၂၈)

'ဘချမ်းကို သတ်မယ်' ဟု ကြုံးဝါးပြီး အိမ်ပေါ်က ပြေးဆင်းလာသူ၏ လက်ထဲမှာ ဘာလက်နက်မှမပါပေ။ ကိုမောင်မောင်ထွေးသည် ခြံထဲ မြင်းဇောင်းက မြင်းတစ်ကောင်ကို ဆွဲစီးကာ ပဥ္စာဖက်သို့ ဒုန်းစိုင်း ပြေးချလာမိသည်။ ညသည် လသာနေသော်လည်း သူ့ဘဝ သူ့စိတ်သည် ကား အမှောင်ဖုံးလျှက်ရှိလေသည်။

ပဥ္စာအစက ဘချမ်းတို့တိုက်ကြီးနားကိုရောက်တော့ မြင်းကို ဇက်သတ်ကြိုးချည်ကာ ချက်ချင်း တိုက်အိမ်ခြံကြီးထဲ ဝင်လာသည်။ သူ ပဥ္စာသို့ ရောက်လာချိန်မှာ လဝန်းပင် အတော်မြင့်နေလေပြီ။

"ကျုပ်သားလေးအလောင်းကိုတောင်မှ ကျုပ် မမြင်လိုက်ရပါလား .... တော်တို့ရယ် .... ကျုပ်အဖြစ်ကို ကျုပ် ဘယ်လို ဖြေရပါ့မလဲ .... ဟီး ....ဟီး ...."

ဘချမ်းတို့တိုက်ပေါ် လှမ်းတက်ရန်လာသော ကိုမောင်မောင်ထွေး၏ ခြေလှမ်းသည် လှေခါးရင်း၌ ရပ်သွားလေသည်။ တိုက်ပေါ်သို့ လှမ်းကြည့်လိုက်သောအခါ တိုက်ထဲတွင် လူကြီးတွေကို မြင်ရသည်။ "ဘချမ်းတော့ တစ်စုံတခုဖြစ်လို့သေပြီ၊ .... ငါနဲ့ခိုင်မေထွေး နဲ့ စေ့စပ်တဲ့သတင်းကြားလို့ လေးမြှုမြစ်ထဲဆင်းသေလေမလား .... ဒီကောင် ရေကူးတော့ ကောင်းကောင်းတတ်တာပဲ"

ဒေါသဖြစ်၍ နှမသယ်စိတ်နှင့် ဘချမ်းကိုအသေသတ်ရန်လာသူ၏ ခြေလှမ်းမှာ ရှေ့သို့တိုးမရဘဲ ခဲဆွဲထားသို တည်နေသည်။

"ဟော့ .... ဘယ်သူလဲ အပေါ်ကို တက်လေကွယ်"

မိန်းမကြီးတစ်ယောက်က အပေါ်ကို တက်လာ့ပါဟုပြောသဖြင့် သူ့ကိုသိနေသူ ကိုဘချမ်းတို့အမေက သူ့ကိုမြင်သည်နှင့် ဟစ်ငိုတော့၏။

"ဒေါ်ဒေါ့်သားကို သူတို့ သတ်ပစ်လိုက်ကြပြီတဲ့ မောင်မောင် ထွေးရယ် .... မင်းသူငယ်ချင်းကို သူတို့ သတ်ပစ်လိုက်ကြပြီတဲ့ ဟီး .... ဟီး .... သားလေးအလောင်းကိုတောင်မှ အဒေါ်မမြင်လိုက်ရပါလား လူလေးရယ် .... အဒေါ်အဖြစ်က ဆိုးလှချေလား ...."

ကိုဘချမ်းတို့အမေက သူ့ကို ပြေးဖက်၍ ငိုသောအခါ ကိုယ့်အပူနှင့်

ကိုယ် စိတ်ရှုတ်လာသော ကိုမောင်မောင်ထွေးမှာ ရှုးချင်စိတ်ပင် ပေါက်သွားမိသည်။ သူလာတုန်းကမှ ဘချမ်းကိုသတ်ရန်ဟု ကြုံးဝါးလာခဲ့သည်။ သို့သော် ယခု ကိုဘချမ်းကို ဘယ်လူတွေက ဘာဖြစ်လို့ သတ်လိုက်ကြပါလိမ့်။ သူ့အတွေး မဆုံးခင်ပင် ဒေါ်အိမ်ချမ်းမှာ တက်ရှိုက်သွားလေရာ မိန်းမကြီးတွေမှာ ဒေါ်အိမ်ချမ်း ကို ဝိုင်းဝန်းနှာနှပ်ယပ်ခတ်ပေးပြီး ခြေမလှုန်ချိုး၊ လက်မလှုန်ချိုးနှင့် အလုပ်ရှုပ်သွား ကြပြန်သည်။

"အင်း .... မအိမ်ချမ်းအဖြစ်ကလည်း မဖြေနိုင်ဖြစ်မယ်ဆို ဖြစ်စရာပါပဲ .... သားကြီးကလည်း သူပုန်သတ်လို့လေ .... ခုတလော အငယ်တစ်ကောင်က လည်း သောက်လိုက်တဲ့အရက်တွေ မပြောပါနဲ့တော့ .... ခု သူ့အစ်ကိုကို ဓားပြမှုနဲ့ သူပုန်တွေ ပစ်သတ်လိုက်ကြပြီလို့ သွားပြောကြတာတောင် အရက်မူးလို့ မထနိုင် ရာက သူပါသေချင်တယ် .... သူပုန် တွေကိုပြောလိုက် ကျုပ်ကိုပါ လာသတ် လဲ့ကြပါလို့အော်ပြီး မူးမူးရူးရူးနဲ့ ငိုနေသတဲ့ .... ဒီကောင်ပါ ရူးသွားမှာ စိုးရတယ်"

"ဒီသူငယ်လေးဟာ .... အစက လူကောင်းလေးပါ .... ဘယ်လိုဖြစ် သွားတာလဲ သူ့အစ်ကိုကို သူပုန်တွေ သတ်ပစ်တယ် ကြားလို့များလား"

"ဘယ်ကလာဟုတ်ရမှာလဲတော် .... သူ့အစ်ကိုကို .... သူပုန်တွေက ဓားပြမှုနဲ့ သတ်ပစ်လိုက်ကြပြီတဲ့ စာက ဒီညနေမှရောက်တာ .... ဒီအကောင် သူငယ် အရက်အလွန်အကျွံသောက်ပြီး မူးရမ်းနေတာက သူ့ရည်းစားကို လူလု သွားလို့ဆိုလား .... သူ့ရည်းစားက သစ္စာဖောက်သွားလို့ဆိုလား .... ကျုပ်လည်း သေသေချာချာ မသိပါဘူး .... ကလေးတွေပြောသံ ကြားရတာပဲ .... ရည်းစားလူ လု အနူကျွဲခတ်တာမျိုးက ဇွဲကြီးချတောင် သေကြသေးတာပဲ။ ဒီအကောင်သူငယ် လည်း ဒီအတိုင်းဆိုရင် သူ့ကိုယ်သူ သတ်သေမှာတောင် စိုးရိမ်နေရတယ် .... မဆိုကောင်းဆိုကောင်း ဒီအကောင်သူငယ်ပါ တစ်ခုခုဖြစ်သွားရင်တော့ မအိမ်ချမ်း လည်း သေမှာပဲ"

ကိုမောင်မောင်ထွေးကို မသိမမြင်ဖူးကြသော ပဉ္စာရွာရှိ အမေ အစ်ကို ကြီးများ၏ စကားတွေက ကိုမောင်မောင်ထွေး၏ ရင်ထဲကို အသွားထက်သော ဓားလှံတွေနှင့် ထိုးနှက်ပစ်ပေါက်နေကြသကဲ့သို့ ရှိချေသည်။

ကိုမောင်မောင်ထွေးသည် သူ၏ နားနှစ်ဖက်ကို လက်နှင့်ပိတ်ကာ ကိုဘချမ်းတို့တိုက်ကြီးပေါ်က ဆင်းပြေးလာမိသည်။

အစကမှ ကိုဘချမ်း သေပြီဟု ထင်မိသည်။ ယခုသေသူမှာ သူ့ဆီက သေနတ် လိမ်ယူသွားသောလှချမ်း။ ကိုမောင်မောင်ထွေး၏ ခေါင်းထဲမှာ ဘာလုပ် လို့ လုပ်ရမှန်းမသိဖြစ်နေသည်။ သည်လိုနှင့် ကိုမောင်မောင်ထွေးသည် ပဉ္စာရွာထဲ ဝင်လာ၏။ သူ့စိတ်ထဲမှာ ဘချမ်းကို တွေ့ချင်နေသည်။

"အ .... အသစ်အလွင်မှာ .... ပေါင်းကာမွေ့မယ်လို့ အချစ်အကြင်နာ

ပြောင်းကာ .... ပြောင်းကာ .... ရွှေလေရောသလား ဟေး .... ကောင်းလိုက်ပါဘဲ့ .... ခိုင်ခိုင်ရေ ...."

ကိုဘချမ်းသည် သူ့အစ်ကိုတစ်ယောက်လုံး သူ့ပုန်သတ်၍သေနေသည်ကို သတိမရ။ အရက်တွေအရှူအမူးသောက်ကာ လသာသာနှင့် ရွာလယ်လမ်းမကြီးအတိုင်း လေးကွင်းနင်းလျှောက်ပြီး ဘုရားဒကာကြီး ဦးဖိုးစိန်၏ အဟေးအဟဲတွေနှင့် လျှောက်လာနေသည်။ မည်မျှပင် ရူးရူးမူးမူးနှင့် အော်ဟစ်လာသော်လည်း ကိုဘချမ်း၏အသံကို သူသည် ချက်ချင်းမှတ်မိလေသည်။ ကိုမောင်မောင်ထွေးသည် ရုတ်တရက် မြင်းပေါ်ကခုန်ဆင်းလိုက်ပြီး ကိုဘချမ်းအလာကို မတ်တပ်ရပ်၍ စောင့်နေလိုက်သည်။

"ဘချမ်း"

"သ .... သူငယ်ချင်း"

သူတို့နှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် လှမ်းကိုင်လိုက်ကြပြီး စက္ကန့်ပေါင်းများစွာ ငိုင်သွားကြသည်။ မမျှော်လင့်ဘဲလာတွေ့ရသော ကိုမောင်မောင်ထွေးအား ကိုဘချမ်းက မည်သို့ပြောရမှန်းမသိဖြစ်နေသလို ကိုမောင်မောင်ထွေးအနေမှာလည်း ကိုဘချမ်းကို ငေးကြည့်ကာ ကြောင်နေလေသည်။ လရောင်ထဲတွင် မျက်လုံးဟောက်ပက်နှင့် ကြဲလိုနေသော ကိုဘချမ်းကို မြင်ရသောအခါ သူ့ရင်ထဲမှာ တစ်ချက်နင့်သွားပြန်သည်။ ခိုင်မေထွေးက ဘချမ်းကိုမချစ်ဖူး .... သူ့ကိုသာ ချစ်သည်ဟု ပြောခြင်းမှာ သူ့အမေ သူ့အစ်ကိုတို့ကိုကြောက်၍ တမင်လိုးလွှဲပြောခြင်းပေလား။ ဘချမ်းစကားကမူ အသစ်မြင်၍ အဟောင်းကိုပစ်သည်၊ မေတ္တာပြောင်းသွားသည်ဟုဆိုသည်။ ဟုတ်မှာပါပဲ .... မိန်းကလေးတစ်ယောက်က မည်သို့မျှ မချစ်သောသူတစ်ဦးတစ်ယောက်နှင့် ကျူးကျူးလွန်လွန်ဖြစ်မိဖို့ဆိုသည်မှာ ဘယ်လွယ်ပါ့မလဲ။ ခိုင်မေထွေးတို့လို ဆွေဂုဏ်မျိုးဂုဏ်မြင့်သူကို သူမချစ်ဘဲနှင့် အဘယ်ယောကျ်ားသားက ကိုယ်ထိလက်ရောက် ကျူးလွန်ရဲပါ့မလဲ။ သည်အတွေးတွေက ခေါင်းထဲဝင်လာသောအခါ ကိုမောင်မောင်ထွေးမှာလည်း ဘချမ်း ဟစ်ငိုလာသလို "နင်မကောင်း လို့သာပါ၊ မူရင်းမှာ ဟိုတလူနဲ့ အလိုမတူရင် အော်လိုက်ဟစ်လိုက်ပါတော့လား" ဟုသာ တာနေဘဏ္ဍာတော်ထဲက တာနေဘိလူးကြီးငိုသလို ငိုပစ်လိုက်ချင်စိတ်ပေါက်သွားမိသည်။

"ဘချမ်း"

ကိုဘချမ်းသည် မည်သို့မျှ ပြန်မထူးဘဲ ခေါင်းငုံ့နေ၏။

"ငါ .... ငါ.... ခိုင်ခိုင့်ကို တကယ်ချစ်တာပါကွာ .... ဒါပေမင့် ခိုင်ခိုင်က ငါ့ကို တကယ်မချစ်ပါဘူး .... ခိုင်ခိုင်ချစ်တာက .... မင်း .... မင်း ...."

"ဟေ့ကောင် .... တော်စမ်း .... တော်စမ်း .... တော်စမ်း"

ကိုမောင်မောင်ထွေးသည် ချက်ချင်း နာကျည်းဒေါသစိတ်တွေ ပေါက်

ကွဲ၍လာကာ ဘချမ်း၏ကိုယ်ကို အကြမ်းပတမ်းကိုင်လှုပ်ဆွဲခါ၍ အော်အစ်လိုက်သည်။ သူ့ရင်ထဲက မီးတောက်သည် တစ်ကိုယ်လုံးကို လောင်ကျွမ်းကာ သူ့ကိုယ်ခန္ဓာမှာ ဆောက်တည်ရာမရ ဖြစ်နေလေပြီ။

"ငါ့ .... ငါ့ကိုခွင့်လွှတ်ပါကွာ .... ငါမိုက်တယ် .... ငါခွေးထက်မိုက်တဲ့အကောင် ငါ့ကိုသတ်သွားပါ ငါသေချင်တယ် .... ဟီး .... ဟီး ...."

"ဟေ့ကောင် .... ဟေ့ကောင် .... ပြဿနာတစ်ခုကို ဒီလိုဖြေရှင်းလို့ရမလားကွ ဘာလို့ငိုရတာလဲဟင် .... မင်ငိုလို့ ဘာအကြောင်းထူးမှာလဲ မင်းယောက်ျားမဟုတ်ဖူးလား ဘာခုမှငိုစရာလဲ"

ကိုဘချမ်းက သူ့ကိုဖက်၍ အော်ကြီးဟစ်ကျယ်ငိုလိုက်သောအခါ ကိုမောင်မောင်ထွေးမှာ ကိုဘချမ်းကို ဒေါသဖြစ်သွားရပြန်သည်။ ထို့ကြောင့် အံကြိတ်ကာ ကိုဘချမ်းကို သူက အော်လိုက်ပြန်၏။

"ဒီလို့ ပြဿနာမပြေလည်တာကို ငါသိပါတယ် သူငယ်ချင်း ဒါပေမင့် ငါငိုချင်တယ်ကွ .... ဟီး .... ဟီး .... မင်းကတော့ တစ်ခါမှ ငိုတတ်တဲ့အကောင်မဟုတ်တာ .... အဲဒါကြောင့် မင်းကို ခိုင်မေထွေးကလည်း အသဲနှလုံးမရှိတဲ့လူလို့ ပြောတာပဲ မင်းမှာ အသဲနှလုံးမရှိဘူး"

အမှန်က ခိုင်မေထွေးကြောင့် သူငိုခဲ့ရသည်ကို ကိုဘချမ်းက မသိပေ။ ကိုဘချမ်းအနေမှာလည်း တစ်ချိန်က ခိုင်မေထွေးပြောဖူးသောစကားကို သတိရ၍ လွှတ်ကနဲ ပြောလိုက်မိခြင်းဖြစ်သည်။

"ဘချမ်း"

ကိုမောင်မောင်ထွေးက ဆို့နင့်ကြေကွဲစွာခေါ်လိုက်သည်။ သို့သော် ကိုဘချမ်းကကား ခေါင်းမဖော် ရှိုက်၍သာနေ၏။

"မင်း မေထွေးကို တကယ်ချစ်ရင် ဒီလိုအရက်တွေသောက်ပြီး တေပေမနေနဲ့ လုချမ်းလည်းသေပြီ။ မင်းတို့ကြောင့် မင်းးအမေပါ သေလိမ့်မယ် မေထွေးကို ငါ .... ငါလက်မထပ်နိုင်ဘူး"

"ဟင် .... ဘာ .... ဘာဖြစ်လို့လဲကွ"

ဤအခါတော့ ကိုဘချမ်းမျက်နှာက ကိုမောင်မောင်ထွေးကို မော့ကြည့်လာသည်။ သည်လိုကျပြန်တော့လည်း ခိုင်မေထွေးတွင် သူနှင့်ကိုယ်ဝန်ရှိနေကြောင်း ကိုမောင်မောင်ထွေးက မပြောရဲ နှုတ်မထွက်ရဲပြန်။

"မေ .... မေထွေးကို ငါမချစ်ဖူးကွ"

ပြောသာပြောရသော်လည်း သူ့ရင်ထဲမှာ တုန်နေလေသည်။

"ဟင် .... တကယ်ပြောတာလား သူငယ်ချင်း"

"တကယ်ပါကွ မေထွေးကလည်း .... မင်းကိုပဲချစ်ပါတယ် .... ငါ .... ငါ .... က"

"မင်းတို့ စေ့စပ်ကြောင်းလှမ်းကြပြီပဲ"

ကိုမောင်မောင်ထွေးက ရင်နာလာ၍ စကားဆုံးအောင် မပြောနိုင်သလို ကိုဘချမ်း၏ အသံမှာလည်း ဆို့နင့်နေသည်။

"စေ့စပ်ကြောင်းလှမ်းကြတာက ငါတို့မထွေးတို့ သဘောနဲ့မှ မဟုတ်တာ ဒါဒါစိတ်ချမ်းသာအောင်လို့ လူကြီးတွေ စီစဉ်ကြတာ ခု ဒါဒါလည်းဆုံးပြီ" အမှန်ကတော့ သူ့အနေမှာ ခိုင်မထွေးပါ ဆုံးပြီဟု ပြောလိုက်ချင်သည်။ သို့သော် ရင်ထဲမှိုးတောက်နေသူက ပြောမထွက်။

"ဟင်း ...."

ကိုဘချမ်းမှာလည်း အံ့သြပြီး ကြောင်နေခဲ့သည်။

"မင်း မထွေးကိုချစ်ရင် အရက်မသောက်နဲ့ တောပေမနေနဲ့ အိမ်ပြန်ပြီး ကောင်းကောင်းမွန်မွန်နေပါကွာ ခု ငါလာတာ ဒါတွေ မထွေးကပြောခိုင်းလို့ မင်းသတင်းတွေ မထွေးကြားလို့ မင်းကြောင့် မထွေးစိတ်မချမ်းမသာဖြစ်နေလို့"

"ဟင် မထွေးက ပြောခိုင်းလို့ ကျေးဇူးတင်လိုက်တာကွာ ခိုင်ခိုင်က ငါ့ကို ဘာတွေမှာလိုက်သေးလဲဟင် ပြောစမ်းပါကွာ"

"ဟော့ကောင် .... ငါပြောပြီးပြီကွ ငါပြောပြီးပြီ မင်းကောင်းကောင်းနေ ဒါပဲ ငါသွားမယ်"

"ဟော့ကောင် မောင်မောင်ထွေးရယ် .... မင်းကျေးဇူးတစ်သက် မမေ့ပါဘူး သူငယ်ချင်းရေ .... ငါမမေ့ပါဘူး"

ကိုဘချမ်း ဘာတွေပြောလဲ ဘာတွေအော်ကျန်ရစ်သည်ကို သူ နားမကြားတော့။ သူသည် မြင်းကိုစီးကာ ပဥ္စာရွာက ထွက်ပြေးလာပြန်သည်။ သည်မှာတွင် သူ့ကို စိတ်မချ၍လိုက်လာကြသော သာတာဂီရက ဒေါ်ဝေဝေခိုင်၊ ခိုင်မထွေးနှင့် ခြံထဲကလူတွေ၏ မြင်းလှည်းနှစ်စီးကို လမ်းတွင်တွေ့ရပြန်သည်။ သူ့ကို တွေ့တွေ့ချင်း ဒေါ်ဝေဝေခိုင်နှင့် ခိုင်မထွေးတို့က သူ့ကိုဖက်၍ ငိုကြပြန်သည်။ ဤပတ်ဝန်းကျင်မှ ထွက်ပြေးချင်သူ၏ လမ်းသည် ဤမှာတွင် ပိတ်၍သာ သာတာဂီရခြံထဲသို့ လိုက်သွားရပြန်လေသည်။

× × × × × × × × × × ×

## အခန်း (၂၉)

'မင်း မေထွေးကို ချစ်ရင် .... အရက်မသောက်နဲ့၊ ပေတောမနေနဲ့'ဟု ပြောခဲ့သော်လည်း .... ကိုမောင်မောင်လေးသည် ပဋ္ဌာက ကိုတာချမ်းဆီကိုကားလုံးဝ မရောက်ဖြစ်ခဲ့။ သည်ရက်ပိုင်းအတွင်းတွင် ခိုင်မေထွေးတို့အမေ ဒေါ်ဝေဝေခိုင်ကလည်း 'သမီးလေးကို သနားပါတယ် မောင်မောင်ရယ် .... သမီးကလည်း မောင်မောင့်ကိုပဲချစ်တာ သမီးလေး ဒီလိုအဖြစ်မျိုးဖြစ်ရတာကလည်း မောင်မောင့်ကိုချစ်လို့ လိုက်သွားမိတာကစပြီး ဖြစ်ရတာဆိုတော့ မောင်မောင့်အနေနဲ့က သမီးလေးကို ခွင့်လွှတ်ထိုက်ပါတယ် ....၊ ဘချမ်းနဲ့တော့ မောင်မောင်တို့ မင်းမင်းကြီးက ဘယ်နည်းနဲ့မှ ပေးစားမှာမဟုတ်ဖူး။ ဒီကိစ္စသာ ကိုမြတ်သာသိရင် ခိုင်ခိုင်ကိုရော အရှင်ကြီးကိုပါ သတ်လိမ့်မယ်။ အရှင်ကြီးတို့ ခိုင်ခိုင်တို့ကို သနားရင် .... မေထွေးကို .... လက်ထပ်ပါ ကလေးရယ် ....'ဟူသောစကားနှင့်ချည်း ကိုမောင်မောင်ထွေးကို နားချနေသည်။ သည်တော့ ကိုမောင်မောင်ထွေးသည် အိမ်မကပ်ချင်တော့။ စိတ်ရောကိုယ်ပါ ဆောက်တည်ရာမရဖြစ်နေသူမှာ ကစ္ဆပနဒီကို သွားလိုက်၊ သူငယ်ချင်းအပေါင်းအသင်းတွေကိုတွေ့လျှင် ပိုက်ဆံချေးလိုက်နှင့် သာတာဂီရခြံထဲက ထွက်ပြေးရန်သာ ကြိုးစားနေမိသည်။

ကိုတာချမ်းကိုလည်း ကတိပေးခဲ့ပြီးဖြစ်သဖြင့် သူ့အနေမှာ ခိုင်မေထွေးကို လုံးဝလက်မထပ်နိုင်ပေ။ ခိုင်မေထွေးက မည်သို့ပင် သူ့ကို ချစ်ပါသည်ပြောပြော သူသည် ခိုင်မေထွေးကို မသတီနိုင်တော့။ ထို့ကြောင့်လည်း သာတာဂီရခြံထဲက ထွက်ပြေးရန် ကြိုးစားနေခြင်းဖြစ်သည်။ သူ့လက်ထဲမှာ ယခုအခါ ငွေက ငါးရာကျော် ရထားပြီ။ သို့သော် သဘောပတ်က လိုနေသေးသဖြင့် သူသည် သာတာဂီရခြံထဲသို့ ပြန်လာရခြင်းဖြစ်၏ ။

သည်ရက်ပိုင်းမှာ သူသည် ခိုင်မေထွေးနှင့် မျက်နှာချင်းမဆုံမိအောင် စကားမပြောမိအောင်လည်း အတတ်နိုင်ဆုံး ရှောင်ရှားနေသည်။ ဒေါ်ဝေဝေခိုင်အနေကမူ ခိုင်မေထွေး ကိုတာချမ်းနှင့် ကျူးကျူးလွန်လွန်ဖြစ်သည့်ကိစ္စကို လင်သားတွေမသိအောင် တစ်ဖက်က ဖုံးဖိထားပြီး တစ်ဖက်က ကိုမောင်မောင်ထွေးကို နားချသည်။ ပြီး ခိုင်မေထွေးကိုလည်း ခြံထဲအိမ်က ဘယ်မှမထွက်စေရဘဲ အမြဲစောင့်ကြည့်နေသည်။ ခိုင်မေထွေးက ပဋ္ဌာကို ထွက်ပြေးသွားမှာ စိုးရိမ်နေသဖြင့်

အမြဲစောင့်ကြပ်နေလေသည်။

စိတ်နှလုံးနောက်ကျိစွာနှင့် ကစ္ဆပနဒီကို ပြန်လာသော ကိုမောင်မောင်ထွေးသည် မြင်းစောင်းတွင် မြင်းကို သွားထားလိုက်ကာ အိမ်ပေါ်ကိုတက်မလာသေးဘဲ သူတောထဲက ပြန်လာတုန်းက ခိုင်မေထွေးကို ဦးဆုံးတွေ့ရသော အိမ်ခြံဘေးက မန်ကျည်းပင်အောက်တွင် မတ်တပ်ရပ်နေမိသည်။ အရောင် ပြိုးပြိုးပျောက်ပျောက်တွေက သူ့ကိုယ်ပေါ် ယိုဖိတ်ပြုဆင်းလာကြသောအခါ ကောင်းကင်ကို တစ်ချက်မော့ကြည့်လိုက်သည်။ မိုးသားတိမ်တိုက်တွေကြားက ရွှန်းမြမြသာနေသော လဝန်းကိုမြင်ရသောအခါ ရင်ထဲက နင့်သွားမိသည်။ ပြီး ဖွားဖွားကိုလည်း သတိရမိသည်။ လပြည့်ညတွေကိုလည်း သတိရမိလေသည်။ ဖွားဖွားရှိစဉ်တုန်းကမူ ဤလိုလပြည့်ညမျိုးတွင် တရားဓမ္မရွတ်ဖတ်သံ၊ စောင်းကောက်တီးသံတို့ဖြင့် ဤခြံ ဤအိမ်သည် သာယာပျော်ရွှင်ဖွယ်ရှိခဲ့သည်။ ခုတော့ ကိုမောင်မောင်ထွေးသည် ဆက်၍ မတွေးချင်လောက်အောင် ရင်ထဲဆို့သွားမိသည်။

ဤလဝန်းပေါ်၌ အရေးအဆေးကြောင်းများပြပြကို တောင်ကုန်းများ၊ ချိုင့်ဝှမ်းများ၊ ဆိတ်ငြိမ်ပင်လယ်များ၊ သဲကန္တာရများဆိုကာ ဖွားဖွားသည် မယုံကြည်နိုင်ပေ။ ဖွားဖွား ယုံကြည်သည်မှာ ဘုရားအလောင်း ယုန်မင်းဘဝက သိကြားမင်းသည် ဘုရားအလောင်းယုန်မင်း၏ သီလ၊ သမာဓိဂုဏ်ကို ဖော်ကျူးလို၍ နောင်လာနောင်သား ကမ္ဘာသူ ကမ္ဘာသားများ အစဉ်ထာဝရသတိရစေရန် တောင်တကာတို့၏ အဆီကိုညှစ်ကာ လဝန်းပေါ်၌ ယုန်မင်းတံဆိပ်ခေပ်နှိပ်ထားခဲ့သည်ဟု ဖွားဖွားက ပြောပြဖူးသည်။ သူ့အနေမှာ ဘာကို ယုံကြည်ရမှန်းမသိပါတကား၊ လသာနေသော်လည်း သူ့ဘဝသည် မှောင်ကျနေပါပြီကော။

ကိုမောင်မောင်ထွေးသည် ပို၍ စိတ်ရှုပ်လာသဖြင့် အိမ်ပေါ်သို့ လှမ်းတက်လာမိသည်။ သူအခန်းထဲဝင်ရန်အလုပ်မှာ ဖွားဖွား၏အနောက်ဆောင်ကစောင်းကောက်တီးခတ်သံသဲ့သဲ့ကို ကြားရသဖြင့် ဖွားဖွားကို လွမ်းတစိတ်နှင့်ခြေလှမ်းတုံ့ကာ မတ်တပ်ရပ်၍ နားစွင့်နေမိသည်။

"မြတ်လေးငုံကြပါတဲ့ .... စက်လဲ့ ခက်ခဲသူငယ်ကြောင့် ဖြေတရင်း .... ငွေလမင်းရယ်က လင်းပွင့်သော် .... လွမ်းလို့ကြည့်မျှော်ဆုံရကောင်းမယ်လေး .... အောင့်မေ့လို့နော်"

အနောက်ဆောင် ဝရံတာအမှောင်ထဲက ခိုင်မေထွေး၏စောင်းကောက်တီးခတ်သံနှင့် သီချင်းညည်းသံကို ကြားရသောအခါ ကိုမောင်မောင်ထွေးရင်ထဲမှာ ချက်ချင်းတင်းကြပ်ဆို့နင့်လာပြန်သည်။ သို့သော် ဤသီချင်းသည် တောင်သမန်စား မောင်ဖေငယ်၏ ဘောလယ်ဆိုတာတော့ သူမသိပေ။

သူ့စိတ်သည် ဘယ်လိုဖြစ်သွားမှန်းမသိလောက်အောင် ပျော့ညံ့သွားသည်။ 'ခက်ခဲသူ' 'ဆုံရကောင်း' ဆိုသည်မှာ ခိုင်မေထွေးသည် မည်သူ့ကိုဆိုလေ

သနည်း၊ သူ့ကိုများပြောလေသလား သို့ဆိုလျှင် အရှင်ကြီးပြောသလို မေထွေးလေးကို သူလက်ထပ်လိုက်ရလျှင် ကောင်းလေမည်လား၊ မေထွေးလေးကိုသနားလျှင် အနစ်နာခံရမည်။ သူ့အရွယ် အချို့လုလင်ပျိုများသည် အသက်ကြီးသောမုဆိုးမ တစ်လင်ကွာများနှင့် အိမ်ထောင်ကျနေသည်ကိုတွေးမိကာ စိတ်ထဲ ဇဝေဇဝါဖြစ်ချင်လာသည်။ ခိုင်မေထွေး ဤသို့ဖြစ်ရသည်မှာလည်း သူ့ကြောင့်မဟုတ်ပါလား၊ သူသာ ခိုင်မေထွေးကို လက်ထပ်လိုက်လျှင် ဘချမ်းနှင့်သူကလွဲပြီး အကုန်လုံစိတ်ချမ်းသာကြမည်ဆို မဟုတ်ပါလား။ ဖွားဖွားဆီ၌လည်း သူကတိပေးဖူးသည်။ ကိုမောင်မောင်ထွေးစိတ်ထဲမှာ ဝေခွဲမရဖြစ်ပြီး ခိုင်မေထွေးရှိရာသို့ တိတ်တိတ်ဆိတ်ဆိတ် လျှောက်လာနေမိသည်။ သူ့ရင်ထဲကဝေဒနာသည် ဆူဝေ တောက်လောင်လာပြန်သည်။

"စောင်းတော်ကို ပိုက်ပါလို့.... လွမ်းခိုက်ကိုမျှော် ခွန်းတစ်ခေါ်လဲ့ ပါ့ .... တစ်တီတူး .... ဖြစ်ပြီဘူးဆိုသင့် ဟိုကမြည် စိုးရပြန်ပြီ .... ရွှေမျက်ရည်လဲ့မှာ လေး .... သွေးကဲ့သို့နီ"

"မေ .... မေထွေး"

ခိုင်မေထွေးကို သနားသောစိတ်သည် သူ့၌ အောင့်ထား၍မရတော့။ မျက်ရည်ပိုးပိုးပေါက်ပေါက်တို့သည် ချက်ချင်း ပါးပြင်ပေါ် စီးဆင်းလာကြသည်။ သူ့စိတ်ကို သူမနိုင်တော့။ ဘာပဲဖြစ်ဖြစ် ခိုင်မေထွေးကို ငါလက်ထပ်လိုက်တော့မည်ဟု စိတ်ကို ဒုံးဒုံးချလိုက်သည်။ ခိုင်မေထွေး ဤသို့သာ ပရိဒေဝမီးတောက်လောင်နေသည်ကို သူမကြည့် နိုင်တော့၊ မမြင်နိုင်တော့။

"မေထွေးရယ်"

"ကို .... ကိုကိုထွေး"

ခိုင်မေထွေးကလည်း ကိုမောင်မောင်ထွေးကို မြင်မြင်ချင်းဖက်၍ ငိုသည်။ ကိုမောင်မောင်ထွေးသည် ခိုင်မေထွေး၏ကိုယ်လုံးလေးကို တင်းတင်းကြပ်ကြပ်ပွေ့ဖက်ကာ တရှုပ်ရှုပ် ရှိုက်ပစ်လိုက်သည်။

"မငိုပါနဲ့ မေထွေးရယ် .... မေထွေးငိုတာ ကိုထွေး မကြည့်နိုင်တော့ဘူး .... မေထွေး စိတ်ချမ်းသာမယ်ဆိုရင် ကိုထွေး မေထွေးကိုလက်ထပ်မယ် မေထွေးကို ကိုကိုထွေး ခွင့်လွှတ်တယ် .... ခွင့်လွှတ်တယ်"

"ဟင် ...."

ကိုမောင်မောင်ထွေး၏စကားက ခိုင်မေထွေးကို အံ့ဩသွားစေသည်။ သူ၏အဖြစ်ကိုမြင်ရ၊ ကြား၍ ကိုမောင်မောင်ထွေး ရင်ထဲက ဆို့နေပြီဆိုသည်ကို ခိုင်မေထွေး သိလိုက်သည်။ ခိုင်မေထွေးအနေမှာ ကိုမောင်မောင်ထွေးကို ကြီးစွာသနားသွားမိသည်။ သူ့ကို ဘယ်သူပြောပြော လက်မထပ်ပါဘူးဟု အကြိမ်ကြိမ်ငြင်းဆန်ခဲ့သူက ယခု ခိုင်မေထွေး ငိုနေတာမြင်ရတော့ ရင်ထဲမချိလွန်း၍ ခိုင်မေ

ထွေးကို လက်ထပ်တော့မည်ဟုဆိုလာသည်။ ဤသည်ကို အခွင့်ကောင်းယူကာ ခိုင်မေထွေးက ကိုမောင်မောင်ထွေးကို လက်ထပ်နိုင်ပါ့မလား။

'မဖြစ်ဖူး .... မဖြစ်ဖူး .... ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး' ခိုင်မေထွေး၏ အသဲနှလုံးကလည်း ဤစကားများသည် ချက်ချင်းအော်မြည်လာကြပြန်သည်။ သူ၏မသန့်ရှင်းသောကိုယ်ကို ကိုကိုထွေးရင်ခွင်ထဲ အပ်လိုက်ခြင်းမှာ တရားပါမည်လား။ မတရားဘူး .... မတရားဘူး ကိုကိုထွေး ငါ့ကိုလက်ထပ်မယ်လို့ပြောတာ အားလုံးစိတ်ချမ်းသာရင်ပြီးရော သူ့ပဲအနစ်နာခံမယ်ဆိုပြီးပြောတာပါ ကိုကိုထွေးနစ်နာမှာ မေထွေး မလိုဘူး၊ ကိုကိုထွေး တစ်သက်လုံးစိတ်မချမ်းသာဖြစ်မဲ့ အလုပ် မေထွေး မလုပ်လိုဘူး၊ မေထွေးကိုယ်မေထွေး အသေသာခံမယ် ကိုကိုထွေး စိတ်မချမ်းသာမဲ့အလုပ်တော့ မေထွေး မလုပ်ဖူး၊ မလုပ်ဖူး၊ ခုလည်း မလုပ်ဖူး၊ နောင်လည်း မလုပ်ဖူး၊ ဟိုတုန်းကလည်း မေထွေး မလုပ်ဖူး။ ခုလိုဖြစ်ရတာလည်း ဖွားဖွားပြောသလို ကံတရားပဲ၊ ဒီကိစ္စ ကိုဘချမ်းနဲ့သာဆိုင်တာ ကိုကိုထွေးနဲ့ ဘာမှမဆိုင်ဘူး၊ ဘာမှမဆိုင်တဲ့လူတစ်ယောက်ရဲ့ရင်ခွင်ထဲ ငါမဝင်ဘူး ငါမဝင်ဘူး။

ခိုင်မေထွေးသည် ကိုမောင်မောင်ထွေးကိုမှီဖက်ပြီး ငိုရှိုက်နေရာက ဤစကားများကို ပြောကြားနေမိသည်။ သို့သော်ထိုစကားများသည် အပြင်သို့ ပေါ်ထွက်မလာနိုင်ပေ။ အသဲနှလုံးကအော်မြည်ကာ လည်ချောင်းထဲ၌ တစ်ဆို့နေလေသည်။

"မေ .... မေထွေး"

ကိုမောင်မောင်ထွေးက ခိုင်မေထွေးကို သိုင်းဖက်ထားရင်း မျက်ရည်ပိုးပိုးပေါက်ပေါက်နှင့် ခေါ်၏။ ခိုင်မေထွေးမှာ မထူးနိုင်။ ကိုမောင်မောင်ထွေးအသံကို ကြားရလေ ရင်ထဲကနာလာ၍ ငိုလေပင်တည်း။

"မငိုပါနဲ့ မေထွေးရယ် မေထွေးငိုတာ ကိုကိုထွေး မကြည့်နိုင်တော့ပါဘူး ဆိုနေမှ အားလုံးစိတ်ချမ်းသာကြမယ်ဆိုရင် မေထွေးကို ကိုကိုထွေး လက်ထပ်ပါ့မယ် .... မေထွေးလေးတစ်သက်လုံး စိတ်ချမ်းသာအောင် ကိုကိုထွေး မေထွေးလေးကို လုပ်ကျွေးပါ့မယ် တိတ်ပါမေထွေးရယ် ကိုကိုထွေးရင်ထဲ မချိတော့ဘူးကွာ .... ကွာရင်လေ ကိုကိုထွေးအသဲတွေ ကြွေကုန်ပါလိမ့်မယ် မေထွေးလေးရယ်" အမှန်က ကြာလျှင် ကိုကိုထွေးအသဲတွေ ကြွေကုန်ပါလိမ့်မည်ဟု ဆိုသော်လည်း တကယ်အသဲကြွေရသူကတော့ မေထွေးပင်ဖြစ်နေလေပြီ။

"မေထွေး .... မေထွေးရေ"

ကိုမောင်မောင်ထွေးက ခိုင်မေထွေးကို ကိုင်လှုပ်၍ခေါ်၏။

"ရှင် .... ရှင် .... ကိုကိုထွေး"

"မေထွေး မငိုပါနဲ့မေထွေးရယ် မေထွေး စိတ်ချမ်းသာတော့နော် ....

ကိုကိုထွေးလေ မေထွေးကို လက်ထပ်ပါ့မယ်"

"မဟုတ်ဖူး .... မဟုတ်ဖူး .... ကိုကိုထွေးကို မေထွေး လက်မထပ်နိုင်ဘူး ....၊ ကိုကိုထွေးကို မေထွေး လက်မထပ်နိုင်ပါဘူး"

ခိုင်မေထွေးက ကိုမောင်မောင်ထွေးကို ပို၍တင်းတင်းကြပ်ကြပ်ပြန်ဖက်ကာ ငိုပြန်၏။

"ဟင် .... မေထွေး ကိုယ့်ကို လက်မထပ်နိုင်ဘူး"

ခိုင်မေထွေးသည် မည်မျှပင် တင်းတင်းကြပ်ကြပ်ဖက်ထားမိသော်လည်း ခိုင်မေထွေး၏စကားကို ကြားရသောအခါ ကိုမောင်မောင်ထွေး၏လက်မှာတော့ ချက်ချင်းလျှော့ကျသွားသည်။ သူ့နားကိုလည်း သူ မယုံကြည်သလိုဖြစ်သွားမိသည်။ ထို့ကြောင့် ခိုင်မေထွေးကို ထပ်မေးရ၏။

"မေထွေး ကိုယ့်ကိုလက်မထပ်နိုင်ဘူး ဟုတ်လား"

"ဟုတ် .... ဟုတ်ပါတယ် ကိုကိုထွေးရယ် မေထွေးရဲ့ မသန့်ရှင်းတဲ့ဒီကိုယ်ကို ကိုကိုထွေးရင်ခွင်ထဲ ခိုင်မေထွေး မအပ်နိုင်ဘူး .... မအပ်ရဲဘူး"

"ဟင် .... နင် ဟိုတုန်းက ငါ့ကို ချစ်လှချည်ရဲ့ဆို"

ကိုမောင်မောင်ထွေး၏ဒေါသသည် ချက်ချင်းပေါက်ကွဲလာ၏။

"ဟုတ် .... ဟုတ်ပါတယ် ကိုကိုထွေးရယ် .... ကိုကိုထွေးကို မေထွေး ချစ် .... ချစ်လွန်းလို့ပါ .... မေထွေးကိုချစ်ရင် ကိုဘာ...."

"တော် .... တော်"

ကိုမောင်မောင်ထွေးသည် ဒေါသကြီးစွာနှင့်အော်ပြီး ခိုင်မေထွေးကိုလည်း ဆောင့်တွန်းပစ်လိုက်သည်။

ခိုင်မေထွေး၏စကားက ကိုမောင်မောင်ထွေး၏အသဲနှလုံးကို ချွန်မြသောလှံသွားနှင့် ရုတ်တရက်ထိုးစိုက်ခံလိုက်ရသလို နာကျင်သွားစေသည်။ ကြီးစွာ ရှက်သွားစေလေသည်။ ရှက်ဒေါသနှင့် လူ၏တစ်ကိုယ်လုံးမှာ တဆတ်ဆတ် တုန်ခါနေလေပြီ။

ကိုမောင်မောင်ထွေးအနေမှာ ရှက်မည်ဆိုကလည်း ရှက်စရာပင်။ ယခင်ကမူ သူသည် မည်သူ့ကိုမျှ ဦးညွှတ်တတ်သူမဟုတ်။ မာနကြီးသူ ခေါင်းမာသူ စိတ်ကြီးသူဖြစ်သည်။ ထို့ကြောင့်လည်း မည်သူ့စကားကိုမျှ မနာခံဘဲ တောထဲသို့ ထွက်ပြေးခဲ့သည်။ မှန်သည်ထင်သောအလုပ်တွေ သူလုပ်ခဲ့သည်။ ထိုသို့လုပ်ရင်း သူ့ကြောင့် ဖွားဖွားနှင့်တကွ တစ်အိမ်သားလုံး စိတ်မချမ်းမသာဖြစ်ကြရသည်။ ဖွားဖွား ဒုက္ခတဘဝရောက်ရသည်ဆိုသဖြင့် သူ့မာန သူ့ဘဝကို စွန့်ခွာပြီး တောထဲက ပြန်လာခဲ့သည်။ သူ့စိတ်ထဲမှာ ခိုင်မေထွေးတို့နှင့် ဖွားဖွား၏စကားကို တစ်သက်လုံးနားထောင်တော့မည်ဟု ဆုံးဖြတ်၍ ပြန်လာခဲ့သည်။ သာတာဂီရခြံထဲရောက်တော့ မကြာခင် ဖွားဖွားဆုံးပါးသွားသည်။ ခိုင်မေထွေး၏ အစွန်းအ

ထင်းတွေနှင့် စက်ဆုပ်စရာကောင်းသောဘဝကို ရင်ဆိုင်တိုးခဲ့ရသည်။ သည်မှာတင် သူသည် အားလုံးကိုစွန့်၍ ထွက်ပြေးရန်ကြိုးစားပြန်သည်။ သို့သော် သူ၏ကြိုးစားမှုသည် မအောင်မြင်ခဲ့ပြန်။ သည်တော့ သူ၏နောက်ဆုံးအနေမှာ ခိုင်မေထွေး၏ နာကျည်းစရာကောင်းလှသောဘဝကို မကြည့်နိုင် မမြင်နိုင်ဖြစ်ကာ ခိုင်မေထွေးကို လက်ထပ်တော့မည်ဟု သူ့မာန သူ့ဘဝကို တစ်ထစ်ပြန်လျှော့ချ၍ အရှက်ကင်းမဲ့စွာ တောင်းပန်ခဲ့သည်။ ဤသို့သောအဖြစ်မှာ သာမန်ယောကျ်ားတကာတို့ ခွင့်မလွှတ်နိုင်သောအပြစ်ကို သူခွင့်လွှတ်၍ ခိုင်မေထွေးကို လက်ထပ်ပါတော့မည်ဟုပြောမိသည်။ သည်အခါမှ ခိုင်မေထွေးက သူ့ကိုလက်မထပ်နိုင်ပါဘူးဟု ရင်ဝကို ခြေနှင့်ကန်ရုံမက သူ့ခေါင်းကိုပါ ဖနောင့်နှင့် အကြိမ်ကြိမ်ပေါက်လေပြီတည်း။

ရှက်လိုက်သည်မှာလည်း ပြောစရာမရှိတော့၊ ဒီစကား ငါ့ဘာလို့ပြောမိပါလိမ့် .... ငါ့မှာအရှက် ရှိသေးရဲ့လား ငါ လူ့နဲ့မှတူသေးရဲ့လား သူများစော်ကားထားလို့ ကိုယ်ဝန်တောင်ရှိနေပြီးတဲ့ မိန်းကလေးတစ်ယောက်ကို အရှက်မရှိလက်ထပ်ပါရစေလို့ ပြောတာ ငါ့ပါးစပ်ထဲက ထွက်တဲ့စကားမှ ဟုတ်ပါသေးရဲ့လား ဟိုတုန်းက ဘယ်သူ့ကိုမှ ဦးမညွတ်ခဲ့တဲ့ ဒီ ငါ့ရဲ့ဦးခေါင်းမှာ အရှက်ဆိုတာရှိသေးရဲ့လား အတ္တမာနဆိုတာ ရှိသေးရဲ့လား ဒီငါ့ရဲ့ဦးခေါင်းဟာ ဒီလိုညစ်ပတ်နေရနေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ထမီထဲကိုဝင်ဖို့ပဲ ကြိုးစားတတ်သလား'

ကိုမောင်မောင်ထွေးသည် သူ့ကိုယ်သူ အလွန်ရှက် အလွန်မကျေမနပ်ဖြစ်ကာ သူ၏ဦးခေါင်းကို ပျဉ်ထောင်ထရံတွင် တဒိန်းဒိန်း ဆောင့်ပစ်လိုက်သည်။ ခိုင်မေထွေးကိုလည်း အကြိမ်ကြိမ် တွန်းပစ်နေမိသည်။ သို့သော် ခိုင်မေထွေးအနေမှာမူ ကိုမောင်မောင်ထွေးကိုသာ တင်းတင်းကြပ်ကြပ်ဖက်၍ တရှိုက်မတ်မတ်ငိုရှိုက်နေလေသည်။

"ကိုကိုထွေး .... ကိုထွေးရေ"

သည်တစ်ခါတော့ ခိုင်မေထွေးက ကိုမောင်မောင်ထွေး၏ကိုယ်ကိုလှုပ်ရမ်း၍ ခေါ်သည်။ သို့သော် ကိုမောင်မောင်ထွေးမှာ ပြန်လည်ထူးရမှန်းမသိဖြစ်နေမိသည်။

"ကို .... ကိုကိုထွေးရေ"

"ဟင် .... မေထွေး"

ကိုမောင်မောင်ထွေးသည် အံကိုတင်းတင်းကြိတ်ကာ သက်မတစ်ချက်ချပြီး ထူးလိုက်ရ၏။

"မေထွေးကိုချစ်ရင် ကိုကိုထွေး မေထွေးကို လက်မထပ်ပါနဲ့ ကိုကိုထွေးရယ် .... မေထွေးနဲ့ ဒီလိုမသန့်ရှင်းတဲ့ ကိုယ်ခန္ဓာကိုကောဟင် ကိုကိုထွေး တတ်နိုင်ပါအုံးမလား"

"ဟုတ်တယ် ဟုတ်တယ် နင့်ရဲ့ ညစ်ပတ်ပေရေနေတဲ့ ကိုယ်ခန္ဓာကို ငါ့ရဲ့ ဖြူစင်တဲ့ကိုယ်နဲ့ ခုလိုထိနေရတာတောင် ငါရွံလှပြီ စက်ဆုပ်လှပါပြီ"

အကယ်၍ဖြစ်နိုင်မည်သာဆိုလျှင် ကိုမောင်မောင်ထွေးအနေမှာ အထက်ပါစကားကို အထက်ဘဝဂ် အောက်အဝီစိ သုံးဆယ့်တစ်ဘုံရှိလူတွေ ပြတ္တာ အသူရကာယ် အပါယ်ငရဲသားတွေကြားလောက်အောင် အော်ပစ်လိုက်ချင်သည်။ သို့သော်ယခုအနေမှာတော့ သူ့ခမျာသည် နုမသည်ကို ချစ်သောဇောနှင့် ဤစကားများကို ပြောမဖြစ်ပြန်၊ အံကိုတင်းတင်းကြိတ်ကာ မျက်ရည်ပိုးပိုးပေါက်ပေါက်ကျပြီး နုမသည်၏စကားကိုသာ မကြားတစ်ချက် ကြားတစ်ချက် ကျောက်ရုပ်ပမာဖြစ်နေမိသည်။

သူပြောလိုသောစကားများသည် လည်ချောင်းထဲတွင် တစ်ဆို့နေမိသည်။ သူ့နုမသည်၏ ရင်နာဖွယ်ကောင်းလှသည့်စကားတွေက မကြားချင်သော်လည်း ပေါ်လာပြန်လေသည်။ 'မေထွေးကိုချစ်ရင် ကို .... ကိုဘချမ်းဆီကိုပဲ ပို့ပေးပါ ကိုထွေးရယ် .... ကိုကိုထွေးအနေက မေထွေးရဲ့ မသန့်ရှင်းတဲ့ကိုယ်ခန္ဓာကို မုန်းလိုက်ပါတော့ ရွံ .... ရွံလိုက်ပါ တော့ မေထွေးကို ခွင့်လွှတ်ပါ မေထွေးမိုက်ပြစ်နဲ့ မေထွေးထိုက် မေထွေးကံ ရှိပါစေတော့ ...

"မေ .... မေထွေး"

"ရှင် .... ကို .... ကိုထွေး"

"တိတ်ပါတော့ မေထွေးရယ် .... နော် .... ကိုကိုထွေးလေ .... မေထွေးကို .... ဘချမ်းဆီ ပို့ပေး .... ပ .... ပ .... မယ်"

ဤတစ်ခါလည်း မောင်နှမနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် ဖက်၍ ငိုမိကြပြန်၏။ အမှန်မှာ နှစ်ယောက်စလုံး၏ရင်ထဲတွင် တစ်ယောက်ကိုတစ်ယောက် ဆုံးရှုံးရပြီ .... စွန့်လွှတ်ရပြီဟူသောအသိနှင့် ငိုမဆုံးဖြစ်နေကြသည်။ ဘယ်လောက်ဝမ်းနည်းဝမ်းနည်း ဘယ်တော့မှ မငိုခဲ့ဘူးဆိုသူ ကိုမောင်မောင်ထွေး၏မျက်ရည်တွေမှာ ဤတစ်ခါတော့ ဆီးမနိုင် တားမရပါတော့။

"ကဲ .... မေထွေးရယ် .... တိတ် .... တိတ်တော့နော် .... အရှင်ကြီး ကြားရင် ပိုပြီး စိတ်မချမ်းမသာဖြစ်နေလိမ့်မယ် .... ငါ့ညီမအိပ်တော့ မနက်ဖန်ပဲ ကို .... ကိုထွေး .... မေထွေးကို ဘချမ်းဆီ ပို့ပေးပါ့မယ်"

ဤမျှသာပြောပြီး ကိုမောင်မောင်ထွေးသည် အနောက်ဆောင်က မိမိအခန်းထဲ ပြန်ပြေးလာမိသည်။ ကြာလျှင် သူ့ဒေါသသူမာနသည် ထိန်းချုပ်မရဖြစ်ကာ မေထွေးကို တစ်စုံတစ်ခု လုပ်မိတော့မည်ဆိုသည်ကိုသိ၍ အတင်းပြေးလာရခြင်းဖြစ်လေသည်။

× × × × × × × × × × ×

## အခန်း (၃၀)

'ငါ့ညီမ အိပ်တော့' ဟုသာ ပြောခဲ့ရသော်လည်း သူကား တစ်ညလုံး အိပ်မပျော်ပေ။ မေထွေးကို စွန့်လွှတ်ရပြီ ဆုံးရှုံးရပြီဟူသော စိတ်အသိက သူ့ကို တစ်ညလုံး နှိပ်စက်နေလေသည်။ သူ့အနေမှာ ခိုင်မေထွေးလို ရုပ်လှသော၊ စိတ်သဘောထား သိမ်မွေ့နူးညံ့သော လိမ္မာရေးခြားရှိသော၊ သူ့အပေါ် အကြင်နာတရားပိုသော၊ နောက်ဆုံး အသံလေးအေးအေးနှင့် သီချင်းဆိုပြတတ်သော၊ တရားဓမ္မ သီလတို့ဖြင့် မွှေးထုံသင်းပျံ့နေတတ်သော မိန်းကလေးတစ်ယောက်ကို ဘယ်လိုမှ ရှာမရတော့တူးဆိုသည်ကို သူသိလေသည်။ သူ့အနေမှာ ခိုင်မေထွေးကို ဆုံးရှုံးခွင့်လွှတ်ရသဖြင့် ဤညသာမဟုတ် နောက်ညပေါင်းမည်မျှ အိပ်မရဖြစ်မည်ဆိုသည်ကို ရေတွက်၍ပင် ရအုံ့မထင်ပါတော့။ ကိုယ်ကာယအနေကသာ အစွန်းအထင်းရှိနေသော်လည်း စိတ်၏ ကြည်လင်သန့်ရှင်းစင်ကြယ်သော မိန်းကလေးမျိုးကိုကား မရနိုင်တော့၊ မတွေ့နိုင်တော့။

အမှန်က ကိုမောင်မောင်ထွေးသာ အိပ်မပျော်ဖြစ်ရသည်မဟုတ်၊ ခိုင်မေထွေးအနေကလည်း တစ်ညလုံး အိပ်မပျော်ပေ။ တစ်ညလုံးလည်း ငိုခဲ့ရသဖြင့် မနက်မှာ မျက်ခွံတွေကပါ မို့မောက်နေလေသည်။ ဤသည်ကို မြင်ရတော့ ကိုမောင်မောင်ထွေး ပိုပြီး စိတ်မကောင်းဖြစ်ရ ပြန်သည်။ သို့သော် ယခုနေတော့ ခိုင်မေထွေးကို ဆုံးရှုံးလိုက်ရပြီဟူသောအသိ ဝမ်းနည်းယူကျုံးမရဖြစ်ရသည် ကလွဲလျှင် သူဘာဆိုဘာမှ မတတ်နိုင်တော့။

".... မေထွေးလာ အရှင်ကြီးကို သွားကန်တော့ပြီး ကိုယ်တို့က မင်းမင်းကြီးကို ကန်တော့ဖို့သွားမယ်လို့ ပြောကြရအောင် ယောကြည့် .... မေထွေး မျက်ရည်မကျနဲ့လေ၊ အရှင်ကြီးနိုးရင် ခက်လိမ့်မယ် သိလား"

မောင်မောင်ထွေးက 'မျက်ရည်မကျနဲ့လေ' ဟု ဆိုသော်လည်း မေထွေးမှာကား မျက်ရည်ထိန်းမရ။ အသံထွက်၍သာ ငိုသော်လည်း သူ့မျက်ဝန်းအစုံတို့မှ မျက်ရည်တို့သည် ယခင် နန္ဒာကန်နားတွင် ကိုတာချမ်းဆီ၌ အစော်ကားခံခဲ့ရစဉ်ကလိုပင်။

"ကျွန် .... ကျွန်တော် မေထွေးလေးကို လက်ထပ်ပါတော့မယ်၊ အဲ့ဒါ ခု မေထွေးနဲ့ မင်းမင်းကြီးကို သွားပြီးကန်တော့ ကျွန်တော်တို့ ကစ္စပနဒီမှာ

တစ်ညနှစ်ညနေခဲ့အုံးမယ်"

"သာခုကွယ် သာခု... သာခု ငါ့သမီးငါ့သားတို့အသက်ရှည်ပါစေ၊ ဘုန်းကြီးကြပါစေ၊ အန္တရာယ်မျိုး ....."

မေမေ၏ ဆုလားသံကို ခိုင်မေထွေးနားထဲမှာ ဘာမှမကြားတော့၊ သူ့အမေ၏ ခြေဖမိုးကို သူ၏နဖူး နှင့်ထိပွတ်ကာ ရင်ထဲ မီးတောက်မီးလျှံတွေ အပူငွေ့ပြန်လာသော မျက်ရည်တို့ကို အတောမသတ် သွန်ချနေမိသည်။

"မေထွေး လာကွယ် ကြည့် ငိုရပြန်ပြီ"

"ဟုတ် .... ဟုတ်သားပဲ သမီးရယ်၊ ဘာလို့ငိုရတာလဲ တိတ် တိတ် သမီး ပါပါသိရင် ဘယ်လောက်ဝမ်းသာလိုက်မလဲ၊ မောင်မောင်ထွေးကိုလည်း ဘယ်လောက် ကျေးဇူးတင်လိုက်မလဲ၊ ကဲ – သွားကြ သွားကြ"

ကိုမောင်မောင်ထွေးသည် ခိုင်မေထွေးကို လက်ဆွဲခေါ်လာလေသည်။

"ကိုကိုထွေးလည်း အထုပ်တွေနဲ့ .... ဟင် .... ကိုထွေး"

'အို .... မေထွေးကလည်း မသိတတ်လိုက်တာ .... မေထွေးမှာ အဝတ်အစားသေတ္တာပါပြီ .... ကိုယ့်မှာ ဘာမှမပါရင် အရှင်ကြီး တစ်မျိုးထင်မှာစိုးလို့ .... ကိုယ့်တို့အကြံကို သိမှာစိုးလို့ပါ' ဟု ကိုမောင်မောင်ထွေးက ပြောလိုက်၏။

ခိုင်မေထွေးအနေမှာ ကိုမောင်မောင်ထွေးသည် သူ့ကို ကိုဘချမ်းဆီ ပို့ထားခဲ့ပြီး သူက ဝေးရာသို့ပြေးမည်ကို စိုးရိမ်နေလေသည်။ ယခု ကိုမောင်မောင်ထွေးစကားကို ကြားရမှ အနည်းငယ် စိတ်အေးသွားရလေသည်။

သည်လိုနှင့် မောင်နှမနှစ်ယောက်သည် သာတာဂီရခြံထဲက ထွက်ခွာလာကြလေသည်။ ဤနေ့ ဤအချိန်သည် သူတို့မောင်နှမနှစ်ယောက်၏ နောက်ဆုံးတွေ့ဆုံခြင်း အချိန်ပင်တည်း။

မောင်နှမနှစ်ယောက်သည် အတွေးကိုယ်စီနှင့် တိတ်တိတ်ဆိတ်ဆိတ်ပင် ထွက်လာကြသည်။

"ကိုကိုထွေး"

ပဒ္ဒာသွားလမ်းထဲက ဘဲငါးရာလယ်ကွင်းပြင်ကြီးသို့ရောက်၍ ကိုဘချမ်းတို့တိုက်ကြီးကို လှမ်းမြင်ရသောအခါ ခိုင်မေထွေးက ကိုမောင်မောင်ထွေးကို ခေါ်လိုက်၏။

"ဘာ .... ဘာလဲဟင် .... မေထွေး"

"ဟို .... ဟိုရှေ့က နေရာလေ .... မြင်းလှည်းကို လေရဟာတ်မိပြီး ဖွားဖွားဒုက္ခရောက်ရတဲ့နေရာပဲ ကိုကိုထွေးရယ်"

သည်မှာတွင် သူ့နောက်ကပါလာသော ခိုင်မေထွေးသည် သူ့ကျောကုန်းနှင့် ခေါင်းကိုထိ၍ ငိုပြန်၏။

ကိုမောင်မောင်ထွေးအနေမှာတော့ ဖွားဖွားလည်းဆုံးပြီမို့ ဖွားဖွား ဒုက္ခရောက်ရသည်ဆိုသော နေရာကိုလည်း မကြည့်ချင် မမြင်ချင်တော့။ မကြာ ခင်ကလည်း ခိုင်မေထွေးကို အသက်ရှင်လျှက်နှင့် သူကဆုံးရှုံးရပြန်ဦးမည် မဟုတ်ပါလား ---- သူ့အနေမှာ ဘာကိုမျှ လွမ်းဆွတ်တသနေစရာ လိုသေးသ နည်း။

ကိုမောင်မောင်ထွေးသည် ပဉ္စာကိုသာ မြန်မြန်ရောက်လိုဇောနှင့် မြင်း လှည်းကိုသာ အပြင်းမောင်းနှင်လာပေသည်။ ပဉ္စာရှိကိုတာချမ်းတို့တိုက်နှင့် နီးလာ လေ မောင်နှမနှစ်ယောက်၏ ရင်ထဲမှာ တောက်လောင်လာလေ တဒိန်းဒိန်း ရင်ခုန်လာလေပင်။

ကိုမောင်မောင်ထွေးသည် မြင်းလှည်းကိုရပ်လိုက်၏။ ဤနေရာသည် သူနှင့် ခိုင်မေထွေးတို့ ရာသက်ပန် ခွဲခွာကြရမည့်နေရာဖြစ်သည်ကို သူသိသည်။ သို့သော် ခိုင်မေထွေးကို 'သွားတော့' ဟု စကားနှစ်ခွန်းပြောရမှာ သူက ကြီးစွာ ဝန်လေးနေမိသည်။ မေထွေးအနေမှာလည်း 'သွားတော့မယ်' ဟူသော စကားကို နှုတ်ကမထွက်ဘဲ ကိုမောင်မောင်ထွေး၏မျက်နှာကိုသာ မျက်ရည်လည်ရွဲနှင့် မမိုတ်မသုန်ကြည့်ကာ နှုတ်ဆိတ်နေမိသည်။ နှစ်ယောက်သားမှာ အသိချင်းတူညီ နေကြသဖြင့် ရင်ထဲဆို့နေကြလေသည်။

"ကဲ မေထွေးရယ် .... ဒီကဆင်းပြီးသာ သွားတော့နော်"

ကိုမောင်မောင်ထွေးသည် ဦးဆုံး မြင်းလှည်းပေါ်ကခုန်ချပြီး ခြေအစုံကို မြေပြင်တွင် မတ်တပ်ရပ်ရာ အံကြိတ်ပြီး ခိုင်မေထွေးကို ပြောလေပြီ။

ခိုင်မေထွေးသည် ကိုမောင်မောင်ထွေးကဲ့သို့ပင် မြင်းလှည်းကဆင်းပြီး မြေပြင်တွင် မတ်တပ်ရပ်နေမိသည်။ သို့သော် သူ့အနေမှာ ကိုမောင်မောင်ထွေး လို ခြေကို မတ်မတ်ရပ်မထားနိုင်သဖြင့် 'ကိုကိုထွေး' ဟု အကျယ်ကြီးခေါ်လိုက် ကာ ကိုမောင်မောင်ထွေး၏ခြေအစုံကိုဖက်၍ ကျုံ့ကျုံ့ပါအောင် ငိုလိုက်မိပြန် သည်။ ဤတစ်ခါ ရင်နာရခြင်းသည် သူ့အသဲနှလုံးတွေ ကွဲကြေကုန်ပါလေပြီ။

သူ့ခြေသလုံးကို တင်းတင်းကြပ်ကြပ်ဖက်ငိုနေသော ခိုင်မေထွေးကို ကိုမောင်မောင်ထွေးသည် ငုံ့မကြည့်ရဲပေ။ တစ်ဖက်က သနား၍ ဝမ်းနည်းခဲ့ရ သလို တစ်ဖက်ကလည်း ဒေါသနှင့် ကြီးစွာနာကျည်းနေသည်။ ထို့ကြောင့်လည်း သူ၏အကြည့်သည် အဓိပ္ပာယ်မဲ့စွာ ဝေးလှမ်းနေလေသည်။

"ကိုကိုထွေး"

"အို .... ကွယ် .... မေထွေးကလည်း ဘာလို့ ငိုရပြန်တာလဲ ကဲ သွားတော့ သွားတော့"

'ဘာလို့ငိုရပြန်တာလဲ' ဆိုသူ၏အသံကပါ နင့်ပြီး ငိုသံပါလာသော အခါ ခိုင်မေထွေးမှာ ပို၍ပင် ငိုနေမိပြန်သည်။ 'ကိုကိုထွေးကို ခွဲရတော့မယ်

ကိုကိုထွေးကို ဆုံးရှုံးရတော့မယ်' ဟူသောအသိကြောင့် သူ့ရင် ထဲမှာ ဘယ်လိုမှ ဖြေဆည်မရဖြစ်နေလေသည်။

"ကိုကိုထွေး"

ဤတစ်ခါတော့ ကိုမောင်မောင်ထွေးက သူ့နှမသည်ကို ငုံ့ကြည့်သည်။ သူ့နှမသည်၏ မော့ကြည့်နေသောမျက်နှာကို မြင်ရသောအခါ သူ့မှာလည်း မျက်ရည်မဆည်နိုင်ဖြစ်လာရပြန်သည်။ သူ့နှမသည်၏ ဝင်းဝင်းပပမျက်နှာက လေးသည် မည်မျှသောကပရိအေဝရောက်ပြီး ငိုထားသော်လည်း အလှကား မပျက်ပြေပေ။

"ကိုကိုထွေးအပေါ် အပြစ်ဆယ်ပါးအမှားရှိက မေ .... မေထွေးကို ခွင့်လွှတ်ပါ မေထွေး ကန်တော့ခဲ့ပါတယ်"

"အေး .... အေးပါ .... မေထွေးရယ် .... ကိုကိုထွေး အားလုံးကို ခွင့်လွှတ်ပါတယ် .... သွားပါတော့ မေထွေးလေးရယ် .... သွားပါတော့"

ခြေဖမိုးပေါ်တွင် နဖူး၊ ပါးပြင်တို့နှင့် ဦးတင်ကန်တော့နေသော နှမသည်ကို ဤတစ်ခါတော့ ကိုမောင်မောင်ထွေးသည် လက်နဲ့ကိုင်မြှောက်လိုက်ပြီး တင်းတင်းကြပ်ကြပ် ပွေ့ဖက်နမ်းရှုပ်သည်။ ဤအနမ်းသည် ရာသက်ပန်ခွဲခွာသွားပြီဟူသောအနမ်းပင်ဖြစ်ပါလေသည်။ သို့သော် ဤသည်ကို မသိသော ခိုင်မေထွေးစကားက –

"ကိုထွေး .... မေထွေးကို ပစ်ပြီး ဘယ်မှထွက်မသွားပါနဲ့ ကိုထွေးရယ် နော် .... ကိုမောင်မောင်တို့ ပါပါမေမေတို့နဲ့ ကိုကိုထွေး အတူနေပါ"

"အေးပါ .... ညီမရယ် .... ကဲ့ရော့ မေထွေး အဝတ်သေတ္တာကို ယူပြီးသွားတော့ ကိုကိုထွေး ပြန်တော့မယ်နော်"

ဒီထက်ကြာကြာနေလျှင် သူ့စိတ်သူမနိုင်ဖြစ်ကာ ခိုင်မေထွေးကိုအတင်း ပြန်ခေါ်လာမိမည်စိုးသော ကိုမောင်မောင်ထွေးက ခိုင်မေထွေး၏အဝတ်သေတ္တာလေးကို လှမ်းပေးလိုက်ကာ မြင်းပေါ်သို့ ခုန်တက်ပြီး မြင်းလှည်းကို အပြင်းမောင်းနှင်လာမိသည်။ သို့သော် .... သူ့ညီမ၏ အော်ပြောနေသော စကားသံကမူ နားထဲတွင် မိုးကြိုးပစ်ခွင်းလိုက်သလို ကျယ်လောင်နေ၏။

"ကိုထွေးရေ .... ကိုကိုထွေး ဘယ်မှ ထွက်မသွားပါနဲ့ .... ကိုမောင်မောင်တို့ ပါပါတို့နဲ့ အတူနေပါ .... ကိုကိုထွေးကို မေထွေးတို့ လာကန်တော့ပါဦးမယ်"

မည်သို့ဆိုစေ ကိုမောင်မောင်ထွေးအနေမှာ သာတာဂီရ၌ နေ၍ မဖြစ်တော့။ သူချစ်သော ဖွားဖွား(ဒါဒါ)သည်လည်းကောင်း၊ ခိုင်မေထွေး သည်လည်းကောင်း ယခုအခါ သာတာဂီရ၌ မရှိကြတော့။ သူ့အနေမှာ ခင်တွယ်စရာလူဆို၍ တစ်ယောက်မှမရှိတော့။ သည်တော့ 'နန်းရပ်ထီးဖြူ လုယူလိမ့်မည်' ဟု စိုးတထိတ်ထိတ်ဖြစ်ခဲ့ကြရသော လူအားလုံး ပတ်ဝန်းကျင်အားလုံးကို သူရှောင်ကြဉ်ရ

ပေမည်။ သူ့အနေမှာ နန်းရပ်ထက်ချစ်သော ဖွားဖွားကိုလည်းကောင်း၊ ထီးဖြူထက်ခွဲလမ်းမက်မောခဲ့ရသော ခိုင်မေထွေးကိုလည်းကောင်း စွန့်လွှတ်ခဲ့ရသော ကာလသည် ဘာမှတန်ဖိုးမရှိတော့။ ဘာမှ အဓိပ္ပာယ်မရှိတော့။

သည်တော့ ကိုမောင်မောင်ထွေးသည် သာတာဂီရ၊ ကစ္ဆပနဒီ၊ လေးမြို့၊ ပဉ္စာ စသည်တို့နှင့် ဝေးရာကို ထွက်ခွာပြေးလာမိလေသည်။

## ♠ ဘိုး, ဘွား, မိ, ဘ ♠

ဆရာစသား၊ ဆွေမျိုးများ၏
စကားဆုံးမ၊ ဩဝါဒကို
ငယ်ကမခံ၊ ခွန်းတုံ့ပြန်လျှက်
စိတ်မာန်မုန်ယို၊ အားလုံးကိုလျှင်
ရန်လိုရှည်လျား၊ အမုန်းပွားပြီး
ငါကား လူမိုက်၊ ဖြစ်ခဲ့သည်။
ခုနေခါမှာ–
ဆရာလည်းသေ၊ ဘလည်းသေပြီး
ဘိုးအေး ဘွားအေ၊ မရှိပေတည့်
အမေတစ်ယောက်၊ သက်ရှုယ်ထောက်ကာ
စိတ်နောက်ဗျာပါ၊ ကျန်ရစ်ခါမှ
ကြီးစွာနောင်တ၊ ရမိသည်။
သက်ရှင်ခိုက်၌–
သားမိုက် မြေးမိုက်၊ တပည့်မိုက်ကို
စိတ်၌အတွေး၊ သူကလေးဟု
ချစ်ရေးပိုမို၊ ခွင့်လွှတ်ဆိုကြ
ထိုထိုသသူ၊ ခပ်သိမ်းလူတို့
စိတ်တူကိုယ်ပွား၊ သက်ရှင်ထားသို့
စကားတောင်းပန် ရှင်ပါသည်။
ဖ, မဲ့မိဝေး၊ တစ်နယ်ကျေးက
ရေးဖွဲ့ကျိုးကုတ်၊ ဤစာအုပ်ဖြင့်
တုတ်ကွရိုကျိုး၊ ငါရှိခိုး၏။
ကြောင်းကျိုးရည်သန်၊ တမလွန်မှ
သံသာသာခု၊ ကြိမ်ကြိမ်ပြုပြီး

ဖြစ်မှုများစွာ၊ ခွင့်လွှတ်ပါလော။ ။
အတိသံသာ၊ ဟိုရှေးခါက
မပါရေစက်၊ ယွင်းခဲ့ချက်ကြောင့်
ဆုံလျှက်မနီး၊ ခရီးမကြုံ
ကြောင်းမလုံကြ၊ ဖြစ်ခဲ့ရလို့
နှမငယ်ဖြူ၊ မောင့်သည်းအူလည်း
ငြူစူကင်းကာ၊ ခွင့်လွှတ်ပါလော
သံသာချိုချို၊ ခါခါဆို၍
'အစ်ကို' တောင်းပန်လိုက်ပါသည်။ ။

(ဖိုးကျော့)

× × × × × × × × × × ×

# "မဇ္ဈိမ အလွမ်း"

ဤစာအုပ်သည် ဗုဒ္ဓဂယာကို မရောက်ဖူးသူများ၊ ဗုဒ္ဓဂယာကို ဘုရားဖူးသွားကြသူများ၊ ဆောင်သွားသင့်သော စာအုပ်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော သုတ္တန်ပေါင်း(၈၇၀)သုတ်ကို ထိုနေရာ၊ ထိုဌာနကို ရောက်တိုင်း သိရှိ သဒ္ဓါပွားနိုင်သည်။ မိမိတို့ကဲ့သို့ လွန်ခဲ့သော နှစ်ပေါင်း (၁၅/၁၇)ရာစုက ဗုဒ္ဓဂယာကို ရောက်ခဲ့ကြသော တရုတ်ရဟန်းများ၏ ကိုယ်တွေ့သိမြင်ခဲ့ကြသော ''ဗုဒ္ဓ၏ဂန္ဓကုဋီ'' ကိုလည်း လမ်းမောဖွယ်ရာ ခံစားကြရမည်။

ဤစာအုပ်သည် စာရေးသူ၏ အသက်(၇၀)ပြည့် အတွက် အထူးထုတ်ဝေသော စာအုပ်ဖြစ်သည်။


ထုတ်ဝေသူ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၈၇၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၅၅၀၃၁၁

**ထွန်းဖြိုး**

ဖုန်း - ၀၉၅၁၄၇၆၈၀